www.burmeseclassic.com

# မဟူရာ

(လှိုင်ကော်)

ရွှေနှံ့သာ ရွှေအဆင်း




အသစ်စက်စက်
၁ / ဆုံး

NYI NYI

www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်း၏နေရောင်ခြည်က
ကြည်နူးစဖွယ့်ပင် လှမ်းလင့်တွေ့မြင်နေရရာ
လွင်ပြင်ကျယ်ကြီး၏အနားစပ်
မိုးကုပ်စက်ဝိုင်းကြီးဆီမှ
ခပ်မြင့်မြင့်နေရာလေးဆီသို့ မြင့်တက်လျက်ရှိနေပြီ…။
လိမ္မော်နုရောင်ဖြာနေသည့်…
ကောင်းကင်ယံကို နောက်ခံပြုလျက်
ကျေးငှက်တို့ကလည်း
တောင်ပံယှက်ဖြန့်၍ ပျံသန်းလျက်ရှိနေကြပါချေ၏…။



BURMESE CLASSIC .com

သူသည်…
သူ့အနာဂတ်အတွက်
အားလုံး ဆုံးဖြတ်ထားပြီး
သူတစ်ယောက်အဖြစ်
ရှိနေပြီးခဲ့ပြီ…
ဤမိန်းကလေးနှင့်မတ်သက်၍…
အရိပ်တကြည့်ကြည့်မှု
တန်ဖိုးထားနေမိရသူတစ်ယောက်အဖြစ်လည်း
ရှိခဲ့ရပြီးပြီ…။





www.burmeseclassic.com

www.burmeseclassic.com

သူဟာ...အဖြူရောင်နှင်းဆီပန်းတို့ရဲ့
နုတ်သာခီးလေးတစ်ပါးပဲတဲ့လေ...
အဝါ...အနီရောင်...အသန်းရောင်...အဝါရောင်
နှင်းဆီတွေပဲဖြစ်နေကြလေသော...
အဖြူရောင်ပန်းနုတ်သာခီးလေး
အဲဒီနေရာကိုရောက်သွားရင်...
နှင်းဆီပန်းတိုင်းဟာ ဖြူသွားကြရတယ်တဲ့...
သူရှိတဲ့နေရာဆိုရင်...
နှင်းဆီဖြူတွေချည်းပဲ ရှိနေကြရတယ်တဲ့လေ...
မေမေပြောပြဖို့ကျန်ခဲ့တဲ့ အဲဒီပုံပြင်လေးထဲက
အချက်လေးတစ်ခုကို ဖြည့်ပြောရတော့မယ်...
မေမေက... သူ့သားဟာ
အဲဒီအဖြူရောင်ပန်းနုတ်သာခီးလေးနဲ့
[illegible]





သူ၏ရင်တွင်းမေမေလေးသည်...
ထိုစိမ်းမြမြမြက်ခင်းကြီး၏အလည်လောက်ဆီမှာ...
အရောင်စုံသောဆိတ်အုပ်လေး၏နောက်ပါးဆီမှ...
လျှောက်သွားနေပါသည့်မြင်ကွင်းသည်...
အလွန်တရာကိုမှလှပသောပန်းချီကားတစ်ချပ်ဆန်နေသည်...
လှပသောရွှေရောင်ဘောင်ဖြင့်ကွပ်ထားသော
ပန်းချီကားတစ်ချပ်မဟုတ်...
ပန်းချီဆွဲဖျဉ်ထက်မှာရေးဆွဲထားသော...
ပန်းချီကားတစ်ချပ်လည်းမဟုတ်...
သူ၏နုလုံးသားပြင်ထက်မှာ ချစ်ခြင်းများဖြင့်ဘောင်ခတ်ကာ...
မြတ်နိုးခြင်းဖြင့် ... ရင်ကိုနှစ်၍
ဒရေးဆွဲထားအပ်ပါသော ပန်းချီကားတစ်ချပ်ပါတည့်...



www.burmeseclassic.com

www.burmeseclassic.com







# မဟာရာဇ
## (လွိုင်ကော်)

# ရွှေနှံ့သာ
# ရွှေအဆင်း

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com









စန္ဒကူးနံ့ ...
တောလုံးပြန့်ဘိ၊ မွှေးသည့်နံ့သာ
ရွှေနံ့သာတည့် ...။

ရွှေနှင့်ခတ်သွန်း၊ ရွှေစင့်မှုန်းလျက်
ရွှေနှင့်စက်ကာ၊ ထုဆစ်ကာဖြင့်
ယဉ်ကျေးတင့်တယ်၊ ဝန်းဟုနွယ်ခင်
ကျော့ရွှေစင်သည်၊ ဖြစ်တည်အဆင်း
ရွှေအဆင်းတည့် ...။


စန္ဒကူးနံ့သာ ...
သွန်းဖျန်းပါလျှင်၊ ရွှေစင်ရုပ်ဆင်း
ရနံ့သင်းလျက်၊ နှစ်များသက်ကြာ
ရှိနေပါလည်း၊ မပြောင်းလဲဘိ
တည်သည့်နံ့သာ ရွှေနံ့သာတည့် ...။
တည်သည့်အဆင်း ရွှေအဆင်းတည့် ...။



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



## အခန်း(၁)

လသာဆောင်မှာ သူရပ်နေရင်းမှ ဆောက်လုပ်ပြီးစီးလု ဖြစ်နေပါသည့် စည်သွပ်ဘုံးစက်ရုံကြီးရှိရာကို သူ ငေးကြည့်နေမိရပါ၏။ နံနက်ခင်း၏ နေရောင်ခြည်က ကြည်နူးစဖွယ်မင်လှမ်းလင့်တွေ့မြင်နေရရာ လွင်ပြင်ကျယ်ကြီး၏ အနားစပ် မိုးကုပ်စက်ဝိုင်းကြီးဆီမှ ခပ်မြင့်မြင့်နေရာလေးဆီသို့ မြင့်တက်တည်ရှိနေပြီ ..။

လိမ္မော်နုရောင် ဖြာနေသည့် ကောင်းကင်ယံကိုနောက်ခံပြုလျက် ကျေးငှက်တို့ကလည်း တောင်ပံယှက်ဖြန့်၍ ပျံသန်းလျက် ရှိနေကြပါချေ၏။

ရှုခင်းသည် သူ့အတွက် အရာရာ ဆန်းသစ်ကြည်နူးဖွယ် ဖြစ်နေသည်။

ဤခံစားမှုမျိုးကို ရန်ကုန်မှာ သူ ရှာဖွေတွေ့ရှိနိုင်စွမ်းသည်မှ မဟုတ်ချေပဲလေ ..။

နီစွေးစွေး မြေနီတို့နှင့် စိမ်းမြမြ မြက်ခင်းကျယ်တို့ကွေးဝိုက်သော အနားသားတို့ဖြင့် မညီမညာ တွန့်ချေဝိုက်မှာရှိနေကြပါသည့် လွင်ပြင်ကျယ်တစ်ခုမျှကိုပင် .. ရန်ကုန်မြို့မှာ ခုလို

www.burmeseclassic.com

www.burmeseclassic.com



လသာဆောင်မှာရပ်ရင်း တောအုပ်တို့ဆီမှ လွင့်ဝေ့တိုက်ခတ်လာသော လေနုအေးတို့ကို ရှူရှိုက်ကာ ငေးကြည့်ခွင့်ရနိုင်ချေသည်မှ မဟုတ်ချေပဲလေ ...။ မြက်ခင်းကျယ်တို့သည် မျဉ်းကြောင်းတစ်ခု ဆွဲထားသည့်နှယ် မဟုတ်သော ကျွေးဝိုက်မညီညာသော အနားသတ်မျဉ်းတို့အဖြစ် မြေနီလွင်ပြင်ကျယ်မှာ ရှိနေကြလျက် ..။ စားကျက်မြက်ခင်း၏ ဘေးမှာ မြေနီဖွေးဖွေးဖြင့် ရှိနေပါသော လွင်ပြင်ကျယ်ကြီးသည်လည်း ပင်စိမ်းပင်အုံ့အုံ့ ..။ ဝါးရုံရိပ်မြိုင်မြိုင်တို့ဖြင့် ရှိနေကြပြန်သည့်အဖြစ် ..။

သူ ... မနေ့ကမှ ဤနေရာလေးကို ရောက်ခဲ့ရပါ၏။ ရန်ကုန်ရှိ မြရိပ်ငြိမ်အိမ်ရာဆောက်လုပ်ရေးကို သူငယ်ချင်းဖြစ်သူ မောင်မောင်နှင့် လွှဲခဲ့ရကာ ဤမိုင်းဆွတ်ရွာလေးဆီသို့ သူ ရောက်လာခဲ့ရခြင်းပါတည့် ..။

ဂိုးလ်ဒင်းဝေါလ်သစ်သီးစည်သွပ်ဘူး စက်ရုံကြီးကတော့ ပြီးစီးလုနေပြီ ..။

သူ ရန်ကုန်မှာ ရှိနေခိုက်မှာ ဖေဖေက မြရိပ်ငြိမ်အိမ်ရာဆောက်လုပ်ရေး ဝန်ထမ်းအင်အားဖြင့်ပင် ဤစက်ရုံကြီးကိုရော ...။ နှစ်ထပ်အဆောင်အအုံလှလှကြီးအဖြစ် လူနေထိုင်ရန် အိမ်ကြီးတစ်လုံးကိုပါ ဆောက်လုပ်နေခဲ့ခြင်းပါ ..။

ခု .. ဖေဖေက .. သူ့ကို ဖုန်းဖြင့် လှမ်းမှာလာသည်မို့ မိုင်းဆွတ်သို့ သူလိုက်လာရခြင်းပါ ..။ စက်ရုံကို .. သူ .. ကြီးကြပ်လုပ်ကိုင်ဖို့ လိုအပ်လာပြီဟု ဖေဖေက ဆုံးဖြတ်လိုက်ကာ ဖေဖေက .. ရန်ကုန်သို့ ပြန်မည် ..။ သူက ဤမိုင်းဆွတ်မှာ ကျန်နေခဲ့ရမည် ..။ ဒါ .. ဖေဖေ့ အစီအမံ ..။



မိုင်းဆွတ်သည် .. စည်သွပ်စက်ရုံအတွက် လုံလောက်သော သစ်သီးဝလံ ပေါများရာ နေရာတစ်ခု ဖြစ်နေခြင်းကြောင့်ပင်လျှင် ဖေဖေသည် ဤစက်ရုံကိုတည်ဖို့ ဆုံးဖြတ်ခဲ့ခြင်းပါ ..။ ပြီးတော့ .. ဖေဖေ ကိုယ်တိုင်သည်လည်း ဤမိုင်းဆွတ်ရွာသားတစ်ဦး ဖြစ်ခဲ့သည်မို့ .. ဤဒေသသည် .. ဖေဖေ့နှလုံးသားတစ်ခု ဖြစ်နေသည်ဟု ဖေဖေက ဆိုပါ၏။

ဖေဖေသည် .. ဤသို့ပင် ကဗျာဆန်စွာ ပြောဆိုတတ်သူတစ်ဦးလည်း ဖြစ်နေသည်။ မေမေ့ကိုကျတော့ .. ဖေဖေ့နှလုံးသားတစ်ခု ဖြစ်နေသည်ဟု ပြောခဲ့သည်ပါပဲ ..။ သူ .. ရှစ်တန်းကကျောင်းသား အရွယ်မှာပင် မေမေ ကွယ်လွန်ခဲ့သည် ..။ မေမေသည် မကွယ်လွန်မီ ကာလတစ်လျှောက်လုံးမှာ ဖေဖေ့အကြင်နာ ..။ ဂရုစိုက်မှုများနှင့် ဖေဖေ့နှလုံးသား တစ်ခုသည် မေမေသာ ဖြစ်သည်ဟူသော စကားတို့ကို အစဉ်တစိုက် ကြည်နူးစွာ ခံယူသွားခဲ့ရတာကိုလည်း သူသိနေ ကြားနေခဲ့ရသည် မဟုတ်ပါလား။

ယခု .. မေမေ မရှိတော့သည့်နောက်မှာ .. ဖေဖေသည် .. ဤမွေးရာဇာတိဖြစ်သော မိုင်းဆွတ်ရွာလေးသည် ဖေဖေ့နှလုံးသားတစ်ခု ဖြစ်နေသည်ဟု ဆိုလာခဲ့ပါ၏။

စည်သွပ်စက်ရုံကြီး တည်ဖို့အတွက် ဖေဖေ ဆုံးဖြတ်ခဲ့စဉ်ကလည်း သူ ဖေဖေ့ဆန္ဒကို ဘာမျှမစွက်ဖက်ခဲ့ ..။ စမ်းပေါက်စမ်းချောင်းများလည်း ပေါများရာ ..။ သစ်သီးခြံများလည်း ပေါကြွယ်ဝရာ .. ဤဒေသလေးသည် .. ဖေဖေ့ငယ်စဉ်က အစွဲးကို မျှော်လင့်စိတ်ကူးယဉ်ခဲ့သော စက်ရုံကြီးတစ်ခုကို .. လာတွေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တည်လာစေလော်က်အောင်ပဲ ကုန်ကြမ်းများက ပြည့်ဝပိုလျှံနေသည့် မဟုတ်ပါလား …။

သူ … အတွေးများဖြင့် နစ်နေရာမှ ခြံတံခါးကိုဖွင့်လေးနေပါသော မြဲဆောင့်ကြီးလည်းဖြစ် …။ ဥယျာဉ်မှူးလည်း ဖြစ်ပါသည့် ဘဘညိုတို့ရော … ခြံတွင်းသို့ ဝင်လာပါသော စက်ဘီးလေးနှင့် ကောင်မလေးကိုရော လှမ်းလင့်မြင်ရသည်မို့ …

"ဘယ်က ကောင်မလေးပါလိမ့် …"

ဟု တွေးဖြစ်လျက် လသာဆောင် လက်ရန်းမှာ လက်ကိုမေးတင်လျက်ဖြင့်ပဲ ငုံ့မိုးငေးစိုက်ကြည့်မိရပါ၏။

မြူညနိုင်လွန်းတာကိုတော့ သူ ဦးစွာသတိမထားဘဲကို မနေနိုင်လောက်အောင် ကောင်မလေးသည် အဘော်ကြီးကို နုနုမန်မန်လေးနှင့် ဝင်းအိအိလေး ဖြစ်နေသည်။ စက်ဘီးလေးကို နင်းဝင်လာရင်းမှ အမှတ်မထင်လေး လှမ်းလင့်မော့ကြည့်လာသည်က လသာဆောင်ဆီသို့ပါ …။ အညိုနုရောင် ရှာထိုးဦးထုပ်လေး စီးထားသည့် မျက်နှာလေးသည် မော့အကြည့်ကြောင့်ပို၍ထင်းခနဲရှိလာ၏။ သူ့ရင်သည် … သိမ့်ခနဲ ဖြစ်ရချေ၏။ နက်ထင်းနေသော မျက်ခုံးတန်းလေး …။ အရမ်းကို အရည်လဲ့နေသော မျက်ဝန်းနက်နက်လေးများ …။ ဝန်းစက်စက် မျက်ဝန်းတွင် မျက်တောင်လေးက ထူထဲထဲ နိုင်လွန်းနေတာက အရမ်းကိုထင်းနေသည့်အဖြစ် …။ ဟုတ်သည် …။ ခပ်လှမ်းလှမ်းဆီမှာ ရှိနေပေမဲ့ ဒီမျက်တောင်ထူထူအိအိလေးတွေက အရမ်းကို ထင်းနေလောက်အောင် အလှတရားက ထိုမိန်းကလေးထံမှာ ရှိနေဖြစ်ချေသည့်အဖြစ် …။ ခေါင်းလေး ပြန်ငိုက်ငုံ့ကျသွားကာ စက်ဘီးလေးကို



အားစိုက်၍ ဆက်နင်းလိုက်တာမို့ မျက်နှာနုနုဖွေးလေးတို့ ကြာရှည်သူ ပြည့်ပြည့်ဝဝလေး မမြင်လိုက်ရ …။ ရင်ထဲတွင် … မချင့်မရဲဖြစ်ရသည်။ မျက်နှာလေးကို … သူ … မြင်နေချင်သေးသည်။ နှာတံလေးစင်းနေတာ …။ နှုတ်ခမ်းနုနုအိအိလေးက ရဲစိုနေတာကို သူ စေ့စေ့က မြင်ခဲ့ရပြီးပြီ …။ အလွန်လှသည့် ကလေးမ …။ ဟုတ်သည် …။ အတော်ကို လှလွန်းပါသည့် မိန်းကလေး …။

စက်ဘီးလေးပေါ်မှ ကောင်မလေး ဆင်းလိုက်တော့ သူ ခပ်သုတ်သုတ်ပင် အောက်ထပ်ဆီသို့ ဆင်းလာမိရပါပြီ …။ သူ … ဟန်ဆောင်နိုင်စွမ်းကို မရှိနိုင်တော့သည့် အဖြစ် …။ ကောင်မလေးနှင့် ပတ်သက်၍ သူ သိချင်နေသည်။ ဤကောင်မလေးသည် … သူ့ဘဝမှာ မြန်ဆန်လွန်းစွာပဲ လွှမ်းမိုးညှို့ငင်ထားနှင့်နေပြီ ဆိုတာကိုလည်း မိမိဘာသာ ဝန်မခံဘဲနေ၍ကို မရနိုင် …။

သူ မြရိပ်သာ၏ လှေကားကြီးအတိုင်း ခြေလှမ်းသုတ်သုတ်ဖြင့် ဆင်းလာစဉ်မှာ ကောင်မလေးက အဝင်တံခါးမကြီးကို တွန်းဖွင့်ပြီးနေပြီ …။ အတွင်းဘက်ဆီသို့ ခေါင်းလေးငဲ့၍ မျှော်ကြည့်ယောင်လေး ပြုနေသည်ကိုက ချစ်စဖွယ် ချစ်စဖွယ်လေး ဖြစ်နေပါ၏။ ရှည်လျားနက်မှောင်သော ဆံကျစ်ရှည်လေး နှစ်ဖက်က ရှေ့ဘက်ဆီသို့ ငိုက်ကျနေသည်။ လက်ထဲမှာက ကြည်စင်သော ဖန်ပုလင်းရှည်လေးက နို့အပြည့်ဖြင့် ရှိနေပါ၏။

"ကြီးကြီးရေ … ဆိတ်နို့ရပြီ …"

ဟုလည်း မီးဖိုဆောင်ဘက်ဆီသို့ မျှော်ကြည့်ရင်း အသံလေး ပြုနေပြီ …။ သူ … ကောင်မလေးကိုကြည့်ရင်း ဆင်းလာနေမိဆဲမှာပဲ ခေါင်းပေါ်မှ ဦးထုပ်လေးကို ချွတ်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ယပ်ခတ်သလိုလေး လုပ်နေရင်းဖြင့် မီးဖိုဆောင်လေးဘက်ဆီသို့သာ အာရုံစိုက်နေပါသည့် ကောင်မလေးသည်လည်း ဧည့်ကားဘက်ဆီသို့ အကြည့်လေးတွေ ဖျတ်ခနဲ ရောက်လာပါချေသည်တကား ..။ ဘယ်သူမဆို .. ကိုယ့်ကို တစ်ယောက်ယောက်က အရမ်းကြီး ကြည့်နေပြီဆိုလျှင်ဖြင့် မသိစိတ်ကြောင့်လား မသိရ.. အလိုလို ထိုနေရာကို ကြည့်မိတတ်ကြသည် မဟုတ်ပါလား ..။ ခုလည်း .. သူ .. အလောသုံးဆယ်နိုင်စွာ ဆင်းလည်းဆင်းလာ ..။ စိတ်ဝင်တစားလည်း ကြည့်နေသည်မို့ ကောင်မလေးလည်း အလိုလိုသူ့ကို ကြည့်လာတာ ဖြစ်နိုင်ပါ၏။

ကောင်မလေး တစ်ချက် မျက်မှောင်လေးတွန့်ကွေးကျသွားကာ ခပ်တည်တည်လေး ပြန်၍ကြည့်လာတာကိုလည်း သူ မြင်သည်။ နည်းနည်းတော့ ကြွပ်ဆတ်ဆတ် နိုင်ချေမည့် ကောင်မလေးလား မသိ ..။ ဦးထုပ်လေး ချွတ်ထားတာမို့ ပို၍ မျက်နှာလေးကို ရှင်းရှင်းပပ မြင်ရပါသည့် အဖြစ် ..။ ဆံနွယ်လေးတွေက နက်မှောင်ပျောင်းနွဲ့စွာ နဖူးစပ်လေးမှာ ရှိနေ၏။ စက်ဘီးနင်းလာရတာမို့ ချွေးလေးတွေ စို့စွတ်နေသည့် မျက်နှာနုနုစင်စင်လေးကလည်း ဝင်းဝင်းစင်စင် နိုင်လွန်းသည်။ အစက်အပြောက် မှဲ့တစ်ပေါက်သော်မျှ မရှိအောင် ဝင်းနေသော မျက်နှာလေးသည် ပို၍နီးနီးကပ်ကပ် မြင်ရချေသည်မို့ ပို၍ ပို၍ .. လှလွန်းမက လှနေချေသည်ပါပဲ ..။ တကယ့်ကို အပြင်အဆင်အခြယ်အမွှန်း မရှိပါဘဲနှင့် သဘာဝလေးအတိုင်းကို ငေးကြည့်မဝနိုင်လောက်အောင်လှသည့် ကလေးမ ..။ သေးသွယ်ပျောင်းနွဲ့သည်မို့လည်း အရမ်းကို အပြစ်ကင်းစင်သည့် ကလေးလေးနှင့်



ပို့တူနေသည် ..။ ပါတိတ်ထဘီ အစါရောင်လေးနှင့် လက်စကဘလောက်စ်အကျီလေးဖြင့် အဆောင်အယောင်ရှိ ရိုးစင်းစွာဝတ်စားထားပါသည့် ဤကောင်မလေးသည် .. အဖိုးတန် အဝတ်အစားလှလှလေးနှင့်ဆိုလျှင် နန်းဆန်ကြော့စင်နေလောက်အောင်ကိုပင် လှနေချေမှာ အမှန် ..။ တော်ဝင်မင်းသမီးလေးတစ်ပါးနယ် ကျက်သရေရှိရှိ ချောမွန်အိနေမည့်အဖြစ် ..။

"နွားနို့ လာဖို့တာ ထင်တယ်"

သူ .. ဤကောင်မလေးနှင့် စကားပြောချင်သည်လေ ..။ ပြုံး၍ မေးစဉ်ခိုက် ..

"မဟုတ်ပါဘူး .. ဆိတ်နို့ လာပို့တာပါ .."

ဟု ပြင်၍ဖြေတော့ သူ တစ်ချက်ပြုံးလိုက်မိပါ၏။ အာဂကောင်မလေး ..။ ဆိတ်နို့ကို နွားနို့ဟုပင် အမှားမခံသည့် ရာတိတ် ..။

"ဟုတ်ပါပြီ .. ဆိတ်နို့ .. ဆိတ်နို့ လာပို့တယ် ဆိုပါတော့ .. ခေါ်ကြီးလဲ မီးဖိုဆောင်ထဲမှာ အလုပ်များနေတယ်ထင်ပါရဲ့ .. ခဏစောင့်နော် .. ကိုယ်သွားပေးလိုက်ပါ့မယ် .. ပိုက်ဆံလဲ တစ်ခါတည်း ပေးလိုက်မယ်လေ .. ဘယ်လောက်ကျလဲဟင် .. နေ့တိုင်း လာပို့တာလား .."

"မွေးထုံ ဆိတ်နို့လာရောင်းတာ မဟုတ်ဘူး .. လာပို့တာ.. ဘဘအတွက် .. ဘဘကြီးက ပို့ခိုင်းလိုက်တာ .."

ဖေဖေ့အတွက် ပို့လိုက်တာဖြစ်မည် ..။ သူ ဆိတ်နို့ပုလင်းကိုယူတော့ မွေးထုံ ဆိုသည့် သူငယ်မ သူ့ကိုတစ်ချက် အကဲခတ်သလိုတော့ ကြည့်လာပါ၏။ ဘယ်သူပဲ .. ဆို

www.burmeseclassic.com

www.burmeseclassic.com



တာကို ရှုးစမ်းသည့် အကြည့် ‥။ ဒါပေမဲ့ ‥ မှုံ့မမေး ‥။ ဆိတ်နို့လာပို့သည်မဲလေ ‥။ ဤအိမ်ကြီးမှာ ရှိနေသည့် ဘယ်သူ့ကိုမဆို ပုလင်းလေး လက်လွှဲပေးလိုက်လျှင် ပြီးသည်ပဲ ‥ ဆိုသည့် အမျိုးလေး။ သူ့ရင်ထဲ စွဲသွားရသည်က မွေးထုံ ဆိုသည့် နာမည်လေးပါ ‥။ အတော်လေးကိုလှသည့် နာမည်လေးဖြစ်လျက် ‥ ချစ်စရာလေးလည်း ကောင်းနေသည့် အမည်လေး ‥။

"မေမေ အပြင်သွားတယ် ‥ လမ်းလျှောက်ထွက်သွားတယ်ထင်တာပဲ ‥ ကိုယ်အိမ်ရာကနိုးတော့ မေမေ မရှိတော့ဘူးလေ ‥ ခေါ်ကြီးကတော့ ပြောတယ် ‥ မနက်တိုင်းလမ်းလျှောက်ထွက်တတ်တယ်တဲ့ ‥ ကိုယ်မနေ့ညနေကမှ ဒီကိုရောက်တာလေ ‥ ခရီးပန်းတော့ နည်းနည်းအိပ်ရာထ နေမြင့်သွားတယ် ‥ မင်းက ‥ မွေးထုံ ဟုတ်လား ‥ မေမေအတွက် နွား ‥ အဲ ‥ ဆိတ်နို့ နေ့တိုင်း လာပို့တာလား ‥"

သူ တရင်းတနှီးလေး မေးတော့ မွေးထုံ မျက်နှာငယ်လေးဖြင့် ခေါင်းလေးတစ်ချက် ညိတ်ပြသည်။ မေမေ့သားမှန်းသိ၍ လန့်နေတာလား မသိ ‥။ သူ့စကားထဲမှာ ‥ မေမေဆိုတာက ပါသွားခဲ့သည်ကိုး ‥။

"ဘဘကြီးက ‥ နေ့တိုင်းပို့နိုင်းတာပါ ‥ ဘဘကြီးနဲ့ ဘဘက ‥ သူငယ်ချင်းတွေမို့ ‥ ဘဘအတွက် ဆိတ်နို့ဖိုး ဘယ်တုန်းကမှ မယူတာပါ ‥"

ဟု တရိုတသေလေး ပြန်ဖြေ၏။ စက်ဘီးနင်းလာရတာ မောနေပုံလေးဖြင့်လည်း တစ်ချက် ဆိုဖာထက်မှာ ထိုင်ချ



လိုက်ကာ လုပ်မိလုပ်ရာ ဟန်လေးဖြင့် ဦးထုပ်လေးနှင့် ယပ်ခတ်သလိုလေးလုပ်သည်။ နောက်တော့ သတိရလာပုံလေးဖြင့် ကမန်းကတန်း ဆိုဖာထက်မှ လျှောခနဲ ကိုယ်လေးလျှောချလိုက်ကာ ကြမ်းပေါ်မှာ ပြောင်းထိုင်၏။ ဆိုဖာပေါ် လွှတ်ခနဲ အမှတ်တမဲ့လေး ထိုင်လိုက်မိရာမှ ‥ သူ မကြိုက်မှာ စိတ်ပူသွားရင်း ကမန်းကတန်း နေရာပြောင်းထိုင်မှန်းလည်း အရမ်းကို သိသာနေသည်ပါပဲ ‥။ သူ ‥ ပို၍ ရင်ထဲမြတ်နိုးလာမိရပါပြီ ‥။ အဘယ်မျှထိ အပြစ်ကင်းစင်သော ဖြူဖြူစင်စင် ချစ်စဖွယ် မူရာလေးများပါလဲလေ ‥။

"ကန်တော့နော် ‥ ကန်တော့ ‥ မွေးထုံ မေ့ပြီးထိုင်လိုက်မိတာပါ ကိုကိုကြီး ‥ အရင်ရက်တွေတုန်းကတော့ ‥ မွေးထုံက တံခါးဝက ရပ်ပြီးအသံပေးလိုက်ရင် ကြီးကြီး ရောက်လာတာပဲ ‥ မွေးထုံလဲ ပေါ်တီကိုအောက်က လှေကားထစ်မှာထိုင်ရင်း အမောဖြေနေကျပါ ‥ ဒီနေ့ကျမှ ‥ ကြီးကြီး ထွက်မလာတာနဲ့ ဒီထဲထိ ဝင်လာမိတာပါ ‥"

ဟု တောင်းတောင်းပန်ပန်လေး ပြောလာတော့ သူ ရင်ထဲ မကောင်းနိုင် ‥။

ဩော် ‥ နေ့စဉ် ‥ ဆိတ်နို့လေးလာပို့ ‥။ ပေါ်တီကိုအောက်မှာ လှေကားထစ် နေရာလေးမှာထိုင်၍ ပုလင်းပြန်အပေးကို စောင့်ယူသွားရှာသည့် မွေးထုံလေးပါတကား ‥။ သိမ်သိမ်ငယ်ငယ်လေး နေရှာသည်ပဲဟု နားလည်ရရင်း ရင်ထဲ မကောင်းနိုင် ‥။ အသနားလေးပါ ရင်ထဲမှာ ပိုလာရပါသည် အဖြစ် ‥။

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုလေးဖြင့် မွေးထုံ နေရာမှ တံခါးပြင်ဘက်ဆီသို့ ပြန်ထွက်သွားကာ လှေကားထစ်နေရာလေးမှာ ထိုင်လိုက်ရာရင်း စောစောကနယ်ပင် ဦးထုပ်လေးနှင့် ယပ်ခတ်သလိုလေး လုပ်နေတော့ သူ နောက်မှလိုက်သွားမိရရင်း ...

"မဟုတ်တာ .. အထဲမှာထိုင်ပါ .. ဘယ့်နှယ် အပြင်ဘက်မှာ လှေကားထစ်ကြီးမှာ ထိုင်ရတာတဲ့တုန်း .. အဲသလိုတော့ မလုပ်နဲ့လေ .. ဘယ်ကောင်းမလဲ .."

သူသိတာက .. မွေးထုံကို ခြေနင်းဖတ် လှေကားထစ်နေရာလေးမှာ မထိုင်စေချင်တာ တစ်ခုပဲ ရှိနေသည်။ မျက်နှာအပျက်ပျက်ဖြင့် စိတ်ထဲမကောင်းနိုင်သမျှ ပြောနေတော့လည်း မွေးထုံ ခေါင်းလေးယမ်းပြသည်ပါပဲ ..။

"ဒီမှာ ထိုင်ရတာ လွတ်လပ်တယ် ကိုကိုကြီး .. မွေးထုံက ခုလို .. ထိုင်နေကျပါ .. ပြီးတော့ .. ဆိတ်ကျောင်းတဲ့အခါကျရင်လဲ .. မြက်ရိုင်းပင်လေးတွေပေါ်မှာ ထိုင်ဖြစ်နေတာပဲလေ .. ကိုကိုကြီး နို့ပုလင်း သွားပေးမလို့ဆို .."

ဖေဖေ့သားမှန်း သိ၍ထင့် ..။ သူ့ကို တရိုတသေလေး ကိုကိုကြီးဟု ခေါ်ရှာသည့် မွေးထုံပါ ..။ သူ ခေါင်းယမ်း၍ ခြေစုံရပ်နေသည်က မရွေ့မလျားကြီးပါ ..။

"မဟုတ်ဘူးလေ .. အရင်ရက်တွေ ဒီနေရာမှာ မင်းထိုင်တယ်ဆိုတာက .. ကိုယ်မှ မြရိပ်သာမှာ ရှိမနေသေးပဲကိုးကွ .. ခု .. ကိုယ်ရှိနေတယ်လေ .. ဖေဖေ့အတွက် ဆိတ်နို့လာပို့တဲ့ မွေးထုံကို .. ကိုယ်က .. ဧည့်ခန်းက ဆိုဖာမှာ မွေးထုံ မထိုင်ဘဲ ဒီနေရာမှာပဲ ထိုင်နေတာကို အလွယ်



တကူ ခွင့်ပြုမယ်လို့ ထင်နေသလား .. ကိုယ် .. လူရိုင်းတစ်ယောက်မဖြစ်ပါရစေနဲ့ .. လူယဉ်ကျေးဆိုတာ .. ဧည့်ဝတ်ကျေပွန်ရတယ်ကွ .. စေတနာကိုလဲ နားလည်ရတယ်လေ .. ဖေဖေ့အပေါ်ထားတဲ့ စေတနာကိုသိတာမို့ .. မွေးထုံကို .. ဒီလိုလှေကားထစ်မှာ ထိုင်နေတာမျိုးတော့ ကိုယ် လက်မခံနိုင်ဘူး မိန်းကလေးရဲ့ .. ဒေါ်ကြီးကလဲ .. နေ့တိုင်း ဒီမှာ မွေးထုံ ထိုင်နေတာကို မတားဘူးတဲ့လား .."

ဟု ပြောနေရင်း ပြောနေရင်းဖြင့် ဒေါ်ကြီးငွေကို အပြစ်မတင်သဲ့သဲ့ တင်သာလေး စကားရိပ်သမ်းလာတော့ မွေးထုံ လက်လေး ကမန်းကတန်းကာ၍ ..

"ကြီးကြီးက အမြဲထိုင်ခိုင်းပါတယ် ကိုကိုကြီးရဲ့ .. အိမ်ထဲမှာ ထိုင်ခိုင်းပါတယ် .. ဘဘကြီးက မှာထားလို့ပါ .. မြရိပ်သာကို ရောက်ရင် အိမ်ထဲမှာ ပိုင်စိုးပိုင်နင်း ဝင်ထိုင်တာတို့ ဘာတို့ မလုပ်ရဘူးတဲ့ .. ကိုယ့်နေရာ ကိုယ်သိရတယ်တဲ့ .. အဲသလို မှာထားလို့ပါ .. ဒီနေ့တောင်မှ .. ကြီးကြီးအသံ မကြားရတာမို့ .. တံခါးဝက အသံပြုရင်းနဲ့ အထဲထိ မေ့ပြီးဝင်လာမိတာပါ .. ဘဘကြီးသိရင် အဲသလို ဝင်လို့ဆိုပြီး ဆူမှာ .."

ဟု ဖြေရှင်းသလိုလေး ပြောနေသည်က ကြီးငွေကို အပြစ်တင်မှာစိုး၍ဆိုတာ အရမ်းကို သိသာနေသည်ပါပဲ ..။ သူ .. ခေါင်းခါ၍ မွေးထုံဆောမှာ ဆိတ်နို့ပုလင်း ရှည်မျောမျောလေးကိုင်ရင်း ဝင်ထိုင်ဖြစ်ပါ၏။ ခုလို .. မွေးထုံ အထဲဝင်မထိုင်သည့် အပြစ်လေး တစ်ခုကြောင့်ပင်လျှင် သူနှင့် မွေးထုံတို့သည် ပို၍

www.burmeseclassic.com

www.burmeseclassic.com



တရင်းတချာနိုင်စွာ ရှိလာရချေသည့်အဖြစ် ..။ ဘယ်သူ့ ဘယ်သူကမှ မကြိုးစားလိုက်ရပါဘဲနှင့် ထိုအဖြစ်သည် သူနှင့် မွေးထုံတို့ စတင်ဆုံစည်းရချိန်မှာ လှေကားထစ်လေးကို အကြောင်းပြု၍ ဖြစ်တည်လာရလျက် ..။

မွေးထုံ၏ စိတ်ရင်းဖြူလေးကိုလည်း ထိုစဉ်ကတည်းက .. သူ ပို၍စွဲထင်မြတ်နိုးသွားရသည်ဆိုတာ သူ့နှလုံးသားကသာလျှင် ပို၍ သိပါချေလိမ့်မည် ..။

သူနှင့် မွေးထုံတို့ မမျှော်လင့်ဘဲ .. မနက်ခင်းလေးမှာ စတင်တွေ့ဆုံဖြစ်ကြလျက် ..။ မည်သည့် ကြိုတင်ပြင်ဆင်ထားမှုမှ မရှိကြပါဘဲနှင့် လှေကားထစ်လေးတစ်ခုမှာ အတူတူထိုင်ဖြစ်သွားကြရခြင်းသည် .. မွေးထုံလေးနှင့် သူ့ကြားမှာ တစ်ယောက်ကိုတစ်ယောက် ခင်ခင်မင်မင် .. တရင်းတချာလေးနိုင်စွာ ရှိပါချေသော ခံစားမှုများကို ရှင်သန်စေခဲ့ကြသည်ကတော့ မငြင်းသာ ..။

"ဟယ် .. မွေးထုံလေး ရောက်နေပြီလား .. ကြီးမွေနောက်ဖေးဘက်က ဖိုးဘောင်လေးတွေအာက်ကို ရောက်နေလို့ .. မွေးထုံလေး ရောက်နေတာကို မသိလိုက်တာကွယ် .. ခု .. မီးပိုဆောင်ထဲ ပြန်တက်ခဲ့ .. ညှော်ခန်းဘက် ပြန်ဝင်လာမိမှ .. မွေးထုံလေး အဲဒီမှာ ထိုင်နေတာမြင်မှ နို့ပုလင်း လာပို့ပြီဆိုတာ သိရတော့တာ .. ကိုကိုလေးနဲ့လဲ ဆုံနေကြတာကိုး .."

ဟု ပြုံး၍လည်းပြော ..။ သူ့လက်ထဲမှ နို့ပုလင်းကိုယူကာ ဒေါ်ကြီးမွေ အတွင်းဘက် ပြန်ဝင်သွားတော့ သူ လှေကားထစ်လေးမှာ ထိုင်လျက်ဖြင့် မွေးထုံလေးနှင့် ကျန်ခဲ့ပါ၏။



"ဆိတ်တွေအများကြီး မွေးထားလား .. ဘယ်နကောင်ရှိလဲ .."

သူ .. မွေးထုံနှင့် စကားလေးတွေ ပြောနေချင်သည်လေ ..။ လှေကားထစ်လေးပေါ်သို့ ဆံပင်လေးတွေ ခွေနွဲ့ကျမနေအောင် ရှေ့ဘက်ဆီသို့ ဆံကျစ်ရှည်လေးတွေကိုသိမ်း၍ ပေါင်လေးပေါ်မှာ ဆံနွယ်ရှည်နက်နက်လေးတွေကို ဖေးတင်ထားပါသည့် မွေးထုံကို သူ ဘေးတိုက်လေး မြင်နေရပါ၏။ အနီးကပ်နေရလေလေ .. ပါးပြင်နုနုလေးထက်မှာ စိမ်းမြမြ ပြာမှျင်မှျင့် ထင်နေဝါသည့် အကြောမျှင်နုနုလေးတွေကို သူ တွေ့ရလေလေပါ။

"ဆိတ်တွေက .. ဆယ့်ခြောက်ကောင်လောက် ရှိပါတယ် .. မွေးထုံ မွေးချင်တယ်ဆိုလို့ ဘဘကြီးက ခွင့်ပြုထားတာပါ"

သူ့ကို တရိုတသေကြီးထား၍ ဖြေနေပြောနေတော့ သူ မနေတတ် ..။ ပြီးတော့ .. သူ့ကို တရိုတသေကြီး ပြောနေတာထက် တရင်းတချာနိုင်စွာ ပြောနေတာမျိုးကို သူ ပို၍ဖြစ်ချင်သည်။ ဒါပေမဲ့ .. ခုမှ တွေ့ကြသည့်ကာလ ..။ အဘယ်မိန်းကလေးက .. သူ့ကို .. တရင်းတနှီးကြီး ပြောဆိုရဲပါမည်တဲ့လဲလေ ..။ ပြီးတော့ .. မွေးထုံလေးနှင့် သူ့အသက်ကလည်း ကွာသည်။ သူက .. အင်ဂျင်နီယာတစ်ယောက် ဖြစ်နေပြီ ..။ နှစ်ဆယ့်ငါးနှစ်ရှိပြီ ..။ မွေးထုံက .. ခုမှ .. ဆယ့်ရှစ်နှစ်လောက်ပဲ ရှိချေဦးမည်ထင့် ..။

"မွေးထုံရဲ့ ဘဘကြီးက .. ဖေဖေ့သူငယ်ချင်းပဲ ဥစ္စာ .. မွေးထုံကို ဒီအိမ်ကြီးထဲ ဘာလို့ပေးမဝင်တာလဲ .. သူငယ်ချင်းရဲ့အိမ်ပဲဥစ္စာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု သူပြောတော့ မွှေးထုံ တစ်ချက် သူ့ကိုငဲ့ကြည့်၏။

"ဘဘကြီးက ပြောပါတယ် ..သူငယ်ချင်း ဖြစ်ကြပေမယ့် ဘ၀ချင်း ခြားတယ်တဲ့ .. ဘဘက .. ဘဘကြီးကို အရင်တုန်းကလိုပဲ အခင်မပျက် .. အချစ်မပျက် ရှိနေပေမယ့် .. ဘဘကြီးက သိတတ်ရမယ်တဲ့ .. အဲသလို ပြောပါတယ် .."

ဟု လက်လေးပိုက်၍ ဖြေတော့ သူ ရင်ထဲမကောင်း ..။

မေမေ မိုင်းဆွတ်သို့ ရောက်လာတော့လည်း သူငယ်ချင်းဖြစ်သူအတွက် .. ဆိတ်နို့လေးတွေ ပို့ခိုင်းတာဖြစ်မည် ..။

"နေပါဦး .. မိန်းကလေးရဲ့ ဘဘကြီး ဆိုတာက .. မေမေ ပြောပြထားတဲ့ ဦးရွှေမြသိန်း ဆိုတာလား .."

"ဟုတ်ကဲ့ .."

သူ ဖျတ်ခနဲ သတိရ၍ မေးတော့ မွှေးထုံ ခေါင်းလေးညိတ်၍ ဖြေသည်။ သူ့နှုတ်မှ ဟာခနဲ တစ်ချက်ညည်းတွားသံ ထွက်ကျလာရင်းမှ ..

"အဲသလောက်ကြီး ရင်းနှီးကြတဲ့ သူတွေပဲကွာ .. မေမေ ဒီမိုင်းဆွတ်မှာ ဒီခြံမြေကျယ်ကြီးတွေ ၀ယ်ဖြစ်ဖို့ .. မွှေးထုံရဲ့ဘဘကြီး ဦးရွှေမြသိန်းကိုပဲ အားလုံး အကူအညီတောင်း .. ခြံမြေတွေရောင်းချပေးဖို့ ခြံရှင်တွေနဲ့ ဦးရွှေမြသိန်းပဲပြောဆိုပေး .. ဈေးတည့်ပြီဆိုမှ .. မေမေ ဒီကို .. လိုက်လာပြီး မြေတွေ၀ယ်ဖြစ် .. စက်ရုံတည်တော့လည်း အားလုံးကို ဦးရွှေမြသိန်းက ကူညီပေးနေတာပဲဆို .. မေမေ အမြဲမှန်းနဲ့ ပြောပြောပြလို့ ကိုယ် သိနေရတာပဲ .. အဲဒါ .. အိမ်ထဲမှာ မင်း ထိုင်လို့မဖြစ်ဘူးလား .. ဒီလောက် ရင်းနှီးကြတဲ့ ဥစ္စာ .. မေမေကလည်း မထိုင်နိုင်ဘူးလား .."



"မွှေးထုံ လာတဲ့အခါ .. ဘဘ လမ်းလျှောက်ထွက်သွားပါပြီ ကိုကိုကြီး .. ဘဘနဲ့ မတိုးပါဘူး .. ကြီးကြီးကလဲ အထဲမှာထိုင်နိုင်းပါတယ် .. မွှေးထုံက ဘဘကြီး မှာထားလို့ .. မထိုင်တာပါ .."

လှေကားထစ်မှာ ထိုင်ရသည့်ကိစ္စသည် လောလောဆယ်မှာ သူ့အတွက် ရေးကြီးခွင်ကျယ် အဖြစ်ဆုံးကိစ္စ ဖြစ်နေသည်။ ခုလို .. မွှေးထုံလေး လှေကားထစ်လေးမှာ ထိုင်နေရတာကို မြင်နေရသည့်ကိုက .. ရင်ထဲ မကောင်းနိုင်ဘဲ ဖြစ်နေသည်။ ကိုယ့်ကိုယ်ကိုယ် ညှိုးမှေးသိမ်ငယ်လွန်းစွာ နေရာထား၍ အောက်ကျနောက်ကျခံစွာ နေပေးတာမျိုးကို သူ မကြည့်ရက်နိုင် ..။ ရင်ထဲလည်းမတွေ့ ..။

ခက်သည်က .. မွှေးထုံ ဆိုသည့် ကလေးမသည် ဘကြီးလုပ်သူ မှာထားသည့် စကားကို ဘယ်တော့မှ ပယ်ဖျက်မည့်အမျိုးလေးမဟုတ် ..။ ဒီတော့လည်း သူပါရော၍ လှေကားထစ်လေးမှာ ထိုင်နေမိရင်းမှ ..

"ဒါဖြင့် ... ဒီလိုလုပ်ကြရင် မကောင်းဘူးလား အမိ .."

တဖြည်းဖြည်း သူနှင့် မွှေးထုံတို့ကြားမှာ ရင်းနှီးသော အခေါ်လေးတွေ ဖြစ်တည်ရင်း ဖြစ်တည်ရင်းဖြင့် ရှိလာနေကြရပါသည့်အဖြစ် ..။ တကယ်က .. သူလုပ်ယူတာ မဟုတ်၊ အလိုလို .. သူ့ရင်တွင်းဆီမှ .. ဖြစ်တည်ပွင့်ကျလာသည့် စကားလေးတွေပါတည့် ..။

www.burmeseclassic.com

 www.burmeseclassic.com

“မနက်တိုင်း ကိုယ်ကလဲ ‥ ဒီလှေကားထစ်လေးမှာထိုင်ရင်း ‥ မင်းရဲ့ဆိတ်နံ့ပုလင်းလေးကို စောင့်ယူမယ်လေ ‥ မကောင်းဘူးလား ‥”

ဟု ပြောတော့ မွှေးထုံ အံ့ဩသလိုလေး တစ်ချက်ကြည့်လာသည်။ တကယ်က ‥ မွှေးထုံ ဤလှေကားထစ်လေးမှာ ထိုင်လိုက်သည့် ကိစ္စသည် အဘယ်မျှထိ ကြီးကျယ်နေသည့် ပြဿနာကြီး ဖြစ်နေပါချေသလဲ ‥ ဟု နားမလည်နိုင်သလိုလေးလည်း ခံစားနေရသည့် အသွင်လေးဖြင့် သူ့ကို ကြည့်လာပါသည့်အဖြစ် ‥

“မွှေးထုံ ဒီမှာထိုင်တာက ‥ ခဏလေးပါ ‥ မွှေးထုံကိုလဲ ဘာမှ မထိခိုက်ပါဘူး ‥ ကြီးကြီး နို့ပုလင်းလေး ပြန်လာပေးလိုက်တာနဲ့ မွှေးထုံလဲ ပြန်တာပါပဲ ‥”

ဟုပြောတော့ သူ ခေါင်းယမ်းသည်။

“အဲဒီခဏလေး ထိုင်တာကိုက မဟုတ်တာ ‥ မေမေ့သူငယ်ချင်းဖြစ်တဲ့ ‥ ဦးရွှေမြသိန်းရဲ့ ‥ နေစမ်းပါဦး ‥ ညည်းလေးက ဘဘကြီးလို့တော့ ခေါ်တယ် ‥ ဘယ်လိုတော်တာလဲ ‥”

“မေမေက ‥ ဘဘကြီးရဲ့ညီမပါ ‥”

“အင်း ‥ ဒါဆို ‥ တူမတော်တာပေါ့ ‥ အဲဒီတူမကို ‥ ကိုယ်တို့မြို့ရိပ်သာရဲ့ လှေကားထစ်မှာ ထိုင်ခိုင်းရမှာလား ‥ ဒါ ‥ လုံးဝ ‥ သဘာဝမကျတဲ့ ကိစ္စပဲ ‥ ဖြစ်ကိုမဖြစ်သင့်တာကြီးပဲကွ ‥”



ဟု သူ ပြောနေစဉ်မိုက်မှာပင် ကြီးဒွေမှ ဆေးကြောသန့်စင်ထားပြီး ဖြစ်ပါသည့် ဖန်ပုလင်းလေးကို လက်သုတ်ပဝါသန့်သန့်လေးဖြင့် ပွတ်သုတ်နေရင်းမှ လာပေးသည်မို့ စကားမဆုံးလိုက်ရပဲ သူ ကျန်ခဲ့ရပါပြီ ‥။

ဘာကြောင့်ဆို ‥ မွှေးထုံလေးသည် ပုလင်းလေးကို ယူလိုက်ကာ ခေါက်ထောက်ရပ်ထားသော စက်ဘီးလေး၏ ရှေ့ခြင်းလေးထဲမှာထည့်၍ စက်ဘီးလေးနင်း၍ ထွက်ခွာသွားသောကြောင့်ပါတည်း ‥။ လှေကားထစ်မှာ ထိုင်မိသည့်ကိစ္စကို ‥ ဆက်၍ ပြောပြ ရှင်းပြနေရာမှာကိုလည်း မွှေးထုံလေး စိတ်ရှုပ်ထွေးစ ပြုနေပြီဆိုတာ မျက်နှာလေးထက်မှာ ထင်နေသည့် စိတ်အိုက်နေသည့် အရိပ်လေးတွေကြောင့်ဖြင့်ပင် သူ မှန်းဆနားလည်မိရသည်ပါပဲ ‥။

အရမ်းကို နေတာ ထိုင်တာလေးကအစ ‥ ရိုးစင်းလွန်းစွာရှိလျက် ‥။ ဘကြီးလုပ်သူ မှာထားသည့် စကားကိုလည်း အသေစွဲမှတ်ထားကာ နာခံပါသည့် မွှေးထုံလေးကို ‥ သူ ‥ ခေါင်းလေး မသိမသာယမ်း၍ ငေးကြည့်ကျန်ခဲ့ရပါပြီ ‥။ အတော်လေးတော့ ‥ ခေါင်းမာမည့် ကလေးမ ‥ ဟု ချစ်စနိုးလေးလည်း တွေးဖြစ်၏။

“အထဲခေါ်ထိုင်ခိုင်းရောပေါ့ ကြီးဒွေရာ ‥”

ဟု သူ လွှတ်ခနဲ စိတ်ထဲရှိတာကို ပြောချလိုက်မိတော့ ကြီးဒွေမှ ရယ်၍ ‥

“ခေါ်ပါတော် ‥ မွှေးထုံလေးကိုက ‥ မထိုင်တာ ‥ သူ့ဘဘကြီးက တားထားသတဲ့လေ ‥ အဲသလိုလဲ အမှန်

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဖွင့်တော့အပြောသား .. ချစ်စရာ တကယ်ကောင်းတဲ့ မိန်းကလေး .. ခမျှာ .. မိဘများကလဲ .. ဆုံးပါးရှာကြတာမို့ .. ဘကြီး စကားကို အသေမှတ် .. တကယ့်ကို .. နာခံတဲ့ ကလေး .."

ဟု ကြို၍ သူ့ထက်စောကာ .. ဒေါ်ကြီးငွေ သိထားလေသမျှ ပြောပြလာချေတော့ ရင်ထဲ ပို၍မကောင်း ..။

ဩော် .. မွေးထုံလေးသည် မိဘနှစ်ပါး မရှိရှာသည်ကလေး ..။

"နာမည်လေးက .. သွန်းမွှေးထုံတဲ့လေ .. လိမ္မာလိုက်တာလဲ .. ချစ်ဖို့ကောင်းလောက်အောင်ကို လိမ္မာတာ .. ကြီးငွေပြောမြပါတယ် .. ကိုကိုလေးရဲ့ မေမေ့ကိုလေ .. အစ်ကိုကြီးဆီ ဆိတ်နို့လေးတွေ နေ့တိုင်းလာပို့ပေမဲ့ အိမ်ထဲတောင် မထိုင်ရဲရှာဘူးဆိုတော့ .. အစ်ကိုကြီးက .. ဦးရွှေမြသိန်းကို ပြောတယ်တဲ့ ..

ကလေးကို အထဲတောင် ဘာလို့အဝင်မ ခိုင်းတာလဲ .. ဆိုတော့ ရယ်နေတာပဲတဲ့ .. ဘာမှကိုပြန် မပြောတာတဲ့ .. ခမျာများမှာလဲ အစ်ကိုကြီးနဲ့ဆိုရင် အရမ်းကို ဘဝချင်းကွာခြားနေကြတာကိုး .. ဘယ် .. ရဲရဲဝံ့ဝံ့ .. ပိုင်ပိုင်နင်းနင်း .. ဒီထဲကို ဝင်ထိုင်ရဲရှာပါ့မလဲ .. ဆင်းရဲသားတို့ရဲ့ ရင်ထဲက ညှိုးသိမ်တဲ့ ခံစားမှုကို .. ကြီးငွေတို့လို ဆင်းရဲသားတွေက .. နားလည်နိုင်ကြတယ်လေ .. ဖွင့်ပြောပြနေစရာကို မလိုအောင် ဆင်းရဲသားချင်းချင်း နားလည်ကြရတာ .."



ဟု .. ခပ်ညည်းညည်း ပြောကာ .. ဒေါ်ကြီးငွေ မီးဖိုဆောင်ဘက်ဆီသို့ ပြန်သွားလိုက်တော့ သူ နေရာမှာ ငိုင်၍ ကျန်ရစ်ခဲ့ရပါ၏။

ဩော် .. ဆင်းရဲ၍ ခံစားရသည့် ညှိုးသိမ်သော ရင်တွင်းမှ ဝေဒနာကို .. အရွယ်နှင့်မမျှ .. သွန်းမွှေးထုံလေးသည်လည်း .. ခံစားနေရသည်ပဲ .. ဟု သိနေရရင်းဖြင့်ပင် .. ထိုအယူအဆကို လက်မခံနိုင်သည့်အောက .. ရင်တွင်းဆီသို့ အင်အားနှင့် တိုးဝင်လာချေသည်တည့် ..။

❦ ❀ ❦

www.burmeseclassic.com



## အခန်း(၂)

"ဘာလို့ .. ဆိတ်နို့ လာမပို့တော့တာလဲ မွေးထုံ .."

ဘုရားရေ ..။ သွန်းမွေးထုံ ဆိတ်ဖြူလေးကိုပွေ့၍ နှာဖျားလေးကို လက်လေးနှင့် တို့ထိဆော့လိုက် ..။ နားရွက်ရှည် ကုတ်ကုတ်လေးကို မွှေ့လိုက်ဖြင့် သစ်ရိပ်အောက်မှာ ဆိတ်ကျောင်းနေရင်းဖြင့် အပျင်းပြေ ဆိတ်ဖြူလေးနှင့် ချစ်စနိုးလေး ရှိနေစဉ် ခိုက် ..။ အရမ်းကို တည်ငြိမ်လွန်းစွာ နောက်ပါးဆီမှ မေးလာသံ ပေါ်လာသည်မို့ လန့်ခနဲလေး မော့ကြည့်မိလိုက်ရသည်က .. အံ့ဩခြင်းများနှင့် အတူပါ ..။ ကိုကိုကြီး လိုက်လာချေသည် တကား ..။

ဆိတ်နို့မပို့သည့်ကိစ္စကို လာမေးသူဆို၍ ကိုကိုကြီးပဲ ဖြစ်နိုင်သည်လေ ..။ ခု .. မွေးထုံ ဆိတ်နို့မပို့ဖြစ်တာ တစ်ပတ်နား ကပ်နေပြီ ..။ ကိုကိုကြီးက ကိုယ်တိုင်ကိုယ်ကျကြီးကို လိုက်လာ၍ တကန်တကဲ လာမေးနေသည်ဆိုတော့ လောလော ဆယ်မှာ ဘယ်လိုဖြေရမည်မှန်း မသိ ..။ ခုလို .. လိုက်လာမေးမည် ဟုလည်း မမျှော်လင့်ထားမိခဲ့ ..။ မထင်ထားမိခဲ့ ..။



ကိုကိုကြီးက ခပ်တည်တည်ဖြင့် နောက်ပါးဆီမှာ ရပ်နေလျက်ဖြင့် ငုံ့မိုးပေးစိုက်ကြည့်နေရင်းဖြင့် မွေးထုံ ဖြေလာမည့် အဖြေတစ်ခုကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းပေးနေသည့် အသွင် ..။

"ဟင် .. ကိုကိုကြီး ဘာလာလုပ်တာလဲ .."

လွှတ်ခနဲ မေးမိစဉ်ခိုက် ကိုကိုကြီးက မွေးထုံနှင့် မလှမ်းမကမ်းနေရာမှာ မြက်ခင်းထက်၌ ထိုင်သည်။ စားကျက် ခင်းထဲမှာ ရှိနေသည့် ဆိတ်အုပ်ကိုလည်း တစ်ချက်လှမ်းကြည့် ၏။ သစ်ပင်ခြေရင်းမှာ မြစ်ဆုံကြားပေါ်မှာ တင်ထားသော နှစ် ဆင့်ဒန်ချိုင့်လေးကိုလည်း တစ်ချက် ငဲ့ကြည့်သည်။ ထမင်းချိုင့် လေးနှင့် ဘာနှင့် ဆိတ်ကျောင်းနေသည့် မွေးထုံကိုလည်း ငဲ့ခနဲ ကြည့်၏။

"ဟုတ်တယ် .. ကိုယ်လိုက်လာတာ .. မင်းကမှ မလာတော့ ဘဲကိုးကွ .. နေ့တိုင်း လှေကားထစ်လေးမှာ ထိုင်ထိုင်စောင့် နေရတာ စိတ်မရှည်နိုင်တော့တာနဲ့ .. လိုက်လာရတော့ တာပေါ့ .. မင်းနဲ့ ကိုယ်နဲ့ ဆွေးနွေးစရာတွေ ရှိနေတယ် လေ .. အဲဒါ .. ဒီတိုင်းကြီး ရပ်ထားလို့ မဖြစ်သေးဘူး မဟုတ်လား၊ နေ့တိုင်း နို့ပုလင်းလေး လာလာပို့နေတဲ့ ဘဘကြီးကိုလဲ အားနာလှပြီ မိန်းကလေးရဲ့ .. လူကြီးကို အဲသလို ခိုင်းတာတော့ မကောင်းဘူးထင်တယ် .. ဘာလဲ .. ကိုယ်နဲ့တိုးမှာစိုးလို့ .. လူကြီးကို ခိုင်းတာလား .."

ဟု မေးလာသည့် ကိုကိုကြီးကို မွေးထုံ မျက်နှာငယ် လေးဖြင့် ကြည့်မိရပါ၏။ ဘဘကြီးကိုယ်တိုင်က မြနိုင်သည်သို့

www.burmeseclassic.com

www.burmeseclassic.com

နှိုပုလင်းသွားမပို့နိုင်တော့ ... ဟု ဗွားကာ ဘဘကြီး ကိုယ်တိုင် မနက်တိုင်း စက်ဘီးလေးနှင့် သွားသွားပို့နေတာကို ဘယ့်နှယ်လုပ်၍ မေ့လို့ကောင်းနိုင်ပါ့မည်တဲ့လဲလေ ...။ ကိုကိုကြီးနှင့် မြရိပ်သာမှာ ဆုံခဲ့သည့်အဖြစ်ကို ဘဘကြီးကို အားလုံး ထုံးစံအတိုင်း မွေးထုံ ပြန်ပြန်ပြောပြမိခဲ့ပါ၏။ ဘဘကြီး ငြိမ်၍နားထောင်ခဲ့ပြီးသည့် နောက်မှာ ...

"မနက်ဖြန်ကစပြီး ... ဘဘကြီးပဲ နို့ပို့တော့မယ် လုံမ ..."

ဟု ပြောခဲ့ပြီးသည့်နောက် ... တကယ့်ကိုပဲ နေ့တိုင်း ဘဘကြီး သွားသွားပို့ခဲ့သည် မဟုတ်ပါလား ...။ ခု ... ခုကျတော့ ကိုကိုကြီးက ... မွေးထုံကပဲ ဘဘကြီးကို ခိုင်းစားသလိုကြီး လာပြောနေသည့်အဖြစ် ...။ ဖွင့်ပြောပြ၍ကလည်း မကောင်း ...။ မပြောဘဲ နေပြန်လျှင်လည်း မွေးထုံကပဲ ဘဘကြီးကို ဟိုခိုင်းသည်ခိုင်း လုပ်နေသည့် ကောင်မလေး ဖြစ်နေရသည်မို့ ...။

အခက်နှစ်ခုကြားထဲမှာ ဘာမျှကို ပြန်မဖြေတော့ဘဲ မျက်လွှာလေး ချ၍ လက်လေးနှစ်ဖက်ကိုပွတ်ရင်း ငြိမ်နေလိုက်ရသည့် နည်းကိုပဲ ရွေးချယ်လိုက်ရသည်က သွန်းမွေးထုံပါ ...။

အတန်ကြာသည်အထိ ကိုကိုကြီးထံမှ ဘာစကားမေးသံမှ မကြားရတော့တာမို့ ဖျတ်ခနဲ ခိုးကြည့်မိတော့ ခပ်စိုက်စိုက်ကြည့်ရင်း ခုထိ အဖြေစောင့်နေသည့် ကိုကိုကြီး၏ မျက်ဝန်းများနှင့် တိုးရပြန်သည် ...။

"မနက်ဖြန် ... နို့လာပို့ ... ဒါပဲ ..."

"ဟင့်အင်း ..."



မပို့နိုင်မည့်ကိစ္စ ...။ လွှတ်ခနဲ အမှန်အတိုင်း ဖြေ၍ပြလိုက်သည့် ပုံလေးဖြင့် ခေါင်းလေးခါလိုက်တော့ ကိုကိုကြီး မျက်မှောင်တစ်ချက်ကုတ်၍ ကြည့်သည်။ စိတ်အိုက်ပုံလေးဖြင့် ခေါင်းလေးပြန်ငုံ့ချကာ ရှေ့မှ မြက်ရိုင်းပင်လေးဆီက ထိုးထိုးထောင်ထောင်လေး ထိုးတက်နေသော မြက်သီးတံရှည်လေးကို လက်ထဲလိပ်၍ ပတ်၍ ဆွဲဆွဲနုတ်နေပါသည့် လုပ်မိလုပ်ရာဆန်နေသော မွေးထုံကို ကြည့်ရင်း ကိုကိုကြီး ခပ်တိုးတိုး ရယ်နေသည်။

"ဒီစားကျက်တစ်ခင်းလုံးက မြက်သီးတံလေးတွေကို ကုန်အောင်လိုက်နုတ်နေတော့မှာလား သူငယ်မရဲ့ ..."

ဟု ချစ်စနိုးမေးသံက ကိုကိုကြီးထံမှ ထပ်၍ပေါ်လာပြန်တော့ မွေးထုံ စိတ်ရှုပ်ထွေးချင်စ ပြုလာနေပါပြီ ...။ ကိုကိုကြီးက ဘာကြောင့် ခုလို ... တရင်းတနှီးကြီး လာထိုင်လျက် ... မွေးထုံနုတ်နေသည့် မြက်သီးတံတစ်ခုအကြောင်းကို ရေးကြီးခွင်ကျယ်ဖြင့် ရေးရေးရာရာ နေရာတွေ ဘာတွေထားပြီး ပြောနေရပါသတဲ့လဲ ...။

"ဖေဖေလည်းပါလာတယ် ... ဘဘကြီးနဲ့ ခင်ဗျားလေးရဲ့ အိမ်မှာ စကားပြော ကျန်ရစ်ခဲ့လေရဲ့ ..."

ဟု ပြောကာ ကိုကိုကြီး ထရပ်သည်။ ဆိတ်အုပ်ရှိရာဆီသို့ ခပ်မှန်မှန် လျှောက်သွားတော့ မွေးထုံ လှမ်းငေးကြည့်ကျန်ခဲ့ရပြန်ပါ၏။ ခုလို ... ကိုကိုကြီး မထင်မှတ်ဘဲ ရောက်လာသည့်အတွက် ... မွေးထုံကရော ... ဘာကြောင့် ရင်တွေခုန်နေရပါသတဲ့လဲ ...။

www.burmeseclassic.com

www.burmeseclassic.com



အရပ်မြင့်မြင့်ကြီးနှင့် ပခုံးကျယ်ကြီးဖြင့် ခန့်သန့်နေပါသော ကိုကိုကြီးသည် ဤနေ့မှာလည်း အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ကို သပ်သပ်ရပ်ရပ် ဝတ်ထားပါ၏။

ချမ်းသောင့်ချမ်းသာ နေရှ၍လားမသိ ..။ ကိုကိုကြီး၏ မျက်နှာထက်မှာ ကြောင့်ကြရိပ်မရှိ ..။ သောကရိပ်မရှိ ..။ မျက်နှာလေးကိုက ဝင်းကြည်သန့်နေသည်ပါပဲ ..။ စားကျက်ခင်းပေမို့ လေထဲမှာ တောတောင်၏ ရနံ့ကတော့ လေနှင့်အတူ မျောလွင့်ပါလာကြသည်ပါပဲ ..။ ဆံပင်ထူထူအုပ်အုပ်ဖြင့် နဖူးပြင်ထက်မှာ ဆံစတို့ ဝဲပြို့ကျနေပါသည့် ကိုကိုကြီး ..။ လေတို့က ကိုကိုကြီး၏ ဆံစတို့ကို ဝေ့ဖြတ်တိုက်ခိုက်သွားကြချိန်တိုင်းမှာ နဖူးစပ်ဆီမှ ဆံစတို့သည် နောက်ဘက်ဆီသို့ လူပ်ခတ်၍ ပါသွားကြပါ၏။ မျက်ခုံးထူထူကြီးနှင့် နှာတံထင်းနေကာ မေးရိုးပြန့်ပြန့်ဖြင့် ကိုကိုကြီးသည် ရွှန်းတောက်ကြည်စင်နေသော မျက်ဝန်းများကိုပိုင်စိုးစွာ အရမ်းခန့်သန့်နေတာကတော့ အမှန်ပါ ..။

ကိုကိုကြီး ပြန်လှည့်လျှောက်လာတော့လည်း မွှေးထုံနေရာမှမရွေ့ ထိုင်လျက်လေးဖြင့် ငေးကြည့်နေမိရပါ၏။ ကိုကိုကြီးအားမှာ လာထိုင်သည်။ ဤတစ်ကြိမ်မှာတော့ မွှေးထုံနှင့်နည်းနည်း ပိုနီးသည့် နေရာမှာ ကိုကိုကြီး ထိုင်ပါ၏။

"ဆိတ်က .. ဆယ့်ခြောက်ကောင်တောင်မှပဲ မိန်းကလေးရ .."

ဆိတ်တွေဘာတွေသွား၍ ရပ်ကာ ရေတွက်လာသည့်သဘော ..။

"ကိုယ်နဲ့ တိုးခဲ့တာ .. ဘဘကြီးကို ပြန်ပြောလိုက်တယ် ဆိုပါတော့ .."



ဖျတ်ခနဲ ကောက်မေးလိုက်သည်မို့လည်း ဘာရှုကြီးတင်မပြင်ဆင်လိုက်နိုင်စွာပဲ လွှတ်ခနဲ ခေါင်းလေးညိတ်ပြလိုက်မိရသည်က သွန်းမွှေးထုံပါ ..။ ဆိတ်ကောင်ရေအကြောင်း ပြောနေရာမှ ဖျတ်ခနဲ မေးချလာသည်မို့လည်း မွှေးထုံအရှိန်လေးမှာ ခေါင်းလေး အလိုလို ညိတ်ချဝန်ခံလိုက်မိပြီးသား ဖြစ်သွားရပါပြီ ..။

"အဲလိုလဲ ပြောပြလိုက်ရော .. ဘဘကြီးက .. သူ့ပဲ နို့မှိမယ်ဆိုပြီး ဂျူတီချိန်းလိုက်တယ် ဆိုပါစို့ .."

ဘာတတ်နိုင်တော့မည်တဲ့လဲလေ ..။ အားလုံးပေါ်ကုန်နေပြီမို့ ခေါင်းလေးသာ ဆက်ညိတ်ပြလိုက်ရသည်က သွန်းမွှေးထုံပါတည့် ..။ ကိုကိုကြီးကိုကြည့်တော့ လက်နှစ်ဖက်ကိုမြက်ခင်းထက်မှာ နောက်ပြန်ဖေးတင်၍ နည်းနည်းလေး နောက်ဘက်ဆီသို့ ကိုယ်ကိုယိုင်၍ သက်သောင့်သက်သာပုံဖြင့် အကျထိုင်နေရင်းဖြင့် ပြုံးကြည့်နေတာနှင့် တိုးသည်။ ကိုကိုကြီး၏ မျက်ဝန်းထက်မှာ စိတ်ဆိုးရိပ်မရှိ ..။ ချစ်စနိုး ပြုံးနေတာမျိုးကိုပဲ မြင်နေရသည်။ မွှေးထုံကို ကလေးတစ်ယောက်ပမာ ချစ်စနိုးလေး တစိမ့်စိမ့် သဘောကျစွာ ကြည့်နေသည့်ပုံမျိုး ဖြစ်နေသည်။

"တစ်နေ့ တစ်နေ့ .. ဘာတွေ မြင်ခဲ့တယ် .. ကြုံခဲ့တယ် .. အဲဒါတွေကို .. အမြဲတမ်း .. ဘဘကြီးကို ပြန်ပြန်ပြောပြတာပဲလား"

ဒက်ထိမှန်နေသည့် အမေးစကားကြီး ဖြစ်နေတာမို့ မွှေးထုံ နည်းနည်း ရှက်အမ်းအမ်းလေးဖြင့် ခေါင်းလေးညိတ်ပြမိရာမှ ..

www.burmeseclassic.com

www.burmeseclassic.com



"မွေးထုံမှာ ပြောပြစရာဆိုလို့ … ဘဘကြီး တစ်ယောက်ပဲ ရှိတဲ့ဥစ္စာ … မွေးထုံရဲ့ ဆိတ်ကလေးတွေ အကြောင်းကိုတောင် မှပြန်ပြောပြတာပဲ … ဘယ်ကောင်ကဆိုးတယ် … ဘယ်ကောင်လေးကလိမ္မာတယ် … သနားစရာကောင်းတယ် … ချွဲတတ်တယ် … အဲဒါတွေကိုလဲ ပြောပြတာပဲ … ကိုကိုကြီး တစ်ယောက်တည်းရဲ့အကြောင်းကို ချွေးပြောတာမဟုတ်ပါဘူး …"

'ဖြေရှင်းပြောလေး ပြောမိခါမှ ကိုကိုကြီး ဇက်ကို လှန်၍ ရယ်သည်။

"သြော် … ဆိတ်အုပ်ကြားထဲက … နိုင်မြို့ရဲ့အကြောင်းဆိုပြီးတော့ကို ပြောရတော့လိုပါလား မွေးထုံရယ် … တော်သေးတာပေါ့ … ကိုယ်က လူဖြစ်နေလို့ …"

ရယ်နေသည့် ကိုကိုကြီးကို ဤတစ်ကြိမ်မှာတော့ မွေးထုံ စိတ်နည်းနည်း တိုချင်လာသည်။ ပြောသည့်စကားထဲမှာ ဤမျှ ရယ်စရာ ဘာများပါသွားလို့လဲလေ …။ ကိုယ့်အဖြစ်မှန်တစ်ခုကို အမှန်အတိုင်း ပြောပြသည့်ဥစ္စာ …။ ရယ်ပွဲကြီးလုပ်နေတော့ နည်းနည်း စိတ်ထဲမခံချင်လည်း ဖြစ်လာရ …။ ဒေါလေးလည်း ပွလာရပါသည့် အဖြစ် …။

"မွေးထုံက … ဆိတ်လေးတွေနဲ့ပဲ နေရတာပဲ ဥစ္စာ … ဆိတ်တွေအကြောင်း ပြောပြစရာပဲ ရှိတာပေါ့ ကိုကိုကြီးရဲ့ … စကားပြောစရာ ဆိုလို့လဲ ဘဘကြီးပဲ ရှိတာ … ဘဘကြီးကို ပြန်မပြောပြလို့ … ဘယ်သူ့ကို သွားပြောရမှာလဲ … မွေးထုံက … မွေးထုံက … မေမေ မမေတို့နဲ့လဲ နေခွင့်ရတဲ့ဘဝမှ မဟုတ်တာ …"



ပြောနေရင်းဖြင့် ဝမ်းနည်းရှိန်လေး တစ်ချက်တက်လာရကာ မျက်ရည်ဝဲလာရသည်က သွန်းမွေးထုံပါ …။ မိဘမဲ့ဘဝကို … မိဘမဲ့များသာ သိနိုင်ကြပါသည်လေ …။ မိဘမဲ့သမီးတစ်ယောက်၏ ရင်တွင်းမှာ အားငယ်ကြေကွဲမှု၏အရှိန် အဘယ်မျှနက်ရှိုင်း ပြင်းထန်သည် ဆိုတာကိုလည်း မိဘမဲ့ဘဝ ရောက်ရသူတို့မှသာ သိနိုင်ကြပါချေသည်တည့် …။ ရယ်နေသည့် ကိုကိုကြီး ချက်ချင်းကြီး တိတ်ကျသွားရကာ …

"ကိုယ် စိတ်မကောင်းဘူး မွေးထုံ … အဲသလောက်ကြီးထိ … မွေးထုံ စိတ်ထဲ အားငယ်နေရှာတာ ကိုကိုကြီး နည်းနည်း နားလည်ပေးလိုက်ဖို့ ကောင်းတာ … အင်း … ကိုယ်က … မင်းလေးနဲ့ ခုလို … ဟိုဟိုဒီဒီ ပြောနေ ဆိုနေရတာကို ပျော်နေမိတယ်လေ … မင်းက … အရမ်းဖြူစင်ရိုးစင်းတယ် မဟုတ်လား … အဲဒီ ဖြူစင်မှုလေးကို … ကိုယ်တန်ဖိုးထားနေမိတာ … ခင်နေမိတာ … မင်းလေးနဲ့ ခင်ချင်နေမိတာ … မင်းလေးဆီက ခင်မင်မှုကို ရချင်နေမိတာပါ … အရိုးသားဆုံး ကိုယ်ဝန်ခံချင်တယ် မွေးထုံ … မင်းနဲ့ကိုယ် ခင်ချင်နေတယ်လေ … ကိုယ်က မင်းထက် အများကြီး အသက်ကြီးပါတယ် … ချာတိတ်မလေးတစ်ယောက်ကို … ခင်မင်ချင်နေတယ် ဆိုတော့လဲ … နည်းနည်းတော့ အံ့သြစရာကြီး ဖြစ်နေတာတော့ အမှန်ပဲကွ … ဒါပေမဲ့ … ဘာတတ်နိုင်မှာလဲ … မင်းနဲ့ တိုးတိုးချင်း … မင်းလေးက အရမ်းကို ဖြူစင်နေတာကိုး … ကိုယ် … အဲဒါလေးကို တန်ဖိုးတရရထားပြီးတော့ … မမေ့နိုင်ဘဲ ဖြစ်နေတာ …"

www.burmeseclassic.com

www.burmeseclassic.com

ဟု ကိုကိုကြီး ပြောပါ၏။ မွေးထုံ ခေါင်းလေးငုံ့ချထားသည်။ ရင်ခွင်ထဲမှ ဆိတ်ဖြူလေးကို လွှတ်ပေးလိုက်သည်မို့ ခေါင်းလေးနှင့် လက်မောင်းကို ဇေ့ဇေ့ချွဲချွဲလေး လုပ်ပြီးမှ အမေဆိတ်မကြီးထံသို့ တပဲပဲ အော်ရင်း ပြေးသွားတာကို မွေးထုံငေးကြည့်ကျန်ခဲ့သည်။

"ကိုယ်လဲ ရှစ်တန်းကျောင်းသားဘဝမှာ .. အမေမဲ့ခဲ့ရတာပါပဲ .. မေမေ ဆုံးတော့ .. ကိုယ် .. ရင်ထဲဟာပြီး ရင်ကွဲအောင် ခံစားရင်း ကျန်ခဲ့ရတာ .. ဖေဖေကလဲ .. စီးပွားတစ်ဖက်နဲ့ဆိုတော့ အလုပ်တွေနဲ့ ပိနေတာ များတယ်လေ .. ခု .. မွေးထုံကမှ .. တစ်နေ့ ဘာမြင်ခဲ့တယ် .. တိုးခဲ့တယ်ဆိုတာလေးတွေကို ဘဘကြီးကို နေ့တိုင်း ပြောပြနိုင်ခွင့်လေး ရှိနေသေးတယ် .. ကိုယ်ကမှ .. ဇစ်လနေလို့ ဆယ်ရက်လောက်တွေတွေ ထမင်းလက်ဆုံ မစားဖြစ်နိုင်တဲ့ရက်တွေ အများကြီး ကြုံခဲ့ရတာ .. ဖေဖေက အရုံး ကိုအလုပ်ကြိုးစားတာလေ .. အဲဒါကို .. ကိုယ်နားလည်ပေးရတာပေါ့ .. ဖေဖေ့ အပေါ်မှာ ကိုယ် အပြစ်မတင်ခဲ့ပါဘူး .. ဖေဖေ အလကား နေနေတာမှ မဟုတ်ဘဲ .. အလုပ်လုပ်နေတာလေ .. အဲဒါကို .. ကိုယ်နဲ့တွေ့တွေ့ စကားတွေ အချိန်ကုန်အောင် ထိုင်ပြောမနေနိုင်တာ .. ထမင်းလက်ဆုံ မစားဖြစ်နိုင်တာတွေကို ပြဿနာလုပ်နေရင် .. ဖေဖေ .. စိတ်ဆင်းရဲတာ ပိုပြီးအဖတ်တင်မှာပေါ့ .. ဒါပေမဲ့ .. နားလည်ပေးတာက နားလည်ပေးတာပဲလေ .. အထီးကျန်တာက .. အထီးကျန်တာပဲ .. တစ်ခါ တစ်ခါ .. နေ့လယ်စာကို



တစ်ယောက်တည်း စားနေရင်းနဲ့ .. ဖေဖေနဲ့အတူ ထမင်းစားချင်တဲ့စိတ် .. ဖေဖေ ထည့်ပေးလာမယ့် အသားဖတ်လေး တစ်ခုကို .. ကြည်ကြည်နူးနူးနဲ့ စားနေလိုက်ချင်တဲ့စိတ်တွေ .. ရင်ထဲမှာ ကျုပ်ခဲနေလောက်အောင်ကို ကြေကြေကွဲကွဲ ခံစားရင်း .. မွတ်မွတ်သိပ်သိပ် တောင့်တရဖူးတာပေါ့ .."

ဟု ပြောပြနေတော့ ကိုကိုကြီးကို ခပ်ငေးငေးကြည့်ရင်း မွေးထုံ မျက်ရည်လိုက်လည်လာသည်။ ရင်ထဲမှာ ကိုကိုကြီးကို သနားလာမိရသည်ပါပဲ ..။ ဟုတ်သည် ..။ မွေးထုံသည်လည်း ငယ်စဉ်ကတည်းက မိဘနှစ်ပါး ဆုံးပါးခဲ့ရတာမို့ ..။ ဘဘကြီးလက်ထဲမှာပဲ ကြီးခဲ့ရကာ ..။ မေမေခွံ့ကျွေးသည့် ထမင်းလုတ်လေးတွေကို တမ်းတစွာ လွမ်းဆွတ်ရင်း မျက်ရည်ကျဖူးခဲ့ရသည် မဟုတ်ပါလား ..။

ရှိုက်သံလေးတွေ ပွင့်ကျလာသည်မို့ ကိုကိုကြီး မျက်နှာအပျက်ပျက်ဖြင့် ဘေးမှာ လာထိုင်ကာ ထိထိခိုက်ခိုက်ကြီး လည်းကြည့် ..။

"ဟင် .. ဘာလို့ ငိုရတာလဲ ကလေးမရယ် .."

ဟု ပြောပြမိလေသမျှ နောင်တရနေသည့်နှယ် မျက်နှာပျက်ကျနေလျက် မေးလာတော့မှ မျက်ရည်ကို လက်ဖမိုးလေးဖြင့် ပွတ်သုတ်မိ ..။ မျက်ရည်တွေ ဝိုင်းစုတက်လာနေဆဲ မျက်ဝန်းလေးတွေဖြင့်လည်း မော့ကြည့်မိရရင်းမှ ..

"ကိုကိုကြီးကို သနားလို့ပေါ့ .. မွေးထုံလဲ ... မွေးထုံလဲ အဲလိုပဲ .. ခံစားရတာ သိလား .. တူတူပါပဲ ကိုကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ရယ် .. 'မွေးထုံ ခုနစ်နှစ်သမီးမှာ မေမေဆုံးတာ .. ဖေဖေက .. နောက်တစ်နှစ်မှာပဲ .. ဆုံးတယ် .. ဘဘကြီးကပြောတယ် .. အဲဒါ .. မေမေ့ကိုလွမ်းလို့ ဆုံးတာတဲ့ .. ဖေဖေ မေမေ့ကို အရမ်းချစ်တာတဲ့ .. ဖေဖေက အမြဲပြောတယ်တဲ့ .. ဘဘကြီးကိုလေ .. မေမေ မရှိတော့ .. မနေတတ်ဘဲ ဖြစ်နေတယ်တဲ့ .. အဲလို ပြောတယ်တဲ့ သိလား .. သိပ်လွမ်းရင် .. အဲသလိုပဲ .. နလုံးထိတာပဲတဲ့လေ .. ဘဘကြီးကတော့ .. အဲလို .. အမြဲပြောပြတာပဲ .."

ဟု ကလေးလို မျက်ရည်လေး ကျနေသမျှကို သုတ်ပြီးရင်း သုတ်ရင်းဖြင့် ရှိနေရရင်း ရှိုက်သံလေးဖြင့် ပြောပြောပြနေတော့ ကိုကိုကြီး ငိုင်နေသည်။ မွေးထုံ၏ မျက်နှာလေးကို ထိထိခိုက်ခိုက်ကြီး ငေးကြည့်နေပါ၏။ ကိုကိုကြီး၏ မျက်ဝန်းများမှာ နူးညံ့သော ကြင်နာမှုများ၏ အရိပ်တွေက ဖေးသက်ခိုဝင်နေကြချေသည်တကား ..။

မျက်ရည်တွေ တလိမ့်လိမ့် ပြိုကျနေလေသမျှ မွေးထုံလည်း ကိုယ့်ဘာသာ သုတ်နေသည်ပါပဲ ..။ ဒါပေမဲ့ .. မျက်ရည်က မတန့်နိုင်ဘဲ ဖြစ်နေသည်။ မေမေ ခွဲ့ကျွေးသည့် ထမင်းလေးတစ်လုတ် ..။ ဖေဖေ ရယ်မောရင်း မွှေ့ချီကုန်းပိုးတတ်သည့် ဘဝလေးတစ်ခုကို .. မွေးထုံ .. အရမ်းပြန်လိုချင်သည်။ ဟုတ်သည် ..။ အရမ်းကို ပြန်လိုချင်နေသည် ..။ ဒါပေမဲ့ .. ထိုအဖြစ်သည် ဘယ်သောအခါမှ ဖြစ်တည်လာနိုင်တော့မှာ မဟုတ်တာကိုလည်း သိနေရလျက် ..။ ထိုသိနေခြင်းကြောင့်ပင်လျှင် ရင်သည် ပြုန်းပြုန်းကျေမျှ .. ကြေကွဲခံစားရသည် မဟုတ်ပါလား ..။



ကိုကိုကြီး၏ လက်တွေက မွေးထုံ၏ မျက်ရည်တွေကို သုတ်ပေးတော့မည့်နယ် ရှေ့သို့ ဝေ့ခနဲ ရောက်လာလျက်ရှိရာမှ .. မိန်းကလေးတစ်ယောက်ကို မျက်ရည်သုတ်ပေးရမှာကျတော့လည်း မသင့်ပြန်သည်မို့ ..။ အရှိန်ကို ပြန်တန့်ကာ ဆံစလေးတွေကို သပ်ပေးလာပါ၏။

"စိတ်ကိုလျှော့လိုက် .. လျှော့လိုက်နော် မွေးထုံ .. ကိုယ် .. ဒီကိုလာလိုက်မိတာ ကလေးကို သက်သက်စိတ်ဆင်းရဲအောင် လာလုပ်သလိုကြီး ဖြစ်နေပြီကွာ .. ကိုယ်တွေ့ချင်လွန်းလို့ လာလိုက်မိတာပါ မွေးထုံရယ် .. ခုတော့ .. မျက်ရည်ကျအောင် တကူးတကကြီး လာလုပ်သလို ဖြစ်နေပြီ"

ဟု ပြောကာ ရုတ်ခြည်း ထရပ်သည်။ မျက်နှာကထိန်းမရအောင် ပျက်နေ၏။ အရမ်းကို စိတ်ထဲထိထိခိုက်ခိုက်ခံစားနေရတာကလည်း မျက်နှာထက်မှာ ပေါ်နေသည်။ နှုတ်ခမ်းကို အပေါ်သွားဖြင့် တစ်ချက်ဖေးကိုက်လိုက်ပြီး ကျွတ်ခနဲ စုတ်သပ်၍ ခေါင်းခါနေသည်ကလည်း .. အရမ်းကို နောင်တဖြစ်နေသည့် အသွင်ဖြင့်ပါ ..။

"ကိုယ်က .. ကိုယ်ခံစားရတာတွေကို ပြောပြလိုက်မိတယ် .. ရည်ရွယ်တာက .. ဘဝဆိုတာ .. ဒီလိုပဲ ဖြတ်သန်းရတဲ့အခါတွေ ကြုံလာကြရတတ်တယ် ဆိုတာကို သိစေချင်လို့ပါ .. ဒါပေမဲ့ .. မွေးထုံလေးက ကလေးပဲ .. ငယ်သေးတော့ .. အဲသလို ဖြတ်သန်းရပါလား ဆိုတာကို တွေးမိဖို့ထက် .. ရင်ထဲ ကြေကွဲရတာကို .. ပိုခံစားရအောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေခဲ့သလိုကြီး လုပ်လိုက်တာမျိုး ဖြစ်နေတယ် .. ကိုယ် .. မှားသွားတယ် မွှေးထုံရယ် .. ကိုယ် .. စိတ်ထဲ မကောင်းလိုက်တာ .. ကဲ .. စိတ်ကိုလျှော့လိုက်နော် ..”

ဟု တိုးဖွဖွဖြင့် ပြောလာပါ၏။

“ပြန်တော့မလို့လားဟင် ..”

ချာခနဲ လှည့်ထွက်သွားတာမို့ လွှတ်ခနဲ မွှေးထုံ မေးလိုက်တော့ ကိုကိုကြီး ပြန်လှည့်ကြည့်လာပါ၏။ နောက် .. ခေါင်းယမ်းကာ စောစောကထိုင်သည့် ခပ်လှမ်းလှမ်း နေရာမှာ ပြန်သွားထိုင်ပြန်သည်။ ခေါင်းယမ်းလျက် မွှေးထုံကိုကြည့်ကာ ..

“အဲဒါ ပြောတာပေါ့ မွှေးထုံ .. မင်းလေးကို ခုလို အရမ်း စိတ်ထိခိုက်နေမှန်း သိရက်ကြီးနဲ့ .. တစ်ယောက်တည်း ထားခဲ့ပြန်ရင်လဲ .. ဝမ်းနည်းရှိန်နဲ့ တစ်ယောက်တည်း လွှတ်လွှတ်လပ်လပ် လိုမ့်ငိုနေမှာ .. ကိုယ်စိုးရိမ်လာပြန် တာမို့ .. မပြန်ရက်ဘူး .. မပြန်ဘဲ နေရမှာကျတော့လဲ .. ကိုယ်က .. မွှေးထုံကို မျက်ရည်ကျအောင် အလိုက်ကမ်း တရားမသိ လာလုပ်သလိုကြီး ဖြစ်ခဲ့ရတာမို့ .. မျက်နှာ ပူရ .. အနေခက်ရ .. နောင်တဖြစ်ရ .. ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲအပြစ်တင်ရနဲ့ ဖြစ်နေပြီး .. ဆက်မနေရဲအောင် ဖြစ်နေရပြန်ရော .. ကဲ .. ဘယ့်နှယ်လုပ်မလဲ ..”

ဟု ထားလည်း မထားခဲ့ရက် ..။ နေရမှာလည်း စိတ်ထဲ မကောင်းနိုင်ဘဲ ဖြစ်နေရသမျှ ဖွင့်ပြောပြသည်က ခပ် ညည်းညည်းလေးဖြင့်ပါ ..။ မွှေးထုံ ကိုကိုကြီးကို ငေးကြည့်နေရာ မှ ပြန်၍အားနာလာမိရပြန်ပါ၏။ ကိုကိုကြီးက တကူးတကလာ



သည့်ဥစ္စာ ..။ မွှေးထုံက .. ငိုနေသည်ဆိုတော့ ဆေးကာအံနေကျပ် သည်ပေါ့ ..။

မျက်ရည်ကို သုတ်လိုက်ကာ မွှေးထုံ မော့ကြည့်၍ ..

“ဆောရီးနော် ကိုကိုကြီး ..”

ဟု ခပ်တိုးတိုးလေး မရဲတရဲ တောင်းပန်တော့ ကိုကိုကြီးမှ ပို၍မျက်နှာမကောင်းပဲ ဖြစ်လာရလျက် ..

“ဟာ .. မဟုတ်တာ .. ကိုယ့်ကို ဘာလို့ မွှေးထုံလေးက တောင်းပန်ရမှာလဲ .. ကိုယ်က တောင်းပန်ရမှာ ..”

ဟု အရေးတကြီး ပြောနေပြန်ပါ၏။

မွှေးထုံ ပြန်၍ သတိရမိသည်က လှေကားထစ်လေး မှာ ထိုင်ခဲ့စဉ်က အဖြစ်လေးကိုပါ ..။ မွှေးထုံ ဧည့်ခန်းမှာ မထိုင် ဘဲ လှေကားထစ်လေးမှာ ထိုင်ခြင်းသည် .. ကိုကိုကြီးအတွက် အရမ်းကို စိတ်မကောင်း ဖြစ်စရာကြီး တစ်ခုနှယ်ဖြင့် ရေးကြီးခွင် ကျယ်ကိစ္စကြီးအဖြစ် ရှိခဲ့ဖူးလျက် ..။

ခုလည်း .. တောင်းပန်ရမည့် ကိစ္စသည် .. ကိုကို ကြီးကသာလျှင် ဖြစ်ရမည်ဆိုသည့် အဖြစ်တစ်ခုသည် ကိုကိုကြီး အတွက် အရမ်းကို ရေးကြီးခွင်ကျယ် ထားစရာ ဖြစ်လာနေပြန် ပါ၏။

မွှေးထုံ .. ဝန်ခံမိရပါပြီ ..။

ကိုကိုကြီးကို .. မွှေးထုံ .. တကယ့်ကို .. ခင်မင် နှစ်လိုမိရပြီဟု ..။ ဟုတ်သည် ..။ နှစ်လိုချစ်ကြင်စွာ .. ခင်မင် မိရခြင်းသည် .. ရင်မှာ .. အခြေတကျကြီး ဖြစ်တည်သွားရပါ ချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



"မွေးထုံမှာ ဆိတ်နို့ပုလင်းလေး ပါလာတယ် ကိုကိုကြီး .. သောက်မလားဟင် .. ကျိုထားပြီးသား ဆိတ်နို့ပုလင်း တစ်ပုလင်း ပါလာတယ် .. နေ့လယ်ဘက်ကျရင် .. မွေးထုံ သောက်နေကျ .."

ဟု မေးလာသည်က စကားလမ်းကြောင်းကို ရုတ်ခြည်း ပြောင်းလိုက်နိုင်ဖို့ ကြိုးစားခြင်းပါ ..။ ဒါကို .. ကိုကိုကြီးကလည်း သိပုံရပါ၏။

ကိုကိုကြီး၏ မျက်ဝန်းတွေ အတန်အသင့် ရီဝေမေးမှိန်ရိပ်တွေ လျော့ပါး၍ ပြုလာသည်။ ကိုကိုကြီးကို မပြန်စေချင်သည့် သဘောလေးလည်း ပါသွားသည် မဟုတ်ပါလား ..။

"တူတူသောက်မှာလား .."

"ကိုကိုကြီး သောက်ရင် .. မွေးထုံလဲ သောက်မယ်လေ .. ရင်ထဲ မောတော့ ဆိတ်နို့လေး သောက်လိုက်တာပေါ့ နော်"

ဟု မွေးထုံ ပြောလည်းပြော ..။ တူတူသောက်မှာလားဟု မေးကတည်းက .. ဆိတ်နို့ကို သောက်မည်ဟု ဖြေသည်ပဲမို့ .. မွေးထုံ ကိုကိုကြီး အတွက် ဖန်ခွက်လေးထဲ နို့ပုလင်းလေး ယူ၍ နို့တွေလောင်းထည့် ..။ ကျန်သည့်နို့ကိုကျတော့ ပုလင်းလိုက်လေးပဲ မွေးထုံ မော့သောက်ဖို့ ယူလာရပါ၏။ ဖန်ခွက်က တစ်ခွက်တည်း ပါသည်ကိုး ..။

"ရော့ .. ကိုကိုကြီး အရင်သောက် .. မွေးထုံက ဒါကို သောက်မယ် .."



ဟု ပြောကာ ဖန်ခွက်လေးကို ကမ်းပေးတော့ ကိုကိုကြီး မငြင်း ..။ ယူသောက်ပါ၏။ မွေးထုံကလည်း ပုလင်းလိုက်မော့၍မော့၍ သောက်ပါ၏။

"ထမင်းရော ကျွေးမှာလား .."

နို့ဖန်ခွက်လေး ပြန်ကမ်းပေးကာ ကိုကိုကြီး မေးတော့ မွေးထုံ ရယ်သည်။

"ကိုကိုကြီးက .. စားနိုင်လို့လား .. ဟင်းက တစ်မျိုးတည်းရယ် .. ငါးသလဲထိုးလေးတွေ ကြော်ထားတာ တစ်ခုပဲ ရှိတာ .."

ဟု မေးတော့ ကိုကိုကြီး ထပ်၍ ရယ်ပါ၏။ ခုလိုကျတော့လည်း အရာရာသည် .. ပေါ့ပါးစွာ ဖြတ်သန်းရသည်သို့ ရှိချေသည်ကော .. ဟု .. မွေးထုံ တွေးမိရပြန်သည်။

အရမ်းကို ဟန်မဆောင်တတ်စွာ .. နေတတ်သော၊ ခင်မင်နှစ်လိုအောင် တစ်ဖက်သားအပေါ်မှာ စာနာနားလည်ပေးတတ်သော ကိုကိုကြီးကို .. မွေးထုံ ခင်မင်နေမိသည်ဆိုသည့် အဖြစ်တစ်ခုကိုတော့ .. ဘဘကြီးကို .. ခါတိုင်းနေ့များလို .. အရာရာ ပြန်ပြောပြသည့်နှယ် .. ပြန်ပြောပြနိုင်ချေတော့မှာ မဟုတ်တာကို .. မိမိဘာသာလည်း သိနေသည်။ ဘဘကြီးက .. ကိုကိုကြီးကို မွေးထုံ ခင်မင်သွားမှာမျိုးကို လက်ခံပေးလိမ့်မှာ မဟုတ် ..။ ဘဘကြီးတို့က ဆင်းရဲတယ် .. ဆိုသည့် စကားကို ပြောမှာ သေချာသည်လေ ..။

ထိုနေ့က .. ထမင်းက .. ချိုင့်လေး တစ်ချိုင့်တည်း ရှိတာမို့ ..။ မွေးထုံက ချိုင့်ပုံးလေးထဲ ထမင်းထည့်၍ ..။ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



ကြီးက .. ထမင်းချိုင့်အောက်ဆင့်လေးမှ ထမင်းအိအိလေးနှင့် ငါးသလဲထိုးကြော်လေးကို မြိန်မြိန်ရှက်ရှက် စားခဲ့ပါ၏။

စားကောင်းဟန်ပြ၍ စားမိန်ဟန်ပြုတာမျိုး မဟုတ်။ တကယ့်ကို ပျော်ရွှင်ကြည်မွေ့စွာ စားခြင်း ..။

"ဟော .. ကိုကိုကြီး ဒီကိုလာတာက .. ဖိတ်စာလာပို့တာဗျ .. ဘဘကြီးဆီကိုလဲ ရောက်ခဲ့ပြီးပြီ .. မနက်ဖြန် ကိုယ့်မွေးနေ့လေ .. မင်းကျွေးတဲ့ ထမင်း .. မင်းလေးတိုက်တဲ့ ဆိတ်နို့ .. အားလုံး ကိုယ်စားသောက်ခဲ့ပါရက်ကယ်နဲ့ .. ကိုယ့်မွေးနေ့ပွဲကို မလာရင် .. မစားရင် .. ကိုယ်စိတ်ကောင်းမှာ မဟုတ်ဘူး မိန်းကလေးရဲ့ .. လက်ဆောင်ယူမလာရဘူးနော် .. ဒီမယ် .. မွေးထုံ ဆိုတဲ့ သူငယ်မ .. မနက်ဖြန် .. ရောက်မလာရင် .. မွေးနေ့ကိတ်ကို .. ကိုကိုကြီး မလှီးဘဲ စောင့်နေမယ်ဆိုတာ မယုံမရှိနဲ့ .. မလုပ်ဘူးလို့လဲ မထင်နဲ့ .. အဲဒါ ပြောထားပါရဲ့ .."

ဟု ကိုကိုကြီး ပြောခိုက် မွေးထုံ မျက်နှာလေး ငယ်ကျသွားရပါပြီ ..။ စားသောက်ပြီးပြီမို့ ချိုင့်လေးတွေ သိမ်းရင်း မွေးထုံ ငိုင်နေသည်။ ဒါကြောင့် .. ဘာကျွေးကျွေး .. ကိုကိုကြီး မငြင်းစတမ်း စားနေခဲ့သည်လား မသိဟု .. ခုကျမှ .. လန့်တွေးလေး တွေးမိရသည်က မွေးထုံပါ ..။ ကိုကိုကြီး ကျွေးတာကိုကျတော့ မစားဘဲနေ၍ မကောင်းတော့ပြီ ..။ ဒါပေမဲ့ .. ခက်သည်က .. ဘဘကြီးက ခွင့်ပြုပါ့မည်လား မသိ ..။

ဘဘကြီးက ခေါင်းခါလိုက်လျှင် .. မွေးထုံ ခြေတစ်လှမ်းမျှပင် အိမ်အဆင်း လှေကားထစ်လေးပေါ် ချရဲတာ



မဟုတ် ..။ ဘဘကြီး စကားကို ချစ်ကြောက်ရိုသေစွာ နာခံသည်က မွေးထုံ၏ ငယ်ကျင့်လေး တစ်ခုပါ ..။

"ဘဘကြီးကို ပြောပါလား ကိုကိုကြီးရယ် .."

ဟု မဝံ့မရဲလေး မွေးထုံ ပြောခိုက် ..

"ဖိတ်စာကို .. ပေးခဲ့ပြီးပါပြီ မွေးထုံ .. ဖေဖေ ကိုယ်တိုင်ပေးတာ .. ဒီအရပ်ဒေသမှာ .. ဂိုလ်ဒင်းဝေါလ်စက်ရုံကို တည်ဖြစ်တာဟာ .. မွေးထုံရဲ့ ဘဘကြီးက .. အားလုံး ဒေသခံအဖြစ် .. လိုက်လိုက်ကူညီဆောင်ရွက်ပေးလို့ဆိုတာ ဖေဖေက သိလဲသိ .. အရမ်းလဲ ကျေးဇူးတင်နေတာ .. ငယ်တုန်းကတော့ ဖေဖေက ဒီဇာတိဆိုပေမယ့် .. နောက်ပိုင်းကျတော့ .. ရန်ကုန်မှာပဲ အခြေချနေခဲ့တာမို့ .. ဒီနေရာနဲ့ အဆက်အသွယ် ပြတ်တောက်သွားတာက .. ဖေဖေ အိမ်ထောင်ကျခဲ့စဉ်ကတည်းက မဟုတ်လား .. ပြီးတော့ .. ဖေဖေ အိမ်ထောင်ကျပြီး တစ်နှစ်ကျော်လောက်မှာပဲ ဖေဖေ့မိဘများဖြစ်တဲ့ .. ဘိုးဘိုးနဲ့ ဘွားဘွားလည်း ရှေ့ဆင့် နောက်ဆင့် ဆုံးခဲ့တာမို့ .. ဒီနေရာနဲ့ ဖေဖေ့ ပိုအဆက်ပြတ်သွားရတော့တာ .."

ဟု ကိုကိုကြီး ပြောလာပါ၏။

"ဘဘကြီးနဲ့အတူ .. မွေးထုံလေးကိုလဲ ခေါ်ခဲ့ဖို့ .. ကိုယ်ပြောတော့ .. ဖေဖေက ခေါင်းညိတ်ပြီး .. ခေါ်ခဲ့ ကိုရွှေမြသိန်းကြီးရဲ့ .. ကလေးက .. ကျုပ်ကို .. အမြဲ နို့လာပို့ပေးနေကျ ကလေး .. သူ့လဲ ခေါ်ခဲ့ရမှ ဖြစ်မှာ .. လို့ ဖေဖေ ထပ်ပြောခဲ့သေးတယ် ခင်ဗျ .. ဘဘကြီးက ..

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြပါတယ် .. လက်ခံပါတယ် ဒေါ်မွှေးထုံ ဆိုတဲ့ သူငယ်မလေးရဲ့ ..”

ဟု ကိုကိုကြီး ကြည်နူးပေါ့ပါးစွာ ပြောလည်းပြော..

“ထပ်ပြောပါရဲ့ သွန်းမွှေးထုံ .. လက်ဆောင်ယူမလာနဲ့.. မွှေးထုံလာဖို့ အရေးကြီးတာ .. မွှေးထုံ မလာဘဲနဲ့တော့.. မွှေးနေ့ကိတ်ကို .. ကိုကိုကြီး မလိုးဘူးဆိုတာ အသေအချာ သတိပေးထားခဲ့ပါရဲ့နော် .. မနက်ဖြန် .. မင်းလေး လာကို လာရမယ် .. လာမှလဲဖြစ်မယ် .. မေမေ့ဆီက မွှေးနေ့လက်ဆောင်ကို .. ကိုကိုကြီး မနက်ဖြန်မှာ တောင်းဖို့လဲ ရှိတယ် .. အလွန် .. တန်ဖိုးကြီးတဲ့ လက်ဆောင် .. ကိုကြီးဘဝမှာ.. အရမ်းကို အရေးပါမယ့် လက်ဆောင်တစ်ခုပဲ မွှေးထုံ ..”

ဟု ကိုကိုကြီး ပြောကာ .. မွှေးထုံထံမှ အဖြေတစ်ခုကို စောင့်ဆိုင်း နားထောင်နေတာမျိုး မလုပ်တော့ဘဲ ..။ မွှေးထုံဘာမျှမဖြေလိုက်နိုင်ခင်မှာပင် .. ရုတ်တရက် .. ခြေလှမ်းကျဲကြီးနှင့် ထွက်သွားကာ ..။ ခပ်ဝေးဝေးရောက်မှ ခြေစုံရပ်၍ ပြန်လှည့်ကာ .. လက်ကို ဝှေ့ယမ်း၍ ပြပြီးမှ ..။ ပြန်၍ .. ပေါ့ပါးစွာ လှငယ်လေးပမာ ပြေးသွားလေသမျှကို .. ငြိမ်သက်စွာ ငေးကြည့်ရင်း ကျန်ခဲ့ရသည်က သွန်းမွှေးထုံပါ ..။

မွှေးထုံ၏ ရင်လေးတွေ .. ဘာကြောင့် .. ကြည်မွေ့စွာ ငြိမ်းအေးစွာ .. လှုပ်ခတ်လှုပ်ရှားနေရပါသတဲ့လဲ ..။

ဪ .. ဘာကြောင့်များ .. ဤခံစားမှုကို .. မြတ်နိုးစွာ .. ရှင်သန်စွာ .. ရင်မှာ မြဲတည်နေစေချင်ရပါသတဲ့လဲ ကိုကိုကြီးရယ် ..။

www.burmeseclassic.com



လေနုအေးနှင့်အတူ .. တောပန်းတို့၏ ရနံ့တို့က .. ဝေ့ဝေ့သိပ်သိပ်မျှ .. သွန်းမွှေးထုံ ထံပါးသို့ .. မွှေးမွှေးထုံထုံ .. မွှေးမွှေးမြမြ .. တိုးဝင်ဖြတ်တိုက်သွားကြပါချေ၏။ ထို့နှယ်ပင် .. မွှေးထုံ၏ နှလုံးသားနုနုစင်စင်လေးကို ဖြတ်သန်းတိုက်ခတ်သွားပါလေသော အေးချမ်းခြင်းကို သယ်ဆောင်လျက် .. စိတ်လှုပ်ရှားခြင်းကိုလည်း ဖြစ်တည်စေပါသော နွေးထွေးသည့် လေငွေ့တစ်ခုသည် .. ကိုကိုကြီး၏ နှုတ်ဖျားဆီမှ .. ပွင့်ကျခဲ့ဖူးပြီ ..။

“မွှေးထုံ မလာဘဲနဲ့တော့ .. မွှေးနေ့ကိတ်ကို .. ကိုကိုကြီး မလိုးဘူး ..”

ဆိုသည့် .. စကား ..။

တစ်ဖွတ်ထိုးနိုင်သော စကားလည်း ဖြစ်လျက် ..။

မွှေးထုံ သည်သာ .. အရေးကြီးဆုံးပါ .. ဆိုသည့် အသိပေးစကားကို ဆိုသည့် .. စကားလည်း ဖြစ်ချေသည်မို့ ..။

ထိုစကားတစ်ခွန်းသည် .. မွှေးထုံ၏ ရင်တွင်းဆီမှ .. နှလုံးအိမ် နုနုလေးသို့တိုင်အောင် ဖြတ်သန်းတိုးဝင်ခဲ့ရချေသည်ကော ကိုကိုရယ် ..။

ဪ .. တည်မြဲစွဲရပါလေသည်ကော ကိုကိုကြီးရယ် .. ..။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

မှန်ရှေ့မှာ ရပ်နေမိရရင်းမှ သွန်းမွှေးထုံ တစ်ချက် အနေခက်သလိုလေးလည်း ရှိနေရ ..။ ရှိုးမိုးလေး ထုတ်ထားသလို ကြီး ဖြစ်နေရတာမို့လည်း ဘဘကြီးရှေ့မှာ သွားမရပ်ရဲဘဲ ဖြစ်နေရနှင့်ပါ ..။ ဟုတ်တော့လည်း ဟုတ်နေသည်လေ ..။ နှင်းဆီပန်းဖြူဖြူလေးကို ဆံကျစ်ရှည်လေးနှစ်ဖက် ကျစ်ချထားရာ၏ အရင်းဘက်ဆီမှာ ဖွေးဆွတ်ဆွတ်လေး ပန်ထားမိတာ ..။ ပိုးရင်စေ့ အင်္ကျီလက်ရှည် ဝါဝါလေးနှင့် ချိတ်ထဘီဝါဝါလေးကို ရွေးချယ်၍ ဝတ်ထားမိတာ ..။ ဒါတွေကိုလည်း ဘဘကြီး သတိမထားဘဲနေမှာမဟုတ် ..။

ဘာ့ကြောင့်ဆို .. မွှေးထုံ၏ အဝတ်အစားထဲမှာ ဤပိုးအင်္ကျီလေးနှင့် ချိတ်ထဘီလေးက အကောင်းဆုံး အဝတ်အစားနေရာမှာ ရှိနေသည်ကိုးလေ ..။ ကိုကြီး၏ မွေးနေ့ပွဲကို တက်ရောက်ရမည့်ကိစ္စ ..။ မွှေးထုံသည် အရမ်းကို လှပသော မွှေးထုံ အဖြစ် ရှိနေချင်ရသလိုကြီး ဖြစ်ဖြစ်နေရလေသမျှ ဘဘကြီး ရိပ်မိသွားနိုင်ချေမည်သာ ..။



မျက်နှာမှာ သနပ်ခါးလေး မှုန်ဝင်းအိနေအောင် လူးထားလျက် ..။ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးလေးကိုပင် စိတ်လိုလက်ရလေး ဆိုးထားသည့်အဖြစ်။ မှန်ထဲမှာ ထင်နေသည့် ပုံလေးကိုပင် မွှေးထုံ တစ်ချက် ငေးငေးလေး ကြည့်မိရပါ၏။

အမြဲတမ်း အိမ်အလုပ်တွေနှင့် လုံးချာလည်နေရဘတ်လျက် ..။ ဆိတ်ကျောင်းရသည့် အလုပ်ကလည်း တစ်နေ့တာမှာ စားကျက်ကွင်းနေရာမှာပဲ ကုန်ဆုံးကြာမြင့်တတ်ရသည်မို့ .. သွန်းမွှေးထုံ ဆိုတာ ရှိုးမိုးလေးနှင့် နေရတာ မရှိလှ ..။ ခုလို သနပ်ခါးလေး မှုန်အိနေအောင်လူး ..။ သနပ်ခါးမှုန့်လေး အပေါ်က တို့ပတ်လေးနှင့် မှုန်နေဝင်းနေအောင် ထပ်၍တို့ ..။ အလှလေး တပြင်ပြင်နှင့် ရှိနေသည့် ကိုယ့်မျက်နှာလေးကို ကိုယ်ကြည့်ရင်း .. ကိုယ့်ဘာသာကိုယ် ထူးဆန်းနေသလိုလေးပင် ခံပဖြစ်ချင်ချင်ပါ။

"သွားကြစို့ လုံမလေးရေ .."

ဘဘကြီး ညှေ့ခန်းဆီမှ လှမ်းအသံပြုတာမို့ ခုတင်လေးထက်မှာ တစ်ယောက်တည်း ခြေလေးတွဲလွဲချ သွားထိုင်ရင်း အပြင်ထွက်ဖို့ ရှက်ကိုးရှက်ကန်း ဖြစ်ချင်နေရ .. စိတ်ထဲ မဝံ့ရဲချင်ရနှင့် ဖြစ်နေရလေသမျှ .. မျက်နှာလေး အထားရခက်ခက်နှင့်ပင် သွန်းမွှေးထုံ ညှေ့ခန်းဆီသို့ ထွက်ခဲ့ရပါပြီ ..။

ဘဘကြီးက တိုက်ပုံဖြူ ချည်ချောပုဆိုး အညိုရောင် ကွက်ကျဲကြီးနှင့် ခေါင်းကို သေသေသပ်သပ် ဆီတွေ ဘာတွေ အကျအနလူးကာ ဖြီးထားလျက် အသင့်ရှိနေပြီ ..။ ဆက်တီထိုင်ခုံထက်မှာ ထိုင်လျက်ရှိနေရာမှ ဘဘကြီး သွန်းမွှေးထုံကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၏။ ရှေ့မှာရှိနေပါသည့် ကွမ်းအစ်ကြီးကိုဖွင့်၍ ကွမ်းယာ တစ်ယာ ယာပြီး ..

"အဝတ်အစား ပြန်လဲလိုက်ဦး လုံမ .. ဒီလောက်လှတဲ့ အဝတ်ကို မဝတ်သင့်ဘူးကွယ့် .. ဘဘကြီးတို့က ဆင်းရဲ တယ် .. ဆင်းရဲသားဟာ သူဌေးလို မဝတ်ရဘူး လုံမ .. အထူးသဖြင့် လူချမ်းသာတို့ရဲ့ပွဲကို သွားရင် .. ပိုမဝတ် သင့်ဘူး .. လူချမ်းသာတွေရှေ့မှာ .. ကိုယ့်ဘဝအခြေအနေ မှန်အတိုင်း ဝတ်စားသွားခြင်းဟာ သိက္ခာပိုရှိတယ် .. ပို တင့်တယ်တယ် .. ပိုပြီးတော့လဲ မှန်ကန်တယ် မွှေးထုံ .. အခု မွှေးထုံ ဝတ်ထားစားထားတာဟာ .. သစ်သစ်လွင် လွင်လေး ဖြစ်နေတယ် .. လှလဲလှနေတယ် .. ဒါပေမဲ့ တခြားပွဲလမ်းသဘင် တစ်ခုခုကို သွားတာ ဆိုရင်တော့ ဒီလိုဝတ်သွားလဲ ဘာမှ တားမြစ်စရာ မဟုတ်ပေဘူးလေ.. ခုက .. လူငယ်လေးတစ်ယောက်ရဲ့ မွေးနေ့ပွဲကို သွားရ မှာ .. သူတို့ကြားမှာ ကိုယ်က မှေးမှိန်နေလေ .. ပိုကောင်း လေပါပဲ.. ကိုထင်နိုင်ရဲ့သား မွေးနေ့ပေမို့ ဘဘကြီး မငြင်းသင့်လို့ သွားရတာ .. အမှန်အတိုင်း ပြောရရင် .. လူချမ်းသာရဲ့ ခုလိုမွေးနေ့ပွဲတွေ ဘာတွေကို .. ဘဘကြီး မသွားချင်ဘူး .. အထူးသဖြင့် အပျိုအရွယ် မွှေးထုံရဲ့ ဘဘကြီးအဖြစ် သွားကို မသွားသင့်ပေဘူး .. မွှေးထုံ ဆိုတာကတော့ .. ပိုမသွားသင့်တာပေါ့ .. ဒါပေမဲ့ .. ခက် တာက .. ကိုထင်ခိုင်ရဲ့သား ဖြစ်နေတာရယ် .. သူတို့က တကန်တက လာဖိတ်တာရယ်မို့ သွားရတာ .. ဘဘကြီး



ကလဲ သူ့တို့ရဲ့စက်ရုံမှာ အလုပ်ကြပ်အဖြစ် လစာကောင်း ကောင်းနဲ့ စက်ရုံဖွင့်ပြီးတဲ့အခါမှာ ဝင်လုပ်ရဦးမှာ မဟုတ် လား .. သူ့အလုပ်သမား ဖြစ်ရချေမှာကိုး .."

ဟု ပြောနေလေသမျှ မွှေးထုံ ခေါင်းလေးငုံ့၍ နား ထောင်နေရင်း ရင်ထဲမှာ ဝမ်းနည်းလာရပါပြီ ..။ အားငယ်ကြေကွဲ ခြင်း ဆိုတာကလည်း ရင်ထဲမှာ ပြည့်သိပ်နေကြပါ၏။ ဟုတ်သည် ပဲလေ ..။ ဘဘကြီးပြောတာ အမှန်တရား ဖြစ်နေချေသည်ပဲ ..။

မိုးနှင့်မြေ ဆိုသည်က .. လောကကြီးမှာ ရပ်တည် နေကြသော အရာနှစ်ခု ဖြစ်နေသည် ဆိုရာ၌ .. မိုးသည် အမြင့် မှာရှိကာ မြေက အနိမ့်မှာရှိနေချေသည် မဟုတ်ပါလား ..။ မိုး သည် အမြဲ .. မိုး .. ဆိုသည့် နေရာမှာ ထာဝရ ရပ်တည်သွား လျက် ..။ မြေဆိုသည်ကလည်း မြေ၏နေရာမှာ မပြောင်းလဲစွာ တည်မြဲသွားရချေသည်ပဲလေ ..။ ဒါ .. ဒါကို .. ဘာကြောင့် မွှေးထုံ မေ့ပစ်မိခဲ့ရပါသလဲ ..။

"ဘဘကြီးကို .. အဲဒီအလုပ်ကို လုပ်ပေးဖို့ကို ကိုထင်ခိုင် က အကူအညီတောင်းတဲ့ သဘောနဲ့ ပြောတာဆိုတော့လဲ ဘဘကြီး အငြင်းရ ခက်တယ်လေ .. သူက သူ့အလုပ် မှာ .. စိတ်ချအားကိုးရတဲ့သူဆိုတာ လိုတယ်တဲ့ .. အဲဒါ ဘဘကြီးပဲတဲ့လေ .. ဒါကြောင့် .. ဘဘကြီး သူငယ်ချင်း ကို မငြင်းချင်တာနဲ့ ခေါင်းညိတ်ခဲ့ရတာ .. တကယ်က တော့ .. တူမအပျိုအရွယ်လေးရှိတဲ့ ဘဘကြီး အနေနဲ့.. သိပ်မလုပ်သင့်တာတော့ အမှန်ပဲ .. အဲဒါကို ပိုတွေးမိလာ ရတာက .. စက်ရုံကို မောင်ခိုင်မြဲ လာပြီး ဦးစီးလုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ် ဆိုတာကို .. ပြီးခဲ့တဲ့ အပတ်လောက်ကမှ ကိုထင်နိုင် ဘဘကြီးကို ပြောပြလို့ သိရတဲ့အချိန်မှာ ပိုး တွေးမိရ .. ရင်ထဲ လေးလာရတယ် မွှေးထုံ .. ကဲ .. ကဲ .. အဝတ်သွားပြန်လဲချေ .. သိပ်အဟောင်းကြီးလဲ မဝတ်လာ နဲ့ .. သိပ်အသစ်ကြီးလဲ မဝတ်မိစေနဲ့ .. ဟုတ်ပလား .."

ဘဘကြီး ပြောသမျှ ခေါင်းလေးငုံ့၍ နားထောင် နေရရင်းမှ မွှေးထုံ ခေါင်းလေးပြန်မော့ကာ နှုတ်ခမ်းလေးတွေ တုန်ခါနေရင်းမှ ..

"မွှေးထုံ .. မွှေးထုံ မသွားချင်တော့ပါဘူး ဘဘကြီးရယ် .. ဘဘကြီးပဲ သွားလိုက်ပါတော့နော် .."

ဟု အနိုင်နိုင် ပြောမိရပါပြီ ..။ မချမ်းသာခြင်းဆို သည့် အရာသည် .. အရာရာမှာ အရမ်းကို စဉ်းစားချင့်ချိန်ရခြင်း ဆိုသည့် အရာတစ်ခုကို အမြဲတမ်း ဘဝထဲမှာ နှစ်သွင်းထားရစေချေ သည်တဲ့လား ..။ သိမ်ငယ်ညှိုးမှိန်ခြင်းဆိုသည့် အရိပ်ကြီးတစ်ခုက အလိုလို လွှမ်းခြုံထားပြီးသား ဖြစ်နေရချေသမျှ .. ငြိမ်သက်စွာ မတွန်းဖယ်သာစွာ အလိုက်သင့် ခေါင်းငုံ့နေပေးရချေသည်တဲ့လား လေ ..။

"မွှေးထုံ .."

ခေါင်းလေး ပြန်ငုံ့ချကာ ငြိမ်သက်စွာ ရပ်နေရင်း မျက်ရည်တွေ ဝိုင်းစုလည်တက်နေပြီ ဖြစ်နေပါသည့် မွှေးထုံ၏ ဘေးမှာ ဘဘကြီး လာရပ်ပါ၏။ ဆံစလေးကို သပ်ပေးသည်။

"ဘဘကြီးရဲ့ သမီးလေး ရင်ထဲမှာ အားငယ်နေမယ်ဆိုတာ ဘဘကြီး သိတာပေါ့ .. ဒါ .. အားငယ်စရာမှ မဟုတ်



တာပဲ မွှေးထုံ .. ဆင်ခြင်တယ် ဆိုတာက သိမ်ငယ်တာနဲ့ တခြားစီပဲ .. လူချမ်းသာတွေနဲ့ ဆက်ဆံရတဲ့အခါမှာ .. ဘဘကြီးတို့လိုအလွှာက လူတွေဟာ .. ဆင်ခြင်ခြင်းဆိုတဲ့ အရာကို အမြဲ မျက်ခြည်မပြတ်ဘဲ ထားရတယ် မွှေးထုံ .. ဒါမှ .. တန်ကာကျတတ်တယ် .."

ဟု ပြောပြီး ဘဘကြီး ပြုံး၍ကြည့်ပါ၏။ မော့၍ မျက်ရည်လေးတွေ ပြည့်နေသည့် မျက်ဝန်းလေးဖြင့် ကြည့်နေပါ သည့် မွှေးထုံ၏ ဆံစလေးကို ထပ်၍သပ်ပေးသည်။

"ပန်းလေးကိုတော့ ပန်သွား .. ဟုတ်ပလား .. ဟိုက တကန် တကလာဖိတ်တာ .. မသွားလို့တော့ မကောင်းဘူး မွှေးထုံ .. ကဲ .. ကဲ .. အဝတ်လေး လဲလိုက် .. လဲလိုက် .."

ဟု ပြောရှာ၏။ ပြောရသည့်အတွက်လည်း ရင်ထဲ မကောင်းနိုင်ဘဲ ဖြစ်နေရလေသမျှကို ဘဘကြီး၏ မျက်ဝန်းတွေ ထဲမှာ သွန်းမွှေးထုံ တွေ့မြင်နေရသည်သို့ ရှိရသည်ပါပဲ ..။ မွှေးထုံ ခေါင်းလေး ပြန်ငုံ့ချလိုက်ကာ အိမ်ခန်းလေးထဲ ပြန်ဝင် လာခဲ့ရပါပြီ ..။ ဘာတဲ့ ..။ သိမ်ငယ်ခြင်း ဆိုသည်က .. ဆင်ခြင် ခြင်းနှင့် တခြားစီ .. ဟူ၍ စောစောက ပြောခဲ့ပါလေသော ဘဘ ကြီး၏စကား ..။ ဟုတ်သည် ..။ မွှေးထုံ .. ဆင်ခြင်ရချေမည် သာ ..။ ကိုကြီးနှင့် တရင်းတနှီးနေ၍ မသင့်တာကို ပို၍ ပို၍ နားလည်လာနေရချိန်မှာ ..။ မနေ့က .. မွှေးထုံနှင့်တူတူ ထမင်း စားခဲ့တာ ..။ အရမ်းကို ဟန်ပန်မလုပ်တတ်စွာပဲ .. ဖြူစင်သည့် စိတ်ရင်းမှန်ဖြင့် ရိုးစင်းစွာ ပြောဆိုခဲ့တာတွေကို ဘကြောင့်ပြန် ၍ တမ်းတစွာ ရင်ထဲမှာ လွှမ်းဆွတ်ချင်နေမိရပါသတဲ့လဲ ..။

www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးနှင့် မွေးထုံတို့၏ ဆုံစည်းရမှု ဆိုတာက လည်း ဘယ်သူ့ ဘယ်သူကမှ ဖန်တီးယူခဲ့ကြရတာ မဟုတ် ..။ ပြီးတော့ .. ရင်းနှီးမှု ဆိုတာကို မွေးထုံနှင့် ကိုကြီးတို့ ရင်ထဲမှာ ဖြစ်တည်လာရအောင်လည်း ဘယ်သူ့ ဘယ်သူကမှ ကြိုးစားယူခဲ့ကြတာ မဟုတ် ..။ အလိုလိုနေရင်းဖြင့် ရင်ထဲခင်မင်သွားမိခဲ့ကြရသည်ဟု မွေးထုံ နားလည်ထားမိရပါ၏။ ကိုကြီးနှင့် အတူ လှေကားထစ် နေရာလေးမှာ ထိုင်ဖြစ်အောင် မွေးထုံကလည်း တမင်လုပ်ယူခဲ့တာ မဟုတ်၊ ခါတိုင်းနေ့များလိုပဲ ထိုင်ခဲ့သည်ပါပဲ ..။ ကိုကြီးကလည်း ပင်ကိုသဘောကောင်းစိတ် တစ်ခုတည်းဖြင့် အိမ်ရှင်နေရာမှာနေလျက် အိမ်ထဲလိုက်ထိုင်ခိုင်းရာမှ မွေးထုံ မထိုင်ဘဲ နေနေတော့ ဘေးမှာ အတူလာထိုင်လိုက်တာပဲ ဖြစ်သည်။ ဒါပေမဲ့ .. ထိုအဖြစ်တစ်ခုကြောင့်ပင်လျှင် မွေးထုံနှင့် ကိုကြီးတို့ကြားမှာ တစ်ယောက်ကို တစ်ယောက် ခင်မင်သွားမိခဲ့ကြရတာကိုတော့ ဘယ်လိုမှ ဖုံးကွယ်ထားနိုင်ချေမှာ မဟုတ် ..။ မွေးထုံဘက်ကကြည့်လျှင် ကိုကြီးသည် အရမ်းကို ရိုးစင်းဖြူစင်တာ သိနေရလျက် ..။ ကိုကြီးဘက်က ကြည့်လျှင်လည်း မွေးထုံဆိုတာ ကိုယ့်ကိုယ်ကိုယ် အရမ်းချိုးနှိမ်သိမ်ငယ်တတ်သူအဖြစ် နားလည်သွားစေကာ ကရုဏာ အရင်းခံသော ခင်မင်မှုတစ်ခုကို ဖြစ်တည်စေခဲ့သည်ဟု မွေးထုံ ထင်ပါသည်။

ဒါပေမဲ့ .. ဘဘကြီးက .. မွေးထုံကို .. ကိုကြီးနှင့် မရင်းနှီးစေ့ချင်ဆိုသည့် သဘောထားကိုတော့ဖြင့် အရိပ်အမြွက်မျှတော့ စောစောလေးကပဲ ပြောပြအသိပေးခဲ့ချေပြီတကား ..။



"ဟုတ်တာ့ပါပဲလေ .. ကိုကြီးနဲ့ မွေးထုံ .. ခပ်ဝေးဝေး နေကြတာ အကောင်းဆုံးပါပဲ .. ဘဘကြီးက သတိပေးလာတဲ့ဥစ္စာ .. အဲဒါ မှန်နေတာပဲလေ .. ဘာလို့ .. မွေးထုံက ဝမ်းနည်းနေရတာလဲ .. ဒါ .. ဝမ်းနည်းစရာမှ မဟုတ်တာ .. သူဌေးသားတစ်ယောက်ကို ခပ်ဝေးဝေးနေပေးရမယ့် ကိစ္စတစ်ခုဟာ .. ဝမ်းနည်းစရာမှ မဟုတ်တာ .. သူနဲ့ မွေးထုံနဲ့ ဘာဆိုင်နေလို့လဲ .."

ဟု ခေါင်းလေးကိုမော့၍ တွေးပစ်လိုက်ရပေမယ့် ရင်သည် လိုက်၍ပေါ့ပေါ့ပါးပါး ဖြစ်မလာနိုင် ..။ ဝမ်းနည်းနေတာက ဝမ်းနည်းနေတာပဲ ရင်ထဲမှာ ကျန်နေသည်။ ဘဘကြီးကလည်း မွေးထုံကို မွေးနေ့ပွဲသို့ အပါခေါ်သွားမှာကလည်း သေချာနေသည့်အဖြစ် ..။ ပန်းကလေးတော့ ပန်သွား .. ဆိုသည့် စကားကိုက .. မွေးထုံ မွေးနေ့ပွဲကို မဖြစ်မနေ တက်ရမည်ဆိုသည့် သဘောကို ဆောင်နေသည် မဟုတ်ပါလားလေ ..။

အဝတ်သေတ္တာလေးကို ပြန်ဖွင့် ..။ ဝတ်ရမည့် အဝတ်လေးကို ခပ်ငိုင်ငိုင်လေး ရွေးချယ်နေရသည်ကိုက .. နည်းနည်းတော့ ကြာသည်။ ပထမ အပြာနုရောင် ချည်သားဝတ်စုံလေးကို ရွေးမိရပေမယ့် ဒါကလည်း နည်းနည်းပုံလေးဆန်းနေသေးသည်။ အကျႌလေးမှာ ပုလဲလုံးလေးတွေ အနားသပ်လေး အဖြစ် ထိုးထားသည်လေ ..။

ဒါကိုလည်း ဘဘကြီးက ပြန်လဲခိုင်းနေဦးမှာ သေချာသည်။ နောက်ထပ် ခေါင်းလေ့ရှုပ်နေအောင် စဉ်းစားရင်း ရွေးရပြန်ပါ၏။ အစိမ်း ဆိုတာကြီးကတော့ မကောင်း။ သူများ

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရှိသော မွေးနေ့ကို တကန်တက ဖိတ်ထားသည့်ကိစ္စ ..။ စိမ်းစိမ်းကြီးတော့ ဝတ်မသွားသင့် ..။ ဒါက မွှေးထုံ ဘာသာ ခေါင်းခါလိုက်မိသည့်ဝတ်စုံ ..။

ဖျတ်ခနဲ ရင်ထဲတိုးဝင်လာရသည်က .. စိမ်းကားခြင်းဆိုသည့် အရာတစ်ခုကို မွှေးထုံနှင့် ကိုကြီးတို့ကြားမှာ ဖြစ်တည်မလာစေချင်သည့် စိတ်သည် ရင်ထဲမှာ အလိုလို အမြစ်တွယ်ပြီး ဖြစ်နေချေသည်ကော .. ဆိုသည့် ဝန်ခံခြင်းပါတကား ..။ ဘုရားရေ ..။ ဘဘကြီးက ကိုကြီးနှင့် တရင်းတချာ မရှိစေချင်တာကို အသိပေးလာချိန်နှင့် မခြားသော မရှေးမနှောင်း အချိန်လေးမှာပင် မွှေးထုံက .. မွှေးထုံက .. ကိုကြီးနှင့် စိမ်းကားခြင်းတစ်ခုကိုမှ မဖြစ်စေချင်သည့်ဇောက ရင်မှာဖြစ်တည်နေရချေသည်တဲ့လား ..။

တကယ်တော့ .. ဩော် .. တကယ်တော့ .. ကိုကြီးနှင့် မွှေးထုံ .. မဆုံဖြစ်ခဲ့ကြချေလျှင်ဖြင့် အကောင်းဆုံးသာ ဖြစ်ပါချေလိမ့်မည် ..။ ဒါပေမဲ့ .. လက်တွေ့မှာက .. ကိုကြီးနှင့် ဆုံလည်း ဆုံဖြစ်ခဲ့ပြီးပြီ ..။ ကိုကြီး၏ မွေးနေ့ပွဲကြီး တစ်ခုကို.. မဖြစ်မနေ တက်ရမည့် မွှေးထုံအဖြစ်လည်း ရှိနေရပြီ ..။ ဒါပေမဲ့ ထိုတက်ရောက်မည့် ပွဲတစ်ခုဆီသို့ လှမ်းဝင်ခြေချရမည့် မွှေးထုံသည် .. သူဆင်းရဲမလေး မွှေးထုံ အဖြစ် .. မိမိဘာသာ သိနေပါသည်ဟူသော ခံယူချက်ဖြင့် .. ရှိနေရချေသည်ကော ..။

မွှေးထုံ မျက်ရည်လည်နေရင်းမှ ပန်းရောင်တက်ထရွှန်ကွက်လေးတွေဖြင့် ချုပ်ထားပါသည့် ထက်အောက်ဝတ်စုံလေးကိုပဲ ရွေးချယ်လိုက်မိရပါပြီ ..။ လည်ပင်းအနားနေရာလေးမှာ



ဇာတွန့်ပန်းရောင်လေးတွေ ရှိနေလျက် ..။ လက်အနားသပ်လေးတွေမှာလည်း ဇာတွန့်လေးတွေ ရှိနေသည်။ တန်ဖိုးမကြီးလှသော တက်ထရွှန်ကွက် ဝတ်စုံလေးလည်းဖြစ် ..။ ပုံလေးကလည်း ချုပ်စရာလေး ချုပ်ထားတာမို့ .. ဘာပဲဖြစ်ဖြစ် ..။ သင့်တော်မည်ဟုပဲ မွှေးထုံ ရွေးချယ်ဆုံးဖြတ်လိုက်ကာ အဝတ်လေး မြန်မြန်လဲလိုက်ရသည်ပါပဲ ..။ ပါးပေါ်မှ သနပ်ခါး ဝင်းမှုန်မှုန်လေးကို တို့ပတ်လေးဖြင့် ပြန်၍ပွတ်သုတ်ကာ ခပ်ဖွဖွလေးပြန်ဖျက် ..။ နှုတ်ခမ်းဆိုးဆေးလေး လူးထားသမျှကိုလည်း လက်ကိုင်ပဝါလေးဖြင့် ပွတ်သုတ်သန့်စင်ပစ်လိုက်မိရသည်ကလည်း မွှေးထုံ ဘာဆိုဘာမျှကို လှလှပပလေး ပြင်ဆင်သွားချင်စိတ် မရှိတော့၍ပါ ..။ ဖိနပ်လေးကိုတော့ သွားခါလာခါလေးမှာ ဝတ်စရာအဖြစ် ရှိပါသည့် တစ်ရန်တည်းသော နီညိုရောင် ကတ္တီပါကွင်းထိုး ဖိနပ်လေးကိုပဲ စီးလိုက်ရသည်ပါပဲ ..။ ဒါကိုမှ မစီးရချေလျှင်လည်း ဆိတ်ကျောင်းသည့်အခါစီးသည့် ရာဘာဖိနပ်လေးပဲ ရှိတော့သည်လေ။

အခန်းပြင်သို့ ဖိနပ်လေး လက်ဖြင့်ကိုင်ရင်း ထွက်လာသည့် မွှေးထုံကို ဘဘကြီး လှမ်းကြည့်သည်။ ဤတစ်ကြိမ်မှာတော့ ဘဘကြီး သာသာကြည်ကြည်ပဲ ထရပ်လိုက်သည်မို့ .. ဤဝတ်စုံဖြင့် မွေးနေ့ပွဲသို့ သွားဖြစ်တော့မည့်သဘောဆောင်သည့် အဖြစ် ..။

အိမ်ကို သေချာတံခါးသော့ခတ် ..။ ဘဘကြီးနှင့် အတူ နှစ်ယောက်သား ခြေလှမ်းမှန်မှန်ဖြင့် မြို့ပိုင်းသို့ လျှောက်လာရစဉ်ခိုက် စကားမပြောဖြစ်ကြတာကလည်း ထူးခြားမှုတစ်ခု ဖြစ်နေသည်။ ခါတိုင်းဆို .. ဘဘကြီးကပြောလိုက် ..။ မွှေးထုံက

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်နှင့် အိမ်မှာပဲဖြစ်ဖြစ် .. သစ်တော့ခြံထဲမှာ စိုက်ထားသည့် စိုက်ခင်းတွေမှာပဲဖြစ်ဖြစ် .. စိုက်ခင်းတွေ စိုက်ထားရာ ပင်ခြေဆီမှ စီတန်းစိုက်ထားသော သစ်တော့ပင်ကြီးတွေအောက်မှာ ထိုင်ကြရင်းပဲဖြစ်ဖြစ် .. စကားတွေက ပြော၍ကုန်နိုင်ကြတာမဟုတ်။ ခုကျတော့ နှစ်ယောက်သား တိတ်ချက်သား ကောင်းလွန်းနေသည်။

မွေးထုံကို .. စောစောက ပြန်၍အဝတ်လဲခိုင်းစဉ်ခိုက် .. ပြောခဲ့သည့် စကားများအတွက် .. ဘဘကြီးလည်း စိတ်ကောင်းပုံမရ ..။ မျက်နှာထက်မှာ စိတ်ထိခိုက်ရိပ်က စွန်းထင်းနေသည်ပါပဲ ..။

မြရိပ်သာနှင့် နီးလာတော့မှ ဘဘကြီး သက်ပြင်းရှိုက်က ...

"ဖိတ်ထားချိန်ထက်တော့ .. နည်းနည်းနောက်ကျသွားကြပြီ မွေးထုံ .. လာ .. လာ .. ဧည့်ခန်းထဲမှာ လူစုံနေကြပြီ ထင်ပါရဲ့ .."

ဟု ဘဘကြီး တစ်ချက်ပြောကာ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သည်။ မွေးထုံ နောက်မှ ဘဘကြီး ခြေလှမ်းကို မီအောင်လိုက်နေရပေမယ့် ရင်ထဲက တစ်ခုသိထားသည်ပါပဲ ..။ အိမ်ထဲမှာ တစ်စုံတစ်ယောက်က လှမ်းကြည့်လိုက်ရျေလျှင်ဖြင့် နောက်ကျရောက်လာရသည့်အတွက် အရှမ်းကို အားနာတကြီးပုံကြီးဖြင့် လျှောက်နေသည်ဟု ထင်မှတ်စေနိုင်ပေမယ့် ..။ တကယ်တမ်းက .. တမင့်ကို .. ဘဘကြီးသည် အိမ်မှနောက်ကျထွက်ခဲ့ခြင်း ဆိုတာကိုပါ ..။



ကိုကြီး၏ မွေးနေ့မှာ အခြားသော လူကုန်ထံ ဧည့်သည်တို့ထက်စော၍ ထိပ်ဆုံးက မွေးထုံတို့လိုအလွှာက လူတွေ ရောက်သွားတာမျိုးကို ရင်ထဲ မနှစ်မသက် ဖြစ်သွားကြမှာကို ဘဘကြီး စိုးရိမ်နေလျက် ..။ တမင်တကာ နောက်ကျ၍ ထွက်လာခြင်း ဆိုတာကို .. မွေးထုံ သိသည်ပေါ့ ..။ ဘာကြောင့်ဆို ဘဘကြီးသည် .. ဘဘဦးထင်ခိုင်၏ သူငယ်ချင်း ဖြစ်ပေမယ့် သူငယ်ချင်းက အရှမ်းကို ချမ်းသာနေသည် ဆိုသည့် အချက်ကို ဂရုတစိုက်ထား၍ ဆင်ခြင်သည်မို့လည်း .. စောစောကပင် မွေးထုံကို အဝတ်အစား ပြန်လဲခိုင်းသည့် အဖြစ်ကြီးတစ်ခု ဖြစ်ခဲ့ရပြီးပြီ မဟုတ်ပါလား ..။ ဟုတ်သည် ..။ အဖြစ်ကြီးတစ်ခု ..။ မွေးထုံအတွက်ကတော့ စိတ်ထဲ ကြေကွဲအားငယ်စေသည့် အဖြစ်တစ်ခုကို .. သံမှိုစွဲအောင် မှိမှိဘဝ မှိမှိသိအောင် ခံစားရင်း အဝတ်လေး ပြန်လဲခဲ့ရသည့် အဖြစ်တစ်ခုသည် .. သာမန်အဖြစ်တစ်ခုမဟုတ်နေ ..။ ကြေကွဲခြင်းကို ရင်ထဲနင့်အောင် ခံစားရင်း သိခဲ့ရသည့် .. သြော် .. သိစေခဲ့ရသည့် .. အဖြစ်ကြီးတစ်ခုပါတည့် ..။

ဤနေ့မှာ .. ကြုံကြိုက်ခဲ့ရသည့် .. ထိုကြေကွဲရပါသည့် အဖြစ်ကြီးတစ်ခုသည် .. ရင်ထဲမှ .. ဘယ်သောအခါတွင်မှ ထွက်ခွာသွားချေတော့မှာ မဟုတ်တာကိုလည်း မွေးထုံ သိနေသည်။

ဟုတ်သည် ..။

ကိုကြီးနှင့် ပတ်သက်၍ .. ညှိုးဖျော့သိမ်ငယ်သောဘဝမှာ .. ရပ်တည်နေရပါသည့် ထိုအသိတစ်ခုသည် .. ဘာကြောင့်များ .. ရင်ကို .. ပြင်းထန်နက်ရှိုင်းလွန်းစွာ .. စူးနစ်အောင် ကြေကွဲစေကြရပါသတဲ့လဲ ..။

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ရိုးစင်းလွန်းစွာ .. ဟိတ်ဟန်မကြီးစွာ .. ပြောဆိုနေထိုင်တတ်ပါသော ကိုကြီးကို ရင်ထဲမှ ခင်မင်မိခြင်းသည် .. လူသူမသိအောင် သိုဝှက်ထားရမည့် အရာများ ဖြစ်နေရပါသတဲ့လား ..။

သူဆင်းရဲ ဖြစ်ရခြင်း ဆိုသည့် အခြေခံအချက်တစ်ခုကြောင့် .. ကိုယ့်ခင်မင်ခြင်းဆိုသည့် ခံစားမှုတစ်ခုကိုပင် .. လူသိမခံရစေသည့် အရိပ်ကြီးတစ်ခုအောက်မှာ မြှုပ်နှံသိုဝှက်ထားလိုက်ရချေတော့မည်တဲ့လား ..။ မွှေးထုံ၏ ရင်ထဲမှာ .. ကျင်ခနဲခံစားရသည်။ မြရိပ်သာ၏ ညှိခန်းဆောင် အဝင်မှန်တံခါးကြီးက ဖွင့်လျက်သား ရှိနေလျက် ..။

ဘဘကြီး နောက်ပါးဆီမှ မျက်ရည်များ ဝဲချင်နေလေသမျှကို ပြန်၍ ခါထုတ်ပစ်နေရရင်းမှ မွှေးထုံ လိုက်လာရစဉ်ခိုက် ..။

သိပ်မများလှသည့် ညှိသည်တို့နှင့်အတူ ..။

ခုထိ .. တကယ့်ကိုပဲ မွေးနေ့ကိတ်ကြီးကို မလှီးသေးဘဲ စောင့်နေသည့် ကိုကြီးကို တွေ့လိုက်ရပါပြီတည်း ..။

ကိုကြီး၏ မျက်ဝန်းများက ဘဘကြီး၏ နောက်ပါးဆီမှာ ရပ်နေသည့် မွှေးထုံ ထံမှာ တန့်နေသည် ..။

မွှေးထုံ မလာတော့ပြီလားဟု တွေးရင်း စိတ်ပင်ပန်းနေခဲ့ရတာကိုတော့ စောစောက မျက်နှာမလန်းစွာ ရပ်နေသည့် ကိုကြီး၏ အနည်းငယ် နွမ်းနေသည့် မျက်နှာထက်မှာ ထင်ဟပ်နေသည့် အရိပ်တွေကို မြင်နေခဲ့ရသည်မို့ မွှေးထုံ အလိုလိုသိနေရသည်ပါပဲ ..။



ဘဘကြီး၏နောက်မှာ ရပ်နေသည့် မွှေးထုံကိုမြင်မှ မျက်နှာလန်းလာရတာကလည်း အရမ်းကို သိသာနေသည်ပါပဲ ..။

ကိုကြီး ဘဘကြီးနှင့် မွှေးထုံတို့ရှိရာကို အရေးတကြီး လျှောက်လာနေသည်။

"ကျွန်တော် မျှော်နေတာ ဘဘကြီး .. မလာကြရင်တော့ဖြင့် .. ကားနဲ့ လာကြိုတော့မလို့ပါ .."

ဟု ရင်ထဲရှိတာကို ဖွင့်ပြောလာရင်းမှ မွှေးထုံကိုကြည့်လာသည်။ မွှေးထုံ မပါလာလျှင်လည်း ကိုကြီး တကယ့်ကိုများ လာခေါ်ချေမည်လား မသိ ..။ ဘုရားရေ ..။ မွှေးထုံသည် ကိုကြီးအတွက် ထိုမျှပင် အရေးပါသည့် မွှေးထုံ ဖြစ်နေချေသည်တဲ့လား ..။ အလန့်တကြားလေး ဘဘကြီးကို မျက်နှာငယ်လေးဖြင့် မွှေးထုံ ကြည့်မိရပါပြီ ..။ ကိုကြီး ထိုသို့သဘောထားတာကို ဘဘကြီး ကြိုက်မှာမဟုတ် ..။ ဒါပေမဲ့ .. ဘဘကြီးက မွှေးထုံကို မကြည့် ..။ ကိုကြီးကိုသာ ငေးစိုက်ကြည့်နေသည်။ ဘဘကြီး ပြုံးလိုက်ပေမယ့် ထိုအပြုံးသည် ပူပန်ခြင်း အငွေ့အသက်များကို ကြိုးစားထိန်းသိမ်းနေသည့် အပြုံးမျိုး ဖြစ်နေသည်။ အပြုံးသည် အသက်မဝင်လှ ..။ မတောက်ပလှ ..။

"အထူးသဖြင့် .. ဒီသူငယ်မ .. မလာမှာကို ကျွန်တော်ပူမိတာ ဘဘကြီး .. သူက .. အရာရာကို .. ဘဘကြီး လက်ထဲ အပ်ထားတာ .. ဘဘကြီး ခေါ်မှ ပါလာမယ့်သဘော ဖြစ်နေတယ်လေ .. ခုလို .. ဘဘကြီး ခေါ်လာတဲ့အတွက် .. ကျေးဇူးတင်ပါတယ် ဘဘကြီးခင်ဗျာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်ပြောလာတော့ မွှေးထုံ ပို၍ အနေရခက်လာသည်။ ကိုကြီးသည် .. ဘဘကြီးဘက်က .. ဆင်ခြင်မှုတွေ ဘာတွေ လုပ်နေသည် ဆိုတာကို သိထားသူ ဖြစ်တာကိုလည်း ဖုံးကွယ်ထားဖို့ မကြိုးစား ..။ ဖွင့်ပြောလာသည်မို့ ဘဘကြီးပင် တစ်ချက် အားနာပုံကြီး ဖြစ်သွားရသည်ပါပဲ ..။

"မဟုတ်ပါဘူး မောင်ခိုင်မြဲရယ် .. သူက .. ကလေးမဟုတ်လား .. ဒီမှာ သူ့ အပြောအနေ မတတ်ရင် .. မောင်ခိုင်မြဲတို့အတွက် မင်္ဂလာရှိတဲ့ ဒီပွဲမှာ .. စိတ်အနှောင့်အယှက် ဖြစ်မှာကို ဘဘကြီးက စိုးရိမ်တာ တစ်ခုပဲ ရှိတာပါ .. ဒီလို ချမ်းသောင့်ချမ်းသာ နေရာမျိုးကို ကလေးက ရောက်ဖူးတာ မဟုတ်ဘူးလေ .. ဆိတ်နိုလာပို့ရင်း ရောက်ဖူးရတာကလဲ .. ခဏမဟုတ်လား .."

ဟု ဝင်ပြောတော့ ကိုကြီး ပြုံး၍ ..

"အဲဒါကြောင့်ပေါ့ ဘဘကြီးရယ် .. နို့ပုလင်းပို့တဲ့ဥစ္စာ .. လေ့ကားထစ်မှာပဲ ထိုင်ရမယ်လို့ မှာထားတာကို .. အသေမှတ်ပြီး လုံးဝ အထဲမထိုင်တာ ခင်ဗျ .. ဘဘကြီးက ပေးမထိုင်တာကို ကျွန်တော် သိတယ်လေ .. ခုလဲ .. ဘဘကြီးက .. ပေးမလာဘဲ ဖြစ်လိုက်မှာကို လန့်နေတာ .."

ရင်ထဲရှိတာကို ဝန်ခံနေပါသည့် ကိုကြီးကို မွှေးထုံ အံ့သြချင်လာသည်။ ဘာကြောင့် .. ကိုကြီးသည် ဘဘကြီးကို ထိုမျှအထိ .. ရင်ထဲရှိတာကို .. ဝန်ခံနေရပါသတဲ့လဲ ..။ မွှေးထုံကို အရမ်းအရေးတကြီး နေရာမှာ တန်ဖိုးထား၍ စောင့်ဆိုင်းနေတာမျိုးကို ဘဘကြီး မသိဘဲ ရှိနေတော့ ပိုမကောင်းချေဘူးတဲ့လားလေ ..။



"ကြွပါ ဘဘကြီး .. အထဲမှာ ထိုင်ပါခင်ဗျာ .. မွှေးထုံ .. လာ .. ခုလို .. ကိုယ့်မွေးနေ့မှာ တက်ရောက်ပေးတဲ့အတွက် .. ကျေးဇူးတင်တယ် .. ကိုယ် .. ကိတ်မုန့်လှီးလိုက်တော့မယ် .. ဟုတ်ပလား .."

ဟု ပြုံး၍ ပြောလာပါသည့် ကိုကြီးကို လန့်ရှိန်လေးဖြင့် မော့ခနဲ ကြည့်မိတော့ အရမ်းကို အေးချမ်းစွာ ပြုံးကြည့်နေသည့် မျက်ဝန်းများနှင့် ဆုံသည် ..။ မွှေးထုံ မလာဘဲ ကိုယ် ကိတ်မုန့်လှီးမှာ မဟုတ်ဘူး ဆိုတာကို ထည့်မပြော၍ပင် ကျေးဇူးတင်ရမလိုပါ ..။ ခုလည်း ဘဘကြီးကို ကြည့်လိုက်တော့ တည်ငြိမ်စွာ နှစ်ယောက်စလုံးကို အကဲခတ်သလို ကြည့်နေတာနှင့် ဆုံရပြန်သည်ပါပဲ ..။

ကိုကြီးကတော့ ဤမွေးနေ့ညမှာ .. ပြုလုပ်သည့် မွေးနေ့ပွဲလေးမှာဖြင့် .. မွှေးထုံနှင့် ဘဘကြီးတို့သည် အထူးဧည့်သည်များပမာ ရှိနေတာကို လူတွေအားလုံးသိအောင် ဂရုတစိုက်ဖြင့်ပင် စားပွဲနေရာအထိ ကိုယ်တိုင်ခေါ်လာသည်ပါပဲ ..။

အနောက်တိုင်းဝတ်စုံ အဖြူရောင်နှင့် အရမ်းကို ခန့်သန့်နေသော ကိုကြီးသည် .. စင်စစ်အားဖြင့် မင်းသားလေး တစ်ပါးနှင့်ပင် တူနေသေးသည့် အဖြစ် ..။

ဟုတ်သည် ..။ အရမ်းကို .. ချောမောမွန်ရည်နေသော .. တော်ဝင်မင်းသား တစ်ပါးနှယ်ပင် .. ကိုကြီး၏အသွင်က .. ခန့်ညားနေသည် မဟုတ်ပါလား ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ကိတ်မုန့်ထက်မှာ ထွန်းညှိထားပါသော ဖယောင်းတိုင်မီးကို သူ မှုတ်ပြီးသည့်နောက်မှာ လက်ခုပ်သံနှင့် ဟက်ပီးဘာ့ဒ်ဒေးသီချင်းသံတွေကတော့ မြိုင်ဝေနေဆဲ ..။ သူ ပထမဆုံး အမြတ်တနိုးနိုင်စွာ ကြည့်မိရသည်က သူ၏ သွန်းမွေးထုံလေးကို ပါအသည့် ..။

ဘကြီးလုပ်သူ၏ဘေးမှာ ရပ်နေရင်းဖြင့် ဘကြီးက လက်ခုပ်တီးနေ၍ လိုက်တီးနေရင်း ဘယ်အချိန် ဘကြီး လက်ခုပ်တီး ရပ်မည်လဲဆိုတာကိုများ ဂရုတစိုက်ဖြင့် ကြည့်ကြည့်နေသည်လားတော့ မသိ ..။ ဘကြီးကို ကြည့်လိုက် ..။ လက်ခုပ်တီးနေတာကို ကြည့်လိုက်ဖြင့် ရှိနေရှာသည်ပါပဲ ..။ မျက်နှာလေး မလန်းဘဲ ရှိတာကိုတော့ သူ မြင်မြင်ချင်းကတည်းက သတိမထားမိပဲနေ၍ကိုမရ ..။ ဘာလေးပဲ သူပြောလိုက်လိုက် .. ဘကြီးကိုချည်း တမော့မော့ဖြင့် မျက်နှာဖျော့လေးဖြင့် ကြည့်ကြည့်ခဲ့ရှာတာကလည်း သူ မြင်ခဲ့ရပြီးပြီ ..။ အရမ်းကို ဖြူစင်သည့် မိန်းကလေး ..၊ ရင်ထဲ အားငယ်နေတာ ..။ ဘကြီး အရိပ်အကဲကို



ကြည့်၍ နေနေတာ ..။ အားလုံးက ဖွင့်မေးစရာကို မလို ..။ မနည်းကြီး အကဲခတ်နေဖို့လည်း မလို ..။ မိန်းကလေး၏ မျက်နက်ဝန်းလေးတွေကို ကြည့်လိုက်တာနှင့် သိသာနေသည့်အဖြစ်။ မျက်ဝန်းလေးတွေမှာ ပျော်ရွှင်ရိပ်မရှိ ..။ ဘကြီးရှေ့မှာ ဘကြီး မနှစ်သက်နိုင်စရာ တစ်ခုခုကို လုပ်မိပြောမိသွားမှာမျိုးကို စိုးရိမ်နေလျက် အနေမလွတ်လပ်ဘဲ ရှိနေရှာတာလည်း အရမ်းကို သိသာနေသည်ပါပဲ ..။

ခုလည်း .. ဘကြီး လက်ခုပ်တီး ရပ်လိုက်တာနှင့် မွေးထုံလေးလည်း လက်ခုပ်တီး ရပ်လိုက်တာကို သူ မြင်ဖြစ်အောင် မြင်နေရသည်။ မွေးနေ့ကိတ်ကို သူလှီး၍ ဖေဖေ့ကို အရင်ခွဲ့ကျွေးသည် ..။ နောက်တော့ .. ဒေါ်ကြီးငွေ တစ်ခုပြီးတစ်ခု ကိုင်ကိုင်ပေးနေသော ကြွေပန်းကန်ပြား လှလှလေးတွေထက်မှာ ကိတ်မုန့်ကို အနေတော်လေးတွေလှီး၍ သူက ထည့်ပေး၊ ဖေဖေက ပန်းကန်တွေပြန်၍ ဧည့်သည်တွေကို ကမ်းပေးနှင့် ဝေစည်နေကြချိန်မှာ သူထပ်၍ ကြည့်မိသည်က သူ၏မိန်းကလေး ..။ အခန်းထောင့်နေရာလေးမှာ ရပ်နေလျက် ဘကြီးဘေးမှာ ရှိနေရရင်းဖြင့် မွေးနေ့ပွဲတစ်ခုကို .. ဤနေရာနှင့် ဘာမျှမပတ်သက် .. မသက်ဆိုင်သော သက်ဆိုင်ခွင့်လည်း မရှိသော .. သူတစ်ယောက်နှယ် အခြားတစ်နေရာဆီမှ ရပ်ကြည့်နေသည့်အလား .. ခပ်ငေးငေးလေး ကြည့်နေသည့် မျက်နှာနုနုဥဥလေးကို မြင်ရတော့ သူ့ရင်ထဲ မကောင်းနိုင် ..။ သူသည် .. သူ့အနာဂတ်အတွက် အားလုံးဆုံးဖြတ်ထားပြီးသူတစ်ယောက်အဖြစ် ရှိနေပြီးခဲ့ပြီ ..။ ဤမိန်းကလေးနှင့်ပတ်သက်၍ .. အရိပ်တကြည့်ကြည့်မျှ တန်ဖိုးထားနေမိရသည့် သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ်လည်း ရှိပြီးခဲ့ရပြီးပြီ ..။ မုန့်ပန်းကန် နှစ်ချပ်ကို သူကိုင်၍ ဘဘကြီးနှင့် မွေးထုံထံ သူ လျှောက်လာမိရပါပြီတည်း ..။

"ဘဘကြီးရော မွေးထုံရော .. ဘာလို့ ဒီမှာရပ်နေကြရတာပါလဲ ခင်ဗျာ .. ဒီစားပွဲမှာ ခဏထိုင်ကြပါဦး .."

ဟု သူ ပြောလည်း ပြောမိရ ..။ ဦးဆောင်၍လည်း ခေါ်လာမိရသည်။ ဤသို့ကျတော့လည်း ဘဘကြီး မငြင်း ..။ သူပြောသည့် စားပွဲဝိုင်းနေရာမှာ ပြန်၍ထိုင်ပါ၏။

သူ ညှော်ဝတ်ပြုသည့် မုန့်ကိုလည်း ဣန္ဒြေရရပင် ဘဘကြီး စားသည်။ မွေးထုံကိုလည်း ဘဘကြီး ငဲ့ကြည့်ကာ ..

"စား .. မိန်းကလေး .."

ဟု ပြောပါ၏။ မွေးထုံ ကိတ်မုန့်တုံးလေးကို ဇွန်းလေးဖြင့် ဖဲ့၍စားသည်။ နေနေရတာထက် ပြန်ချင်နေတာက ပိုနေမှန်းလည်း သိသာနေသည့်အဖြစ် ..။ ဤကောင်မလေး မလာခင်မှာ အတော်ကြီးကို ဘကြီး လုပ်သူက ပြောဆို သတိပေးခဲ့တာရှိရမည် ..။

လူသူတို့ရှေ့မှာ အနေအထိုင် ငြိမ်သက်သတိထားဖို့များ ပြောခဲ့လေသလား မသိ ..။

ခုဥစ္စာက' .. မွေးနေ့ပွဲ တစ်ခုကို တက်ရောက်၍ ရွှင်လန်းကြည်မွေ့နေသည့် မွေးထုံ ဖြစ်မနေဘဲ အနေကျုံ့နေသည့်နှယ် ဖြစ်နေသည် ..။

"စားသောက်စရာတွေကတော့ ကြိုက်ရာယူပြီး သုံးဆောင်နိုင်အောင် ဘူဖေး အစီအစဉ်ပဲ လုပ်ထားတာပါ ဘဘကြီး"



ဟု သူပြောတော့ ဘဘကြီးမှ ပြုံး၍ ..

"အဲဒါတွေလဲ ဘဘကြီးတို့ မစားသောက်ပါဘူး မောင်ခိုင်မြဲရယ် .. မောင့်မွေးနေ့ပေမို့ လာတက်ဖြစ်ရတာပါပဲ .. ဒီလောက် စားသောက်ဖြစ်တာနဲ့ပဲ ဝမ်းလဲပြည့်နေပါပြီ .. အိမ်ကလဲ ထမင်းစားခဲ့ကြတယ်လေ .. ညစာစောစားတာက ဘဘကြီးတို့လို လူမျိုးတွေအတွက်ကတော့ အကျင့်လိုဖြစ်နေပြီကိုး .. ကဲ .. မိန်းကလေး .. စား .. ပြီးရင်ဖြင့် .. ဘဘကြီးတို့ ပြန်ကြတာပေါ့ .. ကိုထင်ခိုင်ကိုလဲ ဘဘကြီး သွားနှုတ်ဆက်ချေဦးမယ် .."

ဟု ပြောကာ ခပ်ဝေးဝေး နေရာမှာ ဧည့်သည်တွေနှင့် စကားပြောဆို ရယ်မောနေပါသည့် ဖေဖေ့ထံသို့ လျှောက်သွားတော့ သူနှင့် မွေးထုံ ကျန်ခဲ့ပါ၏။ သူ .. မွေးထုံနှင့်အတူရှိနေတာ ..။ ဘဘကြီး လျှောက်လာနေတာကို ဖေဖေ လှမ်းကြည့်မြင်လိုက်ပုံရသည်။ ဘဘကြီးကို လက်မြှောက်ပြ နှုတ်ဆက်ရင်း ဘဘကြီးထံသို့ ဖေဖေလည်း လျှောက်သွားနေပြီ ..။

သူ .. မွေးထုံကို ကြည့်တော့ မျက်နှာညှိုးလေးဖြင့် မုန့်ကို ခေါင်းလေးငုံ့ စားနေတာကိုပဲ တွေ့ရသည်။ သစ်ရိပ်လေးအောက်မှာ ဆိတ်လေးတွေကျောင်းရင်း ဆိတ်နို့တူတူသောက်ဖြစ် .. ထမင်းစားဖြစ်ခဲ့တာလေးနှင့် အရမ်းကို လွတ်လပ်ကြည်မွေ့ရသည့်အရာက ခြားနားလွန်းနေသည်ကော .. ဟု သူ ချက်ချင်းတမ်းတစွာ တွေးဖြစ်၏။ သစ်ရိပ်လေးမှာကျတော့ အစစအရာရာအေးချမ်းလွတ်လပ်နေသည်ပဲ ..။ ခုလို အဆောင်အယောင်တွေ ရှိမနေ ..။ ရယ်မောသံတွေ ရှိမနေ ..။ စကားပြောသံတွေ ဝေစည်

www.burmeseclassic.com



[illegible] သူနှင့်မွေးထုံတို့ နှစ်ယောက်တည်း၏ စကားသံ [illegible]ရုများနှင့် အေးမြသော လေညင်းလေပြည် ..။ စားကျက် ခင်းဆီမှ မြက်ရိုင်းပင်နုနုတို့၏ ရနံ့တစ်မျိုး ..။

ပြီးတော့ .. တောပန်းတို့၏ ရနံ့များ ..။ အရာရ သည် .. အားလုံး ကြည်မွေ့ဖွယ်အတိ ဖြစ်နေခဲ့သည်ပဲ ..။ လွတ် လပ်အေးချမ်းခြင်းဆိုသည့် ခံစားမှုကလည်း အဆောင်အယောင် မရှိ၊ အခင်းအကျင်းများ ကင်းမဲ့နေသော ထိုနေရာလေးမှာ ပျော် စရာ ပျော်စရာလေး ဖြစ်တည်ခဲ့ရသည်တည့် ..။

အပန်းရောင် တက်ထရွန်ဂွက် ထက်အောက်ဝတ်စုံ လေးဖြင့် မွေးထုံသည် ရိုးစင်းသော .. အပြင်အဆင်လေးဖြင့် ကြွေရုပ်လေးနှယ် လှနေပါ၏။

ဟုတ်သည် ..။ ကြွေရုပ်လေး ..။ သူ၏ ချစ်ခြင်း များဖြင့် ထုဆစ်ထားပါလေသော ကြွေရုပ်လေးပါတည့် ..။ မျက်နှာထက်မှာ သနပ်ခါးလေး တင်သည်ဆိုရုံမျှလောက်သာ ရှိနေလျက် ..။ နှုတ်ခမ်းလေးပင် ဆိုးမထားသည့် မွေးထုံ ..။ လက်ဝတ်ရတနာဟူ၍ ဘာဆို ဘာမျှ ဝတ်ဆင်ထားဟာ မရှိသည့် မွေးထုံ ..။ မိန်းကလေးပေမို့ ကျောက်နီနားကပ်လေး တစ်ရန် သည်သာ ဖွေးနုနေသော နားလေးမှာ ပန်ဆင်ထားတာပဲရှိသည်။ အနည်းဆုံး လက်ကောက်မျှပ်မျှင်လေး တစ်ကွင်းမျှလောက် .. လက်စွပ်လေး တစ်ကွင်းမျှလောက်တော့ မွေးထုံ ဝတ်ဆင်ထား တာလေး သူ မြင်ချင်သည်။ လော်ကက်သီး မပါလျှင်သော်မှ .. ရွှေကြိုးမျှင်တစ်ကုံးလေးလောက်တော့ ဆွဲလာတာလေး ရှိစေချင် သည် ..။



ဒါက .. မွေးထုံလေးကို လူသူအကြားမှာ အမြင် တင့်တယ်စေချင်သည့်ဇောဖြင့် သူ တွေးမိခြင်းပါ ..။ ခုကျတော့ .. မွေးထုံမှာ နားကပ်လေးကလွဲ၍ ရွှေစမျှင်မျှင်သော်မျှ ဝတ်ဆင် ထားတာမျိုး ရှိမနေ ..။ ဒါပေမဲ့ .. သူ၏ မွေးထုံလေးသည် .. အခြယ်အမွှန်း ကင်းစင်နေသည့်ကြားမှ အလှတရားများဖြင့် ပြည့်ဝနေချေသည်ပါပဲ ..။ ဘာအကူအပံ့မျှ မပါသောအလှ ..။ မျက်နှာကို အခြယ်အသမရှိ ..။ အဝတ်အစားကလည်း သာမန် အဆင့်မျှလောက်သာ ဝတ်လာနိုင်ရှာလျက် ..။ လက်ဝတ်ရတနာ လည်း မရှိ ..။ ဒါပေမဲ့ .. သူ၏မွေးထုံသည် .. ရှည်လျားသော ဆံကျစ်ရှည်လေး နှစ်ဖက်ကျစ်လေးဖြင့် အရုပ်လေးနှယ် လှနေ သည်။ နန်းဆန်ကြော့စင်နေသည်။ ဆံကျစ်ရှည်လေး၏ အရင်း မှာ ပန်ဆင်ထားပါလေသော အဖြူရောင်ဆွတ်ဆွတ် နှင်းဆီပွင့် နှယ် လှပဖွေးဥနေသည်ပဲ ..။

"တစ်ခုခု စားလိုက်ပါလား မွေးထုံ .. ဟိုမှာလဲ ဖေဖေနဲ့ ဘဘကြီးတို့ စကားစမြည် ပြောနေကြတယ် မဟုတ်လား .. ချက်ချင်းတော့ ပြန်ဖြစ်မယ် မထင်ပါဘူး .."

သူ နူးညံ့သောအပြုံးနှင့် ပြောတော့ မွေးထုံ ခေါင်း လေးခါသည်။ စောစောက ဘကြီးလုပ်သူက .. မစားတော့ .. ဟု ဖြေခဲ့တာကို အသေမှတ်ထားပြီးပြီ ဆိုတာ သူ နားလည်၏။ တကယ့် ကလေးနှယ်ပါလား .. ဟု တွေးဖြစ်ရင်း ပို၍ ရင်ထဲ မှာ မကောင်းနိုင် ..။

သူကိုယ်တိုင်သွား၍ ပန်းကန်ထဲမှာ ခေါက်[illegible]ကြော် နည်းနည်း ..။ ကြက်ဥဟတ်ဖရိုင်ကြော် တစ်ခု၊ ပေါင်မုန့်နှစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းချွက်နံ့ကြော်နည်းနည်းနှင့် ကြက်အူချောင်းကြော် တချို့၊ အာလူးဟက်တလိတ် နှစ်ခုတို့ကို နှစ်ပန်းကန်မှာထည့်၍ ယူလာကာ တစ်ပန်းကန်ကို မွေးထုံ့ရှေ့မှာချသည်။ တစ်ပန်းကန်ကို ဘဘကြီး ထိုင်ခဲ့သည့် ထိုင်ခုံရှေ့ စားပွဲဝိုင်းနေရာမှာ ထားလိုက်ပါ၏။ ဖွန်းခက်ရင်းတပ်ထားပြီးသား ပန်းကန်လေးကို မွေးထုံ ကြည့်ကာ စိတ်အိုက်ပုံလေးဖြင့် ဘကြီးလုပ်သူကို လည်လေးဆန့်၍ မျှော်ကြည့်တာ မြင်တော့ သူ သနားလည်း သနားရ ..။ ပြုံးလည်း ပြုံးမိရနှင့်ပါ ..။ စားရမည့် ကိစ္စ ..။ ဘကြီးဆူမှာ လန့်မနေလျက် ..။ ခွင့်ပြုချက်ရမှ ယူစားရဲမည့် ဟန်လေးသည် အရမ်းကို ဖြူစင်ရိုးစင်းနေလျက် .. သနားစရာလေးလည်းဖြစ် ..။ အချစ်တိုးစရာဟန်လေးလည်း ဖြစ်နေပါ၏။ ဘာတစ်ခုကိုမျှ မွေးထုံလေးသည် လုပ်ယူတာမဟုတ်။ အားလုံးသည် .. ဟန်ပန်ကင်းစင်စွာ .. ရိုးစင်းစွာ ဖြတ်သန်းဖြစ်ဘည်သွားကြလျက် .. ထိုမူရာလေးများ အားလုံးသည်လည်း အချစ်တိုးဖွယ်ချည်း ဖြစ်ဖြစ်နေသည်ကောလေ။

နေရာမှလည်း ထမထွက်မသွားရဲ ..။ ဘကြီးနှင့်အတူစောစောက ထိုင်ခဲ့သည်မို့ထင့် ..။ ထိုင်လက်စ နေရာလေးမှာ ကုတ်ကုတ်လေး ငြိမ်သက်စွာထိုင်ရင်း .. ရှေ့မှ ပန်းကန်ကို စိတ်အိုက်သလိုလေး ငေးကြည့်ကာ မျက်နှာလေးထက်မှာ ရှုပ်ထွေးပင်ပန်းရိပ်လေးတွေပင် ထင်လာနေပြီ ..။ ခဏ ခဏ ဘကြီးကို လှမ်းကြည့်နေသည်ကလည်း ကလေးလေးနှယ်ပါ ..။ သူလက်ကာပြသည်။ 'ခဏ .. ဆိုသည့်သဘော ..။ ခြေလှမ်းမှန်မှန်ဖြင့် သူ စားသောက်စရာတွေထားသည့် စားပွဲရှည်ကြီးသို့ လျှောက်ခဲ့ကာ ပန်းကန်ထဲ စောစောကနှယ်ပင်ထည့်၍ ပြန်လျှောက်လာပါ၏။ သူပါ ဤစားပွဲမှာထိုင်၍ စားသောက်တော့မည်ဆိုတာ နားလည်သွားရလျက် ပို၍ အနေကျုံ့လာပုံလေးဖြင့် တမျှော်တည်း မျှော်၍ ဘဘကြီးကို တကြည့်တည်း ကြည့်နေတော့ သူ ရယ်သည်။



"ဆာနေပြီ ဒေါ်မွေးထုံ .. နေဦး .. ဆာနေပြီဆိုတာက .. ကိုယ်ဆာနေပြီလို့ ပြောတာ .. ဘာမှကို မစားဖြစ်သေးဘူး ခင်ဗျ .. မင်းလေး ရောက်မလာမချင်း စိတ်ထဲ မဖြောင့်နိုင်ဘဲ ဇောကပ်နေတာကြောင့်ပေါ့ .. စားသောက်ဖို့ကို မေ့နေရတဲ့ အထိပါ ဒေါ်မွေးထုံ .. ခု .. စားကြရအောင် .. မွေးနေ့ရှင်နဲ့ အတူတူ .. စားသောက်တာလေးလောက်တော့ အဖော်ပြုသင့်တာပေါ့ .. မဟုတ်ဘူးလား .. ကဲ .. စားပြီ .. ဒီခေါက်ဆွဲကြော်လေးကို စ,စားပြီ .. မင်းလဲစား .. မစားရင် .. ခွံ့ကျွေးပစ်လိုက်မှာနော် .. မွေးနေ့ရှင်ဆိုတာက .. သူ့ ခင်မင်တဲ့သူကို ခွံ့ကျွေးတဲ့ဓလေ့ ရှိတယ် ခင်ဗျ .. အဲဒါကို မေ့မပစ်လိုက်နဲ့ သိရဲ့လား .. တကယ် ခွံ့ကျွေးပစ်မှာ .. ဘာမှတ်လဲ .. မလုပ်ဘူးမထင်နဲ့ .."

ကလေးလေးကို ချစ်စနိုးလေး စ,သလို ပြောနေရင်း ရင်ထဲမှာ ကြည်နူးနေတာပဲ ရှိနေသည်။ ဘဘကြီးကို တကြည့်တည်း ကြည့်နေတာကိုလည်း သူ ချစ်မဆုံးနိုင်ဘဲ ဖြစ်နေရသည်ပါပဲ ..။

"ဖြူစင်လိုက်တာ .. ဖြူစင်လိုက်တာဗျာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ရင်ထဲ ညည်းမိရသည် အထိပါ ..။ ဤမိန်းကလေးသည် သူ့နှလုံးအိမ်တွင်းဆီသို့ အရမ်းကို ဖြူစင်သော ခြေလှမ်းနုနုလေးတွေဖြင့် တိုးဝင်လာခြင်းပါတကား ..။ သူ ငေးကြည့်ပစ်လိုက်ချင်သည်။ တစိမ့်စိမ့်မျှ ကြည့်နေချင်သည်။ ဩော် .. ကြည့်၍ပင် မဝနိုင်အောင် .. မြတ်နိုးစဖွယ် မိန်းကလေး ..။ ချစ်စဖွယ် မိန်းကလေး ..။

သူ .. ဇွန်းဖြင့် ခေါက်ဆွဲကြော်ကို ထိုးကော်ထားရာမှ ပြန်ချ ..။ ခက်ရင်းဖြင့် ကြက်အူချောင်းတစ်ခုကို ထိုးစိုက်ကော်ယူလိုက်ကာ လက်လှမ်းတော့မလို ပုံကြီးဖြင့် ..

"ကဲ .. မစားရင်ဖြင့် .. ခွဲ့ကျွေးတော့မှာ ခင်ဗျ ဒေါ်မွေးထုံ"

ဟုပြောကာ တကယ်လုပ်မည့်နှယ် လက်ကို ရှေ့ဘက်ကမ်းမယောင်ပြုတာနှင့် လန့်ခနဲဖြစ်လျက် ကမန်းကတန်း ဇွန်းခက်ရင်းကို ကောက်ကိုင်လိုက်ရှာသမျှ .. သူ အချစ်တိုးစွာ ပြုံးကြည့်မိရပြန်ပါပြီတည်း ..။ ကြည့်ရင်း ကြည့်ရင်း .. ပို၍ချစ်စရာမှုရာ ဖြူစင်စင်လေးတွေကို တွေ့ပြီးရင်း တွေ့နေရ ..။ ချစ်ပြီးရင်း ချစ်နေရသည့် အဖြစ်ပါတကား ..။

ခေါက်ဆွဲကြော်ကို ခေါင်းလေးငုံ့ချကာ အမြန်ကြီးစားလိုက်တော့ သူ ကြည့်ရင်း ရယ်သည်။ လက်ထဲမှ ကြက်အူချောင်း ထိုးစိုက်ထားရာ ခက်ရင်းကို မြှောက်၍ သူ နှုတ်ခမ်းနားတော့ပြီး ရယ်နေရင်းဖြင့်ပဲ စားဖြစ်၏။ စားမည့်စားတော့လည်း ကြောက်ကြောက်နှင့် တစ်ဇွန်းပြီးတစ်ဇွန်း စားနေသည်မို့ သူထပ်၍ ရယ်သံပွင့်ကျအောင် ရယ်မိကာ ..



"ခေါင်းမမော့တမ်း စားနေတာနဲ့ .. အားလုံးကုန်တော့မှာပဲ .. ကုန်ရင် .. ထပ်ဖြည့်ပေးမှာနော် .. ထပ်စားရလိမ့်မယ် သိရဲ့လား .. ဘယ့်နှယ်ဗျာ .. စကားလေး ဘာပြောပြောနဲ့ စားရမလား မှတ်ပါတယ် .. မွေးနေ့ရှင်ကို ငုတ်တုတ်ကြီးရှေ့ထားပြီး .. အစားတွေ နင်းကန်ငုံ့တီးနေရလားဗျာ .."

ဟု ဆက်နှောက်တော့ မွေးထုံ မျက်နှာလေး မော့လာ၏။ ရှက်အမ်းအမ်းလေး ဖြစ်သွားလျက် ဖန်ခွက်ကို ကောက်ကိုင်ကာ ရေတွေ နင်းသောက်နေတော့ သူ ဖန်ခွက်ကို လှမ်းယူသိမ်းရပြန်သည်။ ဤကောင်မလေးနှင့်အတူ ဘဝတစ်ခုကို တည်ဆောက်ရလျှင်ဖြင့် အတော်လေးကို ကြည်နူးဖို့ကောင်းချေမှာအမှန် ..။ ဤမျှ ရိုးစင်းသော မိန်းကလေး တစ်ယောက်ကို သူလက်တွဲခွင့် ရမည်ဆိုလျှင် သူ့လောက် ကံကောင်းမည့်သူ ရှိမည်မဟုတ် ..။ ကြည့်လေလေ .. ရိုးစင်းဖြူစင်တာလေးတွေ ပို၍များလာလေလေပါ ..။ မွေးထုံ ဆိုသည့် မိန်းကလေးသည် .. ဖြူစင်ရိုးသားခြင်းဆိုသည့် တန်ဖိုးကြီးသော နှလုံးအိမ်လေးဖြင့် ဘဝမှာ ရပ်တည် ရှင်သန်နေချေသည်ပဲ .. ဟု သိလာရလေလေ .. ပို၍ တန်ဖိုးထားရလေပါ ..။

"မွေးနေ့လက်ဆောင် ယူမလာနဲ့လို့ ကိုယ်ပြောထားတာတော့ မှန်တယ် .. ဒါပေမဲ့ .. ခု .. အဲဒီ မှာမိခဲ့တာကို ပြန်ရုပ်သိမ်းချင်နေပြီ မွေးထုံ .."

ဟု ပြောကာ ပါးစပ်လေးသုတ်ဖို့ လက်သုတ်ပဝါဖြူလေးကို ကမ်းပေးတော့ ယူသုတ်ရင်းမှ သူ့ကို လန့်လန့်ကြီး ကြည့်လာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မွေးထုံ ... ဘာမှ ... ယူမလာခဲ့ဘူး ကိုကြီး ..."

ကိုကြီး ...။ သူ ... ရင်ထဲ ပို၍ကြည်နူးချမ်းမြေ့ရပြန်ပါပြီ ...။ စောစောပိုင်းက ... ကိုကိုကြီးဟု ခေါ်ရာမှ ... ခု ... လွှတ်ခနဲ ခေါ်လာသည်က ... ကိုကြီးတဲ့လားလေ ...။ ပို၍တရင်းတနှီးနိုင်လာသည့် အခေါ်လေးပါတကား ...။ ကိုကိုကြီး ... ဟု မြရိပ်သာမှာ သူ့ကို ဖေဖေ့သားမှန်း သိသိချင်း တရိုတသေကြီး ခေါ်ခဲ့သည့် အခေါ်လေးက ... နည်းနည်းလေးတော့ ... အထက်အောက်ဆန်နေသေးသည်။ သူက ... ပို၍ အဆင့်အတန်းမြင့်နေသည့်နေရာမှာ ရှိနေလျက် မွေးထုံက ... သူ့ကို တရိုတသေကြီးထား၍ ခေါ်ရသလိုတော့ ဖြစ်နေသေးသည်။ ထိုကိုကိုကြီးဟုခေါ်သည့် အခေါ်လေးကလည်း သွေးသားရင်းချာတော့ ဆန်ပါသည်။ ဒါပေမဲ့ ... အရိုသေခံ သူတစ်ယောက်ကို ခေါ်ရတာမျိုးလည်း နွယ်နေသည်။ ခု ... ခေါ်လိုက်သည့် ကိုကြီး ဆိုတာက ... ပို၍ တရင်းတချာလည်း နိုင် ...။ ပို၍လည်း ရင်းနှီးမှုက ခိုင်မြဲမှုတိုးလာသည့်နှယ် ဖြစ်နေသည်။ ကာလကြာရှည်စွာ မပြောင်းမလဲစွာ ... တရင်းတချာ ရှိခဲ့ကာမျိုးလည်း ကျန်နေသည်။ ဤသို့ခေါ်တာလေးကို သူ ပို၍နှစ်သက်မိရ ... ကြည်နူးမိရပါ၏။

"ဟုတ်ပါတယ် ... ခု ... ကိုကြီးက ... လက်ဆောင်လိုချင်နေပြန်ရောကွ ..."

သူ့ကိုယ်သူ ... ကိုကြီးဟု လိုက်၍ပြောမိရသည်ကိုက ... ထိုအခေါ်လေးကို ချစ်လွန်း၍ပါ ...။

"ဒုက္ခပါပဲ ..."



မွေးနေ့လက်ဆောင် ယူမလာသည့် မွေးထုံ ရင်တွင်း မှကျိတ်၍ ညည်းမိရခြင်းပါ ...။ တကယ်က ... လက်ဆောင်ယူမလာဖြစ်ရသည်က ဘဘကြီးကို လန့်၍လည်း ပါပါသည်။ မွေးနေ့လက်ဆောင် တစ်ခုခုကို ... ကိုကြီးကို မွေးထုံ ပေးမှာမျိုးကို ဘဘကြီးကလည်း ခွင့်ပြုမှာမဟုတ် ...။ အဝတ်အစားကောင်းလေးကိုသော်မျှ ပေးမဝတ်သည့် ဘဘကြီးသည် လက်ဆောင်ဆိုတာကိုလည်း ပေးခွင့်ပြုမှာ မဟုတ် ...။ အိမ်မှထွက်ခါနီးမှာ ဘဘကြီးသည် တိုက်ပုံအတွင်းအိတ်မှာ တစ်ခုခုကို ထည့်ထားနှင့်ပြီးသည့်နှယ်ဖြင့် ပါမပါ ပြန်စစ်သလို လက်ဖြင့်စမ်းကြည့်လိုက်တာကိုတော့ မြင်ခဲ့ရသည်မို့ ...။ ဘဘကြီးကတော့ဖြင့် ကိုကြီးအတွက် လက်ဆောင်တစ်ခုခု ယူလာလိမ့်မည်ဟုတော့ မျှော်လင့်ထားမိရသည်ပါပဲ ...။ မွေးနေ့လက်ဆောင်ပါ ... မပါ ဆိုတာကိုလည်း ဖွင့်မမေးရဲ ...။ မွေးထုံ ယူခဲ့ချင်ပေမယ့်လည်း မယူရဲ ...။

တကယ်က ... မွေးထုံထံမှာ အဖိုးတန်လက်ဆောင်ပေးစရာဆို၍ ရှိတာမဟုတ် ...။ ဒါပေမယ့် ... ဆောင်းတွင်းဘက်မှာ ဆောင်းဖို့ ထိုးထားပါသည့် သိုးမွေးဦးထုပ် အပြာရောင်လေးကတော့ ရှိနေသည်လေ ...။ ဘဘကြီးအတွက်ကျတော့ အပြာရင့်ရောင် သိုးမွေးဦးထုပ်လေး ထိုးထားခဲ့တာမို့ ...။ ဘဘကြီးအတွက် [illegible] မပြန်ထိုးလိုက်ကာ ... ထိုအပြာရင့်ရောင်ဦးထုပ်လေးကို ... ကိုကြီးအတွက် လက်ဆောင်ပေး၍တော့ ဖြစ်နိုင်သည်ပါပဲ ...။ ဒါပေမဲ့ ... ဘဘကြီးကို ခွင့်မပန်ရဲပြန် ...။

သေချာကြွေစက္ကူလေးနှင့် ထုပ်ပတ်ထားခဲ့ပါသည့် လက်ဆောင်ထုပ်လေး ဆိုတာက အိမ်မှ သံသေတ္တာလေးအတွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ တိတ်ဆိတ်စွာ ချန်နေခြင်း ခံရပါသည့် ဦးထုပ်လေးအဖြစ်ရှိနေရစ်ခဲ့ရသည်သာ ..။

"အဲမယ်လေးဗျာ .. နှမြောစိတ် ကြီးနေလိုက်တာ မိန်းကလေးရာ .. လက်ဆောင်ပေးဖို့ ကိုယ်တိုင်ဖွင့်တောင်းနေရသလိုကြီး ဖြစ်နေပြီကွ .. စောစောက မှာခဲ့တာတော့ မှာခဲ့တာပေါ့ ကောင်မလေးရ .. မွေးနေ့လက်ဆောင် မလိုပါဘူးလို့ .. ဒါပေမယ့် .. အမှတ်တရ ဆိုတာတော့ ဒီနေ့အတွက် မင်းလေးနဲ့ ကိုကြီးတို့ နှစ်ယောက်မှာ ကျန်နေဖို့တော့ လိုနေတယ်လေ .. ဒီတော့ .. မင်းပန်ထားတဲ့ နှင်းဆီပန်းဖြူဖြူလေးကို ပေးလိုက်ပါလား .."

ဟု ပြောလာတော့ ဖြုန်းဆို မွေးထုံ ရင်ထဲပေါ့ပါးသွားရသည်။ တော်သေးရဲ့ .. ဟု တွေးမိလိုက်ရသည်က .. လက်ဆောင်တစ်ခုခု မပါခဲ့၍ .. အကျပ်တွေ့နေရလေ သမျှ .. နှင်းဆီပန်းငလေး ဖြုတ်ပေးလိုက်တာနှင့် အဆင်ပြေသွားသည်ပဲ .. ဟု ဝမ်းသာအားရလေး ချက်ချင်းဖြစ်သွားရ ..။ ကလေးလိုပဲ .. ခပ်မြန်မြန်လေး ပန်းလေးကိုဖြုတ်၍ တရိုတသေလေး လက်နှစ်ဖက်ဖြင့် ပေးလိုက်ရနှင့် ရှိသွားရသည်က သွန်းမွေးထုံပါ ..။ ခုမှအပြစ်ကင်းသွားရသလို .. တာဝန်ကျေသွားရသလိုကြီး ဖြစ်ရသည်လေ ..။

မွေးနေ့ပွဲကျတော့ အကျသား လာသည်။ လက်ဆောင်ကျတော့ မသိဆိုးဝါးစွာပဲ ယူမလာသည့် အပြစ်ကြီးတစ်ခုနှယ် ကျဉ်းထဲကျပ်ထဲ အနေခက်ရ .. အထိုင်ခက်ရနှင့် ရှိနေရလေသမျှ ကျွတ်လွတ်သွားရသည်သို့ ဖြုန်းစားကြီးတော့ ခံစားလိုက်ရသည့်အဖြစ် ..။



ဒါပေမယ့် ..။ သြော် .. ဒါပေမယ့် .. ပန်းလေး .. ကိုကြီး လက်ထဲ ရောက်သွားပြီးမှ .. မှားပြီဟု စိတ်မောမောဖြင့် သတိဝင်လာရသည်ကလည်း သွန်းမွေးထုံပါ ..။

လူရွယ်လေးတစ်ယောက်ကို .. မိန်းမပျိုလေးတစ်ယောက်က .. ကိုယ်ပန်ဆင်ထားသည့် ပန်းလေးကို ဖြုတ်ပေးသည်ဆိုတာ .. သင့်သည်မှ မဟုတ်ချေပဲလေ ..။ ခုမှ .. ပိုဆိုးလာရပါသည့်အဖြစ် ..။ စောစောကတော့ လက်ဆောင်မပါခဲ့ချိန်မှာကျမှ မွေးနေ့ရှင်က လက်ဆောင်ဖွင့်တောင်းတာမို့ .. အနေရခက်ရ .. မျက်နှာပူရ .. အားနာရနှင့် စိတ်တွေ ရှုပ်ထွေးပင်ပန်းနေရတာပဲ ရှိခဲ့လျက် ..။ ခုမှ .. ပိုဆိုးနေရပါသည့်အဖြစ်။

ဒီအချိန်မှာကျတော့ .. ကိုကြီးကလည်း .. ဝတ်ထားသည့် ကုတ်အင်္ကျီအပေါ်အိတ်ကပ် နေရာမှာ လှလွန်းနေပါသည့် နှင်းဆီပန်း ဖြူဖြူလေးကို နူးညံ့စွာဖြင့် ကိုင်တွယ်၍ ထည့်လိုက်ပြီး ဖြစ်နေပါပြီတည်း ..။

မွေးထုံ အလန့်တကြားလေး ဘဘကြီးကို ကြည့်မိတော့ .. ဘဘကြီးရော .. ဘဘဦးထင်ခိုင်ရော လှမ်းကြည့်နေကြတာနှင့် ဆုံသည်။ ဘဘကြီး မျက်နှာကတော့ အရမ်းကို တည်နေသည်။ ဘဘဦးထင်ခိုင်ကတော့ ပြုံးနေသည်ပါပဲ ..။

"ပန်း .. ပန်း .. ပြန်ပေးပါလားဟင် .."

ဟု အပြစ်မှလွတ်အောင် ပြန်တောင်းသလိုလေး မွေးထုံ ပြောနေသမျှ သူကလည်း ချစ်ရိပ်များ ပြည့်သိပ်နေပြီဖြစ်သည့် နှလုံးအိမ်ကိုရင်း၍ တမြတ်တနိုးကြီးကို ငေးကြည့်မိရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မျက်စိတော့ စွန့်တော့မှာပဲ ဒီကောင်မလေး .. မွေးနေ့လက်ဆောင်ကို ပြန်တောင်းရတယ်လို့ကွာ .. ကဲ .. အမိ .. စားလိုက်ဦး .."

ဟု သူရယ်၍ပြောတော့ ဘဘကြီးကို လှမ်းကြည့်ပြန်သည်။ ဘဘကြီးရော ဖေဖေရော လာနေကြတာကို မြင်ရသည်မို့ ပြုံး၍ထရပ်ကာ ကြိုရပါ၏။ ဖေဖေလည်း စားပွဲမှာ ဝင်ထိုင်တာမို့ သူထ၍ ပန်းကန်ထဲ စားသောက်စရာတွေ ထည့်ယူလာကာ ဖေဖေ့ရှေ့ ချပေးရပါ၏။ ဖေဖေနှင့် ဘဘကြီးတို့ အတူထိုင်၍ စားသောက်ကြ ..။ ပြီးစီးလုစက်ရုံကိစ္စ .. အလုပ်သမားတွေကိစ္စတွေ ပြောဆိုနေကြသည်က အေးအေးချမ်းချမ်းပါ ..။ မွေးထုံ ထိုအခါမှ နည်းနည်းဖွဲ့လေး မျက်နှာလန်းလာသည်။ ကြည့်ရတာ .. ဘကြီးလုပ်သူ မစားသေးခင်မှာ ကိုယ့်သဘောနှင့်ကိုယ် စားလိုက်သလိုကြီး ဘကြီးက မြင်သွားမှာ .. အပြစ်ဆိုမှာ စိုးရိမ်နေပုံရပါ၏။

ကြာလေ .. ဤမိန်းကလေးကို သူ မြတ်နိုးမှုပိုလာရလေ .. တန်ဖိုးထားလာရလေပါ ..။ အားလုံး အပြစ်ကင်းစင်နေသည်။ ဟုတ်သည် ..။ အပြစ်ကင်းစင်လွန်းနေသည်။ ကြည့်တာလေးကအစ ..။ နေတာလေးကအစ .. အားလုံးသည် အဖြူအစင်သက်သက် ..။ ကြွေရုပ်လေး ချထားသည့်နှယ် လှလည်း လှလွန်းသည့် မွေးထုံသည် .. နာမည်နှင့်လိုက်အောင် မွေးထုံသင်းဝေသော ပန်းလေးတစ်ပွင့်နှင့်လည်း တူနေသည်။ ရွှေနံ့သာရွှေအဆင်းအဖြစ် သွန်းထုံမွမ်းထားပါသည့် ရွှေစင်သွန်း အရုပ်လေးနှင့်လည်း တူနေချေသည်တည့် ..။



စားသောက်ပြီးစီးတော့ ဘဘကြီးက လက်မှာပတ်ထားသော နာရီကို ငုံ့ကြည့်ကာ သူ့ကိုရော ဖေဖေ့ကိုရော နှုတ်ဆက်သလို ကြည့်သည်။ ပြုံး၍လည်း ထရပ်သည်။ တိုက်ပုံအတွင်းအိတ်ကပ်တွင်းမှ လက်ဆောင်ပစ္စည်းလေးကို ထုတ်ယူ၍ သူ့ထံသို့ ကမ်းပေးလာပါ၏။

"ဒီလက်ဆောင်လေးဟာ .. တန်ဖိုးရယ်လို့တော့ မရှိပေဘူးပေါ့ လူလေးရယ် .. ဘဘကြီး ကိုယ်တိုင်ထုထားတဲ့ ပန်းပုရုပ်လေးတစ်ခုပါ .. ကိန္နရီကိန္နရာပုံ ပန်းပုရုပ်လေးပါကွယ် .. ကိန္နရီကိန္နရာ ဆိုတာ မျိုးနွယ်တူ အဆင့်တူမှ .. ပေါင်းစပ်ကြတာလေ .. သစ္စာလဲရှိကြတယ် .. တင့်တယ်လဲတင့်တယ် .. ကျက်သရေလဲရှိ .. လူတွေကလဲ .. အမြဲ .. စံနမူနာပြုလို့ တန်ဖိုးထားကြတယ် .."

ဟု ပြောလည်းပြော ..။ ဝင်းလဲ့နေသော ကျွန်းသား ကိန္နရာကိန္နရီမောင်နှံ တောင်ပံချင်းယှက်၍ ပျံတော့မည့်ဟန် ထုထားပါသည့် ပန်းပုရုပ်ငယ်လေးကို ကမ်းပေးလာသည်မို့ သူ တရိုတသေပင် လက်ခံယူပါ၏။

မွေးထုံကတော့ ဘဘကြီး ဘာကိုဆိုလိုသည်ဆိုတာ သိနေရသည်မို့ ကိုကြီး လက်တွင်းမှ ကိန္နရီမောင်နှံ ပန်းပုရုပ်လေးကို မျက်နက်ဝန်းလေးတွေနှင့် ငေးစိုက်ကြည့်ရင်း ..

"ကိုကြီးလို အဆင့်ဟာ .. ကိန္နရာပေမို့ .. ကိန္နရီမယ်လေးနဲ့သာ ထိုက်တန်တယ်လို့ သတိပေးနေတာပါပဲလား"

ဟု သဘောပေါက်သွားရပေမယ့် ..။ ကိုကြီး[illegible]တော့ ထိုသို့ နားလည်ရှာပုံမရ ..။ အရမ်းကို အသက်ဝင်လှပါသည့်

www.burmeseclassic.com

www.burmeseclassic.com



ပန်းပုရုပ်ငယ်လေးကို တစိမ့်စိမ့်ပင် ကြည့်နေပါသေးသည့်အဖြစ် ..။ မိုးနှယ်တူ အဆင့်တုမှ ပေါင်းစပ်ကြတာလေ .. ဆိုသည့် ဘဘကြီး၏ စကားအတိမ်အနက် .. လေးနက်မှုကို လောလောဆယ်မှာ ကိုကြီး သဘောပေါက်သေးဟန်မတူ ..။ ဘဘကြီးကိုပင် ကျေးဇူးတတင်ဖြင့် လက်အုပ်ချီ၍ လက်ခံယူခြင်းပါတည့် ..။

"ကဲ .. ဘဘကြီးတို့ ပြန်မယ် မောင်ခိုင်မြ .. ကိုထင်ခိုင် .. ကိုယ် ပြန်မယ် .. ခုလို .. တခမ်းတနားရှိတဲ့ မွေးနေ့ကို ဖိတ်ခေါ်တဲ့အတွက် သူငယ်ချင်းကိုရော .. မွေးနေ့ရှင် လူလေးကိုရော ကျေးဇူးတင်ပါတယ် .. ဒီလိုပွဲမျိုးဆိုတာ ကြုံခဲ့တဲ့ပွဲ .. မကြုံဘူးတဲ့ ပွဲပေကိုး .."

ဟု ပြောကာ ဘဘကြီး ပြန်တော့ ဘေးမှ မွေးထုံလည်း ဘဘဦးထင်ခိုင်နှင့် ကိုကြီးကို လက်အုပ်လေးချီ၍ နှုတ်ဆက်အား ဘဘကြီးနှင့်အတူ ပြန်လှည့်ထွက်ခဲ့ရသည်ပါပဲ ..။

အခန်းမှ အထွက်တွင် နောက်ကို လှည့်ကြည့်ချင်စိတ် အရမ်းဖြစ်နေရပေမယ့် .. လှည့်မကြည့်မိအောင် ကြိုးစားရင်း မွေးထုံ ဘဘကြီး ဘေးမှာ ယှဉ်၍လိုက်လာခဲ့ရသည်ပါပဲ ..။

ပန်းပေးလိုက်သည့် ကိစ္စကို .. လောလောဆယ်မှာ ဘဘကြီး ဘာကိုမျှ မမေးသေးသည့်အတွက်ရော .. မဆူသေးသည့် အတွက်ရော မွေးထုံ နည်းနည်းနေသာသလို ရှိသွားရပါသည့် အဖြစ် ..။

တံခါးလွန်သည်အထိ .. မွေးထုံတို့နှစ်ယောက် ထွက်သွားတာကို သူ ငေးကြည့်ကျန်ရစ်ခဲ့ရလျက် ဘေးမှာရှိနေသည့် ဖေဖေ့ကိုလည်း သူ ကြည့်မိရသည်။ ဖေဖေကလည်း သူ့ကိုရော ..



မွေးထုံတို့ကိုရော တစ်လှည့်စီ ပြုံးကြည့်ကျန်ခဲ့သည်ပါမဲ ..။ သူ့ အင်္ကျီအိတ်ကပ်တွင်းမှ နှင်းဆီဖြူပွင့်လေးကိုပင် ဖေဖေကပြင်၍ ပိုလှအောင် ထိုးပေးပြီး ပြုံးကာပခုံးကိုပုတ်၍ ဧည့်သည်တွေဘက် ထွက်သွားစဉ်ခိုက် ..

"ညကျရင် .. ဧည့်စဲချိန်မှာ .. ဖေဖေ့ကို .. သားပြောစရာ တစ်ခု ရှိနေပါတယ် ဖေဖေ .. ဖေဖေ့ဆီက မွေးနေ့လက်ဆောင်တစ်ခုကို တောင်းချင်လို့ပါ ဖေဖေ"

ဟု သူပြောခိုက် ဖေဖေပြုံး၍ ခေါင်းညိတ်ပြသွားပါ၏။ ဖေဖေ လျှောက်သွားသည်က .. မိုင်းခမ်းမြို့ကြီးပေါ်မှ ဖေဖေ ဖိတ်ကြားထားပါသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ ထံသို့ပါ ..။ သူ့မွေးနေ့ပွဲသို့ မွေးထုံတို့ထက်ပင် နောက်ကျစွာ ရောက်လာကြသည်က သူတို့၏စက်ရုံမှာ အလုပ်လုပ်မည့် အလုပ်သမားများပါတည့် ..။ ဒါကလည်း သူ ဖိတ်ကြားခြင်းပါ ..။ စက်ရုံမန်နေဂျာ တာဝန်ကိုယူမည့် ဦးမင်းဇံကို သူက တာဝန်ပေးခဲ့သည်လေ ..။ သူနှင့် လက်တွဲအလုပ်လုပ်ကြရမည့် အလုပ်သမားများနှင့် သူသည် တစ်သားတည်း တရင်းတနှီး ရှိချင်သည်ဟု ..။ သူက .. မဖြစ်မနေ လာကိုလာရမည်ဟု မှာထား၍သာ မဝံ့မရဲနှင့် လာကြရှာတာလည်း အရမ်းသိသာသည်ပါပဲ ..။ လက်ထဲမှာလည်း ခြံထွက် သစ်သီးသစ်နှံလေးတွေ ထည့်ထားရာ ခြင်းလေးတွေ ပါသူကပါ။ သေသပ်စွာ ထုပ်ပတ်ထားပါသည့် လက်ဆောင်ထုပ်ငယ်လေးတွေ ပါသူကပါနှင့် မဝံ့မရဲ လာကြသူများပါတည့်။ ဒါပေမဲ့ .. ထိုသူတို့၏ မျက်ဝန်းအိမ်မှာ တစ်ခုတော့ တူညီစွာ ခိုတွယ်၍ပါလာကြသည်က .. မဝံ့မရဲခြင်းနှင့်အတူ ကြည်နူးဝမ်းမြောက်ခြင်းဆို

www.burmeseclassic.com

www.burmeseclassic.com



သည့် အရာများပါ ..။ ခုလို .. သူ့ငွေသားလေးက .. သူတို့ကို ဖိတ်သည်ဆိုသည့်အတွက် အလွန်တရာကိုမှ .. ကြည်နူးနေကြသည့် အရိပ်တွေကလည်း မျက်ဝန်းများမှာ အသေအချာကြီးကို ပါလာကြပါသည့်အဖြစ် ..။

ညှော်သံညည်တွေအားလုံး ပြန်သွားကြသည်အထိ .. သူတို့ သားအဖနှစ်ယောက် ဧည့်ဝတ်ပြုကြရလျက် ..။ ဧည့်စဲချိန်မှာ ပင်ပန်းကျန်ခဲ့ကြရသည်ကတော့ အမှန်ပါ ..။ နောက်ဆုံး .. အခန်းမှာ ခဏပြန်နားကြ ..။ ရေမိုးချိုးကြ ..။ တစ်ချက်လဲလျောင်းရနှင့် သူရော ဖေဖေရော ခဏအပန်းဖြေပြီးမှ .. ဖေဖေ့အခန်း သို့ သူ ဝင်ဖြစ်ခဲ့ရပါ၏။

ဤနေ့မှာ .. သူ .. ဖေဖေ့ထံမှာ တောင်းဆိုမည့် အရာတစ်ခုက ရှိနေပြီ ..။

အရမ်းကို လေးနက်မြတ်နိုးစွာ ခွင့်ပန်တောင်းဆိုမည့်အရာ ..။ တန်ဖိုးထားလွန်းစွာ ခံစားရင်း ခွင့်ပန်ပူဆာရမည့် အရာ ..။ ထိုအရာသည် .. သူ့နှလုံးအိမ်တွင်းမှာ ယှဉ်တွဲ၍ပါလာ၏။

သူ မြတ်နိုးသော .. သူ၏ မိန်းကလေးသည် .. သူ့မြတ်နိုးခြင်း နှလုံးအိမ်တွင် .. သူ မြတ်နိုးစွာ ဆင်ထားအပ်ပါသော ပန်းနွယ်ကြိုး ဒန်းလေးမှာ လှပစွာ စီးခိုနေရင်း ပါလာနေသည်သို့ ခံစားဖြစ်၏။ ဩော် .. သူ၏နတ်သမီး ..။ သူ့နှလုံးသား နတ်သမီးငယ်လေးသည် .. သူ့နှလုံးအိမ်မှလွဲ၍ .. အဘယ်မှာ ရှိနေနိုင်အုံးမည်တဲ့လဲလေ ..။

"ဖေဖေ .."



ညဝတ်ဖဲအင်္ကျီ အဖြူရောင်ကို ဝတ်ဆင်ထားပြီး ဖြစ်နေပါသည့် ဖေဖေသည် ပြတင်းအနီးမှာရပ်လျက် အပြင်ဘက်ကို ငေးကြည့်နေတာနှင့် ကြုံသည်။ သူ့ခေါ်သံကြောင့် ဖေဖေ လှည့်လာ၏။ တစ်ခုခုကို လေးလေးနက်နက် တွေးနေသည့်နှယ် ဖေဖေ့ မျက်နှာက တည်ငြိမ်လွန်းနေသည်။ ဒါပေမဲ့ .. ချက်ချင်း ပြုံး၍ သူ့ထံသို့ လျှောက်လာပါ၏။ သူ့ပခုံးကို ပုတ်၍ကြည့်လာရင်းမှ ..

"ဖေဖေ .. ခုပဲ .. သားဆီကို လာမလို့ပဲ နိုင်မြ .. ဖေဖေ သားတောင်းမယ့် မွေးနေ့လက်ဆောင်ကို .. ပေးဖို့အတွက်လေ .. မေးဖို့အတွက်လေ .."

ဟု ပြုံး၍ ရွှင်ပျပျ ပြောလာပါ၏။

"ပြောလေ သား .. ဖေဖေ ကြားချင်နေပြီကွ .."

ရယ်သံစွက်လျက် ဖေဖေ ခပ်လောလော ပြောနေတော့ သူ ရှက်သလို ရယ်လိုက်မိသည်။ နည်းနည်းတော့ နေရထိုင်ရ ခက်သည်လေ ..။ ကိုယ်မြတ်နိုးသည့် မိန်းကလေးနှင့် ပတ်သက်၍ ဖေဖေ့ကို ပြောရမည့်ကိစ္စ ..။ သားအဖချင်း ဆိုပေမဲ့ မျက်နှာတော့ နည်းနည်းထားရခက်ရ .. ရှက်ချင်ချင် ဖြစ်ရနှင့်ပါ ..။

ဖေဖေ့အခန်းမှာ သူစကားထွေရာပြောဖို့ အစဉ်သဖြင့် ရောက်လာဖူးသည်။

ဒါပေမဲ့ .. ခုတစ်ကြိမ် ရောက်နေခြင်းက ခါတိုင်းနှင့်တူမနေ ..။ သူ ခုတင်ထက်မှာ ထိုင်လိုက်မိရင်း ဖေဖေ့ကို

www.burmeseclassic.com

www.burmeseclassic.com



မငဲ့မရဲ ထပ်ကြည့်မိသည်။ ဖေဖေကလည်း သူ့ရှေ့လာရပ်ရင်း ခါးထောက်၍ ခပ်ပြုံးပြုံး မျက်ခုံးကြီးပင့်ကာ ကြည့်နေပြန်၏။ ပြီးတော့ .. ဖေဖေ ရယ်ချလာသည် ..။

"ဘယ်လောက် တန်ဖိုးကြီးနေတဲ့ လက်ဆောင်မို့လို့လဲ သား .. တောင်းရမှာ ခက်နေပုံရတယ် .."

ဟု မေးလာတော့ သူ တစ်ချက် ချောင်းဟန့်မိရပါ၏။

"သား .. မြတ်နိုးတဲ့ မိန်းကလေးကို တွေ့ထားပါပြီ ဖေဖေ .."

ဟု ပြောမည့် ပြောတော့လည်း လိုရင်းစကားကို အသိုင်းအဝိုင်း မပါဘဲ ပြောချလိုက်မိရပါသည့် အဖြစ် ..။

ဖေဖေ သူ့ဘေးမှာ လာကပ်ထိုင်သည်။ သူ့ခေါင်းကို ချစ်စနိုး ပုတ်သည်။

"အံမယ် .. ခုလိုကျတော့လဲ .. ဖေဖေ့သားက .. ကလေးလေးလိုပါပဲလားကွ .. ဟေ .. ရှက်နေလိုက်တာ .. လန့်လဲလန့်နေပုံရတယ် .. ဖေဖေ ငြင်းမှာ စိုးနေပုံရတယ် .. ဟုတ်သလား .."

ဟု မေးလာတော့ သူ ခေါင်းယမ်းပြမိသည်။

"သားကို ဘယ်တော့မှ .. စိတ်ဆင်းရဲအောင် ဖေဖေမလုပ်ဘူးဆိုတာ .. သားသိပါတယ် ဖေဖေ .. ဖေဖေ လက်မခံမှာကို သား မစိုးရိမ်ပါဘူး .. သူဟိုဘက်က .. ငြင်းလိုက်မှာကိုသာ သား ကြောက်နေတာပါ ဖေဖေ .."



ဟု ပြောတော့ ဖေဖေ အသံထွက်အောင် ရယ်သည်။ သူ့ပခုံးကို ထုသည်။ လက်သီးဆုပ်နှင့်လည်း ခပ်ဖွဖွ ချစ်စနိုး ထိုးလိုက်သေးသည့်အဖြစ် ..။

"မွေးနေ့လက်ဆောင် တောင်းမယ် ဆိုတာက .. မိန်းမ အတောင်းခိုင်းမယ့်ကိစ္စ ဖြစ်နေသကိုးကွ .. ကိုင်း .. ဘယ်သူလဲ .. အဲဒီ မိန်းကလေး .. သွန်းမွှေးထုံမှ ဟုတ်ရဲ့လား ကွ .. ဟေ .."

ဟု မေးလာတော့ သူ အံ့ဩသလို တစ်ချက်ကြည့်မိသည်။ ဖေဖေကတော့ ပြုံး၍မဆုံးနိုင်ဘဲ ဖြစ်နေလျက် သူ့ကို သဘောကျသလိုကြီး စိုက်ကြည့်နေတော့ သူ လိုက်ရယ်မောလိုက်မိရပါ၏။ တကယ်ပဲ .. ဖေဖေသည် .. သူ စိတ်ဆင်းရဲမည့် ငြင်းပယ်စကားမျိုးကို မပြောမှာကတော့ သေချာနေပြီ ..။ သားတစ်ယောက်တည်း ရှိတာမို့ .. သူ့အပေါ် ဖေဖေ အမြဲစိတ်ချမ်းသာစေခဲ့သည်ချည်း မဟုတ်ပါလား ..။ ခုလည်း သွန်းမွှေးထုံ၏ အမည်ကို ဖေဖေ ဖွင့်မေးလာသည်အထိ ရှိနေသည်မို့ သူ ရင်ထဲချမ်းမြေ့ အေးဆင်းသွားရသည်ပါပဲ ..။

"ဖေဖေ့သားရဲ့ အင်္ကျီအိတ်ကပ်မှာ .. နှင်းဆီဖြူလေးတစ်ပွင့် ထိုးစိုက်လိုက်တာကို လှမ်းမြင်ကတည်းက .. ဖေဖေသိပါတယ် သားရယ် .. သားရဲ့ရင်ထဲမှာ .. ဘယ်သူရှိနေပြီဆိုတာ .."

ဟု ရယ်၍ ထပ်ပြောလာပါ၏။ သူ့ကို မျက်ခုံးကြီး ပင့်၍ ကြည့်နေရင်းမှ ပခုံးကို ထပ်ပုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ပြောလေကွာ .. ဘယ်သူလဲ ဆိုတာ .. ဖေဖေ
ပြောတာနဲ့များ လူချင်းလွဲနေလို့လားကွ .. ဟော .. ဒီလော
စကားပြန်မရတဲ့ကိစ္စကြီး ဖြစ်နေရတာ .."

ဟု မေးလာတော့ သူ ကမန်းကတန်း ဖေဖေ့ကို မော့ကြည့်မိရပါ၏။

လောလောဆယ်မှာ .. သူသည် .. အမြဲတည်မြဲစွာ တစ်ခုခုကို ဆုံးဖြတ်တတ်သည့် နိုင်မြဲ ဖြစ်မနေတော့ဘဲ .. ဖေဖေ့ ရှေ့မှာ ရပ်နေသည့် ကျောင်းသားအရွယ် သားနိုင်မြဲဖြစ် ဖြစ်သွားရချေသည်တကား ..။ သူ .. ဖေဖေ့ကို ခေါင်းလည်းညိတ် ပြမိသည်။

"ဟုတ်ပါတယ် ဖေဖေ .. သူဟာ .. သွန်းမွှေးထုံ ပါ
ဖေဖေ .. သူ့ကို .. စ .. မြင်မြင်ချင်း .. သား .. ဘယ်လို
ဖြစ်သွားမှန်းကို မသိလိုက်နိုင်အောင်ပါပဲ ဖေဖေ .. အရမ်း
ကို .. မြတ်နိုးသွားမိတာ တစ်ခုပဲ ပြောတတ်ပါတော့တယ်"

ဟု ဝန်ခံမိရပါသည့် အဖြစ် ..။ ဖေဖေ ရယ်သည် ..။

"သြော် .. ပြောမယ့်ပြောတော့လဲ .. စမြင်မြင်ချင်းမှာ
မြတ်နိုးမိတာတွေကအစ .. မစစ်ရဘဲ ပေါ်တော့တာကိုး ..
ကောင်းပြီ .. သားတောင်းတဲ့ မွေးနေ့လက်ဆောင် ဆိုတာ
ကို ဖေဖေ သိရပြီ .. ပြန်နားတော့ .."

ဟုပြောကာ အရမ်းရယ်နေတော့ သူ ရှက်အမ်းအမ်းဖြင့် ဖေဖေ့အခန်းမှ ထွက်ခဲ့ရစဉ်ခိုက် ရင်ထဲမှာ ကြည်နူးသွားပါပြီ ..။ ဖေဖေ ကျေနပ်နေသည်ပဲ မဟုတ်ပါလား ..။



ကိုယ့်အခန်း ကိုယ်ပြန်ရောက်တော့ သူ ငိုင်ခနဲတစ်ချက်ဖြစ်သည်။ ရင်ထဲ ဖြန်းဆို လေးလာရသည်မို့ အခန်းထဲမှ ခြေလှမ်းကျဲကြီးနှင့် ပြန်ထွက် ..။ ဖေဖေ့အခန်းသို့ ပြန်ဝင်ခဲ့ရပါ၏။ ခုလို .. သူ ဖေဖေ့အခန်းသို့ အလောသုံးဆယ် ပြန်ဝင်လာသည်ဟု ဖေဖေပင် ထင်ထားပုံမရ ..။ အံ့သြသလို လှမ်းကြည့်လာသည်။ ဖေဖေပင် အိပ်ရာထဲ ရောက်နေပြီ ..။

"ဖေဖေမပြောသေးဘူးလေ .. အဲဒီမွေးနေ့လက်ဆောင်ကိစ္စ .."

ဟု သူမေးလာတော့ ဖေဖေ့ မျက်ခုံးကြီးပင့်၍ ပြန်ကြည့်သည်။ သူ ဖေဖေ့ခုတင်စွန်းမှာ သွားထိုင်လိုက်ကာ ဖေဖေ့လက်မောင်းကြီးကိုလှုပ်၍ ..

"အဲလိုမလုပ်နဲ့လေ ဖေဖေ .. ဖေဖေ အဲဒီ သွန်းမွှေးထုံကို..
လိုက်ပြီး စကားမြန်းပေးပါ့မယ်လို့မှ မပြောသေးတာ .."

ဟု စိတ်မအေးသေးပုံကြီးဖြင့် ဖွင့်ချလာတော့ ဖေဖေ လှဲနေရာမှ ထထိုင်လိုက်ကာ အော်ရယ်သည်ပါပဲ ..။

"အံမယ်မင်းလို့သာ အော်လိုက်ချင်ပါရဲ့ ဖိုးနိုင်မြဲရယ် ..
ဒီအတွက် နောက်ထပ် စိတ်သောကတွေနဲ့ ဝင်လာရသကိုး
ကွ .. ကဲ .. ပြန်နားချေတော့ .. ဖေဖေ .. ဖိုးရွှေမြသိန်း
ကြီးနဲ့ စကားပြောမယ် .. ဟုတ်ပလား .. သွား .. အိပ်
တော့ .. သြော် .. သားရဲ့ခုတင်ဘေး စားပွဲရှည်ကြီးရဲ့
ပထမအံဆွဲမှာ ဖေဖေပေးထားတဲ့ လက်ဆောင် ရှိနေသေး
တယ် .. အဲဒါလဲ .. ဖေဖေပေးတဲ့ မွေးနေ့လက်ဆောင်
တစ်ခု ဆိုပါတော့ .. ခုကတည်းကပဲ .. ဖွင့်ပြောလိုက်ပါ
ရဲ့ .. မွေးနေ့လက်ဆောင်က .. ရွှေလက်ပတ်နာရီတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပဲ .. မေမေ့ကို အမြဲသတိရအောင် ဆိုပါတော့ .. ခုတော့ ပြောလိုက်တော့မယ် .. သားကို အမြဲသတိရစေချင်တဲ့ မိန်းကလေးတစ်ယောက်ကို .. အဲဒီနာရီ မေမေ ပေးခွင့်ပြုတယ် .. သား ပေးလိုက် ..”

ဟု ပြောတော့ သူ ရင်ထဲ လှိုက်ခနဲ ဖြစ်၏။ သေချာချေပြီတည့် ..။ မေမေ .. သွန်းမွေးထုံနှင့် သူ့ကို သဘောမျှခဲ့သည်တကား ..။ မေမေ့ဘေးမှာ ပြန်ရပ် ..။ မေမေ့လက်ကို ဆွဲကိုင်၍ မေမေ့ပါးကို သူ နမ်းသော့ မေမေ အော်ပါ၏။

“ဟော့ကောင်ကြီး .. ဝမ်းသာတာကို .. နည်းနည်းလေး ဟန့်လုပ်စမ်းပါဦးကွ .. ဒီလောက်ကြီး အားလုံး ဖွင့်ချပြီး ပျော်နေရသလား .. နေဦး .. အဲဒီနာရီလေးဟာ .. မေမေက .. သားအတွက် .. ဒီမွေးနေ့မှာ ပေးလိုက်တဲ့ လက်ဆောင်ဆိုတာကိုပဲ .. ပြောပြလိုက်ဖို့ မမေ့နဲ့ဦး .. မေမေ့ မွေးနေ့လက်ဆောင်ကို .. မေမေ့သား မြတ်နိုးတဲ့ မိန်းကလေးကို ပေးလိုက်ဖို့ မေမေက ပြောခဲ့တယ် ဆိုတာကိုလဲ .. သေသေချာချာကြီးကို ပြောပြလိုက်ပါ ခိုင်မြဲ .. ကဲ .. ပွဒ်နိုက် သား .. ပွဒ်နိုက် ..”

ဟု မေမေ ရယ်၍လည်းပြော ..။ ညအိပ်မီးကို ဖွင့်လိုက်တာမို့ သူ .. ပြုံး၍ မေမေ့အခန်းမှ ထွက်လာစဉ်ခိုက် ..။ မေမေ့ လက်လှမ်းမီရာမှာ ခလုတ်လေး ရှိနေပါသည့် မေမေ့အခန်း၏ မီးဆိုင်းမီးကို မေမေ ပိတ်လိုက်သည်မို့ ..။ မေမေ့ အခန်းလေးသည် ညအိပ်မီးရောင် ပြာလဲ့လဲ့လေးဖြင့် ကျန်ရစ်ခဲ့ရပါသတည်း ..။



သူ .. လသာဆောင်မှာ တစ်ယောက်တည်း ရပ်နေမိလျက် ပန်းခြံကို ငေးကြည့်နေမိရှာသဲ။ လကတော့ လွင်နေအောင် သာနေသည်ပါပဲ ..။ လရိပ်လွှင်သောည ..။ ပန်းတို့မွှေးထုံသောည ..။ ကြော် .. သူ၏နှလုံးသား လမင်းသာသောည ..။ သူ၏ နှလုံးသား ပန်းပွင့်လေး မွှေးထုံသော ညပါတကား ..။

မင်းကို .. ချစ်လိုက်ရတာ မွှေးထုံရယ် ..။ ကိုယ့်ရင်ထဲမှာ .. မင်းကိုချစ်တဲ့ အချစ်တွေပဲ ရှိနေကြတယ် ..။ ချစ်ခြင်းတွေပဲ အရာရာ အရေးကြီးဆုံး အဖြစ်နဲ့ .. ကိုယ့်နှလုံးအိမ်မှာ မြဲတည်နေကြတယ်။ ကိုကြီးရဲ့ နှလုံးအိမ်ထဲမှာ ရှိနေတဲ့ .. သတို့သမီးငယ်လေးရယ် ..။ အချစ်ကို တိုင်တည်လို့ ကိုကြီး ဆုတောင်းလိုက်ပါဘယ် မွှေးထုံ ..။ လမင်းကို သစ္စာတိုင်လို့လည်း ပြောလိုက်ချင်ပါရဲ့ကွယ် ..။ မင်းဟာ .. ကိုယ့်ဘဝ ငွေလမင်းလေး မလွှဲကောန် ဖြစ်ရစေမယ်လို့လေ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ဘဘကြီး၏ခြံသည် သစ်တော့ခြံကြီးတစ်ခု ဖြစ်လျက် ..။ အတန်မျှကျယ်ကာ .. တစ်ထပ်ပျဉ်ထောင်သွပ်မိုးအိမ်ငယ်လေးတစ်လုံးကိုလည်း သစ်တော့ခြံထဲမှာပဲ ဆောက်ထားလျက်။ သစ်တော့ပင်ကြီးများ စီတန်းစိုက်ထားရာ ပင်ခြေတစ်လျှောက်မှာ မြေဩဇာင်တွေဖြင့် ပန်းမုန်လာ၊ ဂေါ်ဖီနှင့် ဂေါ်ဖီထုပ်၊ မုန်ညင်း အပါအဝင် စားပင်များကို စိုက်ထားကြပါ၏။ တချို့နေရာတွေမှာကျတော့ ကော်ဖီပင်များကို အရိပ်ရ သစ်တော့ပင်ကြီးများကြားမှာ စီတန်းလျက် စိုက်ထားကြပါသည့်အဖြစ် ..။

သူ .. ရင်ထဲ ကြည်နူးရသည်ကတော့ အမှန်ပါ ..။ စိမ်းမြသော မုန်ညင်းပင်တို့သည်ပင်လျှင် .. လှပသော အခင်းဆောင်တန်းကြီးအဖြစ် ရှိနေကြချေသေးသည့် မြင်ကွင်း ..။ ငရုတ်ပင်တန်းတွေကလည်း အစီအရီ ..။ အသီးမှည့်ချိန် ဆိုလျှင်ဖြင့် နီရဲသောအသွေးတို့နှင့်အတူ ထိုအပင်တန်းသည်လည်း ပန္နာမြားခင်းကြီး တစ်ခုနှယ် ရှိချေမှာ အမှန် ..။ ဤခြံ၏ သာယာမှုကို .. ဘဘကြီးထံ မွေးနေ့ဖိတ်စာ လာပို့ဖိတ်ကတည်းက သူ အာရုံစွဲနေခဲ့ရသည်ပဲ ..။



ဖေဖေကတော့ ဘဘကြီးနှင့်အတူ ရေနွေးကြမ်းသောက်ရင်း အိမ်လေးမှာ ကျန်ခဲ့ပြီ ..။ သွန်းမွေးထုံလေးကတော့ အိမ်မှာ ရှိမနေ ..။ မနက်ပိုင်း ချက်ပြုတ်ပြီး ဆိတ်အုပ်နှင့်အတူ စားကျက်ခင်းဆီသို့ သွားလိုက်ပြီဟု ဘဘကြီးက ပြောပြပါ၏။ ဒါကြောင့်လည်း .. သူ .. ခြံလေးထဲအရင် ဟိုသည်ကြည့်သယောင်ဖြင့် ရှိခဲ့ရ ..။ နောက်ကျမှ .. မွေးထုံလေး ရှိရာသို့ ထွက်လာမိခဲ့ရခြင်းပါ ..။ ဖေဖေကတော့ ရိပ်မိပုံရပါ၏။ ပြုံး၍ ပြုံး၍ .. သူ့ကို ကြည့်ခဲ့သည်က .. အိမ်လေးပေါ်မှ ခြံထဲဆင်းယောင်ယောင်ဖြင့် သူ ဆင်းလိုက်ကတည်းကပါ ..။

လောလောဆယ်မှာတော့ ဖေဖေသည် .. အလုပ်ကိစ္စအကြောင်း .. စက်ရုံအကြောင်းတွေပဲ ပြောနေခဲ့သေးသည်။ သူ မရှိတော့မှ သားရေးသမီးရေးကိစ္စ ပြောချေမည်ထင့် ..။ ဖေဖေ့ချက်နှာ ကြည်ကြည်သာသာ ရှိလွန်းနေတာမို့လည်း .. သူနှင့် မွေးထုံလေး၏ အနာဂတ်ခရီးသည် .. ဖြောင့်ဖြောင့်ဖြူးဖြူး ရှိကိုရှိချေမည်ဟု သူ ယုံကြည်ထားမိရရင်း .. ရင်ထဲမှာ အချမ်းမြေ့ကြီး ချမ်းမြေ့ရပါသည့် အဖြစ် ..။

သူ .. စားကျက်ခင်းလေး ရှိရာသို့ လျှောက်နေမိရ ဥ်ခိုက်မှာ သူ့ဂျာကင်အကျီအိတ်ကပ်တွင်းမှာဖြင့် သူ ချစ်ရသူလေးကို တမြတ်တနိုး ပေးအပ် .. အပ်နှင်းရခွင့်ကို မျှော်လင့်နေပါသည့် ရွှေနာရီလေးသည်လည်း ပါလာချေသည်တကား ..။

"ဖေဖေ .. တစ်ခု စီစဉ်ထားတယ် သား .. ကိုရွှေမြသိန်းကြီးရဲ့ အိမ်လေးကို အသစ်ပြန်ဆောက်ပေးဖို့ ရည်ရွယ်ထားခဲ့တာ ရှိခဲ့ပြီးပြီ .. သူ့ကျေးဇူးကြောင့် ဖေဖေတို့ စက်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတည်ဖို့အတွက် မြေတွေလဲ ဝယ်ဖြစ်ခဲ့ရ ,, စက်ရုံတည်တော့လည်း သူ့ ကြီးကြပ်ပေးမှုတွေ ,, စက်ရုံအတွက် အလုပ်သမား ရှာဖွေပေးမှုတွေကလဲ ရှိနေခဲ့တယ်လေ ,, ဒါကြောင့် အစကတည်းကိုက ,, သူ့အတွက် ,, အိမ်လေးတစ်လုံးတော့ဖြင့် အသစ်ဆောက်ပေးဖို့ ရည်ရွယ်ခဲ့ပြီးသားပါ ,, အဲဒီကိစ္စပြောရင် ,, ဖိုးရွှေမြသိန်းကြီးကတော့ အားနာတကြီးနဲ့ ငြင်းမှာပဲ ,, သူ့အိမ်လေးကလဲ ပျဉ်ထောင်သွပ်မိုးအိမ်လေး မဟုတ်လား ,, ရေနံရည်လေးကလဲ ဝနေတော့ ,, အိမ်လေးက စိုစိုညိုညိုလေးနဲ့ လှနေတာတော့ အမှန်ပဲ ,, သူ့အိမ်လေးမှာ နေလို့ပျော်နေတာကိုး ,,”

ဟု ဖေဖေ ပြောခဲ့သော မနက်ခင်းက စကား ,,။ ဘဘကြီးထံ မလာခင် အိမ်မှာ ဖေဖေ ပြောခဲ့စဉ်က ,, သူနားထောင်ရင်း ရင်ထဲမှာ အဘယ်မျှထိ ကြည်နူးချမ်းမြေ့ခဲ့ရသည်ဆိုတာ သူ့နှလုံးအိမ်ကသာလျှင် အသိဆုံး ဖြစ်ပါလိမ့်မည် ,,။ ဘာကြောင့်ဆို ,, ဖေဖေသည် သူငယ်ချင်းဖြစ်သည့် ဘဘဦးရွှေမြသိန်း အပေါ်မှာ ချစ်ခင်စိတ်ကြီးစွာ ,, သံယောဇဉ်ကြီးစွာဖြင့် ,, စေတနာစောအဟုန် ကြီးကြီးထားသည်ပဲ ,, ဟုသိရ၍ပါ ,,။ ဒါဆို ,, သူနှင့် သွန်းမွှေးထုံတို့၏ ရှေ့ခရီးသည် ,, အဂ္ဂစပြေပြစ်ကြည်စင်စွာ ,, ဖြစ်တည်ရချေမည်သာ ,,။ ဘဘကြီးနှင့် ဖေဖေ့ကြားမှာ ,, သူငယ်ချင်း ဆိုတာပဲ ရှိကြသည်လေ ,,။

ငွေကြေးကိန်းဂဏန်းများသည် ဖေဖေနှင့် ဘဘကြီးတို့၏ကြားမှာ ကွာခြားသော ဘဝနှစ်ခုအဖြစ် ,, မဖြစ်တည်စေနိုင်စွမ်းတော့သည်ပဲ ,,။ ဘဘကြီးကလည်း သူ့အပေါ် ဘာမျှ



မကြည်ဖြူစရာ မရှိ ,,။ မွှေးထုံလေးကို သူ ရင်နှင့်အမျှ မြတ်နိုးစွာ လက်ထပ်လိုခြင်း အပေါ်မှာ မကြည်ဖြူစရာ မရှိ ,,။ သူနှင့်မွှေးထုံတို့သည် ,, အေးမြသော ပန်းရနံ့ထုံသည့် ,, မွှေးမြသော ပန်းရနံ့သင်းသည့် လမ်းလေးမှာ လျှောက်လှမ်းကြရဖို့သာလျှင် မလွဲမသွေစွာ ရှိနေကြရချေမည်သာတည့် ,,။

“ဖေဖေ ,, ဒီနေ့မှာပဲ ,, သူတို့ခြံလေးမှာ အလုပ်သမားတွေနဲ့ အိမ်လေးအတွက် ဖောင်ဒေးရှင်းချမယ့် ကိစ္စကို စီစဉ်ထားခဲ့ပြီးပြီသား ,,”

ဟု ဖေဖေ ပြောခဲ့သည်လေ ,,။ မကြာမလင့်မီမှာပဲ ,, အိမ်ဆောက်မည့် အလုပ်သမားများသည် ဘဘကြီးခြံသို့ ရောက်လာကြချေလိမ့်မည် ,,။ ဖေဖေ ပြသသော နေရာမှာ အုတ်ကျောက်တို့ဖြင့် ဖောင်ဒေးရှင်းချဖို့အတွက် ,, မြေမြောင်းများ တူးသူကတူးကြပေလိမ့်မယ်။ စက်ရုံတည်ဖို့ ရောက်ရှိလာကြသော ရန်ကုန်မှ အလုပ်သမားများ၊ အင်ဂျင်နီယာများသည်လည်း ဖေဖေမှာကြားသည့်အတိုင်း အစစ ,, သေသပ်စွာ လုပ်ကိုင်ကြပါချေလိမ့်မည် ,,။ သူသည် ,, အင်ဂျင်နီယာတစ်ဦး ဖြစ်ပေမယ့် သူတစ်နေ့မှာ လက်ထပ်ဖို့ ရည်မှန်းထားရာ မြတ်နိုးရာ ,, မိန်းကလေး၏ အိမ်လေးကို တည်ဆောက်ရမည့်ကိစ္စမှာ ,, ကိုယ်တိုင်ဝင်ရောက် လုပ်ကိုင်နေလျှင် သောအမြင် တစ်မျိုးဖြစ်ချေမှာမို့ ,, ထိုအိမ်လေး ဆောက်သည့်ကိစ္စမှာ ဘာမျှဝင်မလုပ်ဖို့ မပါဖို့ ဖေဖေက ကြိုတင်တားမြစ်ထားပြီးခဲ့ပြီ ,,။ ဘာပဲဖြစ်ဖြစ် ,,။ ဖေဖေ ဆောက်ပေးမည့် ထိုတစ်ထပ်တိုက်လေးသည် အဓော်လေးကိုလှပ၍ ဖော်မိတာ ချစ်စရာလေး ဖြစ်နေမှာကတော့ အသေအချာပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သွန်းမွှေးထုံလေးသည်လည်း ထိုအိမ်လေး ပြီးစီးသည့် အခါ _ ရောက်ရှိသည်ထင့် ..။ မိန်းမသားပီပီ .. ထိုအိမ်လေးရှေ့ မှာ ပန်းလေးတွေကို စိုက်မှာလည်း သေချာနေပါလိမ့်မည် ..။ နှလည်း ဖျဉ်ထောင်အိမ်ငယ်လေးရှေ့မှာ ပန်းပင်လေးတွေ ရှိနေ ကြသည်က .. မြေဘောင်လေးတွေနှင့်ရော ..။ ပန်းအိုးလေးတွေ နှင့်ရော စိုက်ထားသည်မို့ .. ပန်းရောင်စုံလေးတွေ ဝေဆာနေကြ သည် မဟုတ်ပါလား ..။

သူ့ ခြေလှမ်းတွေက အနည်းငယ်မျှလောက်တော့ အလေ့တကြီး နိုင်နေလျက် လျှောက်နေမိရဆဲ ..။ လျှောက်နေ ရင်းဖြင့်လည်း သူနှင့် မွှေးထုံတို့၏ ဘဝလေးကို မျှော်လင့်ချက်များ ကြည်စင် လင်းလဲ့စွာဖြင့် တည်ဆောက်နေမိရင်း .. သူ့ဘေးမှာ ပန်းရနံ့တို့ ဝေနေသော ပန်းခင်းလေးများ .. ပန်းအိုးလေးများ ရှိနေကြလျက် ထိုပန်းလမ်းကြားလေးမှာ လျှောက်နေရသည်သို့ ခံစားဖြစ်၏။ သူ့ဘဝမှာ .. ဤမျှလောက် ကြည်မွေ့ ကြည်စင် ဖြစ်ရတာ မရှိခဲ့စဖူး ..။

တဖြည်းဖြည်းနှင့် စားကျက်ခင်းလေးကို စိမ်းမြမြ လွင်စွာ မြင်နေရပြီ ..။

စားကျက်ခင်းလေးမှာ ရှိနေပါသည့် ချစ်စဖွယ် ဆိတ်အုပ်လေးကိုလည်း မြင်နေရပြီ ..။

သြော် .. သူ မြတ်နိုးရပါလေသော .. သူ၏မြတ်နိုး ရပ်လေးသည်လည်း ပင်စိမ်းပင်ရိပ်အောက်မှာ နေရိပ်ခိုရင်း ဆိတ် လေးတွေကို ငေးကြည့်နေတာလည်း လှမ်းလင့်မြင်နေရပြီ ..။ ရင်သည် .. နွေးထွေးလာ၏။ ချစ်စိတ်သည် အင်အားကြီးစွာ ရင်



၌ဖြစ်တည်ပါချေလျှင် .. အရမ်းကို နွေးထွေးလှုပ်ခတ်နေတတ်ပါ လေသော စွဲလမ်းဖွယ် ခံစားမှုတစ်ခုကို .. နှလုံးသားဆီသို့ ဖြစ် တည်တွန်းပို့စေတတ်ချေသည်တကား ..။

သွန်းမွှေးထုံ၏ မျက်နှာလေး သူ လျှောက်လာနေရာ ဘက်ဆီသို့ အမှတ်မထင်လေး လှည့်လာကြည့်ဖြစ်လာတော့ သူ လျှောက်နေရင်းမှ လက်ဝှေ့ယမ်းပြ နှုတ်ဆက်မိရပါ၏။

ဒါပေမဲ့ .. သွန်းမွှေးထုံက ပြန်၍လက်မပြ ..။ သူ့ ကို အကဲခတ်သလိုလေး ကြည့်ကြည့်နေတာကို နီးလာလေလေ .. သူ မြင်လာရလေလေပါ ..။ ပြီးတော့ .. ခုလို .. သူ ရောက်လာ လိမ့်မည်ဟုလည်း ထင်ထားပုံမရ ..။ အံ့ဩရိပ်လေးက မျက်နှာ နုနုစင်စင်လေးထက်မှာ ဖေးတင်နေ၏။

"မွှေးထုံ ဒီကို ထွက်သွားပြီလို့ ဘဘကြီးက ပြောပြလို့လိုက် လာတာ .. ဖေဖေက ဘဘကြီးနဲ့ အလုပ်ကိစ္စတွေ ပြော နေရင်း ကျန်ခဲ့တယ် .."

ဟု သူ မွှေးထုံဘေးမှာ မြက်ခင်းထက်၌ ထိုင်ချရင်း ပြောတော့လည်း မွှေးထုံ သူ့ကို ဘာမျှပြန်မပြောသေး ..။ အကဲ ခတ်ကြည့်လေးကတော့ ပို၍ သိသိသာသာလေး ဖြစ်နေပြီ ..။ ပြီးတော့ .. ခုထိ .. သူ့ဂျာကင်အင်္ကျီ အပေါ်အိတ်ကပ်နေရာလေး မှာ ထိုးထားပါသည့် နှင်းဆီဖြူလေးကိုလည်း ကြည့်လာပါ၏။ မနေ့ည မွေးနေ့ကာလလေးမှာ ပေးခဲ့ပါသည့် ထိုပန်းဖြူလေး တစ်ပွင့်ကို တယုတယနိုင်စွာ .. တန်ဖိုးလည်းထားစွာ ခုလိုအင်္ကျီ အိတ်ကပ်လေးမှာ ထိုးထားသည့်အတွက်လည်း အံ့အားသင့် လေးလည်း ဖြစ်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီပန်းလေး မညှိုးအောင် ,, မနေ့ညက ပန်းအိုးလေးမှာ ထိုးထားလိုက်တယ် မွှေးထုံ ,, ပန်းခတ်လွှာလေးတွေက နုထိ မွှေးမြလန်းဆတ်နေကြဆဲပါပဲ ,, ဒီပန်းလေးကို ,, ကိုကြီး အရမ်းကို မြတ်နိုးတာ ,, အရမ်းလဲ တန်ဖိုးထား တယ် မွှေးထုံ ,, နောင် ,, မှာ ,, လဲ ,,"

နောင်မှာလည်း ဤပန်းလေးကို ,, သူ တမြတ်တနိုး နိုင်စွာ သိမ်းဆည်းထားပါမည်ဟု ဖွင့်ဟဝန်ခံလုဆဲဆဲမှာပဲ မွှေးထုံ ၏ မျက်ဝန်းလေးတွေမှာ ထိတ်လန့်တုန်လှုပ်ရိပ်ကို သူစတင်မြင် မိလာရသည်မို့ စကားတန့်သွားရပါပြီ ,,။ ဘာကြောင့် ,, မွှေးထုံ သည် ,, ဤပန်းလေးတစ်ပွင့်ကို ခုလို သူ ရတနာတစ်ပါးနှယ် တန်ဖိုးတရရထား၍ ပြောနေတာကို ,, ထိတ်လန့်တုန်လှုပ်နေရပါ သတဲ့လဲ ,,။ သွန်းမွှေးထုံ၏ မျက်နှာလေးမှာ ကြည်နူးရိပ်မရှိ ,,။ ဟုတ်သည် ,,။ ရှိမနေ ,,။ ဒါကို မြင်နေရခြင်းကြောင့်ပင်လျှင် စတင်၍ သူသည်လည်း တုန်လှုပ်ချောက်ချားစိတ် ဖြစ်တည်လာ နေရပါသည့် အဖြစ် ,,။ သူ ,, မွှေးထုံ၏ မျက်နှာလေးကို ငုံ့မိုး ၍ မမှိတ်မသုန်ကြီး ကြည့်လိုက်မိရပါ၏။ မွှေးထုံ၏ မျက်နှာလေး ထက်မှာ ရှက်စနိုးရိပ်လေးတွေလည်း ဖြစ်လာမနေကြ ,,။

ပေးခဲ့သည့် ပန်းလေးကို ဤမျှ တန်ဖိုးထားနေခြင်း သည် သူ့ရင်ထဲမှာ မွှေးထုံသည် အဘယ်မျှ နက်ရှိုင်းစွာ ,, နေရာ ယူထားပြီးခဲ့ပြီ ဆိုတာကို မွှေးထုံ ရိပ်စားမိနိုင်သည်လေ ,,။ ထို အခါမှာ ,, မွှေးထုံသည် ,, ပြော်,, သူ၏ မွှေးထုံသည် ချစ်စဖွယ် ချစ်စဖွယ်လေးဖြင့် ရှက်စနိုးလေး ဖြစ်သွားချေမည်လား ,, ဟု မျှော်လင့်ထားမိချင်ခဲ့ဖူးသည်။ ဒါပေမဲ့ ,, ခုကျတော့ ,, မျက်လွှာ



လေး ဖျတ်ခနဲချ၍ မွှေးထုံ ခဏတာမျှလေးလောက်တော့ ငိုင် တွေတွေလေး ဖြစ်သွားရာမှ မော့၍ သူ့ကိုကြည့်လာကာ ,,

"ဘာဘကြီးက ,, အဲသလို ,, ဒီပန်းလေးကို ,, ကိုကြီး အရေးတယူ ထားတာကို ,, သိပ်ကြိုက်မှာ မဟုတ်ဘူး ကိုကြီး ,,"

ဟု သွန်းမွှေးထုံ ဖွင့်ပြောလာတော့ သူ နားမလည် နိုင်သလို မွှေးထုံကို ကြည့်မိရပါ၏။

"ဘာလို့ မကြိုက်ရမှာလဲ မွှေးထုံ ,, ဘာဘကြီးဟာ မေမေ့ သူငယ်ချင်းပဲ ,, မေမေကလည်း အလွန်ချစ်ခင်အားကိုး တာပဲ မဟုတ်လား ,, မွှေးထုံက ,, ဘာဘကြီးရဲ့တူမ ,, ကိုကြီးက မေမေ့သားပဲ ,, သူတို့နှစ်ယောက်အတွက် ,, မွှေးထုံနဲ့ ကိုကြီးတို့ဟာ ဘာမှ စိတ်ထဲမနှစ်မသက် ဖြစ် စရာ ရှိမလာနိုင်ကြပါဘူး ,,"

ဟု ပြောတော့ မွှေးထုံ ခေါင်းလေးယမ်းပြမိရပါ၏။ ဘာကြောင့်ရယ် မသိ ,,။ မွှေးထုံ ရင်ထဲမှာလည်း ဘာဘကြီးနှယ် ပင် စိုးရိမ်စိတ်ကတော့ ဖြစ်တည်နေရသည်ပါပဲ ,,။ ကိုကြီး၏ မျက်ဝန်းတွေထဲမှာ ,, မျက်နှာပြင်ထက်မှာ ,, ရိုးသားဖြူစင်ခြင်း ၏ အရိပ်များကို ယုံမှားသံသယဖြစ်ဖွယ် မရှိအောင် မွှေးထုံ မြင် နေမိရသည်က အမှန်ပါ။

မွှေးထုံကို အရမ်းတန်ဖိုးထားနေပါကြောင်း ပန်းလေး တစ်ပွင့်ဖြင့် ,, ဖွင့်ဟဝန်ခံလိုက်နိုင်ဖို့ ကိုကြီး ကြိုးစားနေခြင်းသည် ဟန်ဆောင်မှုမဟုတ် ဆိုတာကိုလည်း မွှေးထုံ ယုံကြည်ချင်ပေ သည်။ ဒါပေမဲ့ ,, ဘာဘကြီး ပြောခဲ့သည့် စကားကိုလည်း မွှေးထုံ

www.burmeseclassic.com

www.burmeseclassic.com



မမေ့။ ဆင်ခြင်သည်ဆိုတာ သိမ်ငယ်ခြင်းနှင့် တခြားစီဖြစ်လျက် လူချမ်းသာတွေနှင့် ဆက်ဆံသည့်အခါမှာ မွှေးထုံတို့က ဆင်ခြင်ခြင်း ဆိုသည့်အရာကို မျက်ခြည်မပြတ် ထားရမည်ဆိုသည့် ဘဘကြီး၏စကား ..။ ကိုကြီး၏ မွှေးနေ့ပွဲသို့ မသွားမီလေးမှာပဲ ဘဘကြီး ပြောခဲ့သည် မဟုတ်ပါလား ..။ တကယ်တော့ ..။ ဩော် .. တကယ်တော့ .. ထိုစကားတို့သည် မွှေးထုံ၏ ရင်တွင်းဆီသို့ .. ကြေကွဲစွာ တိုးဝင်ပြတ်သန်းရင်း နေရာယူခဲ့သည်ဆိုတာ မွှေးထုံမှတစ်ပါး အခြား ဘယ်သူ့ကိုမှလဲ ဖွင့်ဟမပြောလိုတော့ပါ ..။

"မွှေးထုံ .. ကိုကြီးကို ကြည့်စမ်း .."

ကိုကြီး ပြောလာတော့လည်း မွှေးထုံ ချက်ချင်းမော့မကြည့်ဖြစ်နိုင်စွမ်းသေး ..။

"မဟုတ်သေးပါဘူး မွှေးထုံရယ် .. ကိုကြီးကဖြင့် .. မွှေးထုံဆီကို .. ချမ်းမြေ့နေတဲ့စိတ်နဲ့ မျှော်လင့်ခြင်းတွေနဲ့ လာခဲ့တာ .. ခုကျတော့ .. မွှေးထုံက အရမ်းကို သီးသန့်ကြီးလိုစိမ်းနေသလိုကြီး လုပ်နေတယ် .. ကိုကြီးကို ဟက်ဟက်ပက်ပက်ရယ်လို့တောင် မရှိတော့သလိုပဲကွယ် .. ကိုကြီး ရင်ထဲ မကောင်းမိတာတော့ အမှန်ပါပဲ .."

ဟု ကိုကြီး ပြောနေတော့လည်း မွှေးထုံ မော့မကြည့်နိုင်သေး။

"ကိုကြီးကို မကြည့်တော့ဘူးလား မွှေးထုံရယ် .. ဟင် .."

သိသာလွန်းစွာ ကြေကြေကွဲကွဲကြီး မေးလာသည့် မေးသံ ..။ ဤသို့ကျတော့လည်း မွှေးထုံ မနေရက်နိုင်ပြန် ..။



မော့၍ကြည့်လိုက်မိစဉ်ခိုက် ငုံ့မိုး၍ မျက်တောင်မခတ် ကြည့်နေပါသည့် ကိုကြီး၏ အကြည့်နှင့် ဆုံသည်။ ကိုကြီး၏ အကြည့်တွေက မွှေးထုံ၏ ရင်တွင်းမှ ခံစားမှုများကို ဖမ်းဆုပ်သိနိုင်အောင် ကြိုးစားနေသည့်နှယ်ပါ ..။

"မွှေးထုံ .. ကိုကြီးကို ဆက်ဆံရမှာ ကြောက်နေတယ် .. အဲဒါ .. ကိုကြီး သိနေရပြီ .. နေစမ်းပါဦး မွှေးထုံ .. ကိုကြီးကို .. ဘာကြောင့် .. ဆက်ဆံရမှာ ကြောက်နေရတာလဲ .. ကိုကြီးရဲ့သိက္ခာ .. ကိုကြီးရဲ့ စိတ်ထားကို မယုံကြည်လို့လား .."

မေးသံတွင် ကြေကွဲမှုတွေက ပို၍ ပို၍ .. ပါလာနေတြသည်မို့လည်း မွှေးထုံ ရင်ထဲ မကောင်းနိုင်ပြန် ..။ ခေါင်းလေးကို ဘယ်လိုတိုက်တွန်းမှုမှ မပါဘဲ အလိုလို ခါမိပြီးသား ဖြစ်သွားရပါ၏။

အို .. မဟုတ်သေး ..။ တိုက်တွန်းမှု မပါခြင်းဆိုတာတ .. ကိုကြီး၏ တိုက်တွန်းမှုတွေ မပါခြင်းပါ ..။ ဤခေါင်းခါလိုက်မှုသည် မွှေးထုံ၏ ရင်တွင်းမှာ ဖြစ်တည်နေခဲ့ပြီး ဖြစ်ပါသော .. ကိုကြီးအပေါ် ယုံကြည်မှုဆိုသည့် အရာများက .. စောစောက ကိုကြီး မေးလိုက်သည့် မေးခွန်းကို ချက်ချင်း ငြင်းဆန်မိလိုက်စေဖို့ တိုက်တွန်းလိုက်သည်ပါပဲ ..။ မွှေးထုံ၏ နှလုံးအိမ်မှ ဖြေလိုက်သည့် အဖြေ ..။ ဩော် .. မွှေးထုံ၏ နှလုံးသားဆီက တိုက်တွန်းလိုက်ပါသည့် စွမ်းအားများကြောင့် ဖြေလိုက်ရပါသည့် အဖြေပါတည့် ..။

ကိုကြီး .. မွှေးထုံ ဘေးမှာ ခပ်ခွာခွာ ထိုင်ရင်းဆက်ပြင်းရှိုက်လိုက်ကာ ..

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို .. ဘာကြောင့် .. မွေးထုံက ကိုကြီးကို ကြောက်နေရတာလဲ .."

ဟု မေးလာတော့ မွေးထုံ မြေပြင်မှာ ကပ်တွယ်၍ ပေါက်နေကြပါသော မြက်ပင်စိမ်းလေးတွေကို လက်ဖဝါးလေးတွေဖြင့် ဆုပ်ခဲစုကိုင်၍ တစ်ပင်ပြီး တစ်ပင် ဆက်တိုက်နုတ်နေမိသည်။

"မြက်တစ်ခင်းလုံးကုန်အောင် နုတ်တော့မှာလား မိန်းကလေးရဲ့ .. လက်တွေ နာကုန်တော့မှာပဲ .."

ဟု မကြည့်ရက်နိုင်တော့သလို ကိုကြီး မွေးထုံ၏ လက်လေးကို ဆွဲယူ၍ မွေးထုံ၏ ဒူးလေးတွေပေါ် တင်ပေးလိုက်ကာ ဤတစ်ကြိမ်မှာတော့ သက်ပြင်းရှိုက်၍ ..

"ဘာလဲ .. ကိုကြီးက ချမ်းသာလို့လား .. ဟုတ်လား .."

ဟု ဖျတ်ခနဲ ဖွင့်ပေးချလိုက်တော့လည်း မွေးထုံ အလိုလို လျှင်မြန်လွန်းစွာပဲ ခေါင်းလေးညိတ်မိပြီးသား ဖြစ်သွားတာကို မိမိဘာသာပင် နောက်ကျလွန်းစွာ သိလိုက်ရပါ၏။

မွေးထုံ ထိုသို့ ဝန်ခံလိုက်ဖို့ မကောင်း ..။ ခုကျတော့ .. ဖြေမိပြီးသား ဖြစ်သွားပြီ။ ကိုကြီး ချမ်းသာ၍ ကြောက်တာဆိုလျှင် ..။ မချမ်းသာလျှင်တော့ဖြင့် မကြောက် .. ဆိုသည့်သဘော ..။ ကိုကြီးနှင့် တရင်းတချာကြီး နေရဲပါသည်ဟူသော သဘောကြီး အလိုလိုဖြေမိလိုက်သလိုကြီး ဖြစ်သွားသည် မဟုတ်ပါလားလေ ..။

ခုမှ .. မွေးထုံ .. ရက်စိတ်တွေ ပြန့်ခနဲ ဖြစ်သွားရလျှက် ခေါင်းပင်မဖော်ရဲ ..။



"ဖြူစင်လိုက်တာ မွေးထုံရယ် .."

သူ တစ်ချက် ခပ်ညည်းညည်းလေး ပြောမိပြီးမှ မွေးထုံ၏ ဆံစလေးတွေကို အလိုလို လက်ဖြင့်ဖေးတင်သပ်ပေးမိရက်သား ဖြစ်သွားပါပြီတည်း ..။ ဘဝအခြေချင်း အရမ်းကို ကွာခြားနေရခြင်း ဆိုသည့် အကြောင်းတရား တစ်ခုသည် .. သူဆင်းရဲတို့ဘက်ဆီမှ .. မဝံ့ရဲစွာဖြင့် .. သိမ်ငယ်စွာဖြင့် .. နေရစေဖို့အတွက် .. အခြေခံ အကြောင်းအချက် တစ်ခုအဖြစ် ရှိရှိသွားရတတ်သည် ဆိုတာ .. သူ နားလည်နေမိရသည် ..။

"မဟုတ်သေးဘူး မိန်းကလေးရဲ့ .. ဒီမှာ မွေးထုံ .. ဖေဖေက .. မွေးထုံကို .. လက်ဆောင်တစ်ခု ပေးလိုက်ပါလို့ .. မနေ့ညက .. ကိုကြီးကို .. အသေအချာကြီး မှာထားတယ် သိရဲ့လား .. ဖေဖေက .. သူ့သူငယ်ချင်းရဲ့ တူမဖြစ်တဲ့ .. သွန်းမွေးထုံကို .. ဒီရွှေနာရီလေး လက်ဆောင်ပေးဖြစ်အောင် ပေးလိုက်ပါလို့ မှာတဲ့အကြောင်း .. မွေးထုံကိုလဲ ပြောပြလိုက်ပါလို့ မှာလိုက်သေးတယ်လေ .. ဒီနာရီလေးကို .. ဖေဖေက .. ကိုကြီးအတွက် မွေးနေ့လက်ဆောင် အဖြစ်ပေးတာ ကလေးမရဲ့ .."

ပြောလည်း ပြောပြရ ..။ စိတ်ထဲ အားငယ်နေတာတွေ လွင့်ခနဲ ပျောက်သွားအောင်လည်း မွေးထုံလေးကို ပြုံးပြရှင်းပြရနှင့် ရှိသွားရကာ ..။ အင်္ကျီအိတ်ကပ်တွင်းမှ ရွှေနာရီလေးကိုထုတ်ကာ မွေးထုံ၏ လက်လေးမှာ ပတ်ပေးဖို့ သူ လက်လေးကို ထွေးကိုင်ပင့်ယူလိုက်တော့ မွေးထုံ ခေါင်းခါသည်။ လက်လေးကိုလည်း ပြန်ရုပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

သူ .. ရင်ထဲမကောင်း ..။ အရမ်းကို အားငယ်နေသော မျက်နှာလေး ..။ အို .. အရမ်းကို သိမ်ငယ်ညှိုးဖျော့နေသော မျက်နှာလေး ..။ သူဆင်းရဲ မိန်းကလေးတစ်ယောက်အဖြစ် ခံစားရင်း ခေါင်းလေးတွင်တွင်ခါနေပါသည့် မွှေးထုံကို သူငေးကြည့်မိရင်းမှ ချစ်ရသူလေးကို ချစ်စိတ်ဖြင့် ထွေးပိုက်ထားလိုက်ချင်သည်ပါပဲ ..။ ဒါပေမဲ့ သူ မလုပ်ရက် ..။ မထွေးပိုက်ရက် ..။ ကောင်မလေး ရှက်လန့်စိတ်ဖြင့် သူ့ရင်ခွင်တွင်းမှာ မေ့သွားနိုင်လောက်သည် ..။ ကြည့်နေရရင်း .. ကြည့်နေရရင်းဖြင့်ပင် .. မွှေးထုံသည် .. နေစရာမရှိလောက်အောင် .. သိမ်ငယ်လွန်းစိတ်ဖြင့် လုံးထွေးနစ်မြုပ်နေသူလေး ဖြစ်နေသည် ဆိုတာကို .. သူ .. ပို၍ .. ပို၍ .. သိနေရပါသည့်အဖြစ်။

"မဟုတ်ဘူးလေ မွှေးထုံ .. ကိုကြီးကို .. မွှေးထုံက မွေးနေ့လက်ဆောင်အဖြစ် ပန်းလေးတစ်ပွင့်ကို ပေးတယ် .. ဘဘကြီးက .. ကိန္နရီကိန္နရာ ပန်းပုရုပ်လေးကို ပေးတယ် .. ကိုကြီးက .. ဒီရွှေနာရီလေးကို .. မွေးနေ့ရှင်ကိုယ်တိုင်က တုံ့ပြန်ပေးတဲ့ လက်ဆောင်တစ်ခုအဖြစ် .. မှတ်ယူပေးသင့်တာပေါ့ မွှေးထုံ .. ဘဘကြီးနဲ့ မွှေးထုံပေးတဲ့ လက်ဆောင်ကိုကျတော့ ကိုကြီးက .. ယူရတယ် .. ကိုကြီးပေးတဲ့ လက်ဆောင်ကိုကျတော့ .. မွှေးထုံ မယူဘူးဆိုရင် ဘယ်တရားမလဲ .. ပြီးတော့ .. ဒီနာရီလေးကို ကိုကြီး တစ်ယောက်တည်းက ပေးချင်နေတာမှ မဟုတ်တာ .. ဖေဖေကလဲ ပေးခိုင်းနေတာပဲ ဥစ္စာ .."



သူနားဝင်အောင် ခပ်ဖြည်းဖြည်း ပြောတော့ သွန်းမွှေးထုံ သူ့ကို မော့ကြည့်လာပါ၏။ မျက်ဝန်းနက်နက်လေးတွေမှာ အားငယ်ရိပ်တွေပဲ ပြည့်သိပ်နေကြဆဲဆိုတာ သူ ရင်ထဲတနင့်နင့်ဖြင့် သိနေမြင်နေရသည်က ဆိုးသည်။ သူသည် .. မွှေးထုံကို စိတ်အားငယ်နေခဲ့စေသည့် သူတစ်ယောက် ဖြစ်နေမှန်းမသိ ဖြစ်ဖြစ်လာနေချေသည်တကား ..။

"မဟုတ်ဘူးလေ ကိုကြီးရယ် .. မွှေးထုံ ပေးခဲ့တဲ့လက်ဆောင်လေးက .. နှင်းဆီဖြူလေး တစ်ပွင့်ပါ .. ဘဘကြီး ပေးခဲ့တာက .. ပန်းပုရုပ်လေး တစ်ခုပါ .. ခု .. ကိုကြီးပြန်ပေးတာက .. ရွှေနာရီ ဖြစ်နေတယ် .. တန်ဖိုးချင်း အရမ်းကို ကွာခြားလွန်းပါတယ် ကိုကြီးရယ် .. မတူကြပါဘူး .. ပြီးတော့ .. ဘဘကြီး မသိဘဲ .. မွှေးထုံ ဘာတစ်ခုကိုမှ မယူရဲပါဘူး .. မယူပါရစေနဲ့ .."

မျက်လွှာလေးချ၍ မွှေးထုံ ပြောနေပုံလေးက အရမ်းကို ညှိုးဖျော့လွန်းနေသည်။ သူ .. သက်ပြင်း ရှိုက်လိုက်မိရပါပြီ။ နာရီလေးကို သူ အသာအယာ ပြန်၍သိမ်းလိုက်မိရပါ၏။ မွှေးထုံလေး စိတ်အရမ်း ကျဉ်းကျပ်ရှုပ်ထွေးအောင် .. သိမ်ငယ်စိတ်ဖြင့် အရမ်းကြေကွဲနာကျင်နေအောင် .. မလုပ်ရက် ..။ ဖွတ်ကြီးမပေးရက် ..။ မွှေးထုံလေး ပြောသည်ကလည်း မှန်နေသည်ပါပဲ။ သူပေးသည့် နာရီလေးကို .. မွှေးထုံ ယူရဲရှာမည်မဟုတ်။ ယူခံ့ရန်လည်း မလွယ်ကူ ..။

"ကောင်းပြီ .. ဒါဖြင့် .. ကိုကြီး .. ပြန်သိမ်းထားလိုက်ပြီ .. ကဲ .. ခေါ်အားငယ် .. မျက်ရည်တွေ မငိုဘူးနော် ..

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးတို့ .. ခဏ .. စကားပြောကြတာပေါ့ .. ပြီးရင် .. မွှေးထုံ ယူလာတဲ့ ချိုင့်လေးထဲက ထမင်းဟင်းတွေကို .. တစ်ဝက်လောက်တော့ဖြင့် .. ကိုကြီး ဖွတ်စားပစ်တာကို လဲ .. မွှေးထုံက ကြည်ကြည်ဖြူဖြူလေး ခွင့်ပြုမယ်ဆိုရင် ဖြင့် .. တူတူ ထမင်းစားလိုက်ကြတာပေါ့ .. မကောင်းဘူး လား .. အဲဒီအစီအစဉ် .. ကဲ .. ဘယ်လိုလဲ အမိ .. ခု .. ကိုယ်က ဘာမှမပေးဘဲ .. တောင်းနေတာနော် .. ထမင်း စားရအောင်လို့ ပြောနေတာ .. ကျွေးမှာလား ထမင်းချိုင့် ပိုင်ရှင်လေးရဲ့ ..”

ဟု ပြောတော့မှ .. မွှေးထုံ လွှတ်ခနဲ တစ်ချက်ရယ် သည်။ သူ့ကိုလည်း ရွှန်းလဲ့ ရိပ်လေးတွေ နေရာယူစ ပြုလာနေ ပြီဖြစ်သည့် မျက်ဝန်းလေးတွေဖြင့် ကြည့်လာပါ၏။

“ကိုကြီးက .. သိပ်ပြောတတ်တာပဲနော် .. ထမင်းမကျွေး ဘဲ .. မွှေးထုံက .. ကိုကြီးကို အငတ်ထားပါ့မလား ကိုကြီး ရဲ့ .. စားမယ်လေ ..”

ဟု ပြောလာစဉ်ခိုက် ရွှေနာရီလေးကိုစွ ပြတ်သွား တာကို ရင်ထဲပေါ့သွားနေသည့် ပုံလေးက အရမ်းကို သိသာနေတာ မို့ ..။ ဘာမျှကို ပစ္စည်းဥစ္စာကို မမက်မောတတ်ရှာပါသည့် မွှေးထုံလေးကို သူ ငေးခနဲ မြတ်နိုးတန်ဖိုးထားစွာ ကြည့်မိရပြန် ပါ၏။

သစ်ရိပ်အောက်မှာရှိနေသည့် ချိုင့်လေးကို သူကိုယ် တိုင်ပဲ သွားယူလိုက်မိကာ ချိုင့်လေးကို တစ်ခုချင်း တစ်ခုချင်း ဖွင့်ကြည့်နေမိရင်းမှ ..



“ပဲပုပ်ချက်ရယ် .. ပဲကြားဟင်းရည်နဲ့ မုန့်ညင်းရယ် .. မြေပဲဆံကြော်ရယ် .. မွှေးနေလိုက်တာ .. စားချင်ပြီဗျ .. ခု .. စားလိုက်ကြရင် ကောင်းမယ်ထင်တယ် မိန်းကလေး ရဲ့ ..”

သူ လှမ်းပြောခိုက် မွှေးထုံ ရယ်ပါ၏။

ဤတစ်ကြိမ်မှာတော့ .. သူနှင့် မွှေးထုံ ကြားမှာ .. မွှေးထုံ ကျွေးသည့် ထမင်းကို ယူစားသူအဖြစ် သူက ရပ်တည်နေ ရတာမို့ ..။

ချမ်းသာဆင်းရဲ .. ဆိုသည့် .. အရာတစ်ခုက .. ကြီးမားသော တံတိုင်းကြီးတစ်ခုပမာ ကာခြားမထားနိုင်စွမ်းတော့။ အေးမြမြ လေနှင့်အတူ .. မျောလွင့်ပါလာသည့် ပန်းတို့၏ ရနံ့ ထက်ပင် .. ပို၍ ရိုးစင်းဖြူစင်လွန်းနေသည့် .. အဆောင်အယောင် အခင်းအကျင်း မပါသော .. ဤထမင်းစားပွဲလေး တစ်ခုကို .. သူ .. ဘယ်သောအခါတွင်မျှ မေ့နိုင်မှာလည်း မဟုတ် ..။

ဩော် .. ဘယ်သောအခါတွင်မျှ .. ဤမျှရိုးစင်း ဖြူစင်လွန်းပါသော .. သူ၏ မြတ်နိုးရပ်လေး .. သူ၏ ရွှေနှံ့သာ ရွှေအဆင်း .. ရွှေရုပ်တုလေးကိုလည်း .. မချစ်မြတ်နိုးဘဲ .. နေ နိုင်စွမ်းတော့မှာ မဟုတ်ပါလေ ..။ ခွဲမနေနိုင်စွမ်းတော့ချေသည် ကော .. ကိုယ့် သွန်းမွှေးထုံငယ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

တစ်လကျော် ကာလလေး အတွင်းမှာပဲ ဘဘဦးထင်ခိုင် ဆောက်လုပ်ပေးပါသော တစ်ထပ်တိုက်လေးကဖြင့် အပြာရင့်ရောင် ဆေးသားတို့ဖြင့် လှပစွာ သစ်တော့ခြံဝင်းထဲမှာ ဖြစ်တည်လာခဲ့ရပြီ ..။ ဘဘကြီးကတော့ .. တိုက်လေးကို စတင်ဆောက်သည် ဆိုကတည်းက .. မျက်နှာမကောင်းနိုင်ဘဲ ရှိခဲ့တာ အမှန်ပါ ..။ သူငယ်ချင်း ဖြစ်သူက ဖွတ်အတင်းကြီး အလုပ်သမားတွေကအစ ခေါ်ချလာ ..။ ကားကြီးတွေဖြင့် ဆောက်လုပ်ရေးပစ္စည်းတွေ သယ်ချလာ ..။ အမြန်ဆုံးလည်း ဆောက်ခဲ့စေတာမို့ ဘဘကြီးခမျာ .. ဘယ်လိုပင်တားတား .. မရနိုင်တော့သည့်အဆုံးမှာ လက်လျှော့ ငြိမ်သက်ပေးလိုက်ရပါ၏။ ဒါပေမဲ့ .. သွန်းမွေးထုံကို မကြာ မကြာ ဖွင့်ဟပြောတတ်သည်က ..

"ဘဘကြီးတို့တော့ .. ကျေးဇူးတရားထဲမှာ နစ်ကြရပြီ .. ကိုထင်ခိုင်က .. ဘဘကြီးတို့အပေါ် စေတနာထားလေလေ .. ကျေးဇူးများလေလေ ဖြစ်ကြရပြီ .. ပြီးတော့ ..



ဘဘကြီး အဖို့မှာတော့ဖြင့် .. ဒီပျဉ်ထောင်သွပ်မိုးအိမ်လေးထဲမှာ နေနေရတာကိုပဲ .. ရင်ထဲ ကြည်စင်တယ် .. သူ့တစ်ပါးက ဆောက်ပေးတဲ့တိုက်ပေါ် ဘဘကြီး အခန့်သင့်ဝင်နေလိုက်ရမှာကို .. လိပ်ပြာရှက်တယ် မိန်းကလေး .. ဘဘကြီးရဲ့ ဝါဒက .. ကိုယ့်မှာရှိတဲ့ အတိုင်းအတာနဲ့ သင့်မြတ်သင့်တင့်အောင် နေနေခြင်းဟာ အကောင်းဆုံးပဲ ဆိုတဲ့ မူဝါဒပေပဲ .. ခုဥစ္စာက .. ဘယ်လိုမှ ငြင်းလို့ကို မရအောင် ဖွတ်စီမံနေတာက ဆိုးတယ် .."

ဆိုသည့် စကားပါ ..။

မွေးထုံ ကိုယ်တိုင်ကလည်း ဘဘကြီး ပြောတာကို ထောက်ခံသည်ပါပဲ ..။ ခုလို .. ဘဘဦးထင်ခိုင်က အရမ်းစေတနာထား၍ စီမံပေးလေလေ ..။ ရင်ထဲမှာ အနေရကျုံ့ရလေလေပါ။

"မွေးထုံတို့ အိမ်လေးက ကောင်းနေသားပဲ ဘဘကြီးရယ် .."

ဟု ဖွင့်မပြောရဲ၍သာ ငြိမ်နေရခြင်းပါ ..။ ပြောလိုက်လျှင် ဘဘကြီး ပို၍ ရင်ထဲအားနာစိတ်တွေ ပိုဖြစ်ရရှာမည်လေ။ ဘဘကြီး စကားကို ရင်ထဲမှသာ ထောက်ထောက်ခံခံ ပြောရသည်။ နှုတ်ကတော့ ဖွင့်မပြောဖြစ်နိုင်စွမ်း ..။ ဘဘဦးထင်ခိုင်ကလည်း နေ့တိုင်း ခြံထဲလာကာ .. အိမ်ဆောက်နေသည့်ကိစ္စ .. အရမ်းကို ကြီးကြပ်ရင်း .. မြန်မြန်ပြီးဖို့ချည်း လောနေသည့် အဖြစ် ..။

တိုက်အိမ်လေး ပြီးသွားတော့ .. ဆေးတွေရိုက် ..။ အိမ်အတွင်းမှာ အိမ်သုံးပရိဘောဂ အသစ်တွေ ကားပါစ်စီးတိုက်

www.burmeseclassic.com

www.burmeseclassic.com



သယ်လာကာ အလုပ်သမားတွေနှင့် သယ်ပြုနေရာချခိုင်းနေတော့ မွေးထုံတို့ တကယ့်ကို အနေရကျပ်ကြရပြန်ပါ၏။ ဝင်လုပ်ကူ ပြန်တော့လည်း ပစ္စည်းသစ်တွေ တိုက်သစ်နှင့်အတူရ၍ .. ဝမ်းပန်းတသာဖြင့် .. အလကားရသည့် ပစ္စည်းဈေတွေ နစ်နေရင်း ဝင်လုပ်ကိုင်နေသည်ဟု ထင်မည် ..။ မလုပ်ကူဘဲ နေပြန်တော့လည်း .. စေတနာသုံးတန်နှင့် ဝယ်သူက ဝယ်လာပြီ ..။ ကားကြီးနှင့် အိမ်ရှေ့အရောက်လည်း ရပ်ထားပြီ ..။ အလုပ်သမားတွေကလည်း သယ်ပြုနေပြီ ..။ ဝင်၍ လုပ်ကိုင်ကူဖော်လေးပင် မရှိနိုင်လောက်အောင် မသိဆိုးဝါးနိုင်လွန်းရော ရောက်ရပြန်သည်။ ကိုယ်နေထိုင်ရမည့်အိမ် ..။ ကိုယ်နေထိုင်ဖို့ ဆောက်ပေးထားပါသည့် အိမ်ထဲသို့ .. သူတစ်ပါးက အားလုံး အစစ လုပ်ကိုင်ပေးပြီးမှ အခန့်သား တက်နေရာရောက်မှာလည်း စိုးရ ..။ လုပ်ပြန်တော့လည်း အလကားရတာကို ပျော်နေသလိုကြီး ဖြစ်ရနှင့် မွေးထုံမှာ အရမ်း အနေရခက်ရပါ၏။ ကိုယ်က .. အသက်ငယ်သည့်သူ ..။ ဘာမျှ ဝင်မပါ၍ကလည်း မသင့် ..။ နောက်ဆုံးတော့ ဆိတ်အုပ်လေးကိုပဲ စားကျက်သို့ မောင်းသွားရနိုးနိုး ..။ ဝင်လုပ်ကူရနိုးနိုးဖြင့် ရှိနေရစဉ်ခိုက်မှာ ဘဘဦးထင်ခိုင်မှ ဆိတ်ခြံလေးနားရောက်လာကာ ...

"မိန်းကလေးရေ .. ပစ္စည်းတွေနေသားတကျ .. ရှိအောင် .. ဝင်စီမံလိုက်ချေဦး .. ဒေါ်ငွေလဲ ရောက်နေပြီ .."

ဟု ပြောလာတာမို့ မနေသာတော့ပြန် ..။ ဒေါ်ကြီးငွေလို အသက်ကြီးသူက အိမ်ထဲရောက်နေပြီ ..။ ဝင်မလုပ်ကူဘဲ နေ၍ကို မဖြစ် ..။ ဘဘကို အားနာသလိုလေး ကြည့်ရင်းမှ ..



"မွေးထုံတို့အတွက် .. အများကြီး ဝယ်လာတာပဲ ဘဘရယ် .. မွေးထုံတို့ အဲသလောက် အဖိုးတန်တွေနဲ့ မနေတတ်ပါဘူးရှင် .."

ဟု အရိုးခံလေးအတိုင်း အားနာမဆုံးစွာ ပြောတော့ ဘဘ ရယ်သည်။ နောက် .. ပြုံး၍ ဆိတ်ခြံအသစ်လေးကိုကြည့်ကာ ..

"ခုထိ .. ဘဘ ဆောက်ထားပေးတဲ့ ဆိတ်ခြံလေး;ထဲကို ဆိတ်တွေ ညမသိပ်သေးဘဲကိုး .."

ဟုပြောတော့ မွေးထုံ ခေါင်းလေးငုံ့ကာ ..

"အုတ်တစ်ဝက်မြင့်ကာ .. သမံသလင်းခင်း .. သွပ်မိုးနဲ့ .. ဆိတ်ခြံကို အသစ်ဆောက်ပေးထားတာ .. အရမ်းကို .. အားနာရပါတယ် ဘဘရယ် .."

ဟု ပြောတော့ ဘဘ ပြုံးရင်းဖြင့် ..

"အားလုံး အသစ်တွေချည်းပဲ ရှိစေချင်တယ်လေ .. အိမ်လေးပြီးသွားပြီ .. ဒီနေ့ပစ္စည်းတွေ အားလုံး ထားသိုဖြစ်မယ် .. ပြီးရင်ဖြင့် .. အိမ်ဟောင်းကို ဖျက်ပစ်မှာ .. ဆိတ်ခြံဟောင်းလေးကိုလဲ ဖျက်ပစ်မှာပဲ .. ဒီခြံထဲမှာ .. ဘဘ ဆောက်ပေးထားတဲ့ တိုက်အိမ်လေးရယ် .. ဆိတ်ခြံလေးရယ်ပဲ ရှိရမယ် .. အဟောင်းတွေ မရှိရတော့ဘူးလေ .."

ဟု ပြောနေတော့ မွေးထုံ ရင်ထဲမကောင်း ..။ နှမြောစိတ်ဖြင့် အိမ်လေးနှင့် ဆိတ်ခြံလေးကို တစ်ချက်ငေးကြည့်မိသည်။ အိမ်ဟောင်းလေးက ကောင်းနေဆဲ ..။ ရှေ့ညီလေး ဝနေကာ ..။ အနီရောင် သွပ်မိုးလေးဖြင့် ချစ်စရာလေးပါ ..။

www.burmeseclassic.com

www.burmeseclassic.com



ဒါလေခဲ့ ကိုယ်က ကလေးပဲလေ ..။ ဝင်ပြောရမည့် အဆင့်မှ မဟုတ်ချေပဲ ..။ ဘဘကြီးနှင့် ဘဘတို့ သဘောပါပဲလေ .. ဟု စိတ်ကို လျှော့ချလိုက်ရပေမယ့် ..။ မွေးထုံ တစ်သက်နေခဲ့သော ပျဉ်ထောင်အိမ်လေးကို ငေးခနဲ နှမြောစိတ်ဖြင့်လည်း ကြည့်မိရ။ အပြာနုရောင် ချည်သားခန်းဆီးစလေးတွေ တလွင့်လွင့်ဖြင့် ရှိနေသော ပြတင်းပေါက်လေးတွေနှင့် အပြာရောင်သဘောာဆေး သုတ်ထားသော ဝရန်တာလေးမှာ ပန်းအိုးလေးတွေ တင်ထားလျက် ..။ ပန်းလေးတွေ ဝေနေသည့် အိမ်လေးကို ကြည့်ရင်း ကြည့်ရင်းဖြင့် ရင်ထဲမှာ ဆို့လာသည်။ သက်ရှိအရာတစ်ခုနှင့် ခွဲခွာရတော့မည့်နှယ် ခံစားရလျက် .. ဤအိမ်လေးကို မကြာမကြာ လွမ်းဆွတ်စိတ်ဖြင့် နောင်များမှာ စိတ်ကူးဖြင့် ပြန်၍ ပြန်၍ မြင်မြင်နေမိရချေတော့မည်ပဲဟု တွေးမိရပြန်ပါ၏။

"ကိုင်း .. သွားလိုက်ချေဦး မိန်းကလေး .. ဟိုမှာ ခန်းဆီးတွေတောင် မငွေ တပ်နေလောက်ပြီ .. လိုက်သွားလိုက် .. လိုက်သွားလိုက် .."

ဟု ဘဘ ပြောနေရင်းမှ ..

"မိန်းကလေးရဲ့ ဘဘကြီးကိုလဲ .. ဘဘ ခွင့်တောင်းပေးထားပါတယ် ကလေးရဲ့ .. အိမ်သစ်လေးမှာ လုပ်ကိုင်ကူပါစေလို့ .."

ဟု မွေးထုံ သွားရဲအောင် ထပ်ဖြည့်ပြောပါ၏။ မွေးထုံ အိမ်သစ်လေးရှိရာသို့ ပထမဆုံးအကြိမ် ဝင်ဖြစ်မည်ဖြစ်ခြင်းပါ ..။ အိမ်လေး ဆောက်နေကတည်းက .. ကိုယ့်ငွေ ဘာမျှမပါဝင်သော အိမ်လေးပေမို့လား မသိ ..။ အလုပ်သမားတွေ ပြန်



သွားလျှင်သော်မှ .. ဝင်မကြည့်ရဲ ..။ ရင်ထဲမှာ အားငယ်နေတာလည်း ပါသည် ..။ ပြီးတော့ .. သြော် .. ပြီးတော့ .. ရှက်နေတာလည်း ပါသည်။ ဘဘကြီးလည်း ထို့နည်းနှယ်ပင် ရှိသည်ပါပဲ ..။

အလုပ်သမားတွေအတွက် ရေနွေးကြမ်းအိုးကိုတော့ သစ်ရိပ်အောက်မှာ ရေနွေးကြမ်းခွက်လေးတွေ တင်ထားရာ လင်ပန်းလေးနှင့်အတူ ထိုင်ခုံပုလေးမှာ တင်ထားပေးတာပဲ ပတ်သက်ဝင်ထွက်ရာ နေရာလေးအဖြစ် ရှိရတာတ်သည်ပါပဲ ..။

ခုကျတော့ .. သွန်းမွေးထုံ .. အိမ်သစ်လေးရှိရာသို့ လျှောက်လာနေခဲ့ရပါပြီ ..။ ပေါ်တီကိုလေးနှင့် အိမ်လေးကတော့ တကယ့်ကို ချစ်စရာလေးပါ ..။ အိမ်သစ်လေးကို ဘဘကြီးနှင့်အတူ ညနေပိုင်းများမှာ မွေးထုံတို့၏ ပျဉ်ထောင်အိမ် ဝရန်တာနေရာလေးဆီမှ တူတူရပ်ငေးကြည့်ခဲ့ရဖူးသည်ပါပဲ ..။ သြော် .. ခုတော့ဖြင့် .. ထိုအိမ်သစ်လေးဆီသို့ သွန်းမွေးထုံ ဝင်ရောက်ရဦးချေတော့မည်သာတကား ..။

အိမ်တံခါးက ပန်းကနုတ်ထွင်း အလှဖော်ထားသော ကျွန်းတံခါးရွက် ..။

အိမ်တွင်းမှာကျတော့လည်း အနီရင့်ရောင် ကော်ဇောခင်းထားသည်။

အလုပ်သမားတွေက ဆိုဖာဆက်တီများ၊ ပန်းကနုတ်ထွင်း စားပွဲလှလှနှင့် ပန်းတင်ခုံများကို နေရာတကျ ထားသိုနေကြပြီ ..။

တချို့ကျတော့လည်း အပြာနုရောင်နံရံမှာ ပန်းချီကားချပ်တွေ ချိတ်နေကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးငွေကဖြင့် ပိုးသားအပြာခံတွင် အဖြူပွင့်လေးများပါသော ခန်းဆီးများကို အလုပ်သမားတွေနှင့် တပ်ဆင်ခိုင်းနေပါ၏။

သွန်းမွေးထုံ နေရာလေးမှာ ခြေစုံရပ်နေရင်းဖြင့် မြင်ကွင်းကို မယုံကြည်နိုင်ရဲစွာ အံ့ဩမှင်တက်လွန်းစွာ အငေးကြီးငေးကြည့်နေမိရပါပြီ ..။

ဤမျှအထိ .. ကောင်းလွန်းနေပါသော .. ခမ်းနားလွန်းနေပါသော နေရာတစ်ခုသည် သွန်းမွေးထုံတို့ နေထိုင်ရမည့်အိမ် ဖြစ်နေပါသတဲ့လား ..။

မွေးထုံတို့၏ ဘဝနှင့် လုံးဝမအပ်စပ်နေသော ..။ မနီးစပ်နေသော .. သီးခြားနေရာတစ်ခုမှာ မွေးထုံ ရပ်နေရသည်သို့ ခံစားနေရပါ၏။ ရင်တွင်းမှာ ကြည်နူးရခြင်းများက ဖြစ်တည်မလာနိုင်စွမ်းလောက်အောင်ကိုပဲ အလွန်တရာကိုမှ မွေးထုံတို့အတွက် ခမ်းနားလွန်းနေပါသည့် ဧည့်ခန်းဆောင်တစ်ခုက ဖန်တီးပြုစားထားလိုက်သည့်နှယ် ဖြစ်နေရပါချေ၏။

ဤနေရာသည် .. ဆိတ်ကျောင်းပါသည့် မွေးထုံ ..။ ဆိတ်နို့ပုလင်းလေးတွေကို စက်ဘီးလေးနှင့် လိုက်လိုက်ပို့ရပါသော ဘဘကြီးတို့ နေထိုင်ရမည့် နေရာတစ်ခု ဖြစ်နေပါတဲ့လား ..။ ဩော် .. ဘဘ ဦးထင်ခိုင်ကို နို့ပုလင်းလေး လာပို့ပေးရပါသော မွေးထုံ၏ နေအိမ်လေးတစ်ခု ဖြစ်နေပါသတဲ့လား ..။

လုံးဝကြီးကို ထူးခြားပြောင်းလဲလွန်းနေသော နေရာတစ်ခုသည် .. မွေးထုံ အတွက် မတန်မရာကြီး ရှိနေလောက်အောင်ကိုပဲ ခမ်းနားလွန်းနေသည် ဆိုတာ မိမိဘာသာ သိနေရ



လျက် ..။ ဤသို့ ခမ်းနားနေအောင် .. မိမိ ရှာဖွေစုဆောင်းရသည့် ငွေကြေးတစ်စုံတစ်ရာ မပါဝင်ဘဲ .. သူတစ်ပါး၏ငွေကြေးတို့ဖြင့် ဖြစ်တည်လာနေခြင်း ဆိုတာကို သိနေရသည်ကိုက .. ပို၍ အနေခက်စေရပါပြီ ..။

ခက်သည်က .. ကိုယ်က ကလေးပေပဲလေ ..။ ဘဘကြီး သဘောတူလိုက်ရပြီဖြစ်သော ဤအိမ်ဆောက်မှုကိစ္စမှာ ဘာမျှဝင်ပါ၍ ဖြစ်နိုင်ချေသည်မှ မဟုတ်ချေပဲ ..။ ဘဘကြီးကိုယ်တိုင်ကလည်း မတတ်သာလွန်း၍ ငြိမ်နေရခြင်း ဆိုတာကိုလည်း မွေးထုံ သိနေရသည်ပဲ ..။

ဘဘဦးထင်ခိုင်က ဖွတ်ကြီးကိုပဲ ဤတိုက်အိမ်လေးကို မငြင်းသာအောင် ဆောက်ခဲ့သည် မဟုတ်ပါလား ..။

"ဟော .. မွေးထုံလေး ရောက်လာပြီကိုး .. လာ .. လာ .."

ဟု ပြောရင်း ဒေါ်ကြီးငွေ ခြေလှမ်းသွက်သွက်ဖြင့် အပျော်မျက်နှာ .. အပျော်အပြုံးတို့ဖြင့် လျှောက်လာပါ၏။ ဟုတ်သည် ..။ ဒေါ်ကြီးငွေကတော့ .. မွေးထုံတို့ ဤသို့နေရထိုင်ရတော့မည့်အတွက် ပျော်နေရှာပါသည့် အဖြစ် ..။

ခြေစုံလေးရပ်ကာ ဧည့်ခန်းလေးကို ငေးငြိမ်ကြည့်နေသည့် မွေးထုံကို လက်လေးလာဆွဲ၍ ဧည့်ခန်းဆီမှ အိပ်ခန်းဆီသို့ ခေါ်သွားသည်က ဒေါ်ကြီးငွေပါ ..။

ခုတင်လှလှလေးက လှပသော အိပ်ရာအခင်းအကျင်းနှင့်ပင် ရှိနေနှင့်ပြီ ..။ မှန်တင်ခုံ ..။ စားပွဲလှလှလေးနှင့် ဆိုဖာခုံထိုင်ခုံလေးတစ်လုံး ..။ စားပွဲခင်းလှလှလေး ခင်းထားသော စားပွဲထက်မှာ ပန်းမထိုးရသေးသော ကြွေပန်းအိုးလှလှလေးက

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ အဝတ်အစားထည့်ဖို့ ဗီရိုကြီးတစ်လုံးကလည်း ရှိနေပြီ ..။ အလုပ်သမားအင်အား နိုင်နိုင်ဖြင့် အားလုံး နေရာတကျထားသိုပြီးနှင့်နေကြချေပြီဆိုတာ သိလာရလေလေ ..။ ဘာဆိုဘာမျှ ဝင်မလုပ်ကူဖြစ်ဘဲ ဤမျှအထိ လုပ်ကိုင်ပြီးခဲ့တာကိုလည်း မျက်နှာပူ အားနာရ ..။ ခုလို .. အခန့်သား အကျသား လာကြည့်သလိုကြီး ဖြစ်နေရတာကိုလည်း အနေခက်ရနှင့် မွေးထုံ ဖြစ်သွားရသည်ပါပဲ ..။

အခန်းပြတင်းတိုင်းမှာ ခန်းဆီးတွေ တပ်ဆင်ပြီးနေပြီ ..။

"ခန်းဆီးအပိုသုံးစုံက ဗီရိုကြီးထဲမှာ ရှိနေပြီ မွေးထုံလေး .. အို .. ဒေါ်ကြီးဖြင့် .. အစ်ကိုကြီးက ခုလို .. ကလေးတို့ကို .. ဒီအိမ်လေးကို ဆောက်ပေးလိုက်တာကို သိပ်ဝမ်းသာတာပဲ .. အိမ်လေးက သပ်သပ်ရပ်ရပ်နဲ့ .. ခေတ်လည်း မီမီလေး ဆောက်ထားတာ .. အို .. ဘဘကြီးအတွက်လဲ .. အိပ်ခန်းမှာ အားလုံး ခုတင်အိပ်ရာကအစ .. ခုလိုပဲ စားပွဲကုလားထိုင်ကအစ .. ဗီရိုအဆုံး .. အားလုံးရှိနေပြီကွယ် .. မိန်းကလေးက .. မြန်မာစာ အဓိကနဲ့ အဆေးသင်တက္ကသိုလ်တက်နေတာကို အစ်ကိုကြီး သိတယ်လေ .. မိန်းကလေးရဲ့ ဘဘကြီးက ပြောပြထားတယ်တဲ့ .. ဒါကြောင့် .. ဟိုမှာ စာအုပ်စင်လေးတောင်မှ ရှိနေတာ .."

ဟု အခန်းထဲ ရှိနေသမျှကို လက်ညှိုးလေး တညွှန်ညွှန်ဖြင့် ဒေါ်ကြီးငွေ ပြနေသမျှ ခုထိ ဘယ်မှာမှ မထိုင်ဖြစ်သေးစဝါပဲ ခြေစုံလေးရပ်၍ အငြိမ်ကြီးငြိမ်ရင်း လိုက်ကြည့်နေမိရသည်



က သွန်းမွှေးထုံပါ ..။ ဒေါ်ကြီးငွေကတော့ .. မွေးထုံ .. ဘဘကြီးအတွက် ဆိတ်နို့သွားသွားပို့ပေးနေရကတည်းက .. မွေးထုံအရမ်းရိုးစင်းဖြူစင်တာကို သံယောဇဉ်ဖြစ်ရင်း ချစ်လည်း ချစ်သွားရပါသည့် အဖြစ် ..။ ခုလို .. တိုက်အိမ်လှလှလေးမှာ .. မွေးထုံတို့နေရမည်ဆိုတော့ .. ဒေါ်ကြီးခမျာ ဝမ်းသာနေရလေသမျှ တပြုံးပြုံးနှင့် ပြောပြောပြနေသည်ပါပါ ..။

"လာ .. လာ .. မီးဖိုထဲ သွားရအောင် .."

ဟု ဒေါ်ကြီးငွေ မီးဖိုဆောင်ဘက်ဆီသို့ ခေါ်သွားတော့လည်း ကြွေပြားတွေ နံရံမှာ ကပ်ထားလျက် ..။ အညိုရင့်ရောင် ကြွေပြားတွေ မီးဖိုခန်းပြည့် ခင်းထားကာ ..။ ကြွေပြားကပ်ထားပါသည့် မတ်တတ်မီးသွေးမီးဖို နှစ်လုံးနှင့် ..။ ပန်းကန်ဆေးစင်းလ်ဗေစင် ..။ ပန်းကန်ဆေး ရေစစ်စင် ..။ စတီးလ်ကြောင်အိမ် ..။ မီးဖိုဆောင်သုံးပစ္စည်း၊ ဘူးများထားသိုရာစင် ..။ ပြီးတော့ .. မီးဖိုဆောင်သုံး အိုးခွက်ပန်းကန်များ အားလုံး အစီအရီ ထားသိုပြီး နေသမျှတွေကို မြင်နေရတော့ မွေးထုံ အံ့ဩခြင်းက အထွတ်အများသို့ပင် တိုင်နေရပါပြီ ..။

ဘုရားရေ ..။ ဘဘဦးထင်နိုင်သည် .. ဤမျှအထိ .. ထောင့်စေ့နေအောင် .. မီးဖိုဆောင်တွင်းမှာ အသစ်အသစ်သောအိုးခွက်ပန်းကန်တွေကအစ .. ဝယ်ယူထားသိုပေးခဲ့ချေသည်ကောလေ ..။ အိမ်သစ် ..။ ပစ္စည်းသစ်များဖြင့် ရှိစေသည့်အဖြစ်။ မီးဖိုဆောင်လေးနှင့် တွဲလျက်အခန်းက စတိုခန်း ..။ စတိုခန်းထဲမှာလည်း ပလတ်စတစ် ဆန်ပုံးကြီးထဲမှာ ဆန်ကအစ ဖြည့်ထားပြီးသား ဖြစ်နေပြီ ..။ မွေးထုံ .. ရင်ထဲမှာ .. ပင်ပန်းခြင်းကာ ပင်

www.burmeseclassic.com

www.burmeseclassic.com



ပန်းလာနေသည်။ အလွန်တရာကိုမှ ဂရုစိုက်လွန်းစွာ ဖြည့်ဆည်းပေးလွန်းနေပါသည့် ဘဘဦးထင်နိုင်၏ ငွေကြေးကုန်ကျခံလွန်းနေမှုကို ခုလို .. လက်ခံပေးနေရခြင်းအတွက် .. ရင်ထဲမှာ အားနာရလွန်းစိတ် .. အနေခက်ရလွန်းစိတ်ဖြင့် ပင်ပန်းလာနေရပါသည့်အဖြစ် ..။

"ဖေဖေက .. ဒီနာရီလေးကို .. မွေးထုံကို ပေးလိုက်ဖို့မှာခဲ့တာဗျ .."

ဟု ကိုကြီး ပြောခဲ့ပါသော စကား ..။ ဟုတ်သည်။ ကိုကြီး ရန်ကုန်သို့ အလုပ်ကိစ္စဖြင့် ပြန်လည်ထွက်ခွာမသွားမီ တစ်နေ့က .. မွေးထုံ ထံသို့ ရောက်လာကာ .. စားကျက်ခင်းနေရာ သစ်ရိပ်လေးမှာ ပြောခဲ့ပါသော စကား ..။ ဘာကြောင့် .. ဘဘဦးထင်နိုင်သည် ဤမျှအထိ .. မွေးထုံ အပေါ် အရမ်းဂရုစိုက်နေရပါသတဲ့လဲ ..။ ကိုကြီးကတော့ .. စားကျက်ခင်းလေးမှာ ထိုနေ့က .. မွေးထုံ၏ ထမင်းချိုင့်လေးကိုဖွင့်၍ စားခဲ့သေးသည်ပဲ ..။ ပြီးတော့ .. နောက်တစ်နေ့မှာပဲ .. အလုပ်ကိစ္စ ပေါ်လာ၍ ရန်ကုန်သို့ ပြန်သွားလိုက်ရသည်ဟု ဘဘဦးထင်နိုင်က .. ဘဘကြီးကို ပြောပြသည်လေ ..။

"အစ်ကိုကြီးတို့က .. အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းကြီးကို လုပ်ကြတာဆိုတော့ .. ခုလို အဆောက်အုံ ဆောက်တာလောက်ကတော့ မြန်သပေါ့ကွယ် .. အိမ်တွင်းပစ္စည်းပစ္စယ ဝယ်ခြမ်းထားသို ခင်းကျင်းတာကလည်း .. အစ်ကိုကြီးတို့ လုပ်ငန်းထဲမှာ ပါနေတာကိုး .. အားလုံး .. အစ်ကိုကြီး စီမံတာ .. ဒါတွေအားလုံး ရန်ကုန်က အစ်ကိုကြီးရဲ့ အလုပ်သမားတွေပဲ တစ်နေ့က .. ကားကြီးနဲ့ လာပို့ပေးသွား



ကြတာ .. အစ်ကိုကြီး လှမ်းမှာလို့ နေမှာပေါ့ .. ပြီးတော့ မောင်နိုင်မြဲကလဲ ဟိုမှာရှိနေတယ် မဟုတ်လား .. သူ .. ဟိုကနေပြီး အားလုံး သေချာတော့စေအောင် လုပ်ပေးခဲ့တာဖြစ်မှာ .. မောင်နိုင်မြဲ ရန်ကုန်ကို မသွားခင် .. သူတို့သားအဖနှစ်ယောက် .. စာကြည့်ခန်းမှာ ထိုင်ကြရင်း .. ဒီအိမ်လေးအတွက် .. ဘာတွေ ဘယ်လို စီစဉ်မယ်ဆိုတာတွေ တိုင်ပင်ပြောနေကြတာ ဒေါ်ကြီး ဆိတ်နို့ပူပူနှစ်ခွက် သွားပို့ရင်း ကြားခဲ့ရတာလေ .."

ဟု ပြောနေသမျှ မွေးထုံ ငြိမ်နားထောင်နေရပါ၏။ ပြန်ပြောရမည် ဆိုတာပင် စကားလုံး ရှာမတွေ့နိုင်တော့သလိုကြီး ဖြစ်နေသည်။ တစ်ခုကတော့ သေချာနေသည်။ ဤမျှခမ်းနားနေသော တိုက်အိမ်လေး တစ်လုံးထဲက အသုံးအဆောင်များကြားမှာ ရပ်နေရပေမယ့် ရင်သည် မလွတ်လပ် ..။ ဟုတ်သည်။ လွတ်လပ် ..။ မွေးထုံတို့၏ ပျဉ်ထောင်သွပ်မိုး အိမ်လေးမှာ နေသည့် ခံစားမှုမျိုးတွေ လုံးဝပျောက်ဆုံးနေကြတာကို သိနေရပါသည့် အဖြစ် ..။

လျှပ်စစ်ထမင်းအိုးလေးပင် တည်ထားပြီးနေပြီဆိုတာကို မြင်နေရပါ၏။ ကြည့်ရတာ .. ဤနေ့ ထမင်းစားရမည့်နေရာသည် .. ဤတိုက်သစ်လေးမှာပဲ ဖြစ်မည့်သဘော သက်ရောက်သည်။ လျှပ်စစ်ဒယ်အိုး ..။ လျှပ်စစ်ရေနွေးကရား ..။ လျှပ်စစ်အိုး .. ရှိရာ သီးသန့် ကြွေပြားကပ် မတ်တတ်မီးဖို ..။ မျက်နှာကြက်မှာက ပန်ကာတစ်ခု ..။ ထမင်းစား စားပွဲရှည်တစ်လုံးသည်း မီးဖိုခန်းထောင့် နေရာလေးမှာ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာက စတီးလ်ချိုင့်ကြီးတစ်ခု ..။

"ဟင်းကတော့ .. ဒီအချိန် ချက်ဖို့မရှိဘူးလေ .. ဒါကြောင့် အစ်ကိုကြီးက .. မြရိပ်သာအိမ်ကြီးကပဲ ဒေါ်ကြီးကို ချက်ထည့်ယူလာခိုင်းတာ .."

ဟု ပြောနေသမျှ မွေးထုံ ငြိမ်မြိငြိမ် .. နားထောင်သမား ဖြစ်မြဲဖြစ်နေရပါပြီ ..။

"အိမ်မှာ မွေးထုံ မနက်စောစော ထချက်ထားပြီးပါပြီ ဒေါ်ကြီး .."

ဟု မပွင့်တပွင့်လေး ပြောမိရသည်ကိုက မဝံ့မရဲနိုင်နေသည်။ မွေးထုံ ချက်ထားသည်က မြေပဲချက်နှင့် ပဲကြားသခွားသီးဟင်းရည် မဟုတ်ပါလား ..။ ငရုတ်သီးစိမ်းတောင့်လေးတွေ မီးဖုတ်၍ ခရမ်းချဉ်သီးမီးဖုတ်ကာ ကြက်သွန်ဖြူနိုင်နိုင်ဖြင့် ထောင်းထားသည့် ခရမ်းချဉ်သီးထောင်း ပင်စိမ်းရွက်အုပ်လေးဖြင့် ထမင်းစားမြိန်မည်ဟု တွေးထားမိရပါသည့် ထမင်းပွဲသည် .. လက်တွေ့မှာ .. ပျဉ်ထောင်အိမ်လေးဆီဝယ် ဖြစ်တည်လာနိုင်ဖွယ် မရှိတော့ပြီကော ..။

ညှော်ခန်းမှာ တီဗီစင်ထက်မှာ တီဗီကို နေသားတကျတင်နေကြတာကို ညှော်ခန်းသို့ ပြန်ထွက်လာစဉ်ခိုက် မွေးထုံ ထပ်တွေ့ရတော့ .. တိုက်အိမ်လေးမှ ခေါင်းလေးငုံ့၍ ပြန်ထွက်သွားချင်စိတ်ပဲ ဖြစ်နေရရပါပြီ ..။ ပစ္စည်းတွေ ချနေသည့် အလုပ်သမားတချို့၏ အကြည့်သည် .. မွေးထုံတို့တော့ .. ကံကောင်းလွန်းနေကြသည်ပဲ .. ဟု ကြည့်နေကြသလိုကြီး ဖြစ်နေသည်။



ထိုသို့ .. မွေးထုံ ထိုအကြည့်တချို့ကို နားလည်ခံစားဖြစ်နေရပါ၏။ အချောင်လိုချင်သည့်စိတ် မရှိသည်မို့လည်း .. ခုလို .. လိုလေသေးမရှိလောက်အောင် ဘဘဦးထင်ခိုင်ဘက်က စီစဉ်ပေးနေလေလေ .. နေရထိုင်ရ ခက်လေနှင့် မွေးထုံ ဖြစ်နေရလေလေပါ ..။ အပြင်ဘက်မှာ တီဗီအင်တာနာတိုင် ထောင်သူတို့၏ အသံကိုလည်း ကြားနေရပါ၏။

ထိုစဉ်ခိုက် .. ညှော်ခန်းဆီသို့ ဘဘကြီးနှင့် ဘဘဦးထင်ခိုင်တို့ ဝင်လာကြပါ၏။ ဘဘကြီးကို .. ဘဘဦးထင်ခိုင်မှ လက်ကြီးဆွဲ၍ ခေါ်လာခြင်းပါ ..။ ဘဘကြီး၏ မျက်နှာ မသိမသာ ရဲနေကာ .. အရမ်းကို ခမ်းနားနေသည့် ညှော်ခန်းကို ငေးကြည့်ရင်း မျက်နှာမလန်းနိုင်ဘဲ ဖြစ်သွားရတာကိုလည်း မွေးထုံ မြင်နေရသည်ပါပဲ ..။

"ဒီနေ့ .. ဒီအိမ်ကို ပြောင်းလာရမယ် သူငယ်ချင်း .. မနက်ဖြန် .. ဟိုဘက်က အိမ်လေးကို အလုပ်သမားတွေ ဖျက်ကြလိမ့်မယ် .. အိုးခွက်ပန်းကန်ဟောင်းတွေ သယ်မလာနဲ့တော့ .. သူငယ်ချင်း မယူမဖြစ် ယူရမယ့် ပစ္စည်းတွေလောက်နဲ့ အဝတ်အစားတွေလောက်ပဲ ယူလာခဲ့တော့ .. အဲဒီအိမ်က ပစ္စည်းဟောင်းတွေကို .. ကိုယ့်အလုပ်သမားတွေထဲက .. မရှိနွမ်းပါးသူတွေကို ပေးလိုက်မယ် .. မိန်းကလေးမွေးထုံ .. အိမ်ကိုပြန်သွားလိုက် .. ဟိုမှာ .. ကလေးလိုမယ်ထင်တဲ့ ဥစ္စာတွေ စုသိမ်းထား .. အလုပ်သမားလေးတွေ ခဏကြာရင် လာသယ်ကြလိမ့်မယ် .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ဘဘဦးထင်ခိုင် ပြောနေခိုက် အိမ်တွင်းသို့ ဆောင်းဘောက်လှလှနှင့် ကက်ဆက်ခပ်ကြီးကြီး တစ်ခုကို အလုပ်သမားတစ်ယောက် သယ်လာတာကို မွေးထုံ မြင်ရပြန်ပါ၏။

"ဘာလို့ .. ဒီလောက်ကြီးထိ .. လုပ်နေရတာလဲ ထင်ခိုင်ရာ .. ငါ .. ဒီလောက်ကြီး ချမ်းသာအချို့ ချမ်းသာမျိုးကြီး မလုပ်တတ်ပါဘူးကွာ .. မင်းကတော့ .. လုပ်ချင်တာတွေအားလုံး ဖွတ်တိုးလုပ်တော့တာကိုး .. ငါတို့တူဝရီး ငါတို့အိမ်လေးနဲ့ နေပျော်နေကြတာပါပဲ .. နေလောက်ပါတယ် သူငယ်ချင်းရယ် .. အလကား ငွေကုန်ကြေးကျများလွန်းလှတယ် ထင်ခိုင် .."

ဟု ဘဘကြီး အားနာအနေခက်စွာ ပြောနေခိုက် ဘဘဦးထင်ခိုင်ကတော့ အော်ရယ်နေပါ၏။ မွေးထုံ .. ခြေလှမ်းသွက်သွက်ဖြင့် အိမ်ငယ်လေး ရှိရာသို့ ထွက်လာစဉ်ခိုက် .. ရင်ထဲမှာ .. မွေးထုံတို့၏ နေအိမ်လေး မကြာခင် .. ဖျက်တာခံလိုက်ရတော့မှာကို နေရလျက် ရင်ထဲမှာ ဝမ်းနည်းနေမိရပါသည့်အဖြစ် ..။

အိမ်လေးကတော့ .. မွေးထုံကို .. ကြေကွဲစွာ .. မခွဲခွာနိုင်စွာ လှမ်းမျှော်ငေးကြည့်နေချေသည်ဟု မျက်ရည်ဝေရင်း ခံစားနေမိရပြန်ပါ၏။

❦ ❀ ❦



## အခန်း(၇)

ဘုရားကန်တော့နေပါသည့် မွေးထုံကို ဘဘကြီး ကြည့်ကာ သက်ပြင်းမှျင်မှျင် ချမိရပါ၏။ ပန်းဆီမီးတို့ဖြင့် သပ္ပယ်နေပါသော ဘုရားရှင် ..။ ဘုရားစင်သည် .. ဆွမ်းပန်း ဆီမီးတို့ဖြင့် သီးသန့်ဘုရားခန်းလေးဖြင့် ရှိနေပါ၏။ ဘုရားစင်မှာ မနက်စောစောထ၍ မွေးထုံ ခူးဆွတ်ကာ ပန်းပွင့်လေးများကို ရေဖြင့် စင်ကြယ်စွာဆေး၍ သီထားပါလေသော စံပယ်ကုံးလေးများကို ချိတ်ဆွဲပူဇော်ထားပါ၏။

မွေးထုံ၏ ကိုယ်လေး ပြန်လှည့်လာတော့ ဘဘကြီး ချောင်းတစ်ချက် ခပ်တိုးတိုးဟန့်ကာ မပြောမဖြစ် ပြောရမည်ဟု မှတ်ယူခံစားနေမိရပါသည့် စကားများကို ပြောနိုင်ဖို့ ကြိုးစားရပါ၏။

"မိန်းကလေး .. ဘဘကြီး ရင်ထဲမှာ ခံစားနေရတာ တစ်ခုတော့ ရှိနေတယ် .. ဒီနေ့မှာ .. တစ်ခုခုတော့ ထူးခြားလာမယ်လို့ ထင်ပါရဲ့ကွယ် .. လာ .. လာ .. ညှိခန်းလေးမှာ ထိုင်စကားပြောကြတာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဦးဆောင်၍ ညည့်ခန်းလေးသို့လျှောက်ခဲ့ပါ၏။ **ဆိုဖာကြီးများဖြင့် ဧည့်ခန်းသည် ဖွင့်ထားသော ပြတင်းများဆီမှ တိုးဝင်နေကြပါလေသော** နေရောင်အောက်မှာ လင်းချင်း**ရှင်းသန့်လျက်** သစ်လွင်လှပနေသည်ပါပဲ ..။ နှင်းဆီပန်းလေး**တွေ** ရောင်စုံထိုးထားရာ အလှတင်ပန်းအိုးလေးသည်လည်း ဆက်တီစားပွဲထက်မှာ ရှိနေ၏။

ဖွင့်ထားသော မှန်ပြတင်းအနီးရှိ နေရာလေးမှာ ဘဘကြီး ထိုင်သည်။ အနီရင့်ရောင် ကော်ဇောထက်မှာ ဘဘကြီးထိုင်နေသည်မို့ မွှေးထုံလည်း ဘဘကြီးဘေးမှာ လိုက်ထိုင်ရသည်ပါပဲ ..။ ဘဘဦးထင်ခိုင် ဝယ်ထားပေးပါသော ဆိုဖာကြီးများထက်မှာ ခုထိ ဘဘကြီးရော မွှေးထုံရော မထိုင်ဖြစ်ကြသေးတာအမှန်ပါ ..။ ဧည့်ခန်းလေးမှာ ထိုင်ဖြစ်ကြပြီဆိုလျှင် ခုလိုပဲ ကော်ဇောကြီးထက်မှာ ထိုင်ဖြစ်ကြသည်ချည်းပါ ..။ ဘယ်တုန်းကမှ မထိုင်ဘူးသော ဆိုဖာကြီးများထက်မှာ မထိုင်ဖြစ်ကြခြင်းမှာ .. ထိုင်ရမှာကို ရင်ထဲ လိပ်ပြာမလုံကြ၍ပါ ..။ ခုလို .. ခမ်းခမ်းနားနား ဘဘဦးထင်ခိုင်က ထားပေးနေလေသမျှ .. ရင်ထဲမှာအနေခက်နေရဆဲ ..။

"မိန်းကလေး .. ဘဘကြီး ပြောစရာရှိနေတယ် .. ဒီနေ့ .. ကိုထင်ခိုင် ဘဘကြီးဆီကို မကြာခင် ရောက်လာလိမ့်မယ် .. ဒီတော့ .. လုံမလေးက မေးချင်လိမ့်မယ် .. ခါတိုင်းလဲ လာနေကျပဲဥစ္စာ ဘဘကြီးရယ်လို့ .. ဒီနေ့မှ .. ဘာလို့အထူးတဆန်းလုပ် ပြောနေရတာလဲလို့လေ .."



ဟုပြောတော့ မွှေးထုံ ငေးကြည့်နားထောင်နေမိရသည်ပါပဲ ..။ မွှေးထုံ၏ အကြည့်လေးတွေက အိမ်ရှေ့မှာရှိနေပါသည့် အလှစိုက်ပန်းအိုးလေးများဆီမှာ တစ်ချက်တန့်သွားရပြန်ပါ၏။ ဪ .. တစ်ချိန်သောအခါက .. ပျဉ်ထောင်အိမ်ငယ်လေးတစ်လုံး၏ သဘော်ဆေးသုတ် ဝရန်တာဆောင်လေးမှာ ရှိခဲ့ဖူးပါသော ပန်းအိုးလေးများ ..။ ခုကျတော့ .. ထိုပန်းအိုးလေးများ ရှိခဲ့ဖူးရာ ဝရန်တာဆောင်ငယ်လေးသည်လည်း အိမ်လေးနှင့်အတူ မရှိတော့ပြီ ..။ အိမ်ငယ်လေးလည်း ဖျက်ပြီးခဲ့ပြီ ..။ ပျောက်ကွယ်သွားခဲ့ရပြီ ..။ မီးဖိုဆောင်ငယ်လေးထဲမှ ကြောင်အိမ်အိုအိုလေးနှင့် ကြွေရည်သုတ် ပန်းကန်ခွက်ယောက်များသည်လည်း အိုးခွက်ယောင်းလေးများနှင့်အတူ အားလုံး .. ဘဘဦးထင်ခိုင်မှ ကားကြီးတစ်စီးပေါ် တင်စေခဲ့ပါ၏။ ဤအိမ်သစ်ဆီသို့ အဝတ်အစားများနှင့် ဖေဖေနှင့် မေမေတို့၏လက်ရာ ပန်းပုများ ..။

ပြီးတော့ .. ဖေဖေ့လက်ရာ ပန်းချီကားများတို့သာ လူ့အသုံးအဆောင်များအဖြစ် ပြောင်းရွှေ့ရောက်ရှိလာရခြင်းပါ ..။

ဘဘကြီးကတော့ .. ဘုရားစင်ငယ်လေးဆီမှာ ကိန်းဝပ်စံပယ်တော်မူပါသော မြတ်စွာဘုရားရှင်အား မှန်ကျောင်းဆောင်နှင့်အတူ .. ဤအိမ်ရှိ ဘုရားစင်ကြီးထက်မှာ ပင့်ဆောင်ပူဇော်ထားရှိခဲ့ရပါသည့်အဖြစ် ..။

မနေ့က .. အိမ်သစ်တက်ပွဲလေး တစ်ခုကို .. ဤတိုက်အိမ်သစ်လေးမှာ ဘဘဦးထင်ခိုင်၏ အစီအမံဖြင့်ပင် ပြီးစီးခဲ့ရခြင်းပါ ..။ အလုပ်သမားတချို့ ..။ ရွာသားများနှင့် အိမ်သစ်တက်ပွဲလေးသည် .. ပြီးမြောက်ခဲ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com


"ကိုထင်ခိုင်က ပြောတယ် မိန်းကလေး .. သူ့သား မောင်ခိုင်ငြိမ်း .. မနက်ဖြန် .. ဒီကို ရောက်လာမယ်တဲ့ .. သူ .. ဒီနေ့မနက်ပိုင်းမှာ .. ဘဘကြီးတို့ကို ပြောစရာရှိတာလေးတွေ လာပြောပါရစေတဲ့ .. အဲသလို ပြောတယ် မိန်းကလေး .. သူ .. ဘဘကြီးတို့ကို တစ်ခုခု ပြောတော့မယ် ထင်တယ် .. သူ့သား ရောက်မလာခင်မှာ ပြောမယ့်သဘောမျိုးလဲ ဖြစ်နေတယ် .."

ဟု ပြောလာတော့ မွှေးထုံ ဘဘကြီးကို ကြည့်မိရသည်။ ဘဘဦးထင်ခိုင် ဆိုတာက .. မကြာမကြာ ရောက်ရောက်လာတတ်သည်ပဲလေ ..။ ဤအိမ်သစ်လေးသို့ မပြောင်းရခင်ကတည်းက .. ဘဘက လာနေသည်ပဲ ..။ ခုမှ .. လာသည်မှ မဟုတ်ချေပဲလေ ..။

"ဘဘကြီး တစ်ခု စိုးရိမ်နေမိတာ ရှိတယ် .. ကိုထင်ခိုင်ဟာ .. ဘဘကြီးတို့ အပေါ်မှာ အလွန်ကောင်းနေတယ် မိန်းကလေး .. တားဆီးလို့ မရအောင် ဖွတ်အတင်းကြီး ဒီမှာ အိမ်ဆောက်ပေး .. ပြီးတော့ အိမ်ထဲမှာလဲ .. အားလုံးအို .. လိုလေသေး မရှိအောင်ကိုပဲ .. ပစ္စည်းတွေကအစ .. ဖြည့်ပေးထားတယ် .. သူနဲ့ ဘဘကြီးတို့ဟာ သူငယ်ချင်းဖြစ်ကြတာတော့ မှန်တယ် .. သူ့စက်ရုံ တည်ဖြစ်အောင် ဘဘကြီး ကူညီပေးခဲ့တာလဲ မှန်တယ် .. ဒါပေမဲ့ .. သူငယ်ချင်း ဖြစ်ရုံနဲ့ .. အဲသလောက် ကူညီပေးခဲ့ရုံနဲ့ .. ဒီလောက်ကြီးထိ .. ငွေကုန်ကြေးကျ အလွန်အမင်းခံပြီး ကျေးဇူးတုံ့ပြန်သလိုကြီး အိမ်ဆောက် .. ဘာဆောက်နဲ့ လုပ်ပေးတာက .. အတိုင်းထက်အလွန် ဖြစ်နေတယ် .. အတော်ကြီးကို .. ငွေကြေးများလွန်းနေတယ် .. အဲဒါကို ဘဘကြီး စိုးရိမ်နေတာ .. မိန်းကလေးလဲ သိတာပဲ .. ဒီအိမ်ဆောက်ပေးတဲ့ကိစ္စ .. တောက်လျှောက် ဘဘကြီး သူ့ကို တားပါတယ် .. သူက .. ဘယ်လိုမှ တားမရဆီးမရ .. ဆောက်ပေးတာ .. အလုပ်သမားတွေနဲ့ တောက်လျှောက် လုပ်စေခဲ့တာ .. ဘေးသူစိမ်းတွေ အများကြီးရှေ့မှာ သူ့ကို ဘဘကြီး အတန်တန် ငြင်းပေမဲ့ မအောင်မြင်ခဲ့ဘူးလေ .. သူက .. ရှေ့ဆက်လုပ်တာပဲ .. ကြာတော့လဲ ငြင်းရတဲ့သူက .. အဲဒီအလုပ်သမားတွေရှေ့မှာ သူ့ကို တငြင်းတည်း ငြင်းနေ တားနေရတာကို .. သူ့ပြန်အားနာလာရတာနဲ့ပဲ .. ငြိမ်လိုက်ရတော့တာ .."

ဟု ဘဘကြီး ဆက်ပြောနေတော့လည်း မွှေးထုံ ငြိမ်သက်နားထောင်ပေးနေရပါ၏။

"အိမ်သစ်တက်ပွဲလုပ်တော့လဲ .. ရွာသားတွေရှေ့မှာ ဘဘကြီး အလွန်အနေခက်ရတာပါကွယ် .. အချောင်ရတဲ့အိမ်ကောင်းတစ်လုံးမှာ အိမ်ရှင်လုပ်ပြီး ဘဘကြီးက အိမ်သစ်တက်ပွဲ လုပ်နေရတာကို ရှက်တယ်ကွယ် .."

ဟု ဆက်ပြောတော့ ခံစားချက်ချင်း တူနေချေသည်ကော .. ဟု မွှေးထုံ တွေးဖြစ်၏။

"ခု .. သူ .. ဒီကို .. မကြာခင် ရောက်လာလိမ့်မယ် .. တကူးတက .. စကားခင်းပြီးတော့မှ .. ဒီနေ့မှာ သူပြောစရာရှိနေတယ်လို့ ပြောလာကတည်းက .. တစ်ခုခု ထူး

www.burmeseclassic.com

ခြားမယ်လို့ ဘဘကြီး ထင်တယ် ‥ ဒါကြောင့် ‥ ဘဘကြီးတို့ လူကြီးချင်း စကားပြောကြတဲ့အခါ ‥ မိန်းကလေး ‥ ခြံထဲဆင်းနေလိုက် ‥ ဟုတ်လား ‥ ဒီနေ့ဆိတ်ကျောင်း မသွားနဲ့တော့ ‥ ခြံထဲမှာပဲ ဆိတ်လေးတွေကို အစာကျွေးရေတိုက် ရေဖြည့်ပေးလိုက် ‥ ဟုတ်ပလား ‥ နေ့လယ်စာကိုလဲ ‥ မီးဖိုလေးမှာ ချက်ပြုတ် ‥ ဘဘဦးထင်ခိုင်အတွက်ပါချက် ‥ ရွာဈေးကိုလဲ ပြေးဝယ်ချေဦး ‥ လူကြီးစကားဝိုင်းနဲ့ နီးရာမှာ မနေဖို့ဘဲ ဘဘကြီး မှာချင်တယ် ‥ ဟုတ်ပလား ‥”

ဟုပြောတော့ မွှေးထုံ ခေါင်းလေးညိတ်လိုက်ရ ‥။ ဘဘကြီးမှာသည့်နှယ်ပင် ‥ ဆိတ်စာကျွေး ‥။ ဆိတ်ရေဖြည့်နှင့် လုပ်ပြီးမှ ‥ ရွာဈေးလေးသို့ စက်ဘီးလေးနင်း၍ ထွက်လာခဲ့ရပါ၏။

ကြက်သားနှင့် ငါးဝယ် ‥။ ကြက်ဥလေးငါးလုံးဝယ် ‥။ ပြီးတော့ စက်ဘီးလေးရှေ့မှ ခြင်းလေးထဲထည့်၍ နင်းပြန်လာခဲ့ရပါသည့် အဖြစ် ‥။ ကျန်သည့် အသီးအနှံကတော့ အိမ်မှစိုက်ခင်းလေးမှ ခူးဆွတ်ချက်လိုက်ရုံသာ ‥။ စိုက်ခင်းလေးမှာ ရေတံခင်း ရှိသည်။ ဖရုံခင်း ရှိသည်။ မုန်ညင်းခင်းနှင့် ပန်းမုန်လာတို့ကလည်း ရှိနေသည်။ ဘူးသီးနုနုလေးနှင့် ဗူကာသီးလေးတွေလေး သီးနေပြီ ‥။ ဘူးညွှန့် ဖရုံညွှန့်နှင့် ဗူကာညွှန့်လေးတွေက ဟင်းရည်အတွက် အလွန်လိုက်ဖက်သည့် အဖြစ် ‥။ သခွားစင်လေးမှာလည်း သခွားသီးလေးတွေ သီးနေသည်လေ ‥။ ဒါကြောင့်လည်း ‥ ကြက်သားနှင့် ငါးရံ့အကောင်ကြီးကြီးနှစ်



ကောင်ကို ဝယ်ခဲ့ကာ စက်ဘီးလေး သုတ်သုတ်နင်း၍ ပြန်လာရခြင်းပါ ‥။ အိမ်မှာ ဟင်းချက်ရဦးမည် ‥။ ဘဘဦးထင်ခိုင်လာသည့်အခါ ‥ ချက်ပြုတ်ပြီး ဖြစ်နေလျှင် ‥ ခြံထဲဆင်းနေလိုက်ရုံပဲ ကျန်မည် ‥။ ဘဘကြီးက မှာထားသည်လေ ‥။ လူကြီးတွေ၏ စကားဝိုင်းနှင့် ဝေးရာမှာနေဖို့ ‥။ ချက်ပြုတ်ပြီးနေပြီဆိုလျှင် မီးဖိုဆောင်လေးထဲမှာပင် နေဖို့မလိုအပ်တော့ ‥။ ခြံထဲဆိုတော့ ‥ ဘဘကြီးတို့ စကားဝိုင်းနှင့် ပိုဝေးမည် ‥။ ဘဘကြီးတို့ လွတ်လွတ်လပ်လပ် ပို၍ ပြောဆိုနိုင်ချေမည်ပေါ့ ‥။

အတွေးနှင့်အတူ စက်ဘီးလေး အားစိုက်၍ သုတ်သုတ်နင်းလာပေမယ့် အိမ်ခြံဝင်းလေးထဲမှာ ဘဘဦးတင်ခိုင်၏ ပဂျဲရိုးကားကြီး အိမ်ရှေ့မှာ ရပ်ထားပြီးနေတာကို တွေ့ရသည်မို့ ‥။

“ဘဘကြီးနဲ့ ဘဘ ‥ အေးအေးဆေးဆေး ပြောပါစေလေ ‥ မွှေးထုံ နောက်ဖေးဘက်က ပတ်ဝင်လိုက်တော့မယ် ‥”

ဟူသော အတွေးလေးဖြင့် စိုက်ခင်းလေးတွေဘက်က ပတ်၍ နောက်ဖေးဘက်က မွှေးထုံ စက်ဘီးလေးတွန်း၍ ဝင်လာခဲ့ရပါ၏။ နောက်ဖေးမီးဖိုဆောင်တံခါးမှ ဝင်လာတော့ ဧည့်ခန်းဆီမှ စကားသံတွေက တိုးဝင်လာနေကြပြီ ‥။ ဘာကြောင့်ဆို ‥ ခေါ်သံသင့်နေသော ဘဘကြီး၏ စကားသံက အတန်အသင့်တော့ဖြင့် ကျယ်နေချေသည်ကိုးလေ ‥။

“အစကတည်းက ငါထင်တယ် ဖိုးခိုင် ‥ မင်း တစ်ခုခုကို ရည်ရွယ်ပြီး ဒီလောက်ကြီးထိ ‥ လုပ်ပေးနေတယ်ဆိုတာ ‥ ဒါပေမဲ့ ‥ ဒီလောက်ကြီးထိတော့ မင်း ရိုင်းလိမ့်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ငါ မထင်ခဲ့တာတော့ အမှန်ပဲ .. မင်းရဲ့သားနဲ့ .. ငါ့သမီးလေးနဲ့ တွေ့မတန် လာပြောသလိုကြီး လုပ်တာတော့ .. မင်း .. လွန်တယ် ဖိုးခိုင် .. ငါ့သမီးလေးက .. မင်းရဲ့သားကို ချစ်ပါတယ်လို့ ပြောနေလို့လား .."

"ဟ .. ငါ့သားက သူ့ကို မေတ္တာရှိနေတယ်လေ .. ငါ တားလို့မှ မရတာ .. ငါ့သားအကြောင်း ငါသိတယ် .. သူက .. အလွန်ခေါင်းမာတဲ့ကောင် .. အလွန်အစွဲအလမ်းကြီးတဲ့ကောင် .. ငါ .. သူ့ကို မွေးထုံနဲ့ သဘောမတူဘူးလို့ ပြောကြည့် .. နောက်ဆုတ်မယ်များ ထင်သလား .. သူဟာ သူမြတ်နိုးတဲ့ မိန်းကလေးကို စွန့်လွှတ်မယ့် နိုင်မြို မဟုတ်ဘူး ရွှေမြသိန်း .."

ဘုရားရေ..။ ကိုကြီးသည် .. ကိုကြီးသည် .. မွေးထုံကို မြတ်နိုးနေပါသည်ဟု .. ဘဘဦးထင်နိုင်ကိုပင် ပြောခဲ့ချေသည်တဲ့လား ..။ သူ .. သူ .. မွေးထုံကို .. ချစ်မြတ်နိုးနေပါကြောင်း ဖွင့်မပြောခဲ့ ..။ ဒါပေမဲ့ .. သြော် .. ဒါပေမဲ့ .. မွေးထုံကို .. သူ ချစ်နေသည်ဟု .. မွေးထုံ ထင်မှတ်နားလည်လာမိခဲ့ဖူးသည်လေ ..။ အရမ်းကို မြတ်နိုးစွာ ကြည့်တတ် ပြောဆိုတတ်ပါလေသော ကိုကြီး၏ မျက်ဝန်းများမှတစ်ဆင့် မွေးထုံ သိနေခဲ့ရသည် ..။ ဒါကြောင့်လည်း .. မွေးထုံ အဘယ်မျှထိ ထိတ်လန့်ခဲ့ရဖူးပါသလဲ ..။ ခု .. ခုကျတော့ .. ထိုစိုးရိမ်ထိတ်လန့်မှုသည် .. မွေးထုံတို့၏ ဘဝတွင်းဆီသို့ ပိုင်စိုးပိုင်နင်းနိုင်စွာ တိုးဝင်ရပ်တည်နေချေပြီတကား ..။ ဟုတ်သည် ..။ ပိုင်စိုးပိုင်နင်း နိုင်စွာပင် .. ဘဘဦးထင်နိုင်က .. ပြောနေချေပြီကိုးလေ ..။



"မင်းရဲ့သားကို မင်းထိန်းပေါ့ ဖိုးခိုင် .. ငါတို့ကို .. ဒီထိလာပြောနေဖို့ မလိုပါဘူး .. မင်းစောစောက ဒီအိမ်နဲ့ပတ်သက်ပြီး ပြောခဲ့တဲ့ စကားတွေကိုလဲ .. ငါ .. စိတ်ထဲမှာ နာနာကျင်ကျင်နဲ့ ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ဘူး ဖိုးခိုင် .. မင်းဆီမှာ ငါ ဘာတောင်းခဲ့ဖူးလို့လဲ ဖိုးခိုင် .. ဘာတစ်ခုမှ မတောင်းခဲ့ဖူးဘူး .. မင်းဘာသာမင်း .. ဇွတ်အတင်း လာဆောက်တယ် .. ခု .. စီးစီးနင်းနင်းပြောတယ် .. မင်း .. ရိုင်းလှ .. စော်ကားလှချေလားကွာ .. ဟင် .."

"နို့ .. မဟုတ်လို့လားကွာ .. မင်းတို့နေတဲ့ အိမ်လေးကို .. ငါ ဖျက်ပစ်လိုက်နိုင်အောင် ချမ်းသာတယ် .. မင်းတို့သုံးနေတဲ့ အသုံးအဆောင်တွေကို ငါ့အလုပ်သမားတွေကို ငါ ပေးပစ်လိုက်နိုင်တယ် .. မင်းတို့ ဘယ်တုန်းကမှ အိပ်မက်တောင် မမက်နိုင်တဲ့ ဒီလိုအိမ်မျိုး .. အိမ်ထဲကပစ္စည်းတွေအားလုံးကို .. ငါ .. ငွေတွေကို နမြောနေစရာ မလိုဘဲ ဝယ်ပေးနိုင်တယ် .. ဆောက်ပေးနိုင်တယ် .. မင်းတို့အိပ်မက်တောင် မမက်ဖူးဘူးလို့ ငါ ပြောထားတယ်နော် .. အိပ်မက်ဆိုတာ မြင်ဖူးမှ မက်နိုင်တာကွ .. ကိုယ်မမြင်ဘူးတဲ့ အရာကို .. အိပ်မက်ထဲမှာ ဘယ်လိုမှ မမြင်နိုင်ဘူး .. မမက်နိုင်ဘူး .. မင်းတို့လို ဆင်းရဲသားတွေဟာ .. ဒီလိုဆိုဖာကြီးတွေ .. ဒီလိုကော်ဇောကြီးတွေ .. ဒီလိုတီဗီကြီးတွေ .. အို .. ဒီအိမ်ထဲက ဘယ်ပစ္စည်းမျိုးကိုမဆို .. မြင်ဖူးကြလို့လား .. ပိုင်ဖို့ဆိုတာ ဝေးရော .. အိပ်မက်ထဲတောင် မမက်ရဲတဲ့ဟာတွေ ငါ ဝယ်ပေးနိုင်တယ်လေ .. ခု .. မင်း

www.burmeseclassic.com

www.burmeseclassic.com



ဟာ ငါ့အရိပ်မှာပဲ ခိုနေရတာ .. ငါ့ကျေးဇူးနဲ့ မကင်းတဲ့ နေရာမှာ နေနေရတာ .. မင်းတို့ အချမ်းသာဆုံးဆိုတဲ့အရာနဲ့တောင် မဝယ်နိုင်တာတွေ .. မဆောက်နိုင်တာတွေကို .. ငါက ထမင်းစား ရေသောက်လောက်တောင် အရေးမစိုက်ဘဲ ကုန်ကျခံ လုပ်ကိုင်ပေးနိုင်တယ် .. ဘာလို့လဲဆိုတော့ ဘဝချင်း အရမ်းကိုခြားလို့ပဲ ဖိုးမွှေးမြသိန်း .. ငါက .. မင်းတို့စိတ်ကူးနဲ့တောင် မတွေးရဲတဲ့အထိ ချမ်းသာတယ် .. မင်းတို့ကတော့ ဘယ်လောက်ထိ ဆင်းရဲနေကြတယ်ဆိုတာ ငါ့မျက်မြင် .. မြင်နေရပြီးသား .. ဒီတော့ .. ဆိတ်ကျောင်းတဲ့ မွှေးထုံ ဆိုတဲ့ မိန်းကလေးနဲ့ .. ငါ့သားလုချမ်းသာ .. အင်ဂျင်နီယာ ခိုင်မြဲကို သဘောမမျှနိုင်တာကတော့ .. ငါ့ဘက်က .. တရားမျှတနေပါတယ်ကွာ .. မင်းတို့ .. ငါ့သား ရောက်လာရင်သာ .. မွှေးထုံနဲ့ သူ့ကို သဘောမမျှနိုင်ဘူး ဆိုတာ ရှင်းရှင်းပြတ်ပြတ် ပြောပြလိုက်ပါ .."

စကားရှည်ကြီးသည် .. မဆုံးနိုင်စွာ ကြားနေရသကဲ့သို့ .. နှလုံးအိမ်တွင်းဆီသို့လည်း မဆုံးနိုင်သော နာကြည်းနာကျင်ကြေကွဲခြင်းများကို အပ်နှံလိုက်ချေသည်တကား ..။

မွှေးထုံ နံရံလေးမှာ ကျောလေးမှီကပ်၍ ရပ်နေရင်း အသံမထွက်အောင် ထိန်းကာ မျက်ရည်သာ ဖြိုင်ကျနေရပါသည့်အဖြစ် ..။

ဘဘကြီးကို သနားလှပါပြီ ..။ မွှေးထုံကို အဘယ်မျှထိ ချစ်သည်ဆိုဟာ မွှေးထုံ သိပါသည် ဘဘကြီးရယ် ..။ မိန်း



ကလေးရှင်ဘက်ကို ချိုးချိုးဖွဲ့ဖွဲ့ လာပြောနေသူသည် .. ဘဘကြီး၏ သူငယ်ချင်း ဖြစ်နေသည်။ အလွန်ရင်းသည့် သူငယ်ချင်း ဖြစ်နေသည်။ ထိုသူငယ်ချင်း၏နှုတ်မှ ဘဘကြီးကိုလည်း ချိုးနှိမ်၍ပြောနေသည်။ မွှေးထုံကိုလည်း ချိုးနှိမ်၍ ပြောနေသည်။ ထိုအပြောများသည် ဘဘကြီး၏ရင်ကို လှံနှင့်ပစ်သည့်နှယ် ရှိပါချေလိမ့်မည် ..။ ဘဘကြီး၏ နှလုံးအိမ်ဆီမှ သွေးစိမ်းရှင်ရှင်တို့ စီးကျနေကြသည်သို့ ခံစားနာကျင်နေကြချေရော့မည် ..။

"မင်း အတင်းလာဆောက်တဲ့ အိမ်ထဲမှာ ငါနေနေရပြီ ဖိုးခိုင် .. အေး .. ဒီမှာ ငါ အမြဲနေမယ် .. အမြဲနေမယ် ဖိုးခိုင် .. မင်းထားခဲ့တဲ့ အိုးခွက်တွေနဲ့ ငါတို့ ချက်စားနေကြရပြီ .. အားလုံးကို .. မင်းက ပညာသားပါပါနဲ့ ငါ့အိမ် .. ငါ့အိုးခွက်တွေကအစ မင်း ဖယ်ရှားခဲ့ပြီကိုး .. ဒီတော့ .. ဒီအိမ်မှာနေ .. ဒီကအိုးခွက်တွေနဲ့ ချက်ပြုတ်စားသောက်ခဲ့ရပြီပေါ့ .. အဲသလိုနေရ .. စားရတဲ့ကိစ္စကို .. ငါ ခရီးဆက်သမျှ .. ဒီဘဝမှာ .. ဆက်ပြီးတည်မြဲနေစေမယ် ဖိုးခိုင် .. ဘာလို့လဲ သိလား .. မင်းကို နာကြည်းနေတာတွေ .. မင်းရဲ့ စော်ကားမှုတွေကို .. ခံပြင်းနေတာတွေ .. အားလုံးကို ငါ့တစ်သက် .. ဘယ်တော့မှ မမေ့နိုင်အောင်ပါပဲ .. မင်းဟာ .. ချမ်းသာမာနနဲ့ .. ငါတို့ကို စော်ကားခဲ့ပြီးပြီ .. အကွက်ချပြီးတော့ကို .. စနစ်တကျနဲ့အိမ်ဆောက် .. ပစ္စည်းတွေ အိမ်ပေါ်ထားတဲ့အထိ .. စီစဉ်ပြီးတော့ကို မိုက်ရိုင်းစော်ကားခဲ့ပြီးပြီ .. အဲဒါတွေကို .. ငါ .. မမေ့ဖို့ဆိုတာက .. ဒီအိမ်မှာနေရင်း ဒီအိမ်ကိုကြည့်ပြီး ..

www.burmeseclassic.com

www.burmeseclassic.com



မခွေဖို့ လိုအပ်တယ် .. မင်းရဲ့စော်ကားမှုတိုင်း စော်ကာ
တိုင်းကို .. ငါ ဘယ်တော့မှ မမေ့ဘူး ဖိုးခိုင်၊ မင်း
စောက ပြောတယ် .. မင်းရဲ့ကျေးဇူးဆိုတာလေ .. ဒီ
ဖိုးခိုင် .. ကျေးဇူးတရားဆိုတာ .. စော်ကားမှုတစ်ခုရဲ့နော
မှာ .. ဘယ်တော့မှ မရပ်တည်ဘူးကွ .. နားလည်လာ
စော်ကားတာဟာ စော်ကားတာပဲ .. ကျေးဇူးဆိုတဲ့အ
ဖြစ်မလာနိုင်ဘူး .."

ဟု ဘဘကြီး၏ ပြောသံက ဆက်တိုက်ကြီး
လာနေသည်။ မွှေးထုံ မျက်ဝန်းများကို စုံမှိတ်ချထားရင်း မျက်ရ
သာ ကျနေမိသည်။ မီးဖိုဆောင်လေးဆီမှ ညှော်ခန်းကို ကူးသ
တံခါးလေးဆီမှ တံခါးခန်းဆီးလေးကိုမျှ မွှေးထုံ မဖယ်ရှားရ
ဘဘကြီး၏ မျက်ရည်များ ဝေနေမည့်မျက်နှာ ..။ ကြေကွဲနာက
ရှိန်ကြောင့် နီမြန်းနေချေမည့် မျက်နှာ ..။ အရှက်သည်းစွာ
ခံပြင်းစွာသော ဝေဒနာများ မနိုင်ရင်ကန် ခံစားစွန်းထင်းနေ
ချေမည့် မျက်နှာကို မကြည့်ရဲ ..။ မွှေးထုံ မကြည့်ရက်

ထိုဝေဒနာများ ပြည့်ကျပ်စွန်းထင်းနေမည့် ဘဘ
၏ မျက်နှာကို မြင်ရမှာ .. ရင်သည် မခံနိုင် ..။ ခံနိုင်ရည်
မရှိ ..။

မွှေးထုံ၏ရင်တွေ ဆက်ဆက်ခါနေသည်။ ခြေအ
အားအင်မကျန်တော့သည့်နှယ် ဖြစ်နေသည်။ ကြမ်းပြင်ပေါ်
ချလိုက်ရင်း မွှေးထုံ အသံမထွက်အောင် ထိန်းရင်း မျက်ရည်
ဖြိုဖြိုကျနေကြပါသည့်အဖြစ်။ ဘာကြောင့် .. မွှေးထုံကိုမှ ..
ပြီး ချစ်မြတ်နိုးရတာလဲ ကိုကြီးရယ် ..။



အရမ်းကို ဖြူစင်အေးချမ်းတဲ့ ကိုကြီးရဲ့ နှလုံးအိမ်
ဟာလည်း ကိုကြီးလိုပဲ ဖြူစင်အေးချမ်းနေကြမှာပါ ..။ မွှေးထုံကို
တကယ့်ကို မြတ်နိုးလို့လည်း ကိုကြီးရဲ့ဖေဖေ့ကို .. ဖွင့်ပြောခဲ့
ခြင်းဆိုတာ မွှေးထုံ နားလည်ပါတယ်ရှင် ..။

ဒါပေမဲ့ .. ကိုကြီးရယ် .. အဲဒီ ရိုးသားဖြူစင်တဲ့
နှလုံးအိမ်လေးနဲ့ ကိုကြီး ချစ်နေလေသမျှ .. ရိုးစင်းစွာ ဖွင့်ဟအသိ
ပေးခဲ့ခြင်း တစ်ခုကြောင့် .. ခု .. ခု .. မွှေးထုံတို့ .. အစော်ကား
ကြီး စော်ကားတာ ခံနေကြရပါပြီကော ကိုကြီးရယ် ..။

မွှေးထုံ မျက်ရည်ကို တွင်တွင်သုတ်နေရင်း ကိုကြီး
၏ အရမ်းကို အေးချမ်းသော မျက်နှာနှင့် မျက်ဝန်းများကို မြင်
ယောင်နေမိရပါပြီ ..။

"အေး .. မင်းလို .. ရက်စက်မိုက်ရိုင်းတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ .. ငါ .. လမ်းခွဲလိုက်ရတာကို ဝမ်းသာတယ် .. မင်းရဲ့သား .. ငါ့အိမ်ကို ရောက်လာတဲ့အခါမှာ .. မင်းပြောစေချင်တဲ့ စကားကို ငါ ပြောပြလိုက်ပါ့မယ် .. အဲဒီအခါကျရင် .. နှလုံးကြေပြုန်းနေတဲ့ မင်းရဲ့သားကို .. တစ်သက်လုံး .. အဲဒီဝေဒနာနဲ့ နစ်မြုပ်နေတာကို .. မင်းကြည့်နေပေတော့ .. လောကကြီးမှာ .. ငွေနဲ့ဝယ်ခြမ်းလို့မရတဲ့ အရာတွေ အများကြီးရှိတယ် ဖိုးခိုင် .. ယုတ်မာကောက်ကျစ်တာ .. ရိုင်းစိုင်းတာတွေကို ငွေအားကိုးနဲ့ရင်း .. အကွက်ချပြီး .. အကောင်အထည်ဖော်လို့ ရချင်ရမယ် .. ရိုးသားဖြူစင်ခြင်း .. အေးချမ်းတည်ငြိမ်ခြင်းနဲ့ သစ္စာတရားကို .. စိတ်ချမ်းသာမှုကို .. ကျန်းမာခြင်းကို ..

www.burmeseclassic.com

www.burmeseclassic.com



မင်း ‥ ငွေကြေးနဲ့ဝယ်လို့ မရဘူး ‥ အထူးသဖြင့် ‥ ရှိ
လွတ်ခြင်းဆိုတဲ့ အရာကို ငွေနဲ့ဝယ်လို့ မရနိုင်ဘူးကွ
သိလား ‥”

ဟု ဘဘကြီး ပြောနေတော့ ခပ်တိုးတိုး ရယ်သံပေါ်
လာ၏။ ဘဘဦးထင်ခိုင်၏ ရယ်သံ ‥။ လှောင်ထေ့ထေ့နိုင်သော
အသံ ‥။

“လောလောဆယ်မှာ ‥ ငါဖြစ်ချင်တာတွေ အားလုံးဟာ
ဖြစ်နေကြတာချည်းပဲကွ ဖိုးရွှေမြသိန်း ‥ မင်းကို ငါ့သူငယ်
ချင်းအဖြစ်နဲ့တော့ ‥ တစ်သက်လုံး ပေါင်းသွားဖို့ ငါအရင်
တုန်းက စဉ်းစားဆုံးဖြတ်ခဲ့တာပါ ‥ ဒါပေမဲ့ ‥ ခမည်း
ခမက်ထိတော့ မဟုတ်ဘူးလေ ‥ အတိုင်းအတာ တစ်ခု
တော့ ရှိကြရမှာပေါ့ မဟုတ်ဘူးလား ‥ ဒီလောက်ထိတော့
ငါ သဘောမကောင်းနိုင်ဘူးလေ ‥ ငါ့သားက ‥ အင်ဂျင်
နီယာ ‥ မင်းရဲ့သမီး ‥ မင်းပြောနေတဲ့ မင်းရဲ့သမီးက
ဆိတ်ကျောင်းနေတဲ့ ကလေးမ ‥ ရုပ်လေးချောရုံနဲ့တော့ ‥
ငါ့သားကို အဲဒီကောင်မလေး တစ်ယောက်ရဲ့ လက်ထဲကို
ထိုးမအပ်နိုင်ဘူး ‥ အဝေးသင်တက္ကသိုလ်ကျောင်းသူ တစ်
ယောက်ပါလို့ မင်းက ပြောတယ် ‥ မြန်မာစာအဓိကနဲ့
ဆိုတာလဲ မခံချင်စောနဲ့ ပြောတယ် ‥ ဒါပေမဲ့ ဖိုးနိုင် သူ
ဟာ ‥ ဆိတ်ကျောင်းနေတဲ့သူတော့ ဖြစ်နေတယ် မဟုတ်
လား ‥ ဆိတ်နို့လေးတွေ လိုက်ပို့တဲ့သူတော့ ဖြစ်နေတယ်
မဟုတ်လား ‥ မွေးထုံ ဆိတ်ကျောင်းနေချိန်မှာ ငါ့သားက
တခမ်းတနား ရှိနေတဲ့ ရုံးခန်းကျယ်ကြီးထဲမှာ အလုပ်လုပ်



နေတာ ဖိုးရွှေမြသိန်း ‥ ဘဝဆိုတာ ‥ အဆင့်ချင်းတူမှပေါင်း
စပ်လို့ လွယ်ကူတာကွ ‥ အဆင့်မတူတဲ့သူ နှစ်ယောက်ကို
တစ်ဘဝထဲမှာ ထည့်ထားလိုက်လို့ မရဘူးလေ ‥ ဂုဏ်ဆို
တာက ‥ ရှိအပ်တဲ့ဆီမှာမှ နေတာ ‥ မင်းရဲ့မွေးထုံမှာ
ချမ်းသာဂုဏ်မှ မရှိတာ ‥ မင်းပြောသလို လိုက်ပြောရရင်
တော့ ‥ ချမ်းသာဂုဏ် ဆိုတာကလဲ ‥ လူဘင်းရဲတို့ဝယ်
လို့မရနိုင်တဲ့ ဂုဏ်ပဲလေ ‥ ဘာလို့လဲဆိုတော့ ‥ သူတို့ဟာ
မချမ်းသာကြလို့ပဲ ‥ ချမ်းသာဂုဏ် ဆိုတာက ‥ ချမ်းသာ
သူဆီမှာပဲ ရှိတယ် ဖိုးရွှေမြသိန်း ‥ ကဲ ‥ ငါပြန်မယ် ‥
မင်း ‥ ငါ့စက်ရုံကိုလဲ လာဖို့မလိုအပ်တော့ပါဘူးကွာ ‥
မင်းကို အလုပ်က ထုတ်ပယ်လိုက်ပြီလို့ မပြောပါဘူး ‥
ဘာလို့လဲဆိုတော့ မင်းကို ဘယ်တုန်းကမှ ငါအလုပ်မှ
မခန့်ခဲ့တာပဲ ‥ မင်း ‥ ငါ့ကို ‥ ငါ့လုပ်ငန်းကို ကူညီပေး
ပါလို့ပဲ ပြောခဲ့တာပါ ‥ အဲဒီအတွက် အခကြေးငွေကောင်း
ကောင်း ပေးမယ်လို့တော့ ပြောမိခဲ့တယ် ထင်ပါရဲ့ ‥”

ဟု ပြောသံတွင် သူငယ်ချင်းတစ်ယောက်၏ လေ
တွေ ပါမနေကြ ‥။ ချမ်းသာမာန တလူလူတက်နေသည့်သူ
တစ်ယောက်၏ ခပ်ရိုင်းရိုင်း လေသံတွေပဲ ပါနေကြပါသည့်အဖြစ်။

“မင်းက ‥ ဒီအိမ်မှာနေရင်း ‥ ငါ့ကို နာကြည်းနေမယ်ဆို
တဲ့အတွက် ‥ ငါကလဲ ဝမ်းမနည်းပါဘူး ဖိုးရွှေမြသိန်း ‥
ငါက ‥ အဲဒါကိုပဲ လိုချင်တာပါ ‥ မင်းဆီက ချစ်ခင်ခြင်း
တွေ ဆက်ဖြစ်နေမှာကိုတောင် ငါက စိုးရိမ်နေသေးတဲ့သူ
ပါ ‥ မင်းရဲ့ နာကြည်းခြင်းတွေ ခံပြင်းခြင်းတွေကိုလဲ ‥

www.burmeseclassic.com

www.burmeseclassic.com



ငါက ဂရုမစိုက်ပါဘူး .. အဲဒီ နာကြည်းခြင်းတွေ ခံပြင်းခြင်းတွေကလဲ .. ငါ့ကို .. ဘာမှ ထိခိုက်နစ်နာစေနိုင်စွမ်းတာ မဟုတ်လို့ .. ငါ .. ဘာမှလက်ခံပေးလိုက်ဖို့ ဝန်လေးမနေပါဘူး .. မင်းသာ .. မင်း စောစောကပြောတဲ့ နာကြည်းခြင်းတွေကို သယ်ပိုးရင်းနဲ့ ဒီအိမ်မှာနေပြီး .. ဘဝကို .. ပင်ပင်ပန်းပန်း အဲဒီဝန်ထုပ်ကြီးထမ်းပြီး ဆက်လက်ရှင်သန် ဖြတ်သန်းနေပေတော့ .."

ဟု ရက်ရက်စက်စက်ကြီး ပြောကာ ထွက်ခွာသွားသည့် ခြေသံကို မွေးထုံ တစ်ဖက်ခန်းလေးမှ ကြားနေရပါ၏။

ရင်ထဲ နာနေသည်။ ဘဘကြီးကို .. ပက်ပက်ရက်ရက်ကြီး ပြောသွားတာကို ရင်ထဲမှ နာကျင်ခြင်းကြီးစွာ နာနေမိရတာ .. တော်ရုံပြင်းထန်မှုဖြင့် မဟုတ် ..။

ရင်တွေ ကျုပ်ခဲကြေမွနေကြသည့်နှယ် အရှိန်အဟုန်ပြင်းနေကြပါသည့် အဖြစ် ..။

အိမ်ရှေ့မှ ကားမောင်းထွက်သွားသံ ကြားမှ မွေးထုံ ဧည့်ခန်းလေးဆီသို့ ပြေးထွက်လာမိရပါပြီ ..။

ဤအချိန်မျိုးမှာကျတော့လည်း ဘဘကြီးကို ဝေဒနာတွေ တနင့်တပိုးကြီးဖြင့် တစ်ယောက်တည်း မထားရက်ပြန် ..။

ကြေကွဲနေမည့် ဘဘကြီး၏ ရင်တွင်းဝေဒနာတွေ စွန်းထင်းနေမည့် မျက်နှာကို မကြည့်ရက်ပေမဲ့ .. တစ်ယောက်တည်း ဘဘကြီးကို မထားရက်နိုင်ပြန် ..။ အစော်ကားကြီး စော်ကားခံရလေသမျှ .. ကြိတ်မှိတ်ခံစားနေမည့် ဘဘကြီး၏ဘေးမှာ မွေးထုံ တစ်ယောက်လောက်တော့ဖြင့် ရှိနေသင့်သည်လေ ..။



ဘဘကြီးသည် ဧည့်ခန်းပြတင်းအနီးမှာ ရပ်နေ၏။ ခေါင်းသည် ငိုက်စိုက်ကျနေသည်။ ဘဘကြီး၏ လက်တွေကအားအင်မရှိတော့သည့်နှယ် တွဲရရွဲကြီး ဖြစ်နေ၏။ ဒါပေမဲ့ .. ခြေသံနှင့် ငိုရှိုက်သံကို ကြားလိုက်သည်ထင့် ..။ ငိုက်ပြိုကျတော့မယောင် ရှိနေသည့် ဘဘကြီး၏ ကိုယ်ကြီး မတ်ခနဲ ဖြစ်သွားတာ ..။ လှည့်ကြည့်လာစဉ်ခိုက်မှာ ဘဘကြီး၏ရင်ခွင်မှာ မွေးထုံ ပြေးဝင်လိုက်မိပြီး ဖြစ်နေပါပြီ ..။ ဘဘကြီး၏ လက်တွေက မွေးထုံ၏ ဆံစလေးတွေကို သပ်ပေးနေသည်။ အားကုန်အားခန်း ငိုမိုး မဖြစ်အောင် ဘဘကြီးသည် ကိုယ့်ကိုယ်ကိုယ် မနည်းကြီး ဟန်ဆောင်ထိန်းနိုင်ဖို့ ကြိုးစားနေရှာမှန်းလည်း မွေးထုံ သိနေသည်။

မွေးထုံ ငိုနေသမျှ .. ရှိုက်ငင်နေသမျှသည် .. ဘဘကြီးကို သနားရလွန်း၍ပါ ..။

"အို .. ဘဘကြီးရဲ့ သမီးလေး အားလုံးကြားပြီးနေပြီကိုး .. မငိုနဲ့ .. မငိုနဲ့ .. တိတ် .. တိတ် .. ဘဘကြီး ဘာမှ စိတ်ထဲမှာ မထိခိုက်ပါဘူးကွ .. စိတ်နာတယ် ဆိုတာ .. စိတ်ထိခိုက်တာနဲ့ တခြားစီပါ မိန်းကလေးရဲ့ .. သူ့ကို .. နာကြည်းခြင်းတွေနဲ့ ဘယ်တော့မှ မမေ့နိုင်ဘဲ ရှိချင်ရှိမယ် .. သူ့ကို .. ဘဘကြီးတို့ .. ဘယ်တော့မှ မရှုံးဘူးဆိုတာကိုတော့ .. သူ .. တစ်နေ့ သိကိုသိရလိမ့်မယ် မိန်းကလေး .. ဘာလို့လဲ သိလား .. သူဟာ .. သူ့သားကို သိပ်ချစ်တယ်လေ .. သူ့သား စိတ်ဆင်းရဲနေတာကို .. သူမြင်နေရလေသမျှ .. သူလဲ .. ဘယ်တော့မှ .. စိတ်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

နိုင်မှာ မဟုတ်ဘူး ဆိုတာကို .. သူ လောလောဆယ်မှာ မေ့နေတယ် မိန်းကလေးရဲ့ .. သူက .. ချမ်းသာမာနတက် နေပေသကိုး .. ချမ်းသာဂုဏ် ဆိုတာက .. မာနတက်ဖို့ အတွက် ဖြစ်တည်တာ မဟုတ်ဘူး ဆိုတာ သူ တစ်နေ့ နောင်တတွေနဲ့ .. သိလာရမှာပါ .. ဒါပေမဲ့ အဲဒီနေ့ကို .. ဘဘကြီးတို့က .. ဘယ်တော့မှ .. ဖြစ်တည်လာပါစေလို့ မျှော်လင့်စောင်းဆိုင်းပေးမနေဘူး .. သူ့မာနအတွက် သူ နောင်တရသည်ပဲဖြစ်စေ၊ အဲဒီနောင်တဟာ .. ဘဘကြီးတို့ ရဲ့ ရင်ထဲက နာကြည်းနာကျင် ခံပြင်းခြင်းဆိုတဲ့ အပင်တစ် ပင်ကို သူ နုတ်နိုင်တော့မှာ မဟုတ်ဘူး .. ဘာလို့လဲ သိ လား .. အဲဒီအမြစ်က .. အလွန်တရာကိုမှ ခိုင်နေလို့ပဲ .. သူ့ကို .. ဘဘကြီး .. စိတ်နာတယ် .. အလွန်စိတ်နာတယ် .. မိန်းကလေးလဲ .. နာကြည်းအောင်လုပ်သူအပေါ်မှာ နာကြည်း နေရမယ် .. ဘယ်တော့မှ မမေ့နိုင်တဲ့ နာကြည်းခြင်းကို ရင့်မှာ သိမ်းထားရမယ် .. အဲဒါဟာ .. သူဆင်းရဲတို့ရဲ့ ပိုင်ခွင့်တစ်ခုပဲ သမီးလေး .."

ဟု ပြောနေရင်း ဘဘကြီးသည် .. စိတ်ထဲမှာ ခံပြင်းကြေကွဲနေရလေသမျှ .. မွှေးထုံ၏ ခေါင်းလေးပေါ် မေးဖျား ကို ပေးတင်၍ ကျိတ်ငိုချလိုက်ပါပြီတည်း ..။ အသံကမကျယ် ..။ ရှိုက်သံတစ်ချက် တစ်ချက်မျှသာ ပွင့်ကျနိုင်သည်။ စိတ်ကိုထိန်း ၍ ဘဘကြီး ငိုရှိုက်နေခြင်းပါ ..။ ဘဘကြီးကို အကြောင်းမဲ့လာ ၍ စိတ်ဆင်းရဲအောင် လုပ်ပါသည့် ဘဘဦးထင်နိုင်ကို .. မွှေးထုံ တကယ့်ကိုပဲ နင့်နင့်ပါအောင် နာနေမိရပါပြီ ..။



"ချမ်းသာတယ် ဆိုပြီးတော့ .. မွှေးထုံရဲ့ ဘဘကြီးကို လာနိုင်စားတာပဲ .. တစ်နေ့ လာတောင်းပန်ပေ့စေ .. ဘယ်တော့မှ .. ခွင့်မလွှတ်ဘူး .. မွှေးထုံတို့ ဆင်းရဲတာ ဟာ .. သူနိုင်စားဖို့ အကြောင်းခံ မဟုတ်ဘူး .. မဟုတ် ဘူး .."

ဟု အံလေးခဲ၍ မွှေးထုံ မျက်ရည်ကျလာစဉ်ခိုက် ..

"မွှေးထုံလေး လိမ္မာပါရက်ကယ်နဲ့ .. ဆင်းရဲတယ်ဆိုပြီး အိမ်ပေါ်ထိ လာပြီးတော့ .. ချိုးချိုးဖှဲ့ဖှဲ့ ပြောသွားလိုက်တာ ကွယ် .. ငါ့ကလေး .. အပြစ်ကင်းပါရဲ့နဲ့ .. အပြောခံ လိုက်ရတာ .. အဲဒါ .. အဲဒါ .. ဘဘကြီးရင်ထဲ ဖြေလို့ မရဆုံးပဲ .."

မချိတင်ကဲကြီး ဘဘကြီး ပြောရင်း မျက်ရည်ကျစဉ် ခိုက် မွှေးထုံ အံလေးခဲ၍ ဘဘကြီး ရင်ခွင်မှခွာသည်။ ခြေလှမ်း သွက်သွက်ဖြင့် စားပွဲပေါ်မှ ပန်းအိုးကို အရင်ကောက်ကိုင်သည်။ ဤပန်းအိုးလေးကိုလည်း မမြင်ချင် ..။ အိမ်ထဲမှာ ရှိသမျှသော အဖိုးတန်ပစ္စည်းတိုင်းကိုလည်း အားလုံး ဆွဲယူပစ်ပေါက် လွှင့်ပစ် ဖျက်ဆီးပစ်ချင်နေစိတ်ပဲ ရှိနေသည်။

"မလုပ်နဲ့ မိန်းကလေး .. ပြန်ထား .. ပြန်ထား .."

ဟု ဘဘကြီး အရမ်းကို အလောတကြီး တားနေ သော့ မွှေးထုံ ပန်းအိုးကို ပြန်ချလိုက်ရသည်က မျက်ရည်များ ကျနေရင်းဖြင့်ပါ ..။

"ဘာကိုမှ မလိုချင်ဘူး ဘဘကြီး .. အားလုံး မီးပုံရှို့ပစ် ချင်နေတာပဲ သိနေတော့တယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟုံ့ တလေးလေးလိုပဲ ငိုရင်းအော်ပြောတော့ ဘဘကြီး မွေးထုံ့ကို လက်လေးအုပ်၍ထိုင်သည်။ ထိုင်သည်ကမှ .. ဘယ်တုန်းကမှ မထိုင်သော ဆိုဖာထက်မှာပါ ..။

"မဟုတ်ဘူး မွေးထုံ .. အားလုံးကို သစ်လွင်နေအောင် မှတ်သုတ်သန့်စင်နေရမယ် .. အသုံးပြုနေရမယ် .. ဒါမှ .. ထင်ခိုင် လုပ်ခဲ့တာတွေကို .. အမြဲနာကြည်းနေတဲ့စိတ်တွေဟာ .. ရင်ထဲမှာ .. ဒီပစ္စည်းတွေလိုပဲ တောက်ပနေကြမှာပေါ့ .. ဘယ်တော့မှ မပျောက်ကွယ်ဘဲ ရှိကြမှာပေါ့ .. ဒီပန်းအိုးလေး တစ်လုံးကိုတောင်မှ မကွဲမရှအောင် ထိန်းရမှာ .. ပန်းအိုးလေးမှာ ပန်းအလှထိုးရင်း .. ထင်ခိုင်ရဲ့ ဖော်ကားမော်ကား လုပ်ခဲ့တာတွေကို ဘဘကြီးတို့ သတိရနေရမယ် .. ထမင်းဟင်း ချက်ရင်းလဲ သတိရနေရမယ် .. သူ့ကို .. ဘဘကြီးတို့ .. တစ်နေ့မှ မမေ့ကြရဖို့ ဆိုတာက .. သူ့မိုက်ရိုင်းယုတ်မာမှုတွေကို ဒီသက်မဲ့ပစ္စည်းတွေက ပြောပြနေတဲ့ အသံတွေနဲ့ .. ဘဘကြီးတို့က ရှင်သန်အောင် နှလုံးအိမ်ထဲမှာ အမြဲထားနေကြရမယ် သိရဲ့လား"

ဟု ပြတ်သားစွာ ဘဘကြီး ပြောလာစဉ်နိုက် .. မျက်ဝန်းများသည် ရူးရူးစွာ တောက်ပနေကြပါချေသတည်း ..။

❦ ✻ ❦



## အခန်း(၈)

အနေခက်ခြင်းနှင့် ရှက်ရွံ့အားနာခြင်းတို့က ရင်နှင့်မဆန့် ..။ ပြတင်းအနီးမှာ ရပ်လျက် ပြတင်းပေါက်ပေါင်ကို လက်ဖြင့် ဖေးတင်ထားရင်း အကြည့်က လှမ်းလင့်မြင်ရာ သစ်တောပင်ကြီးများထံမှာ ရှိနေပေမယ့် ရင်သည် လောင်မြိုက်လျက်ရှိနေကြပါသည့် အဖြစ်။ ရွက်စိမ်းများဖြင့် ရှိနေကြပါသည့် သစ်ရိပ်ဝါးရိပ်တို့သည်ပင်လျှင် ရင်ကို မလန်းကြည်စေနိုင်စွမ်းတော့။

နောက်ဘက်မှာ ရှိနေပါသည့် ဘဘကြီးကို လှည့်၍ပင်မကြည့်ရဲ ..။ ကြည့်ရန် သတ္တိပင် မကျန်နိုင်စွမ်းတော့သည့် အဖြစ် ..။ လုပ်ရက်လိုက်တာ ဖေဖေရယ်ဟု ရင်ထဲမှာ ကြေကြေကွဲကွဲကြီး ပြောနေမိရပေမယ့် လောလောဆယ်မှာ ဘဘကြီးကို မည်သည့်စကားလုံးများဖြင့် နှုတ်ဖျားဆီမှ ရွေးချယ်ပြောဆို တောင်းပန်ရမည် ဆိုတာကိုပင် ရှာမတွေ့နိုင်တော့။ ဖေဖေသည် အားလုံးကို အကွက်စေ့စေ့ဖြင့် အစီအစဉ်တကျ လုပ်ကိုင်ဆောင်ရွက်ပြီး သွားနိုင်ခဲ့ပြီ ..။ ထိုအဖြစ်သည် ကျန်ရစ်ခဲ့ပြီ ..။ ဖြစ်ပြီးခဲ့ပြီ ..။ ပြန်၍ မည်သည့်အရာမျှဖြင့်ပင် ပယ်ဖျက်ပျောက်ဖျက်ပစ်၍ မရ

www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းတော့ ..။ ဟုတ်သည် ..။ မရနိုင်စွမ်းတော့ ..။ အထူးသဖြင့် ဘဘကြီးနှင့် သွန်းမွေးထုံလေးတို့၏ ရင်မှာနက်ရှိုင်းနာကျင်လွန်းစွာ အမြစ်တွယ် ကျန်ရစ်ခဲ့ပြီဖြစ်သည့် အရှက်သည်းခြင်းနှင့် နာကြည်းခြင်းများကို သူ အဘယ်အင်အားဖြင့် ဖယ်ရှားနိုင်စွမ်း နိုင်ပါအံ့ ..။ မရနိုင် ..။ ဘယ်သောအခါမျှ ထိုနာကြည်းခြင်းသစ်မြစ်တို့ကို ရင်ထဲမှ သူ .. ဖယ်ယူနိုင်စွမ်း ရှိနိုင်မည် မဟုတ်။ မွန်းကျပ်သော ခံစားမှုသည် နှလုံးအိမ်ကို လက်ကြမ်းကြီးဖြင့် ဆုပ်ချေနေသည့်နှယ် ရှိ၏။

"ဘာပဲဖြစ်ဖြစ် .. လူလေးဟာ ဘဘတို့နဲ့ ဘယ်လိုမှမပတ်သက်တော့တာ အကောင်းဆုံးလို့ပဲ ဘဘရော မွေးထုံရော မှတ်ယူထားကြတယ် ဆိုတာကို ဘဘ စိတ်မကောင်းစွာပဲ ပြောပြအသိပေးချင်ပါတယ် လူလေး .. လူလေးရဲ့ပယောဂမပါတဲ့ အဲဒီစော်ကားမှုကြီးထဲမှာ .. လူလေးကို ပါဝင်ပတ်သက်သူအဖြစ်ထည့်ပြီး ခုလိုဆုံးဖြတ်ပေးရတာကို ဘဘကြီးလဲ စိတ်ထဲမကောင်းပါဘူး .. လူလေးဟာ ဘဘကြီးရဲ့တူမ .. မွေးထုံ ... အို ... တကယ်တော့ .. ဘဘကြီးရဲ့ သမီးလေးပါပဲလေ .. ဘဘ ကြီး လက်ထဲ ကြီးရတာပေကိုး .. မွေးထုံလေး အပေါ်မှာ လူလေး တကယ့်ကို နှစ်နှစ်ကာကာ မြတ်နိုးတယ်ဆိုတာ ယုံပါတယ် .. လူလေးရဲ့ မေတ္တာကိုလဲ တန်ဖိုးထားပါတယ် .. ဒါပေမဲ့ .. မွေးထုံလေးနဲ့ လူလေးတို့ နှစ်ယောက်ကြားမှာ .. ဘဘတို့ရဲ့ အဲဒီယုံကြည်တန်ဖိုးထားမှု တစ်ခုတည်းနဲ့ ဘဝအနာဂတ်ကို ဆုံးဖြတ်ပေးလို့ မရပေဘူးလေ .. လူလေးရဲ့ ဖေဖေဟာ အဓိကနေရာမှာ ရှိနေတာကို



ထည့်သွင်း စဉ်းစားရမယ် .. ဆုံးဖြတ်ကြရမယ်လေ .. သူ မကြည်ဖြူတဲ့ ဒီမေတ္တာရေးကို .. ဘဘကြီးတို့ကလဲ .. ခေါင်းမညိတ်ပေးနိုင်ကြဘူး .. လူလေးနဲ့ မွေးထုံလေးကို ဘဘကြီးဘက်လဲ သဘောမျှမပေးနိုင်ဘူး ဆိုတာ .. လူလေး သဘောပေါက်မှာပါ .."

သူ လှည့်မကြည့်ရဲ ..။ ဘဘကြီး ပြောပြနေသမျှကိုသာ ငြိမ်သက်စွာ ကြေကြေမြည့်မြည့် နားထောင်နေမိရဆဲပါ ..။ ရင်သည် ကြေကွဲနေသည်မှ တမြည့်မြည့်နိုင်စွာဖြင့်ပါ ..။

သူ .. ပြန်ရောက်လာပါသည့် ဤနေ့မနက်မှာပဲ မြရိပ်သာမှ ဘဘကြီးတို့ထံ ထွက်ခဲ့ရခြင်းပါ။ ဖေဖေသည် ထိုစဉ်အခါက ဘာဆို ဘာမျှကို မတားဆီးခဲ့ ..။ ခပ်ပြုံးပြုံးပင် မြရိပ်သာမှာ ကျန်ရစ်ခဲ့ပါသည့် အဖြစ် ..။ သူ .. မွေးထုံ ထံသို့ရောက်ရောက်ချင်း သွားချေမည့် အဖြစ်တစ်ခုကိုလည်း ကြိုတင်သိထားနှင့်ပြီးသည့်နှယ် ..။ ခု .. ဘဘကြီးနှင့် ဆုံရတော့လည်း ဘာတွေကြားရချေမည် ဆိုတာကိုလည်း ကြိုတင်သိထားနှင့်ချေမည်သာ ..။

ဒါပေမဲ့ .. သူ ကြားရမည့် စကားများနှင့် ပတ်သက်၍ ဖေဖေသည် ဘာဆိုဘာမျှကို .. သူ့ကို အရိပ်အမြွက်မျှပင် မပြောပြခဲ့သည်မှာ အမှန်ပါ ..။

ခုမှ .. သူသည် .. ရှက်ရွံ့အားနာလွန်းစွာ .. ဖေဖေ့ လုပ်ရပ် မှန်သမျှကို .. ကြားခဲ့ရပြီးပါသည့် အဖြစ်။ ဘဘကြီးကို မကြည့်ဝံ့သူအဖြစ် ပြတင်းအနီးမှာ အနေခက်စွာ ရပ်နေရပါသည့် အဖြစ် ..။ ဖေဖေသည် .. မွေးထုံလေးကို သဘောမမျှနိုင်သည့် အဆုံးအဖြတ်ကို ဖေဖေ့နှုတ်မှ ဖွင့်မပြောခဲ့ ..။ အသိမပေးခဲ့ ..။

www.burmeseclassic.com



ဒါဆေမဲ့ _ ထိုဝေးကွာစေမည့် အဖြေတစ်ခုကို .. ဘဘကြီးတို့ထံမှ _ သူ့ကို ပြတ်သားစွာ အသိပေးစေခဲ့သည် တကား။ သူ .. ဘယ်လိုမှ ရှေ့ဆက်တိုး၍ မရနိုင်စွမ်းတော့ပြီကော .. ဟု အလိုလို နားလည်လာရချိန်မှာ ဖေဖေ အဘယ်မျှထိ ဉာဏ်ပြေးသည်ဆိုတာကိုလည်း ပို၍ ပို၍ နားလည်လာနေရပါပြီတည်း ..။

တကယ်က .. ဖေဖေ့နှုတ်မှ ငြင်းခြင်းထက် .. ဘဘကြီးနှင့် မွေးထုံတို့မှ .. သူ့ကို လုံးဝ လက်မခံတော့သည့် အဖြေတစ်ခုကို .. တိတိပပ .. သူ့ကို ပြောလိုက်ခြင်းက .. ပို၍ သူနှင့် သွန်းမွေးထုံတို့ကို .. မကွဲ့ကွဲအောင် ခွဲလိုက်ခြင်း မဟုတ်ပါလား ..။

ရင်သည် .. အချစ်ကို အဆုံးရှုံးကြီး ဆုံးရှုံးနေရသူတစ်ယောက်၏ မျှော်လင့်ချက်များ ကင်းမဲ့နေသည့် ခံစားမှုများဖြင့် ဆောက်တည်ရာမဲ့နေသည်။

ဤမျှဆိုးဝါးပြင်းထန်သော ခံစားမှုမျိုး သူ့ရင်မှာ မဖြစ်တည်ခဲ့ဘူး ..။

မွေးထုံလေးကို ချစ်မြတ်နိုးလွန်းရသည်နှင့် အမျှ .. မခွဲနိုင်စွမ်းသည်နှင့်အမျှ .. ရင်သည် .. ဆွေ့ဆွေ့ခါနေသည်။ ဆတ်ဆတ်ခါနေသည်။ မွန်းကျပ်နေသည်။ လောင်မြိုက်နေသည်။ အားလုံးသည် သက်သက်သာသာမရှိ ..။ ပြင်းပြင်းထန်ထန် ရင်နှင့်မဆန့်အောင် ခံစားနေရပါသည့် ဆိုးဝါးသော ဝေဒနာ ..။

သူ .. ခေါင်းငိုက်စိုက်ချလိုက်က အနိုင်နိုင် ကိုယ်ကို ပြန်လှည့်လိုက်ရလျက် ဘဘကြီးကို ခယယနိုင်စွာ .. တောင်းပန်တိုးလျှိုးသော အကြည့်များဖြင့် ကြည့်မိရရင်း ဘဘကြီး



ရှေ့သို့ ခြေလှမ်းတွေကို အနိုင်နိုင်သယ်လျှောက်လာရလျက် ..။ ဘဘကြီးရှေ့ ကြမ်းပြင်မှာ ထိုင်ချလိုက်ကာ လက်အုပ်ချီလိုက်ရပါပြီ ..။

ဘဘကြီးကလည်း သူ့လှုပ်ရှားမှု မှန်သမျှကို တိတ်ဆိတ်စွာပဲ ကြည့်နေသည်။ ဟန့်တားမှုလည်း မပြု ..။ သူ .. ကန်တော့တောင်းပန်ချင်နေတာကိုလည်း နားလည်စိတ်ဖြင့် တုံ့ပြန်ငေးစိုက်၍ တိတ်ဆိတ်စွာ ကြည့်နေသည်ပါပဲ ..။

လည်ချောင်း တနင်နင်ဖြင့် သူ အတန်ကြာ ရှိနေရာမှ မျက်ရည်များ ဝေနေသည့် မျက်ဝန်းများဖြင့် ဘဘကြီးကို သူ မော့ကြည့်သည်က တကယ့် ကလေးတစ်ယောက်၏ ဝမ်းနည်းတကြီး ငိုနေသည့် အသွင်ဖြင့်ပါ ..။

"ကျွန်တော့်မှာ .. လက်အုပ်ချီ တောင်းပန်ခြင်းကလွဲလို့ အားကိုးဖြေရှင်းစရာ .. တောင်းပန်စရာရယ်လို့ မရှိတော့လောက်အောင်ပါ ဘဘကြီးရယ်၊ ဖေဖေ ခုလောက်ကြီးထိ လုပ်ရက်လိမ့်မယ်လို့ မထင်မိခဲ့တာဟာလဲ .. ကျွန်တော့် ချို့ယွင်းအားနည်းမှုပါပဲ ခင်ဗျာ .. ဘာကြောင့်ပဲဖြစ်ဖြစ် .. ခုလောက်ကြီးထိ .. ဖေဖေ့ အပြောအဆိုကို ခံခဲ့ရတာဟာ .. ကျွန်တော့်ကြောင့်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် .. ကျွန်တော် .. မွေးထုံလေးကို မြတ်နိုးလို့ .. အဲဒါကို ဖွင့်ပြောပြမိလို့ .. စကားမြန်းဖို့ ပူဆာမိလို့ .. ခုလို ရက်ရက်စက်စက် အပြောဆို ခံခဲ့ရတာပါ .. ကျွန်တော် .. ရင်ထဲ ဘယ်လိုမှ ဖြေယူလို့ ရနိုင်တော့မှာ မဟုတ်ပါဘ ဘဘကြီးရယ် .. အရမ်းကို ရိုးသားဖြူစင်ကြတဲ့ ဘဘ

www.burmeseclassic.com



နဲ့ သွန်းမွေးထုံလေးကို .. ခုလို .. ရင်ထဲ .. ကြေကွဲလောင်မြိုက်စေတဲ့ အဖြစ်မျိုးကို ဖြစ်တည်အောင် ပြုခဲ့သူဟာ .. ကျွန်တော်ပဲ ဖြစ်နေပါတယ်ဗျာ၊ ကျွန်တော်ပဲ ဖြစ်ပါတယ် ဘဘကြီးရယ် ..”

သူ ရင်ထဲဆို့နေရင်း မျက်ရည်များ ကျလာကာ ဦးချကန်တော့စဉ်နိုက်မှာ ဘဘကြီး ငြိမ်သက်နေပါ၏။ ဘာမျှ ပြောမလာ။ ခွင့်လွှတ်သည်ဟုလည်း မပြော။ ခွင့်မလွှတ်ပါဟု လည်း မဆို ..။ ငြိမ်သက်နေပါသည့် အဖြစ် ..။ သူ .. ဘကြီး၏ မျက်နှာကို မော့ကြည့်သည်။ ဘဘကြီး၏ ရင်ထဲမှာ သူ့အပေါ် ထားရှိသည့် အဖြေတစ်ခုကို ရှာဖွေတွေ့နိုင်ဖို့ ကြိုးစားကြည့်ပေမယ့် .. အဖြေသည် မရနိုင်ခဲ့။ အရမ်းကို တည်ငြိမ်နေသည့် ဘဘကြီး၏ ရင့်ထဲမှာ ဘာတွေ ရှိနေသည် ဆိုတာ သူ မခန့်မှန်းတတ် ..။

“တစ်ခုတော့ ရှိပါတယ် ဘဘကြီးရယ် .. မွေးထုံလေးကို ကျွန်တော် .. တကယ့်ကို မြတ်နိုးလို့ .. ဖေဖေ့ကို စကားမြန်းပေးဖို့ ခွင့်ပန်ပူဆာမိခဲ့တာပါ .. တကယ့်ကို တန်ဖိုးထားပြီး မွေးထုံလေးကို ကျွန်တော် .. မေတ္တာထားတာပါ ခင်ဗျာ ..”

ဟု အသံတွေ အက်ကျနေရင်း ပြောတော့ ဘဘကြီး သူ့ကို ကြည့်လာသည်။ အတန်ကြာ ကြည့်နေရာမှ .. အရမ်းကို ထိထိနိုက်နိုက်ကြီး ခံစားနေရင်း မျက်ရည်ဝဲနေသည့် သူ့ကိုခပ် သဲ့သဲ့ ပြုံးပြလာပါ၏။ သက်ပြင်းရှိုက်ကာ သူ့ဆံစများကိုလည်း ပွတ်ပေးလာပါ၏။



“အဲဒါကို ဘဘကြီး ယုံကြည်ပါတယ် လူလေးရယ် .. ဒါပေမဲ့ .. အဲဒီယုံကြည်မှုဟာ မင်းတို့နှစ်ယောက်ကို ပေါင်းစည်းစေနိုင်လောက်မယ့် အထိတော့ .. ဖြစ်တည်လာနိုင်စရာ မရှိတော့ဘူး လူလေး .. ဘဘကြီးတို့မှာက တစ်ခုပဲ ရှိကြရတာ .. သူဆင်းရဲတို့ရဲ့ သိက္ခာနဲ့ ဆိုင်တဲ့ မာနပေါ့လေ .. ဘဘကြီးတို့က ငွေမချမ်းသာကြပေမယ့် .. သိက္ခာချမ်းသာကြရတယ် .. အဲဒီသိက္ခာတရားအတွက် လိုအပ်တဲ့ မာနတရားကိုလဲ .. ရင်မှာ မြဲတည်အောင်ထိန်းကျောင်း ထိန်းသိမ်းထားကြရတယ် လူလေး .. ကိုထင်ခိုင်ဟာ .. သူမှန်တယ် ထင်တာကို .. သူ့ချမ်းသာမာနနဲ့ လုပ်ခဲ့ပြီးပြီ .. အရှုံးခံဖြစ်တဲ့ ဘဘကြီးတို့ကလည်း ရင်နဲ့ မဆန့်အောင် အဲဒီအကျိုးဆက်ကို ခံစားခဲ့ကြရပြီးပြီ၊ သူ့အမှားကို သူသိလို့ တောင်းပန်လာရင်တောင်မှ .. ခွင့်လွှတ်ဖို့ဆိုတာကို .. ဘဘကြီးတို့ အတော်ကြီး ကိုယ့်အနာကိုယ် ဖျောက်ယူနိုင်ဖို့ ကြိုးစားယူရကြမှာ .. ဒါဆို .. လူလေး သဘောပေါက်လောက်ပါပြီကွယ် .. လူလေး ဘဘကြီးတို့နဲ့ ကင်းအောင်နေပါ .. ရှင်းအောင်နေပါလို့ပဲ ပြောချင်တယ်”

ဟု ပြောလာတော့ သူ့ခေါင်းသည် ငိုက်စိုက်ကျ၏။

ကာ်ဝန်းဝယ် ချစ်ရသူလေး၏ ရွှေစင်သွန်းသည့် မျက်နှာလေး ..။ သာရန့်သင်းသည် မျက်နှာလေး ..။ သြော် .. ရွှေနှံ့သာ ရွှေဆင်းနှင့် မျက်နှာလေးသည် တမြည့်မြည့် ကြေနေသော ခံစားများဖြင့် တဝေ့ဝေ့မျှ ပေါ်လာနေကြချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com

• ဩော် .. တကယ့်ကိုပဲ .. ဝေးကြရချေတော့မည်တဲ့လား မွေးထုံရယ် ..။

"ကျွန်တော် .. ကျွန်တော် .. ဘဘကြီးဆီက .. တစ်နေ့မှာ .. ဒီအဆုံးအဖြတ်ကို ပြင်နိုင်ကောင်းပါရဲ့ဆိုတဲ့ မျှော်လင့်ချက်ကို .. ဘဘကြီးရဲ့ ဟောဒီခြေဖမိုးအရင်းမှာ ခခယယ ချန်ထားခဲ့ပါတယ် ဘဘ .. တစ်နေ့မှာ .. ကျွန်တော်နဲ့ မွေးထုံလေးကို .. ဘဘကြီးရဲ့ လက်အစုံနဲ့ လက်ဆက်ပေးလိမ့်မယ်လို့လဲ .. မျှော်လင့်နေမိရဆဲပါ ဘဘရယ် .. ကျွန်တော့်ရဲ့ မေတ္တာအားကိုးနဲ့ မျှော်လင့်နေရဆဲပါ ခင်ဗျာ .. ကျွန်တော် .. ဘဘကြီးကို လေးနက်တဲ့ သစ္စာစကားကို ပြောပြခဲ့ပါရစေ .. ကျွန်တော် .. သွန်းမွေးထုံကို .. ချစ်မြတ်နိုးတာဟာ တစ်သက်တာမျှ ဖြစ်တာမို့ .. သူကလွဲပြီး .. ဘယ်သောအခါမှာမှ .. အိမ်ထောင်မပြုတော့ပါဘူး ဆိုတဲ့ သစ္စာစကားပါ ခင်ဗျာ .."

ဟု ပြောကာ ဘဘကြီး၏ ဒူးအစုံကို ဆုပ်ကိုင်ထားမိရင်း အသံမထွက်ဘဲ မျက်ရည်များ ကျလာကြပါ၏။ ချစ်ရသူလေးနှင့် အဝေးမခံနိုင်သည့် ချောက်ချားမှုသည် .. နှလုံးအိမ်ဆီမှ .. မျက်ရည်စက်များစွာကို ဟန့်တားနိုင်စွမ်း မရှိသာတော့အောင် ဖြာကျလာနေစေကြချေသည်တကား ..။

သူ .. လက်ဆောင်အဖြစ် ဝယ်လာသည့် မုန့်နှင့် ဘဘကြီးအတွက် ဆေးဝါးတချို့ကို သူ ညှိုးဖျော့သောအကြည့်ဖြင့် တစ်ချက်ကြည့်မိစဉ်ခိုက် ..



"အားတော့နာတယ် လူလေးရယ် .. လူလေး ယူလာတဲ့ လက်ဆောင်တွေကို ပြန်ယူသွားပါလို့ ပြောချင်တယ် .. လူလေး .. အဲဒါတွေကို ခြင်းနဲ့ သယ်လာတာ လူလေးရဲ့ ဖေဖေလဲ မြင်မှာပါ .. ဘဘတို့ ပစ္စည်းမကျက်တယ်လို့ ထပ်အပြောမခံပါရစေနဲ့တော့ .. မယူထားရင် လူလေးရဲ့ စေတနာကို စော်ကားရာ ရောက်မယ်ဆိုတာ ဘဘ သိပါတယ် .. လက်ခံလိုက်ရင်လဲ .. ဘဘတို့က လက်ဆောင်ပစ္စည်းဆိုရင် မက်တယ်လို့ အစော်ကား ထပ်ခံရမယ် .. အစော်ကားမခံနိုင်တာမို့ .. အဲဒါတွေကို .. ပြန်ယူသွားပါ လူလေး .. ဘဘ လက်မခံပါရစေနဲ့ .. ဘာပဲဖြစ်ဖြစ် .. ဘဘအနေနဲ့ ကတော့ .. ကြီးမားတဲ့ သင်ခန်းစာကြီး တစ်ခုကို ရလိုက်တာပါပဲ .. လောကကြီးမှာ ငွေကြေးချမ်းသာခြင်း ဆိုတာဟာ သူငယ်ချင်းဆိုတဲ့ ဖြူစင်ကောင်းမြတ်တဲ့ ချစ်ခြင်းကို .. ပယ်ဖျက် .. ဖျက်ဆီးပစ်လိုက်နိုင်ပါလား ဆိုတာကိုပါ .. သူငယ်ချင်းအပေါ်မှာ ယုံကြည်မှု ကြီးခဲ့တဲ့ ဘဘရဲ့အပြစ်ကြောင့် .. ခုလို .. ဘဘရဲ့ မွေးထုံလေး .. စော်ကားမှုအကား အပြောခံလိုက်ရတာလို့ပဲ မှတ်ယူပါတယ် .. ကဲ ကဲ .. ဘဘလဲ .. ခဏနားလိုက်ဦးမယ် .. လူလေးလဲ .. လူလေးရဲ့ဖေဖေ့ကို ပြောပြလိုက်ပါ .. မွေးထုံလေးနဲ့ .. လူလေးတို့ .. ဘယ်သောအခါတွင်မှ .. မပေါင်းစည်းစေရဘူးလို့ ဘဘက ပြောလိုက်ပါတယ် ဆိုတဲ့အကြောင်း .. ပြောပြပေးလိုက်ပါကွယ် .."

www.burmeseclassic.com

www.burmeseclassic.com

• ဟု ပြောလာတော့ သူ မျက်ရည်ကျနေရပါ၏။ တုန်ယင်နေသော လက်အစုံဖြင့် လက်ဆောင်လေးတွေအားလုံးကို သိမ်းဆည်းယူနေရခြင်းကိုက .. ရင်ကို ကြိတ်ဝါးဖိချေခံနေရသည့်နှယ် ခံစားနေရစေပါသည့် အဖြစ် ..။

ပြီးတော့ .. ဘဘကြီး ပြောလိုက်ပါသည့်စကား ..။

ဘယ်သောအခါမှ .. သူနှင့် မွေးထုံတို့ မပေါင်းစည်းစေရပါ .. ဟု ပြောလိုက်ပါသည့် ၁မြေစကား ..။

သူ့ရင်မှ မကွဲလျှင် အဘယ်ရင်သည် ကွဲကြေပါချေမည်တဲ့လဲလေ ..။

ငိုကြွေးနေသည့် ကိုယ့်နှလုံးသားကို ကိုယ်ပြန်သိမ်း၍ .. ကြေကွဲနေသည့်ရင်ဖြင့် အနိုင်နိုင် ခြေလှမ်းများကို လှမ်းနေရင်း ... လှမ်းနေရင်းဖြင့်ပင် .. ရင်သည် .. ပို၍ .. ပို၍ .. ဆောက်တည်ရာမဲ့နေသည်။ ကြေကွဲမှုအရှိန် ပြင်းပြင်းကြီးကို ထိန်းချုပ်ထားနိုင်စွမ်းတော့မည် မထင် ..။

သူ .. သူ .. မွေးထုံလေးကို တောင်းပန်ချင်နေသည်။

သူ့အချစ်ကို .. နားလည်ယုံကြည်ပေးဖို့ တောင်းမိ ချင်နေသည်။

သူ့ကို မွေးထုံ လက်မထပ်နိုင်ဘဲ ငြင်းသည်ဆိုစေဦး ..။ သူ့အချစ်ကို .. မွေးထုံလေး ယုံကြည်ပေးဖော်ရတာလောက်ကိုတော့ .. သူ့နှလုံးအိမ်က .. တောင့်တနေသည်။

ဟုတ်သည် ..။ ငိုကြွေးနေသော နှလုံးအိမ်က .. ထိုယုံကြည်ခြင်းဆိုသည့် အရာတစ်ခုကို .. ရင်နှင့်အမျှ .. တောင့်တနေကြပါချေသည်တည့် ..။



ရှေ့ဘဝခရီးသည် .. ဘာမျှ ချမ်းမြေ့ဖွယ်မရှိ ..။

ချမ်းမြေ့ကြည်မွေ့ခြင်း ဆိုသည့် အရာသည် .. သူ့ဘဝမှာ .. လုံးဝ .. ပျောက်ဆုံးသွားခဲ့ပြီးနေပြီ ..။

မျှော်လင့်ထားရလေသမျှ .. ပျောက်ဆုံးသွားရချေပြီကော မွေးထုံငယ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"မွေးထုံ .."

တုန်ခါနေသော ခေါ်သံတိုးမျှင်မျှင်သည် မွေးထုံ၏ နောက်ပါးဆီမှ ပေါ်လာပါ၏။ ရင်ထဲတွင် သိမ့်ခနဲ ဖြစ်ရ .. ထိတ်ခနဲလည်း ဖြစ်ရနှင့် ရှိသွားရသည်က သွန်းမွေးထုံပါ .. ဘာပဲဖြစ်ဖြစ် ..။ ဤနေ့မှာ ကိုကြီး မွေးထုံထံသို့ ရောက်လာနိုင်သည် ဆိုတာလောက်ကိုတော့ ထင်ထားမိခဲ့သည်မှာ အမှန်ပါ .. ဘာကြောင့်ဆို .. ဘဘဦးတင်ခိုင်က မနေ့က အတိအကျပြော သွားခဲ့သည်လေ ..။ ဤနေ့မှာ ကိုကြီး ရောက်လာလိမ့်မည်ဟု ..

ထိုသို့ ရောက်လာမည်မို့လည်း ဘဘသည် ဘဘကြီးထံမှာ .. ကိုကြီးနှင့် မွေးထုံကို သဘောမျှနိုင်ပါဟု အတိအလင်း လာ၍ သတိပေးသွားခဲ့သည်ပဲလေ ..။

ဒါပေမဲ့ .. ကိုကြီးသည် .. မွေးထုံ ထင်ထားသည်ထက် ပို၍စောလွန်းစွာပဲ ရောက်လာပါ၏။ စားလက်စထမင်းချိုင့်လေးကို မွေးထုံ သိမ်းနေတော့ ကိုကြီး ဘေးမှာလာထိုင်သည်။ မွေးထုံ လုံးဝမကြည့် ..။ ထမင်းချိုင့်လေးကို နေသားတကျဆင့်စီ၍ ပြန်သိမ်းနေခိုက်မှာ ကိုကြီးထံမှ ..



"ကိုကြီးကို .. ဘယ်တုန်းက ရောက်လာသလဲလို့တောင် မမေးတော့ဘူးလား မွေးထုံရယ် .. ဟင် .."

အနိုင်နိုင်ထိန်းယူရင်းပြောနေမှန်း အရမ်းကိုသိသာနေကြတာကဖြင့် တုန်ခါလွန်းနေသည့် ကိုကြီး၏အသံများကြောင့်ပါ။

"ဒီနေ့ ရောက်မယ်ဆိုတာ မွေးထုံ သိထားပြီးပြီလေ .. မနေ့က ဘဘဦးထင်ခိုင် ကိုယ်တိုင် တကူးတက လာပြောပြသွားတာကိုး .. ဒါပေမဲ့ .. မွေးထုံ ထင်တာက .. ညနေစောင်းလောက်မှ ကိုကြီး ဘဘကြီးကို သွားတွေ့ဖြစ်မယ်လို့ ထင်မိတာ .. မွေးထုံ ဆီကိုလဲ ရောက်ချင်ရောက်လာနိုင်မယ်လို့လဲ တွေးထားမိတယ်လေ .. ခုကျတော့ .. မွေးထုံ နေ့လယ်စာ စားနေချိန်လေးမှာပဲ ကိုကြီးက ရောက်လာတာကိုး .. ဘဘကြီးနဲ့ တွေ့ခဲ့ပြီးပြီ မဟုတ်လား .. အကြောင်းစုံလည်း သိလောက်ပြီးနေပြီပဲ ကိုကြီးရယ် .. မွေးထုံကို .. လာတွေ့တာတောင်မှ လွန်လှပါပြီ .. ပြန်ပါတော့ .. တော်နေကြာ .. ဘဘဦးထင်ခိုင် စိတ်အနှောင့်အယှက် ဖြစ်နေရင် မကောင်းပါဘူး .. မွေးထုံတို့က .. ဘဘဦးထင်ခိုင် ဆောက်ပေးထားတဲ့အိမ်မှာ နေနေကြတဲ့သူတွေ ဖြစ်ခဲ့ကြရပြီးပြီလေ .. ဘဘက သိပ်ချမ်းသာတာ .. မွေးထုံ တစ်သက်လုံးနေခဲ့တဲ့ အိမ်လေးကို ဖြုတ်ဆိုဖျက်ဆီးပစ်လိုက်နိုင်တယ် .. မွေးထုံတို့ အိပ်မက်တောင် မမက်ဘူးတဲ့ အိမ်မျိုးကို ဆောက်ပေးနိုင်တယ် .. ဒါပေမဲ့ မွေးထုံ ပြောပါရစေ .. ရွှေပင်နားတော့ ရွှေကျေးဖြစ်တယ် ဆိုတဲ့ စကားကို ဒီလိုအခြေအနေမျိုးမှာ မွေးထုံ မပြောဝံ

www.burmeseclassic.com



ဘူး .. မွေးထုံတို့ နေနေရတဲ့ တိုက်အိမ်လှလှလေးဟာ မွေးထုံ အတွက်ကတော့ ရွှေပင်လည်း မဟုတ်သလို .. ဒီ အိမ်မှာ နေလိုက်ရတဲ့အတွက် မွေးထုံ ကိုယ့်ကိုလဲ ဘယ်တော့မှ ရွှေကျေးရယ်လို့ မသတ်မှတ်ပါဘူး .. မွေးထုံတို့ အတွက် အဲဒီအိမ်မှာ နေနေရတာဟာ .. နာကြည်းနေရတဲ့ ခံစားမှုတွေကို ပေးနေတဲ့ နာကြည်းခြင်းရဲ့ သစ်တစ်ပင် လို့ပဲ မှတ်ယူပါတယ် ..”

မွေးထုံ ဆက်တိုက်ပြောနေသမျှ သူ ငြိမ်သက်နား ထောင်နေရင်း ရင်ထဲမှာမချို ..။ ဤသို့သော စကားနှယ်ပင် သက်ရောက်ပါလေသော ကြေကွဲနာကြည်းခြင်းများဖြင့် ပြည့်ဝ နေပါသည့် စကားများကိုလည်း သူ ဘဘကြီးထံမှာ စောစောလေး ကပဲ ကြားခဲ့ရပြီးပါပြီ ..။ ဖေဖေ လုပ်ခဲ့လေသမျှကို ခုမှ သူလည်း သဘောပေါက်ရ ..။ ဘဘကြီးနှင့် မွေးထုံတို့ကို ဘယ်လိုမှတောင်းပန်၍ မရနိုင်လောက်အောင် ရှိနေရပါသည့် အခြေအနေထဲ ရောက်နေပြီ ဆိုတာကိုလည်း သိရနှင့် သူ့ရင်သည် လောင်မြိုက် နေရသည်ပါပဲလေ ..။

“ကိုကြီး ဘာမှကို မသိခဲ့ရတာ အမှန်ပါ မွေးထုံရယ် .. ဒီကိုရောက်တာတောင်မှ .. ဖေဖေက ဘာမှမဖြစ်သလို နေနေတာပါ .. ဘဘကြီးနဲ့ မွေးထုံဆီကို .. ထွက်လာတော့လဲ ဖေဖေ မတားပါဘူး .. အေးအေးဆေးဆေး နေခဲ့ကျန်ခဲ့ တာပါ .. ဒါပေမဲ့ .. ဘဘကြီးနဲ့တွေ့မှ .. အဖြစ်စုံလဲကြားရ .. သိရ .. အရမ်းကို မျက်နှာမထားတတ်အောင် အားနာရ .. အနေခက်ရနဲ့ ကိုကြီး ရှိခဲ့ရတာပါ .. ခုလဲ .. ကိုကြီး မွေးထုံလေးကို မရှင်းပြရရင် .. မနေနိုင်လွန်းလို့ .. မွေးထုံရဲ့ မျက်နှာလေးကိုလဲ မမြင်ရရင် .. မနေနိုင်လွန်း လို့ .. ဒီနေရာထိ .. ဘယ်လိုမှ မျက်နှာမကောင်းနိုင်တော့ တဲ့ အဖြစ်ကြီးနဲ့ မနည်း အရဲကိုးလို့ လာခဲ့ရတာပါ မွေးထုံရယ် ..”



သူ့အသံတွေ အက်ကျနေရင်း တောင်းပန်စကားကို ပြောနေစဉ်ခိုက်မှာလည်း မွေးထုံကဖြင့် အရမ်းကို တည်ငြိမ်ရင့် ကျက်နေသည့် မွေးထုံ ဖြစ်နေပါပြီ ..။ သူ .. ရင်ထဲပို၍ ထိတ် လန့်လာသည်။ ချောက်ချားလာသည်။ ဆောက်တည်ရာမဲ့ ဖြစ်လာ နေရပြီ ..။ မွေးထုံသည် အရမ်းကို အေးစက်တည်ငြိမ်နေသည့် မွေးထုံ ဖြစ်နေချေသည်တကား ..။ ပေါက်ကွဲရင်း ပြောဆိုသည့် မွေးထုံ ဖြစ်မနေ ..။ ရန်တွေ့နေသည့် မွေးထုံ ဖြစ်မနေ ..။

အေးဆေးတည်ငြိမ်စွာ ရှိနေသည့် မွေးထုံ ဖြစ်နေတာ ကို မြင်ရလေလေ ..။ သူ့အတွက် .. မွေးထုံသည် .. ဘယ်သော အခါတွင်မှ .. ဩော် .. ဘယ်သောအခါတွင်မျှ .. လက်တွဲဖော် အဖြစ် လက်ကိုပြန်လည်ကမ်းလင့် ဆုပ်ကိုင်လာချေမည် မဟုတ် ဆိုတာကို သိလာရလေလေပါ ..။

ဟင့်အင်း ..။ ထိုသို့ သူ အဖြစ်မခံနိုင် ..။ သူ့နှလုံး သားကလည်း လက်မခံနိုင် ..။ နှလုံးအိမ်ဆီမှ .. တုန်လှုပ်ချောက် ချားစွာ စတင်၍ ငိုကြွေးနေကြချေပြီဟု မိမိဘာသာ သိနေရပြီ ..။ သူ .. မျက်တောင်မခတ် မွေးထုံကို ငေးစိုက်ကြည့်နေရင်းမှ ..

“ဘာပဲဖြစ်ဖြစ် .. စော်ကားခံရတာဟာ စော်ကားခံရတာပဲ ဆိုတာ ကိုကြီး နားလည်ပါတယ် မွေးထုံ .. မွေးထုံနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီးကို ဖေဖေ အရမ်းကို နာကြည်းဖို့ ကောင်းလောက်အောင် စော်ကားမော်ကား ပြောဆိုသွားတယ် ဆိုတာကိုလဲ .. ဘဘကြီး ပြောပြသမျှတွေကို နားထောင်ရင်း နားထောင်ရင်း .. ဆက်မကြားရဲလောက်အောင် .. ကြေကွဲစိတ်တွေနဲ့အတူ ကိုကြီး သိခဲ့ရပြီးပါပြီ .. ဒါပေမဲ့ မွှေးထုံရယ် .. အဲဒါတွေကို .. လုပ်တဲ့သူဟာ ကိုကြီး .ဟုတ်မနေဘူးဆိုတာလောက်ကိုတော့ မွှေးထုံလေး တွေးပေးပါလားကွယ် .. ဖေဖေ့ကို မွှေးထုံ စိတ်နာသင့်ပါတယ် .. ဒါပေမဲ့ .. ကိုကြီးရဲ့ ချစ်ခြင်းမေတ္တာနဲ့ .. မြတ်နိုးမှုများကိုတော့ မွှေးထုံ ယုံကြည်စေချင်တယ် .. နားလည်ပေးစေချင်ပါတယ် .. ကိုကြီး ဘာတစ်ခုမှ .. မကျူးလွန်လိုက်မိတဲ့ ဒီစော်ကားမော်ကား-ဖြစ်တည်လာစေတဲ့ ဖြစ်ပျက်မှုကြီး တစ်ခုထဲမှာ ကိုကြီးကို .. ရောထွေးပြီး မဆုံးဖြတ်လိုက်စေချင်ပါဘူး .. မွှေးထုံလေး ကိုကြီးကို .. ဘယ်တော့မှ လက်မကမ်းဘူး ဆိုတာမျိုးကို .. ကိုကြီး ရင်ထဲက လက်မခံနိုင်ဘူး မွှေးထုံ .. အဲသလို ဖြစ်သွားမှာကို .. ကိုကြီး သေမလောက် ထိတ်လန့်ချောက်ချားနေတယ်၊ စိုးရိမ်နေတယ် .. ဆောက်တည်ရာမဲ့ ဖြစ်နေတယ် ..”

သူ ဆက်တိုက်ပြောနေသမျှကိုလည်း မွှေးထုံ ဘာတစ်ခုမျှ ဝင်မစွက်ဖက်ဘဲ ငြိမ်သက်နားထောင်နေသည်။ အဆုံးစွန် .. မပြောပါနဲ့တော့ .. ဆိုသည့် ဟန့်တားစကားကိုမျှပင် ပြောမလာခဲ့။ လုံးဝငြိမ်သက်နားထောင်ပေးသမား သက်သက်အဖြစ် ရှိနေပါသည့် အဖြစ် ..။



“ကိုကြီး .. မွှေးထုံကို တကယ့်ကို မြတ်နိုးစိတ်နဲ့ ချစ်ရတာပါ မိန်းကလေးရယ်၊ ကိုကြီးရဲ့ ရင်ထဲမှာ .. ချစ်မြတ်နိုးခြင်းတွေပဲ ရှိနေကြတယ် မွှေးထုံ .. အဲသလို ချစ်လွန်းလို့လဲ .. ဖေဖေ့ကို .. စကားမြန်းပေးဖို့ ပူဆာမိ .. ပြောမိခဲ့ရတာပါ .. ဖေဖေဟာ .. ကိုကြီးကို အဲဒီအချိန်တုန်းက .. ဘာတစ်ခုမှ ကန့်ကွက်စကား မပြောခဲ့တာလဲ အမှန်ပါ မွှေးထုံ .. သူ တစ်ခုခု ဟန့်တားပြောလာရင်လဲ .. ကိုကြီး ခုလို .. ရန်ကုန်ကို ဘယ်ပြန်သွားပါ့မလဲ မွှေးထုံ .. ခုလို .. အိမ်ဆောက်ပေးတာကိုလဲ ဘယ်ငြိမ်နေပါ့မလဲ .. ကိုကြီး ထင်တာက .. ကိုယ်နဲ့ မွှေးထုံကို သဘောမျှလို့ .. ခုလို .. လုပ်ပေးတာလို့ ထင်မိခဲ့တာ .. အဲသလို ဖြစ်မလာဘဲ .. ချိုးချိုးဖွဲ့ဖွဲ့ လာပြောလိုက်ဖို့အတွက် တမင်တကာကို လုပ်ခဲ့တယ်ဆိုတာက .. ခုမှ သိရတာပါ .. ခုမှ သိရတာပါကွယ် .. သိရချိန်မှာ ကိုကြီးရင်တွေ မွမွကြေရတာပါပဲ .. ကိုကြီးနဲ့ မွှေးထုံတို့ ဝေးကြရတော့မယ် ထင်ပါရဲ့လို့ သဘောပေါက်လာရလေလေ .. ရင်ထဲမှာ .. ဆောက်တည်ရာမဲ့ တုန်လှုပ်ချောက်ချားနေရလေပါ .. ဒီမှာ မွှေးထုံ .. ကိုကြီးကို ကြည့်စမ်းပါ၊ ကိုကြီးရဲ့ မျက်နှာကို တစ်ချက်လောက်ဖြစ်ဖြစ် .. ကြည့်စမ်းပါကွယ် .. အရမ်းကိုထိခိုက်ချောက်ချားနေတဲ့ စိတ်တွေနဲ့ ကိုကြီး ရောက်လာရတာပါ .. အဲဒါလေးကို ထောက်ထားပြီး ကိုကြီးရဲ့မျက်နှာကို ကြည့်လိုက်ပါဦး .. ကြည့်ပါဦး မိန်းကလေးရယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ခခယယ နိုင်နေသော စကားသံကြောင့်ထင့် ..။ မွေးထုံ၏ မျက်ဝန်းလေးတွေ သူ့မျက်နှာထက်မှာ တစ်ချက်တန့် ခနဲဖြစ်အောင် မော့ကြည့်လာကြပါ၏။ ဘုရားရေ ..။ ထိုမျက်နက်ဝန်းလေးတွေသည် အရမ်းကို အေးစက်နေကြချေသည်တကား။ သူသည် .. သူ၏မိန်းကလေးကို .. အဆုံးရှုံးကြီး ဆုံးရှုံးရချေတော့မည်တဲ့လား ..။ ထိုအသိဖြင့်ပင် သူသည် .. ခံနိုင်ရည်စွမ်းမရှိလောက်အောင် .. နှလုံးသားတွေ ကြေပြုန်းနေကြရသည်သို့ ရှိရှိလာနေကြရပါပြီ ..။ ထောက်ခနဲ ထောက်ခနဲ .. သွေးကြောမျှင်တို့ ခံနိုင်ရည်မရှိစွာ ပြတ်တောက်ကုန်ကြသည်သို့ ခံစားနေကြရပါသည့်အဖြစ်။

ဒါပေမဲ့ .. သူ .. လက်မလျှော့ချင် ..။ မွေးထုံကို နားလည်အောင် သူ ကြိုးစားရှင်းပြနေချင်သေးသည်။ သူ၏ရင်ထဲမှာ အချစ်များကို နားလည်လာအောင် ကြိုးစားရှင်းပြခွင့်လေး ရနေချင်သေးသည်။

"မွေးထုံကို .. ကိုကြီး မြင်မြင်ချင်း ချစ်မြတ်နိုးခဲ့ရတာပါကွယ် .. အရမ်းကို ဖြူစင်အေးချမ်းတဲ့ .. အပြစ်ကင်းတဲ့ မွေးထုံလေးအဖြစ် .. မွေးထုံရဲ့ မျက်နှာလေးမှာ .. မျက်ဝန်းလေးတွေမှာ ကိုကြီး မြင်ခဲ့ရတာပါ .. အဲဒါကို .. ကိုကြီး အရမ်းမြတ်နိုးခဲ့ရတာပါကွယ် .. ခုလဲ .. ကိုကြီးရဲ့ မျက်ဝန်းတွေကို ကြည့်ပါ ကလေးရယ် .. အရမ်းကိုချစ်မြတ်နိုးနေရလေသမျှကို .. ကိုကြီးရဲ့ မျက်ဝန်းတွေက ဖြူစင်ရိုးစင်းစွာနဲ့ .. ပြောပြနေကြမှာပါ .. ကိုကြီးရဲ့ချစ်မြတ်နိုးမှုတွေကို .. ကိုကြီးရဲ့မျက်နှာ .. ကိုကြီးရဲ့မျက်ဝန်း



တွေထဲမှာ ဖြူဖြူစင်စင်နဲ့ တင့်တင့်တယ်တယ် တွေ့နေရမှာပါ .. အချစ်ကို .. နာကြည်းမှုတွေနဲ့ မဖယ်ရှားပစ်လိုက်ပါနဲ့ မွေးထုံရယ် .. ကိုကြီး .. ကိုကြီး .. ရူးရမှာပါ .. အရမ်းကို .. ခံစားရမှာပါ .."

သူ ပြောနေလေသမျှ မွေးထုံ ငြိမ်သက်နားထောင်သမားပဲ လုပ်နေပါ၏။ သူ .. မျက်တောင်မခတ် ငေးစိုက်ကြည့်ရင်း ခေါင်းကို လေးလေးကြီး ခါနေမိရပါ၏။

"မဟုတ်သေးဘူးလေ .. ကိုကြီး မကျူးလွန်ခဲ့တဲ့ .. အဲဒီအဖြစ်အပျက်ကြီးထဲမှာ ကိုကြီးကို .. နှစ်မြှုပ်ထားလိုက်တော့မှာလား မွေးထုံ .. ဟင် .."

"မွေးထုံတို့ကလဲ .. မွေးထုံတို့ ဘာတစ်ခုမှ .. မလုပ်ခဲ့ရတဲ့ အဖြစ်ကြီးတစ်ခုထဲမှာ .. အစော်ကားခံခဲ့ရတာပါပဲ ကိုကြီးရယ် .. အိမ်ဆောက်ပေးဖို့လဲ ဘယ်တုန်းကမှ မွေးထုံတို့ မပူဆာ မတောင်းဆို .. မတောင်းခံခဲ့ဖူးပါဘူး၊ ဒါပေမဲ့ .. အဲဒီအိမ်တစ်လုံးကြောင့် .. မွေးထုံတို့ အပြောခံ အဆိုခံဖြစ်ခဲ့ရပြီးပါပြီ .. ကိုကြီးရဲ့ မွေးနေ့မှာ .. ကိုကြီးက ရွှေသားလက်ပတ်နာရီကို အဖေဆီက ရချိန်မှာ .. မွေးထုံဆီက ပန်းလေးတစ်ပွင့်ပဲ ရခဲ့တာပါ၊ ဘဘကြီးဆီက .. ပန်းပုရုပ်လေးကိုသာ ရခဲ့တာပါ .. ဘဝချင်းခြားပါတယ် ကိုကြီး .. မွေးထုံကို ချစ်ပါလို့ မွေးထုံ ဘယ်တုန်းကမှ ကိုကြီးကို မတောင်းဆိုခဲ့ဖူးပါဘူး .. ကိုကြီးက မွေးထုံကို ချစ်မြတ်နိုးတဲ့အတွက် .. မွေးထုံနဲ့ ဘဘကြီးတို့က .. ဘဘဦးထင်ခိုင်ရဲ့ စော်ကား မော်ကား ပြောသမျှကို နားနဲ့ဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



ရင်ကွဲခံပြီး ကြားခဲ့ရတာပါ .. လက်တွေ့ခံစားခဲ့ကြရတာပါ .. ကိုကြီးက ချမ်းသာနေတော့ .. ကိုကြီးရဲ့ ပယောဂမပါတဲ့ အဲဒီစော်ကားမော်ကားပြုတဲ့ ကျင်းပဆင်ရင်တဲ့ပွဲကြီးရဲ့ အကျိုးဆက်ကို မခံစားလိုက်ဘူးလို့များ ချမ်းသာအားကိုးနဲ့ လာပြောနေချင်တာလားရှင် .."

မွှေးထုံ ရင်ထဲ ခံစားရလေသမျှ ပြောလာတော့ သူ မျက်ရည်များ ဝဲတက်လာနေရပါ၏။ ခေါင်းကို တွင်တွင်ခါနေမိရင်းမှ မွှေးထုံ၏ ပခုံးလေးကို သူ ဆွဲယူ၍ သူ့ဘက်ကို လှည့်ပစ်လိုက်ချင်စိတ်တွေ ဖြစ်တည်လာနေရပြီ။ မွှေးထုံ၏ မျက်နှာလေးကို တည့်တည့်ကြီး ငုံ့မိုးကြည့်၍ သူ့အချစ်တွေကို နားလည်ပေးဖို့ ရှင်းပြပြောပြလိုက်ချင်နေပြီ ..။

ဒါပေမဲ့ .. ချစ်ရသူလေးကို သူ့လက်ဖျားဖြင့်ပင် မတို့ထိရက် ..။ လောလောဆယ်မှာ မွှေးထုံလေးက အရမ်းကို ခံစားနေရသည့်အချိန် ..။ နွမ်းပါး၍ အပြောခံရသည်ဟု ခံစားနေရချိန် ..။ သူ .. မွှေးထုံ၏ ပခုံးလေးကို ချစ်ဇောဖြင့် ဆွဲကိုင်ထိန်းရင်း ပြောနေသည်ပဲ ရှိစေ။ ချမ်းသာအားကိုးနှင့် ပခုံးလေးကို လာထိသည်ဟု အထင်ခံလိုက်ရမှာမျိုးကို သူ အဖြစ်မခံနိုင် ..။

သက်ပြင်းရှိုက်၍ မွှေးထုံ၏ မျက်နှာနုနုလေးကိုသာ မြတ်နိုးမဆုံးစွာ ခပ်ငေးငေး ကြည့်နေမိရင်းမှ .. သူ .. ဤမိန်းကလေးနှင့် ဘယ်သောအခါတွင်မှ .. ဩော် .. ဘယ်သောအခါတွင်မှ .. လက်တွဲခွင့် .. မရနိုင်ချေတော့ပြီလားဟု .. ခံနိုင်ရည်စွမ်း မရှိနိုင်တော့သည့် တုန်လှုပ်ခြင်းများနှင့်အတူ ချောက်ချားနေမိရပါပြီတည်း ..။



"မွှေးထုံ .. ကိုကြီးက .. ကိုကြီးက .. ချမ်းသာအားကိုးနဲ့ ပြောတာ မဟုတ်ပါဘူး ကလေးရယ် .. ချစ်ခြင်းအားကိုးနဲ့ ပြောပြရှင်းပြနေတာပါ .."

ဟုခပ်သဲ့သဲ့ပြောကာ ခေါင်းသည် ငိုက်စိုက်ကျရပါချေသတည်း ..။

မွှေးထုံနှင့် ရယ်မောရင်း ထမင်းချိုင့်လေးဖြင့် ဤသစ်ရိပ်လေးမှာ ထမင်းတူတူ စားခဲ့ရသော အဖြစ်လေးတစ်ခုသည် .. ရင်ထဲမှာ လွမ်းမောစွာ ထင်ကျန်ခဲ့ရပါချေတော့မည်လား ..။ ချစ်ရသူလေးနှင့်အတူ ယှဉ်၍ထိုင်နေရင်းဖြင့် .. တောပန်းလေးတွေ၏ ရနံ့ချိုအီအီ မွှေးထုံထုံလေးတွေ မျောလွင့်ပါလာနေသည့်လေကို ရှူရှိုက်ရပါသည့် ကာလကို .. မျက်ရည်ဝေနေသော နှလုံးအိမ်ဖြင့် .. သူသည် .. မကြာ မကြာ ပြန်၍တမ်းတလွမ်းမောနေရမည့်သူ တစ်ယောက် ဖြစ်နေချေတော့မည်လား ..။

ဟုတ်သည် ..။ ချစ်မြတ်နိုးရလွန်း၍ .. ကြေကွဲစွာဝေယှက်ရပါသည့် မျက်ရည်ဟူသည် .. ချစ်ခြင်းများ ဖွဲ့တည်ရာ .. နှလုံးအိမ်မှာသာ ဖြစ်တည်ကြရလျက် ..။ ထိုနှလုံးအိမ်သည် ဘယ်သောအခါတွင်မျှ .. ကြည်မွေ့အေးချမ်းနိုင်စွမ်းချေတော့မည် မဟုတ်ပါချေသည့် အဖြစ် ..။

"ပြန်ပါ ကိုကြီးရယ် .. မွှေးထုံ .. နောက်ထပ် အစော်ကား မခံပါရစေနဲ့တော့ .. မွှေးထုံတို့က မချမ်းသာပေမဲ့ .. သူဆင်းရဲတို့ရဲ့ ထားအပ်တဲ့ .. ရင့်ကျက်တဲ့ ဂုဏ်သိက္ခာဆိုတာကတော့ ရှိနေကြပါတယ် ကိုကြီး .. ကိုကြီးရဲ့မေမေ နောက်ထပ်လာပြီး .. ပြောဆိုတာမျိုးကိုလဲ .. နားမခံသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြားထဲက မကြားပါရစေနဲ့တော့ .. မွေးထုံ ပြောလိုက်ပါရဲ့ ကိုကြီး .. ကိုကြီးကို .. မွေးထုံ .. ဘယ်တော့မှ .. မချစ်ဘူး .. လက်မတွဲဘူး .. အဲဒါ .. မွေးထုံရဲ့ .. အဆုံးအဖြတ်ပဲ .. ဘယ်တော့မှ မပြောင်းလဲနိုင်တဲ့ .. ဆုံးဖြတ်ခြင်းပဲ၊ အချစ်ဆိုတာဆို .. နာကြည်းမှုတွေနဲ့ တည်ဆောက်လို့မရပါဘူး ကိုကြီး .. အရှိမ်းကို နာကြည်းကြေကွဲခံပြင်းနေခြင်းများနဲ့ ပြည့်ကျပ်ခဲနေတဲ့ .. မွေးထုံရဲ့ နှလုံးအိမ်ထဲကနေပြီးတော့ .. ကိုကြီးကို ချစ်မြတ်နိုးဖို့အတွက် .. ချစ်ခြင်းများကို တည်ဆောက် ပေးမလာနိုင်တော့တာမို့ .. ကိုကြီးရဲ့ အချစ်တွေကို .. ပြန်လည်ရုပ်သိမ်းသွားလိုက်ပါတော့ .. မွေးထုံ .. တောင်းပန်ပါတယ် .. ပြန်ပါတော့ .."

အရှိမ်းကို တည်ငြိမ်ပြတ်သားရိပ်များဖြင့် ပြည့်သိပ်စွန်းထင်းနေပါသည့် မျက်နှာနုနုစင်စင်လေးကို သူ .. မမိုတ်မသုန်အတန်ကြာမျှ ငေးစိုက်ကြည့်မိရပြီးသည့် နောက်မှာ ..။ နေရာမှ သူ .. ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာလာမိခဲ့ရပါပြီ ..။

သူ့ရင်ထဲတွင် .. မွေးထုံလေးကိုမှ .. မြတ်နိုးစွာ .. ဆက်လက်ရှင်သန်လွန်းစွာ ချစ်နေ့ပါသည့် ချစ်ခြင်းများက အစဉ်သဖြင့် .. လိုက်ပါလာကြလျက် ..။

အစဉ်သဖြင့် .. ကြေကွဲဝိုကြွေးနေချေဦးမည့် နှလုံးအိမ်သည်လည်း .. ရင်နှင့်အမျှ .. ရင်းထားရပါသော .. အထီးကျန်မှုများဖြင့် .. သူ့ရင်မှာ .. ပါလာကြပြန်ကာ ..။ ထိုခံစားမှုများသည် .. ရှုံးမတတ် ခံစားနေရသော .. သူ့ရင်မှာ .. အစဉ်သဖြင့် .. ရှိမြဲရှိနေကြချေမည်သာ ..။



အစဉ်သဖြင့် .. သြော် .. အစဉ်သဖြင့်ပါတည့် ..။

သြော် .. ချစ်၍ကြွေသည့် မျက်ရည်စက်သည် .. အစဉ်ကြွေမြဲကြွေ ..။

ထိုမျက်ရည်စက်တို့ ခြွေကြွေရာ နှလုံးအိမ်သည်သည်း .. အစဉ် .. ကြေမြဲကျေနေရချေတော့မည်သာတကား ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ဖေဖေ စာကြည့်ခန်းမှာ ရှိနေသည်ဟု သူ့အမေးကို ဒေါ်ကြီးငွေ ဖြေခဲ့သည်မို့ သူ အပေါ်ထပ် စာကြည့်ခန်းသို့ တက်ခဲ့ပါ၏။

စာကြည့်ခန်းတံခါးကို သူ တွန်းဖွင့်လိုက်ချိန်မှာ သူ့အလာကို ဖေဖေကလည်း တိတ်ဆိတ်စွာ စောင့်ဆိုင်းနေသည့် အသွင်ဖြင့် နှစ်ယောက်ထိုင် ဆိုဖာကြီးထက်မှာ ထိုင်လျက်တွေ့ရပါ၏။ သူ ဘာတွေကြုံခဲ့ပြီ ..။ ဘာတွေပြောလာချေတော့မည်ဆိုတာကိုလည်း ဖေဖေ ကြိုတင်သိနေသည့် အသွင်ဖြင့် မျက်နှာက အရာရာကို ရင်ဆိုင်ဖို့ အသင့်ပြင်ဆင်ထားပြီးနေသည့်နှယ် အရှမ်းကို တည်ငြိမ်နေပါ၏။

လေးလံသော ခြေလှမ်းများဖြင့် သူ ဝင်လာကာ ရင်ထဲမှာ ပန်းဟိုက်လာသည်။ မောလာသည်။ အရာရာသည် သူ့ဆန္ဒ မပါဘဲ အားလုံးပြီးမြောက်သွားခဲ့ပြီ ..။

ဖေဖေကလည်း ဖေဖေ ဖြစ်ချင်တာကို အကွက်ချ၍ ထောင့်စေ့အောင် လုပ်ဆောင်နိုင်ခဲ့ပြီးပြီ ..။ ဘဘကြီးကလည်း သပြေ ..



သူနှင့် မွှေးထုံလေးကို ဘယ်သောအခါတွင်မှ သဘောမမျှနိုင်ပါဟု ဖြေခဲ့ အသိပေးခဲ့ပြီးပြီ ..။

နောက် .. နောက် .. သူမြတ်နိုးလွန်းမက မြတ်နိုးခဲ့ပါလေသော သူ၏မြတ်နိုးရုပ်လေး .. ဩော် .. သူ၏ရွှေနှံ့သာ ရွှေအဆင်းလေးကလည်း .. သူ့ကို .. ဘယ်သောအခါတွင်မှ လက်မတွဲနိုင်ပါဟု ပြတ်သားစွာ အသိပေးခဲ့ပြီးပြီ ..။

သူ .. ဘာဆို ဘာမျှ .. မတတ်နိုင်စွာ .. အရာရာကို ဆုံးရှုံးခဲ့ရပြီးပြီ ..။

သူ .. လက်တွင်းမှ လက်ဆောင်ခြင်းလေးကို စားပွဲထက်မှာ တင်သည်။ တိတ်ဆိတ်စွာ ကြည့်နေဆဲ ဖေဖေ့ကို သူ ခပ်သဲ့သဲ့ပြုံးပြကာ ပြတင်းပေါက်ဆီသို့ ခြေလှမ်းလေးလေးဖြင့် လျှောက်ခဲ့ပါ၏။ ဆိတ်ခွံပုဆိုးနှစ်ထည်၊ မုန့်ပုံးတစ်ပုံး၊ ဆေးဝါးတချို့နှင့် ပန်းသီးနီနီလေးတွေပါသော ခြင်းကို ဖေဖေကြည့်သည်။ ဘဘကြီး လက်မခံ၍ ပြန်ပါလာသည်ဆိုတာ ရိပ်မိမည်။ ဘဘကြီးဘာတွေ သူ့ကို ပြောဆိုလွှတ်လိုက်ပြီ ဆိုတာကိုလည်း ခန့်မှန်းမိလောက်ပြီ ..။ မွှေးထုံလေးနှင့် သူ အဝေးကြီး ဝေးရပြီ ဆိုတာကိုလည်း ဖေဖေ သဘောပေါက်လောက်ပြီ ..။

သူ .. ဖေဖေ့ဘက်ကို မျက်နှာမမူ၍ ရပ်လိုက်ပါ၏။ ပြတင်းပေါက်ဘောင်ကို ကျောဖြင့်ဖေးမှီ ရပ်လိုက်ကာ ထပ်မံ၍ ခပ်ယဲ့ယဲ့မျှ ပြုံးပြမိရပါ၏။ အသက်မပါသော အပြုံးတစ်ခုကို ကြေကွဲမှုတွေ စွန်းထင်းနေသည့် သားဖြစ်သူ၏ မျက်နှာထက်မှာ မြင်ရချိန်မှာ ဖေဖေ ကြည့်နူးနိုင်ပါ့မည်လားဟု သူ စတင်၍တွေးနေမိရပါသည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ ခုထိ ဘာမျှမပြောင်းလဲသောအကြည့်တွေဖြင့် ကြည့်နေဆဲ ..။ ဖေဖေ့ မျက်နှာထက်မှာ လောလောဆယ်တွင် နောင်တ၏အရိပ်ကို မတွေ့ရ ..။ အရုပ်ကြိုးပြတ်မျှ ခံစားနေရသည့်သားကိုကြည့်၍ နောင်တ ဖြစ်နေခြင်းမရှိ ..။

"စိတ်ချပါ ဖေဖေ .. ဖေဖေ အလွန်ချစ်တဲ့ ပိုက်ဆံပုံကြီးက .. သားရဲ့ ကြေကွဲမှုတွေကို .. သားရဲ့ရင်မှာ အပ်နှံထားလိုက်ပြီး နေပါပြီ ဖေဖေ .. စိတ်ချပါ .. မွေးထုံးသား .. ဘယ်တော့မှ .. မဆုံစည်းနိုင်တော့ပါဘူး .. အလွမ်းတရားကိုမှ ချမ်းသာနေတဲ့သားကို .. ဖေဖေ့သားကို .. သူတို့ကလဲ .. ပြတ်ပြတ်သားသား ငြင်းလိုက်ကြပါတယ် .. ဖေဖေ ကျေနပ်ပြီပေါ့ .."

သူ ပြောနေရင်း မျက်ရည်ဝဲလာသည်။ ရင်ကို ခံစားခြင်းများ ရောထွေးနေလျက် ခပ်ကြမ်းကြမ်း ပုတ်ပြသည်။ သူ့နဖူးပြင်ပေါ်သို့ ဆံပင်တွေ ဝဲပြိုကျလာနေကြပါ၏။

"ဖေဖေ မေ့နေတာ တစ်ခုရှိတယ် ဖေဖေ .. ချစ်လွန်းတဲ့သူဟာ .. ရင်ကွဲတတ်တယ် ဆိုတာကိုပါ .. ကြေကွဲမှုတွေ ဆုံးရှုံးမှုတွေနဲ့ ရင်ကွဲတတ်တယ် ဆိုတာကိုပါ .. အဲဒါကို .. ဖေဖေ့ ချမ်းသာခြင်းက .. မဖယ်ရှားနိုင်ဘူး ဖေဖေ .. ဟောဒီသားရဲ့ ရင်ထဲမှာ လောင်မြိုက်နေတဲ့မီး .. အလွမ်းမီး .. ကြေကွဲနာကျင်နေတဲ့မီး .. ချစ်ရသူနဲ့ ကွေကွင်းရလို့ တမြည့်မြည့် ကျေနေကြွေနေတဲ့ အသည်း .. အဲဒါတွေကို .. ဖေဖေ့ ပိုက်ဆံတွေက .. ပိုက်ဆံကြီးတွေက .. ဖယ်ရှားပစ်လိုက်နိုင်ဘူး ဖေဖေ .. ပိုက်ဆံချမ်းသာအားကိုး



နဲ့ .. ဖေဖေ အနိုင်ပိုင်းလိုက်တဲ့ .. အဲဒီပွဲမှာ .. ဘာဘကြီးနဲ့ မွေးထုံတို့ နှစ်ယောက်ပဲ အလူးအလဲ ရှုံးကြတယ်လို့ ထင်သလား ဖေဖေ .. မဟုတ်ဘူး .. မဟုတ်ဘူး .. ဖေဖေသားလဲရှုံးတယ် .. သုံးယောက် ရှုံးကြတယ် ဖေဖေ .. သုံးယောက် .. အရမ်းကို ထိခိုက်နာကျင်နေတဲ့ သားရဲ့နှလုံးသားအတွက် .. ဖေဖေ .. ဘယ်ဆေးနဲ့မှ ကုလို့မရသလို .. ဘယ်ပိုက်ဆံနဲ့မှလဲ လဲလှယ်ဖယ်ရှားပစ်လို့ မရနိုင်တော့တာမို့ .. ဖေဖေ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ .. အဲဒီအဖြစ်ကြီးကိုလဲ လက်ခံပေးလိုက်ပါတော့ .. လက်ခံပေးလိုက်ပါတော့ ဖေဖေ .."

သူ ဆက်တိုက်ပြောနေသမျှ ခုထိ ဖေဖေ ဝင်မစွက်သေး။ ဖြတ်မပြောသေး။ ဖေဖေ့ မျက်နှာက တည်ငြိမ်မြဲ တည်ငြိမ်နေသည်။ နောင်တရိပ်များ ကင်းလွန်းနေသည့် မျက်နှာအဖြစ်မြဲရှိနေသည်။

"ဖေဖေ့မှာ .. ငွေဟာ အရေးအကြီးဆုံး ဖြစ်နေတယ် ဖေဖေ .. ချမ်းသာဂုဏ်သာ အရေးကြီးနေခဲ့တာပါ .. အရေးကြီးနေတုန်းပါ .. သားစိတ်ဆင်းရဲတာထက် .. ဖေဖေ့ပိုက်ဆံချမ်းသာဂုဏ်ကြီးက ပိုပြီး အရေးကြီးတကော့ အရေးကြီးနေတာပါ ဖေဖေ .. ဒီတော့ .. ဖေဖေ အလွန်တန်ဖိုးထားတဲ့ ပိုက်ဆံတွေကို သားရှာပေးမယ် ဖေဖေ .. ဖေဖေ့အလုပ်တွေကို .. သား ခေါင်းမဖော်စတမ်း .. လုပ်ကိုင်ပေးမယ် .. ရလာတဲ့ ပိုက်ဆံတွေကို .. တိုးပွားလာတဲ့ ပိုက်ဆံတွေကို .. ဖေဖေ ကြည်ကြည်နူးနူးနဲ့ ရေတွက်နေပါ .. စုဆောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



ပါ … လုပ်ငန်းတွေ တိုးချဲ့နေပါ … ဖေဖေ့အတွက် အရေးကြီးတာ ပိုက်ဆံမဟုတ်လား … အဲဒါရနေရင် ပြီးတာပါပဲ ဖေဖေ …”

သူ ပြောလိုက်ပါသည့် အရမ်းကို အေးစက်တည်ငြိမ်လွန်းနေသည့် စကားလုံးများသည် ဤတစ်ကြိမ်မှာတော့ ဖေဖေ့ မျက်နှာထက်မှ တည်ငြိမ်ရိပ်များကို ဖယ်ရှားပစ်လိုက်နိုင်ပြီ။ တုန်လှုပ်သလို ကြည့်လာသည့် ဖေဖေသည် တစ်ခုခု ပြောတော့မည့်နယ် ကိုယ်ကို မတ်လိုက်ချိန်မှာ သူ လက်ကာသည်။

“မပြောသေးပါနဲ့ဦး … ဖေဖေရယ် … မပြောသေးပါနဲ့ဦး … ဘဘကြီး ပြောတဲ့စကား … သွန်းမွှေးထုံ ပြောလိုက်တဲ့ စကားတွေကို ဘဘတစ်ခွန်းမှ မတွန်းလှန်သာဘဲ နားထောင်သမားအဖြစ် သား နေခဲ့ရတာပါ … ခု … သား ပြောပါရစေ … ပြောတဲ့သူ တစ်ယောက်တော့ ဖြစ်ပါရစေ …”

ဟု အနိုင်နိုင် ကြေကွဲခြင်းများကို ထိန်းရင်း သူ ပြောကာ ကိုယ်ကိုလျှော့ချ၍ ကြမ်းပြင်ပေါ်မှာ ပုံပုံချထိုင်၍ ဖက်ကိုလှန်ကာ မျက်ဝန်းများကို မှိတ်ချထားလိုက်မိစဉ်ခိုက် သူ့ထံသို့ လျှောက်လာနေပါသည့် ခြေသံတွေကို ကြားနေရသည်။ ဖေဖေ့ခြေသံဆိုတာ သူ သိနေသည်ပါပဲ …။ သူ မျက်ဝန်းတွေကို ဖွင့်ကြည့်တော့ ရှေ့မှာရပ်လျက် ငုံ့မိုးကြည့်နေသည့် ဖေဖေ့မျက်ဝန်းများနှင့် ဆုံသည်။ ဖေဖေ့ မျက်ဝန်းများမှာ ချောက်ချားရိပ်တို့ စတင်စွန်းထင်းလာနေကြပြီ …။ သူ … ဘာတွေ ဆက်ပြောတော့မည်ဆိုတာ သိနေသည့်အသွင် …။ နားလည်လာနေသည့်အသွင် …။

သူ လက်ကာသည်။ ခေါင်းယမ်းပြသည်။



“မဟုတ်ဘူး ဖေဖေ … ဖေဖေ ပြောမှာတွေကို သားသိနှင့်နေပြီ … မပြောပါနဲ့တော့ … သားတို့က ချမ်းသာတယ် … ချမ်းသာတဲ့ မိန်းကလေးနဲ့ လက်ဆက်မှ … ဂုဏ်တင့်တယ်မယ် … အဲဒါကြောင့် … မွှေးထုံနဲ့ သဘောမမျှနိုင်လို့ … အဲသလို ဖေဖေ လုပ်လိုက်တာပါ … ဒါဟာ … တရားတယ်လို့ ဖေဖေ ပြောချင်တော့မယ် မဟုတ်လား … သား သိနေပါတယ် ဖေဖေ … အဲဒါကို … သား လက်မခံနိုင်တာ … ဒီရင်ထဲက … ဟောဒီ ကြေကွဲနေတဲ့ ရင်ထဲက … လက်မခံနိုင်တာ …”

သူ ပြောတော့ ဖေဖေ သက်ပြင်းရှိုက်သည်။ သူ ပြောသည့်စကားတွေကို ဘာမျှမတုံ့ပြန်တော့ဘဲ ဆောမှာ ဖေဖေ ထိုင်၏။ ကြမ်းပေါ်မှာ သားအဖနှစ်ယောက် ယှဉ်လျက်ထိုင်ဖြစ်နေကြခြင်း။ သူ … ဖေဖေ့ကို ငုံ့ကြည့်သည်။ နောက် … ပြုံးမိပြန်၏။

“ဖေဖေ ရင်းနှီးခဲ့တယ် … ဖေဖေ ဖြစ်ချင်တာတွေ ဖြစ်လာအောင် … မွှေးထုံနဲ့ သားတို့ လက်မဆက်ဖြစ်နိုင်အောင် … ဝေးကြအောင် … ဖေဖေ ရင်းနှီးခဲ့တယ် … ပိုက်ဆံကုန်ခံပြီးတော့ ဆိုပါတော့ … အိမ်ဆောက်ပေးတယ် … ပစ္စည်းတွေ ဖြည့်ပေးတယ် … အဲသလောက် ရင်းလိုက်တယ် … ပြီးတော့ … သားနဲ့ သဘောမတူဘူး ဆိုတာကို ပြောလိုက်တယ် … ဒါ … တရားတယ်လို့ ပြောမှာလား ဖေဖေ … သူတို့က … အဲဒီအိမ်ကို တောင်းလို့လား ဖေဖေ … အဲဒီပစ္စည်းတွေကို တောင်းဆိုနေကြလို့လား … သူတို့အိမ် …

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘဝနဲ့ အေးအေးချမ်းချမ်း ပျော်ရွှင်ချမ်းမြေ့နေကြတဲ့ အိမ်ထောင်တစ်ခုကို .. ဖေဖေ့ ချမ်းသာဂုဏ်ကြီး မပွန်းပဲ့ရအောင် .. သွားပြီး ဒုက္ခပေးရက်တယ်ဗျာ .. ခု .. သူတို့ခမျာ .. သူတို့ ဘာမှပယောဂ ... မပါတဲ့ .. အကြောင်းခံတစ်ခုရဲ့ အကျိုးဆက်အဖြစ် .. စိတ်ထိခိုက်နေကြရရှာတယ် .. ကြေကွဲနာကြည်းနေကြရရှာတယ် .. အရှက်သည်းနေကြရရှာတယ် .. ဖေဖေ သူတို့ကို လုပ်ရက်လိုက်တာဗျာ .. ဖေဖေ့ဆီက ဘာတစ်ခုမှ မျှော်လင့်မထားတဲ့သူတွေကို .. ပေးလဲ ပေးတယ် .. ပြီးတော့ ရက်ရက်စက်စက်လဲ ပြောတယ် .. စေတနာမပါတဲ့ ပေးကမ်းမှုဟာ .. ဘယ်တော့မှ .. ပေးသူအတွက်ရော လက်ခံလိုက်ရသူအတွက်ရော မအေးချမ်းနိုင်တော့ဘူး ဖေဖေ .. လောင်မြိုက်နေမှာပဲ .. ခု .. ဖေဖေလဲ လောင်မြိုက်ရမှာပဲ .. သူတို့လဲ .. လောင်မြိုက်နေကြရတာပဲ .."

သူ ဆက်တိုက်ပြောနေတော့ ဖေဖေ လက်ကာသည်။

"ဖေဖေ့သားကို .. ဆိတ်ကျောင်းနေတဲ့ ကောင်မလေးတစ်ယောက်နဲ့ .. ဆိတ်နို့ညှစ်နေတဲ့ ကောင်မလေးတစ်ယောက်နဲ့ .. မပေးစားနိုင်တာ .. ဖေဖေ့ဘက်က မှန်တယ် သား .. သူ့မှာ .. ဖေဖေ့ အဝန်းအဝိုင်းက လက်ခံလောက်တဲ့ဂုဏ် မရှိဘူး .. ဖေဖေ ဘယ်လောက်ထိ လုပ်ငန်းကိုင်ငန်းမှာ ကျယ်ပြန့်တယ် .. တွင်ကျယ်တယ်ဆိုတာ သားအသိပဲ .. ဒါ .. ကျွန်တော့်ချွေးမပါလို့ ဖေဖေ့ စီးပွားရေးမိတ်ဆွေ အဝန်းအဝိုင်းမှာ ချုပြစရာရယ်လို .. ဘာဂုဏ်ရှိနေလို့လဲ .."



သူ ဖေဖေ့ဆိုကြည့်ခိုက် ဖေဖေ သူ့ဆံစကို သပ်ပေးလာပါ၏။

"ဒါကြောင့် .. ဖေဖေ .. သူတို့အရမ်းကို စိတ်နာအောင် လုပ်ခဲ့တာပါ .. သူတို့ဘက်ကလဲ .. မြတ်ပါတယ် သားရယ် .. တိုက်သစ်တစ်လုံး .. အိမ်ထဲမှာ .. အသစ်စက်စက်ပစ္စည်းတွေချည်းပဲ ရှိနေတဲ့ အိမ်သုံးပစ္စည်းတွေ .. သူတို့အိပ်မက်တောင် မမက်ဘူးတဲ့ အရာတွေကို ရကြတာပါ .. ကြာတော့လဲ သူတို့ ကျေနပ်သွားကြမှာပါ .."

ဟု ပြောလာတော့ သူ ပြုံး၍ ခေါင်းယမ်းမိရပါပြီ။

"သူတို့ .. အိပ်မက်တောင် မမက်ဘူးတဲ့ အရာတွေကို .. သူတို့ ရကြတယ်လို့ ဖေဖေ ပြောတယ်နော် .. သူတို့ကျေနပ်သွားကြမယ်လို့လဲ ပြောတယ်နော်၊ သူတို့ .. ဖေဖေ့ကို ဘယ်တော့မှ မေ့ကြမှာ မဟုတ်ဘူး ဖေဖေ .. နာကြည်းစိတ်နဲ့ မေ့နိုင်ကြမှာ မဟုတ်ဘူး .."

"နာကြည်းကြမှစေလေ .. နာကြည်းကြအောင် ဖေဖေလုပ်ခဲ့တာပဲ .. သူတို့ နာကြည်းနေလေလေ .. ဖေဖေ အောင်မြင်လေလေပေါ့ .. သူတို့ မနာကြည်းမှာကို ဖေဖေက ကြောက်တာ .. ဖေဖေ့သားကို .. သူတို့ရဲ့ နာကြည်းခြင်းတွေနဲ့ လဲလှယ်လိုက်ရတာပဲ .. ဖေဖေ့သားကို ဖေဖေရနေရင် ပြီးတာပဲကွ .."

ဟု ပြောလာတော့ သူ ရင်ထဲမှာ ပို၍မွန်းကျပ်လာသည်။ ဖေဖေသည် .. ပို၍ .. အတ္တဆန်လာနေချေသည်ကောဟု

www.burmeseclassic.com

www.burmeseclassic.com



နားလည်ရင်း ရင်ထဲမှာ ဝမ်းနည်းလာရသည်။ ထိခိုက်ပန်းဟိုက်လာနေရပါသည့်အဖြစ်။

"စောစောက ဖေဖေ ပြောတဲ့စကားထဲမှာ ကျန်နေတာရှိသေးတယ် ဖေဖေ.. သူတို့ရဲ့ နာကြည်းခြင်းတွေနဲ့ လဲလှယ်တယ်ဆိုတာလေ .. သားရဲ့အချစ် .. သားမြတ်နိုးလွန်းရသူလေးကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ ကြေကွဲမှုတွေနဲ့ .. လဲလှယ်လိုက်တာပါ ဖေဖေ .. သား .. ဘယ်တော့မှပျော်ရွှင်နိုင်တော့မှာ မဟုတ်ဘူး ဆိုတာကို ဖေဖေ သိနေဖို့လိုအပ်ပါတယ် .. သိနေဖို့ လိုအပ်နေပါတယ် ဖေဖေ .."

သူ ပြောကာ ဖေဖေ့ကိုကြည့်ရင်း ခေါင်းယမ်းသည်။ ထရပ်ကာ ပြတင်းအနီးမှာ ရပ်၏။ ဖေဖေ သူ့ဘေးမှာရပ်လာတော့ ခေါင်းငုံ၍ သူ ကြည့်သည်။

"ဖေဖေ စောစောက ပြောတယ် .. ဖေဖေ့သားကို ဖေဖေ ပြန်ရရင် ပြီးတာပဲလို့ .. ဟုတ်ပါတယ် ဖေဖေ .. ဖေဖေ့သားကို ဖေဖေ ရပါတယ် .. ကြေကွဲလောင်မြိုက်တဲ့ရင် .. ပျော်ရွှင်မှုတွေ ကင်းမဲ့နေတဲ့ရင် .. တက်ကြွလန်းဆန်းပြီး အမြဲတမ်း ပေါ့ပါးသွက်လက်နေတဲ့ အရာတွေ ကင်းမဲ့နေတဲ့သူ .. အဲဒါတွေ ပြည့်နေတဲ့ သားတစ်ယောက်ကိုပဲ ရမှာပါ .. အရင် ခိုင်မြဲ မဟုတ်တော့တဲ့ သားတစ်ယောက်ကို ဆိုပါတော့ ဖေဖေ .."

သူ အေးအေးစက်စက်ကြီး ပြောချလိုက်ကာ ဖေဖေ့ကို သူ ကြည့်မိသည်။



"ဘာဘကြီးနဲ့ မွေးထုံပဲဟာ .. ငွေကို ကိုးကွယ်နေကြတဲ့သူတွေ မဟုတ်ဘူး ဖေဖေ၊ သားတို့ဆိက .. ဘာအကျိုးကိုမှ မျှော်လင့်နေကြသူတွေလဲ မဟုတ်ဘူး .. သား .. မွေးထုံကို ချစ်မြတ်နိုးနေတာကိုလဲ သူ့ကို ဖွင့်မပြောဖြစ်ရသေးပါဘူး .. ဖေဖေ့ကိုပဲ ပြောမိခဲ့ရရုံပဲ ရှိချိန်မှာ .. ဖေဖေက .. အားလုံးကိုလုပ်ပြီးခဲ့ပြီ .. ဒီတော့ .. အချစ်နာကျနေတဲ့သား .. စက်ရုပ်ဆန်နေတဲ့သား .. ပိုက်ဆံအရှာကောင်းတဲ့ .. လုပ်ငန်းကိုင်ငန်းမှာလဲ အရာရာ လုပ်ကိုင်တတ်နေတဲ့ သားတစ်ယောက်ကိုတော့ ဖေဖေ ရမှာပါ .."

သူ ပြောပြီး ခြေလှမ်းကျဲကြီးနှင့် တံခါးရှိရာသို့ လျှောက်သည်။ မျက်နှာထက်မှာ ချွေးများနစ်နေလျက် တုန်ရင်းမပြသာအောင် ရင်တွေ ကြေပြုန်းလောင်မြိုက်နေသည့် သူ့အသွင်ကိုလည်း ဖေဖေ ငေးကြည့်ရင်း ငြိမ်ကျနေပါသည့်အဖြစ် ..။ မှုန်ကျပ်လာသည်မို့ အပေါ်ဝတ် ကုတ်အင်္ကျီကို ချွတ်လိုက်ကာ ပခုံးပေါ် ချိတ်တင်လိုက်ပြီးသည့်နောက်မှာ ဖေဖေ့ကို .. သူ .. တံခါးမှာကို မဆွဲဖွင့်မိမှာ အသက်မပါသော အပြုံးကို ပြုံးပြမိသည်။ သူ့နှုတ်ခမ်းတွေ ခြောက်သွေ့နေကြ၏။ ရင်သည် .. ထိခိုက်ကွဲကြေနေသောရင် ဖြစ်လျက် .. ဆတ်ဆတ်ခါနေသည့် အဖြစ် ..။

"အဲသလို အလုပ်တွေ ခေါင်းမဖော်စတမ်း လုပ်ကိုင်ရင်း ငွေတွေကို ရှာဖွေပေးနေတဲ့ သားဆိက .. ဖေဖေရမှာကလဲ အဲဒီငွေတစ်ခုတည်းပါပဲ ဖေဖေ .. အဲဒါထက်ပိုပြီး .. ဖေဖေ ဘာတစ်ခုမှ ပိုမရနိုင်တော့ပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောချလိုက်တော့ ဖေဖေ့ မျက်နှာ သွေးဆုတ်သလိုကြီး ဖြစ်သွားသည်။

"သား .."

ချောက်ချားလွန်းစွာ .. အထိတ်တလန့် ဖေဖေခေါ်လိုက်စဉ်ခိုက်မှာ သူ ထပ်၍ပြုံးကြည့်ပါ၏။ အပြုံးသည် အပြုံးနှင့်တူမနေ ..။ ငိုညည်းချလိုက်တော့မည့် နှုတ်ခမ်းတစ်စုံနှင့်သာတူနေသည်။

"သားတစ်ယောက်က .. အဖေ့ဆီမှာ .. ဆိုးနွဲ့ပူဆာမှုတွေ .. ရင်ခွင်ထဲ ဝင်ခွေ့ရင်း ပြောဆိုမှုတွေ .. စကားထွေရာပြောဆိုမှုတွေ၊ အဲဒါတွေ အားလုံး သားတို့နှစ်ယောက်ကြားမှာ ပျောက်ဆုံးသွားကြပါပြီ ဖေဖေ .. အဲဒီအရာတွေအစား .. ဖေဖေ တန်ဖိုးထားတဲ့ ငွေတွေ .. ပြီးတော့ .. ငွေတွေ .. သားရှာပေးပါ့မယ် ဖေဖေ .. သားရှာပေးပါ့မယ် .. ဖေဖေ ပျော်ပါတော့ .. သားရဲ့ မျက်ရည်စက်တွေ .. ကြေပြုန်းလောက်မြိုက်နေတဲ့ နှလုံးအိမ် .. ပျော်ရွှင်မှုတွေ အားလုံးကို .. ဖေဖေ တန်ဖိုးထားတဲ့ငွေတွေက အနိုင်ယူသွားပြီ မဟုတ်လား .. ဖေဖေ လဲလှယ်ခဲ့ပြီ မဟုတ်လား .. အဲဒါတွေ ကျန်ကုန်ပြီ ဖေဖေ .. ကျန်ရစ်ခဲ့ကုန်ပြီ .. ဖေဖေ့အတွက် .. ငွေရှာကောင်းတဲ့ သားတစ်ယောက် ရှိနေခဲ့ရင် .. ဖေဖေ့ဘဝဟာ .. ပြည့်စုံနေမှာပါ ဖေဖေ .."

ပြောပြီးသည့်နောက်မှာ .. သူ ခြေလှမ်းကျဲကြီးနှင့်အခန်းတွင်းမှ ထွက်ခဲ့သည်။ နောက်မှ အလောတကြီး တုန်လှုပ်



ချောက်ချားစွာ လိုက်ခေါ်နေပါသည့် ဖေဖေ့ ခေါ်သံသည် ကျန်ရစ်ခဲ့ပါ၏။ အပေါ်ထပ် စင်္ကြံလမ်းဆီမှ ဖေဖေ လှမ်း၍ ဆက်တိုက်လိုက်ခေါ်နေချိန်မှာ သူ .. အိမ်အောက်ထပ် တံခါးမကြီးကို တွန်းဖွင့်ပြီးနေပြီ ..။

ခြေလှမ်းကျဲကြီးနှင့် ပေါ်တီကိုအောက်ဆီမှာ ရပ်ထားသော ကားဆီသို့ သူ လျှောက်သည်။ ကားကိုစက်နှိုး၍ သူခပ်ကြမ်းကြမ်းကြီး မောင်းထွက်ချိန်မှာ ဖေဖေသည် သူ့ကိုခေါ်ရင်း ကျန်ခဲ့လျက် ..။

သူကလည်း .. မျက်ရည်များ နစ်နေသော .. ယောက်ယက်ခတ်မှု .. ဆောက်တည်ရာမဲ့နေသော .. အဆုံးရှုံးကြီး ဆုံးရှုံးလိုက်ရသူ တစ်ယောက်အဖြစ် .. ကားကို တောက်လျှောက်မောင်းနေမိရဆဲ ..။

သူ .. ရန်ကုန်သို့ ပြန်မည်။

သူ့ဘဝသည် .. မြရိပ်ငြိမ်အိမ်ရာလုပ်ငန်းကြီးထဲမှာ နစ်မြုပ်နေလျက် .. ငွေရှာကောင်းသော ခိုင်မြဲ အဖြစ် ဆက်လက်ရှင်သန်နေပါလိမ့်မည်။

အရာရာကို သူ ရင်ဆိုင်ခဲ့ရပြီးနေပြီ ..။ တစ်ခုမှ စိတ်ချမ်းမြေ့ဖွယ် မရှိ ..။

ချစ်ရသူလေးကို .. သူ .. ထာဝရ ဆုံးရှုံးခဲ့ရသည့်နှယ် ..။

ဖေဖေ့အတွက် .. ငွေရှာကောင်းသော သားအဖြစ်လည်း ဆက်လက်ရှင်သန်နေရဦးချေမည် ..။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် .. သြော် .. သူ့အတွက်ကဖြင့် .. တစ်စစီ .. ကွဲလွင့်ကြေပြုန်းနေသည့် နှလုံးသားတစ်စုံသည်သာ .. တစ်ဘဝတာအတွက် .. မပြောင်းလဲဘွာ .. ကျန်ရစ်ခဲ့ .. ငိုကြွေးဘွာ .. ကျန်ရစ်ခဲ့ရချေသည်တကား ..။





ချစ်ရသူကို မေ့မရနိုင်ခြင်းသည်
နှလုံးသား၏ ရှိုးသားမှုတစ်ခုပင် ဖြစ်ပါလေသည် ...။

ချစ်ရသူကို တွေ့လိုပါလျက်
တွေ့ခွင့်မရသောဘဝတွင် ကြေကွဲနေရခြင်းသည်
နှလုံးသား၏ ငိုကြွေးမှုတစ်ခုပင် ဖြစ်ပါချေသည် ...။

ချစ်ရသူထံမှ နားလည်လက်ကမ်းလာမည့် ရက်လေးကို
အစဉ်စောင့်ဆိုင်းနေမိရခြင်းသည်
နှလုံးသား၏ မျှော်လင့်ချက်တစ်ခုပင် ဖြစ်လေသည် ...။
ထိုမျှော်လင့်ချက်ကို အချစ်ဆိုသော အရာကသာလျှင်
နှလုံးသားတွင် အမြဲရှင်သန်ခွင့် ပေးနိုင်စွမ်းပါချေသည်တည့် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ထမင်းချိုင့်လေးတစ်ဖက်၊ ဆိတ်ကျောင်းတုတ်လေး တစ်ဖက်ဖြင့် သွန်းမွေးထုံ မြေနီလမ်းလေးဆီမှ ခပ်ပြေပြေလေး တက်သော တောင်ကမူလေးအတိုင်း ခပ်ဖြည်းဖြည်း တက်လာပါ၏။ မနက်ခင်း၏ နေခြည်ကတော့ဖြင့် လင်းလဲ့လဲ့ဖြာနေသည် ပါပဲ ..။

တောင်ကမူလေး အဆုံးမှာ ကတ္တရာလမ်းလေးကို ရောက်မည် ..။ ကတ္တရာလမ်း နက်မှောင်မှောင်လေးကို ဖြတ်လိုက် တာနှင့် စားကျက်ခင်းကို ရောက်မည်လေ ..။

ဝါးခမောက်လေးကို ပြင်ဆောင်းလိုက်ပြီး သွန်းမွေးထုံ ဆိတ်အုပ်လေးကို လက်ထဲမှ ဆိတ်ကျောင်းတုတ်လေးယမ်း၍ ..

"တက် .. တက် .. ဟေ့ .. နက်ကျော် .. ဘာလို့ ဟိုရှေ့ ဒီရှေ့ လုပ်ချင်နေရတာလဲ .. တုတ်နော် .. တုတ် .. ဒီမှာ တွေ့လား .."

သွန်းမွေးထုံ တုတ်လေးယမ်း၍ နက်ကျော်ကို လှမ်း အော်တော့ နက်ကျော် လှည့်ကြည့်ကာ ခပ်ကုပ်ကုပ်လေး



တောင်ကမူလေးအတိုင်းတက်ပါ၏။ ဆိတ်လေးတွေက သွန်းမွေးထုံ လက်ထဲ ကြီးကြီးလာကြရတာမို့ .. ကိုယ့်နာမည်လည်း ကိုယ်သိနေ ကြသည်ဟုပဲ ပြောရမလို ဖြစ်နေသည်။ နက်ကျော်ဟု အော်လိုက်။ နက်ကျော်ကလည်း သူ့အော်မှန်း သိသည် ..။ နက်ကျော်က ကိုယ်ဟန်ကောင်းကောင်း၊ အမွေးနက်နက်နှင့် အတော်လှသည့် ဆိတ်လေးပါ ..။

ခုမှ အကောင်ကြီးလာလျက် .. စိတ်ကလည်း ခပ်ဆတ်ဆတ်ထဲကပါ ..။ ငယ်သည့် ဆိတ်လေးတွေဆို ဗိုလ်လုပ် ချင်သည်။ ခွေ့ချင်သည်။ ဒါပေမဲ့ သွန်းမွေးထုံ တစ်ချက်လှမ်း ခေါက်လိုက်လျှင်လည်း နာခံငြိမ်ကျသွားတတ်သည်ပါပဲ ..။ ဆိတ် အုပ်လေးက အကောင်သုံးဆယ် ကျော်နေပြီ ..။ သုံးဆယ့်နှစ် ကောင် ..။ အငယ်ဆုံး ဘိုးညို ဆိုတာက ခုမှ တစ်လကျော်ရုံလေး ပဲ ရှိသေးသည်။ ဆိတ်ကလေး သုံးကောင် ထပ်တိုးသည့်အထဲမှာ ဘိုးညိုသည် အငယ်ဆုံးအကောင် ..။ အမေနောက် တကောက် ကောက်လိုက်၍ အကြောက်တတ်ဆုံး အကောင်လေးပါ ..။ ဘိုးညို အထက်က မိဖြူ ဆိုသည့် တစ်ချိန်တည်းမွေး ဆိတ်မလေးကျ တော့လည်း အမလေးမို့လားမသိ ..။ အတော်စွာသည်။ ခုန်ပေါက် မြူးလွန်းသည့် မိဖြူ ..။

ကတ္တရာလမ်းလေးပေါ် ရောက်လိုက်တာနှင့် မိဖြူ သည် စားကျက်ဘက်ကို မသွားဘဲ ကတ္တရာလမ်းအတိုင်း မြောက် ဘက်ကို ခေါင်းတည်၍ တခုန်မြူးမြူးဖြင့် တပဲပဲ အော်ရင်းပြေး တော့ အမေလုပ်သည့် ဆိတ်ဖြူမခမျာ တအဲအဲ အသံပေးရင်း သမီးနောက်ကို လိုက်ရှာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သွန်းမွှေးထုံ ဆိတ်အုပ်ကို စားကျက်ဘက် မောင်းလိုက်ရပြီးမှ ထမင်းချိုင့်လေး လမ်းဘေးမှာချရ ..။ ကသောကမျောလေး မိဖြူနောက် လိုက်ရနှင့်ပါ ..။ လမ်းက ကုန်ကားကြီးတွေ မကြာမကြာ ဖြတ်တတ်သည်မို့ ကားနှင့်တိုးမှာ ကြောက်ရသည်လေ ..။ တောင်ကွေ့လမ်းလေးမို့လည်း တစ်ဖက်ကကားတွေ ဘျိဆိတ်လေး ဖြတ်ပြေးနေတာမျိုးကို ရုတ်တရက်ဆို မြင်နိုင်မှာမဟုတ် ..။

"မိဖြူ .. မိဖြူ .. လာ .. လာ .."

ဟု ခပ်ချော့ချော့လေး ခေါ်နေရပေမယ့် မိဖြူကတော့တ်လည်း ကြောက်ရမှန်းမသိ။ ချော့တာလည်း နားမဝင် ..။ အမေလုပ်သည့် ဆိတ်ဖြူမ လိုက်လာတာကိုလည်း ပြန်မကပ်။ ရှေ့မှာ ဘာရှိမှန်းလဲ သိတာမဟုတ် ..။ အတော်လေး အမြူးလွန်နေလျက် တပဲပဲ အော်ရင်း လမ်းကွေ့လေးနှင့် နီးသည်ထက် နီးနေသည့် နေရာလေးဆီသို့ပင် ရောက်သွားရပါပြီ ..။

"မိဖြူ .."

ချော့မော့ခေါ်လည်း မရသည့်အတူတူ စိတ်ပူစိတ်လေးဖြင့် သွန်းမွှေးထုံ ပြေးလိုက်လာမိရသည်ပါပဲ ..။

"ဟာ .."

ကားတစ်စီး လမ်းကွေ့အတိုင်း ကွေ့ဝင်လာလျက် မိဖြူလေးနှင့် တိုက်မိလိုက်ချေပြီဟု လှမ်းလင့်မြင်မိရင်းမှ မျက်ရည်တွေ ဘယ်လိုက ဘယ်လို ဝိုင်းစုတက်လာကြသည် မသိ ..။ အရှမ်းကို ချစ်ရာကောင်းသည့် မိဖြူလေး ရှိရာသို့ ရင်ဆို့နေလျက် ပြေးမိရပါပြီ ..။



ကားဘရိတ်ဖမ်းဆွဲသံကိုတော့ ကြားခဲ့ရသည်ပါပဲ ..။ ဒါပေမဲ့ .. မိဖြူလေး အဲ့ခနဲ မြေပြင်ပေါ် ပုံကျသွားတာကို မြင်လိုက်ရသည်မို့ မျက်စိတွေ ပြာဝေကုန်ရသည်က သွန်းမွှေးထုံပါ ..။

"သေပါပြီ .. သေပါပြီ .."

ပါးစပ်မှ ချောက်ချောက်ချားချားလေး ပြော်နေမိရင်းမှ မိဖြူလေးကို သနားနေမိရ .. ရင်ထဲမကောင်းလွန်းရနှင့် ပြေးလာသည်က သွန်းမွှေးထုံပါ ..။

ဒါပေမဲ့ သွန်းမွှေးထုံထက် ပို၍မြန်မြန်ဆန်ဆန်ကြီး ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ ကားရှေ့မှာ လဲနေသည့် မိဖြူကို ဖြည်းဖြည်းညင်ညင် ပွေ့ပိုက်လိုက်တာကိုလည်း လှမ်းလင့်မြင်နေရပါ၏။ မိဖြူလေးက ခေါင်းလေး မော့ခနဲဖြင့် ထိုသူ့လက်ထဲမှာ ရှိသွားတာကို မြင်ရတာမို့ ရင်ထဲတစ်ချက်အေးသွားရပါသည့်အဖြစ်။ မိဖြူမသေ ..။ ဟုတ်သည်။ မိဖြူ မသေ ..။ အလွန်ချစ်စရာကောင်းလျက် အလွန်တရာကိုမှ အဆော့သန်သော ဆိတ်ပျော်လေး မသေ ..။ စားကျက်ခင်းမှာ ပြေးဆော့လိုက် ..။ ခုန်ပေါက်လိုက်နှင့် အလွန်ချစ်ရာကောင်းအောင် ပျော်နေတတ်သည့် မိဖြူကို သစ်ရိပ်လေးအောက်မှာ ထိုင်ရင်း သွန်းမွှေးထုံ ချစ်မဆုံးအောင် ကြည့်ကြည့်ခဲ့ရသည် မဟုတ်ပါလား။ မိဖြူလေးသာ ကားတိုက်ခံရပြီး သေများသေသွားလျှင် သွန်းမွှေးထုံ အရမ်းစိတ်ထိခိုက်ရမည်မှာ အမှန်ပါ ..။

"မိဖြူ .. မိဖြူ .. ဘာဖြစ်သွားလဲဟင် .. မွှေးထုံရဲ့ဆိတ်ကလေး ဘာများဖြစ်သွားလဲဟင် .. ခြေထောက်တွေ ကျိုးသွားလား .. ကားနဲ့တိုက်မိသွားလားဟင် .."

www.burmeseclassic.com

www.burmeseclassic.com



မိဖြူလေးဘေးမှာ ဖြုတ်ခနဲလည်း ထိုင်ချ ..။ ခြေထောက်လေးတွေ လက်လေးတွေကိုလည်း ဓာနင့်ကိုင်ကြည့် ..။ ခေါင်းလေး ပွတ်သပ်ကြည့် ..။ မော့ခနဲလည်း အနက်ရောင် အနောက်တိုင်းဝတ်စုံနှင့် ရှိနေသည့် သူ့ကိုလည်းကြည့်နှင့် သွန်းမွေးထုံ ရှိသွားရပါ၏။

“မင်းရဲ့ဆိတ်လေး ဘာမှမဖြစ်ပါဘူးကွ .. သူက သူ့အရှိန်နဲ့သူ ပြေးလာရင်း ကားနဲ့ဖြန်းစားကြီးတိုးတော့ ကလေးပဲကွာ .. ကြောက်ပြီး ကားရှေ့မှာ ခြေမခိုင် လက်မခိုင်နဲ့ လဲတာ .. ကိုယ့်ကားဘရိတ်က အရမ်းကောင်းတယ်လေ .. ဒီချာတိတ်လေးက သူ့အရှိန်နဲ့သူ .. လဲကျ .. ကားရှေ့ ဘန်ဘာကို သူ့ခေါင်းပေါက်စနလေးက အရှိန်မတန့်နိုင်ဘဲ နည်းနည်းတော့ ဆောင့်မိသွားပုံရတယ် .. ကံကောင်းလို့ မသေတာ သိရဲ့လား ..”

ပြောသံက တရင်းတနှီး နိုင်နေသည်။ ဤအသံကို မွေးထုံ သိနေသည်သို့ ခံစားဖြစ်၏။ မိဖြူဓာနင့် သူ့ကို သေချာကြီး မကြည့်မိဘဲရှိရာမှ ခုကျမှ .. အတန်ကြာ မော့ခနဲ ကြည့်မိရပါသည့်အဖြစ်။ မိဖြူကိုလည်း လက်လေးတွေကွေး၍ ခပ်ဖွဖွ ထွေးပိုက်ထားပြီးနေပြီ။

“ကိုယ်က စိတ်ပူနေတာ .. ဆိတ်ဓာကပ်ပြီး အရမ်းပြေးလာတာကို .. မင်း ကိုယ့်ပြေးရှိန်ကို .. ကိုယ်ပြန်မထိန်းနိုင်ဘဲ ဟပ်ထိုးကြီးများ ကတ္တရာလမ်းပေါ် မှောက်ကျသွားမလား ဆိုပြီးတော့ပေါ့ .. နောက်ကို .. အဲသလိုတော့မပြေးသင့်ဘူး မိန်းကလေးရဲ့ ..”



သွန်းမွေးထုံ သူ့ကို အတန်ကြာ စိုက်ကြည့်မိသည်။ ဤအခေါ် ..။ ဟုတ်သည် ..။ ဤအခေါ် ..။ ခေါင်းပေါ်မှ ခပ်ငိုက်ငိုက်ဆောင်းထားသော ဦးထုပ်ကြီးကလည်း မျက်နှာကို အတော်ကြီး ဖုံးထားတာ မှန်ပေမယ့် .. ထိုအခေါ်လေးကို ပြန်၍အမှတ်ရလာ ..။ ရင်ထဲ နာကြည်းခံပြင်းလာရလျက်မှ မိဖြူကို ပိုက်ထားရင်း သွန်းမွေးထုံ ထရပ်လိုက်တော့ သူကလည်း ဘေးမှလိုက်ရပ်သည်။ သွန်းမွေးထုံ နောက်ကြောင်းပြန် လျှောက်တော့လည်း သူက ဘေးမှလိုက်လျှောက်လာသည်။ ဆတ်ခနဲ မော့ကြည့်ကာ သွန်းမွေးထုံ ရပ်လိုက်တော့လည်း သူက ခပ်အေးအေးပုံစံလေးဖြင့် ရပ်လိုက်သည်ပါပဲ ..။ နောက်တော့ ဦးထုပ်ကြီးကို ခေါင်းပေါ်မှ ချွတ်လိုက်ကာ ပြုံး၍ကြည့်လာပါ၏။ မမှားပါ ..။ သွန်းမွေးထုံ မမှားပါ ..။ သူပါတကား ..။

“ကိုကြီး သိထားနှင့်ပါတယ် သွန်းမွေးထုံ .. ကိုကြီးဆိုတာ သိရင် .. မင်း အဲသလိုပဲ ချက်ချင်းထွက်သွားမယ် ဆိုတာလေ .. ကိုကြီး .. ဒီနေ့ပဲ .. မြရိပ်သာကို ပြန်လာတာ .. ခုလို .. တိုက်တိုက်ဆိုင်ဆိုင် သွန်းမွေးထုံနဲ့ အရင်ဆုံးတိုးတဲ့အတွက် .. ကံတရားကို ကျေးဇူးတင်မိတာတော့ အမှန်ပါပဲ .. မင်းကို .. ကိုကြီး .. ဘယ်တုန်းကမှ မမေ့နိုင်ခဲ့ဘူး ဆိုတာကို မင်း မယုံဘူးဆိုတာ သိနေရင်းနဲ့ပဲ .. ကိုယ်ပြောပြနေချင်တယ် .. တကယ်ပါ မွေးထုံ .. မင်းကို .. ကိုကြီး .. ဘယ်တုန်းကမှ မမေ့နိုင်ခဲ့ပါဘူး .. ဖေဖေပြောခဲ့တဲ့ စကားတွေကို .. မင်း ဘယ်တော့မှ မေ့နိုင်မှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သလို .. မင်းကိုလည်း .. ကိုကြီးက ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ဘူး ဆိုတာကို မင်း ယုံပါ .. မင်းက .. နာကြည်းခြင်းတွေနဲ့ မမေ့တာ .. ကိုကြီးက .. ချစ်ခြင်းများနဲ့ မမေ့တာ ..”

သွန်းမွှေးထုံ သူ့ကိုမကြည့် ..။ မကြည့်မိအောင်လည်း ကြိုးစားသည်။ သူ့ကို စကားဟုံ့ပြန်ပြောခြင်းလည်း မရှိ။ မပြောဖြစ်အောင်လည်း ကြိုးစားသည်။ ပြောချင်သည့်စကားတွေကတော့ ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းကြီး ရှိနေသည်ပါပဲ ..။ ဒါပေမဲ့ ပြော၍ မထူးနိုင်သည့် အဖြစ်ကို သိထားသည့်နောက်မှာ .. မပြောဖြစ်အောင် ကြိုးစားယူလိုက်သည်က အကောင်းဆုံး မဟုတ်ပါလားလေ ..။

မိဖြူကို ရင်မှာပိုက်ထားရင်း သွန်းမွှေးထုံ မျက်နှာထားလေး အေးစက်စက်ပုံဖြင့် လျှောက်နေသမျှ ဘုတင်ငုံ့ဖြင့် ဘေးမှကြည့်ရင်း လိုက်လာနေတာကိုတော့ သွန်းမွှေးထုံကလည်း သိနေပုံရသည်။

ဖျတ်ခနဲ တစ်ချက်လှမ်းမော့ကြည့်လိုက်တော့လည်း အရမ်းကို ခါးသီးနေသည့် အမုန်းမျက်ဝန်းများကိုပဲ သူ ရင်ထဲထိ နိုက်ရင်း မြင်နေရပါ၏။

“ကိုကြီး .. ရန်ကုန်မှာ အတော်ကြာအောင် နေခဲ့တာပဲ .. မြို့ပြငြိမ်အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းထဲမှာပဲ နှစ်ထား ခဲ့တာ ငါးလရှိပြီ .. ခု .. ကိုကြီး ပြန်လာတာက .. မေမေ ကင်ဆာနဲ့ ပြီးခဲ့တဲ့လက .. ဆုံးသွားလို့ပဲ ..”



အရမ်းကို နှုတ်ပိတ်ကျနေရင်းဖြင့် ခြေလှမ်းကျဲလေးဖြင့် လျှောက်နေသည့် သွန်းမွှေးထုံ တစ်ချက်မျှ ခြေလှမ်းလေးတွေ တန့်ခနဲဖြစ်မယောင်ရှိ၏။ ငိုင်ခနဲ တစ်ချက်ဖြစ်၏။ နောက် သူ့ကို မော့ခနဲတစ်ချက် ကြည့်လာသည်။ မျက်နှာထက်တွင် လူတစ်ယောက် သေဆုံးခြင်း အကြောင်းကို ကြားသိလိုက်ရသည့်အတွက် .. စိတ်မကောင်းခြင်း၏ အရိပ်အငွေ့များ ဖြတ်သန်းသွားကြတာကို သူ မြင်ဖြစ်အောင် မြင်လိုက်ရသည်ပါပဲ ..။ ဘာပဲဖြစ်ဖြစ် .. မေမေ ဆုံးပါးခဲ့သည့် သတင်းကြောင့် သွန်းမွှေးထုံ စိတ်မကောင်း ဖြစ်ပေးသည့်အတွက်တော့ သူ ကျေးဇူးတင်ပါသည်။ ဟုတ်သည် ..။ သွန်းမွှေးထုံကို ကျေးဇူးတင်ရပါသည်။ တကယ်မှာ .. သွန်းမွှေးထုံ၏ နှလုံးအိမ် နုနုစင်စင်လေးကို အရမ်းထိခိုက်ကျင်သွားစေသည့် စကားလုံး ပြင်းပြင်းထန်ထန်များဖြင့် .. ပြောခဲ့ဖူးသည် .. တစ်ချိန်က .. မွှေးထုံလေးကို ပြောဆိုရက်ခဲ့သည် မဟုတ်ပါလား ..။

“ကျွန်မ စိတ်မကောင်းပါဘူး ..”

သွန်းမွှေးထုံ ခပ်တိုးတိုး တစ်ချက်ပြောလာသည်။ ပြီးတော့ .. ကိုယ်လေးကို ပြန်မတ်လိုက်ကာ မိဖြူကို ခေါင်း သပ်ပွတ်ပေးသည်။

“ကျွန်မတစ်ခုတော့ တောင်းပန်ချင်ပါတယ် .. ရှင် .. ကျွန်မနဲ့တူတူ .. ဒီလောက်ထိ ဘေးကလိုက်လာတာကို .. ရပ်ထားလိုက်ရင် ပိုကောင်းမယ်လို့ ထင်ပါတယ် .. ဘာပဲ ဖြစ်ဖြစ်ပေါ့ရှင် .. သေဆုံးကွယ်လွန်သွားပြီ ဖြစ်ပေမဲ့ မကွယ်လွန်ခင်မှာ .. သူ လက်ခံနိုင်တဲ့ ဆန္ဒကို အတိအလင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့တဲ့ ရှင့်အမေရဲ့ စကားလုံးတွေဟာ .. ခုထိ ကျွန်မ ရင်ထဲမှာ တည်မြဲနေဆဲပါ .. သူ မရှိတော့ပေမယ့် .. သူ့ စကားတွေက ကျန်နေခဲ့ဆဲပါ .. ရှင် .. ကျွန်မကို .. မမေ့ နိုင်ဘဲ ရှိချင်ရှိနေမယ် .. ဒါပေမဲ့ .. ကျွန်မကို မမေ့နိုင်တဲ့ ရှင့်ကို .. ကျွန်မ ထပ်မတွေ့ချင်တာကတော့ အမှန်ပါပဲ .. ရှင် .. နေရစ်ခဲ့ပါတော့ .."

ဟု သွန်းမွေးထုံ ပြောလည်းပြော ..။ တစ်ချက်လေးသော်မှ ထပ်မော့ကြည့်မလာတော့ဘဲ ခြေလှမ်းကျဲလေးနှင့် ဆက်လျှောက်သွားတော့ သူ နေရာမှာ ရပ်၍ကျန်ခဲ့ပါ၏။ ရင်ထဲမှာ ဟာနေသည်။ ကြေကွဲနေတာပဲ ရှိသည်။ ဆိတ်ကျောင်းတုတ်လေးနှင့် ထမင်းချိုင့်လေးကို လမ်းဘေးမြက်ရိုင်းပင်များထက်ဆီမှ ယူလိုက်ကာ မနက်နေရောင်အောက်မှာ ဆိတ်အုပ်ရှိနေရာ စားကျက်ခင်းဆီသို့ လွယ်အိတ်လေး စလွယ်သိုင်းလွယ်ထားလျက်ဖြင့် သွားနေပြီ ဖြစ်ပါသည့် သွန်းမွေးထုံကို သူ နေရာမှမရွေ့ ရပ်နေရင်းဖြင့် ငေးကြည့်ကျန်ရစ်ခဲ့ရပါ၏။ အထိခိုက်ကြီး ထိခိုက်ရသည့် ရင်၏ နာကျင်ကြေကွဲမှုသည် အဘယ်မျှထိ နှလုံးအိမ်ကို နက်ရှိုင်းစွာ ထိုးနက်နေနိုင်စွမ်းသည် ဆိုတာ မိမိဘာသာပဲ သိရချေသည် ကော သွန်းမွေးထုံ .. ဟု သူလိုက်၍ ခနယယ ပြောပြနေချင်သည်။

ဒါပေမဲ့ .. သူ နေရာမှာပဲ ငြိမ်သက်လွန်းစွာဖြင့် ကျန်ရစ်နေရဆဲ ..။

မြင်ကွင်းကို သူ ပျောက်ဆုံးသွားမှာ စိုးနေစိတ် တစ်ခုသည်လည်း ရင်ထဲမှာ ရှိနေပြန်ပါသည့် အဖြစ် ..။ စိမ်းမြ ကျယ်ပြန့်သော စားကျက်ခင်းမှာ ဆိတ်အုပ်လေး၏နောက်ပါးဆီ



မှ တုတ်လေးယမ်း၍ ယမ်း၍ ခြောက်ရင်း ထိန်းရင်းဖြင့် သူနှင့် ဝေးသည်ထက် ဝေးရာဘက်သို့ လျှောက်သွားနေပြီ ဖြစ်ပါသည့် သွန်းမွေးထုံ၏ ပုံရိပ်လေးကို .. သူ .. ငေးမဝနိုင်စွာဖြင့် တငေး စိုက်စိုက်ကြီး ကြည့်နေမိရဆဲ ..။

စားကျက်ခင်းကြီးကလည်း စိမ်းမြမြဖြင့် ကျယ်ပြန့် နေလျက် ..။ သူ၏ ရင်တွင်းမေလေးသည်လည်း .. ထိုစိမ်းမြမြ မြက်ခင်းကြီး၏ အလယ်လောက်ဆီမှာ အရောင်စုံသော ဆိတ်အုတ် လေး၏ နောက်ပါးဆီမှ လျှောက်သွားနေပါသည့် မြင်ကွင်းသည် အလွန်တရာကိုမှ လှပသော ပန်းချီကားတစ်ချပ် ဆန်နေသည်။ လှပသော ရွှေရောင်ဘောင်ဖြင့် ကွပ်ထားသော ပန်းချီကားတစ် ချပ်မဟုတ် ..။

ပန်းချီဆွဲဖျဉ်ထက်မှာ ရေးဆွဲထားသော ပန်းချီကား တစ်ချပ်လည်း မဟုတ် ..။ သူ၏နှလုံးသားပြင်ထက်မှာ ချစ်ခြင်း များဖြင့် ဘောင်ခတ်ကာ မြတ်နိုးခြင်းဖြင့် ရင်ကိုနှစ်၍ ရေးဆွဲ ထားအပ်ပါသော ပန်းချီကားတစ်ချပ်ပါတည့် ..။

သူ .. အဘယ်မျှထိ .. ဤမိန်းကလေးကို .. အလွမ်း ကြီး လွမ်းနေခဲ့ရဖူးပါသလဲ ..။

ဤမိန်းကလေး၏ သတင်းများကို .. သူ၏ .. ဘဏ္ဍာစိုးကြီးလည်းဖြစ် .. ဂိုးလ်ဒင်းဝေါလ်စက်ရုံမန်နေဂျာအဖြစ် လည်း ရှိရပါလေသော ဘဘဦးမင်းဖေ ထံမှတစ်ဆင့် .. အမြဲသိရ အောင် .. သူ အစဉ်တစိုက် ရှိခဲ့ရလျက် .. ချစ်ရသူလေး၏ သတင်းများကို အဘယ်မျှထိ .. ငတ်မွတ်တမ်းတစွာ .. တကြိတ် နိုးနိုးဖြင့် သူ စောင့်ဆိုင်းနားထောင်ခဲ့ရဖူးပါသလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



သူသည် .. သွန်းမွှေးထုံ .. ဆိုသည့် .. မိန်းကလေး မှလွဲ၍ .. သူ့ညာဖ်ခုံးတွင် .. အဘယ်မိန်းကလေးကိုမျှ .. မှီခိုနားခွင့် မပေးနိုင်စွမ်းသည့်နှယ် ..။

သွန်းမွှေးထုံသည်လည်း .. သူ့ညာလက်ရုံးတွင် .. ခေါင်းလေးမှေးမှီရမည့် မိန်းကလေးသာ ဖြစ်ကို ဖြစ်ရချေမည်ဟု သူ .. အမြဲ ခေါင်းမာစွာ .. ဖေဖေ့ဆန္ဒကို ဆန့်ကျင်ရင်း ရပ်တည်ခဲ့ရလေသမျှကို .. သွန်းမွှေးထုံ သိနိုင်ချေမည် မဟုတ် ..။

သွန်းမွှေးထုံမှာ စွဲမြဲလွန်းစွာ ရှိနေမည်က .. နာကြည်းခြင်း ..။

ဟုတ်သည် ..။

နာကြည်းခြင်းများသာတကား ..။

ရုတ်ခြည်းပင် .. ရင်သည် .. တင်းကျပ်သော ဆုပ်ချေလိုက်မှုကြီးကို .. နာကျင်စွာ ခံစားနေလိုက်ရသည်သို့ရှိ၏။

အလွန်တရာကိုမှ .. ချစ်မြတ်နိုးတတ်သူ တစ်ဦးသည် .. သူ့ကို .. အလွန်တရာကိုမှ နာကြည်းနေမည့် ချစ်ရသူမိန်းကလေးတစ်ယောက်ကို မြင်တွေ့ရချိန်များမှာ .. ဆောက်တည်ရာမဲ့မျှ ငိုကြွေးနေမည့် ကိုယ့်နှလုံးသားကို .. အဘယ်မျှထိ ခက်ခဲစွာ ထိန်းသိမ်းနေရကာတ်သည် ဆိုတာကိုလည်း .. သူ .. ပို၍ .. ပို၍ .. နားလည်လာရစဉ်ခိုက် .. ကြေကွဲမှုနှင့်အတူ .. ငြိမ်သက်စွာ ရပ်နေရာမှ ချာခနဲ ပြန်လှည့်၍ ကားဆီသို့ လျှောက်လာနေမိရပါပြီ ..။

မပြောင်းလဲ ..။ ဟုတ်သည် ..။ မပြောင်းလဲ ..။ သူ .. သွန်းမွှေးထုံကို .. မြင်မြင်ချင်း ချစ်ခဲ့ရစဉ်က ဖြစ်တည်ခဲ့



ရပါသော ချစ်ခြင်းများ .. မြတ်နိုးခြင်းများသည် .. သွန်းမွှေးထုံနှင့် ဝေးနေရစဉ်တုန်းကလည်း မပြောင်းလဲနိုင်စွမ်းခဲ့ ..။

ယခု .. ယခုလည်း .. မပြောင်းလဲနိုင်စွမ်းခဲ့ပါ .. ချစ်သော မွှေးထုံငယ် ..။

❦ ✱ ❦

www.burmeseclassic.com



## အခန်း(၁၂)

သူ ငြိမ်သက်စွာ ရပ်လျက် လှမ်းလင့်မြင်နေရပါသည့် သစ်တောပင်တန်းများ ..။ စိုက်ခင်းဘောင်တန်းများ ..။ အားလုံးကို ဖျော့တော့နေသည့် မျက်ဝန်းများဖြင့် ငေးကြည့်နေမိရပါ၏။ ရင်ထဲမှာ ကြေကွဲဆို့နင့်နေသည်။ ဖေဖေ့ ချက်နှာကို ဘယ်လိုမှ ဖျောက်၍ မရနိုင် ..။ ဝေဒနာ သည်းနေသည့်ကြားမှ သား၏လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ရင်း နောင်တမျက်ဝန်းများဖြင့် ကြည့်ခဲ့ပါလေသော ဖေဖေ့ မျက်ဝန်းများကို သူ့တစ်သက် ဘယ်သောအခါတွင်မှ မေ့ရက်နိုင်စွမ်းတော့မှာ မဟုတ် ..။

ဖေဖေ့ရင်ထဲမှာ ဖြစ်တည်သည့် နောင်တသည် ဝေဒနာပြင်းပြင်း ခံစားနေရသည့် ဒုက္ခထက် ပိုကြီးနေတာကို သူ မြင်ခဲ့ရလေလေ .. ရင်ထဲမှာ ပို၍ထိခိုက်ခဲ့ရလေပါ ..။

သူကိုယ်တိုင်သည်လည်း .. တစ်ချိန်က .. မြရိပ်သာမှာ ဖေဖေ့ကို ပြောခဲ့မိသည့် စကားများကြောင့် .. ကြေကွဲနောင်တများက ရင်နှင့်မဆန့်အောင် ခံစားနေခဲ့ရချေသည် တကား ..။



သားကိုချစ်သည့် မေတ္တာတစ်ခုဖြင့် ဖေဖေ လုပ်ခဲ့မိသည့် အဖြစ်တစ်ခုသည် .. ငွေကြေးမာနဂုဏ်ကို အခြေခံ၍ ဖြစ်တည်ခဲ့ရချေသည်မို့ ..။ အကျိုးဆက်အဖြစ် .. ဖေဖေ့ ရင်မှာလည်း နောင်တဖြစ်ခဲ့ရလျက် ..။ ဖေဖေ့ကို .. ကြေကွဲကြေပြုန်းနေသည့် ရင်ဖြင့် ပြောခဲ့မိပါသည့် စကားများကြောင့် .. သူ့ရင်သည်လည်း .. ငြိမ်းအေးနိုင်တော့သည့် မီးကို တမြည့်မြည့်မျှ ခံစားရစေမည့် နောင်တကို ဖြစ်တည်စေခဲ့သည်တကား။

ဖေဖေ့ကို ပြောမိခဲ့လေခြင်း .. ဟူသော နောင်တသည် .. ဖေဖေ ဝေဒနာသည်းချိန်များမှာ .. ပို၍ ပို၍ .. ရင်ကို ဆောက်တည်ရာမဲ့အောင် နှိပ်စက်ခဲ့ကြချေသည်ပဲ။

သူ .. နောက်ကို လှည့်မကြည့်ဖြစ်သေး ..။

ဘဘကြီး လက်ထဲမှာ ဖေဖေ့ လက်မှတ်ရေးထိုးထားသောစာတစ်စောင်က ရှိနေပြီ။

ထိုစာကို .. ဘဘကြီးသည်လည်း တိတ်ဆိတ်လွန်းစွာ ဖတ်နေပါချေလိမ့်မည် ..။

ဘဘကြီး၏ ရင်ထဲမှာလည်း ကောင်းနိုင်တော့မှာ မဟုတ်ဆိုတာ သူ သိနေနှင့်ပါ၏။

သေအံ့ဆဲဆဲ လူသားတစ်ယောက်၏ လက်မှတ်ရေးထိုးထားပါလေသော တောင်းပန်စာတစ်စောင်သည် .. ကျန်ရစ်ခဲ့သူ သက်ရှိလူသားတစ်ယောက်၏ နှလုံးအိမ်ဆီသို့ ခွင့်လွှတ်ခြင်းဟူသည့် အရာကို မလွဲမသွေ ဖြစ်တည်စေနိုင်ပါချေလိမ့်မည်ဟု ဆည်း သူ ယုံကြည်ထားမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း ရွှေမြသိန်း ..

ဒီစာကို မင်း ဖတ်နေရတဲ့ အချိန်မှာ .. ငါဟာ .. မင်းကို .. ဘယ်သောအခါမှာမှ .. စော်ကားမော်ကားလာ ပြောနိုင်တော့မယ့် ထင်မိုင် အဖြစ် ရှိလာနိုင်တော့မှာလည်း မဟုတ်တော့သလို ..။ မင်းအပေါ် ပြောမိဆိုမိခဲ့လေသမျှ .. တောင်းပန်ရမှာ မရဲတော့လောက်အောင် နောင်တတွေဖြစ် တည်ခံစားရင်း သေဆုံးပြီးသွားသူ တစ်ယောက်အဖြစ်ဲ ရှိနေတော့မှာပါကွာ ..။

တကယ်တော့ .. မင်းနဲ့ငါဟာ မိုင်းဆွတ်ရွာလေး တစ်ရွာမှာ တူတူကြီးပြင်းလာခဲ့ကြသူတွေပါ ..။ ကျောင်း တူတူသွား ..။ တွေ့တာကစားနဲ့ သူ့အိမ်ငါစား .. ငါ့အိမ်သူ စား ဆိုသလို .. တစ်အိမ်ရဲ့ ထမင်းအိုး ဟင်းအိုးကို တစ် အိမ်ကိုဝင်ပြီး စားချင်တဲ့အခါ ဝင်စားနိုင်ကြလောက်အောင် ရင်းနှီးခဲ့ကြသူတွေပါ ..။ မင်းညီမလေး မိမွှဆိုလည်း ခမ်းမှုံလို့တောင် ငါ မခေါ်ဘဲ .. မိမွှ .. မိဖုံ ဆိုပြီး နောက် နေတဲ့အထိ မောင်နှမရင်းချာလို့ ရှိခဲ့ကြသူတွေပါ ..။

ငါ .. ဆယ်တန်းအောင်ခဲ့ပေမဲ့ .. မင်းက .. ရှစ်တန်း ကျောင်းသားဘဝတည်းက ကျောင်းထွက်ခဲ့ရ ..။ မိဘမဲ့ဖြစ် နေတဲ့ ညီမလေးနဲ့ သစ်တောခြံမှာ လုပ်ကိုင်ရန် ပညာတစ် ပိုင်းတစ်စ ရှိခဲ့တာပါ ..။ ငါကတော့ .. တက္ကသိုလ်မှာဆုံ ရတဲ့ လှချမ်းသာမိန်းကလေး လှိုင် .. နဲ့ .. ချစ်သူဖြစ် .. အိမ်ထောင်ကျနဲ့ လှချမ်းသာဘဝကို ရောက်ခဲ့ရတယ်ဆို တာ မင်း သိပြီးသားကိစ္စတွေပါကွာ။ တစ်ဦးတည်းသော



သူဌေးသမီးလေး လှိုင်နဲ့ ငါ အိမ်ထောင်ကျလိုက်တဲ့အတွက် ငါဟာ .. အလွန်ချမ်းသာတဲ့ ထင်မိုင် ဖြစ်ခဲ့ရတယ် ..။ ရန်ကုန်မှာ မြရိပ်သာဆိုတဲ့ အိမ်ကြီးတစ်လုံးတည်ရာ ခြံဝင်း ကျယ်ကြီးရဲ့ အရှင်သခင် ဖြစ်ခဲ့ရတယ် ..။ မြရိပ်ငြိမ် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကြီးရဲ့ ပိုင်ရှင် .. လုပ်ငန်း ရှင်ကြီး ဖြစ်ခဲ့ရတယ် ..။ ငါဟာ .. မိုင်းဆွတ်ရွာက ဘဝ ကို ကောင်းကောင်းမေ့နေတဲ့ ထင်မိုင် ဖြစ်နေခဲ့တယ် ရွှေ မြသိန်း ..။

ပိုက်ဆံဆိုတာ .. အလွန်တရာကိုမှ .. လူ့စိတ်ကို ပြောင်းလဲလိုက်စေနိုင်တယ်ဆိုတာ .. ငါ .. ခုလို နောင်တ ရချိန်မှာ သိလာရလေလေ .. မင်းကို ငါ .. အရှက်နေ ရလေလေပါကွာ ..။

ခင်လှိုင် ဆုံးတော့ .. ငါ .. အတော်ခံစားရတယ် ရွှေမြသိန်း ..။ ဒါပေမဲ့ .. ငါ .. ငယ်တုန်းကတည်းက .. စိတ်ကူးယဉ်ခဲ့ဖူးတဲ့ .. စည်သွပ်ဘူးစက်ရုံကြီး တစ်ခုကို .. မိုင်းဆွတ်ရွာမှာတည်ဖို့ အောတစ်ခုကတော့ ရင်ထဲမှာရှိနေ ဆဲပါပဲ ..။ ခင်လှိုင် မရှိတော့တဲ့နောက်မှာ .. ငါ .. စီးပွား ရေးထဲကို ပိုပြီးဖောက်ချလုပ်ချင်လာတယ်။ ငါ့သားနဲ့အတူ ငါဟာ ချမ်းချမ်းသာသာ နေမယ် ..။ ငါ့သားကိုလည်း အလွန်တရာကိုမှ ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်နဲ့ ပေးစားမယ်။ ငါတို့သားအဖရဲ့ ကြွယ်ဝချမ်းသာမှုဟာ .. မိုင်းဆွတ်ရွာသားလေး ထင်မိုင် ဘဝနဲ့ တခြားစီပဲ ဖြစ်နေ ရမယ်လို့ ငါ ဆုံးဖြတ်ထားတာ ..။

www.burmeseclassic.com

www.burmeseclassic.com



ငါ့သားကို .. ချမ်းသာစေချင်တာလည်း ပါတယ် ..။ ထင်နိုင်ရဲ့သားဟာ အလွန်ချမ်းသာပြီး ပညာတတ်ဘွဲ့ရ.. အလွန်ချောမောလှပတဲ့ မိန်းကလေးနဲ့ အိမ်ထောင်ဖက်ရတယ်ဆိုတဲ့ ဂုဏ်ကိုလည်း ငါလိုချင်တယ်လေ။ ငါ့သားအပေါ်မှာ အဖေတစ်ယောက်အနေနဲ့ ချစ်တဲ့အချစ်ဟာ ဖြူစင်ပါတယ် ..။ ဒါပေမဲ့ အဲဒီဖြူစင်မှုထဲမှာ .. ငါ့အတ္တတွေပါတဲ့ ချမ်းသာဂုဏ်ကို ရှေ့တန်းတင်ခြင်းဆိုတဲ့ အမည်းစက်တစ်ခု စွန်းထင်းသွားခဲ့တာမို့ ..။ ငါဟာ .. အခု .. နောင်တ,တရားတွေနဲ့ ကြေကွဲနေရတဲ့ ဝေဒနာသည်ကြီးအဖြစ် ရှိနေရပါပြီ ရွှေမြသိန်းရယ် ..။

ငါဟာ .. ဘယ်အထိ .. မိုက်မဲခဲ့သလဲဆိုရင် .. ငါ့သူငယ်ချင်း .. ဖြစ်တဲ့ မင်းကို .. ချမ်းသာအားကိုးနဲ့အနိုင်ယူ စော်ကားမိခဲ့ပြီးပြီ ..။ ခမ်းမှုရဲ့သမီးလေးကို မတူမတန် ချိုးချိုးနှိမ်နှိမ် ပြောခဲ့မိပြီးပြီ။ ငါဟာ .. ငါရေတွက်နေတဲ့ ငွေကြေးအားကိုးနဲ့ .. သူတစ်ပါးရဲ့ မေတ္တာကို စော်ကားခဲ့မိပြီးပြီ။ ငါ့စက်ရုံကြီး တည်နိုင်ဖို့ မျှော်လင့်ချက်ကင်းကင်းနဲ့ စေတနာသန့်သန့်နဲ့ မင်းကူခဲ့တာတွေ အားလုံးကို ငါ့သားကို .. လူချမ်းသာသမီးနဲ့မှ ပေးစားချင်တဲ့ အတ္တဓောတစ်ခုတည်းနဲ့ ချေဖျက်ပစ်ရက်နိုင်ခဲ့တယ် ..။ စော်ကားပြောဆိုနိုင်ခဲ့တယ် ..။ ငွေကြေးနဲ့ ရင်းပြီး .. မင်းကို အိမ်သစ်ဆောက်ပေးတယ်။ အိမ်ဟောင်းကို ဖျက်ပစ်ခဲ့တယ် ..။ ငါဆောက်ပေးတဲ့အိမ်မှာ မနေမဖြစ်အောင် .. နေကိုနေ ဖြစ်အောင် .. အဲသလောက်ကို လုပ်ခဲ့တယ် ..။



ငါဝယ်ထည့်လိုက်တဲ့ အိမ်ထောင်ပရိဘောဂတွေကို လက်ညှိုးထိုးပြပြီး .. မင်း အိပ်မက်တောင် မမက်နိုင်တဲ့ ပစ္စည်းတွေလို့ .. ခပ်မော့မော့ ပြောပစ်ခဲ့တယ် ..။ မင်း .. ဘယ်လောက်ထိ ခံစားရမယ် ဆိုတာကို ငါမေ့ထားခဲ့ဖူးတယ် သူငယ်ချင်း ..။ ငါဟာ .. ငါ့သားကိုချစ်တဲ့ဓော .. အတ္တဓောတွေနဲ့ ပိတ်ပိတ်ဖုံးနေခဲ့တဲ့ သူတစ်ယောက် ဖြစ်ခဲ့ပါတယ် ..။

မင်း .. ငါ့ကို ပြောခဲ့တယ်နော် ..။ ကျေးဇူးတရားဆိုတာ စော်ကားမှုတစ်ခုရဲ့ နောက်မှာ ဘယ်တော့မှ မရပ်တည်ဘူး ဆိုတာလေ ..။ ငါ .. မင်းကို စော်ကားမော်ကားပြောမိခဲ့တဲ့ အဲဒီနေ့ရဲ့ နောက်တစ်နေ့မှာပဲ .. ငါ .. အရှုံးတစ်ပိုင်း ခံစားရစေလောက်အောင် အရှုံးကြီး ရှုံးခဲ့ရသူတစ်ယောက် ဖြစ်သွားခဲ့ရတယ် သူငယ်ချင်း ..။

ငါ့သားကို ငါ ဆုံးရှုံးလိုက်ရတယ်လေ ..။ ငါအလွန်ချစ်တဲ့ သား ..။ ငါ့ဘဝတစ်ခုလုံးဟာ .. သားအတွက် အသက်ရှင်နေခြင်းပဲလို့ မှတ်ယူပုံချစ်ရတဲ့သားဟာ .. ငါ့ကို .. အဲဒီနေ့မှာ .. ပြောသွားခဲ့တယ် ..။ မင်းနဲ့ .. မွေးထုံတို့ကို သွားတွေ့ပြီး ပြန်လာတဲ့ အချိန်မှာပေါ့ ..။

သားက ပြောတယ် ..။ ငါ့အထင်ကြီးတဲ့ငွေကို .. သူ့ သားတစ်ယောက်အဖြစ် ရှာပေးမယ်တဲ့ .. ကွာ ..။ ရှာပေးမယ်တဲ့ ..။ ဒါပေမဲ့ .. အရင်တုန်းကလို .. သူဟာ ငါ့ရင်ခွင်မှာ ချွဲနွဲ့ပျော်ရွှင်နေတဲ့ သားတစ်ယောက်အဖြစ် ဘယ်တော့မှ မနေတော့ဘူးတဲ့ကွာ ..။ ငါ .. ငါ .. အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



မှာ ချောက်ချားရတော့တာပဲ ..။ ငါ့သား အသည်းကွဲနေတာကို ငါ ထည့်မတွေးခဲ့ဘူး ..။ ဒါပေမဲ့ .. သူ ချမ်းသာဖို့သာ ငါရွေးချယ်ဆုံးဖြတ်ရင်း .. မွေးထုံနဲ့ ခွဲခဲ့ခြင်းဟာ .. ငါ မှန်တယ်လို့ ထင်မှတ်ဂုဏ်မောက်နေချိန်မှာ ..။ ကြေကွဲနေတဲ့ ငါ့သားက .. အဲသလိုလည်း ပြောလိုက်ရော.. ချမ်းသာ ဂုဏ်တွေနဲ့ တလူလူတက်ရင်း မော့နေတဲ့ ငါ့ခေါင်းဟာ .. ငိုက်စိုက်ကျရတော့တာပါပဲ ..။ ငါနဲ့ စစ်တုရင် တူတူထိုးရင်း ငြင်းခုန်တတ်တဲ့သား ..။ တစ်ခါ တစ်ခါမှာ သားအဖနှစ်ယောက် ခုတင်ထက်မှာ တူတူထိုင်ရင်း .. ငါကချစ်ဇနီးနဲ့ သူ့ကို လုံးထွေးတဲ့အခါတွေမှာ သားအဖနှစ်ယောက် .. ကလေးတွေလို တရယ်မောမောနဲ့ လုံးထွေးပျော်ခဲ့ကြရတဲ့သား ..။ ငါ့ဆီမှာ .. ကလေးလိုမဲ .. ချွဲနွဲ့ပြီး .. ဘာဝယ်ပေးပါ .. ဟိုဟာဝယ်ပေးပါနဲ့ တောင်းတတ်တဲ့သား ..။ ငါ့ရင်ခွင်မှာ ခေါင်းခွေ့ပြီး .. ငါ့အင်္ကျီအိတ်ကပ်ထဲက ပိုက်ဆံကို မုန့်ဖိုးဆိုပြီး လုတတ်တဲ့သား .. အဲဒီသားဟာ .. အဲဒီအချိန်မှာ .. ငါ့ရင်ခွင်ထဲက လုံးဝပျောက်ဆုံးလွင့်ပါးသွားခဲ့တယ် ရွှေမြသိန်း ..။ ထွက်ခွာသွားခဲ့တယ် ..။ ငါရလိုက်တဲ့သားဟာ .. ကြေကွဲလောင်မြိုက်နေရင်း .. ချစ်ရသူကို ဆုံးရှုံးတဲ့ဒဏ်ကို ခံစားနေရင်းနဲ့ .. ငါ့အတွက် ပိုက်ဆံတွေ သိမ်းကျုံးရှာပေးမယ့် သားအဖြစ်ပဲ ရှိနေတော့တယ် ..။

ငါ .. အဲဒီမှာ ချောက်ချားတာပဲ ..။ မျက်ရည်တွေ အလူးလူးနဲ့ ငါ့သားဟာ .. အဲဒီနေ့က .. မိုင်းဆွတ်ရွာက မြရိပ်သာအိမ်ကြီးပေါ်ကနေပြီး ထွက်ခွာသွားခြင်းဟာ ..



ငါ့ရင်ခွင်ထဲက အပြီးအပိုင် ထွက်ခွာသွားခြင်းလို့ပဲ ငါနားလည်လိုက်ရချိန်မှာ ငါ ရှုံးမတတ် ချောက်ချားတုန်လှုပ်နေရင်း ကျန်ခဲ့ရတာပါပဲ ..။ ငါဟာ .. ပိုက်ဆံရှာတဲ့ စက်ရုပ်တစ်ရုပ်ကို သားအဖြစ် ပိုင်ဆိုင်ရတော့မှာပါလားလို့ သိနေရလေလေ ..။ ဆောက်တည်ရာမရ ဖြစ်ရလေလေပါ ..။ ငါ .. ရန်ကုန်အထိ .. သားဆောနဲ့ လိုက်သွားခဲ့တယ်။ ငါ ငါ့သားကို အဆုံးရှုံးမခံနိုင်ဘူး သူငယ်ချင်း ..။ ငါအရင် ပိုင်ဆိုင်ခဲ့တဲ့ သားကိုပဲ .. ငါ .. ရချင်တယ် ..။ သူချစ်မြတ်နိုးတဲ့ မိန်းကလေးကိုလည်း ငါ လက်ဆက်ပေးမယ် ..။ သူ စိတ်ချမ်းသာစေမယ်ဆိုရင် ဘာမဆို လုပ်ပေးမယ် ..။ အဲသလို .. ဆုံးဖြတ်ချက်တွေနဲ့ .. ငါ .. သားရှိရာကို လိုက်သွားခဲ့တယ် ..။ မင်းဆီကို .. ငါ .. တောင်းပန်ဖို့ခိုတာ .. သတ္တိမကျန်တော့အောင် ရှက်နေတာမို့ .. ရန်ကုန်ကနေပြီးမှ .. သားကို ခေါ်ပြန်လာပြီးမှ .. သားကတစ်ဆင့် အရင်စကားသွင်းခိုင်း ..။ ပြီးမှ .. ငါ .. ကိုယ်တိုင် .. မင်းကို .. မင်းရှေ့မှာ ဒူးထောက်တောင်းပန်မယ်လို့ ဆုံးဖြတ်ခဲ့တာပါ ..။ ယုံပါ ရွှေမြသိန်းရာ ..။ သေရတော့မယ့်သူ တစ်ယောက်ရဲ့ .. စကားပေမဲ့ .. မညာဘူးဆိုတာကိုတော့ ယုံကြည်ပေးပါကွာ ..။ ငါဟာ .. ညာတဲ့စကားတွေကို ပြောဆိုရမယ့်သူ တစ်ယောက် မဟုတ်တော့ဘူး သူငယ်ချင်း ..။ သေရတော့မှာ သိနေတဲ့သူ တစ်ယောက်ဟာ ကြီးသားခြင်းဆိုတဲ့ အရာကိုပဲ ရင်ထဲမှာ ထည့်သွင်းထားစရာ ရှိတော့တယ်လေ ..။

www.burmeseclassic.com



ကားကို ကိုယ်တိုင်မောင်းပြီး ငါဟာ သားဇော်နဲ့ ရန်ကုန်ထိ လိုက်သွားခဲ့တယ် ..။ ရန်ကုန်ကို ငါရောက်တော့ .. သားက အိမ်မှာရှိမနေဘူး ..။ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းမှာပဲ .. ဟိုမှာအိပ် .. ဟိုမှာစားနဲ့ လုပ်နေပြီ ..။ အိမ်ဖော် မနက ပြောပြတော့ ငါ ရင်ထဲမောသွားတာပါပဲ ..။ ဆိုဖာပေါ်မှာ လှဲအချ ..။ ငါ့ခါးတွေ .. မခံသာအောင် နာလာတယ် ..။ ကျောတွေ အောင့်တက်လာတယ် ..။ ကိုယ်အောက်ပိုင်းက ရုတ်ခြည်း လှုပ်လို့မရအောင်လောက်အောင် တုံ့ကျင်လာကြတယ် ..။ အစားမစား မအိပ်မနေ တောက်လျှောက် ထိထိခိုက်ခိုက် ခံစားနေတဲ့ ဇော်နဲ့ ကားမောင်းခဲ့တဲ့ ပင်ပန်းရှိန်ကြောင့် ထင်ပါရဲ့လို့ မှတ်ယူခဲ့ပေမဲ့ ..။

ဖုန်းဆက်ပြီး ဒေါက်တာကိုပင့် ..။ ပြသတော့ .. ဒေါက်တာကောင်းရှိန်က .. ငါ့ကို .. ဆေးထိုးပေး .. အနားယူစေတယ် ..။ သားရှိတဲ့ အလုပ်နေရာကို ဖုန်းဆက်တော့ .. ဘက်ကို မနက်ကပဲ ထွက်သွားတယ်လို့ ပြောတာနဲ့ .. ငါ .. သားကို မတွေ့ခဲ့ရပြန်ဘူး ..။ တောင်ကြီးမှာ .. ဟိုတယ်တစ်ခုဆောက်မယ့် ကိစ္စရှိတော့ .. အဲဒီသွားတယ်လို့ သိရတယ် ..။ ငါဟာ .. သားပြန်မရောက်လာသေးခင် ရက်များမှာပဲ .. ဒေါက်တာကောင်းရှိန်ရဲ့ စီစဉ်ပေးမှုအတိုင်း အားလုံးစမ်းသပ် .. ဓာတ်မှန်ရိုက် .. စစ်ဆေးပြီးတဲ့နောက်မှာ .. အဖြေတစ်ခုကို .. ရခဲ့တယ် ..



ငါ့မှာ .. အသည်းကင်ဆာ ဖြစ်နေပြီတဲ့ သူငယ်ချင်း ..။ ကုသလို့ မရနိုင်တော့တဲ့ အဆင့်ကို ငါရောက်ခဲ့ပြီ ..။ အခြေအနေမှန်ကို ငါ သိချင်တယ်လို့ ဇွတ်မေးတဲ့အတွက် .. ဒေါက်တာကောင်းရှိန်က .. နောက်ဆုံးကျတော့မှ .. အသိပေးခဲ့တာပါ ..။ ငါ့သားကို ငါအသိမပေးချင်ဘူးလို့ ပြောခဲ့တာမို့ .. ငါ့ရောဂါကို .. ငါ့ကိုပဲအသိပေးခဲ့ရတော့တာပါ ..။

မင်း ပြောခဲ့တယ်နော် ..။ လောကကြီးမှာ ငွေနဲ့ဝယ်ခြမ်းလို့မရတဲ့ အရာတွေ အများကြီးရှိတယ် ဖိုးခိုင် .. ဆိုတဲ့ စကားလေ ..။ ရိုးသားဖြူစင်ခြင်းတွေ၊ အေးချမ်းတည်ငြိမ်ခြင်းတွေ၊ သစ္စာတရားတွေ၊ စိတ်ချမ်းသာမှုတွေ၊ ကျန်းမာခြင်းတွေကို ... ငါ ငွေကြေးနဲ့ဝယ်လို့ မရနိုင်ဘူးလို့ မင်း ပြောခဲ့တယ် .. အထူးသဖြင့် .. ခွင့်လွှတ်ခြင်းဆိုတဲ့ အရာကို .. ငွေနဲ့ဝယ်လို့ မရနိုင်ဘူး ဆိုတာလေ ..။

မှန်လိုက်တာ သူငယ်ချင်းရယ် ..။

ငါ့သားရဲ့ ကြေကွဲမှုတွေနဲ့ ပြည့်သိပ်နေတဲ့ .. ဝေဒနာတွေကို သိမ်းကျုံးခံစားနေတာတွေ မြင်ရချိန်မှာ .. စိတ်ထိခိုက်ရတာတွေ ..။ ငါ့သားရဲ့အချစ်ကို အဆုံးရှုံးမခံနိုင်တဲ့ ဖခင်ဘဝရဲ့ ချောက်ချားမှုတွေကို .. ငါ .. ငါ့ပိုက်ဆံတွေနဲ့ ဘယ်လိုမှ .. ဖယ်ရှားမပစ်နိုင်ခဲ့ဘူး ..။

ငါ့ကျန်းမာရေးကိုလည်း .. ငါ .. ငါ့ငွေတွေနဲ့ .. လူကောင်းပကတိဖြစ်အောင် မလုပ်နိုင်တော့ဘူး ..။ မင်း အပေါ်မှာ ငါ ကောက်ကျစ်အကွက်ချခဲ့တဲ့ မရိုးသားမှုတွေ ..

www.burmeseclassic.com

www.burmeseclassic.com



သစ္စာမဲ့မှုတွေကို .. ငါ့ငွေကြေးတွေနဲ့ မဆေးကျောပစ်နိုင်ဘူး ..။

ပြီးတော့ .. မင်းဆီက .. ခွင့်လွှတ်ခြင်းဆိုတဲ့ အရှော ကိုလည်း .. ငါ့ပိုက်ဆံတွေက .. မင်းဆီကနေပြီး .. ငါ့အတွက် .. မယူဆောင်ပေးလာနိုင်ကြဘူး ..။

သူငယ်ချင်းရယ် ..။ ငါ့သား ရောက်လာတော့ .. ငါ .. သားကို .. အဲဒီတုန်းက .. အားလုံးလိုက်လျောစကားတွေ ပြောခဲ့တယ် ..။ မွှေးထုံကို သွားပြီးတောင်းရမ်းစကားမြန်းပါ့မယ်လို့လည်း ပြောခဲ့တယ် ..။ သားကပြောတယ် ..။ သူတို့ လက်ခံတော့မှာ မဟုတ်ပါဘူးတဲ့ ..။ သူတို့မှာ ရှိတယ်တဲ့ ..။ သူ .. ခုလိုပဲ ကြေကွဲမှုတွေနဲ့အတူ .. ကျန်နေသွားတော့မယ်တဲ့ ..။ ငါ ရင်ထဲ ထိခိုက်လိုက်တာကွာ ..။

တဖြည်းဖြည်း ဖုံးဖိမရနိုင်လောက်အောင် ဝေဒနာကလည်း ဖြစ်လာနေတော့ .. သားဟာ .. ငါ .. မကျန်းမာတာကို သိလာတယ် ..။ သားအလုပ်ထွက်သွားချိန်မှာကျမှ ငါက .. ခုတင်ပေါ်မှာ ဗုန်းဗုန်းကျ လဲနေခဲ့တာပါ ..။ သူပြန်လာရင် .. ငါလူကောင်းလို နေခဲ့တာပါပဲ။ ဒါကြောင့် အစပိုင်းမှာ သူ မသိခဲ့တာပါ ..။ နောက်ပိုင်းကျတော့ .. ဝေဒနာကို .. ငါ .. မနိုင်တော့ဘူးလေ ..။ ဒေါက်တာကောင်းရှိန်ကလည်း .. သားဘက်က .. အရမ်းကို စိတ်ပူလာတာတွေ .. မရ .. ရအောင် မေးလာတာတွေ ရှိလာတော့ .. ငါဘယ်လိုပဲတားတား .. ငါ့ရောဂါအမှန်ကိုပြော



ပြလိုက်တယ် ..။ ထမင်းစားနေရင်း .. ငါ .. ချွေးသီးချွေးပြန်နဲ့ သတိလစ်သွားတာကို မြင်ရချိန်ကစလို့ .. သားဟာ .. ငါဆုံးရှုံးခဲ့ရတဲ့ .. အရင်က .. သားအဖြစ် ပြန်ရောက်သွားခဲ့တယ် ..။ သူဟာ .. အလုပ်တွေအားလုံးကို ပစ်ထားခဲ့တယ် ..။ ငါ့အပါးမှာ .. အမြဲနေတယ် ..။ ငါ့ကို .. ချေးသေးကအစ .. သူကိုယ်တိုင် လုပ်ကိုင်ပေးတယ် ..။ ငါ့လက်ကို အမြဲထွေးဆုပ်ထားတဲ့သား ..။ ငါ့အတွက်ပရိဒေဝမီးတောက်လောင်နေတဲ့သား ဖြစ်နေခဲ့တယ် ..။ ငါလေ .. ငါ့ရောဂါကို ပြန်ကျေးဇူးတင်မိတော့တယ်ကွာ ..။ ငါသေရ ကျိုးနပ်ပါပြီ သူငယ်ချင်းရာ ..။

ငါတောင်းပန်ပါတယ် ရွှေမြသိန်းရာ ..။ ငါမိုက်ခဲ့တာ မိုက်ခဲ့ပါပြီ။ သေရတော့မယ့် သူတစ်ယောက်ကို မင်း .. ခွင့်လွှတ်ပေးပါလား ..။ ငါမိုက်ခဲ့တာမို့ .. ငါ့သားလေး .. ချစ်ရသူနဲ့ ဝေးခဲ့ရတယ် ..။ သူ .. စိတ်ထိခိုက်ခဲ့ရတယ် ..။ အထီးကျန် ဖြစ်နေရတယ် သူငယ်ချင်း ..။ ငါ့ကို ခွင့်လွှတ်တယ်ဆိုရင် .. ငါ့သားကို .. သွန်းမွှေးထုံလေးနဲ့ .. မင်း .. လက်ဆက်ပေးပါ ရွှေမြသိန်း ..။ ငါ့သားကို မင်းလက်ထဲ အပ်ခဲ့ပါတယ် ..။ မင်းပဲ အဖေ .. မင်းပဲ အမေ .. ဆိုသလို .. စောင့်ရှောက်ပါ ..။

အခု ဒီစာကို မင်းဖတ်နေတဲ့ အချိန်မှာ .. မင်းရှေ့မှာ ငါ ဒူးတုပ်ထိုင်နေရင်း .. မင်း ဒူးပေါ်မှာ ခေါင်းကိုတင်လို့ .. နောင်တနဲ့ တောင်းပန်ငိုကြွေးနေတဲ့ သူငယ်ချင်း ထင်ခိုင် အဖြစ် မြင်ပေးပါလား ရွှေမြသိန်းရယ် ..။ ငါ ..

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ငါ့ဝိညာဉ်ကို .. မင်းရှေ့မှာရှိစေ .. မင်းကို တောင်းပန်နေစေပါ့မယ်ကွာ ..။ ငါလေ .. မင်းဆီက ခွင့်လွှတ်မှုကို မရမချင်း .. အသေလည်း မဖြောင့် .. ရှိနေမှာပါ ..။

ငါ့သားကို .. သွန်းမွှေးထုံ ဆိုတဲ့ သမီးလေးက .. နားလည်လက်ခံပေးအောင် .. သူ့ရင်ထဲက .. ကြေကွဲမှုတွေ .. ကင်းစင်လွင့်ပြယ်သွားအောင် .. မင်း .. ကြိုးစားပေးပါ ဖိုးရွှေမြသိန်း ..။

ငွေစကားကို .. ငါ .. မပြောတော့ပါဘူး ..။

ငါ .. မင်းဆီက .. ခွင့်လွှတ်ခြင်း မေတ္တာကို .. တောင့်တောင့်တတ ရှိနေရင်း .. ကွယ်လွန်သွားခဲ့တယ် ဆိုတာ .. ယုံကြည်ပေးပါ ..။

ယုံကြည်ပေးပါ ရွှေမြသိန်းရာ ..။

မင်းရဲ့ ..

ထင်ခိုင် .."

စာထဲမှာပါသည့် စာလုံးတိုင်း စာလုံးတိုင်းကို ဘဘကြီး ဖြတ်ပြီးနေလောက်ပြီ ..။

ထိုစာလုံးတိုင်း စာလုံးတိုင်းသည်လည်း .. သူ့ရင်ကို .. အမြဲထိခိုက် ကြေကွဲနေစေကြသည်ပါပဲ ..။ ကင်ဆာဝေဒနာကို နှစ်လကျော် သုံးလတာမျှ ပြင်းပြင်းထန်ထန် ခံစားရလျက် .. ဖေဖေသည် .. သူ့လက်ကိုကိုင်ရင်း ..။ သူရွတ်ဆိုနေသော ဘုရားစာကို အာရုံပြုလိုက်ဆိုရင်း ..။ သူ .. အစဉ်ချ တိုက်ပေးနေသော ရေကို သောက်ရင်း ..။ သူ .. မျက်ရည်ကျရင်း .. နမ်းရှိုက်ပါ



သည့် နဖူးပြင်ထက်မှ အနမ်းကို ခံယူရင်း ..။ သူ .. ကလေးတစ်ယောက်နယ် ရှိုက်ကြီးတငင် ငိုကြွေးရင်း .. ဖေဖေ့လက်တွေကို အဆက်မပြတ်မျှ .. အရှုံးအမှုးနိုင်စွာ နမ်းရှိုက်နေသွမျှကို မျက်ရည်ဝေနေသော မျက်ဝန်းများဖြင့် ကြည်နူးစွာ ငေးကြည့်ရင်း ..။

သူ့ဆံစများကို .. နောက်ဆုံး အားစိုက်၍ လက်များဖြင့် သပ်တင်ပေးခဲ့ရင်း .. သူ့မျက်ရည်ကို သုတ်ပေးခဲ့ရင်းမှ .. ကွယ်လွန်ခဲ့ပါ၏။

ဖေဖေ့ဆန္ဒ .. ဖေဖေ့ အမှာစကားတို့ကို .. သူ .. ဘဘကြီးထံမှာ အပ်နှင်းထားပြီးခဲ့ပြီ ..။ စာဖတ်နေသည့် ဘဘကြီးကို သူလှည့်မကြည့်ဖြစ်သေး ..။ ဘဘကြီး ရှေ့မှာ .. ဖေဖေသည် ဝိညာဉ်အဖြစ် ရှိနေချေပြီလား ..။ ဘဘကြီး၏ ဒူးပေါ် ခေါင်းသည် တင်၍ ငိုကြွေးရင်း .. ဖေဖေသည် တောင်းပန်ရှာနေချေပြီလည့် ..။ သူ .. ရင်ထဲမှာ ဆို့တက်လာနေသည်။ လည်ချောင်းတွေ ကွဲ၍ ဖြစ်ကုန်နေသည်သို့ ကျပ်ခဲမွန်းကျပ်လာနေသည်။ ခံစားရချက်က .. ပြင်းပြ ထန်လွန်းနေသည်။ အင်အားကြီးလွန်းနေသည်။ ဖေဖေ့ရင်ခွင်မှာ သူသည်လည်း .. ခေါင်းဝင်၍ ငိုချလိုက်ချင်နေသည်ပဲ ..။ ထိုအဖြစ်ကို .. သူ ဘယ်သောအခါတွင်မှ ရနိုင်စွမ်းချေတော့မှာ မဟုတ် ..။

ပြတင်းပေါက်ပေါင်တန်း နေရာမှာ နဖူးကိုထေးတင်ရင်း .. သူ .. အသံတစ်ချက်မျှ ပွင့်မလာနိုင်ဘဲ မျက်ရည်များပိုးပိုး ပေါက်ပေါက် ကျနေသည်။ ဖေဖေ့ရှေ့မှာ ဒူးတုပ်ထိုင်ချရင်း .. ဖေဖေ့ ခြေဖမိုးမှာ ခေါင်းကိုတင်ကာ .. သူသည်လည်း .. တစ်ချိန်က ဖေဖေ့ကို ပြောမိခဲ့ပါသည့် စကားများအတွက် .. တောင်းပန်ချင်နေသည် ..။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မကွယ်လွန်မီကတည်းက .. သူသည် .. ကလေးတစ်ယောက်နှယ် ဖေဖေ့ ခြေဖမိုးပေါ် မျက်နှာကိုအပ်၍ တရှိုက်ရှိုက်ငိုရင်း တောင်းပန်စဉ်က .. ဖေဖေသည် .. သူ့ကို .. ကလေးတစ်ယောက်နှယ် သိမ်းကျုံး၍ ပွေ့ယူခဲ့ပါ၏။ ဝေဒနာကြားမှ .. ဖေဖေသည် .. သူ့ကို ပွေ့ယူလိုက်ဖို့ အားအင်များဖြစ်တည်လာခဲ့သည် ..။ သူ့မျက်ရည်ကို သုတ်ပေးနိုင်ခဲ့သည်။ အလွန်တရာကိုမှ ပိန်ကျနေပါသည့် အရိုးတင်လက်ချောင်းများဖြင့် ဖေဖေသည် .. သူ့မျက်ရည်ကို သုတ်ပေးခဲ့ပါ၏။ ထိုသို့မျက်ရည်သုတ်ပေးခြင်းသည် .. သူ့ကို နောက်ဆုံး မျက်ရည်သုတ်ပေးခဲ့ ်းပါတည့် ..။ ဖေဖေ အမောဖောက်လာရှာသည်။ ဖေဖေသည် .. ၁က်ထဲမှာ .. ကွယ်လွန်ခဲ့ရှာသည် ..။ ဖေဖေသည် .. ကွယ် ခါနီး အချိန်ထိ .. သူ့မျက်ရည်စက်ကို .. သြော် .. သား၏ ျရည်စက်ကို .. ဖခင်၏လက်များဖြင့် သုတ်ပေးခဲ့ချေသေးသည် ဘကား ..။ ငယ်စဉ်ကလေးဘဝက .. ငိုကြွေးစဉ်မှာလည်း ဖေဖေသည် .. သူ့ကို မျက်ရည်သုတ်ပေးခဲ့ရသည်သာ ..။

ခု .. ကွယ်လွန်အံ့မူးမူး အချိန်၌ပင်လျှင် .. သူ့ကို ခွင့်လွှတ်စကားဆိုရင်း .. မျက်ရည်ကို သုတ်ပေးခဲ့ပြန်ချေသည်သာတည့် ..။

ခု .. ခု .. ဘဘကြီးသည်ရော .. ဘာကို ဆုံးဖြတ်ချေမည်တဲ့လဲ ..။

ဖေဖေ့ကို .. ခွင့်လွှတ်ပေးပါ .. ဟု သူတောင်းပန်ချင်နေသည်။



ဖေဖေ့ဝိညာဉ် ရှိနေချေမည်ဟု သူ ယုံကြည်ထားသည့် ဘဘကြီးရှေ့မှာ .. သူ .. ကလေးလိုပင် သွားထိုင်ချလိုက်မိရင်းမှ လက်အုပ်ချီကာ .. မျက်ရည်အလူးလူးဖြင့် မော့ကြည့်မိရင်း ..

“ဖေဖေ့ကို .. ခွင့်လွှတ်ပေးပါ ဘဘကြီးရယ် ..”

ဟု ပြောနေရင်းမှ .. ခုမှ .. အသံတွေ အရှိန်နှင့် ပွင့်ကျလာရ .. ငိုရှိုက်နေမိရပါပြီ။

“ဖေဖေဟာ .. အဲဒီခွင့်လွှတ်ခြင်းကို .. အလွန်တရာကိုမှ .. တောင့်တသွားရှာတာပါ ဘဘကြီးရယ် .. သူ .. အလွန်လိုချင်ခဲ့ရှာတာပါ ..”

ဟု ပြောစဉ်ခိုက်မှာ ဘဘကြီး သူ့ကိုကြည့်လာသည်။ ဖြန့်ဖတ်ခဲ့ပါလေသော စာရှည်ကြီးကို ငုံ့မိုး၍ ငေးစိုက်ကြည့်သည်။ မျက်ရည်စက်သည် .. စာပေါ်သို့ ကြွေသက်ချေသည်တည့် ..။

“မင်းကို .. ငါ .. ခွင့်လွှတ်ပါတယ် ဖိုးထင်ခိုင် .. မင်း ဖြစ်ချင်တာတွေ ဖြစ်လာရပါစေ့မယ်လို့လဲ .. ငါ ကတိပေးပါတယ်ကွာ ..”

ဟု အသံတွေ တုန်ခါနေရင်းမှ တိုးသဲ့စွာ ပြောလာရှာပါ၏။ သူ .. ဘဘကြီး၏ ရှေ့တည့်တည့် နေရာဆီသို့ စွဲလမ်းနေသည့်စိတ်ဖြင့် ကြည့်လိုက်မိရပါပြီ ..။ ဟုတ်သည် ..။ စွဲလမ်းနေသည့်စိတ် ..။ ဖေဖေသည် .. ဘဘကြီးရှေ့မှာ ရှိနေချေမည်ဟု သူ ယုံကြည်နေသည် ..။ စွဲလမ်း နေသည်။ ဖေဖေ့ရင်ခွင်မှာ ခေါင်းထိုးဝင်ချလိုက်ရင်းမှ .. ဖေဖေ့ကို .. ခွင့်လွှတ်ပြီးတဲ့ ဖေဖေ .. ဟု သူသည်လည်း ငိုကြွေးရင်း ပြောပြလိုက်ချင်သည်ပါပဲ ဖေဖေရယ် ..။

www.burmeseclassic.com



"ကွယ်လွန်သွားသူ တစ်ယောက်ရဲ့ ဖြစ်တည်ခဲ့တဲ့ မျက်ရည်စက် .. တောင်းခံခဲ့တဲ့ဆန္ဒ .. ရယူလိုတဲ့ ခွင့်လွှတ်ခြင်းတွေကို .. ဘဘကြီး ဘယ်လိုမှ .. မျက်ကွယ်မပြုရက်နိုင်ပါဘူး လူလေးရယ် .. တကယ်တော့ .. သူနဲ့ .. ဘဘကြီးတို့ဟာ .. အလွန်ချစ်ကြတဲ့ သူငယ်ချင်းတွေပါပဲ .."

ဟု မျက်ရည်များဖြင့် ဘဘကြီး ပြောချိန်မှာ .. သူသည် .. ကလေးတစ်ယောက်နှယ်ပင် ဘဘကြီး၏ ရင်ခွင်မှာ .. ဟန်ဆောင်မရနိုင်စွာ .. ခေါင်းဝင်၍ ငိုကြွေးမိလိုက်ရပါပြီတည်း ..။

ဖေဖေ့ ရင်ခွင်တွင်းသို့ တိုးဝင်လိုက်ရသည်သို့ ခံစားရချေသည်ကော ဖေဖေရယ် ..။



## အခန်း(၁၃)

"မွေးထုံ .."

ရင်ထဲမှ တမြတ်တနိုးနိုင်စွာ ခေါ်မိလိုက်ပါသည့် ခေါ်သံ ..။ အရမ်းကို နူးညံ့သိမ်မွေ့မှုများဖြင့် ပြည့်သိပ်နေပါသည့် ခေါ်သံတိုးမျှင်မျှင်သည် .. နှုတ်ဖျားဆီမှ ပွင့်ကျလာရုံမျှမဟုတ် .. နှလုံးအိမ်တွင်းဆီမှ မြတ်နိုးခြင်းများဖြင့် စီးသွယ်ကျလာသည့် စမ်းရေစင် ဖြစ်ပါချေသည်တည့် ..။

မွေးထုံ၏ အကြည့်တွေက အသံလာရာဆီသို့ ရုတ်ခြည်းရောက်လာသည်။ သစ်ရိပ်အောက်မှာ ပင်စည်ကိုမှီရပ်ရင်း စားကျက်ခင်းဆီမှ ဆိတ်အုပ်လေးကို ငေးကြည့်နေပါသည့် မွေးထုံသည် .. သူ့ခေါ်သံ မကြားရမီ .. သူ့ကို မကြည့်လာမီက .. ငြိမ်သက်စွာ ဘာတွေကိုများ တွေးနေခဲ့ပါချေသည်လဲ ..။ ထိုအတွေးများထဲမှာ .. သူသည်ရော .. တစ်မျှင်တစ်စမျှ ပါနေခဲ့ပါသလား ..။ သူ့ကို မှန်းတီးနာကြည်းနေသည့် အတွေးများသည် မွေးထုံ၏ ရင်ထဲမှာ အမြစ်တွယ်နေဆဲ ဖြစ်နေပါချေသလား ..။ သူ .. တောင်တချင်သည်က .. သူ့ကို တမ်းတစွာသတိရနေစေလိုခြင်း ..။ ဒါပေမဲ့

www.burmeseclassic.com



ပို၍နီးစပ်သည်က သူ့ကို .. မုန်းတီးစိတ်နာနေခြင်းတွေပဲ ဖြစ်နေနိုင်သည်တည့် ..။ ဤအသိကြောင့် .. သူ ပို၍ ကြေကွဲရပါ၏။ နှလုံးအိမ်သည်လည်း ကြီးမားသော ပြင်းထန်လွန်းသည့် ဆုပ်ခဲဖိချေခြင်းကို ခံနေရသည်သို့ နာနာကျင်ကျင် ခံစားနေရသည်ပါပဲ ..။

သူ့ကိုကြည့်နေသည့် မွေးထုံ၏ မျက်ဝန်းနက်နက်လေးတွေထဲမှာ .. သူ့ကို မြင်ရ၍ ကြည်နူးရိပ်တွေ ရှိမနေကြတာကတော့ သေချာနေသည် ..။ လိုက်လှဲသော ခံစားမှု အရာတွေ တစ်စိုးတစ်စိမျှ ရှိမနေကြတာကိုလည်း .. သူ တမြည့်မြည့် ကြေကွဲနေရင်း သိနေရပါသည့်အဖြစ် ..။

တစ်ချိန်က .. သူ .. ခုလိုပင် .. မွေးထုံ ထံသို့ ကြေကွဲတုန်လှုပ်နေသော ခြေလှမ်းများဖြင့် ရောက်ခဲ့ဖူးသည်။ သူ .. ဤမိုင်းဆွတ်ရွာလေးမှ .. ချစ်ဝေဒနာများ တနင့်နင့်မျှ .. သယ်ပိုး၍ ထွက်ခွာမိလေးမှာ .. သူ ရောက်ခဲ့ဖူးသည်။ ဘဘကြီးထံမှ .. ဖေဖေ့စကားများကို သူ တုန်လှုပ်စွာ ချောက်ချားစွာကြားခဲ့ရပြီးသည့်နောက်မှာ ချစ်ရလွန်းသူလေးထံ .. ရှင်းပြလိုဇောဖြင့် သူ ရောက်ခဲ့ဖူးသည်တည့် ..။

ဩော် .. ထိုစဥ်တုန်းက .. သူ မြင်ခဲ့ရပါသည့် မျက်ဝန်းလေးများသည် .. ဤမျက်ဝန်းလေးများနှင့် ထပ်တူထပ်မျှ တူနေကြသည်တကား ..။ မွေးထုံ၏ ရင်ထဲမှ ခါးသီးနေမှုချေသော ခံစားမှုများသည် မပြောင်းလဲနိုင်ကြသေး ..။ ဟုတ်သည် ..။ မပြောင်းလဲနိုင်ကြသေး ..။ ထိုသို့ သိနေရခြင်းကိုက .. သူ့ကို ဆောက်တည်ရာမဲ့ ဖြစ်နေကြစေသည့်အဖြစ် ..။ မွေးထုံကို .. သူ တော်ရုံချစ်မြတ်နိုးခြင်း မဟုတ် ..။ မခွဲနိုင်လွန်းစွာ ရင်နှင့်အမျှ ..



ချစ်ရခြင်း ..။ ဤမိန်းကလေးကို .. သူ .. ဘယ်သောအခါတွင်မှ မေ့နိုင်စွမ်းချေမှာလည်း မဟုတ် ..။ မွေးထုံသည် .. သူ့ဘဝ၏ .. အရှင်သခင်တစ်ပါး ဖြစ်နေပါချေသည်ကော ..။

"ကိုကြီးကို .. နှင်မလွှတ်ပါနဲ့ မွေးထုံရယ် .. ခဏလောက်ဖြစ်ဖြစ် .. ကိုကြီးတို့ စကားပြောကြရအောင်နော် .."

သူ တိုးဖွဖွ ပြောစဥ်ခိုက် မွေးထုံ၏ အေးစက်နေသော အကြည့်တွေက သူ့ထံမှ ပြန်၍ခွာသည်။ စောစောကနယ်ပင်ဆိတ်အုပ်လေးတွေ ရှိနေရာဆီသို့ အကြည့်က ပြန်ရောက်၏။ သူ .. မွေးထုံထံမှ ခပ်ပြတ်ပြတ် နှင်လွှတ်လိုက်သည့် စကားကို .. မြင်မြင်ချင်း ရင်မဆိုင်လိုက်ရဘဲ ရှိရသည့်အတွက် .. ကံကြမ္မာကို ကျေးဇူးတင်မိလိုက်ရသည်ပါပဲ ..။ မွေးထုံနှင့် ခပ်လှမ်းလှမ်းနေရာမှာ သူ ဆောတိုက်သွားရပ်သည်။ မွေးထုံကို သူ ရင်ကိုနှစ်၍ .. ငေးခနဲ တစ်ချက်ကြည့်မိရပါ၏။ သူ၏မိန်းကလေး ..။ သူ ချစ်လွန်းရပါသည့် မိန်းကလေး ..။

ဝင်းစင်သော အသားနုနုဆဲည် ရွှေရည်ဆမ်းသည့်နှယ် ရှိ၏။ အကြောမျှင်မြမြရှိန်းတို့ ရေးရေးထင်နေသော ပါးပြင်ဥနှင့် နားသယ်စပ်တွင် စိမ်းမှောင်မှောင် ဆံယဥ်နုတို့ ရှိနေပါသည့် မျက်နှာဥဥနုနုလေးသည် .. သူ့နှလုံးအိမ်တွင် ရှိနေသော .. မိန်းချိကားတစ်ချပ်တွင်းဆီမှ .. ပြန်၍ .. ပြန်၍ .. ထုတ်ကြည့်ရပါသည့် သူ့ကြွေရုပ်လေး မဟုတ်ပါလား။

"ကိုကြီးဟာ .. မကြာမတင်ကမှ .. ဖခင်ဆုံးပါးခဲ့တဲ့ သားတစ်ယောက်လဲ ဖြစ်နေပါတယ် မွေးထုံ .. ရင်တွေ တမြည့်မြည့် ကြေအောင် ကြေကွဲထိခိုက်ခံစားနေရတဲ့ ..

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ .. ဒီလောက် သောကတွေ ဖြစ်နေရတဲ့သူ တစ်ယောက်ရဲ့ စကားဟာ .. သစ္စာမှန်တဲ့ စကားဆိုတာ ကိုလဲ မွေးထုံ နားလည်ယုံကြည်ပေးစေချင်ပါတယ်ကွယ် .. ကိုကြီး ရင်ထဲမှာ .. လောင်မြိုက်နေတဲ့ .. မီးဟာ .. ဖခင် ကြီး ကွယ်လွန်ဆုံးပါးခဲ့လို့ .. ထိခိုက်ခြင်းမက .. ထိခိုက် ခံစားရင်း လောင်မြိုက်နေတဲ့မီးပါ .. ပြီးတော့ .. ကိုကြီး အလွန်မြတ်နိုးတဲ့ မိန်းကလေးဆီက .. အမုန်းကို ရနေတဲ့ အတွက် .. နှလုံးကြေပြန်းပြီး လောင်မြိုက်နေရတဲ့မီးလဲ ရှိ နေပြန်ပါတယ် မွေးထုံရယ် .. ကိုကြီး .. မွေးထုံ ရှိရာကို တစိုက်စိုက်လာရင်း .. မွေးထုံလေး နားလည်လာအောင် .. ကြိုးစားနေမိရတာကိုက .. မွေးထုံလေးကို ချစ်မြတ်နိုးလွန်း လို့ဆိုတာ မွေးထုံလေး နားလည်ပေးပါလားကွယ် ..”

သူ .. တိုးဖွဖွ ပြောသည်။ မွေးထုံ၏ မျက်နှာလေး ကို .. မျက်တောင်မခတ်သူ စိတ်လှုပ်ရှားစွာ ကြည့်နေမိရဆဲ ..။ မွေးထုံ၏ ရင်ထဲမှာ .. ဘာတွေဆုံးဖြတ်ထားနေပါသလဲ ဆိုတာ ကို .. နားလည်နိုင်အောင် .. သိလာနိုင်အောင် .. ကြိုးစားနေရ ပါသည့် သူ့ရင်သည်လည်း နက်ရှိုင်းလွန်းစွာ လှုပ်ရှားနေရပါသည့် အဖြစ် ..။ ဒါပေမဲ့ .. သူ၏မိန်းကလေးသည် စောစောကနယ်ပင် အေးစက်စက် မျက်နှာထားလေးဖြင့်ပင် ဆိတ်အုပ်လေးကို ကြည့် မြဲကြည့်နေပါချေ၏။ သူ့ရင်ထဲမှာ မဝံ့မရဲ မျှော်လင့်နေပါသည့် မျှော်လင့်ခြင်းတို့သည်ပင်လျှင် .. စိတ်ဓာတ်ကျလုအောင် ပျောက် ဆုံးလာနေရသည်သို့ ရှိလာနေရပါပြီ ..။ မွေးထုံသည် .. သူနှင့် ပတ်သက်လာလျှင် .. အေးစက် ခါးသီးခြင်းများဖြင့်သာ အစဉ်



တစိုက် တုံ့ပြန်နေချေတော့မည်တဲ့လား ..။ ထိုအဖြစ်သည် .. သူ့ အတွက် .. ဆိုးဝါးလွန်းစွာ သူ့နှလုံးအိမ်ကို မွမွချေနေသည်သို့ တုန်လှုပ်ချောက်ချားနေစေပါသည့်အဖြစ် ..။

“ကိုကြီးကို ဘာမှ မပြောတော့ဘူးလား မွေးထုံရယ် .. ဟင် .. တစ်ခုခုလောက်တော့ ပြန်ပြောပါလား မွေးထုံရယ် ..”

သူ့အသံတွေ အက်ကျလာနေရင်း မျက်နှာအပျက် ပျက်ဖြင့် ပြောစဉ်ခိုက် မွေးထုံ သူ့ကိုကြည့်လာသည်။ အကြည့် တွင် နူးညံ့ပျော့ပျောင်းရိပ်တွေ ရောထွေးပါလာချေမည်လားဟု သူ မျှော်လင့်ချင်ပေမဲ့ ဖြစ်မလာခဲ့ ..။ တစ်ခုခုကို ဆုံးဖြတ်လိုက်သည့် နှယ် မွေးထုံ သူ့ကို တည့်တည့်မတ်မတ်လေး ကြည့်လာလိုက် ရင်းမှ ..

“ကောင်းပြီလေ .. မွေးထုံ ပြောပါ့မယ် .. ကိုခိုင်မြဲရဲ့စော စောက စကားတွေကို မွေးထုံ ယုံပါတယ် .. မွေးထုံကို ချစ်မြတ်နိုးတယ် ဆိုတာကိုပေါ့၊ ဒါပေမဲ့ .. အဲဒီလိုယုံကြည် လိုက်ခြင်းဟာ .. ရှင့်ကို တုံ့ပြန်ချစ်ဖို့အတွက် မဟုတ်ဘူး ဆိုတာကိုတော့ တစ်ဆက်တည်း နားလည်သဘောပေါက် ထားစေချင်ပါတယ် .. ရှင် ကျွန်မကို ချစ်တဲ့အတွက် .. လက်ထပ်ဖို့အထိ ဆုံးဖြတ်ထားတဲ့ အတွက်ကြောင့်လဲ .. ရှင့်အဖေကို ရှင်ဖွင့်ပြောတယ် .. ခွင့်ပန်တယ် .. ဒါကို .. ကျွန်မ သိထားပြီးတဲ့ ကိစ္စတစ်ခု ဖြစ်နေတယ်လေ .. ရှင် ကျွန်မကို .. တကယ်မချစ်မြတ်နိုးဘဲနဲ့ .. လက်ထပ်ဖို့ အထိ .. ဘယ် .. ဆုံးဖြတ်ပါ့မလဲ .. အဖေကို ဘယ်ခွင့် တောင်းပါ့မလဲ .. မဟုတ်ဘူးလား ..”

www.burmeseclassic.com

www.burmeseclassic.com

မွှေးထုံ ခပ်သဲ့သဲ့ပြုံးသည်။ မွှေးထုံ၏ မျက်နှာလေးကို ထိထိခိုက်ခိုက် ကြည့်နေသည့် သူ့ကိုလည်း တုံ့ပြန်၍ပြန်ကြည့်မကြည့်နေသည်။ သူ ထိတ်လန့်လာသည်။ မွှေးထုံ၏ နှုတ်ခမ်းလေးဆီမှ .. ဆက်တိုက်ပွင့်ကျလာတော့မည့် စကားများကို ထိတ်လန့်လာသည်။ မွှေးထုံထံမှ .. စကားလေးတစ်ခွန်းကိုပဲ ပြစ်ပြစ် ကြားချင်စေဖြင့် ပြောမိသည်ကတော့ အမှန်ပါ။

ဒါပေမဲ့ .. သူ .. ဆက်တိုက်ကြားလာနေရသည်က .. သူ့ကို .. ပြတ်သားစွာ ငြင်းဆန်တော့မည့် စကားများ ဖြစ်နေချေသည်တကား ..။ ဘာတဲ့ ..။ စောစောက .. မွှေးထုံ ပြောခဲ့သည့် စကား ..။ သူ့အချစ်ကို ယုံကြည်ခြင်းသည် .. သူ့ကို တုံ့ပြန်ချစ်ဖို့အတွက် မဟုတ်ပါ .. တဲ့လားလေ ..။ ဒါဆို .. ဒါဆို .. မွှေးထုံသည် .. သူ့ကို .. ဘယ်သောအခါတွင်မှ .. တုံ့ပြန်ချစ်တော့မှာမဟုတ် ..။ သူ မျှော်လင့်ထားသည်က .. သူ့အချစ်ကို .. ယုံကြည်ခြင်းဖြင့် .. သူ့ကို နားလည်လျက် .. တုံ့ပြန်ချစ်မြတ်နိုးလာချေလိမ့်မည်ဟု ..။

သြော် .. သူ၏ဖြူစင်နက်ရှိုင်းလွန်းစွာ တမြတ်နိုးနိုးမျှ ချစ်ရပါသည့် 'သူ့အချစ်ကို .. သူ ပြန်အားကိုးလျက် .. သူ့အချစ်ကို နားလည်လျှင်ဖြင့် မွှေးထုံသည် .. သူ့ကို တုံ့ပြန်ချစ်လာနိုင်ချေကောင်းရဲ့ဟု မျှော်လင့်ထားမိလေသမျှ .. အမှန်းရေစုန်တွင် မျောခြင်းမက မျောရချေပြီတကား ..။ ဟုတ်သည် .. သူ၏အချစ်ကို သူ အားကိုး၍ မျှော်လင့်ထားမိခြင်း အားလုံးသည် .. မွှေးထုံ၏ အမုန်းရေစုန်တွင် မျောရချေတော့မည်သာတည်း။



"ရှင် .. ကျွန်မကို တကယ်ချစ်လို့ .. အဲဒီချစ်သမျှကို ရှင့်အဖေကို ဖွင့်ပြောခဲ့လို့ .. ကျွန်မတို့ .. ရှင့်အဖေရဲ့ ရက်စက်မှုကြီးအောက်မှာ ခေါင်းငုံ့ခံခဲ့ရတာကို .. ကျွန်မ ဘယ်မေ့နိုင်ပါ့မလဲ ကိုခိုင်မြ .. ငွေအားကိုးနဲ့ .. အကွက်ချပြီးလုပ်ကြခဲ့တဲ့ အဲဒီအဖြစ်ဆိုးကြီးကို .. ကျွန်မတို့ ဘယ်တော့မှ မမေ့နိုင်ခြင်းဟာ .. ရှင့်ကို .. ဘယ်တော့မှ .. ကျွန်မ တုံ့ပြန်မချစ်မိစေဖို့အတွက် အဓိက ဆုံးဖြတ်စေတဲ့အကြောင်းရင်းခံတစ်ခု ဖြစ်ပါတယ်.. ရှင်ပြန်ပါ ကိုခိုင်မြ .. ကျွန်မ .. ဘယ်တော့မှ .. ရှင့်ကို တုံ့ပြန်မချစ်နိုင်ပါဘူး .. စိတ်ကူးမယဉ်ချင်ပါနဲ့တော့ ကိုခိုင်မြရယ် .. တကယ်ဖြစ်လာနိုင်သေးတဲ့ အရာတစ်ခုကို စိတ်ကူးယဉ်ခြင်းဟာ ပျော်စရာကြည်နူးစရာ ကောင်းပေမယ့် .. ဘယ်ဖြစ်မလာနိုင်တဲ့အရာကို ဖြစ်လာလေနိုးနိုးနဲ့ မျှော်လင့်စိတ်ကူးယဉ်နေခြင်းဟာ ရူးသွပ်မှုတစ်ခုပဲ ဖြစ်ပါလိမ့်မယ် .."

ပြတ်သားစွာ ဖြေလိုက်ပါသည့် မွှေးထုံ၏ စကားများသည် သူ့ရင်ကို ချုံးချုံးကျမျှ .. ကြေကွဲနေကြစေချေပြီတကား ..။

သူ .. ခေါင်းတွင်တွင် ခါမိသည်။ မွှေးထုံ၏ပခုံးလေးကို ဖြုန်းခနဲ သူ့လက်တွေ ဖေးတင်ဆုပ်ကိုင်လိုက်မိရင်းမှ ..

"မဟုတ်သေးဘူး မွှေးထုံ .. ကိုကြီး တကယ့်ကို ချစ်မြတ်နိုးတယ် ဆိုတာကို ယုံကြည်တယ် .. ပြီးတော့ .. ဖေဖေ့ကြောင့် ကိုကြီးကို .. မချစ်နိုင်ဘူးလို့ ဖြေတယ် .. တေးမှတ်နာကြည်းခြင်း ဆိုတာဟာ .. အချစ်မှာ မရှိရဘူးလေ .. ကိုကြီးတို့ရဲ့ နှလုံးသားကို .. ကိုကြီးတို့ ရိုးရိုးသားသား

www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးကြရမှာပါ .. တစ်ခုပဲ အမှန်အတိုင်း ဖြေစေ ပါ မွှေးထုံ .. ကိုကြီးကို .. တကယ်တမ်း .. မင်းရဲ့ရင်ထဲ မှာ မုန်းမနေဘူး မဟုတ်လား .. ဟင် .. မုန်းမနေဘူး မဟုတ်လား .."

သူ .. အသံတွေ တုန်ခါနေရင်းမှ မေးလာစဉ်ခိုက် မွှေးထုံ ခေါင်းကိုမော့၍ စူးရှစွာ ကြည့်လာပါ၏။ သူ့မျက်ဝန်း များမှာက ကြေကွဲနာကျင်မှုများ စွန်းထင်းနေလျက် ..။

မွှေးထုံ၏ မျက်ဝန်းများမှာက .. တောမှတ်နာကျင် မှုများသာ ပြည့်သိပ်စွန်းထင်းနေကြချေသည်ကော .. ဟု သူနား လည်လာရလေ .. ရင်ထဲမှာ .. ပို၍ဆောက်တည်ရာမရ ဖြစ်လာ ရလေပါ ..။ သူ .. သူ .. အရမ်း ချစ်မြတ်နိုးရပါသည့် ဤမိန်း ကလေးကို .. အဆုံးရှုံး မခံနိုင် ..။ ချစ်ရလွန်းသည်နှင့်အမျှ .. သူ့ရင်သည် .. အနိုင်းမဲ့မျှ .. ဆောက်တည်ရာမရ ဖြစ်ဖြစ်လာ နေသည်။ သူ .. သူ .. ရှုံးရချေတော့မည်ထင့် ..။

"ကျွန်မ ပခုံးပေါ်က ရှင့်လက်ကို .. ပြန်ရုပ်လိုက်ပါ ကိုခိုင်မြ .. ရှင့်ကို ကျွန်မ ပြောနေတယ်နော် .. ရှင့်လက် တွေကို ဖယ်လိုက်ပါ .."

ဟု မာမာတန်ထန်လေး မွှေးထုံ ပြောနေရင်းမှ ..

"ရှင့်အဖေ .. ကျွန်မ ဘဘကြီးကို .. ဘယ်လောက်ထိ .. ရက်ရက်စက်စက် ပစ်ပစ်ခါခါ .. ပြောခဲ့တယ် ဆိုတာ .. ရှင် ကြားခဲ့ရတာမှ မဟုတ်ဘဲ .. ကျွန်မ မြင်လဲမြင်ရတယ် .. ကြားလဲ ကြားခဲ့ရတယ် .. နာကြည်းအောင် လုပ်လို့ .. နာကြည်းတာကို အပြစ်မပြောချင်စမ်းပါနဲ့ ကိုခိုင်မြရယ် ..



ရှင်ပြောတဲ့ ရိုးသားခြင်းဆိုတာ အဲဒါပဲရှင့် .. နာကြည်းအောင် လုပ်လို့ နာကြည်းခြင်းဟာ ရိုးသားမှုပေါ့ .. နာကြည်းအောင် လုပ်တဲ့သူကို မနာကြည်းပါဘူးလို့ ပြောခြင်းဟာ ဟန်ဆောင် မှုဖြစ်တဲ့အတွက် .. အဲဒီအဖြေဟာ မရိုးသားတဲ့ အဖြေပဲ ဖြစ်မှာပါ ကိုခိုင်မြ .. ရှင် .. ကျွန်မပခုံးပေါ်က လက်တွေ ကို ဖယ်လိုက်ပါ .. ရှင့်ကို .. ကျွန်မ ပြောနေတယ်နော် .."

သူ .. မျက်ရည်တွေ ဝဲတက်လာနေသည်။ သူ့ရင် ထဲမှာ .. မွန်းကျပ်နေတာပဲ ရှိနေတော့သည်။ ခေါင်းကိုတွင်တွင် ခါနေမိရင်းမှ ..

"ကိုကြီး .. အခုပဲ ဘဘကြီးကို တွေ့ခဲ့တာပါ မွှေးထုံ .. ဘဘကြီးက .. ဖေဖေ့ကို ခွင့်လွှတ်တယ်လို့ ဖြေခဲ့ပြီးပါပြီ .. ဘဘကြီးဆီကနေပြီးမှ .. ကိုကြီး မွှေးထုံဆီကို ရောက်လာတာ ပါ .. ဖေဖေဟာ .. သူပြောခဲ့မိတဲ့ စကားတွေအတွက် သူလုပ် မိခဲ့တဲ့အပြစ်တွေအတွက် .. ယူကျုံးမရဖြစ်ခဲ့ရှာတဲ့သူပါ .."

သူ ဘာပဲပြောပြော မွှေးထုံ လက်မခံနိုင်ပုံလေးဖြင့် ခေါင်းမာစွာ ကြည့်လည်းကြည့် ..

"ဘဘကြီး ဘယ်လောက်ထိ ရှင့်အဖေအပေါ်မှာ နာကြည်း သွားခဲ့တယ် ဆိုတာ မွှေးထုံ အသိဆုံးပါ .. ရှင့်အဖေကို .. ဘဘကြီး ဘယ်တော့မှ ခွင့်မလွှတ်နိုင်ပါဘူး .. ကျွန်မ .. မယုံဘူး .. ကဲ .. ရှင့်လက်တွေ ဖယ်နော် .."

ဟု ထပ်ပြောရင်းမှ သူ့ကို မော့ကြည့်စဉ်ခိုက် ..

"ဖွတ်မငြင်းနဲ့ မွှေးထုံ .. တကယ့်ကို .. ဘဘကြီး .. ခွင့် လွှတ်ခဲ့ပြီးပြီ၊ ကဲ .. ကိုကြီးမေးမယ် .. ဖေဖေ့ကို ဘဘကြီး

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်တယ်ဆိုရင် .. မွှေးထုံ .. ကိုကြီးအချစ်ကို လက်ခံပေးနိုင်မလား .. ဟင် .. ကိုကြီး အချစ်ကို ယုံကြည်တယ်ဆို .. လက်ခံပေးနိုင်မလား .."

ဟု ချစ်ဖော့ဖြင့် မေးစဉ်ခိုက် မမျှော်လင့်သောအဖြစ်တစ်ခုက ရုတ်ခြည်းဖြစ်ပေါ်လာပါပြီ ..။ မွှေးထုံသည် ခေါင်းလေးလည်းခါ ..။ သူ့ကိုလည်း အားအင်နှင့် ဆောင့်တွန်းလိုက်ချေသည်တကား ..။ မွှေးထုံ၏နှုတ်မှ ..

"မယုံဘူး .. မယုံဘူး .. ဘာဘကြီး ဘယ်တော့မှ ခွင့်မလွှတ်ဘူး .. မွှေးထုံ ဆီက အချစ်ကို .. ညာပြီးတောင်းခံဖို့ မကြိုးစားနဲ့ .. မကြိုးစားနဲ့ .."

ဟု စူးစူးရှရှလေး အော်လိုက်သံကလည်း သူ့ကိုဆောင့်တွန်းစဉ်ခိုက်မှာ မွှေးထုံ၏နှုတ်မှ ပွင့်ကျနေပြီ ..။ သူ့ကိုယ်ကြီး နောက်ဘက်သို့ လန်အကျမှာလည်း မွှေးထုံ၏ ပြတ်သားသောစကားလေးတွေက ထွက်ပေါ်နေဆဲ ..။

မြေပြင်ပေါ်အကျမှာ ကယောင်ကတမ်းဖြင့် သူ့လက်က မြေပြင်ကို လှမ်းထောက်မိသည်က .. လုပ်မိလုပ်ရာဆန်နေသည်။ သူ့ညာလက်ကောက်ဝတ် အတော်ကြီး နာသွားတာကို သိလိုက်ရပါသည့်အဖြစ် ..။ အသည်းခိုက်အောင် နာနေသည့်ကြားမှ လက်ကို ဘယ်လက်ဖဝါးဖြင့် ဖေးအုပ်ထားမိရင်းမှ ..

"ကိုကြီး .. မင်းကို .. တကယ်ချစ်မြတ်နိုးတာကို .. ယုံတယ်ဆိုရင် .. မင်း ဘာလို့ ဒီလောက်ကြီးထိ ကိုကြီးကို .. ရက်စက်နိုင်ရက်တာလဲ မွှေးထုံရယ် .. မင်းကို .. ရင်နှစ်ပြီးချစ်မိခြင်းဟာ .. အပြစ်လား မွှေးထုံ .. ဟင် .."



ဟုကြေကြေကွဲကွဲကြီး မေးလိုက်မိရစဉ်ခိုက် မွှေးထုံသည်လည်း အလန့်လန့် အဖျပ်ဖျပ် ပုံလေးဖြင့် သူ့ကို ငိုင်ငိုင်လေး ငေးစိုက်ကြည့်နေပါပြီ ..။ လက်ကောက်ဝတ် နေရာမှာလက်ကိုင်ပဝါကို အင်္ကျီအိတ်ကပ်တွင်းမှထုတ်၍ ခပ်ကြပ်ကြပ်စည်းနေတာကိုလည်း ငေးစိုက်ကြည့်နေသည်။ လုပ်တုန်းကတော့ စိတ်လိုက်မာန်ပါလေး လုပ်မိခဲ့ပေမဲ့ .. ခုကျတော့ လန့်နေသည့်ပုံ ..။

"ဘာ .. ဘာဖြစ်သွားပြီလဲဟင် .. ကျိုးသွားပြီလား .."

ဟု ကလေးလိုပဲ လန့်လန့်နှင့် မေးလာတော့လည်း သူ ခေါင်းခါပြရပါသည့်အဖြစ်။ မွှေးထုံ သူ့ဘေးမှာ လာထိုင်တော့ ဓလို လုပ်သေးသည်။ ဒဏ်ရာကို ကြည့်တော့မည့်ပုံ ..။ နောက်တော့ .. ချက်ချင်း ခေါင်းလေးပြန်မော့သွားကာ မျက်ရည်များကျလာရင်းမှ ..

"မွှေးထုံကို .. အလကားလာပြီး ဒုက္ခပေးနေတာပဲ .."

ဟု ကလေးလို ပြောလည်းပြော ..။ ငိုလည်းငိုနှင့်နေရာမှ ရုတ်ခြည်း ပြေးထွက်သွားတော့ သူ ငိုင်ကျသွားရပါပြီတည်း ..။

သူသည် .. မွှေးထုံကို .. မြတ်နိုးစွာ .. ချစ်မိနေခြင်းသည် .. အမှန်တရား ဖြစ်ပါ၏။ သူ့နှလုံးသား၏ ရိုးသားမှုတစ်ခုဖြစ်ပါ၏။

ဒါပေမဲ့ .. ထိုသို့ ချစ်မြတ်နိုးနေမိရစိတ်ဖြင့် မွှေးထုံ ထံသို့ .. သူ .. ချစ်ခြင်းဖော့ဖြင့် .. လာနေမိခြင်းသည် မွှေးထုံအား .. ဒုက္ခပေးခြင်းသက်သက် ဖြစ်နေချေသည်ပကား ..။

www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် .. ချစ်ရလွန်းသူလေးအပေါ် .. ဒုက္ခပေးခြင်းသက်သက် .. အတွက် .. ဖြစ်တည်ရချေမည်ဆိုလျှင် ..။ ထိုအချစ်သည် .. ကြေကွဲနာကျင်စွာ .. အဆုံးသတ်လိုက်ရခြင်းအဖြစ် .. နှလုံးအိမ်တွင်းမှာ .. ငိုကြွေးရှိုက်ငင် .. ခေါင်းငုံ့၍သာ နေလိုက်ရချေတော့မည်သာတည့် ..။

ဟုတ်သည် .. ငိုကြွေးရှိုက်ငင်ရင်းဖြင့်သာ .. ငါ့နှလုံးအိမ်တွင်းမှာ နေလိုက်ပါချေတော့ ချစ်မြတ်နိုးခြင်းများ .. ..။

ငိုကြွေးရှိုက်ငင်ခြင်းဖြင့်သာ .. ကျန်ရစ်ခဲ့ပါချေလေတော့ .. ..။

❦ ❃ ❦



## ❦ အခန်း(၁၄) ❦

မျက်ရည်လေးတွေ တဂျကျဖြင့် အိမ်တွင်းသို့ ပြေးဝင်လာသည့် မွှေးထုံကို မြင်တော့ ဘဘကြီးမှာ မျက်နှာအပျက်ပျက်ဖြင့် စိုးရိမ်တကြီး ဆိုဖာထက်မှာလည်း ထိုင်ခိုင်း ..။ တငိုတည်း ငိုနေသည့် မွှေးထုံကို ချော့မော့၍လည်း မေးရနှင့်ဖြစ်သွားရရင်းမှ ..။

မွှေးထုံ ကလေးလေးလိုပဲ မျက်ရည်တကျကျ .. မျက်ရည်လေးတွေ တသုတ်သုတ်ဖြင့် အားလုံး ပြောပြတော့ ဘဘကြီး ငေး၍ မွှေးထုံကို ကြည့်ရှာပါ၏။

"အဲဒါ ... လက်ကျိုးသွားလား မသိဘူး ဘဘကြီး .. လက်တော့ ရောင်နေတာပဲ .. ဘဘကြီးက ခွင့်လွှတ်တယ်လို့ လာပြီး လိမ်ပြောတော့ .. မွှေးထုံ စိတ်လဲဆိုးမိတယ် ဘဘကြီး .. သူ့ကိုလဲ အထင်သေးချင်လာရတာပါပဲ .. တကယ်ဆို .. အဲသလိုတော့ .. သူ လိမ်ညာပြီးပြောဖို့မကောင်းပါဘူး၊ သူ့အဖေ ဆိုးပေမဲ့ .. သူကတော့ လိမ်ညာတတ်မှာ မဟုတ်ဘူးလို့ ယုံထားမိတာ .. ခုကျတော့ ..

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မွေးထုံ .. ပြန်ပြီး ခင်ခင်မင်မင် ဖြစ်အောင်ဆိုပြီးတော့ .. လိမ်ပြောဖို့ ကြိုးစားတယ်လေ .. ဘဘကြီးက သူ့ဖေဖေကို ခွင့်လွှတ်ခဲ့ပါပြီတဲ့လေ .."

ဟု မခံချင်ဖောလေးလည်း ဖြည့်၍ခံစား၊ တွန်းခဲ့မိလေသမျှ လက်ကျိုးသွားပြီလားဟု ခုမှ လန့်လည်းပိုလန့်လာရနှင့် အွန်းမွေးထုံ ပြောတော့ ဘဘကြီးမှ ဆံစလေးတွေကို သပ်ပေးရင်း ..

"သူ ပြောတာ မှန်နေတယ် မိန်းကလေး .. ဘဘကြီးကိုထင်ခိုင့်ကို ခွင့်လွှတ်လိုက်မိပြီးပြီ .. လူလေးလဲ အလွန်ဝမ်းသာကြည်နူးသွားရှာတယ် .. သေသူတစ်ယောက်ရဲ့ တောင်းပန်ခြင်းကို ... ဘဘကြီး .. လက်ခံလိုက်တယ် မွေးထုံ .. သူ သေသွားရှာပြီလေ .. သူ မကွယ်လွန်မီမှာ .. အလွန်နောင်တဖြစ်ခဲ့ရလေသမျှ .. စာရှည်ကြီးနဲ့ တောင်းပန်ခဲ့ရှာတာ .."

ဟု ပြောလည်း ပြောပြ ..။ မွေးထုံ၏ မျက်ရည်ကိုလည်း ဖွဖွညင်ညင် ပြုး၍သုတ်ပေးရနှင့် ရှိသွားရပြီးမှ စားပွဲထက်မှာ တင်ထားဆဲ စာအိတ်ကိုယူကာ စာကိုလုတ်၍ မွေးထုံကို ကမ်းပေးပါ၏။ မွေးထုံ ငိုင်ခနဲ ဖြစ်သွားကာ နှုတ်မှလည်း .. ဟင် .. ဟူသော အသံလေး မသဲမကွဲ ပွင့်ကျလာရသည်က နောင်တဖြင့်ပါ ..။

မွေးထုံသည် ကိုကြီး အပေါ်မှာ တစ်ဖက်သတ်အနိုင်အပိုင် ပြောမိခဲ့ချေပြီထင့် ..။ စာရွက်လေးကိုဖြန့်၍ မွေးထုံ ဖတ်ပြီးသည့်နောက်မှာ မျက်ရည်များ ကျလာရလျက် ..



"ဖြစ်ရလေ ကိုကြီးရယ် .."

ဟု ရင်ထဲမှ အနေခက်စွာ .. အသနားဖက်စွာ .. ညည်းမိရပါပြီ ..။ ဘဘဦးထင်ခိုင်၏စာကို .. ကိုကြီး ယူဆောင်လာရခြင်းသည် .. သေဆုံးကွယ်လွန်ခဲ့ပြီဖြစ်သည့် ဖခင်၏စာကို ယူလာရခြင်းပေမို့ ..။ သားတစ်ယောက် အနေဖြင့် ခံစားရချေမည်သာ ..။

ထိုစာကို ရေးခဲ့သူသည် လောကကြီးမှာ မရှိတော့ပြီ ..။ ထိုကွယ်လွန်သူ၏စာကို .. သားတစ်ယောက်က .. သယ်ယူလာရခြင်းသည် .. မျက်ရည်များဖြင့်သာ ဖြစ်ရပါချေလိမ့်မည်။ ကိုကြီး ရင်ထဲမှာ အဘယ်မျှထိ .. လောင်မြိုက်နေပါချေမည်လဲ ..။

ခုမှ .. ကိုကြီးကို .. ရင်ထဲမှ တောင်းပန်မိရပါသည့်အဖြစ် ..။ စာတစ်စောင်လုံးမှာ .. ဖတ်ရသူ၏ရင်ကို ညှို့ငင်ကြေကွဲစေနိုင်စွမ်းသည်ကတော့ အမှန်ပါ ..။

ဒါပေမဲ့ .. ထူးခြားချက် တစ်ခုကတော့ မွေးထုံ၏ရင်ထဲမှာ ရှိနေသည်။ မွေးထုံကို .. ဘဘကြီးပဲ လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်မို့ ..။ ဘဘကြီး အပေါ်မှာ နိုင်လိုမင်းထက် ပြုခဲ့ပါသည့် ဘဘ ဦးထင်ခိုင်၏ စကားလုံးများကို ဘယ်လိုမှ မွေးထုံ၏ ရင်ထဲမှာ မေ့၍မရနိုင်စွမ်းဘဲ ဖြစ်နေဆဲ ..။ ဘဘဦးထင်ခိုင်၏ တောင်းပန်စာကို ဖတ်ရစဉ်ခိုက် ရင်ထဲမှာ မကောင်းဘဲ ရှိရသည်က သပ်သပ် ..။

မွေးထုံ အလွန်ချစ်ရသော ဘဘကြီးအပေါ် အလွန်ချ၍ .. ကောက်ကျစ်ခဲ့တာ .. အနိုင်ပိုင်း ပြောဆိုခဲ့တာတွေကို ရင်ထဲမှာ မေ့မရနိုင်တာက သပ်သပ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ .. ပြီးတော့ .. မွေးထုံကို .. ဆိတ်ကျောင်းသည့် ကောင်မလေးတဲ့လားလေ။

ထိုသို့ ဘဘကြီး၏ရင်ကို .. မြည့်မြည့်ကျေအောင် ခံစားစေဖို့အတွက် ရက်ရက်စက်စက်ကြီး ပြောချခဲ့သေးသည်ပဲ ..။ နောင်တဖြင့် တောင်းပန်ခြင်းတည်းဟူသော အကြောင်းခံတစ်ခုတည်းဖြင့်.. အရာရာကို သင်ပုန်းချေပေးလိုက်ဖို့ ဆိုတာကတော့ .. မွေးထုံ အတော်ကြီးကို ကြိုးစားယူရပါချေဦးမည် ..။

ဒါပေမဲ့ ..။ သြော် .. ဒါပေမဲ့ .. ကိုကြီးကျတော့.. ဤစာထဲကအတိုင်းဆိုလျှင် .. သေအံ့မူးမူး ခံစားနေရပါသည့် ဖခင်ကို ကြည့်ရင်း အဘယ်မျှထိ ကိုကြီး ကြေကွဲခံစားနေရမည်ဆိုတာ မှုဝေခံစား နားလည်ပေးစိတ်တော့ ဖြစ်တည်ရသည်ပါပဲ။

ဒါပေမဲ့ .. ဘဘဦးထင်ခိုင်ကို .. သွန်းမွေးထုံ .. အားလုံး ပြေပြေသွားစေနိုင်လောက်အောင် .. ခွင့်လွှတ်နိုင်ဖို့ဆိုတာ .. အချိန်တော့ မနည်းကြီး ယူရချေဦးမည်ထင့်။

"သူ ပြောချင်တုန်းက .. ပြောချင်သမျှကို .. မချန်မလှပ်အောင် ရက်ရက်စက်စက် ပြောခဲ့ပြီးပြီ .. ဘဘကြီးကို .. မျက်ရည်ကျအောင် ပြောခဲ့ပြီးပြီ၊ ခုကျမှ .. သူ့သားကို .. မွေးထုံက နားလည်လက်ခံပေးအောင် .. မွေးထုံရဲ့ ရင်ထဲက ကြေကွဲမာနတွေ ကင်းစင်လွင့်ပြယ်သွားအောင် ဘဘကြီးက ကြိုးစားပေးဖို့ ဦးထင်ခိုင်က မှာသွားတယ် .. အဲသလို မှာလိုက်တဲ့ စာလေးတစ်ကြောင်းကြောင့် .. ငါက .. သူ့သားကို .. ခေါင်းညိတ်လက်ခံပေးလိုက်ဖို့ အသင့်ရှိနေတဲ့ သွန်းမွေးထုံ ဖြစ်နေလိမ့်မယ်လို့ .. အဲဒီသူဌေးကြီးဦးထင်ခိုင်



က ထင်နေပုံရတယ် .. သူဟာ .. သူသေရတော့မယ်ဆိုတာ သိရလို့သာ .. သူ့အမှားတွေကို နောင်တဖြစ်တာပါ .. သူသာ ခုလို .. သေခြင်းတရားကို ရင်ဆိုင်ဖို့ ဖြစ်မလာဘူးဆိုရင် .. မာကျောပြီး မျိုးဂုဏ်မောက် .. ငွေဂုဏ်တက်နေတဲ့သူ တစ်ယောက်ပဲ ဖြစ်မြဲဖြစ်နေမှာပါ .. အို .. သူ့ကိုတော့ .. ငါမမေ့နိုင်ဘူး .. သူ ပြောခဲ့တာတွေ .. ဘဘကြီးကို ပြောခဲ့တာတွေကို .. မွေးထုံ လွယ်လွယ်နဲ့ မေ့မရနိုင်ဘူး .."

တွေးနေရင်းဖြင့် မွေးထုံ၏ မျက်နက်ဝန်းလေးတွေ လက်လာသည်။ စာလေးကိုခေါက်၍ စာအိတ်လေးထဲ ပြန်ထည့်နေသည့် မွေးထုံကို ဘဘကြီး ကြည့်နေရင်းမှ ခေါင်းခါသည်။ ဆံစလေးတွေကို သပ်ပေးလာရင်းမှ ..

"သေသူတစ်ယောက် အပေါ်မှာ အာဃာတဆိုတာ မထားအပ်ဘူး လုံမ .. သူ .. နောင်တရသွားပြီ .. အလွန်တရာကိုမှ .. စိတ်ထဲ မကောင်းဖြစ်ခဲ့ရှာပြီ .. ဘဘကြီးကိုလဲ .. ခခယယ တောင်းပန်ခဲ့ရှာပြီ .. အဲဒါကို ဘဘကြီးတို့ ရင်ထဲမှာ ထားရမယ် .. ကျန်တာတွေကို ဖယ်ရှားပစ်လိုက်တော့ .. ဘဘကြီး ကိုယ်တိုင်က .. ဒီအိမ်မှာနေရင်း .. သူ့ကို .. နာကြည်းနေစိတ်ကို အမြဲရှင်သန်နေစေရမယ်လို့ မွေးထုံကို ပြောခဲ့ဖူးတယ် .. ဒါပေမဲ့ .. လက်ရှိအချိန်မှာကျတော့ .. သူဟာ .. နောင်တနဲ့ ကွယ်လွန်သွားသူတစ်ယောက် ဖြစ်နေပြီမို့ .. ဘဘကြီး ခွင့်လွှတ်ခဲ့တယ် .. ခွင့်လွှတ်နိုင်ခဲ့တယ် .. ခွင့်လွှတ်ခြင်း ဆိုတာ .. ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



မာကျောနေတဲ့ နာကြည်းမှုကိုပဲဖြစ်ဖြစ် .. အချိန်ကာလတစ်ခုမှာ .. အခြေအနေတစ်ခုမှာ .. အဲဒီနာကြည်းသူရဲ့ ရင်ထဲကို .. အပ်နှင်းနိုင်စွမ်းတယ် လုံမ .. အဲသလို .. ခွင့်လွှတ်လိုက်ခြင်းဟာ .. ကျန်သူအတွက်ရော .. ကွယ်လွန်သူအတွက်ပါ .. အေးချမ်းပါတယ် မွေးထုံ .."

ဟု ပြောလာတော့ မွေးထုံ ခေါင်းလေး ငုံ့ချကာ ငြိမ်သက် နားထောင်နေရပေမယ့် .. ဘဘကြီး မျက်ရည်ကျခဲ့တာကို မမေ့နိုင်ဘဲ ရင်ထဲမှာ တင်းခံနေတာက ဆိုးနေသည်။

မွေးထုံ အလွန်ချစ်သော ဘဘကြီးကို မျက်ရည်ကျအောင် လုပ်ခဲ့သူ တစ်ယောက်ကို .. ဘဘကြီးက ခွင့်လွှတ်နိုင်သည်ပဲထား ..။ မွေးထုံ .. မေ့ဖျောက်မရနိုင်အောင် နာကြည်းခြင်းက ရင်ထဲမှာ အစိုင်အခဲ တစ်ခုအဖြစ် လောလောဆယ်မှာ ရှိနေဆဲပါ ..။ ဒါပေမဲ့ .. ရင်ထဲမှာ ရှိနေတာကို မွေးထုံ ဖွင့်မပြောတော့ပါ ..။

ဘဘကြီး ပြောနေသမျှကိုသာ မွေးထုံ ငြိမ်နားထောင်သမား လုပ်နေသည်မို့ ဘဘကြီးကလည်း ရိပ်မိပုံရသည်။ ဘဘဦးထင်ခိုင် အပေါ် .. ခုထိ .. နာကြည်းခြင်းက ဖြေမရ ပြေမရဘဲ ဖြစ်နေဆဲဟု ..။

"ကဲ .. မွေးထုံလေး .. ဘဘကြီးနဲ့ အတူလိုက်ခဲ့ .. စားကျက်ကို သွားရအောင် .. ဟိုမှာ လူလေး ရှိနေလိမ့်မယ်လို့ ဘဘကြီး ထင်တယ် .. သူ .. အဲဒီနေရာက ထွက်သွားနိုင်မှာ မဟုတ်ဘူး .. လုံမရဲ့ ဆိတ်လေးတွေ ပျောက်ကန်မှာ သူ စိုးရိမ်ပြီး .. အဲဒီမှာ သူ ရှိနေလိမ့်မယ် .."



ဟု ပြောလာတော့ မွေးထုံ ရင်ထဲ ပို၍မကောင်းနိုင် ..။ ကိုကြီး အပေါ်မှာတော့ မွေးထုံ အတန်အသင့် စိတ်ထဲ ဖြေယူနိုင်ဖို့ ကြိုးစားလိုက်နိုင်လာတာကို မိမိဘာသာလည်း အံ့သြစွာ နားလည်လာနေမိရပါပြီ ..။ အရမ်းကာရောကြီး တွန်းပစ်ခဲ့တုန်းက .. တစ်ခွန်းမျှ ရန်စကား မဆိုဘဲ ကြေကွဲမျက်ဝန်းများဖြင့် လှမ်းကြည့်ခဲ့ပါသည့် ကိုကြီး၏ မျက်ဝန်းများကို မွေးထုံ ခုမှပို၍ ဘာကြောင့် အမှတ်ထင်ထင် ဖြစ်ဖြစ် လာနေရပါသတဲ့လဲ ..။

တကယ်တော့ .. ဘဘဦးထင်ခိုင်အပေါ်မှာ နာကြည်းခြင်းများသည် .. ကိုကြီးအပေါ်မှာ မပတ်သက်သင့်တာကို .. မွေးထုံ ပို၍နားလည်လာနေရသည်ပါပဲ ..။ ဘဘကြီးကပင်လျှင် ဘဘဦးထင်ခိုင်ကို ခွင့်လွှတ်နိုင်နေသေးသည့်အချိန်မှာ ..။ မွေးထုံက .. ကိုကြီးကို ခွင့်လွှတ်ပေးဖို့ .. ဘာကြောင့် .. ခက်ခဲနေရပါသည်တဲ့လဲ ..။ ဟင့်အင်း ..။ ခွင့်လွှတ်နေလျှင်သော်မှ .. မွေးထုံ ခွင့်ဟာဝန်မခံချင်ပြန် ..။ ဦးထင်ခိုင်သည် .. မွေးထုံ အမုန်းဆုံးသူတစ်ယောက် ဖြစ်ခဲ့ဖူးပြီ ..။ အနာကြည်းဆုံး လူတစ်ယောက်ဖြစ်ခဲ့ဖူးပြီ။

ခုထိလည်း .. ထိုနာကြည်းမှုကို အလွယ်တကူ ဖယ်ရှားပစ်လိုက်နိုင်ဖို့ မလွယ်ကူနိုင်စွမ်းပဲ ဖြစ်နေဆဲ ..။ ဤသို့ ဖြစ်နေရသည့်အတွက် .. မွေးထုံကို စိတ်ဓာတ်အရာ မာကျောခြင်းထန်လွန်သူဟု စွပ်စွဲလိုက စွပ်စွဲကြစေတော့ ..။ နာကြည်းမှုသည်က .. နာကြည်းရသူ၏ ရင်ထဲမှ နက်ရှိုင်းမှုကို .. ကာယကံရှင်ကသာလျှင် အတိမ်အနက်ကို သိနိုင်ကြချေသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



မွေးထုံ .. နေရာမှာ ကျောက်ဆစ်ရုပ်လေးနှယ် ငြိမ်
ခြင်းမဟာ ငြိမ်နေရင်းမှ ရင်သည် ရှုပ်ထွေးနောက်ကျိုလာနေရ
ပြီ ..။ ဤသည်ကို .. လောင်မြိုက်မှုတစ်ခုဟု ဆိုလျှင် .. ထို
လောင်မြိုက်မှုကို .. မွေးထုံ .. လောလောဆယ်မှာ လက်ခံလို
ရုံပဲ တွက်နိုင်စွမ်းသည်။ ဘဘဦးထင်ခိုင်ကို .. မွေးထုံ ခွင့်မလွှ
နိုင်သေးဘဲ ရှိနေဆဲ ..။

"ကဲ .. ကဲ .. ခဏနား .. ရေလေးသောက်လိုက် .. နေ
နေ .. ဘဘကြီး ရေယူလာပေးမယ် .. ဒီမှာ ထိုင်နေ
ဟုတ်ပလား .. စိတ်ငြိမ်အောင် ရေအေးလေးသောက်
သွေးဆေးလေးသောက် .. ပြီးရင် .. ဘဘကြီးတို့ .. ရ
လေးဆီ လိုက်သွားကြရအောင် .. ခမျာ .. အဖေ ဆုံးထ
ရှာတယ် မိန်းကလေး .. သူ့ရင်ဟာ မီးဟပ်သလို ခံစာ
နေရရှာတာကို နားလည်ပေးရမယ် .. လောင်မြိုက်တယ်
ဆိုတာ .. နှလုံးအိမ်ကို လောင်မြိုက်စေတဲ့ အရာက
အဆိုးဆုံးပေပဲ .."

ဟု ပြောလည်းပြော ..။ တကယ်လည်း ဘဘကြီ
ရေအေးအေးနှင့် သွေးဆေးကို မွေးထုံကို တိုက်သည်မို့ သော
လိုက်ရသည်ပါပဲ ..။

နောက်တော့လည်း .. ဘဘကြီး စောင့်ခေါ်နေတ
မို့ မွေးထုံ စားကျက်လေးဆီသို့ ပြန်ခဲ့ရပါသည့်အဖြစ် ..။ တကယ်
ပဲ .. ကိုကြီးကို .. သစ်ရိပ်အောက်မှာ ထိုင်နေတာ .. ခပ်လှမ်
လှမ်းကတည်းက .. တွေ့ရပါသည့်အဖြစ် ..။ ကိုကြီးသည် ပ
စည့်ကိုမှီ၍ ထိုင်နေသည်။ မွေးထုံတို့ဘက်ကို မကြည့်။ ဆိတ်အု



ဆီသို့သာ ငေးကြည့်နေတာကို မြင်ရပါ၏။ ခုလိုကျတော့လည်း
မွေးထုံ၏ ဆိတ်လေးတွေ မပျောက်အောင် ကိုကြီး စောင့်ပေးနေ
ခြင်းဆိုတာ နားလည်ရတာမို့ အားနာမိရ .. စိတ်ထဲမကောင်း
ဖြစ်ရနှင့် မွေးထုံ ရှိသွားရသည်ပါပဲ ..။ မွေးထုံသည် .. စိတ်ကြမ်း
ကိုယ်ကြမ်းကြီးနှယ် ရှိသွားရသည်ပဲ .. ဟု ခုမှ .. မိမိဘာသာ
သည်း ရှက်စိတ်သည်းရပြန်သည်။ ဘာကြောင့်ဆို .. ကိုကြီးကို
စိတ်လိုက်မာန်ပါကြီး တွန်းပစ်လိုက်မိသည် မဟုတ်ပါလား။ ပြီး
တော့ .. ကိုကြီး၏ လက်မှဒဏ်ရာကိုလည်း နည်းနည်းလေးမှ
ကြည့်ခဲ့ ..။ ကိုကြီးကို ကြည့်ဖို့နေနေသာသာ ..။ ချန်ထားပစ်
ခဲ့လျက် ကိုယ့်အိမ်ကို .. ကိုယ်ပြန်ချလာလိုက်သေးသည့်အဖြစ် ..။
ညေ့်မျှအထိ မသိဆိုးဝါးခဲ့ပါသလဲ။ ဘဘကြီး၏ နောက်မှ ကပ်
လိုက်လာသည်ကိုက .. ဘဘကြီး၏ ကိုယ်ကြီးနှင့် ကွယ်ထားချင်
၍ပါ ..။ ခြေသံကြား၍ထင့် ..။ ကိုကြီး လှည့်ကြည့်လာတော့
ဘဘကြီးနှင့် မွေးထုံကို တွေ့တော့ .. အားယူ၍ ဘဘကြီးကို ပြုံး
ပြရှာပါ၏။ ဆံစတို့ ပြိုဝဲနေလျက် အရမ်းကို သိသိသာသာကြီး
ဒိန်ကျသွားပါသည့် ကိုကြီးကို ခုမှပို၍ သတိထားမိလာရသည်က
မွေးထုံပါ ..။

"သူ့မှာ အဖေဆုံးခဲ့တယ် ဆိုတာကို မွေးထုံ သိသိကြီးနဲ့
သူ့ကို သနားဖို့ထက် .. မွေးထုံ စိတ်နာနေရတာတွေကိုပဲ
ရင်ထဲမှာ ရှေ့တန်းတင်မိခဲ့ပါလား .."

ဟု ခုမှ .. တွေးမိရရင်း ပို၍ အနေခက်ရသည်က
မွေးထုံပါ ..။ ဘာကြောင့်ပဲ ဖြစ်ဖြစ်။ ကိုကြီး အပေါ်မှာတော့
မွေးထုံ လူမှုရေးလေးလောက်တော့ ထားသင့်သည်ပေါ့။ အကယ်

www.burmeseclassic.com

www.burmeseclassic.com



မျှထိ ဆိုးဝါးခဲ့ပါသလဲဆိုလျှင် .. ဘဘကြီးနှင့် ကိုကြီး တွေ့
သည် ဆိုတာကိုပင် မယုံကြည်ဘဲ နေပြခဲ့သေးသည့် အဖြစ် ..
မွေးထုံက .. ဘဘကြီးသည် .. ဘယ်သောအခါတွင်မှ .. ဘဘ
ဦးထင်နိုင်နှင့် ကိုကြီးတို့ကို .. အပတ်သက်ခံတော့မှာ မဟုတ်
ယုံကြည်ထားမိ .. နားလည်ထားမိရသည်ကိုးလေ ..။

"ဘဘကြီး လိုက်လာတာကိုး .. မွေးထုံကို အဖြစ်မပြော
နဲ့ ဘဘကြီးရယ်၊ သူက .. ကလေးပဲ .. သူ့ လက်မခံနိုင်
တာကို .. ကျွန်တော်က .. နားမလည် ပါးမလည်နဲ့ ..
ဖွတ် .. ခွင့်လွှတ် နားလည်ပေးနိုင်းနေမိခဲ့တာကိုး၊ သူ ..
ဒီလောက် တိုတောင်းတဲ့ အချိန်လေးမှာ .. အားလုံး
လက်ခံ .. ခွင့်လွှတ်ပေးလိုက်ဖို့ ဆိုတာကတော့ .. အချိန်
က သိပ်ကို တိုတောင်းလွန်းနေတယ်လေ .. အဲဒါကို ..
ကျွန်တော် တစ်ချက် သတိလစ်သွားခဲ့တာပါ .."

ဘဘကြီး မျက်နှာထားတင်းလျက် မွေးထုံကို အပြ
တင်တော့မယောင် ကြည့်လိုက်တာ မြင်တာနှင့် ကမန်းကတန်း
သူ့ လက်ကာ၍ ကသောကမျော ဝင်ပြောတော့ ဘဘကြီးရို့
မွေးထုံကို မျက်မှောင်ကုတ်၍ ကြည့်လာပါ၏။ မွေးထုံ ခေါင်းလေး
ပင် မဖော်ရဲ ..။ ကိုကြီးကိုလည်း တစ်ချက်နိုး၍ ကြည့်မိသည်
မျက်နှာမလန်းဘဲ အားယူပြုံးပြလာပါသည့် ကိုကြီးကို ပြန်၍
တုံ့ပြန်ပြုံးမပြရဲ ..။ ခေါင်းလေး ပြန်ငုံ့ချမိသည်က မွေးထုံပါ ..

"မွေးထုံရဲ့ ဆိတ်လေးတွေ ပျောက်သွားမှာစိုးလို့ ကျွန်တော်
စောင့်ကြည့်ပေးနေတာပါ .. ခု .. မွေးထုံလဲ ရောက်လာပြီ
မို့ .. ကျွန်တော် ပြန်ပါမယ် ဘဘကြီး .. မနက်ပြန် ..



ကျွန်တော် ရန်ကုန်ပြန်တော့မှာမို့ ဘဘကြီးကိုလဲ ကျွန်တော်
ကန်တော့နှုတ်ဆက်ခဲ့ပါတယ် ခင်ဗျာ .."

ဟု ပြန်ဖို့ ဆုံးဖြတ်ထားပြီးသည့် ကိုကြီး၏ ညှိုး
ပျော့ပျော့ မျက်နှာကို မွေးထုံ တစ်ချက် လှမ်းကြည့်မိရင်းမှ ..

"ကိုကြီးက .. ပြန်တော့မှာကိုး .."

ဟု တွေးမိလာရပါပြီ။ ခုလိုကျတော့လည်း ရင်ထဲ
ကောင်းပြန် ..။ ကိုကြီး၏ နှလုံးအိမ်တွင်းမှာ မွေးထုံနှင့် ပတ်
သက်လာလျှင် စိတ်ရှည်ခွင့်လွှတ်နိုင်စွမ်းခြင်း ဆိုတာက အမြဲရှိ
နေနိုင်သည်ပဲ .. ဟု နားလည်လာရလေလေ ..။ ရင်ထဲ အနေရ
ခက်ရလေလေပါ ..။ ကိုကြီး မြက်ခင်းထက်မှာပဲ ဘဘကြီးကို
ကန်တော့နေတာ မြင်တော့ ရင်ထဲမကောင်း။

စောစောကပဲ မွေးထုံ ကိုကြီးကို မျက်ရည်ကျရင်း
အော်ပြောမိခဲ့သည်လေ ..။ မွေးထုံကို လာ၍ဒုက္ခပေးနေသည်ဟု ..။
ကိုကြီး .. မွေးထုံကို ဒုက္ခမပေးတော့ပါ .. ဆိုသည့် သဘောဖြင့်
ပြန်သွားခြင်းပေလားလေ ..။ ခုလိုကျတော့လည်း မွေးထုံ မျက်နှာ
လေး ငယ်ကျရင်း ခေါင်းလေးတွင်တွင် ငုံ့ချထားမိရသည်ပါပဲ ..။

"သာဓု .. သာဓု .. သာဓုပါ လူလေးရယ် .. ဤသို့ ကန်
တော့ခြင်းကြောင့် .. လူလေး မြတ်နိုးရာ မိန်းကလေးနဲ့
ရက်ပိုင်းအတွင်း .. မင်္ဂလာပွဲ ဖြစ်မြောက်ရပါစေကွယ် .."

ဟု ဆုပေးလာပါသည့် ဘဘကြီး၏ အသံကြောင့်
သူ့မျက်ဝန်းတွေမှာ မယုံရဲနိုင်ခြင်း ဆိုတာတွေ ဖျတ်ခနဲ ပေါ်လာ
ရ ..။ မွေးထုံကိုလည်း စိတ်ဆိုးချေတော့မည်ပဲ .. ဆိုသည့်စောင်
စိတ်လှုပ်ရှားစွာ လှမ်းကြည့်လိုက်ရနှင့် ဖြစ်သွားရပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ..။ ဘဘကြီးသည် .. ဘဘကြီးသည် .. မွေးထုံနှင့် သူ့ကို မကြာမီ ရက်ပိုင်းအတွင်းမှာ .. ထိမ်းမြားပေးတော့မည်ဟု ဆုံးဖြတ်စကားကို .. အသိပေးခဲ့ချေပြီတကား ..။

"ဟင် .. ဒီလောက်အမြန်ကြီး မွေးထုံကို လက်ထပ်ပေးတော့မယ် .. ဟာ .. မဟုတ်တာ ဘဘကြီးရယ် .. မွေးထုံ .. မွေးထုံ .. လက်မထပ်ချင်ဘူး .."

ဟု ချက်ချင်း ပြောချလာပါသည့် မွေးထုံ ..။ အသံလေးတွေ တုန်ခါနေရင်း မျက်နှာလေး ပျက်ကျနေကာ မျက်ရည်တွေ ဝဲတက်လာနေတာကို သူ မြင်နေရတော့ ရင်ထဲမကောင်းနိုင်။

"မဟုတ်တာ ဘဘကြီးရယ် .. မွေးထုံလေး စိတ်ညစ်အောင် မလုပ်ပါနဲ့ဗျာ .."

ဟုလည်း မပြောရဲ ..။ ပြောလိုက်ပြန်လျှင်လည်း .. ဘဘကြီး စိတ်ခုသွားမှာ သူ စိုးရိမ်သည်။ ဘဘကြီး သဘောမှု စကားကို ပြောလာစဉ်ခိုက် .. သူက ငြင်းသလိုကြီး ဖြစ်သွားချေမည်ကိုးလေ ..။ ငြိမ်နေပြန်တော့လည်း .. မွေးထုံ စိတ်မပါတာကို .. သူ ခွတ်ရှေ့တိုးသလိုကြီး ဖြစ်တော့မည် ..။

"ဘဘကြီး .. ဆုံးဖြတ်ပြီးပြီ မွေးထုံ .. ထင်ခိုင် အလွန်အမင်း မျှော်လင့်တောင့်တခဲ့ရှာတဲ့ အဖြစ်တစ်ခုကို .. သူ့စာဖတ်ရတဲ့ ဒီနေ့မှာပဲ .. ဘဘကြီး ဖြည့်ဆည်းလက်ခံပေးခဲ့တယ် ဆိုတာကို .. ဘဘကြီး ဖြစ်တည်ချင်တယ် .. သူ မရှိတော့ဘူး မွေးထုံ .. သူ ဖြစ်ချင်တာကို .. ဘဘကြီး လက်ခံပေးဖို့ တာဝန်ရှိတယ် .. ဖြစ်အောင် လုပ်ပေးဖို့ တာဝန်ရှိတယ် .. လူလေးဟာ လူကောင်း သူကောင်း



တစ်ယောက် ဖြစ်သေတာမို့ရော .. မွေးထုံကို တကယ်မြတ်နိုးရှာတယ် ဆိုတာကို သိတဲ့အတွက်ရော .. လက်ခံပေးတာလဲ ပါပါတယ် .. ပြီးတော့ .. ဘာလို့ ဒီနေရာမှာ .. ဒီလက်ခံစကားကို ပြောလိုက်တော့မယ်လို့ .. ဘဘကြီး ခုပဲ ဆုံးဖြတ်လိုက်မိရတာကလဲ .. အကြောင်းရှိတယ် .. ဒီနေရာလေးဟာ .. သစ်ရိပ်လေးတစ်ခု ဖြစ်နေတယ် .. လူလေးရဲ့ဖေဖေ ဆောက်ပေးခဲ့တဲ့ အိမ်ရိပ်မဟုတ်ဘူး .. သူ့အရိပ်မှာမို့ .. သူ့ဩဇာသျောင်းတဲ့ ဆုံးဖြတ်ချက်တစ်ခု အဖြစ် မရှိရစ်ရအောင် .. ဒီသဘာဝ .. သစ်ရိပ်လေးအောက်မှာ .. ဘာအခင်းအကျင်း အဆောင်အယောင်မှ မရှိတဲ့ မပါတဲ့ နေရာလေးမှာ .. ဒီမင်္ဂလာစကားကို ဘဘကြီး ရွေးချယ်ပြောခဲ့ခြင်းပေပဲ လူလေး .."

ဟု ပြောနေပါသည့် ဘဘကြီးကို သူ မော့ကြည့်ရင်းမှ ..

"ကျွန်တော် မြတ်နိုးတာဟာ .. မွေးထုံကို ဖြစ်ပါတယ် ဘဘကြီး ခင်ဗျာ .. ခုလို အေးမြတဲ့ နေရာလေးတစ်ခုမှာ .. ဒီမင်္ဂလာစကားကို ကြားရခြင်းဟာ .. ကျွန်တော့်ရဲ့ရင်ကို အေးချမ်းစေနိုင်ကြပါပြီ ဘဘကြီးရယ် .."

ဟု မော့ပြောမိရင်း မွေးထုံကို ကြည့်မိရပါ၏။ မွေးထုံ ခေါင်းယမ်းနေသည်။

"မွေးထုံ .. ဘဘကြီး ပြောမယ် .. အကွက်ချ စီမံခဲ့တဲ့ ထင်ခိုင် ဆိုတာ ကျန်ခဲ့ပြီ .. ခု .. ဘဘကြီးတို့ နေနေတဲ့ အိမ်ဟာ .. သူ ကြည်ဖြူတဲ့ အိမ်တစ်လုံးလို ဖြစ်ခဲ့ပြီ ..

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို နားလည်ပေးဖို့လိုတာယ် မိန်းကလေး .. သူ .. ကွယ်လွန်သွားလုဆဲဆဲ အချိန်မှာ .. ဘဘကြီးတို့အပေါ် တောင်းပန်ခဲ့တာကို .. သူ့စာမှာ ဖတ်ရရင်း .. ဘဘကြီး ရင်ထဲမကောင်းနိုင်တော့ဘူး .. သူ ဖြစ်ချင်တာကို .. အမြန်ဆုံး ဘဘကြီး စီစဉ်ဆောင်ရွက်ပေးဖို့ ဆုံးဖြတ်တယ် မိန်းကလေး၊ မွှေးထုံကို .. ဘဘကြီးဟာ ဘယ်တော့မှ .. ဒုက္ခပေးမယ့်သူ မဟုတ်ဘူး ဆိုတာ ယုံကြည်တယ်ဆိုရင်တော့ လက်ခံရလိမ့်မယ် .. မယုံကြည်ရင်တော့ .. သဘောပါ .."

ဟု ဘဘကြီး ပြောစဉ်ခိုက် မွှေးထုံ မျက်ရည်များ ကျလာရင်းမှ ..

"မွှေးထုံက ကလေးငယ်စွာ .. ချက်ချင်းကြီး လက်ထပ်ပေးဖို့ကိစ္စ .. မွှေးထုံ .. ဘယ်လို ခေါင်းညိတ်ပေးနိုင်ပါ့မလဲ ဘဘကြီးရဲ့ .. သူကလဲ .. ငြိမ်နေတာပဲ .. ဝင်ပြောပေးပါလား .."

နှုတ်ခမ်းလေး မဲ့လာရင်းမှ ကလေးလို ငိုနေရင်း မွှေးထုံ ပြောလည်းပြော ..။ သူ့ကိုလည်း မျက်စောင်းကြီး ထိုးကြည့်ရင်း ရန်ထောင်ပြောလာတော့ သူ ခေါင်းညိတ်ရင်းမှ ..

"ဟုတ်ပါတယ် ဘဘကြီးရယ် .. မွှေးထုံ စိတ်ထဲမပါရင် သူ့ကို .. စိတ်ဆင်းရဲအောင်လုပ်ရာ ရောက်နေပါ့မယ် ခင်ဗျာ .."

ဟု ပြောပေးရသည်ပါပဲ ..။

"အေးလေ .. ဒါဖြင့် .. မနက်ဖြန် ပြန်မယ်မဟုတ်လား .. ပြန်လေ၊ ဘဘကြီးလဲ .. တာဝန်ကျေပြီပဲ .."



ဟု ခပ်အေးအေး ဘဘကြီး ပြောတော့ သူ လန့်လန့်ဖျပ်ဖျပ်ဖြင့် ..

"မဟုတ်ပါဘူး ဘဘကြီးရယ် .. ကျွန်တော်က .. မွှေးထုံ စိတ်ညစ်နေမှာ စိုးလို့ပါ .. သူ စိတ်ဆိုးနေရင် .. ကျွန်တော် နေမထတ်လို့ပါ .. ဘဘကြီး စီမံတာကို .. ကျွန်တော် .. နာခံပါ့မယ် ခင်ဗျာ .."

ဘဘကြီး စိတ်ထဲမျက်သွားမှာ ကြောက်စိတ်ဖြင့် သူဟန်မဆောင်နိုင်စတမ်း တောင်းပန်သလို ပြောတော့ ဘဘကြီး ခပ်ဖွဖွပြုံးသည်။ မွှေးထုံကိုလည်း ခပ်တည်တည်ကြည့်ရင်းမှ ..

"စောစောက .. တွန်းပစ်ခဲ့လို့ .. ဟိုမှာ လက်နာသွားရှာပြီ .. ဒီနေရာမှာ ပြုမိတဲ့ အပြစ်ကြောင့် .. ဒီနေရာမှာပဲ ထိုင်ကန်တော့ .. အခု ပြန်ကန်တော့တောင်းပန် .. နောက်ကို .. လူလေးကို .. မရိုမသေ .. ဘယ်တော့မှ မပြောဆိုရဘူး .. မပြုမူရဘူး .. ကြားရဲ့လား .. သူက .. လုံမထက် အသက်လဲကြီးတယ် .. ပညာလဲတတ်တယ် .."

ဟု ပြောတော့ မွှေးထုံ စိတ်ဆိုးမှာ စိုးလွန်း၍ သူ အပျာသလဲဖြင့် ...

"သူ ပိုစိတ်ရှုပ်နေပါ့မယ် ဘဘကြီး ခင်ဗျာ .. မကန်တော့နဲ့ မွှေးထုံ၊ မကန်တော့နဲ့ .. ကိုကြီးက ခွင့်လွှတ်ပြီးသားပါ .. ဟာ .. မဟုတ်တာ .. ကန်တော့နေပြီကွာ .."

မွှေးထုံ စိတ်ဆိုးမှာစိုး၍ လက်တကာကာဖြင့် သူ တားနေရင်းဖြင့်ပဲ .. မွှေးထုံ မျက်နှာလေး မှုန်တေတေဖြင့် ထိုင်ကန်တော့တာကို သူ ခံလိုက်ရပါပြီတည်း ..။

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပြီးတာနှင့် မွေးထုံ ဆိတ်လေးတွေကို သွားမောင်းပြီး အိမ်တန်းပြန်တာမို့ သူ မျက်နှာငယ်လေးဖြင့် သစ်ရိပ်အောက်မှာ အနေခက်စွာ ကျန်ခဲ့သည်ပါပဲ ..။

ဒါပေမဲ့ .. သူ .. ဝန်ခံရပါမည် ..။

ဘယ်တော့မှ မဆုံနိုင်စွမ်းတော့ပြီကော .. ဟု မွေးထုံ လင့်ချက်များ ပျောက်ဆုံးခြင်းမက; ပျောက်ဆုံးခံစားရင်း မျက်ရည် ကျိတ်ကျနေခဲ့ရပါသည့် စောစောက ဝေဒနာနေရာမှာ .. ချစ်ရသူ လေးကို .. လက်တွဲခွင့် ရချေပြီကော .. ဟု သိနေရခြင်းဖြင့် .. ရင်သည် .. ချမ်းမြေ့နေရချေသည်တကား ..။

တစ်ကိုယ်ကောင်းဆန်ခြင်း မဟုတ်ပါ မွေးထုံ ရယ် ..။

ချစ်လွန်း၍ပါ ကောင်မလေးရယ် ..။

ချစ်ရသူလေးကို .. တစ်ဘဝတာ လက်တွဲခွင့်ရနိုင် ဖို့အတွက် .. သူ .. ဘာကိုပဲ အပ်နှင်းရ .. အပ်နှင်း၏ .. သူ အပ်နှင်းရဲပါသည် ..။ အတ္တကြီးသူအဖြစ် .. စွပ်စွဲလျှင်သော်မှ .. ကြေကွဲကြေမြည့်နေသည့် မျက်ရည်ကို ရင်မှာသိမ်းရင်း .. ထိုအမည် ဆိုးကို .. ကျေနပ်ကြည်ဖြူ လက်ခံယူလိုက်တော့မည်ဟု .. ရင် မှာ ခံယူလိုက်မိရသည်ကို .. ဝန်ခံလိုက်ချင်ပါသည် မွေးထုံငယ် ..။ လောလောဆယ်မှာ .. ထိုအတ္တသည်ပင်လျှင် .. ရင်မှာ ဖြစ်တည် လာနေရပြန်ချေသည်ကောလေ ..။

အချစ်ကြောင့် ဖြစ်တည်သော အတ္တသည် .. မကြမ်း တမ်းပါ မွေးထုံ ..။ သိမ်မွေ့နက်ရှိုင်းသော အချစ်ကို အရင်းတည် ၍ဖြစ်သော အတ္တသည် နုလုံးသားဆီမှ .. မွေးမြသင်းထုံသော ..



ချစ်ဥယျာဉ်ကြီး တစ်ခုကိုပင် ဖြစ်တည်ဖန်ဆင်းနိုင်စွမ်းပါသည် တည့် ..။

ဩော် .. ပန်းဥယျာဉ်ဆီမှ .. ပန်းတို့သည်လည်း .. ပန်းတို့သဘာဝ .. လှပမွေးမြရချေသည်မို့ .. အတ္တပန်းတစ်ပွင့် ကို .. မပန်ဆင်နိုင်သေးလျှင်သော်မှ .. ရနံ့ကိုတော့ဖြင့် မွေးမြ ရှိုက်နမ်းကြည့်သင့်ပါသည့် မွေးထုံငယ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"သာဓု .. သာဓု .. သာဓုပါကွယ် .. ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ .. မေတ္တာအလင်း ပြည့်ဝကြပါစေ .. သစ္စာတရား ပြည့်ဝကြပါစေ .. ကြီးပွား ချမ်းသာ ဘေးဘယာ ကင်းရှင်းကြပါစေ .. သားလိမ္မာ သမီးလိမ္မာ ထွန်းကားကြပါစေ .. ကျန်းမာခြင်း ချမ်းသာခြင်း .. အလှူရေစက် လက်နှင့်မကွာ ရှိကြရခြင်းတို့ဖြင့် ရှိကြရပါစေကွယ် .."

ဘဘကြီး၏ကို ကန်တော့နေရင်း ဘွန်းမွှေးထုံ ရင်ထဲမှာ ငိုချင်နေတာပဲ ရှိနေသည်။ ဘဘကြီးကတော့ ဆိုဖာထက်မှာ အေးချမ်းတည်ငြိမ်စွာ ထိုင်နေရင်း ကြည်ကြည်နူးနူး ပြုံးကာ ကိုကြီးနှင့် မွှေးထုံကို ကြည့်နေပါ၏။

ဘေးမှာရှိနေပါသော ကိုကြီးကို မွှေးထုံ ငဲ့မကြည့်။ မွှေးထုံမှာ .. ခင်ပွန်းသည်ဟူ၍ ရှိလာချေပြီတကား ..။ ထိုသူ၏ အရိပ်မှာ သေတပန် သက်တဆုံး နေသွားရချေဦးတော့မည် ..။ မွှေးထုံ ရင်ထဲမှာ နာနာကြည်းကြည်း ရှိနေရလွန်းပါသည့် သူ



တစ်ယောက်၏သားနှင့် သေတပန် သက်တဆုံး နေသွားရမည့် အဖြစ်သည် ကြည်နူးဖွယ် ရှိနေနိုင်စရာ လမ်းမရှိ ..။ ဒါပေမဲ့ .. ဘဘကြီးက .. မွှေးထုံကို .. ကိုကြီးနှင့် နေရာချပေးခဲ့ပြီးပြီ ..။ အိမ်မှာပဲ အကျဉ်းရုံး၍ လက်ထပ်ဖြစ်ခဲ့ပါသည့် မင်္ဂလာပွဲသည် ဤနေ့မှာ ပြီးမြောက်ခဲ့ပြီတည့် ..။

မနက်မှာ သံဃာတော် အရှင်သူမြတ်တို့အား မင်္ဂလာ ဆွမ်းကပ်သည်။ သံဃာတော်ငါးပါး အိမ်သို့ပင့်ဆောင်ကာ အရုဏ်ဆွမ်းကပ်ခဲ့ခြင်းပါ ..။

နောက်တော့ .. စက်ရုံအလုပ်သမားများ၊ အနီးဝန်းကျင်မှ သစ်တောခြံရှင်များ၊ ရွာသားများကို ဖိတ်ကျွေးသည့် မင်္ဂလာပွဲသည် နေ့လယ်မှာ ပြီးစီးခဲ့ပါ၏။

အုန်းထမင်းနှင့် ကြက်သားပေါင်း၊ ပဲဟင်းရည်ချို သခွားသီးသုပ်တို့ဖြင့် အားလုံးကတော့ စားမြိန်ကြသည်သာ ..။ လက်ဖွဲ့တွေ ဘာတွေလဲ တတ်နိုင်စွမ်းသမျှ ယူဆောင်လာကြရှာ သည်ပါပဲ ..။ မွှေးထုံတို့ ဆိုတာက .. ရွာသားတွေပဲလေ ..။

ချမ်းသာကြသည်မှ မဟုတ်ကြချေသည်ပဲ ..။ ဒါပေမဲ့ လက်ဖွဲ့လေးတွေတော့ ယူလာကြရှာသည်သာ ..။

"အင်း .. ကိုထင်နိုင် ဆုံးပါးခဲ့တာလဲ မကြာသေးတာမို့ မင်္ဂလာပွဲကို အရမ်းချဲ့ပြီး မလုပ်ဖြစ်ခဲ့ကြရတာကို .. လူလေးလဲ ရင်ထဲ ကောင်းနိုင်မှာ မဟုတ်ဘူးဆိုတာ ဘဘကြီးနားလည်ပါတယ်ကွယ် .. ရန်ကုန်မှာပြန်ပြီ ဟိုတယ်ကြီးမှာပဲ ဖြစ်ဖြစ် .. လူလေးရဲ့ အိမ်မှာပဲဖြစ်ဖြစ် .. တခမ်းတနား ညေ့ခံပွဲတွေ ဘာတွေလဲ မလုပ်ကြတော့ဖို့ ဘဘကြီးပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပေးခဲ့တာပါ .. မွေးထုံကို တခမ်းတနားကြီး မင်္ဂလာပွဲမလုပ်ပေးရကောင်းလားလို့ ဘဘကြီးဘက်က စိတ်ငြိုငြင်မှာမျိုးကို လူလေး 'စိတ်မပူပါနဲ့ .. ဒီအစီအမံကိုက ဘဘကြီးရဲ့ အစီအမံပဲ မဟုတ်လား ..”

ဟု ပြောကာ ဘဘကြီး မွေးထုံနှင့် ကိုကိုကြီးကို ပြုံး၍ ကြည့်ပါ၏။ မွေးထုံ၏ ဆံစလေးတွေကို သပ်ပေးလာတော့ မွေးထုံ ခေါင်းလေး ငုံ့ချခံယူနေရရင်းမှ မျက်ရည်ကျလာရပါပြီ ..။ မွေးထုံ ဆိုတာ ဘဘကြီး လက်ထဲ ကြီးလာရသည် မဟုတ်ပါလား ..။ ဘဘကြီး၏ လုံခြုံအေးမြသော ရင်ခွင်ကို ချန်ရစ်ခဲ့တော့မည် ဆိုတာကိုက .. ရင်ထဲမှာ ဆို့နေရပါသည့်အဖြစ် ..။

မွေးထုံ ငိုနေတော့ သူ မနေတတ်သလို ဖြစ်လာရလျက် မွေးထုံ၏ လက်ကို ဖျတ်ခနဲ ထွေးဆုပ်လာတော့ လက်လေးကို ချက်ချင်း သိသိသာသာလေး ရုန်းလိုက်တာ ကြုံလိုက်ရတော့ မျက်နှာ ကွက်ခနဲ ပျက်သွားရရင်းမှ ..

“ဘဘကြီး စိတ်မကောင်းအောင် မွေးထုံရယ် .. အရမ်း မငိုနဲ့လေ ..”

ဟု တိုးဖွဖွလေး ဖျောင်းဖျသလို ပြောလာတော့ မွေးထုံ ခေါင်းလေးမော့ကာ သူ့ကို တည်စူးစူးလေး ကြည့်ပစ်လိုက်ရင်းမှ ..

“မွေးထုံရဲ့ ရင်ထဲမှာ ဘဘကြီးကို ဘယ်အထိ ချစ်ရှိသေတယ်ဆိုတာ .. မသိတဲ့သူကတော့ ဒီလိုပြောရက်နိုင်တာပေါ့ .. ငိုတယ် ဆိုတာ .. မခွဲနိုင်လို့ ငိုနေတယ် ဆိုတာလောက်တော့ နားလည်ပေးစမ်းပါဦးရှင့် ..”



ဟု ရန်တောင်သလိုလေး ပြောချလိုက်တော့ သူ မျက်နှာပို၍ ပျက်ကျသွားရပါပြီ ..။

“မဟုတ်ပါဘူး .. အဲဒါကို မသိလို့ မဟုတ်ပါဘူး မွေးထုံ .. မွေးထုံ ငိုနေတော့ ဘဘကြီး ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ .. အဲဒါကို ပြောတာပါ ..”

ဟု ဖြေရှင်းသလိုလေး ပြောကာ နေရာမှ အသာထ ရှောင်သလိုလေးဖြင့် ခြံထဲ ဆင်းသွားတော့ ဘဘကြီး သက်ပြင်းရှိုက်၍ မွေးထုံကို ကြည့်ပါ၏။ မျက်နှာလေး ငုံ့ချရင်း မွေးထုံ မျက်ရည်ကျနေဆဲ ..။ စောစောက မငိုဖို့ တားခဲ့သည့် ကိစ္စကို ခေါင်းထဲထည့်ထားပုံပင် မရ။ ဂရုလည်း စိုက်ပုံမရ ..။ ဘဘကြီး မွေးထုံ၏ ဆံစလေးကို ထပ်၍သပ်ပေးတော့ မွေးထုံ ကလေးလိုပဲ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာရင်းမှ ရှေ့သို့ ကိုယ်လေးကိုင်းသွားကာ ဘဘကြီး၏ပေါင်ပေါ် ခေါင်းလေးတင်ရင်း ဟန်ဆောင်မရနိုင်စတမ်း ငိုချလိုက်မိရပါပြီတည်း ..။

“လူလေးကို အဲသလို ပြန်မပြောရဘူးလေ မွေးထုံ .. သူ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ ကလေးရယ် .. မွေးထုံလဲ ပင်ပန်း .. ဘဘကြီးလဲ စိတ်ထိခိုက်မှာ သူ စိုးရိမ်ရှာတာပါ .. အဲဒါကြောင့် မငိုဖို့ ပြောတာပါကွယ် ..”

ဘဘကြီးပြောတော့ မွေးထုံခေါင်းလေးမော့၍ ဘဘကြီးကို ကြည့်လည်းကြည့် ..။ ခေါင်းလေးလည်း ယမ်းပစ်ကာ ..

“အို .. သူ မသိပါဘူး .. မွေးထုံ ဘဘကြီးကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ သူ မသိပါဘူး .. သူ့ကြောင့်ခု .. မွေးထုံနဲ့ ဘဘကြီးတို့ ခွဲနေကြရတော့မယ် .. ဘဘ

www.burmeseclassic.com

www.burmeseclassic.com



ကြီးက .." သူ့အိမ်လဲ လိုက်နေတာ မဟုတ်ဘူး .. ပြီးတော့ မနက်ဖြန်မှာပဲ .. စစ်ကိုင်းသွားပြီး .. တရားစခန်းဝင်ဦးမယ်လို့လဲ ဘဘကြီးက ပြောပြန်သေးတယ် .. မွှေးထုံကို ချန်ရစ်ခဲ့တာ .. ရင်ထဲမှာ ဆို့နေတာပဲ သိလား .. မွှေးထုံ ဘဘကြီး စကားကို နားထောင်ခဲ့ရတာကိုက .. ဘဘကြီးကို ချစ်လို့ဆိုတာ ဘဘကြီး သိပါတယ် .. သိပါတယ် .."

မွှေးထုံ ပြောပြော ငိုနေတော့ ဘဘကြီး မနေသာ ..။ မွှေးထုံ ထိုင်နေပါသည့် ကြမ်းခင်းကော်ဇောကြီးထက်မှာ လာထိုင်ရင်း မွှေးထုံ၏ကိုယ်လေးကို ရင်ခွင်မှာ ကလေးလေးလို သိမ်းမွေ့ထားရှာပါ၏။ ဆံစလေးတွေကို သပ်ပေးနေရင်းမှ ..

"ဘဘကြီး သိပါတယ် ကလေးရယ် .. ဘဘကြီးကို ချစ်ရှိသေတယ်ဆိုရင် .. ဘဘကြီး စကားကို နားထောင်ရမယ်လို့ ပြောခဲ့တာမို့ .. မွှေးထုံလေး .. မောင်နိုင်မြို့ကို လက်ထပ်ခဲ့တယ် ဆိုတာ ဘဘကြီး မသိဘဲ နေပါ့မလားကွယ်၊ ဘဘကြီး ပြောမယ် .. ဘဘကြီးဟာ အသက်လဲကြီးလာပြီ .. ရွာဆိုတဲ့ အရွယ်မှာ ရောက်နေပြီ .. သေခြင်းတရားဆိုတာကို ဘယ်သူမှ လွန်ဆန်နိုင်တာ မဟုတ်ပေဘူး .. ဘဘကြီး မရှိရင် .. ဘဘကြီးရဲ့ မွှေးထုံလေး .. ဘယ်လို ရပ်တည်ရှာမလဲ .. ဘဘကြီး အပူရဘူးလား .. ဒါကြောင့် စိတ်ချရတဲ့သူနဲ့ မွှေးထုံလေးကို ဘဘကြီး နေရာချပေးခဲ့တာပါ .. ခုဆိုရင် .. မွှေးထုံကို အလွန်မြတ်နိုးရှာတဲ့ လူလေးနဲ့ ဘဘကြီး စိတ်ချလက်ချ အပ်ထားနိုင်ခဲ့ပြီ .. အဲဒီအတွက် .. ဘဘကြီး ရင်ထဲ ချမ်းမြေ့ရတယ် .."



နားလည်အောင် နားဝင်အောင် တိုးဖွဖွ ပြော၍သည့် ဘဘကြီး၏ လက်မောင်းကြီးပေါ်မှာ မွှေးထုံ မျက်နှာလေး မှီအပ်ထားရင်း မော့ကြည့်မိရပါ၏။ ဘဘကြီးသည်လည်း မျက်ရည်ဝဲနေချေသည်တကား ..။ ပြုံး၍ ငုံ့ကြည့်လာပါသည့် ဘဘကြီး၏ မျက်ဝန်းများနှင့်ဆုံတော့ မွှေးထုံ ပို၍ဝမ်းနည်းရှိုက် တက်လာရကာ ..

"မွှေးထုံ .. ဘဘကြီးကို ခွဲကိုမခွဲနိုင်တာပါ ဘဘကြီးရယ် .. ဘဘကြီးက သူနဲ့စိတ်ချတယ်ဆိုလို့ .. ဘဘကြီး စိတ်ချမ်းသာမှာ ဖြစ်တယ်ဆိုလို့ .. မွှေးထုံ ဒီလက်ထပ်ပွဲကို ခေါင်းညိတ်ရတာပါ .. မွှေးထုံ သူ့ကို ချစ်ကိုမချစ်ဘူး ဘဘကြီးရယ် .. သူ့အမေ ပြောခဲ့တာကိုလဲ မမေ့ဘူး .."

ဟု ပြောငိုချလိုက်ချင်သည်ပါပဲ ..။ ဒါပေမဲ့ မပြောဖြစ် ..။ ပြော၍လည်း ထူးတော့သည်မှ မဟုတ်ချေပဲလေ ..။ မင်္ဂလာပွဲပင် ပြီးမြောက်ခဲ့ပြီးပြီ မဟုတ်ပါလား ..။ နောက်ကြောင်းပြန်ဆုတ်၍ ရနိုင်ကောင်းတော့သည့် ကိစ္စမှ မဟုတ်ချေတော့သည်ပဲ ..။

"တစ်နေ့မှာ .. မွှေးထုံလေးကို မလွဲမသွေ အိမ်ထောင်ချပေးခဲ့ရမှာ အမှန်ပဲ .. ဘဘကြီး အဲဒါကို မစိမ်ဘဲနေလို့မှ မဖြစ်ချေတာပဲလေ .. နေရာချပေးရမယ့်သူဟာ .. မွှေးထုံကို တကယ့်ကို မြတ်နိုးတန်ဖိုးထားသူ ဖြစ်ဖို့လိုတယ်လေ .. ခု .. လူလေးက .. လုံမကို တကယ့်ကို ချစ်မြတ်နိုးရှာတာပါ .. ကိုထင်နိုင်ကလဲ .. တစ်ချိန်က မောက်မောက်မာမာ အပြောကြီး ပြောခဲ့မိလေသမျှ ယူကျုံးမရဖြစ်ပြီး တောင်း

www.burmeseclassic.com

www.burmeseclassic.com



ပန်ခဲ့ရှာပြီးပြီ .. ပြီးတော့ .. ဆုံးပါးခဲ့ရရှာပြီ .. ဘဘကြီး .. ကိုထင်ခိုင့်ကို ခွင့်လွှတ်တယ်ဆိုတာ .. သူ သိစေချင်တယ် .. ဒါမှ .. တမလွန်ဘဝမှာ သူ အေးအေးချမ်းချမ်း ဖြစ်ရရှာမှာ .. သေခါနီးထိ သူ့မှာ ဇောကပ်သွားခဲ့တဲ့အရာ ရှိတယ် .. အဲဒါဟာ .. သူ့ကို ဘဘကြီးတို့က ခွင့်လွှတ်တယ်ဆိုတာကို လိုချင်တယ် .. သူ့သားနဲ့ လုံမကို လက်ဆက်ပေးချင်တယ်၊ အဲဒါ .. သူ့ဇောပဲ .. အဲဒါမဖြစ်မချင်း .. သူ့ခမျာ .. အေးချမ်းရှာမှာ မဟုတ်ဘူး .. ဘာလို့ .. ကွယ်လွန်ခဲ့သူတစ်ယောက်ကို ဘဘကြီးတို့က .. ဒုက္ခဆင်းရဲ ပေးချင်နေရမှာလဲ .. ပြီးတော့ .. သူ ဖြစ်ချင်တာကို ဘာလို့မဆောင်ရွက်ပေးနိုင်ရမှာလဲ .. လူလေး ခိုင်မြဲဟာ .. ပညာတတ်တယ် .. လိမ္မာရေးချားရှိတယ် .. စိတ်ရှည်တည်ငြိမ်တယ် .. စိတ်ထားပြည့်ဝတယ် .. ချမ်းသာမာနကင်းတယ် .. အလုပ်အကိုင်မှာ ထက်မြက်ထူးချွန်တယ် .. ဘဘကြီးရဲ့ မွေးထုံလေးကိုလဲ တကယ့်ကို မြတ်နိုးရှာတယ် .. ဒါကြောင့် .. ဒီမင်္ဂလာပွဲကို .. ဘဘကြီး ဖြစ်တည်စေခဲ့တာပါပဲ .."

ဟု ပြောနေလေသမျှ မွေးထုံ ခေါင်းလေးငုံ့ချ နားထောင်နေမိရပေမယ့် ရင်ထဲမှာ မေ့ပျောက်၍ မရနိုင်ဘဲ ရှိနေပါသည့် စကားသံတစ်ခု ရှိနေပါသည့်အဖြစ် ..။ မွေးထုံသည် ဆိတ်ကျောင်းသည့် မွေးထုံ ဖြစ်သည်တဲ့ ..။ မွေးထုံက ဆိတ်ကျောင်းနေချိန်မှာ ဘဘဦးထင်ခိုင်၏သား ခိုင်မြဲက .. တခမ်းတနားရှိသည့် ရုံးခန်းကျယ်ကြီးထဲမှာ အလုပ် လုပ်နေသည်တဲ့။ ဘဝဆိုတာ အနှင့်ချင်းတူမှ ပေါင်းစပ်နိုင်သည်တဲ့။ ချမ်းသာဂုဏ်ဆိုတာ သူ



ဆင်းရဲတို့ ဝယ်၍မရနိုင်ပါတဲ့ ..။ မေ့နိုင်ပါမည်တဲ့လားလေ ..။ ဘဘကြီးကို မျက်နှာချင်းဆိုင်၍ မထောက်မရက်ကြီး ချိုးချိုးဖွဲ့ဖွဲ့ ပြောခဲ့ပါသည့် ထိုစကားများကို အလွယ်တကူ မေ့ပစ်နိုင်စွမ်းပါမည်တဲ့လား။ အပြောခံရသူဆိုကတည်းကိုက .. ခံရသူဆိုတာ ပါနေပြီးသား၊ ပြောသူက .. ပြောပြီးတော့ ပြန်တောင်းပန်လိုက်တာနှင့် အရာရာသည် မေ့ဖျောက်ပစ်လိုက်ရမည့် သဘောထားကြီးမှုကြီး တစ်ခုအဖြစ် အပြောခံရသူဘက်က တုံ့ပြန်တာဝန်ကျေပေးလိုက်ရမည်တဲ့လား။ ဟင့်အင်း။ မမေ့နိုင်သေး။ မေ့၍မရနိုင်သေး ..။

ဘဘဦးထင်ခိုင် ကွယ်လွန်သွားသည့်အတွက် ဝမ်းမသာပါ ..။ ခုလို .. ဘဘဦးထင်ခိုင်၏ သားဖြစ်သူ ကိုကြီးနှင့် လက်ထပ်လိုက်ရသည့် နောက်မှာ ပို၍ပင် ဝမ်းမသာထိုက်ပါ ..။ ဒါပေမဲ့ .. နာကြည်းခြင်း ဆိုတာကတော့ ရင်ထဲမှာ ရှိနေဆဲ ..။ မွေးထုံသည် လူဖြစ်သည်မို့ .. လူတို့တွင် ရှိအပ်ပါသော နာကြည်းနာကျင်ခြင်း ဆိုတာကတော့ ခံစားမှုတ်သားခွင့်တစ်ရပ် အနေဖြင့် အခွင့်အရေးတော့ ရှိသင့်သည်ပေါ့ ..။

"မွေးထုံရဲ့ ဘဝကို မွေးထုံ အံ့သြနေမိတော့တာပါပဲ ဘဘကြီးရယ် .. မွေးထုံဟာ .. မွေးထုံ ဘယ်လိုမှ မေ့လို့ မရနိုင်လောက်အောင် နာကြည်းနေမိသူ တစ်ယောက်ရဲ့ သားနဲ့ အိမ်ထောင်ပြုရလိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်မထားမိခဲ့ဖူးပါဘူး .. ဒါပေမဲ့ လက်တွေ့မှာ မွေးထုံဟာ အဲဒီအဖြစ်ကြီးထဲမှာ ရှင်သန်နေရတဲ့ မိန်းမသားတစ်ယောက် ဖြစ်နေရပါပြီ .. ဘဘကြီးက .. အသက်အရွယ်အရ ရင့်ကျက်လို့ ခွင့်လွှတ်နိုင်တယ် ဆိုရင်တောင်မှ ..

www.burmeseclassic.com

www.burmeseclassic.com



မွေးထုံကတော့ လူငယ်ပေမို့ ခွင့်မလွှတ်နိုင်သေးဘဲ ဖြစ်နေတာကို အတေးအမှတ် ကြီးလွန်းတယ်လို့ ဘဘကြီး အပြစ်တင်မှာလားဟင် ..”

ဟု ဖွင့်ဟမေးလိုက်ချင်သည်ပါပဲ။ ဒါပေမဲ့ မမေးဖြစ် ..။ မေးလိုက်လျှင်လည်း ဘဘကြီးကဖြင့် ထုံးစံအတိုင်း ခွင့်လွှတ်လိုက်နိုင်ဖို့ချည်း ပြောပေးနေမည်သာ ..။

“ကဲ .. လုံမလေး .. လူလေးကို ဘဘကြီး ခေါ်လိုက်တော့မယ် .. သူ့ကို စိတ်ထဲမကောင်းအောင် .. အနေခက်အောင် မလုပ်ပါနဲ့ကွယ် .. ခမျာ .. အဖေဆုံးထားရှာတဲ့သူပါ ..”

ဟု ဘဘကြီး ပြောကာ မွေးထုံကို ပြုံး၍လည်း ကြည့် ..။ နဖူးလေးကိုလည်း နမ်းရှာပါ၏။ ဘဘကြီး ပြတင်းနံ့ အနီးမှာ သွားရပ်ကာ ..

“လူလေးရေ .. လာပါဦးကွယ့် .. ဘဘကြီး အပ်စရာရှိလို့ ..”

ဟု လှမ်းခေါ်တာမို့ .. ဘာမျှမကြာလိုက်ရ ..။ ခြံထဲရှိ ပန်းပင်လေးဘေးမှာ ငိုင်၍ ခပ်တွေတွေ ရပ်နေပါသည့် သူ့မှာ အိမ်ထဲပြန်ရောက်လာရသည်ပါပဲ ..။

ဘဘကြီးမှ ပြုံး၍ ..

“လူလေးကို ဘဘကြီး ဒီနေ့မှာ အပ်နှံစရာနှစ်ခု ရှိတယ် .. ပထမ .. စိတ်ချလက်ချ .. ယုံယုံကြည်ကြည်နဲ့ အပ်မှာက ဘဘကြီးရဲ့ သမီးလေးလို .. ချစ်ဖို့အတွက် ဘဘကြီးရဲ့ညီမက အပ်ထားခဲ့တဲ့ မွေးထုံလေးကို အပ်ဖို့ပါပဲ .. မွေးထုံဟာ လိမ္မာရေးချား ရှိပါတယ် .. အနေအထိုင် ရိုးစင်း



ဖြူစင်ပါတယ် .. ဟန်မဆောင်တတ်ဘူး .. ပြီးတော့ .. ငယ်သေးတယ် .. ကလေးဆိုတော့ .. ကလေးလို ဆိုးတဲ့ အခါများ ရှိနိုင်တယ် .. လူလေးက သည်းခံခွင့်လွှတ်ပေးပါ .. စိတ်ရှည် နားလည်ပေးပါလို့ အပ်နှံချင်ပါတယ်၊ သမီးလေး မွေးထုံကလဲ .. လူလေးက သဘောပြည့်ဝတိုင်း အခွင့်အရေးယူပြီး မဆိုးရဘူး ကြားရဲ့လား .. ဘဘကြီး အလေးအနက် မှာချင်တာ အဲဒါပဲ မွေးထုံ .. မမေ့ရဘူးနော် ..”

ဟု မွေးထုံကိုပါ တစ်ဆက်တည်း မှာနေတာမို့ သူ့ မွေးထုံ စိတ်ရှုပ်ထွေးမှာ စိုးရိမ်ဓာဖြင့် ..

“မွေးထုံက .. မဆိုးပါဘူး ဘဘကြီးရယ် .. မတော်တဆ ကလေးစိတ်နဲ့ စိတ်ကောက်တာလေးလောက်ပဲ ရှိချင်ရှိနိုင်တာပါ .. အဲဒီအခါကျရင်လဲ ကျွန်တော် နားလည်ပေးမှာပါ .. သူဟာ ဘယ်တော့မှ ကျွန်တော့်ကြောင့် စိတ်မဆင်းရဲစေရပါဘူး ဘဘကြီး ..”

ဟု ဝင်၍ ကာကာကွယ်ကွယ်လေး ပြောစဉ်ခိုက် ..

“ဘာလဲ .. ကိုကြီးကြောင့် မွေးထုံ ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး ဆိုတော့ .. မွေးထုံကြောင့်ပဲ ကိုကြီးမှာ စိတ်ဆင်းရဲရတာမျိုး ကြုံချင်ကြုံနိုင်တယ်လို့ ခုကတည်းက ဘဘကြီးကို စကားသွင်းနေတာလား ..”

စကားအကျ ကောက်သံလေးဖြင့် မျက်မှောင်လေး ချီဖြင့် မွေးထုံ ရန်တွေ့သလိုလေး မေးလာတော့ ဘဘကြီး ..

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. လုံမ .."

ဟု လှမ်းဟန့်သံ ပေါ်လာရပါသည့်အဖြစ် ..။ သူ စိတ်ရှည်အလိုလိုက်စွာ ကြည့်လည်း ကြည့်။ ပြုံးလည်း ပြုံးပြရှာရှိသွားရလျက် ..

"ဟော ... မွှေးထုံကတော့လေ .. အဲသလို ကိုကြီး ပြော မထွက်ရက်ပါဘူးဗျာ .. မွှေးထုံလေး စိတ်ထားကောင်းတာ ကိုကြီး သိနေတာပဲ ဥစ္စာ .."

ဘဘကြီးကို ရှေ့ထား၍ အလိုလိုက်စကားတွေ ပြောနေရတာ နည်းနည်းတော့ မျက်နှာပူရ .. အနေခက်ရပေမယ့် မပြော၍ကလည်း မဖြစ် ..။ ခုကတည်းက .. စကားတစ်လုံးအမှား မခံ ဖြစ်နေသည့် မွှေးထုံလေးကို ဖြေဖြေရှင်းရှင်းလေး ချက်ချင်း လုပ်ထားမှ ဖြစ်ချေမည်ကိုးလေ ..။ ဒါမှမဟုတ်လျှင် .. စိတ်ထဲ တေးမှတ်နာကျင်နေချေဦးတော့မည် ဆိုတာ ကြိုသိနေရသည်ကိုး။ ဘဘကြီးကတော့ ခေါင်းခါ၍ ..

"မဟုတ်သေးပါဘူး မွှေးထုံရယ် .. အရင်တုန်းက .. ဒီ လောက်ကြီး စိတ်မြန်ကိုယ်မြန်ကြီး မဟုတ်ပါဘူး .. စိတ်ဆိုး မာန်ဆိုးလဲ ရှိမနေတတ်ပါဘူးကွယ် .. အဲသလိုမလုပ်ရဘူးလေ .. ဘဘကြီးရဲ့ မွှေးထုံလေးဟာ စိတ်ထားအလွန် နူးညံ့တဲ့သူပါ .."

ဟု ခပ်ညည်းညည်း ပြောရှာပါ၏။ နောက်တော့လည်း သူ့ကိုကြည့်ကာ ..

"နောက်ထပ် အပ်နှံမယ့် အရာကတော့ .. ဒီသော့ပါပဲ လူလေး .. ဒါက .. စာချုပ်စာတမ်းပါ .. လူလေးလက်မှတ်



ထိုးရုံပါပဲ .. ဒီခြံနဲ့ ဒီအိမ်ကို .. လူလေးလက်ထဲ လွှဲအပ်တာပါ .. လူလေး စောင့်ရှောက်ရမယ့် အရာထဲမှာ .. လူလေးရဲ့ဖေဖေ ဆောက်ခဲ့တဲ့ ဒီအိမ်လဲ ပါပါတယ် .."

ဟု ပြောလာတော့ သူ ငိုင်ကျသွားရပါပြီ ..။ စာချုပ်ကို ကမ်းပေးနေတာမို့ သူ မျက်ရည်ဝဲရင်း ယူလိုက်ရ .. ငုံ့ဖတ်လိုက်ရပါသည့် အဖြစ်။ ခြော် .. ဘဘကြီးသည် .. ဖေဖေ ဆောက်ခဲ့သည့်အိမ်ကို .. သားလက်ထဲ ပြန်အပ်လိုက်ခြင်းပါ တကား ..။ မွှေးထုံကို .. ဘဘကြီး ဤအိမ်ကိုမလွှဲ ..။ သူ့ကို သာလွှဲသည်မို့ .. ဖေဖေပေးခဲ့သည့်အိမ်ကို .. သူ့လက်ထဲ ပြန်အပ်လိုက်ခြင်းဆိုတာ သူ အလိုလို နားလည်လာမိရပါ၏။ ရင်ထဲမှာ မကောင်း။ ဘာပဲဖြစ်ဖြစ်။ ဖေဖေ တစ်ချိန်က ပြောခဲ့သည့် စကားများကို .. ဘဘကြီးသည် ခွင့်လွှတ်ပေးခဲ့သည်မှာ မှန်သော်လည်း ..။ ဖေဖေ ဆောက်ပေးခဲ့သည့် ဤအိမ်ကိုတော့ ဘဘကြီးသည် ပိုင်ဆိုင်သူတစ်ယောက်အဖြစ် ရှိမနေချင်မှန်း သူ ပို၍နားလည်လာနေမိရပါပြီတည်း ..။ သူ ရင်ထဲလှိုက်တက်လာကာ စာချုပ်ကို လက်မှတ်လည်း မထိုး ..။ ဆွဲဆုတ်ပစ်လိုက်ကာ သော့ကိုပါ ပြန်၍ လက်နှစ်ဖက်ဖြင့် တရိုတသေ ပြန်ကမ်းပေးရင်းမှ ..

"ကျွန်တော့်ရင်ထဲ မကောင်းအောင် မလုပ်ပါနဲ့ ဘဘကြီး ခင်ဗျာ .. ဘာကြောင့်ပဲ ဆောက်ပေးခဲ့ ဆောက်ပေးခဲ့ .. ဖေဖေ ဆောက်ခဲ့တဲ့ ဒီအိမ်ဟာ .. ဘဘကြီးတို့ရဲ့အိမ်ပါ .. ဒီမြေဟာ ဘဘကြီးနဲ့ မွှေးထုံလေးတို့ရဲ့မြေပါ .. ကျွန်တော် မယူပါရစေနဲ့ ခင်ဗျာ .. မယူပါရစေနဲ့ ဘဘကြီးခင်ဗျာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်းပြော ..။ ဘဘကြီး၏ ဒူးထဲ မျက်နှာကိုအပ်၍ မျက်ရည်ကျလာတာမြင်တော့ မွေးထုံပင် ရင်ထဲ လိုက်ဆို့လာရပြန်ပါသည့်အဖြစ်။ ဘာကြောင့်ရယ်မသိ ..။ ကိုကြီး ခုလို .. လှိုက်နေအောင် ခံစားရင်း ဟန်ဆောင်မရစွာ မျက်ရည်ကျ ငိုချလိုက်တာမျိုးကို မြင်တော့လည်း ရင်ထဲ ထိခိုက်စွာ လိုက်၍ လိုက်၍ ကိုကြီးနှင့် ထပ်တူကြီး ခံစားနေရပြန်ချေသည်တကား

"ဒီအိမ်နဲ့ ဒီမြေကို .. ကျွန်တော့်ကိုလဲ မပေးပါနဲ့ .. မွေးထုံကိုလဲ မပေးပါနဲ့ .. ဘဘကြီးသာ ပိုင်ဆိုင်မြဲ ပိုင်ဆိုင်နေပါ ဘဘကြီးရယ် .. မွေးထုံမှာ ကျွန်တော်ရှိနေပါ ပြီ .. မွေးထုံကို လုံခြုံတဲ့အရိပ်မှာ ကျွန်တော်စောင့်ရှောက် ထားမှာပါ .. ဘဘကြီးကိုလဲ .. ကျွန်တော် .. အဖေအရာ ထားပြီး အလုပ်အကျွေး ပြုမှာပါ .. အဲဒါ ကျွန်တော့် တာဝန်ပါ .. ဘဘကြီးက မြရိပ်သာကို လိုက်မနေနိုင်ဘူး လို့ အတင်းငြင်းနေလို့သာ ဒီမှာ ထားခဲ့ရတာပါ .."

ဟု မျက်ရည်ကျရင်း ပြောနေတာမို့ ဘဘကြီး သော့ကို စိတ်လျှော့၍ ပြန်သိမ်းထားလိုက်ပါ၏။ မင်္ဂလာဦးနေ့မှာ မျက်ရည်ကျတာမျိုးကို .. ဘဘကြီး လိုလားခြင်း မရှိတာလည်း သိသာနေသည်ပါပဲ ..။

"ကျွန်တော်ဟာ .. မွေးထုံကို အစစ .. အသက်ထက်ဆုံး ပြုစုစောင့်ရှောက်ရမယ့်သူပါ .. သူ့အတွက် .. ဘဘကြီး ဘာမှပေးဖို့ မလိုပါဘူး ခင်ဗျာ .. ဥစ္စာပစ္စည်းပေးဖို့ မလို အပ်ပါဘူး .. ဒီနေ့ကစပြီး သူ့အတွက် .. လက်ရှိဘဝ .. အနာဂတ်ဘဝတွေ အားလုံးအတွက် တာဝန်အရှိဆုံး သူတစ်



ယောက်အဖြစ် ကျွန်တော် ရပ်တည်သွားမှာပါ .. ပြီးတော့ .. ဘဘကြီးကိုလဲ .. ကျွန်တော် .. သားတစ်ယောက်လို ပြုစု စောင့်ရှောက်မှာပါ .. စောစောက စကားကို ကျွန်တော် ခု .. ထပ်ထပ်ပြီး ပြောနေခြင်းဟာ .. ကျွန်တော့်အပေါ် ပိုနားလည်လာရအောင်ပါ ဘဘကြီးရယ် .. ကျွန်တော်ဟာ ဘဘကြီးပေးတဲ့ ပစ္စည်းဥစ္စာတွေကို .. အလွယ်တကူလက် ခံယူပြီး ပိုင်ဆိုင်သူတစ်ယောက်အဖြစ် ရပ်တည်လိုက်ဖို့ .. စိတ်ကူးထဲမှာတောင် မရှိနိုင်ပါဘူး ခင်ဗျာ .."

ဟု ထပ်၍ ပြောနေတော့ ဘဘကြီး သက်ပြင်းရှိုက် ကာ ခေါင်းညိတ်ရှာပါ၏။

"ဟုတ်ပါရဲ့ .. ဘဘကြီးကလဲ .. မွေးထုံတို့ .. အဲဒီအိမ် တွေ မြေတွေ ဆိုတာထက် .. ဘဘကြီးကို .. ပိုချစ်တာ ပါ .. ဘဘကြီးက ပိုအရေးကြီးတာပါ .. ဘဘကြီးက ဘာမှန်းလဲ မသိဘူး .. အိမ်သော့ကအစ အပ်နေတာကို .. သိပ်စိမ်းတာပဲ .."

ဟု ဝင်၍ မွေးထုံ ဝမ်းနည်းသံလေးဖြင့် ပြောလည်း ပြော။ မျက်ရည်ကျလာတော့ ဘဘကြီး စတင်၍ ခပ်တိုးတိုး ရယ်သည်။

"အံမယ် .. ခုကျတော့လဲ .. ဒီလင်မယား တယ်ပြီး စိတ် ဝမ်းလက်ညီ ရှိနေကြပါလား .. မျက်ရည်လဲ တူတူညီညီ အားရိုပါးရို ကျနေကြတာကိုး .. ဘာလဲ .. လုံမလေးက .. လူလေးမျက်ရည်ကျတာ မြင်ပြီး သနားစိတ်နဲ့ ဘဘကြီးကို အပြစ်တင်ချင်နေပြီပေါ့လေ .. ဟား ဟား .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်သံဖြင့် ပြောခိုက် မွေးထုံ၏ မျက်နှာလေး ရှက်သွေးဖြာသွားရ ..။ ရှက်အမ်းအမ်းလေး ရုတ်ခနဲ သူ့ကိုကြည့် မိရနှင့် ရှိသွားရစဉ်ခိုက် .. မျက်ရည်များ လဲ့လဲ့ပြေးနေဆဲ မျက်ဝန်းနက်နက်တွေဖြင့် ကိုကြီးသည်လည်း မွေးထုံကို ကြည်ကြည် နူးနူး ကြည့်နေတာနှင့် ဆုံရပါသည့်အဖြစ် ..။ ကိုကြီး၏ မျက်ဝန်းတွေမှာ ခံစားမှုများက နက်နက်ရှိုင်းရှိုင်းကြီး ရောထွေးနေကြချေသည်ပဲ ..။

ဟုတ်သည်။ ကြေကွဲစွာ ဝဲနေသည့် မျက်ရည်လဲ့လဲ့ ပြီးတော့ .. သြော် .. ပြီးတော့ .. ကိုကြီးကို သနားစိတ်ဖြင့် ဝင် ပြောပေးချေသည်ကောလေ .. ဟု ကြည်နူးခံစားရင်းဖြင့် ချမ်း ချမ်းမြေ့မြေ့ ကြည့်နေသည့် အကြည့်များ ..။ ထိုအကြည့်တွေမှာ တော့ အေးချမ်းရိပ်တွေ ရှိနေပြန်သည်။ နူးနူးညံ့ညံ့လည်း ရှိနေ သည်။ မွေးထုံကို ချစ်မြတ်နိုးသည့် ရင်တွင်းမှ ဝေဒနာအားလုံး သည် ကိုကြီး၏မျက်ဝန်း .. ကိုကြီး၏အကြည့် .. တည်ငြိမ်ရင့် ကျက်ရိပ်တွေ ပြည့်ဝနေသည့် မျက်နှာထက်မှာ မွေးထုံ .. မွေးထုံ .. ရှာဖွေတွေ့ရှိနေရသည် ဆိုတာ .. ရင်ထဲမှာ အလိုလို ဝန်မခံဘဲ နေ၍မရ ..။

ပြီးတော့ .. ထိုသို့ ဝန်ခံနေမိရခြင်းသည်လည်း .. ကြည်နူးခြင်းများဖြင့် .. ပြီးတော့ .. စိတ်လှုပ်ရှားစွာသော နွေးထွေး မှုများဖြင့်ဆိုတာ .. မိမိဘာသာ သိသိလာနေရချေသည်တကား ..။

ဖျတ်ခနဲ မျက်လွှာလေး ချလိုက်မိသည်ကိုက .. ရှက်စနိုးလေးဖြင့်ဆိုတာ .. သူ သိပါလိမ့်မည်။ ကိုကြီး ကြည့်သိ နေပါချေလိမ့်မည်တည့် .. ..။



ဤသည်ကား .. မင်္ဂလာဦးနေ့လေး တစ်နေ့၏ သတို့သမီးငယ် တစ်ယောက်ထံမှာ .. စတင်၍ ဖြစ်တည်ခံစား လိုက်ရပါသည့် .. ခံစားမှုတစ်ခု ဆိုတာ .. ကိုကြီး သိနေချေမည် ဟုလည်း .. ဆက်၍ .. ဆက်၍ .. မွေးထုံ တွေးမိလိုက်ရပြန် သည်ကောလေ ..။

❦ ✱ ❦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

မြရိပ်သာ ...။

မွေးထုံ ဆိတ်နို့ပုလင်းလေး လာပို့ဖူးသော မြရိပ်သာ ...။ ဆိတ်နို့ပုလင်းလေးကို စက်ဘီးဟောင်းအိုအိုလေးနှင့်၍ လာပို့သော မွေးထုံ၏ဘဝလေးသည် အေးချမ်းကြည်မွေ့ဖွယ်ရှိခဲ့လျက် ...။ ယခု ... ကိုခိုင်မြဲပိုင်သော မြရိပ်သာ၏ အရှင်သခင်ဘေးမှာ ဇနီးသည်အဖြစ် လိုက်ပါရပါသော မွေးထုံ၏ လက်ရှိခံစားမှုများကဖြင့် မွှန်းကျပ် လောင်မြိုက်ခြင်းများဖြင့်သာ ရှိနေပါချေ၏။

"ငါ ... ဆိတ်နို့ပုလင်း လာပို့ ... ပြီးရင် ... ဘဘကြီးရှိတဲ့ အိမ်လေးကိုပြန် ... အိမ်ရှေ့ကပန်းဥယျာဉ်လေးကို ရေလောင်း ပေါင်းသင် ... ပြီးရင်း ... ဆိတ်ကျောင်းထွက် ... သစ်ရိပ်အောက်မှာ စာကျက်တဲ့အခါကျက်ရင်း ဆိတ်လေးတွေနဲ့ ငါ အတူနေခဲ့ရတဲ့ဘဝ ... ပြီးတော့ ... ဘဘကြီးနဲ့အတူ ... ညနေစာထမင်း တူတူစားရင်း ... စကားတွေတွေရာရာ ပြောဖြစ်ကြရတဲ့ဘဝ ... ဘယ်လောက် ကိုယ့်ဘဝကိုယ်ပိုင်



ပြီး အေးချမ်းနေခဲ့သလဲ ... သူ့အဖေလာပြီး အိမ်ဆောက်ပေးလိုက်ကတည်းက ငါနဲ့ ဘဘကြီးတို့ရဲ့ အေးမြရိုးစင်းစွာဖြတ်သန်းနေရတဲ့ ဘဝတစ်ခုဟာ ... နာကြည်းခြင်းဆိုတဲ့ ခံပြင်းမှုတွေ ပြည့်ကျပ်နေတဲ့ဘဝကြီးထဲကို ရောက်ခဲ့ကြရတာ ... ခုကျတော့ ... ငါဟာ ... အေးမြချမ်းငြိမ်းတဲ့ ပျဉ်ထောင်အိမ်လေးမှာနေခဲ့တဲ့ မွေးထုံရဲ့ဘဝကို ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့ ... သွန်းမွေးထုံအဖြစ် ... ဒီမြရိပ်သာဆိုတဲ့ တိုက်အိမ်ကြီးတစ်လုံးမှာ နေနေရတော့မယ် ... ငါ အလွန်မုန်းနေမိခဲ့ဖူးတဲ့ သူတစ်ယောက်ရဲ့သားနဲ့ ငါ ... တစ်သက်လုံး နေနေရတော့မယ် ..."

တွေးနေရင်းဖြင့်ပင် မွှန်းကျပ်သော ခံစားမှုသည် စိတ်ရှုပ်ထွေးမှုများ မလွတ်လပ်သော အနေခက်နေသည့် ခံစားမှုများဖြင့် စတင်၍ မွေးထုံကို ဒုက္ခပေးစပြုလာနေကြပြီ ...။ သစ်တောခြံအိမ်တုန်းကလို ... ပျဉ်ထောင်အိမ်လေး၏ ဝရံတာဆောင်ငယ်လေးမှာ ဘဘကြီးနှင့်အတူ လက်ဖက်သုပ်စားခဲ့ရင်း ရယ်မောပြောဆိုခဲ့ရသော အတိတ်ကအဖြစ်လေးများသည် အဘယ်မျှထိ လွတ်လပ်ကြည်စင်နေခဲ့ပါသလဲ ...။ ခုကျတော့ ... ဘဘဦးထင်နိုင်ရှာဖွေထားခဲ့သော ဤအိမ်ကြီးမှာ မွေးထုံ နေနေရချေတော့မည်။ ကားလေးကတော့ မြရိပ်သာ၏ ပေါ်တီကိုအောက်မှာ ရပ်နေပြီ။ ဒေါ်ကြီးငွေမှာ ပျော်ရွှင်ကျေနပ်နေသော အပြုံးများဖြင့် ဆီးကြိုနေရှာပါ၏။ မွေးထုံ ကားလေးထဲမှ ဆင်းနိုင်အောင် ကိုပြုံးပဲ ကားတံခါးကို ဖွင့်ပေးတာမို့ မွေးထုံ ခပ်တည်တည်လေး မျက်နှာထားချိုလျက် စတင်၍ မြရိပ်သာ၏ အိမ်ထောင်ရှင်မတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ ခြေလှမ်းတစ်စကို စတင်လိုက်ရပါ၏။ ကိုကြီးရှေ့မှာ မွေးထုံ ပို၍ မျက်နှာထားကို တည်တင်းထားချင်နေတာက တော့ ရင်ထဲက ခံစားမှုအမှန်ပါ ..။ ထိုသို့ ကိုကြီးရှေ့မှာ ဟန်ချိ၍ နေနေရခြင်းတစ်ခုသည်ပင်လျှင် ဘဘဦးထင်ခိုင်ကို အနိုင်ယူနေရသည့်အချက်တစ်ခုနှယ် ရင်ထဲမှာ တဖြည်းဖြည်း မိမိဘာသာ ခံစားသိမြင်လာနေရပါ၏။

အလွန်တရာကိုမှ မျိုးရိုးဂုဏ်မောက်သော .. ဦးထင်ခိုင်၏သားသည် သွန်းမွေးထုံဆိုသည့် ဆိတ်ကျောင်းသော .. ဆိတ်မွေးသော .. ဆိတ်နို့ပိုသော ကောင်မလေးတစ်ယောက်၏ အလှတရားများအောက်မှာ ဝပ်စင်းခယလျက် ..။ ချစ်မြတ်နိုးနေလျက် .. အစဉ်တစိုက် ရှိနေခြင်းများကို တမလွန်မှသည် ဦးထင်ခိုင် မြင်နေစေတော့ .. ဟု မျက်နှာလေးချို၍ ခပ်ထည်ထည်လေး ရပ်နေရင်း မွေးထုံ တွေးနေမိကာ ကျေနပ်စပြုလာသည်။

"လာ .. လာ .. မွေးထုံလေး .. လာ .. လှလိုက်တာ မွေးထုံလေးရယ် .. ခုလို .. အဖြူရောင်ဝတ်စုံလေးနဲ့ဆိုတော့ .. မင်းသမီးလေးကိုကျနေရောပဲ .. မင်္ဂလာပွဲမှာက တည်းက ဒေါ်ကြီးငွေဖြင့် ကြည့်လို့ကိုမဝနိုင်အောင်ဖြစ်ခဲ့ရတာ .. မြရိပ်သာကို မွေးထုံလေး ရောက်လာတဲ့အခါ .. ကြိုနေနိုင်ဖို့ အိမ်ကို စောပြန်လာရပေမယ့် .. ဒီနေ့မှာဖြင့် မြရိပ်သာရဲ့ အိမ်ရှင်မလေး ရောက်လာတော့မှာကို မြရိပ်သာကလဲ ပျော်ရွှင်ကြည်နူးရင်း ကြိုဆိုနေတယ်ဆိုတာ .. မွေးထုံလေး သိရအောင် .. ဒီမှာ လာပြင်ဆင်နေရပြန်တာ၊ လာ.. လာ .."



ဟုပြောလည်းပြော ..။ တပြုံးပြုံးနှင့် ဦးဆောင်ခေါ်တော့တာမို့ မွေးထုံ လိုက်လာရသည်ပါပဲ။ သူကတော့ ဘေးမှ အေးချမ်းသောအပြုံးဖြင့် မွေးထုံ၏ မျက်နှာလေးကို တငွံကြည့်ကြည့်ဖြင့် လိုက်ပါလာ၏။ ဧည့်ခန်းဆောင်ထဲမှာ နှင်းဆီဖြူတွေ ထိုးထားသော ပန်းခြင်းတွေ ပြည့်နေသည်။ အခန်းနံရံဘေးမှာ ပန်းတင်ခုံတွေနှင့်လည်း ပန်းခြင်းလှလှကြီးတွေက ရှိနေကြလျက်။ ဧည့်ခန်း၏ ဆိုဖာဆက်တီကြီးများဘေးမှာလည်း ပန်းခြင်းတွေ စီချထားသည်။ ဧည့်ခန်းဆောင်ကျယ်ကြီးမှာ ပန်းခြင်းတွေ .. ပန်းခြင်းတွေကို တန်းစီ၍ လှလှပပထားထားတာမို့ ..။ ပန်းတောထဲမှာ လမ်းလျှောက်နေရသည့်နှယ်ပါတကား ..။ ပြီးတော့ .. နှင်းဆီတွေအားလုံး အဖြူရောင်တွေချည်း ဖြစ်နေသည်။

"ဒါတွေ အားလုံးကို မနေ့ကတည်းက အစ်ကိုလေးက စီစဉ်ထားတာလေ .. ဒီနေ့မှာ အားလုံး အသင့်ဖြစ်နေကြရပြီ သိလား .. လာ .. လာ .."

ဟုပြောကာ လှေကားထစ်တွေတိုင်းမှာ လှပသော နှင်းဆီခြင်းငယ်လေးတွေ စီချထားရာ လှေကားဆီသို့ ဦးဆောင်ခေါ်လာတော့လည်း မွေးထုံ လိုက်လာရသည်ပါပဲ ..။ ရင်ထဲမှာ အရမ်းကိုလှပသော ပန်းနှင်းဆီဖြူတို့၏ မွှေးမြသင်းသော ရနံ့နှင့် အလှတရားများက ညှို့ငင်ဖမ်းစားထားကြသည်သို့ ရှိ၏။ ရင်သည် နူးညံ့နွေးထွေးနေသော သိမ်မွေ့ခြင်းများဖြင့် ပိတ်ဖုံးနေရသည်သို့ ရှိနေကြပါသည့်အဖြစ် .. မွေးထုံသည် ပန်းများဖြင့် တည်ဆောက်ထားသော ပန်းနန်းတော်ကြီးထဲမှာ လျှောက်နေရသည့် မင်းသမီးလေးတစ်ပါးနှယ် ခံစားဖြစ်လာရစေသည်အထိ .. အဖြူ

www.burmeseclassic.com

www.burmeseclassic.com



ရောင်နှင်းဆီတို့၏ အလှတရားများက လွှမ်းမိုးလာနေကြပါချေသည်တကား ..။

သူကလည်း ဘေးမှာ တိတ်ဆိတ်စွာလိုက်လာနေဆဲ။ သူ .. ပုံဖော်ကြည့်မိခဲ့သော မြင်ကွင်းတစ်ခုသည် လက်တွေ့မှာ ဖြစ်နေပြီ ..။ အဖြူရောင် ပိုးဝတ်စုံလေးနှင့် မွေးထုံသည် အဖြူရောင် နှင်းဆီပန်းလေး တစ်ပွင့်နှင့် တူနေသည်။ ပန်းလေးလှသည့်နှယ် မွေးထုံသည်လှနေ၏။ ပန်းဝတ်လွှာလေးများ နူးညံ့သည့်နှယ် မွေးထုံ၏ အသားလေးတွေက နုထွေးနူးညံ့လွန်းနေကြလျက် ..။ နှင်းဆီပန်းလေး မွှေးသည့်နှယ် သူ၏ မွေးထုံလေးသည် မွှေးမြမြထုံလျက် ရှိနေချေသည်တကား ..။ သူ .. မွေးထုံ၏ နုအိနုစင်နေသော ခြေဖဝါးလေးတွေ အနီရောင်ကော်ဇောခင်းလှေကားထစ်များထက်မှာ ဖေးတင်တက်နေတာကိုလည်း ကြည့်မိသည်။ တကယ့်ကို ကြော့ကြော့စင်လှလိုက်ပါသည့် မိန်းကလေး။ တော်ဝင်မင်းသမီးလေးတစ်ပါးနှယ် တန်ဖိုးထားမြတ်နိုးရပါသော မိန်းကလေးသည် တကယ့်ကိုလည်း .. ပန်းတွေနှင့်အတူ .. အလှကြီးလှလျက် .. ကျက်သရေရှိလွန်းလှနေချေသည်တကော ..။

ဤမိန်းကလေးသည် .. သူ၏ မိန်းကလေး ..။ သူ .. တစ်ဘဝတာမျှ ပိုင်ဆိုင်ခွင့်ရလိုက်ပြီဖြစ်ချေပါသည့် မိန်းကလေးပါတည့် ..။ သူ့ရင်တွေ အရမ်းကို လှုတ်ခတ်လှုပ်ရှားနေကြတာအမှန် ..။ တကယ်က .. သူ့မိန်းကလေး၏ နုနုအိအိ လက်ကလေးတွေကို သူ ထွေးဆုပ်ကာ ဤလှေကားထစ်များကို တူတူနင်းဖြတ်တက်ချင်ပါ၏။ သူ့ဘဝဖော်အဖြစ် မွေးထုံသည်ရှိလျက် ..။ မွေးထုံ၏ ဘဝဖော်အဖြစ် လက်တွဲကာ သူသည်လည်း ရှိနေသည်



ဆိုတာ မွေးထုံ သိသွားစေချင်သည်လေ ..။ ဒါပေမဲ့ .. သူ့လက်တွေ ထွေးဆုပ်လာလျှင် မွေးထုံ ပုတ်ထုတ်ပစ်လိုက်တာမျိုးကို သူ ရင်ဆိုင်လိုက်ရမှာ ထိတ်လန့်နေရသည်။ သူ့ဘဝခြေလှမ်းအစ ခရီးမှာ သူ့လက်ကို မွေးထုံက ပုတ်ထုတ်လိုက်မှာမျိုးကို အဖြစ်မခံချင် ..။ မင်္ဂလာမရှိဘဲ ဖြစ်သွားမှာမျိုး .. နိမိတ်မကောင်းဘဲဖြစ်သွားတာမျိုးကို သူ အဖြစ်မခံနိုင်။ ဤနေ့သည် .. သူ့မင်္ဂလာနေ့။ ဤနေ့မှာ .. ဘာမျှ .. မွေးထုံထံမှ .. လက်တွဲဖြုတ်လိုက်တာမျိုးကို အဖြစ်မခံနိုင်တာမို့ မွေးထုံ၏ လက်လေးကို ဖေးတွဲထွေးဆုပ်တာမျိုးကိုပင် မလုပ်ဝံ့လောက်အောင် ဖြစ်နေရပါသည့်အဖြစ် ..။ သူသည် .. မွေးထုံနှင့် ပတ်သက်လျှင် အယူသည်း အစွဲအလမ်းကြီးလွန်းနေသည့်သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာနေကြတာကို မိမိဘာသာလည်း သိသိလာနေရပါ၏။ ခုလည်း မွေးထုံ၏ လက်လေးကို ဖေးကိုင်ထွေးဆုပ်လိုပါလျက်ကယ်နှင့် မွေးထုံ၏ လက်တွဲဖြုတ်ပုတ်ထုတ်လိုက်တာမျိုးကို ရင်မဆိုင်နိုင်သည့်သူတစ်ယောက်အဖြစ် သူသည် ရပ်တည်နေရလျက် .. မွေးထုံ၏ လက်လေးကိုသော်မျှ ဖေးကိုင်ရဲနိုင်စွမ်းမရှိတော့သည့် အချစ်ကြီးချစ်နေမိရသူတစ်ယောက်အဖြစ် ရှိနေရချေသည်တကား ..။

တကယ်က .. ပန်းခြင်းတိုင်း ပန်းခြင်းတိုင်းကို သူ သယ်လာခြင်းပါ ..။ သူတစ်ယောက်တည်း စီချခဲ့ခြင်းပါ ..။ ဒါပေမဲ့ .. ဒေါ်ကြီးငွေကပဲ လုပ်ထားပေးရသယောင် သူ ဖြစ်တည်စေခဲ့ပါ၏။ ပန်းခြင်းတွေကိုတော့ သူ စီစဉ်ပေးသည်။ ဒေါ်ကြီးငွေက အလှဆင်နေရာချသည်ဆိုသည့်သဘောမျိုးပဲ မွေးထုံကို သိစေရပါ၏။ ဘာကြောင့်ဆို .. သူ့ကိုယ်တိုင် ပန်း

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေကို .. မွေးထုံ မြရိပ်သာသို့ ရောက်ရောက်ချင်း ကြည်နူးချမ်းမြေ့ရအောင် .. ပျော်ရအောင် .. စိတ်လေးတွေ ကြည်လင်ရအောင် .. စီစဉ်နေရာချခဲ့ခြင်းဆိုတာ သိသွားလျှင် ပန်းခြင်းလေးတွေကို .. မွေးထုံ ကြည့်နေရင်း စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်သွားမှာကို သူ မလိုလား ..။ မပျော်ဘဲရှိသွားမှာကို သူ မလိုလား ..။

အမိကမှာ သူ ပန်းခြင်းတွေကို ကိုယ်တိုင် နေရာချတာကို မွေးထုံ သိဖို့မဟုတ် ..။ မွေးထုံလေး ပန်းတွေနှင့်အတူ ကြည်နူးချမ်းမြေ့ဖို့သာ အမိက မဟုတ်ပါလား ..။

မင်္ဂလာခန်းဆောင်တံခါးကို ဒေါ်ကြီးငွေ ဖွင့်ပေးကာ ..

"မွေးထုံလေး နားနားနေနေ .. နားနေလိုက်နော် .. ရေချိုးချင်ရင်လဲ ချိုးလိုက် .. ဟိုဗီရိုကြီးထဲမှာ အဝတ်အစားတွေရှိတယ် .. ရယ်ဒီမိတ်ဘလောက်အင်္ကျီပွပွလှလှလေးတွေမှ အများကြီးပဲသိလား .. အစ်ကိုလေး ဝယ်ထားတာလေ .. ထဘီအသစ်တွေလဲ ဒေါ်ကြီးငွေပဲ ဝယ်ချုပ်ပေးရတာ .. ကဲ .. ကဲ .. ခဏနားနော် .. ထမင်းစားဖို့ နောက်မှ ဒေါ်ကြီးငွေ လာခေါ်ပါ့မယ် .."

ဟု ပြောပြောဆိုဆိုဖြင့် ဒေါ်ကြီးငွေ အခန်းတွင်းမှ ထွက်သွားတော့ သူနှင့် မွေးထုံပဲ အခန်းကျယ်ကြီးထဲမှာ ကျန်ခဲ့ပါ၏။ မင်္ဂလာခန်းဆောင်သည်လည်း အားလုံး ဖြူစင်နေသည်။ အဖြူရောင် ဖဲပန်းထိုး ခေါင်းအုံးစွပ်နှင့် ..။ အဖြူရောင် ဖဲအိပ်ရာခင်း ..။ အဖြူရောင် နှင်းဆီပန်းခြင်းများချထားရာ ခန်းဆောင်



မင်္ဂလာခန်းဆောင်၏ မျက်နှာကြက်ဆီမှ မီးပန်းဆိုင်းများသည် မွေးစင်နေကြလျက် ..။ ခုတင်ဘေးရှိ စားပွဲခင်းသည်ပင်လျှင် အဖြူရောင်အခံတွင် ဆင်စွယ်ရောင် ပိုးချည်ပန်းထိုးဖြစ်နေသည်။ စားပွဲထက်မှာ အဖြူရောင်နှင်းဆီပန်းအိုးလေး ရှိနေလျက် ..။ သူအိပ်မီးတိုင်သည်လည်း အဖြူရောင်မီးဖာအုပ်ဆောင်းတပ် ဖြစ်ပါ၏။ ပြတင်းတံခါးခန်းဆီးတွေကလည်း အဖြူရောင်ဖဲသားများ ဖြစ်နေကြပါ၏။ မွေးထုံ ကိုကြီးကို ကြည့်မိရပါ၏။ အဖြူရောင်ကို အလွန်တရာကိုမှ နှစ်သက်သည့်သူတစ်ယောက်အဖြစ်လည်း သိလာရလျက် ..။ မွေးထုံကို ဖြူစင်ခြင်းများဖြင့် ကြိုဆိုသည်ပဲ ဟုလည်း နားလည်လာနေမိရသည်က မွေးထုံပါ ..။

"ကိုကြီးတို့ ခဏထိုင်လိုက်ကြရအောင်လား .."

သူ ပြောလာတော့ မွေးထုံ ဆိုဖာထက်မှာ ထိုင်သည်ပါပဲ ..။ မွေးထုံ၏ ဘေးမှာ သူ လာထိုင်သည်။ ထိုင်မိလိုက်တတည်းက .. တစ်ယောက်ထိုင်ဆိုဖာထက်မှာ ဖြစ်ဖို့ကောင်းသည်ဟု မိမိဘာသာ ချက်ချင်း အပြစ်တင်စိတ်ရှုပ်ထွေးမိရသည်က နှစ်ယောက်ထိုင် ဆိုဖာရှည်ကြီးမှာ နီးရာထိုင်ချလိုက်မိပါသည့် မွေးထုံပါတည့် ..။ ခုကျတော့ ဘေးမှာ ကိုကြီး လာထိုင်နေပြီ။ ခုကျမှ .. ထထွက်သွား၍ကလည်းမကောင်း။ ခဏငြိမ်ထိုင်လိုက်ပဲရှိသည်ဟု စိတ်ထဲမသက်မသာတွေးမိရင်း မွေးထုံ ခပ်တည်တည်လေးပဲ မော့ကြည့်လိုက်တော့ အေးချမ်းသောမျက်ဝန်းများဖြင့် ကြည့်နေသည့်အကြည့်နှင့်ဆုံသည်။

"ကိုကြီး ငယ်ငယ်တုန်းက .. မေမေ ပြောဖူးတဲ့ ပုံပြင်လေး ရှိတယ် မွေးထုံ .. မကြာမကြာ အဲဒီပုံပြင်လေးကို မေမေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရတယ် .. ဘာလို့လဲဆိုတော့ .. ပုံပြင်လေးကို ငယ်တုန်းက .. ကိုကြီးအရမ်းကိုစွဲလမ်းခဲ့လို့ပဲ .. အထပ်ထပ် နားထောင်လို့မဝခဲ့လို့ပဲ မွှေးထုံ .. မေမေက ပြောပြတယ်၊ ပုံပြင်ထဲမှာ အလွန်လှတဲ့ နတ်သမီးလေးတစ်ပါးရှိတယ် .. မျက်ခုံးလေးက လခြမ်းကွေးလေးလိုပဲ သိပ်လှတယ်တဲ့ .. မျက်လုံးလေးတွေက .. နက်မှောင်ပြီး မျက်တောင်လေးတွေ က ကော့ညွတ်နေကြတာတဲ့ .. မျက်နှာလေးဟာ ဘယ် လောက်လှသလဲဆိုရင် တွေ့မြင်ရတဲ့သူတိုင်းဟာ မြင်မြင် ချင်း အားလုံးကို မေ့လျော့သွားစေလောက်အောင်ပဲတဲ့ .. သူဟာ .. အဖြူရောင်နှင်းဆီပန်းတို့ရဲ့ နတ်သမီးလေးတစ် ပါးပဲတဲ့လေ .. သူရှိတဲ့နေရာမှာ နှင်းဆီပန်းတို့ဟာ အားလုံး အဖြူရောင်ဖြစ်သွားကြရတယ်တဲ့ .. အစက အနီရောင် .. အပန်းရောင် .. အဝါရောင် .. နှင်းဆီတွေပဲ ဖြစ်နေကြစေတော့ .. အဖြူရောင်ပန်းနတ်သမီးလေး အဲဒီ နေရာကို ရောက်သွားရင် .. နှင်းဆီပန်းတိုင်းဟာ ဖြူသွား ကြရတယ်တဲ့ .. သူရှိနေတဲ့နေရာဆိုရင် .. နှင်းဆီဖြူတွေ ချည်းပဲ ရှိနေကြရတယ်တဲ့လေ .. ကိုကြီးလေ .. ငယ်က တည်းက .. အဲသလို အလွန်လှတဲ့ .. အဖြူရောင်ပန်းနတ် သမီးလေးကို စွဲလမ်းနေမိရတယ် .. သိပ်ကိုလဲ .. မြင်ချင် ချင်ခဲ့တယ် .. ဒါပေမဲ့ .. မေမေ့ကို စောစော ပြောပြဖို့ ပူဆာတတ်တဲ့ ကိုကြီးဟာ .. ငယ်ကတည်းက အဖြူရောင် ပန်းနတ်သမီးလေးကို တသသဖြစ်ရတဲ့ ကိုကြီးဟာ .. မေမေ ပြောပြခဲ့ဖို့ ကျန်ခဲ့တဲ့ ဒီပုံပြင်လေးထဲက အချက်လေး



တစ်ခုကို .. ဖြည့်ပြောရတော့မယ် .. မေမေက .. သူ့သား ဟာ .. အဲဒီအဖြူရောင်ပန်းနတ်သမီးလေးနဲ့ လက်ဆက် ရမယ်လို့ ထည့်ပြောပြဖို့ ကျန်သွားခဲ့တယ်လေ .."

သူ့အသံတွေက အရမ်းကိုနူးညံ့နေသည်။ မွှေးထုံ၏ လက်လေးကို သူ ခပ်ဖွဖွလေး လက်ဖြင့်ဖွေးဆုပ်လိုက်မိရင်းမှ ..

"လက်ကို မရုန်းလိုက်ပါနဲ့ မွှေးထုံလေးရယ် .. ဒီနေ့မှာ မွှေးထုံရဲ့လက်လေး ရုန်းထွက်လိုက်တာမျိုးကို .. ကိုကြီး မကြုံပါရစေနဲ့ .. ကိုကြီးရဲ့အချစ်ကို ယုံကြည်တယ်ဆို .. ကိုကြီးကို တုံ့ပြန်မချစ်နိုင်ရင်တောင်မှ .. ကိုကြီးရဲ့အချစ် ကို ယုံကြည်တယ်ဆိုရင်ဖြင့် .. လက်လေးကို ရုန်းမထွက် လိုက်ပါနဲ့ မွှေးထုံရယ် .."

သူ ခပ်တိုးတိုးတောင်းပန်ရင်းမှ မွှေးထုံ၏ မျက် နှာလေးကို သူ မျက်တောင်မခတ် တစိမ့်စိမ့်ကြည့်နေမိရ၏။ ကြည့်၍မရနိုင်ပါ မိန်းကလေးရယ် ..။ မြတ်နိုး၍မဆုံးနိုင်ပါ မွှေးထုံငယ် ..။ သူ့ဘဝသည် မွှေးထုံသည်သာ အရေးကြီးဆုံးဖြစ် နေသည်သို့ သိသိလာနေရပါသည့်အဖြစ်။

"ကြည့်စမ်းပါဦး မွှေးထုံ .. အိမ်ထဲမှာ .. ပန်းလေးတွေ အားလုံး ဖြူနေကြတယ် .. နှင်းဆီပွင့်တိုင်းဟာ ဖြူနေကြ တယ် မွှေးထုံ .. အဲဒါ .. ဒီအိမ်မှာ .. နှင်းဆီဖြူနတ်သမီး .. ပန်းနတ်သမီးလေး ရောက်နေလို့ပေါ့ .."

ဟု ပြောကာ အင်္ကျီအိတ်ကပ်တွင်းမှ ဘူးလေးကို ထုတ်ယူလိုက်မိလျက် ကတ္တီပါဘူးတွင်းမှ ပုလဲလုံးငယ်လေးများ ဖြင့် နှင်းဆီဖြူပွင့်သဏ္ဍာန် ပုံဖော်ထားသည့် လက်စွပ်လေးကို

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ မွေးထုံ၏ လက်ဖယောင်းသွယ်လေးမှာ တသိမ့်မွေ့မွေ့ ကိုင်၍ ဝတ်ဆင်ပေးလိုက်မိရပါပြီ ..။ သူ့ရင်ခွင်မှာ မွေးထုံလေးကို ပိုက်ထားလိုက်ချင်သည်။ မွေးထုံ၏ နဖူးပြင်နုနုထွေးလေးထက်မှာ အနမ်းလေးတစ်ပွင့်ကို ဖေးတင်လိုက်ချင်သည်။ ဒါပေမဲ့ .. သြော် .. ဒါပေမဲ့ အရှမ်းကို အေးစက်စွာ မော့ကြည့်လာပါသည့် မွေးထုံ၏ အကြည့်လေးတွေက သူ့ရင်ကို ချောက်ချားလာနေစေကြပါပြီ ..။

ဘုရားရေ ..။ မွေးထုံသည် .. သူ့နှလုံးအိမ်ကို နာကျင်စေမည့် စကားတွေ ပြောလာချေတော့မည်ထင့် ..။ နှုတ်ခမ်းလေးတွေ တင်းတင်းပါအောင် စေ့ထားကာ အေးစက်လွန်းနေသည့် အကြည့်ဖြင့် ကြည့်နေပါသည့် မွေးထုံ ထံမှာ .. ချစ်ရိပ်လေးတွေ စိုးစဉ်းမျှ ဖေးတင်မနေကြတာကို သူ ချောက်ချားတုန်လှုပ်စွာ မြင်နေရပါ၏။ ဤမျှအထိ .. မွေးထုံသည် .. သူ့အပေါ်မှာ .. အေးစက်စိမ်းကားခြင်းများဖြင့် တုံ့ပြန်ကြည့်လာလိမ့်မည်ဟုတော့ မထင်ထားမိခဲ့ ..။

"ကျွန်မ ပြောချင်တာ ရှိနေတယ် ကိုခိုင်မြဲ .. ရှင့်မေမေ ပြောပြတဲ့ ပုံပြင်ထဲမှာ .. အဲဒီ ပန်းနုတ်သမီးလေးက .. သူ လက်ထပ်လိုက်ရတဲ့ သူတစ်ယောက်ကို .. မချစ်နိုင်ဘဲ ရှိနေတာ .. ပြောပြဖို့ ကျန်သွားခဲ့သေးတယ်လေ .. ကျွန်မ ရှင့်ကို မချစ်ပါဘူး ကိုခိုင်မြဲ .."

ဟု အေးစက်လွန်းစွာ ပီပီသသ ပြောချလိုက်ပါသည့် စကားသံသည် .. သူ့ရင်ကို .. ရှနစ်စွာ ဓားနှင့် ဆွထိုးသည်သို့ ရှိ၏။



"ကျွန်မ .. ရှင်နဲ့ ကင်းကင်း နေချင်ပါတယ် ကိုခိုင်မြဲ .. ရှင့်ကို .. ကျွန်မ ချစ်လာနိုင်တဲ့ အထိပေါ့ .. ကျွန်မရိုးသားချင်ပါတယ် ကိုခိုင်မြဲ .. ရှင့်ကို ကျွန်မ မချစ်ဘူးဆိုတာကိုလဲ အသိပေးချင်တယ် .. ကင်းကင်း နေချင်တာကိုလဲ အသိပေးချင်တယ် .. ရှင် ကျွန်မကို လက်ထပ်လိုက်ခြင်းဟာ အတော်ကြီးကို စွန့်စားလိုက်ခြင်းပဲ ဆိုတာ ရှင်သိလာတဲ့အချိန်မှာ .. ကျွန်မကို ရှင် ကွာရှင်းနိုင်ခွင့်ရှိပါတယ် .. သိပ်ကိုမြင့်တဲ့ နေရာမှာ ရှိနေတဲ့သူဟာ နိမ့်တဲ့နေရာကို တစ်ခါတစ်ခါမှာ ဆင်းကြည့်ချင်စိတ် ဖြစ်ပေါ်တတ်ကြပါတယ် .. အဲဒါ .. ရူးသွပ်မှု တစ်ခုခုကြောင့်ပဲဖြစ်ဖြစ် .. ကိုယ်ခံနိုင်ရည်ကို ကိုယ်မသိလို့ပဲဖြစ်ဖြစ် .. အဲသလိုဖြစ်တတ်တာပါ .. တကယ်တမ်း အနိမ့်မှာ ကြာကြာနေတော့ .. နေလို့မတတ်ဘဲ ဖြစ်တတ်တယ်လေ .. ရှင်နဲ့ ကျွန်မကြားမှာ တက်သာဆုတ်သာ ဖြစ်နိုင်အောင် .. ကျွန်မကို .. ရှင် ကွာရှင်းချင်သပဆို .. ပြတ်ပြတ်ထင်ထင် ကွာရှင်းနိုင်အောင် ကျွန်မ .. ရှင်နဲ့ ကင်းကင်းနေချင်ပါတယ် ကိုခိုင်မြဲ .."

ဟု ပြောလာသံသည် သူ့အရိုက်ကို ရက်ရက်စက်စက် ထိုးသည့်နှယ် ရှိ၏။ မွေးထုံကို သူ ငေးစိုက်ကြည့်မိသည်။ ထွေးဆုပ်ထားဆဲလက်ကို သူ ပြန်ရုပ်မိသည်။ ဤမျှအထိ ဆိုးဝါးသော အိမ်ထောင်တစ်ခု ဖြစ်လာမည်ဟုတော့ သူ မမျှော်လင့်ထားမိခဲ့ ..။ မွေးထုံသည် .. သူ့ထံမှ ကွာရှင်းလိုက်မှုတစ်ခုကို .. တည်ငြိမ်စွာ လက်ခံပေးလိုက်ဖို့ အသင့်ရှိနေသည့် မွေးထုံ အဖြစ် သူ့ကို ပြတ်သားစွာ အသိပေးလိုက်ချေသည့်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းယမ်းကာ နေရာမှ ထရပ်မိသည်။ ပြတင်းအနီးမှာ သွားရပ်ရင်း အတန်ကြာမျှ ငြိမ်သက်နေပါ၏။ သူ့လက်တွေက ပြတင်းပေါက်ပေါင်ထက်မှာ ဖေးဖေးတင်တင်။ ရင်သည် လှိုက်နေ၏။ ဆို့နေ၏။ မွန်းကျပ်လှိုက်ခါနေ၏။ အရာရာသည် .. ဤမျှအထိ .. အေးစက်ခါးသီးစွာ ပြီးဆုံးရချေတော့မည်တဲ့လား ..။ သူ .. သူ .. မြတ်နိုးလွန်း၍ .. ချစ်လွန်း၍ .. စွဲလမ်းရလွန်း၍ .. သော် .. အရိပ်တကြည့်ကြည့်မျှ ချစ်ရလွန်း၍ လက်ထပ်ထားရပါသည့် သူ့မိန်းကလေးသည် .. မင်္ဂလာဦးရက်မှာ .. သူ့ကိုကွာရှင်းနိုင်ခွင့် ပြုထားပါသည့် စကားဦးကို .. ပြောရက် .. ပြောထွက်နိုင်ခဲ့ချေသည်တကား။

သူ .. ချစ်လွန်း၍ .. ပန်းနှင်းဆီဖြူတို့၏ နုတ်သမီးလေးဖြင့် တင်စားကာ တကြည့်နူးနူးဖြင့် ပြောပြချိန်မျိုးမှာမှ .. ဤစကားကို .. ပြောထွက်ရက်ရသည်တဲ့လား မွှေးထုံငယ်ရယ် ..။ သူ .. မျက်ဝန်းတွေကို စုံမှိတ်ချလိုက်မိရပါပြီ ..။ လည်ချောင်းတွေ တစ်ဆို့နေကာ အသက်ကို အားစိုက်၍ မနည်းရှူရှိုက်နေရပါသည့်အဖြစ် ..။ ရတ်ခြည်းပင် သူ့ကိုယ်တွင်းဆီမှ အားအင်တွေကို ဆွဲနုတ်ယူလိုက်ကြသည့်နှယ်ပင် ခံစားလာရလျက် လူကအားကုန်အားပြတ် ဖြစ်ချင်လာ၏။ သူ .. ခပ်ဖြည်းဖြည်း မွှေးထုံရှိရာဘက်ကို ပြန်လှည့်သည်။ ခုတင်ထက်မှာ ထိုင်နေရင်းဖြင့် သူ့ကို အေးစက်စက် မျက်ဝန်းအကြည့်လေးတွေဖြင့် စိုက်ကြည့်နေဆဲ မွှေးထုံကို သူ ခေါင်းယမ်းပြမိပါသည်။

"ကိုကြီး .. မင်းကို .. ကွာရှင်းဖို့ လက်ထပ်ထားတာ မဟုတ်ဘူး မွှေးထုံ၊ မင်းကို ချစ်မြတ်နိုးလို့ လက်ထပ်ထား



တာပါ .. ဘာကြောင့်ပဲဖြစ်ဖြစ် .. ကိုယ် .. မင်းဆီက အချစ်ကို မရရင်တောင်မှ .. မင်းကို မကွာရှင်းနိုင်တဲ့ နိုင်မြဲ ဖြစ်နေမှာတော့ သေချာနေပါတယ် မွှေးထုံ .. မင်းဟာ ငါ့အသက်ပဲ မွှေးထုံ .. မင်းရှိမှ ငါနေတတ်သလို ဖြစ်နေတယ် .. မင်း ရှိမှ ငါ့ဘဝဟာ ပြည့်စုံနေရတယ် .. မင်းကို .. ငါ ဘယ်တော့မှ မခွဲဘူး မွှေးထုံ .. ဒါပေမဲ့ .. မင်း .. ဖြစ်ချင်တာကို ငါ .. နာခံပေးမယ် .. မင်း .. ငါနဲ့ ကင်းကင်းနေချင်တယ် မဟုတ်လား .. ရပါတယ် မွှေးထုံ .. ငါ .. ကင်းကင်းနေပေးပါ့မယ် .. ဒါပေမဲ့ .. မင်းဟာ .. ငါ့ဇနီးအဖြစ်ကတော့ ရှိမြဲရှိနေရမှာပဲ မွှေးထုံ .. ကဲ .. ငါ .. ခြံထဲခဏဆင်းမယ် .. မင်း နားနေပါ .. ရေမိုးချိုးပါ၊ လှလှပပနေပါ .. ပျော်ပျော်ရွှင်ရွှင်နေပါ .. မင်းကို ငါ ထပ်ပြောမယ် .. ဆေးလေးနက်နက် ပြောခဲ့မယ် .. မင်းကို .. ငါ ချစ်မြတ်နိုးလို့ လက်ထပ်ထားတာ .. မင်းဟာ .. ဘယ်တော့မှ .. ငါ့ဇနီးအဖြစ်က ထွက်ခွာသွားလို့တော့ မရနိုင်တော့ဘူး မွှေးထုံ .."

သူ .. အသံတွေ အက်ကျနေရင်း ဆက်တိုက်ပြောနေရစဉ်မိုက် နက်မှောင်သော မျက်ဝန်းလေးတွေဖြင့် သူ့ကိုအလျှော့ပေးစွာ တုံ့ပြန်ကြည့်နေသည့် မွှေးထုံကို .. ကြေကြေကွဲကွဲ တုံ့ပြန်ကြည့်မိရပါ၏။

သူသည် .. သူ့ကို .. ကွာရှင်းရန် အသင့်ရှိနေသည့် မိန်းမသားတစ်ယောက်နှင့် ဤနေ့မှာ လက်ထပ်ဖြစ်ခဲ့ရချေသည် တကား ..။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးအိမ်သည် .. မွမွကျေသည်သို့ ရှိ၏။

နေရာမှ သူ ချာခနဲ လှည့်ထွက်စဉ်ခိုက် ..

"ရှင် .. တစ်နေ့မှာ .. ကျွန်မကို ကောင်းကောင်းကြီး စိတ်ပျက်လာပါလိမ့်မယ် ကိုခိုင်မြ .. သိပ်ချစ်တယ်လို့ ထင်မိတဲ့ အရာတစ်ခုဟာ သူနဲ့ လုံးဝမအပ်စပ်တဲ့ အလွှာတစ်ခုက တုံ့ပြန်ရိုက်ခတ်လာတဲ့ ရင်ဆိုင်လက်ခံပေးရမှုတွေကို ကြာရှည်ခံနိုင်စွမ်း မရှိတတ်ကြဘူးလေ .. ကျွန်မကတော့ ဘဘကြီးစကားကို နားမထောင်ရင် မဖြစ်လို့ ရှင့်ကို လက်ထပ်ခဲ့ရတာပါပဲ .. ရှင် .. ကျွန်မကို စိတ်မပျက်ဘဲ ရှိနေလေသမျှတော့ .. ကျွန်မဟာ ရှင့်ဇနီးအဖြစ် ဒီအိမ်ကြီးမှာ ရှိနေရမှာပါပဲ .. စိတ်ချပါ .. ရှင် ကျွန်မကို ကွာရှင်းချင်တဲ့ ဆုံးဖြတ်မှုတစ်ခု ရှိသွားနိုင်ပြီဆိုရင် .. ဒီအိမ်က ချမ်းသာမှုမှန်သမျှကို .. ကျွန်မလက်ဖျားနဲ့တောင် မတို့ထိဘဲ ကြည်ကြည်သာသာ .. အဲဒီစာချုပ်မှာ လက်မှတ်ထိုးပေးခဲ့ပါ့မယ် .. ကွာရှင်းစာချုပ်လေ .."

ဟု ပြုံး၍ ပြောလာခိုက် သူ ရင်ထဲမှာ ထိခိုက်နေရပါပြီ ..။

မွေးထုံသည် .. ဖေဖေ့ကို ခွင့်မလွှတ်နိုင်သေးသော မွေးထုံ ဖြစ်နေချေသည်ပဲ .. ဟု တဖြည်းဖြည်း နားလည်လာနေရပါသည့်အဖြစ်။

ခွင့်မလွှတ်နိုင်သော နာကြည်းမှုကို .. မွေးထုံသည် သူနှင့်ကွာရှင်းလိုက်ရသည်အထိ မပြောင်းလဲစွာ ရင်မှာသိမ်းဆည်းထားချေသည်တကား ..။



သူ .. နေရာမှ တိတ်ဆိတ်စွာ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခဲ့မိရပါသည့်အဖြစ် ..။

ဤသို့ ကြေကွဲဖွယ် အဖြစ်များကို .. မင်္ဂလာဦးကာလမှာ .. ဖြစ်တည်ရင်ဆိုင်ရသည့် အဖြစ်ထက် ဆိုးဝါးသောအရာ မရှိနိုင်တော့သည်ပဲ ..။

တိတ်ဆိတ်စွာ ကြေကွဲလောင်မြိုက်နေသည့်ရင်ဖြင့် မြရိပ်သာမှာ .. သူသည် .. အဘယ်မျှရှည်ကြာစွာ .. ဖြတ်သန်းနေရချေဦးမည် မသိ ..။

သြော် .. အဘယ်မျှ ရှည်ကြာချေဦးမည်မသိ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

မွေးထုံ ရေမိုးချိုးကာ သနပ်ခါးလေးလူး၍ ချည်သား ဝတ်စုံလေးဖြင့် အပေါ်ထပ်မှ ဆင်းလာခိုက် သူကတော့ ညှော်ခန်း ဆောင်မှာ သူ့တင်းစာတစ်စောင်ကို တည်တည်ငြိမ်ငြိမ် ဖတ်နေပါ၏။ သူ့ရှေ့မှာ ထောပတ်သီးဖျော်ရည်တစ်ခွက် ရှိနေသည်။

မွေးထုံ ဆင်းလာတာကို သူ လှေကားဘက်ဆီသို့ မော့ကြည့်တွေ့မြင်တော့ အေးချမ်းစွာပြုံးပြပြီး လှေကားဆီသို့ လျှောက်လာပါ၏။ ညှော်ခန်းဆောင်ကျယ်ကြီးမှာက ဒေါ်ကြီးငွေ ရှိနေသည်လေ ..။ ဒေါ်ကြီးရှေ့မှာ သူနှင့်မွေးထုံတို့ ကြားမှာ ဘာ ဆိုဘာမျှ စိတ်ပင်ပန်း ရှုပ်ထွေးစရာတွေ မရှိကြသည့်အလား နေ ထိုင်ပြဖို့လိုသည် မဟုတ်ပါလား။ ဒေါ်ကြီးငွေက သပြေသီးမှည့် ရောင် စန္ဒရားကြီးကို အဝတ်သန့်ဖြင့် လက်တောက်နေအောင် သုတ်နေသည်။

"လာ .. မွေးထုံ .. ထိုင် .. ခဏနားလိုက်ဦးပေါ့ .. ဟုတ် လား .. မင်္ဂလာပွဲမှာလဲ ညှော်ဝတ်ပြ[illegible]တ်ဆက်ရနဲ့ ပင် ပန်းတာပါပဲ .. ဒေါ်ကြီးငွေ .. မွေးထုံလေးအတွက် ထော ပတ်သီးဖျော်ရည်တစ်ခွက် လုပ်ပေးပါဦး .."



သူတည်တည်ငြိမ်ငြိမ်ပင် ပြုံး၍ပြောလည်းပြော ..။ မွေးထုံကို ညှော်ခန်းဆိုဖာရှည်ကြီးထက်မှာ ထိုင်ခိုင်းပြီးမှ ..

"မနက်ဖြန်မနက်စောစော .. ဘဘကြီးဆီကို သွားကြမယ် မွေးထုံ၊ ဘဘကြီး စစ်ကိုင်းသွားဖို့[illegible]တွက် အိမ်ကကားနဲ့ ဒရိုင်ဘာကိုမြင့်ကို ထည့်ပေးလိုက်မယ် .. ဘဘကြီးဟိုမှာ ရှိနေသမျှ .. ကားရော ကိုမြင့်ရော စစ်ကိုင်းမှာ ရှိနေလိမ့် မယ် .. ဘဘကြီး တရားစခန်းဝင်တာ စိတ်အေးချမ်းသာ ဝင်လို့လဲ ဖြစ်အောင် .. မွေးထုံဘက်က ကျတော့လဲ .. အဘကြီး ကျန်းမာပါ့မလား ဘာလားနဲ့ စိတ်ပူနေရတာ မျိုးလဲ မရှိအောင် .. ကိုမြင့်ကို .. စစ်ကိုင်း ထည့်လိုက် မယ် .. ဟိုမှာ ဘဘကြီးကတော့ တရားစခန်း ဝင်မှာဆို တော့ .. ကိုမြင့် နေဖို့ထိုင်ဖို့ကိစ္စ .. အဲဒီမှာ အားလုံး ကိုကြီး စီစဉ်ထားပေးတယ် .. မွေးထုံ ဘဘကြီးအတွက် စိတ်အေးရတာပေါ့ .. တစ်ပတ်တစ်ကြိမ် ကိုမြင့် ဖုန်းဆက် လာလိမ့်မယ် .. ဘဘကြီး ကျန်းမာရေး အခြေအနေက အစ အားလုံး ပြောပြပါလိမ့်မယ် .. ပြီးတော့ .. မွေးထုံ ရဲ့ သစ်တောခြံအိမ်ကို .. ကိုကြီးရဲ့စက်ရုံက အိုက်ကျော် တို့ လင်မယား စောင့်ပေးကြလိမ့်မယ် .. ဆိတ်ခြံကိုလဲ ဂရုစိုက်လိမ့်မယ် .. ဆိတ်လဲ ကျောင်းပေးကြလိမ့်မယ် .. ဆိတ်စာအတွက်လဲ .. အားလုံး ကိုကြီး စီစဉ်ထားပြီးသား"

ဟု တာဝန်ရှိသူ အစ်ယောက်၏ ထောင့်စေ့အောင် စီစဉ်ထားလေသမျှကို တည်တည်ငြိမ်ငြိမ်ကြီး သူ ပြောပါ၏။ မျက်နှာထက်မှာ ဒေါသရိပ်မရှိ ..။ ခံပြင်းရိပ်မရှိ ..။ အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ချမ်းချမ်း ပြောနေခြင်း ..။ မွေးထုံ တစ်ချက် သူ့ကို ငေးကြည့်ပါ၏။ စောစောက မွေးထုံ ပြောခဲ့သည့် စကားတွေကြောင့် စိတ်ထဲမှာ ခံပြင်းနေတာမျိုး ရှိမနေတာကို နည်းနည်းအံ့သြချင်နေပုံလည်း ရသည်။ ဒါပေမဲ့ .. မွေးထုံ တစ်ခုတော့ သိမြင်နိုင်ပါချေလိမ့်မည် ..။ သူ့မျက်နှာထက်မှာ ကြည်နူးပျော်ရွှင်ရိပ်များ ပျောက်ဆုံးနေကြသည် မဟုတ်ပါလား ..။ သူ မျှော်လင့်ထားသော အိမ်ထောင်ရေးသည် ဤသို့မဟုတ်။

ဤသို့ အေးစက် ခါးသီးနေသော ဇနီးသည်တစ်ယောက်၏ ခင်ပွန်းသည်အဖြစ် ရှိနေရခြင်းမျိုးမဟုတ်။ ခုကျတော့ .. သူသည် .. မွေးထုံအတွက် အစစ တာဝန်ယူ ဦးဆောင်ပေးနေပါသည့် အိမ်ထောင်ရှင်တစ်ယောက်အဖြစ်သာ ရှိနေရလျက် ..။ ပျော်ရွှင်ကြည်မွေ့စွာ ဘဝကိုဖြတ်သန်းလျှောက်လှမ်း နေရပါသည့် အိမ်ထောင်ရှင်တစ်ယောက် အဖြစ်တော့ ရှိမနေနိုင် စွမ်းသည်ပဲ ..။

"မနက်ကို .. ဘဘကြီးကို ဒီကကားနဲ့ သွားကြိုကြမယ် .. မွေးထုံ လိုက်ခဲ့ပေါ့ .. လိုက်ချင်မှာပဲလေ .. ကိုကြီးသိပါတယ် .. မနက်စောစော ထကြတာပေါ့ .. ဟုတ်ပလား .. ကဲ .. ကဲ .. ဒေါ်ကြီးငွေ ယူလာတဲ့ ထောပတ်သီးဖျော်ရည်လေး သောက်လိုက်ဦး .. သောက်ပြီးမှ .. ကိုကြီးပြောစရာရှိတာ ဆက်ပြောမယ် .. သောက်လိုက် .."

ဟု ပြောလာတော့ မွေးထုံ ထောပတ်သီးဖျော်ရည် ကိုင်းတာပ်ဖန်ခွက်ကြီးကို ကောက်ကိုင်လိုက်ရသည်ပါပဲ။ ဒေါ်ကြီးငွေကတော့ သတို့သမီးငယ်လေးကို တပြုံးပြုံးနှင့် ကြည့်ပြီးမှ မီးဖိုဆောင်ဘက်ဆီသို့ ဝင်သွားပြန်ပါ၏။



မွေးထုံ ဖျော်ရည်သောက်ပြီးသည်အထိ သူစောင့်ပြီးမှ ထရပ်ကာ မွေးထုံကိုလည်း စောင့်သလို ငဲ့ကြည့်နေတော့ မွေးထုံ ထရပ်လိုက်ရပါပြီ ..။

"မင်္ဂလာနေ့မှာ .. မြရိပ်သာကို ခင်ဝင်လာချင်းမှာ .. ကိုကြီး အလုပ်ချင်ဆုံး အရာတစ်ခု ရှိနေခဲ့တယ် .. လာ.."

ဟု လက်လေးကို လှမ်းဆွဲခေါ်တော့မယောင် လက်ကြီး ဝေ့ခနဲ ဖြစ်သွားပြီးမှ သတိဝင်လာပုံကြီးဖြင့် ကိုယ်ရှိန်ပြန်သပ်ကာ လက်ကို ပြန်ရုပ်ယူသည်။ ဦးဆောင်၍ အပေါ်ထပ်ဘုရားဆောင်သို့ သူ ဝင်တော့ မွေးထုံ နောက်မှ လိုက်လာပါ၏။

ပန်းဆီမီးတို့ဖြင့် သပ္ပာယ်ပါသည့် ဘုရားရှင်တော်မြတ်အား သူ မွေးထုံနှင့် အတူတူ ကန်တော့ဖို့ စောင့်နေသည်မို့ မွေးထုံ သူ့ဘေးမှာထိုင်၍ ကန်တော့လိုက်ရပါ၏။ မွေးထုံ ဘုရားကန်တော့ပြီး သူ့ကိုကြည့်တော့ လက်အုပ်ချီ၍ ဆုတောင်းနေဆဲမို့ တစ်ချက် ငေးခနဲ ကြည့်မိရပါသည့်အဖြစ်။ ဘာတွေများ ဆုတောင်းနေပါသလဲ ..။ မွေးထုံထံမှ အချစ်တွေကိုရဖို့များ ဆုတောင်းနေပါသလား။ အတွေးများသည် မွေးထုံ ထံမှာတောက်လျှောက် တိုးဝင်နေကြပါချေ၏။ မွေးထုံကရော .. မွေးထုံ သူ့ကို ချစ်လာမိဖို့ ဆုမတောင်းခဲ့မိတာ အမှန် ..။ ပြီးတော့ကျတော့ သူ့ကို မုန်းနေတာမျိုး ရင်ထဲမှာ ရှိနေဖို့လည်း ဆုမတောင်းဖြစ်မိခဲ့။ သူနှင့် ကွာရှင်းခွင့်ရသော မွေးထုံ ဖြစ်ရဖို့အတွက်လည်း ဆုမတောင်းမိ ..။ ဘာကြောင့် .. ထိုသို့ မွေးထုံ ဆုမတောင်းရပါသလဲ ..။ မသိ။ ဒါကိုတော့ မသိ ..။ ထိုဆုကို မတောင်းချင်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရှိနေမှန်း တဖြည်းဖြည်း သိလာနေရသည် ..။ ဘာကြောင့်ဆို .. စောစောကပင် .. မွေးထုံသည် သူ့ကို ပြတ်ပြတ်သားသား ပြောခဲ့ပါ၏။ ထိုစကားတွေကို သူလည်း ကြားခဲ့ရပြီးပြီ ..။ ဒါပေမဲ့ .. ဘဘကြီးနှင့် ပတ်သက်၍ရော .. မွေးထုံဘဘကြီး အတွက် စိတ်ချဖို့အတွက်ရော သူသည် အားလုံးတာဝန်တကျေ စီစဉ်ပေးထားပြီးသူတစ်ယောက်အဖြစ် ရှိနေခဲ့ချေသည် မဟုတ်ပါလား။

ခုလိုကျတော့လည်း .. မွေးထုံ သူ့ကို အားနာချင်သည်။ မျက်နှာလည်း နည်းနည်းပူချင်လျက် အနေရ ခက်ရသည် မှာလည်း အမှန်ပါ ..။ မွေးထုံက .. သူ့အပေါ် .. တာဝန်တစ်ခု မှမကျေဘဲ .. မာကျောကျောလေးပင် ပြောခဲ့ဆိုခဲ့မိရသည် မဟုတ်ပါလား။

သူ ဦးချကန်တော့ပြီးချိန်ထိ မွေးထုံ ဘေးမှာ ထိုင်စောင့်မေးနေမိရတာကိုလည်း မွေးထုံ ဘာသာ ပြန်အံ့သြချင်နေသည်။ မွေးထုံ သူ့ကို ချန်ထားခဲ့ခြင်း မရှိနိုင်ခဲ့။

ခနီးတစ်ယောက် အနေဖြင့် သူ့ဘေးမှာရှိနေရမည့် ဝတ္တရားတစ်ခုကို မမေ့လျော့နိုင်ခဲ့ဘဲ ရှိနေပြန်သည့်အဖြစ် ..။ ဒါဆို .. မွေးထုံသည် .. ခနီးသည်တစ်ယောက်၏ စံယူမှုလေးတွေ ရင်ထဲမှာ ရှိနေပြန်ချေသည်တဲ့လား ..။

"ငါ .. ဘာဖြစ်နေတာလဲ .. သူ့ကို .. ငါ .. ထားခဲ့ပြီး အခန်းထဲက ဘာလို့ ပြန်မထွက်သွားနိုင်သေးတဲ့ စောင့်နေမိရတာလဲ .."



ဟု တွေးနေမိချိန်မှာ သူကတော့ မွေးထုံဘက်ကို လှည့်လာကာ .. ခပ်ငေးငေး တစ်ချက်ကြည့်လာပါ၏။ ခုလို .. မွေးထုံ ဘုရားမြန်မြန်ကန်တော့ပြီး ပြန်ထွက်သွားလိုက်တာမျိုး မလုပ်သည့်အတွက်လည်း ကျေးဇူးတင်နေပုံဖြင့် ကြည့်လာစဉ်ခိုက် ဖျတ်ခနဲ မြင်လိုက်ရသည်က ကြည်နူးရိပ် ..။ ခုပိုင် အေးချမ်း စိတ်ရှည်သည့် မျက်ဝန်းရိပ်တွေထဲမှာ ကြည်နူးရိပ်သည် ရုတ်ခနဲ .. ဖျတ်ခနဲ တိုးဝင်လင်းလဲ့လာလျက် ချက်ချင်းပြန်၍ ပျောက်ဆုံးသွား လိုက်ကြတာကို မွေးထုံ မြင်လိုက်ရတော့ ရင်ထဲမှာ ဟာခနဲ တစ်ချက် ဖြစ်ချင်သည်။

ကြည်နူးရိပ်လေးတွေ ပျောက်ဆုံးသွားတာကို နှမြောချင်နေသည်။ အို .. အဘယ်မျှထိ မမေ့ပျောက်နိုင်ရက်စရာ မျက်ဝန်းအစုံပါလဲ ..။ ကြည်နူးရိပ်တွေ လင်းလဲ့စွာ တိုးဝင်လာချိန်မှာ သူ့မျက်နှာသည်ရော အဘယ်မျှထိ .. ကြည်စင်သွားခဲ့ပါသလဲ ..။

စောစောက မြင်လိုက်ရပါသည့် ဟည်ငြိမ်ရင့်ကျူး .. လွန်းနေသော မျက်နှာမျိုး မဟုတ် ..။ ဝမ်းသာရိပ်တွေ စွန်းထင်းနေသော မျက်နှာ ..။ ကြည်နူးရိပ်တွေ ပြည့်သိပ်နေသော မျက်ဝန်း။ ထိုအခါကျတော့လည်း သူ့မျက်နှာသည် စွဲမက်နစ်လိုမှုယ် ဖြစ်နေသည်ဟု မွေးထုံ ထင်လာသည်။ ထိုမျက်နှာလေးကို ထပ်၍ မွေးထုံ မြင်ချင်လာရပါသည့် တောင့်တမှုတစ်ခုသည် ထူးဆန်းစွာပင် မွေးထုံ၏ နှလုံးအိမ်ထဲမှာ ဖြစ်တည်တမ်းတလာနေရပါချေသည်တကား ..။

"ဘဘကြီးကို သွားကြိုဖို့အတွက် စီစဉ်ပေးတာ .. ကျေးဇူး တင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မွေးထုံ စကားစရှာ၍ ပြောတာလည်းဟုတ် ..။ တကယ်လည်း ကျေးဇူးတင်၍လည်း ပြောနေတာလည်း ဟုတ်နေသည့် စကားကို ပြောလာတော့ သူ ကိုယ်ကို ပြန်မတ်သည်။ မျက်နှာထက်မှာ တည်ငြိမ်ရင့်ကျက်လွန်းသည့် အရိပ်တွေကပြန်၍ နေရာယူလာကြပါ၏။

"လာ .."

မွေးထုံ၏ ကျေးဇူးတင်စကားနှင့် ပတ်သက်၍ သူ ဘာမျှမတုံ့ပြန် ..။ မလိုပါဘူး မွေးထုံ ဟုလည်းမပြော ..။ ကျေးဇူးတင်စရာလား မွေးထုံရယ် .. ဟုလည်း မပြော ..။ ခံစားမှုတွေကို သူ့မျက်နှာထက်မှာ ထင်ဟပ်မလာအောင် ကြိုးစားယူနေရတာကိုပဲ မွေးထုံ နားလည်တွေ့မြင်လာနေရပါပြီ ..။ ခုလို သူ .. တည်တည်တံ့တံ့ကြီး .. ခပ်မှန်မှန်ကြီး နေနေတော့လည်း မွေးရဲ့ ရင်ထဲမှာ ဟာလာသည်။

သူနှင့်မွေးထုံ ဆိတ်စားကျက်ခင်းမှာ တူတူထမင်းချိုင့်လေးဖြင့် ထမင်းစားခဲ့ကြစဉ်က တရင်းတနှီးနိုင်လှာ .. ချစ်စနိုးလေး ပြောဆိုလာပါသည့် စကားမျိုးလေးတွေကို ဘာကြောင့်ပြန်၍ တမ်းတအမှတ်ရမိချင်နေရပါသလဲ ..။

ကင်းကင်းနေချင်သည်လည်း ပြောခဲ့လျက် ..။ ခုကျတော့လည်း .. ဟော့ကောင်မလေး ဆိုသည့် ချစ်စနိုးခေါ်သံမျိုး ..။ မိန်းကလေးရဲ့ .. ဟု မြတ်နိုးစွာ ခေါ်လာတတ်တာမျိုးကို ဘာကြောင့် ကြားချင်လာနေမိရပြန်ပါသတဲ့လဲ ..။ မွေးထုံ ရင်ထဲမှာ .. ဟာနေတာပဲ ရှိရှိလာနေပါသည့် အဖြစ်။



သူဦးဆောင်ခေါ်ရာနောက်သို့ မွေးထုံ လိုက်လာတော့လည်း မွေးထုံ လိုက်မီနိုင်အောင် စောင့်ခေါ်လာခဲ့ပြန်ပါသည့် ကိုကြီးပါလားလေ .. ဟု မွေးထုံ တွေးတွေးနေမိရင်း ပခုံးကျယ်ကြီးကို လက်ဖဝါးလေးဖြင့် နောက်ဘက်ဆီမှလှမ်း၍ ဖေးတင်ကိုင်ရင်း လေ့ကားထစ်တွေအတိုင်း ဆင်းချင်စိတ်လေးတွေ ဖြစ်တည်လာနေကြတာကို မိမိဘာသာလည်း မွေးထုံ အံ့သြချင်နေမိရသည်ပါပဲ ..။ ဘုရားရေ .. မွေးထုံသည် .. သူ့ကို အားကိုးတကြီးမှီတွယ်၍ .. လက်မောင်းကြီးကို ဖေးမှီ၍ လျှောက်ချင်ပါသော မွေးထုံ ဖြစ်နေချင်ပြန်သည်တဲ့လား ..။

"ငါ ရူးနေပြီ ထင်တယ် .. ဟုတ်တယ် .. သူ့ကို မုန်းချင်နေတဲ့စိတ် .. သူ့အပေါ်ကို နာကြည်းနေတဲ့စိတ် .. ဟော .. သူ့ကို အားကိုးနေချင်တဲ့စိတ် .. သူ့မျက်နှာမှာ ပျော်ရွှင်ရိပ်တွေ ရှိနေတာကို မြင်ချင်နေတဲ့ စိတ်တွေနဲ့ .. ငါဟာ ရှုပ်ထွေးပင်ပန်းနေတဲ့ မွေးထုံ ဖြစ်နေပါလား .. ငါ .. ငါ့ .. သူ့ကို .. ကွာရှင်းလက်မှတ်ထိုးပေးဖို့ အလွယ်တကူရှိနေနင့်တဲ့ မွေးထုံ အဖြစ် ပြတ်ပြတ်သားသား သူ့ကိုအသိပေးခဲ့ပြီးနေပြီပဲ .. ဘာလို့ .. သူ့ပခုံးပေါ်မှာ ငါ့လက်ဖဝါးလေးတွေကို ညှိညှိသက်သက် ဖေးတင်ထားချင်နေရတာလဲ .."

မွေးထုံ ကိုယ့်ဘာသာလည်း ကိုယ်ခွဲခြားနားမလည်နိုင်ချင်တော့ ..။

စည့်ခန်းသို့ရောက်တော့ သူ ရပ်လိုက်သည်မို့ မွေးထုံလည်း နောက်ပါးမှာ လိုက်ရပ်လိုက်ရပါသည့်အဖြစ်။ သူ မွေးထုံ

www.burmeseclassic.com

www.burmeseclassic.com



ကို ငဲ့ကြည့်သည်။ ထူတန်းနေသော မျက်ခုံးတန်းကြီးအောက်မှ မျက်ဝန်းများမှာ ကြေကွဲလှိုက်ခါနေသည့် အရိပ်တွေ ပြည့်သိပ်နေကြတာကိုမြင်တော့ မွှေးထုံ ရင်ထဲ ထိတ်ခနဲ ဖြစ်၏။ သူ .. သူ့စိတ်အရှမ်း ထိခိုက်နေပါလား .. ဟု သိလာနေရသည်ကိုးလေ ..။

"ကိုကြီး ဘေးမှာ လာရပ်ပါ မွှေးထုံ .."

ဟု ခေါ်နေတာမို့ မွှေးထုံ အလိုလိုလေးပဲ သူ့ဘေးမှာ ရပ်မိပြီးသား ဖြစ်သွားရ .. မျက်ရည်ဝဲနေသောသူ့ကို မော့ခနဲ ကြည့်မိရနှင့် ရှိသွားရပါသည့်အဖြစ်။ သူကလည်း နူးညံ့စွာ မေးတင်ယှက်သန်းလာနေကြပါသည့် ကရုဏာမျက်ဝန်းလေးများကို ငုံ့ခနဲ ငေးစိုက်ကြည့်လာသည်ပါပဲ ..။ အတန်ကြာမျှ သူနှင့် မွှေးထုံ တစ်ယောက်ကို တစ်ယောက် ကြည့်နေမိရပါ၏။ ဗျတ်ခနဲ မွှေးထုံ မျက်လွှာလေး ချလိုက်တော့ သူ မွှေးထုံ၏ လက်လေးကို ထွေးဆုပ်လာချေသည်တကား ..။ ရှိန်းခနဲ မွှေးထုံ၏ သွေးကြောမျှင်လေးတွေ နွေးထွေးလွှမ်းစွာ တစ်ကိုယ်လုံး ဖြတ်ပြေးသည်သို့ ရှိ၏။ ရှက်အမ်းအမ်းလေးလည်းဖြစ် ..။

စိတ်လည်း အရှမ်းကို လှုပ်ရှားသွားရလျက် လက်လေးကို ရုန်းမပစ်ရက်နိုင်သည့်နှယ် ဖြစ်လာနေရသည်ကလည်း မွှေးထုံပါ ..။ သူ့လက်တွင်းမှ လက်လေးတွေကို ရုန်းလိုက်မိလျှင် ဤတစ်ကြိမ်မှာ သူ အရှမ်းကို ရှက်သွားလိမ့်မည်ဟု မွှေးထုံ သိနေသည်လေ ..။ သူ ရှက်စိတ်ဖြင့် ကြေကြေကွဲကွဲကြီး မွှေးထုံ၏ လက်လေးတွေကို လွှတ်ပေးလိုက်ရမှာမျိုးကိုကျတော့လည်း မွှေးထုံ မလိုလားပြန် ..။ မွှေးထုံ ခေါင်းလေး ငုံ့ချလိုက်စဉ်မှာပင် သူ့ထံမှ သက်ပြင်းရှိုက်သံနှင့်အတူ လက်လေးတွေကိုဖြေ



၍ ဖြေလွှတ်ချလိုက်တာကို မွှေးထုံ ခံယူလိုက်ရပြန်ချေသည်တကား ..။ အို .. ဤတစ်ကြိမ်မှာလည်း မွှေးထုံ၏ ရင်သည် ဘာကြောင့် ဟာခနဲ ဖြစ်သွားချင်ရပါသလဲ ..။ သူ့လက်တွေကို လှမ်း၍ ဖေးကိုင်လာဖို့ ကမ်းလင့်လိုက်ချင်စိတ်တွေ ဘာကြောင့် ရင်ထဲမှာ အုံကြွဖြစ်တည်လာနေကြရပါသတဲ့လဲ ..။

"ကိုကြီးတို့ဖေဖေ့ကို ကန်တော့ကြရအောင် မွှေးထုံ .. မြရိပ်သာမှာ ရောက်ရောက်ချင်း .. ကိုကြီးနဲ့ မွှေးထုံ .. ဘုရားကန်တော့ကြမယ်၊ ပြီးရင် .. ဖေဖေ့ကို ကန်တော့ကြမယ် .. ဒါ .. ကိုကြီး အရှမ်းကို ဖြစ်ချင်တဲ့ ဆန္ဒပဲ .. မွှေးထုံ ရင်ထဲမှာ .. ခံပြင်းမှုတွေ ရှိနေရင်တောင်မှ .. ဒီနေ့မှာ .. ဖေဖေ့ကို ကန်တော့လိုက်ပါလား မွှေးထုံ .. သူ အဖြစ်ချင်ဆုံး တောင့်တခဲ့ရှာတဲ့ .. သူ့ချွေးမလေးဟာ ဖေဖေ့ကို ကန်တော့နေတယ် ဆိုတာ .. ဖေဖေ တမလွန်ဘဝက မြင်စေချင်လို့ပါ .."

ဟု တောင်းပန်သလို ခပ်တိုးတိုးလည်းပြော ..။ ကြမ်းခင်းကော်ဇောကြီးထက်မှာ ထိုင်ချလိုက်တော့ မွှေးထုံ ရပ်လျက်သား ကျွန်ရစ်ခဲ့ဆဲ ..။ မျက်နှာမူရာ နံရံမှာ ဦးထင်ခိုင်၏ ဓာတ်ပုံကြီး ရှိနေပါချေသည်တကား ..။ ချက်ချင်း မွှေးထုံ၏ ရင်ထဲမှ နာကြည်းမှုတွေ နေရာယူလာကြပြန်ချေသည်တည့် ..။ မော့ကြည့်လိုက်တော့ ပြုံးနေသည့် မျက်ဝန်းများကို ဓာတ်ပုံကြီးထက်မှာ ဦးစွာ သတိထားမိသည်။ ထက်မြက်သော မျက်ဝန်းများ။ ချမ်းသာမာနရှိန် တက်နေပါသည့် တောက်ပသော မျက်ဝန်းများ။

www.burmeseclassic.com

www.burmeseclassic.com



ဤဓာတ်ပုံကို ရိုက်ခဲ့စဉ်ကဖြင့် ဘဘဦးထင်ခိုင်သည် ချမ်းသာမာနရှိန် တလူလူမြင့်နေလျက် ကျန်းမာရေးကောင်းနေ ချိန်လည်း ဖြစ်ချေသည်သာ ..။ ဒါကြောင့်လည်း .. ဓာတ်ပုံကြီး ကို မော့ကြည့်ရစဉ်ခိုက် ချမ်းသာမာနများဖြင့် ပြည့်ဝနေပါသည့် မျက်နှာတစ်ခုကိုသာ တွေ့နေရသည်သို့ ခံစားဖြစ်ပါ၏။ ခုထိ .. မွေးထုံကို ဆောင့်နေဆဲအဖြစ် ထိုင်လျက်ရှိနေပါသည့် သူ့ထို မွေးထုံ တစ်ချက်ကြည့်ကာ ခပ်ဖြည်းဖြည်း ထိုင်ချသည်။ နောက် တော့ .. သူ လက်အုပ်ချီလိုက်တာမို့ လိုက်၍ လက်အုပ်လေး ချီလိုက်ရသည်ပါပဲ ..။

"ဖေဖေ .."

တစ်ဆို့ဆို့ ခေါ်သံသည် တိုးသဲ့စွာ သူ့နှုတ်ဆီမှ ပွင့်ကျလာစဉ်ခိုက် ရှိုက်သံများလည်း ရောထွေးလျက် ပါလာနေကြ ပါ၏။ ဓာတ်ပုံကြီးကို မော့ကြည့်ရင်း သူ့မျက်ရည် စတင်၍ ကျ လာသည်။ ခေါင်းသည် ငိုက်ကျနေ၏။ မျက်ဝန်းတွေကို စုံမှိတ် ချထားလျက်မှ ကလေးနှယ် စတင်၍ သူ ငိုကြွေးလာသည်။ လက်အုပ်ချီထားဆဲ လက်တွေတုန်ခါနေကြပါချေသည်တကား ..။

"တစ်ချိန် ဖေဖေ့ကို .. သား .. ဒီမြရိပ်သာမှာပဲ .. မွေးထုံ နဲ့ ပတ်သက်လို့ ခံစားရင်း ကြေကြေကွဲကွဲ .. နာနာကျင် ကျင်နဲ့ ပြောမိခဲ့ဖူးတဲ့ စကားတွေ ရှိခဲ့ပါတယ် ဖေဖေ .. အဲဒီစကားတွေကြောင့် .. ဖေဖေဟာ သားနောက်ကို .. အရှုံးအမှုး တုန်လှုပ်ချောက်ချားရင်း လိုက်လာခဲ့ရှာတာ ပါ .. သားကို အဆုံးရှုံး မခံနိုင်တဲ့ ဖခင်ကြီးအဖြစ် .. လိုက်လာခဲ့ရှာတာပါ .. သားဆီမှာ အပျော်တွေ ပျောက်



ဆုံးတော့မယ်ဆိုပြီး လိုက်လာခဲ့ရှာတာပါ .. သားဖြစ်သူရဲ့ ရင်ထဲမှာ အပျော်တွေ ကင်းမဲ့နေတာမျိုးကို ဖေဖေ ရင်မ ဆိုင်နိုင်ဘဲ ဖြစ်ခဲ့ရရင်း .. လိုက်လာခဲ့ရှာတာပါ .. ခု .. ခု .. ဖေဖေ့ကို ပြောမိခဲ့တဲ့သား .. နောင်တနဲ့ ငိုကြွေးနေ ရပါပြီ ဖေဖေ .. ခု .. မွေးထုံကို လက်ထပ်ခွင့်ရချိန်မှာ .. သား ပျော်နေရမယ်လို့ ဖေဖေ မျှော်လင့်ခဲ့တယ်နော် .. ဖေဖေ့ကို .. မဆင်မခြင် ပြောမိခဲ့တဲ့ .. စကားတွေဟာ .. ခုထိ .. ခုထိ .. သားနောက်ကို .. အရိပ်လို ကပ်လိုက်နေ ကြတယ် ဖေဖေ .. သား ဝဋ်လည်နေပါပြီ ဖေဖေရယ် .. ခုလဲ .. သား .. မပျော်ရပါဘူး ဖေဖေ၊ သား အလွန်မြတ်နိုး တဲ့ မိန်းကလေးကို လက်ထပ်ခွင့် ရလိုက်ပေမဲ့ .. သူ့ဆီ က စိမ်းကားမှုကိုသာ လက်ခံခဲ့ရတာမို့ .. သားရဲ့ရင်ထဲ မှာ .. အပျော်ဆိုတာ ပျောက်ဆုံးနေကြရတာပါပဲ ဖေဖေ ရယ် .."

ဟု ရင်ထဲမှာ နောင်တဖြင့် တွေးနေမိရင်း သူ ရှိုက် နေမိဆဲ ..။ ငိုကြွေးနေမိဆဲ ..။ ဖေဖေ့ရှေ့မှာ သူရှိနေသည်သို့ ခံစားလာနေရသည်။ ဖေဖေသည် ကြေကွဲနေသော မျက်ဝန်းများ ဖြင့် သူ့ကို ငုံ့မိုးငေးစိုက်ကြည့်နေရင်း သူ့ဆံစတွေကို သပ်ပေး နေကြသည်သို့ ခံစားလာနေရသည်။

"ဖေဖေ မွေးထုံနဲ့ သားကို နေရာချပေးခဲ့ချင်တယ် မဟုတ် လား ဖေဖေ .. ခု .. ဖေဖေရှေ့မှာ .. ဖေဖေ့ချွေးမလေး ဟာ .. သားနဲ့အတူ ကန်တော့နေကြပါပြီ ဖေဖေ .. ကန်တော့နေရပါပြီ .. ဖေဖေ .. ကြည့်နေပါတော့ ..

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပြောမိခဲ့လေခြင်း ဆိုပြီး ရင်ထုမနာဖြစ်ရ နောင်တဖြစ်ရနဲ့ ရှိခဲ့ရတဲ့ စိတ်တွေလဲ .. ပြေပြေလိုက်ပါတော့ .. ဘဘကြီးဟာ ဖေဖေ့ကို ခွင့်လွှတ်နိုင်ခဲ့ပါတယ် ဖေဖေ .. မွှေးထုံလေးကိုလဲ သားနဲ့ လက်ဆက်ပေးခဲ့ပါတယ် ဖေဖေ .. ဒီနေ့ဟာ .. ဖေဖေ့ချွေးမလေး .. ဖေဖေ့အိမ်ကို စတင်ရောက်လာတဲ့ နေ့ပါ .. ဖေဖေ့ကို စတင်ကန်တော့လာတဲ့နေ့ပါ ဖေဖေ .. ဖေဖေ ကြည်နူးပါတော့ .. သားတို့ကို .. ဆုတွေပေးလိုက်ပါတော့ ဖေဖေရယ် ..”

ဟု ရင်ထဲမှ တောက်လျှောက် တွေးနေမိရင်း သူကန်တော့စဉ်ခိုက် မွှေးထုံသည်လည်း သူ့ဘေးမှာရှိရင်း လိုက်၍ကန်တော့နေတာကို သူ သိနေရသည်။ ကန်တော့ပြီးစဉ်ခိုက်မှာ သူ့ လက်ဖမိုးပေါ်သို့ နူးညံ့လွန်းစွာ မွှေးထုံ၏ လက်ဖဝါးလေးတွေ ဖေးတင်လာကြချေသည်တကား ..။

သူ .. အံ့သြစိတ်ဖြင့် မွှေးထုံကို ကြည့်လိုက်မိရပါပြီ ..။ သူ့ကို ကင်းကင်းနေပါဟု ပြောခဲ့ပါသော မွှေးထုံသည် သူ့လက်ဖမိုးပေါ်သို့ လက်လေးတွေ ဖေးတင်နှစ်သိမ့်လာချေသည်တဲ့လားလေ ..။ မွှေးထုံ၏ မျက်ဝန်းလေးတွေအရိပ်ကို နူးညံ့နေသည်။ မျက်ရည်လေးတွေ လဲ့လဲ့ပြေးနေကြတာကိုလည်း မြင်နေရသည်။

“ကျွန်မ စိတ်မကောင်းလိုက်တာ ကိုကြီးရယ် ..”

ဟု တိုးဖွဖွ ပြောသော အခါဆုံးမှာ မွှေးထုံ၏ လက်လေးတွေက သူ့ပါးပြင်ပေါ်ကဆင်းမှ မျက်ရည်တွေကို ဖေးတင်သုတ်ပေးလာကြချေသည်တကား ..။



ဤတစ်ကြိမ်မှာတော့ သူ .. စိတ်ကို လွှတ်ချလိုက်မိကာ .. မွှေးထုံ၏ ကိုယ်လေးကို ထွေးခနဲ ရင်ခွင်မှာ ပိုက်ပွေ့ထားလိုက်မိရင်းမှ ..

“ကျေးဇူးတင်ပါတယ် ကလေးရယ် .. ကျေးဇူးတင်ပါတယ် မွှေးထုံရယ် ..”

ဟု မွှေးထုံ၏ ကြင်နာဖေးကူခံစားပေးမှုအပေါ်မှာ .. မျက်ရည်ဝေနေရင်း တုံ့ပြန်ပြောနေမိရပါသည့်အဖြစ် ..။

ဘဝအဖော်ဆိုတာ .. မျှဝေခံစားနားလည်ပေးခြင်းပါတကား .. ဟု သူ အလိုလို ပို၍ .. သိလာရစဉ်ခိုက် ..။

မွှေးထုံလေးထံမှာ .. ဘဝဖော်၏ ခံစားမှုလေးတွေ သူ့အပေါ်မှာ ရှိနေရှာချေသည်ကောဟု .. စိတ်လှုပ်ရှားစွာ .. သိလာရချေသည်တည့် ..။

www.burmeseclassic.com



## အခန်း(၁၈)

ညနေစာသည် ဟင်းအမယ်များများဖြင့် စားမြိန်ဖွယ် ရှိနေပေမယ့် သူရော မွှေးထုံရော သိပ်စားမဝင်နိုင်ခဲ့ကြ ..။ သတို့သားနှင့် သတို့သမီးငယ်လေးတို့အတွက် အကောင်းဆုံး ဟင်းအမယ်များအဖြစ် ရွေးချယ် ချက်ပြုတ်ထားရှာပါသော ဒေါ်ကြီးငွေခများ ခုလို သိပ်မစားဖြစ်ကြတာကို မြင်ရတော့လည်း စိတ်ကောင်းပုံမရ ..။

ကြက်သားဟင်း၊ ကြက်အသည်းအမြစ်နှင့်အစိမ်းကြော်၊ ပဲကြားဟင်းရည်ချို၊ ပဲပုပ်ရည်ဖျော်၊ ပုစွန်ခြောက်နိုင်နိုင်ဖြင့် ကြော်ထားပါသော ဘာလချောင်ကြော်၊ သခွားသီးသုပ် ချိုချိုစပ်စပ်လေး၊ ကြက်သားကြော်၊ ငါးဖယ်ဆုပ်အချိုချက်၊ အသားလုံးချိုချဉ်ကြော်တို့ဖြင့် အစစချက်ထားလေသမျှ ဘယ်သူ့ဘယ်သူကမှ သိပ်မစားသောက်ဖြစ်ကြတော့ ဒေါ်ကြီးငွေ စိတ်ထဲ မထားနိုင်တော့ဘဲ ..

"စားမချိုလို့လားကွယ် .. သမီးလေးမွှေးထုံ .. ဒေါ်ကြီးငွေ ချက်ပြုတ်တာ ဆားအပေါ့အငန် မှန်ရဲ့လားဟင် .. ဆား



ပေါ့နေရင်လဲပြော၊ မွှေးထုံလေး ဒီထက်နည်းနည်းအငန်ပိုထည့်ရမယ်ဆိုလဲပြောနော် .. ဟင်းဆိုတာက .. ဆားအဓိကလေ .. ဆားအပေါ့အငန် ကိုယ့်အကြိုက်မဟုတ်ရင် အစားအသောက် မမြိန်နိုင်ဘူးကွယ် .."

ဟု ပြုံး၍ ပြောရှာတော့ မွှေးထုံ အားနာတကြီးနှင့် ..

"အို .. မဟုတ်တာ ဒေါ်ကြီးငွေကလဲ .. မွှေးထုံ ဒီနေ့မှာ ဒေါ်ကြီးကို လုပ်ကိုင်မကျွေးဖြစ်ရတာကိုပဲ အားနာနေမိရတာပါ .. ဒီလောက်ဟင်းတွေ အများကြီးချက်ပြုတ်ထားတာကိုဖြင့် .. မွှေးထုံ အားနာယူရရော .. လောလောဆယ်မှာက .. မွှေးထုံ ဘဘကြီးကို သတိရနေလို့ပါ .. ဒါကြောင့်ပါရှင် .. ဘဘကြီးက ဟိုမှာ တစ်ယောက်တည်း ထမင်းစားရရှာမှာ .."

ဟုပြောတော့ မျက်ရည်ဝဲစပြုနေပြီဖြစ်သည့် မွှေးထုံကို သူ ကြည့်သည်။ တကယ်လည်း ဘဘကြီးကို လွမ်းနေမှာ .. သတိရနေမှာ သူ နားလည်ပါ၏။ ပြီးတော့ .. သူ့ကို မချစ်နိုင်သည့် မွှေးထုံသည် သူနှင့် ခုလို ထမင်းတူတူစားနေရသည့်အတွက်လည်း ရင်ထဲမှာ မသက်မသာဖြစ်နေရှာမည်သာ။ စားသောက်ရတာ သူ ရှိနေသည့်အတွက် အနှောင့်အယှက် ဖြစ်နေရျမည်တည့် ..။ ဒါကိုကျတော့ .. ဒေါ်ကြီးငွေကို မွှေးထုံ ဖွင့်ပြော၍ မဖြစ်နိုင်သည်မို့သာ ချန်ထားခဲ့ရဟန်တူပါ၏။

ဒါပေမဲ့ .. ထိုကြေကွဲမှုအတွေးတစ်ခုကို သူ မျိုသိပ်ထားလိုက်ရင်းဖြင့် မွှေးထုံကို အေးချမ်းသည့်အပြုံးနှင့်သာ ကြည့်မိလိုက်ရရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ဘဘကြီးကို ဟိုမှာ အိုက်ကျော်နဲ့ ခင်ခင်တို့က .. ဂရု တစိုက်နဲ့ ရှိနေကြမှာပါ မွှေးထုံ .. လောလောဆယ်မှာ ဘဘကြီးက ဟိုမှာပဲ နေချင်သေးတယ်ဆိုလို့သာ ထားခဲ့ ရတာပါ .. ပြီးတော့ မနက်ဖြန်ကျတော့လဲ ဘဘကြီးက စစ်ကိုင်းချောင်ကို သွားမယ်ပြောထားတယ် မဟုတ်လား .. ဟိုကပြန်လာတဲ့အခါကျတော့လဲ .. ဒီမြရိပ်သာကိုပဲ အတင်းခေါ်ထားလိုက်ရမှာပေါ့ .. အားလုံး မွှေးထုံ ပျော် လာအောင် .. ကိုကြီး ကြိုးစားမှာပါ .. ကဲ .. ထမင်းစားလို့ သိပ်မဝင်ရင်လဲ.. ဒီဖျော်ရည်လေးတော့ သောက်လိုက် နော်.."

ကလေးလေးကို နားဝင်အောင် ဖျောင်းဖျသလိုလေး ခပ်ချော့ချော့ပြောကာ သဘောသီးဖျော်ရည်ကိုင်းတပ်ဖန်ခွက်ကို ကမ်းပေးတာမို့ မွှေးထုံ ယူသောက်လိုက်ရသည်ပါပဲ ..၊ နွားနို့ နိုင်နိုင်၊ သကြားနည်းနည်းဖြင့် ဖျော်ထားပါသည့် သဘောသီး ဖျော်ရည်သည် ရင်ကိုအေးမြစေအောင် ချိုဆိမ့်ဆိမ့်လေးနှင့် သောက် ကောင်းသည်ကတော့အမှန်ပါ ..။ မွှေးထုံ ဖန်ခွက်ကို ပြန်ချလိုက် ကာ သူ့ကို တစ်ချက်အံ့သြသလိုလေး ကြည့်မိရပါ၏။ မွှေးထုံ မချစ်ပါဟု ဖွင့်ပြောထားပါလျက်နှင့် သူသည် မွှေးထုံကို ဥပေက္ခာ ပြုမထား ..။ ခုထိ .. အစစ .. ဂရုတစိုက်ဖြင့် အေးချမ်းသော အပြုံးကို ပြုံးထားရင်း သိမ်မွေ့စွာ ပြောဆိုနေတတ်သည်တကား။ ခုလည်းကြည့် ..။ မွှေးထုံ သဘောသီးဖျော်ရည် အားလုံးကုန်အောင် သောက်မသောက် စောင့်ကြည့်ပြီးမှ နေရာမှ ထထွက်သွားခြင်း ပါတည့် ..။ သူသည် .. မွှေးထုံအပေါ်မှာ စိတ်မဆိုးတတ်သည့်



သူတစ်ယောက်များ ဖြစ်နေချေသည်လား .. ဟု မွှေးထုံ တွေးမိ လာနေရပါသည့်အဖြစ် ..။

သူ .. ခြံထဲမှာ ရှိနေခိုက် မွှေးထုံ အပေါ်ထပ်သို့ ပြန်တက်လာသည်။ ကြမ်းခင်းကော်ဇောကြီး ခင်းထားပါသည့် အခန်းကျယ်ကြီး၏ ထောင့်နေရာလေးမှာ သင်ဖြူးဖျာလေး ခင်း၍ အိပ်ရာပြင်သည်။ သင်ဖြူးဖျာလေးပေါ် စောင်တစ်ထည်ကို ခင်းကာ ခေါင်းအုံးလေးနှစ်လုံးကို ဆင့်၍ချထားပြီးသည့်နောက် မှာ ခြေရင်းနေရာလေးမှာ အဖြူခံမှာ ဆင်စွယ်နှစ်ရောင် ဖောင်း ကြွနှင်းဆီပွင့်ကြီးများပါသည့် ယုန်မွှေးစောင်ထူကြီးကို နေသားတကျ ခေါက်ထားလိုက်တာနှင့်ပင်' မွှေးထုံအတွက် အိပ်ရာလေးတစ်ခု ဖြစ်သွားရသည်ပါပဲ ..။

ညကိုးနာရီကျော်မှ သူ အခန်းထဲဝင်လာသည်။ ခုထိမအိပ်ဘဲ သူ့ကို စောင့်နေသည့် မွှေးထုံကိုတွေ့တော့ မျက်နှာ မလန်းဘဲရှိနေရာမှ အားယူ၍ပြုံးပြလာပါ၏။ ဆိုဖာထက်မှာ သူ ထိုင်သည်။ မျက်နှာချင်းဆိုင်မှာ ရှိနေသည့် မွှေးထုံကို သူ ကြည့် ကာ တစ်ချက် ခပ်တိုးတိုးချောင်းဟန့်၏။ ပြောချင်သည့် စကား အတွက် အားယူအသွင်ပါ ..။ တစ်ခုခုပြောတော့မည့်နှယ် ရှိနေ ပါသည့် သူ့ထံမှ ဘာစကားမှ ပွင့်ကျမလာခင် အကြည့်က အခန်းထောင့်နေရာလေးမှာ ခင်းထားသော အိပ်ရာလေးဆီသို့ ရောက်သွားတော့ ခပ်ငေးငေး တစ်ချက်ကြည့်သည်။ ပြီးတော့ မွှေးထုံကို ကြည့်လာပါ၏။ သူ့မျက်ဝန်းတွေ ရုတ်ခြည်းမှိန်ကျ သွားတာ ..။ မျက်နှာထက်မှာ စိတ်ထိခိုက်ရိပ်တွေ ပေါ်သာစွာနေ ရာယူလာနေကြတာကို မွှေးထုံ အားလုံး မလွတ်တမ်း ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ သူ့မျက်နှာထက်မှာ ဒေါသရိပ်မရှိ။ ဒါ .. အရွဲ့တိုက်တာလား မွေးထုံဟု ဝေါက်ငမ်းလိုက်တာမျိုးကိုများ ကြုံရချေမည်လားဟု ထင်မှတ်မျှော်လင့်ထားမိသည်လေ ..။ မင်းက .. အစေခံလို နေပြတာမပေါ့လေ .. ဟုဒေါသဖြင့် အသံမြှင့်အော်လာချေလျှင်လည်း .. မွေးထုံက ခေါင်းညိတ်ပြလိုက်ရုံပဲရှိမည်။ ခုကျတော့ .. ထိုသို့မဟုတ် ..။ ဘာဆိုဘာမျှမပြော ..။ ငိုင်ခနဲ တစ်ချက်ဖြစ်သည်။ ပြီးတော့ ကိုယ်ကို ဆိုဖာကျောမှီမှာ မှီလှိုက်ပြီး ပြန်၍ ကိုယ်ကို ကြီးစားကာထိန်းယူသလို ခဏတာမျှ မျက်ဝန်းများကို ပိတ်ချထားလိုက်တာကိုပဲ မွေးထုံ ကြုံလိုက်ရပါသည့်အဖြစ်။ တအောင့်ကြာမှာ သူ မွေးထုံကို ကြည့်လာသည်။

"ကိုကြီး ပြောမယ် မွေးထုံ .. ဘာကြောင့်ပဲဖြစ်ဖြစ် .. ကိုကြီးနဲ့ မွေးထုံတို့ဟာ ဇနီးမောင်နှံအဖြစ် .. ရှိခဲ့ကြပြီ၊ ကိုကြီးက မြတ်နိုးလွန်းလို့ .. လက်ထပ်နိုင်အောင် ဘဘကြီးကို ခွင့်ပန်ခဲ့လို့ .. ဘဘကြီးက လက်ထပ်ပေးခဲ့တာမို့ .. မွေးထုံဟာ .. ကိုကြီးရဲ့ဇနီးသည် ဖြစ်နေခဲ့ပြီ .. ဒါကြောင့် ကိုကြီး ပြောချင်တာရှိတယ် .. မွေးထုံနဲ့ ပတ်သက်လာရင် တာဝန်အရှိဆုံးလူတစ်ယောက်ဟာ ကိုကြီးပဲဖြစ်တယ် .. မွေးထုံကို လိုချင်တာရှိရင် .. ကိုကြီးကိုပြောပါ .. မကြိုက်တာရှိရင်လဲ ကိုကြီးကို ပြောပါ .. အဆုံးစွန် .. ဒီခြံထဲက ပန်းတစ်မျိုးမျိုးကို .. မွေးထုံ မကြိုက်ဘူးဆိုရင်လဲ .. ဘဘညိုကို ပြောပြီး နုတ်ပစ်လိုက်ပါ .. ဒီလိုပဲ .. မွေးထုံ ဒီအိမ်မှာ ကိုကြီးကို မနေစေချင်ဘူးဆိုရင်လဲ .. ပြောပါ၊ ကိုကြီး .. ရန်ကုန်ကို သွားနေပေးမယ် .. ဒါပေမဲ့ ..



အဲဒါက မွေးထုံက မနေစေချင်ဘူးဆိုရင် .. ဆိုတဲ့ စကားခံထားပါတယ် မွေးထုံ .. တကယ်တမ်း ကိုကြီးရဲ့ ရင်ထဲက အမှန်ခံစားချက်ကဖြင့် .. မွေးထုံကို .. 'အမြဲတမ်း .. ကိုကြီးအနီးမှာ စောင့်ရှောက်ချင်တာပဲရှိပါတယ် .."

ဟုပြောလာတော့ မွေးထုံ ခေါင်းလေး မရွေ့တမ်း ရှေ့တည့်တည့်ကြည့်ရင်း ငြိမ်သက်နားထောင်သည်။ ဒါပေမဲ့ ..

"ကျွန်မ .. ရှင့်ကို ဒီမြရိပ်သာကနေ သွားလိုက်တာမျိုးကို လိုလားနေတယ်ဆိုတာ ကျွန်မ ဖွင့်မပြောခင်ကတည်းက .. ရှင်က နားလည်ပေးနေသင့်တာရှင့် .."

ဟု ဘာကြောင့်များ နှုတ်ထဲမှ ချောမွေ့လွယ်ကူစွာ ထွက်သွားဖို့ ဝန်လေးနေမိရပါသလဲ ..။ ဤနေ့မှာ လက်ထပ်သည်။ နောက်နေ့ကျတော့ သူက ဤအိမ်မှ ထွက်ခွာသွားလိုက်ရသည် ဆိုတာ ဝန်းကျင်ကြား၍ မကောင်းတာကိုများ တွေးနေမိ၍ ဝန်လေးနေမိခြင်းများလားဟု မွေးထုံ တွေဝေစွာ တွေးနေလိုက်မိရပေမယ့် ..။ တကယ်တမ်းက .. ထိုအချက်ကြောင့် မဟုတ်မှန်း အလိုလို ဝန်ခံနေမိပြန်သည့်အဖြစ်။ ကိုကြီးဘက်က ဤမျှအထိ လိုက်လျောပေးနေတော့လည်း မွေးထုံ အားနာလာမိတာပဲဖြစ်သည် ဟု နောက်ဆုံးတော့ ကိုယ့်ဘက်ကိုပဲ အလေးသာ၍ တွေးပေးလိုက်ရသည်ပါပဲ ..။

**"ကျွန်မ ရှင့်ကို ကန်တော့ဖို့ စောင့်နေတာပါ .. ရှင် ပြောသလိုပါပဲ .. ကျွန်မတို့နှစ်ယောက်ဟာ ဇနီးမောင်နှံတွေ ဖြစ်နေခဲ့ကြရပြီလေ .. ဇနီးတစ်ယောက်အနေနဲ့ ကျွန်မ ရှင့်ကို ကန်တော့ရမယ့်ဝတ္တရားရှိပါတယ် .. ကျွန်မ ကန်**

www.burmeseclassic.com

www.burmeseclassic.com



တော့ပြီးမှ အိပ်တော့မလို့ပါ .. ရှင် ရောက်မလာသေးလို့ ကျွန်မ စောင့်နေရတာပါ ..”

ဟု မွှေးထုံ ပြောကာ သူ့ရှေ့မှာ ထိုင်၍ ကန်တော့လိုက်တော့လည်း သူ ရိဝေသော မျက်ဝန်းများဖြင့် တစ်ချက်ငိုင်၍ ကြည့်ရှုပါ၏။ သူ့ကို ကန်တော့နေသည့် မွှေးထုံ၏ ပခုံးလေးကို သူ လက်ဖြင့် ဖေးကိုင်က ဆွဲထူပေးလိုက်ချင်သည်။ ဆံနွယ်ဦးလေးတွေခွေနွဲ့ ဖေးတင်နေပါသည့် နဖူးပြင်နုနုထွေးလေးကို ခပ်ဖွဖွ နမ်းရှိုက်လိုက်ချင်သည်။

“ကိုကြီးကို ဒီလောက်ထိ ရိုသေစေဖို့အတွက် လက်ထပ်ခဲ့တာမဟုတ်ပါဘူး မွှေးထုံရယ် .. ဒါပေမဲ့ .. ခုလို မွှေးထုံလေး လိမ္မာတဲ့အတွက် ကိုကြီး ကြည်နူးပါတယ် ..”

ဟု ပြောလိုက်လျှင်လည်း .. မွှေးထုံက .. သူ့ကို တာဝန်အရ ကန်တော့ခြင်းမျိုးဘက်ကို နွယ်လျက်ပြောဆိုပြီးမှ ကန်တော့ခဲ့တာမို့ ..

“ကိုကြီးရင်ထဲမှာ ဘယ်အထိ ကြေကွဲနေကြတယ်ဆိုတာ မင်း ဝင်ကြည့်ရင် မြင်နိုင်မှာပါ ကလေးရယ် ..”

ဟုသာ ရင်ထဲမှ ကျိတ်၍ တမြည့်မြည့်ခံစားရင်း မွှေးထုံလေးကိုသာ ငုံ့မိုးငေးကြည့်နေမိရပါသည်အဖြစ် ..။ မွှေးထုံ၏ ပခုံးလေးထက်မှာ လက်တွေကို မဖေးတင်မိခဲ့။ နဖူးပြင်နုနုထက်မှ ဆံနွယ်ဦးလေးများကိုလည်း ဖေးတင်သပ်ပေးနိုင်ခွင့် မရှိပါလေခဲ့။ ဩော် .. သူ မြတ်နိုးရသည့် မိန်းကလေး၏ နဖူးပြင်နုနုလေးထက်မှာ မြတ်နိုးလွန်း၍ ဖြစ်တည်အပ်ပါသော အနမ်းနုနုသည်လည်း ဖြစ်တည်နိုင်ခွင့် မရှိပါလေသည်ကောလေ ..။



“မွှေးထုံရဲ့ ဘဝလေး အမြဲအေးချမ်းအောင်မြင်ခြင်းများနဲ့ ပြည့်ဝရပါစေကွယ် ..”

ဟုသာ ခပ်တိုးတိုးဆုပေးပြီး ဘယ်လိုမှ .. ဟန့်တားမရနိုင်စွမ်းစွာဖြင့် .. လက်က အလိုလိုရှေ့သို့ ရောက်သွားရကာ မွှေးထုံ၏ ဆံစလေးများကို သပ်ပေးလိုက်မိရပါပြီ။ လည်ချောင်းတနင်နင်ဖြင့် သူ တစ်ချက်ရှိုသွားရပြီးမှ ..

“အိပ်တော့မယ်ဆို .. သွားအိပ်တော့ မွှေးထုံ .. မြရိပ်သာမှာ မွှေးထုံလေး သက်သောင့်သက်သာနေပါ .. ကိုယ် အပြင်ခဏသွားလိုက်ဦးမယ် .. စာကြည့်ခန်းကို သွားမှာပါ မွှေးထုံ .. ဒီအိမ်ထဲမှာပဲ ကိုကြီး ရှိနေမှာပါ .. ညကျရင် ဆာတတ်သလား .. ဆာရင် .. ဟိုခောက်ဘူးထဲမှာ ကော်ဖီရှိတယ် မွှေးထုံ .. မုန့်ပုန်းတွေလဲ ဟိုစားပွဲမှာရှိတယ် .. စားနော် .. ကဲ .. ကဲ .. ဂွတ်နိုက် မွှေးထုံ ..”

ဟုပြောကာ သူ ထရပ်တော့ မွှေးထုံ သူ့ကို မော့ကြည့်သည်။

“ရှင် ဘာတွေ ကြိုက်တတ်တယ်ဆိုတာ ဒေါ်ကြီးငွေဆီမှာ ကျွန်မ နက်ဖြန် မေးပါ့မယ် .. မီးဖိုထဲဝင်ပါ့မယ် .. မနက်စာဘရိတ်ဖတ်စ်ကို .. ဘာနဲ့ စားချင်ပါသလဲ ကိုခိုင်မြ”

ဟု မေးလာတော့ သူ့ရင်ထဲ မကောင်းနိုင်။ သူ မျှော်လင့်ထားမိသော၊ သူ၏ အိမ်ထောင်ရေးသည် ဤသို့မဟုတ်။ ဤမျှ အေးစက်စွာ သူစိမ်းဆန်လွန်းနေသော အိမ်ထောင်ရေး မဟုတ်။ သူ မြတ်နိုးသော သူ၏ကြွေရုပ်လေးသည် .. သူ့အပေါ် နားလည်သော မိန်းကလေးဖြစ်လျက် .. သူကလည်း အလိုပံ့တကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြင့် ချစ်မြတ်နိုးစွာ သက်ဆုံးတိုင်မျှ စောင့်ရှောက်သွားရမည့် အိမ်ထောင်မျိုးကို သူ မျှော်လင့်ထားမိခဲ့ခြင်းပါ ..။ သူ့အချစ်များ ကြောင့်သည်ပင်လျှင် .. မွေးထုံသည် သူ့အပေါ် နားလည်လျက် သူ့ကို အားကိုးချစ်ကြင်ပါသည့် မွေးထုံ ဖြစ်လာချေလိမ့်မည်ဟု ယုံစားမျှော်လင့်ထားမိခဲ့လေသမျှသည် .. ကြေကွဲဖွယ်အတိဖြင့် အဆုံးသတ်သွားရချေပြီတကား ..။

"ကိုကြီး .. ဘာမဆိုစားပါတယ် မွေးထုံ .. ဘာရယ်လို့ ရွေးမနေတတ်ပါဘူး .. မွေးထုံ ကြိုက်တာကိုသာ စီစဉ်ပါ၊ မွေးထုံ စားတာ ကိုကြီးစားပါ့မယ် .. ကဲ .. မွေးထုံ အိပ်တော့ .. မွေးထုံ ဒီအခန်းက ဆင်းမလာမချင်း မနက်မှာ ဒီအခန်းကို ဒေါ်ကြီးငွေ မဝင်ဖို့လဲ မှာထားပါ့မယ် .. မနက်ကိုလဲ သိပ်အစောကြီးထဖို့ မလိုပါဘူး .. ဒါက .. နောက်နေ့တွေအတွက်ပါ .. မနက်ဖြန်ကတော့ .. ဘဘကြီး ကို လိုက်ပို့ရမှာဆိုတော့ .. နည်းနည်းတော့ စောထရလိမ့် မယ် မွေးထုံ .."

ဟု သူ တည်ငြိမ်အောင်ကြိုးစားရင်း အသံတွေ ခါမနေအောင် ထိန်းထားနိုင်လျက် ပြောဖြစ်နိုင်ခဲ့ပါ၏။ သူ .. အခန်းတွင်းမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်ခဲ့ကာ ညဦးနက်သည့်တိုင် အောင် စားကြည့်ခန်းကျယ်ကြီးထဲမှာ တစ်ယောက်တည်း တိတ် ဆိတ်စွာရှိနေခဲ့ရပါပြီ ..။ ရင်ထဲမှာ ကြီးမားသည့် ကြေကွဲရှိန်ကြီးက တမြည့်မြည့်ကျေမွ နှလုံးသားကို ချေမွနေကြချေသည်တည့် ..။

"မင်းလေး .. ဖေဖေ့ကို နာကြည်းလေသမျှ .. ကလဲ့စား ချေနေသလိုပါပဲလား မွေးထုံရယ် .. ကိုကြီး .. ကိုကြီး .. ရင်ကိုနှစ်ပြီး ချစ်ရတာပါ ကောင်မလေးရယ် .. ကိုကြီး အချစ်တွေကို သိစေချင်လိုက်တာဗျာ .. ရင်ထဲကို ဝင်ကြည့် ပါ .. ကြေကွဲငိုကြွေးနေတဲ့ ကိုကြီးရဲ့ နှလုံးသားရှိုက်သံကို နားထောင်ကြည့်စမ်းပါ မွေးထုံရယ် .."



ပြတင်းအနီးမှာရပ်ကာ လက်ချောင်းတွေက ပြတင်း ပေါက်ဘောင်ကို ဆုပ်ခဲကိုင်ထားရင်း ကြိတ်မှိတ်၍ တစ်ယောက် တည်း ကြေကွဲနာကျင်နေသည့် ဝေဒနာကို လူးလဲနေအောင် ကျိတ်ခဲခံစားနေရစဉ်ခိုက် ဖေဖေ့ကိုလည်း သူ နောင်တဖြင့် တောင်းပန်နေမိရပါ၏။

"ချစ်ရသူလေးနဲ့ ဘဘကြီးတို့အပေါ်မှာ ဖေဖေ ငွေအားကိုး နဲ့ ပြောဆိုရက်ခဲ့တယ်ဆိုပြီး .. ကြေကွဲနေတဲ့စိတ်တွေနဲ့ ပြောမိဆိုမိခဲ့တာတွေဟာ .. ခုတော့ .. သားကို .. ဝဋ် လည်နေစေပါပြီ ဖေဖေရယ် .. တကယ်က .. ဖေဖေ့ကို သား .. အဲသလို ခံစားချက်နဲ့ မတုံ့ပြန်သင့်ဘူး .. ဖေဖေ လက်ခံနားလည်လာအောင် သိမ်သိမ်မွေ့မွေ့ ပြောပြရှင်းပြ ရမှာ .. သားဟာ ချစ်ဇောတွေနဲ့ .. အရူးတစ်ယောက်လို ဖြစ်သွားခဲ့ရင်း .. ဖေဖေ့အတွက် ငွေရှာတဲ့စက်ရုပ်လို သားတစ်ယောက်တည်းပဲ ရှိတော့တယ်လို့ ပြောမိခဲ့တယ် နော် .. ခုတော့ .. ခုတော့ ဖေဖေရယ် .. ဖေဖေ့ကို မျက် ရည်ကျအောင် လုပ်မိခဲ့တဲ့ သားဟာ .. ကိုယ် မြတ်နိုးတဲ့ မိန်းကလေးရဲ့ နှလုံးအိမ်ထဲမှာ မရှိနိုင်တော့ဘဲ .. ချစ်မြတ် နိုးခြင်းဆိုတာကို .. တွေ့မြင်ရနိုးနဲ့ ရှာနိုင်ဖို့ကြိုးစားရင်း ကြိုးစားရင်းနဲ့ .. အဲဒီ .. မိန်းကလေးရဲ့ နှလုံးအိမ်ထဲမှာ ..

www.burmeseclassic.com

www.burmeseclassic.com



သားကို စိမ်းကားနေတဲ့ စိတ်တွေပဲ ရှိနေကြပါလားလို့ ရှာဖွေတွေ့ရှိလိုက်ရတဲ့သူ တစ်ယောက် ဖြစ်နေရပါပြီ .. သူ့ဆီမှာ ချစ်ခြင်းတွေ ပျောက်ဆုံးနေတာကိုပဲ တွေ့ရှိနေရပါပြီ ဖေဖေရယ်၊ ဒါပေမဲ့ သား .. ခုထိ .. ခုထိ .. သူ့ကို မခွဲနိုင်တဲ့ ခိုင်မြဲအဖြစ် ရှိနေရင်း .. ရူးမတတ် ခံစားနေရဆဲ ပါ .. သူ့ကို ချစ်နေမိရဆဲပါ ဖေဖေ .."

သူ အခန်းကျယ်ကြီးထဲမှာ စိတ်ကို လွှတ်ချထား လိုက်ပြီးနေပြီ ..။ မျက်ဝန်းမှာ မျက်ရည်တွေ လည်တက်နေကြ ပါ၏။ အံကို တင်းနေအောင် သူ ခဲထားရင်း မျက်ရည်ကို ထိန်း နိုင်ဖို့ ကြိုးစားနေရဆဲ။ ဒါပေမဲ့ .. မျက်ရည်ကမရ ..။ ကြွေကျ လာရချေသည်တကား။ နေရာမှာ သူ မရွေ့လျား ရပ်နေဆဲ ..။ နာရီများစွာ ကြာသည်အထိ ရပ်နေမိရဆဲ ..။ ခြေထောက်တွေ မခံနိုင်လောက်အောင် တောင့်ခဲလာကြတော့မှ သူ တဖြည်းဖြည်း ကြမ်းခင်းကော်ဇောကြီးထက်မှာ ထိုင်ချလိုက်ကာ နံရံမှာ ကျောမှီ ပစ်လိုက်ရင်း ခေါင်းကို ခက်လှန်လိုက်လျက် နံရံမှာ ဖေးတင်ထား ရပါ၏။

သူ .. လွှတ်ခနဲ ကြေကွဲစွာပြုံးသည်။ ခေါင်းကိုယမ်း သည်။ သူ့လက်ရှိဘဝကြီးကို .. သူ .. လက်ခံပေးနေရတာကို အတော်ကြီးကို ပြင်းထန်သည့် စိတ်ထိခိုက်မှုကြီး တစ်ခုကို .. အနိုင်နိုင်အားခဲ၍ စိတ်တင်း၍ အားကုန်အားပြတ်လုနီးပါး ပန်းဟိုက် လောင်မြိုက်စွာ လက်ခံပေးနေရခြင်းမျိုး ဖြစ်နေသည်။ ဤသည် ကား .. သတို့သားတစ်ယောက်၏ မင်္ဂလာဦးကာလ၏ စတင်ဖြစ် သန်းရသော ဘဝခရီး ခြေလှမ်းအစတဲ့လားလေ ...။



သူ ... လုံးဝ မအိပ်ဖြစ်။ အိပ်၍ ..ည်းမရနိုင် .. မနက်ငါးနာရီထိုးလုမှ စာကြည့်ခန်းတွင်းမှ သူ ထွက်ဖြစ်ခဲ့သည်။ အခန်းတံခါးကို အသံမမြည်အောင် သူ တွန်းဖွင့်ဝင်လာရစဉ်ခိုက် ..။ သင်ဖြူးဖျာလေးပေါ်မှာ အိပ်ရာလေးခင်း၍ အိပ်နေပါသည့် မွှေး ထုံကို သူ အရင်ကြည့်မိရပါ၏။ ရင်ထဲမှာ မ ..ာင်း။ .. ..င် လေးကို ဖျာပေါ်ထပ်ခင်း၍ အိပ်ရတာမို့ မွှေးထုံလေ . ကိုယ်လက် နာရှာမည်ဟု သနားစိတ်ဖြင့် တွေးမိရ ..။ တစ်ယောက်အိပ်မွေ့ ရာခင်းလေးတစ်ခု ဝယ်လာဖို့ ဆုံးဖြတ်လိုက်မိရပါ၏။ သူ ... အခန်းထဲ မအိပ်ဖြစ်တာကို မွှေးထုံလေး မသိအောင် ခုမှ သူ ခုတင်ထက်မှာ ခဏဝင်လှဲရသည်။ မွှေးထုံက ကြမ်းပေါ်မှာ အိပ် နေစဉ် သူက ခုတင်ထက်မှာ အိပ်နေရတာမို့ ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်။ ဒါပေမဲ့ .. မွှေးထုံ ခေါင်းအမာစားလေးကို တား၍ လည်း ရမှာမဟုတ်တာကို သူ သိနေသည်။ မွှေးထုံလေး လုပ်ချင် တာ လုပ်စေတော့ .. ဟု စိတ်ကို လျှော့ချထားလိုက်ရသည်ပါပဲ ..။

သူ .. အိပ်ရာမှ ညင်ညင်သာသာ ဆင်းခဲ့ကာ မွှေးထုံလေး ရှိရာသို့ လျှောက်လာမိရပါ၏။ ဘာဘာကြီးထံသို့ သွားရမည့်လေ ..။ မွှေးထုံလေးလည်း ညက တော်တော်နှင့် အိပ်မရဘဲ ရှိခဲ့ချေမည်လားမသိ ..။ မနက်ဦးပိုင်းကျမှ အိပ်ပျော် ခဲ့ရှာချေလားမသိ ..။ အိပ်ရာမှ နှိုးလိုက်ရမှာကိုလည်း မနှိုးရက် ချင် ..။ မနှိုး၍ကလည်းမဖြစ် ..။ အံပရ .. လးဘေးမှာ သူ ထိုင် လိုက်ရင်း မွှေးထုံလေးကို ကြည့်လိုက်ကာ စိတ်အိုက်လာရပါသည့် အဖြစ်။ နှိုးရခက် ..။ မနှိုးရက်ခက်နှင့် ဖြစ်နေရချေသည်ကော လေ ..။ ခုမှ .. ခက်ပြီကောဟု ညည်းမိရသည်။ ဘာဘာကြီးဆီကို

www.burmeseclassic.com

www.burmeseclassic.com



ခုလိုအချိန် သွားမှဖြစ်မည်လေ ..။ အိပ်ရာကနိုးမှာနှင့် ..။ မျက်နှာသစ်။ အဝတ်အစားလဲမှာနှင့် ..။ ကော်ဖီလေး ဘာလေး သောက်မှာနှင့်ဆိုတော့ .. ခု .. အိပ်ရာမှ ထကိုထရမည့်ကိစ္စ ..။ မွေးထုံလေးကလည်း အိပ်မောကျနေရှာသည်။ အသက်ရှူသံ မှန်မှန်လေးဖြင့် မွေးထုံလေး အိပ်နေတာမို့ မနှိုးရက် ..။

ယုန်မွေးစောင်လေးက မွေးထုံ၏ မျက်နှာလေးတစ်ခြမ်းကို ဖုန်းထားသည်။ ဆံကျစ်ရှည်လေးက အိပ်ရာလေးထက်ဆီမှ ကြမ်းခင်းကော်ဇောထက်သို့တိုင် ပျောင်းနွဲ့စွာ ဖေးတင်နေသည်။ သူသည် အိပ်ရာလေးဆီးမှာ ဆောင့်ကြောင့်လေးထိုင်ရင်း ဒူးပေါ် လက်လေးတင်ကာ မွေးထုံ၏ မျက်နှာလေးတစ်ဝက်တစ်ပျက် ပေါ်နေသမျှကို ငုံ့မိုးငေးကြည့်နေမိရစဉ်ခိုက် စိတ်တွေလှုပ် ရှားလာမိရပါ၏။ သူ မြင်နေရသည်က မျက်နှာလေးတစ်ခုလုံးကိုမဟုတ် ..။ ဝင်းအိအိ အသားလေးထက်မှာ အကြောမျှင်လေးတွေ ရိုးရိပ်ထင်နေသော ပါးပြင်နုနုလေးသည် အပြည့်အဝပေါ်မနေ ..။ နှာတံထင်းထင်းလေးနှင့် မျက်ခုံးတန်းနက်နက်လေးကိုလည်း သူ ငုံ့မိုးငေးကြည့်နေမိရဆဲ ..။ အို ... အဘာယ်မျှထိ မဲနက်ရှည်လျားသော မျက်တောင်ထူထူလေးပါလဲ ..။ သူ့လက်တွေက စောင်လေးကို လှမ်းကိုင်မိတော့မယောင် ဖြစ်သွားရလျက် စောင်ကို ဖယ်ပစ်လိုက်ကာ သူ၏ မြတ်နိုးရပ်လေး၏ မျက်နှာကို တိတ်ဆိတ်နူးညံ့စွာ ခိုး၍ တစိမ့်စိမ့်မျှ ကြည့်မဝနိုင်စွာ ... တရှိုက်မက်မက်နိုင်စွာ ... ငေးစိုက်ကြည့်လိုက်ချင်သည်။

ရင်ထဲမှာ ချစ်နေမိရတာတွေပဲ ရှိနေသည်ကော မိန်းကလေးရယ် ..။ စောင်ကြီး၏အောက်မှ တစ်ဝက်တစ်ပျက်



မြုပ်နေသည့် မျက်နှာလေးကို အပြည့်အဝ သူ မြင်နိုင်ဖို့ဆိုတာ စောင်၏ အနားစကို ခပ်ဖွဖွ ဖေးကိုင်၍ ဖယ်ရှားလိုက်ဖို့လိုသည်လေ ..။ ဒါပေမဲ့ .. သူ .. မွေးထုံ မနိုးအောင် ဆံစလေးကို ခိုး၍ ခပ်ဖွဖွသပ်ပေးပြီးမှ ခြေသံမကြားအောင် ပြန်လျှောက်ခဲ့ကာ ..။ နာရီနှိုးစက်လေးကို နောက်ထပ်ငါးမိနစ်အရောက်မှာ မြည်အောင် နှိုးစက်လက်တံလေးကိုရွှေ့ .. နှိုးစက်ခလုတ်နှိပ်ခဲ့ကာ ရေချိုးခန်းမှာ မျက်နှာသွားသစ်နေလိုက်မိရပါပြီ ..။ မွေးထုံလေး၏ အိပ်ရာဆီးမှာ သူ ရှိနေတာကို မွေးထုံလေးသိလျှင် အနေကျုံ့ရှာမည်။ စိတ်အနှောင့်အယှက် ဖြစ်ရှာမည် ..။ ဒါတွေကို မဖြစ်စေချင် ..။ ဒါကြောင့် နာရီလေးကို နှိုးစက်ပေးကာ မွေးထုံ၏ ခေါင်းရင်းနေရာလေးမှာ စာတ်ခဲစားပွဲတင်နာရီလေးကို ချထားပေးခဲ့ခြင်းပါတည့် ..။

ဩော် .. သူသည် .. မွေးထုံလေးနှင့် ပတ်သက်လာလျှင် .. ချစ်မြတ်နိုးလွန်းစွာ .. အနိုင်းမဲ့မျှ .. ချစ်နေဖို့တစ်ခုတည်းသာ သိတော့သည့် .. ခိုင်မြဲဖြစ်နေရချေသည်တကား ..။

စိတ်ရှည်ခြင်း၊ သည်းခံအလိုလိုက်ခြင်းနှင့် မျှဝေခံစားနားလည်ပေးခြင်းတို့သည် အချစ်ကြောင့်ပင် .. နှလုံးအိမ်ဆီမှ .. ဖြစ်တည်ဖြတ်သန်းလာရချေသည်မို့ ..။ သူသည် .. မွေးထုံနှင့် ပတ်သက်လာလျှင် .. အရာရာကို .. ကြိုတင်အရှုံးပေးထားနှင့်သူတစ်ယောက်လည်း ဖြစ်နေတတ်လျက် ..။ အစစ လိုက်လျောစိတ်ရှည်ပေးနှင့်နေသူတစ်ယောက်လည်း ဖြစ်နေတတ်ချေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

နာရီနှိုးစက်လေး၏ မြည်သံကြောင့် မွှေးထုံ အိပ်နေရာမှ နိုးလာရစဉ်ခိုက် ချက်ချင်း သတိရလိုက်မိသည်က ဘဘကြီးထံ သွားရမည်ဆိုသည့်အသိပါ ..။ ကမန်းကတန်းလေး လူးလဲထကာ အိပ်ရာလေးနှင့် မြန်ပြန်သိမ်းခေါက် ..။ ဖျာလေးကိုလိပ်၍ နေသားတကျ အခန်းထောင့်လေးမှာသွားထား ..။ ခေါင်းအုံးတွေ စောင်တွေကို ခုတင်ထက်မှာ ခေါက်သားတကျထား ..။ အိပ်ရာထက်မှာ သေသေသပ်သပ် ခေါက်ထားနှင့်ပြီးသည့်စောင်ကိုလည်းကြည့်၍ ...

"မွှေးထုံက [illegible] နောက်ကျပြီး အိပ်ရာက [illegible]ကြီး ဖြစ်နေပြီ .. သူက .. သူ့စောင်တွေ ဘာတွေကောင် ခေါက်ထားပြီးနေပြီ .. ငါ့ကို နှိုးရမှာခက်လို့ ထင်ပါရဲ့ .. နာရီနှိုးစက်လေး ငါ့ခေါင်းအုံးဘေးနေရာလေးမှာ လာချထားပေးတာ .."

ဟု တွေးရင်း သူ့ကို အားလည်းနာမိလာရ ..။ ကျေးဇူးလည်း တင်မိရပါနှင့်ပါ ..။ ရေချိုးခန်းမှ ထွက်လာပြီဖြစ်



ပါသည့် သူ့ကို မျက်နှာသုတ်ပဝါဖြူလေး လည်တွင်သိုင်းလျက်ပုံစံဖြင့် တွေ့ရပါ၏။ စိုစွတ်နေသော နဖူးစပ်ဆီမှ ဆံပင်တွေကို မျက်နှာသုတ်ပဝါလေးဖြင့် ပွတ်သုတ်လိုက်ရင်းမှ ..

"မောနင်း မွှေးထုံ .."

ဟု အေးအေးချမ်းချမ်း နှုတ်ဆက်လာသည်က မွှေးထုံနှင့် သူ့ကြားမှာ မည်သည့် သူစိမ်းဆန်မှုမျိုးမှ မရှိသည့်နှယ်ပါ ..။

မွှေးထုံ မော့ကြည့်လိုက်ရင်း ..

"မွှေးထုံ အိပ်ရာထနောက်ကျသွားပါတယ် .. နှိုးစက်လေးနဲ့ နိုးအောင် နှိုးပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ မနက်စာအတွက် ကျွန်မ ဘာလုပ်ပေးရပါမလဲ ကိုနိုင်မြ .."

ဟု ပြောတော့ သူ့ မျက်နှာသုတ်ပဝါကို စောစောက နှယ်ပင် လည်တွင် ပြန်သိုင်းလိုက်ကာ ..

"ဒေါ်ကြီးငွေ အားလုံး လုပ်ကိုင်ထားမှာပါ မွှေးထုံ .. မနက်စာအတွက် စိတ်မပူပါနဲ့ .. ကဲ .. ကဲ .. မျက်နှာသစ်လိုက် .. ဘဘကြီးဆီလည်း သွားရမှာမဟုတ်လား .."

ဟု အေးချမ်းတည်ငြိမ်စွာပဲ ပြောကာ အဝတ်ဗီရိုဆီသို့ လျှောက်သွားတော့ မွှေးထုံ ခပ်သုတ်သုတ်ပင်ရ ..။ မျက်နှာလေးသစ်ကာ ထွက်လာရပါ၏။ ဘဘကြီးဆီသွားဖို့ နောက်ကျသွားမှာကို စိုးရိမ်သည်။

အဖြူရောင်ဆွယ်တာလက်ရှည်၊ မီးခိုးဖျော့ရောင် ဘောင်းဘီနှင့် အဝတ်အစားလဲပြီး ဖြစ်နေပါသည့် သူ့ကို မှန်ရှေ့တွင် ရပ်လျက် ခေါင်းဖြီးနေတာကို မွှေးထုံ လှမ်းမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြင့်ကိုတော့ လွှတ်လိုက်ပြီ .. ဘဘကြီးကို .. စစ်ကိုင်း လိုက်ပို့ပေးဖို့ ပဂျဲရိုးကားနဲ့ပဲ ကိုမြင့်နဲ့ မောင်းဖို့ ခိုင်းမှာပါ .. ကားကိုလည်း စက်ပိုင်းဆိုင်ရာအားလုံး စစ်ပြီးပြီ .. ကိုမြင့်ကလည်း ကားမောင်းတာ ညင်သာတယ်၊ ကျွမ်းလည်းကျွမ်းကျင်တယ် .."

ဟု သူ ပြောပြနေသမျှ မွှေးထုံ နားထောင်နေရပါ၏။ မွှေးထုံအပေါ်မှာ စိတ်ညိုငြင်ဟန်မပြ ..။ မွှေးထုံနှင့် ပတ်သက်လာလျှင် အစစတာဝန်ယူထားသည့် ခင်ပွန်းသည်တစ်ယောက်အဖြစ် တည်တည်ငြိမ်ငြိမ်ပဲ ရှိနေပါ၏။ ဤသူသည် မနေ့က မွှေးထုံ၏ နှုတ်မှ သူ့ကို ကွာရှင်းချင်သည့်အခါမှာ ကွာရှင်းနိုင်ပါသည်ဟု ပြောခဲ့သည့် စကားများ ပွင့်ကျခဲ့ဖူးခြင်းမရှိသည့်နှယ် ပင် အရမ်းကို အေးချမ်းတည်ငြိမ်နေပါသည့်အဖြစ်။ သူသည် .. မွှေးထုံအပေါ် ဤမျှအထိ ဘာကြောင့် စိတ်ရှည်ခွင့်လွှတ်နေနိုင်စွမ်းပါသတဲ့လဲ ..။ မွှေးထုံအပေါ် စိတ်မနာတတ်ပြီတဲ့လား။ မနာကြည်းတတ်ပြီတဲ့လား .. ဟု စတင်၍ မွှေးထုံ အံ့သြချင်လာသည်။

"မြန်မြန်လုပ်နော် .. အဝတ်အစားမြန်မြန်လဲလိုက် .. အင်္ကျီထူထူဝတ်ဖို့လဲ မမေ့နဲ့ဦး .. ဘဘကြီး ခရီးထွက်ခါနီး စိတ်မကောင်းမဖြစ်ရအောင် သတိထားနော် မွှေးထုံ .. ဘဘကြီး ရှေ့မှာ မငိုနဲ့နော် .. မွှေးထုံက ကလေးစိတ်ဆိုတော့ .. ငိုနေမိမှာစိုးလို့ ကိုကြီး သတိပေးတာပါ .. ကဲ .. အဝတ်အစားလဲလိုက်တော့ .. ကိုကြီး ထမင်းစားဆောင်က စောင့်နေမယ် .. ဟုတ်ပြီလား .."



ဟု ဂျာကင်တစ်ထည်ကို ထပ်ဝတ်ပြီး သူ ပြောကာ တစ်ချက်ပြုံး၍ကြည့်ပြီး အခန်းထဲမှ ထွက်သွားတော့ မွှေးထုံ နေရာမှာ ငြိမ်သက်ရပ်ရင်း ကျန်ခဲ့ပါ၏။ မှန်ထက်မှာ ထင်နေသည့် ပုံရိပ်လေးကို မွှေးထုံ ကြည့်မိသည်။ မှိန်ဖျော့ချင်နေသော မျက်ဝန်းလေးတွေကို စတင်၍ သတိထားမိလာရပါ၏။ မွှေးထုံ စိတ်ရှုပ်နေ၍ မျက်ဝန်းလေးတွေ မှိန်ဖျော့နေကြချေသည်ဆိုတာ သူလည်း သိနေချေမည်ဟု အလိုလို နားလည်လာမိရပြန်သည်ပဲ။ ဒါကြောင့်လည်း .. မွှေးထုံ နောက်ထပ် ဘာမျှ စိတ်အလိုမကျတာတွေ မဖြစ်ရအောင် သူ ပို၍ ကရုတစိုက် သတိထားနေတာ ဖြစ်နိုင်သည်။

ဆံပင်လေး မြန်မြန်ဖြီး၊ အဝတ်အစားလဲကာ မွှေးထုံ အောက်ထပ်သို့ ဆင်းလာခဲ့ပါ၏။ သူ ထမင်းစားဆောင်မှာ မွှေးထုံ ရောက်အလာကို စောင့်နေသည်ပါပဲ။ သူ့ဘေးမှာ ထိုင်ဖို့ လက်ပြသည်မို့ မွှေးထုံ ထိုင်လိုက်ရသည်။ ဒေါ်ကြီးငွေ ရှေ့မှာမို့ လည်း ဘေးအမြင်တစ်မျိုးမဖြစ်ရအောင် မွှေးထုံ အလိုက်သင့် နေပေးလိုက်ရခြင်းပါ။ မနေ့ကပဲ လက်ထပ်သည်။ ဤနေ့မှာ တစ်ယောက်နှင့်တစ်ယောက် ခပ်ဝေးဝေးမှာ ထိုင်ကြ၊ စားသောက်ကြသည်။ စကားလည်း သိပ်မပြောဖြစ်ကြဘဲ ရှိသည်ဆိုလျှင် ဒေါ်ကြီးငွေ သတိထားမိလာချေမည်ပေါ့ ..။ ဒေါ်ကြီးငွေကို ဘဘကြီး ပြန်လာချိန်မှာ မေးမြန်းလာလျှင် ဒေါ်ကြီးငွေကလည်း မြင်ထားသမျှ ပြန်ပြောချင် ပြောပြနိုင်သည်လေ။ ဒါဆို .. ဘဘကြီးက မွှေးထုံကို ဆူမည်ပေါ့ ..။ ဒါကိုကျတော့ မွှေးထုံ လန့်သည်။ ဘာပဲဖြစ်ဖြစ်။ သူက မွှေးထုံကို ကွာရှင်းပေးပါသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၍ ကွာရှင်းလိုက်ကြရတာမျိုးဆိုလျှင်တော့ .. ဘဘကြီးကလည်း မွေးထုံကို တစ်ယောက်တည်း ခွက်၍ အပြစ်ပြောနိုင်မှာမဟုတ်။ နှစ်ယောက်စလုံးကိုတော့ အပြစ်ပြောချေမည်သာ။ ခက်သည်က .. သူ့ပုံစံ အချိုးကလည်း မွေးထုံကို ကွာရှင်းဖို့ စိတ်ကူးပင်ရှိထားချင်ပုံမရ။ မွေးထုံကလည်း မွေးထုံ အရမ်းစိတ်နာသူတစ်ယောက်၏သားနှင့်အတူ ဘဝတစ်လျှောက်လုံးမှာ မနေချင် ..။

"သူ .. ငါ့ကို ကွာရှင်းချင်တယ်လို့ပြောကြည့် .. ဟောသလို ခေါင်းကိုမော့ပြီး .. မျက်ရည်တစ်စက်မကျဘဲ .. ဒီအိမ်ထဲက ပေါ့ပါးနေတဲ့ ခြေလှမ်းတွေနဲ့ ထွက်သွားနိုင်တဲ့ သွန်းမွေးထုံအဖြစ် ရှိနေမှာမလွဲပဲ .."

ဟု တွေးရင်း ခေါင်းလေးလည်း တကယ့်ကို မော့မိ ..။ နှုတ်ခမ်းလေးတွန့်ကွေးအောင်လည်း ခပ်ထေ့ထေ့လေး ပြုံးမိသွားရရင်းမှ ရင်ထဲ တစ်ချက် သံသယဖြစ်လာမိရပြန်သည်။ ဘုရားရေ .. မွေးထုံ .. မွေးထုံ .. ထိုအဖြစ်ကို တကယ့်ကိုပဲ ပျော်ရွှင်စွာ ဖြစ်တည်လက်ခံပေးနိုင်သော မွေးထုံမှ ဖြစ်နိုင်ပါမည်တဲ့လား ..။ ဘာကြောင့် .. ရင်ထဲမှ ဆို့နင့်နာကျင်နေသော ခံစားမှုက ရုတ်ခနဲ ဖြစ်တည်လာရပါသတဲ့လဲ ..။ မွေးထုံသည် သူနှင့် တကယ့်ကို ဝေးချင်နေသည့် မွေးထုံရော အသေအချာဖြစ်နေပါသတဲ့လား ..။ တကယ် .. ဝေးချင်သည်ဆိုလျှင်ဖြင့် .. ဘာကြောင့် .. ဘာကြောင့် .. ရင်ထဲမှာ နင့်ခနဲ ကြေကွဲချင်သလိုဖြစ်လာမိရပြန်ပါသတဲ့လဲ ..။ သူက မွေးထုံကို ကွာရှင်းချင်သည်ဆိုသည့် စကားပြောလာလျှင်ဆိုသည့် အတွေးတစ်ခုကို တွေးလိုက်



ရင်းရှိရုံမျှဖြင့်ပင် တကယ်တမ်းကျတော့ ရင်သည် .. လွတ်လပ်ကြည်စင်ပေါ့ပါးသော အတွေးများဖြင့် မပြည့်ဝ မဖြစ်တည်လာနိုင်ဘဲ .. ကြေကွဲရှိန်ကြီး ဘာကြောင့် လာဖြစ်နေရပါသတဲ့လဲ ..။

သူ့ကို ဖျတ်ခနဲ မွေးထုံ ကြည့်လိုက်တော့ မွေးထုံ ဘာတွေ တွေးနေသည်ဆိုတာ သိနိုင်ဖို့ ကြိုးစားနေသည့်နှယ်ပင် ငေးကြည့်နေသည့် မျက်ဝန်းများနှင့်ဆုံသည်။

"ကိုကြီးကို ကော်ဖီ ဖျော်ပေးမယ် ထင်ပါရဲ့ မွေးထုံ .."

ဟု သူ တိုးတိုးပြောလာတော့ မွေးထုံ မျက်နှာလေးကို ပြန်တည်လိုက်မိပြန်ကာ ရင်ထဲမှ အတွေးများကို သူ မသိအောင် တည်တည်ငြိမ်ငြိမ်ပုံလေး ဖြစ်သွားရပြန်ပါသည့်အဖြစ်။ ကော်ဖီ ဖျော်ပေးနေတော့လည်း သူ ငြိမ်သက်စွာ စောင့်သည်။ မွေးထုံအတွက်လည်း ဖျော်ပြီးသည်အထိလည်း စောင့်သည်။ နှစ်ခွက်ဖျော်ပြီးမှ သူ စတင်၍ သောက်၏။ မွေးထုံအတွက် ပေါင်မုန့်မီးကင် ထောပတ်သုတ်လေးကို ကမ်းပေးတော့ မွေးထုံ တစ်ချပ် ယူစားသည်။ သူလည်း တစ်ချပ်ပဲ စားသည်။ နှစ်ယောက်စလုံးကို ဒေါ်ကြီးငွေ ကြည့်လျက် ပြုံးလာရရင်းမှ ...

"ဒီဘက်မှာ ဘီးမုန့် ရှိတယ် .. ဆိတ်သားဘီးမုန့် .. ဒါက ပူတင်း .. ဒါတွေလည်း စားပါဦး အစ်ကိုလေးရဲ့ .. မွေးထုံလေးကိုလည်း ကျွေးဦးလေ .. လူလေး စားမှ မွေးထုံလေး ယူစားဖြစ်မှာပေါ့ .."

ဟု ပြောတော့ သူ မုန့်ပန်းကန်လေးတွေ တစ်ခုပြီးတစ်ခု မွေးထုံရှေ့ တိုးပေးနေတာမို့ မွေးထုံ သူ့ကို ကြည့်မိရပြန်သည်။ ပြုံး၍ ကြည့်နေရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"မစားရင် ... နွံ့ကျေးရမှနော် .."

ဟု လွှတ်ခနဲ ချစ်စနိုးလေး ပြောလာတော့ မွေးထုံ မျက်နှာလေး ရဲသွားရပေမယ့် ရင်ထဲက ဘာကြောင့် ကြည်နူးသွားမိရပါသတဲ့လဲ ..။ ဒါပေမဲ့ .. လွှတ်ခနဲ ယခင်တုန်းကနယ်ပင် ချစ်စနိုးလေး ပြောမိသည့်အဖြစ်ကို ပြန်၍ သတိရလာသလို ထိန်းယူရင်းမှ ...

"ဆောရီးနော် မွေးထုံ .. ကိုကြီး .. အရင်ကလို ပြောမိပြန်ပြီကွာ"

ဟု ခပ်ညည်းညည်းလေးလည်းပြော ..။ တောင်းပန်သလိုလည်း ကြည့်လာတော့ ..

"ဟင့်အင်း .. အဲသလို ပြောတာကို .. ကျွန်မ စိတ်မဆိုးပါဘူး .."

ဟု မွေးထုံ ပြောချင်နေသည်။ ဖျတ်ခနဲ မျက်လွှာလေးချလိုက်မိကာ မွေးထုံ ကိုယ့်ဘာသာ ကိုယ်လည်း မကျေနပ်ချင် ..။ ဤမျှ နာကြည်းစိတ်တွေ ပြင်းထန်သိပ်သည်းနေသောရင်သည် .. ဤမျှ မြန်ဆန်လွန်းစွာ နူးညံ့သိမ်မွေ့ခြင်းများဖြင့် ခွင့်လွှတ်နိုင်နေရမည်တဲ့လား။ ဆိတ်ကျောင်းသည့်ကောင်မလေးတစ်ယောက်အဖြစ် နိမ့်ကျလွန်းစွာ အပြောခံခဲ့ရတာတွေအားလုံးသည် အတိတ်ဆီမှ လုံးဝ ပျောက်ဆုံးသွားရချေမည်တဲ့လား။ ထိုသို့ပျောက်ဆုံးသွားရခြင်းသည်ကို ခိုင်မြဲဆိုသူနှင့် လက်ထပ်လိုက်ရခြင်းတစ်ခုတည်းဖြင့်ပင် သူ့အကြင်နာတွေ ကရုဏာတွေဖြင့်ပင် .. ဖြစ်တည်သွားရခြင်း ဖြစ်သည်တဲ့လား။ မဟုတ်သေး။ ထိုမျှထိ သွန်းမွေးထုံ၏ မာနများသည် နည်းပါးကျဲပါးလွန်းနေရဖို့မကောင်း။



ဘဘကြီး၏ ကျလာသည့် မျက်ရည်စက်များကို ဘဘဦးထင်နိုင်သည် လုံးဝ သနားရမှန်းမသိစွာ ခပ်တင်းတင်း ကြည့်နေနိုင်သေးလျှင် ..။ ထိုဘဘဦးထင်ခိုင်၏ သားဖြစ်သူ ကိုခိုင်မြဲ၏ နှလုံးသားတွေ ကွဲအက်ကြေပြုန်းရင်း မျက်ရည်ကျနေမှာကို မွေးထုံက ဘာကြောင့် မကြည့်ရက်နိုင်ဘဲ ရှိရမည်တဲ့လဲ ..။ ထိုသူ၏ .. နူးညံ့စွာ ကမ်းလင့်လာသည့် လက်အစုံကို မွေးထုံက .. မွေးထုံက .. ပျော်ပျော်ကြီး ထွေးဆုပ်ထားလိုက်ရင်း ကြည်နူးနေရမည်တဲ့လား ..။ မွေးထုံ၏ မျက်နှာလေး ပြန်မော့လာရ ..။ သူ့ကို ခပ်မော့မော့လေး အေးစက်စွာ တုံ့ပြန်ကြည့်လိုက်ရင်းမှ ..

"ကျွန်မ ဝပါပြီ .. မနက်စောစော သိပ်မစားတတ်လို့ပါ .. ပြီးတော့ .. မွေးထုံက ဆင်းရဲတော့ သူဌေးစာတွေ မစားတတ်လို့ပါ .. မနက်ဆို မွေးထုံက ဘဘကြီးနဲ့အတူ ထမင်းကြမ်းလေးကို ဆီနည်းနည်းနဲ့ကြော် .. ငရုတ်သီးထောင်းစပ်စပ်လေးနဲ့ ရေနွေးကြမ်းလေးကိုပဲ စားနေကျပါ၊ ကော်ဖီဖျော်တတ်တာတောင်မှ .. အိမ်ကို ဧည့်သည်ကောင်းတွေ .. သူဌေးကြီးတွေ .. လာတဲ့အခါ ဧည့်ဝတ်ပြုရအောင် ဖျော်တတ်အောင် သင်ထားရတာပါ .. ဒီလို ပေါင်မုန့်ထောပတ်သုတ်ဆိုတာမျိုးကို ခုမှ စားဖူးတာပါ .. သိပ်ကောင်းလွန်းနေတော့ ကျွန်မ .. တစ်ချပ်လောက် စားလိုက်ရတာနဲ့ပဲ ဝနေပါပြီ .."

ဟု ပြောတော့ သူ့ မျက်နှာမကောင်း ..။ တစ်ချက် မျက်နှာကွက်ခနဲ ပျက်သည်။ ဌေးရျှလည်း ကြည့်ကာ ..

"မွေးထုံရယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုးညည်းပါ၏။ ဒေါ်ကြီးငွေကို ကြည့်တော့ သူ့ မုန့်ဝန်းကန်လေးတွေ တိုးပေးနေကတည်းက ပြုံး၍ သစ်သီးပန်းကန်လေးတွေ ယူနေတာမို့ ဘာမျှမကြားလိုက်သည်ပဲဟု နားလည်မိရရင်း ရင်ထဲ တစ်ချက်သက်သာသွားရသလို ရှိရင်းမှ…

"ကောင်းပြီလေ …"

ဟု ပြောပြီး မွေးထုံ၏ မျက်နှာလေးထက်မှာ တန့်နေသည့် အကြည့်ကို ဒေါ်ကြီးငွေထံ ပြောင်းယူသည်။ မွေးထုံကတော့ ရင်ထဲမှာ ကျေနပ်အားရသလိုကြီး ဖြစ်သွားရပြန်ပါ၏။ သူ့ကို … မနက်စောစောကြီးမှာ စိတ်ညစ်အောင် တစ်ခုတော့ လုပ်လိုက်နိုင်ပြီဟု ဝမ်းသာမိလိုက်ပါသေးသည့်အဖြစ်။ ဒါပေမဲ့ သူက စေတနာနှင့် ကျွေးမွေးနေတာကို သိနေရသည်မို့လည်း အားနာဖို့ကောင်းသည်ပဲ … ဟု တွေးမိပြန်ရင်း …

"ငါ … လွန်သွားပြီ …"

ဟု နောင်တဖြစ်ချင်ပြန်သည်။ မွေးထုံသည် … သူ့ကို အနိုင်ယူနေရတာကိုလည်း လိုလားနေသူတစ်ယောက် ဖြစ်မနေလျက် …။ တစ်ဆက်တည်းမှာပင် သူ့ကို ပြန်၍ အားတုံ့အားနာ ဖြစ်နေသည့် မွေးထုံလည်း ဖြစ်နေတတ်ပြန်သည်။

"ဒေါ်ကြီးငွေ … မနက်ဖြန်ကျရင် မနက်စောစောကို … ကျွန်တော် ထမင်းကြမ်းကြော်ရယ် … ငရုတ်သီးထောင်းစပ်စပ်လေးရယ် … ရေနွေးကြမ်းနဲ့ စားမယ်ဗျာ … အဲသလို စားချင်လို့ပါ …"

ဟု ပြောတော့ စောစောက မွေးထုံ သူ့ကို ပြောခဲ့တာတွေကို မကြားဘဲရှိပါသည့် ဒေါ်ကြီးငွေမှ အံ့ဩသလိုကြီး သူ့ကို ကြည့်လာကာ ခေါင်းယမ်း၍ …



"ဟင် … ဘယ်ဖြစ်မလဲ … အစ်ကိုလေးက ငရုတ်သီး စပ်ရပ်မှ မစားနိုင်တာ … အစာအိမ်နာတတ်တာပဲဥစ္စာ … ထမင်းကြော်ကလည်း … မနက်စောစောစားရင် … ရင်တောင့်တယ်လေ … မဟုတ်သေးပါဘူး …"

ဟု ပြောလာတော့ သူ ထရပ်ကာ ပြုံး၍ ဒေါ်ကြီးငွေကို ကြည့်၏။ မွေးထုံကတော့ ချက်ချင်း ရင်ထဲ မကောင်းနိုင်ဘဲ ဖြစ်သွားလျက် …

"ငါတော့ လွန်သွားပြီ … သူ့မှာ အစာအိမ်နာရောဂါ ရှိတာတောင် မသိတဲ့ ခပ်ညံ့ညံ့မိန်းမတစ်ယောက် ဖြစ်နေပါရောလား … ကြည့်စမ်း … သူ့ရောဂါနဲ့ မတည့်တဲ့ အစာကို ငါ ပြောလိုက်သလိုကြီး ဖြစ်ကုန်ပြီ … အရွဲ့တိုက် ပြောလိုက်တဲ့ ငါ့စကားကို … သူ စိတ်မဆိုးဘဲ … ငါ ကြိုက်တဲ့အစာ သူ လိုက်စားမယ်ဆိုတဲ့သဘောမျိုးကိုပဲ လိုက်ပြောပေးရှာပါလား …"

ဟု သိလာရသည်မို့ မျက်နှာငယ်လေးဖြင့် သူ့ကို မော့ကြည့်ကာ …

"ဟင် … အဲဒါတွေ စားမလို့လား …"

ဟု အပြစ်ရှိသူလေးပမာ အနေခက်စွာ မေးတော့လည်း သူ ပြုံးမြဲပြုံးနေရင်းမှ စိတ်ရှည်သော မူပိုင်ဟန်ဖြင့်ပင် …

"အဲဒါတွေ စားချင်နေတယ်လေ …"

ဟု ဖြေသည်။ မွေးထုံ ခေါင်းလေးယမ်းရင်းမှ …

"ဟင် … မစားရပါဘူး … ဗိုက်နာမှာပေါ့ … မွေးထုံက … မွေးထုံက … ပေါင်မုန့်ထောပတ်သုတ်တို့ … အခု …

www.burmeseclassic.com



ကော်ဖီတို့ ပေါင်မုန့်ထောပတ်သုတ်တို့ကို ကြိုက်တာ .. ဒေါ်ကြီးငွေ .. အဲဒါပဲစားမယ်နော် .. မနက်ဖြန် မွေးထုံ မနက်စောစောထမှာ .. ဒေါ်ကြီးငွေနဲ့အတူ .. မနက်စာ လာလုပ်ကိုင်မှာပါ .. ပေါင်မုန့်ပဲ မီးကင်မှာနော် ..”

ဟု ပြောတော့ ဒေါ်ကြီးငွေ ရယ်နေသည်။ သူ့ကို ကြည့်တော့လည်း ခုမှ အံ့သြတကြီးဖြင့် ကြည့်နေသည့် မျက်ဝန်း နက်နက်တွေနှင့်ပဲ တိုးရပါ၏။ ခုလို .. မွေးထုံ ပြောလာမည်ဟု သူထင်ထားပုံမရ။ ရှက်အမ်းအမ်းလေးဖြင့် မွေးထုံ သူ့ကို မကြည့်ရဲ သလိုလေး ဖြစ်စဉ်ခိုက် .. သူ့မျက်နှာထက်မှာ နူးညံ့သိမ်မွေ့စွာ ဖြတ်တည်လာသည်က ကြည်နူးရိပ် ..။ အရမ်းကို ကြည်နူးရိပ်။ သူ့မျက်ဝန်းတွေမှာ ရွှန်းလဲ့စွာ ပြည့်သိပ်လာနေကြသည်က ချစ် ရိပ်များပါတကား ..။

“ကဲ .. အစ်ကိုလေးအတွက် ဒေါ်ကြီးငွေက ဘာစားပါ .. ဘာကို မစားပါနဲ့လို့ ပြောဖို့မလိုတော့ဘူး .. မွေးထုံလေး ပြောလိမ့်မယ် .. အံ့ပါရဲ့ လူလေးရယ် .. ငရုတ်သီးထောင်း စပ်စပ်ကိုများ စားချင်ရတယ်လို့ .. အစာအိမ်နာတတ်တာ သိရက်နဲ့ကွယ် .. ကဲ .. ကဲ .. မွေးထုံလေးပဲ သူ့ကို နိုင်အောင်ပြောပေတော့ .. ခုကြည့် .. မွေးထုံလေးက ပေါင်မုန့်ပဲ စားမယ်လို့ ပြောရုံရှိသေးတယ် .. သူက ငြိမ် နေပြီ .. အသံကို တိတ်ရော .. ထမင်းကြမ်းကြော် စား မယ်လို့ ပြောသံလည်း ဆက်မကြားရ .. ငရုတ်သီးထောင်း စပ်စပ် စားမယ်လည်း မပြောရဲနဲ့ အသံတိတ်ဆေး စားလိုက် သလိုပါလား ..”



ဟု ပြောရယ်နေစိုက် ..

“ကိုကြီးမှာ .. သူနဲ့ မတည့်တဲ့ အစားတွေရှိရင် မွေးထုံ ကို ပြောပြနော် ဒေါ်ကြီး .. မွေးထုံကြောင့် မတည့်တာတွေ စားရင် .. ရောဂါရနေမှာစိုးလို့ပါ ..”

ဟု မွေးထုံ ပြောတော့လည်း သူ ပြုံးနေသည်ပါပဲ။

“မွေးထုံနဲ့တည့်တာ .. အားလုံး .. ကိုကြီးနဲ့ တည့်တာတွေ ချည်းပါပဲ ..”

ဟု ပြောလည်းပြော ..။ ဘဘကြီးထံ သွားရတော့မှာ မို့လည်း သူ ထရပ်သည်မို့ မွေးထုံ သူ့နောက် လိုက်လာရသည်။ ကားပေါ်ရောက်မှ မွေးထုံ သူ့ကို မျက်မှောင်လေးကုတ်၍ ကြည့် တော့ သူ ပြုံး၍ တုံ့ပြန်ကြည့်လာသည်ပါပဲ ..။ စောစောက သူ့ အတွက် မွေးထုံ စိတ်ပူ၍ ပြောလိုက်တာလေးတစ်ခုကြောင့်မှပင် လျှင် သူ့မှာ ကြည်နူးမဆုံးဖြစ်နေရကာ မျက်နှာလည်း လန်းကြည် နေတာမို့ ကလေးတစ်ယောက်နယ်ပါလားဟု မွေးထုံ တွေးမိရ ပြန်သည်။ လူကြီးဆန်ဆန် စိတ်ရှည်သည်းခံပေးတတ်သည့် သူ့ ထံမှာ ကလေးတစ်ယောက်နယ် ဟန်ဆောင်မရနိုင်အောင် ပျော် လည်းပျော်လိုက်တတ်ရှာသည့် ချစ်စင်ဖွယ် ဟန်မူရာလေးများလည်း ရှိနေတတ်ပြန်သည်ပဲလေ ..။

“မွေးထုံက အဲဒါတွေ စားချင်တယ်ပြောလို့ ကိုကြီးက .. အဲဒါတွေ စားမယ်လို့ ပြောတာပါ .. မွေးထုံက မစားနဲ့ ဆိုရင်လည်း မစားပါဘူး ..”

ဟု သူ စပ်တိုးတိုးပြောပြီး ကားကို မောင်းထွက် လာတော့ ..

www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုတော့ မလုပ်နဲ့လေ .. မွှေးထုံကြောင့် ရောဂါဖြစ်ရ .. နေမကောင်းဖြစ်ရနဲ့ .. ဘယ်ကောင်းမလဲ .. ကိုယ်နဲ့မတည့်တဲ့ဥစ္စာတော့ .. မစားနဲ့ပေါ့ .. တော်နေကြာ .. အစာအိမ်နာရင် ဘယ့်နှယ်လုပ်မလဲ .."

"နာပေ့စေပေါ့ မွှေးထုံ .. ကိုကြီးဟာ .. မွှေးထုံ ဖြစ်ချင်တာတွေ ဖြစ်စေဖို့အတွက် လူလာဖြစ်နေရတယ်လို့ပဲ မှတ်ယူတယ် .. မွှေးထုံအတွက်ဆိုရင် .. အသက်သေမှာတောင် ကိုကြီး မကြောက်ဘူး .. အစာအိမ်နာတာလောက်တော့ အသေးအမွှားလောက်ပဲ သဘောထားပါတယ် .."

မွှေးထုံ သက်ပြင်းရှိုက်လိုက်မိကာ သူ့ကို မကြည့်မိအောင် မနည်းကြိုးစားယူနေရပါပြီ။ သူသည် .. မွှေးထုံအတွက် အရာရာဖြည့်ဆည်းပေးသူအဖြစ် .. လူလာဖြစ်နေရသည်ဟုပင် ခံယူထားချိန်မှာ .. မွှေးထုံသည် .. သူ့ထံမှ ကွာရှင်းစကားကို စောင့်ဆိုင်းနေသည့် မွှေးထုံအဖြစ် ရှိနေခြင်းသည် .. သူ့အပေါ်မှာ တရားမျှတမှု မရှိဆုံးဖြစ်နေသည်ဟု မိမိဘာသာ မညာမတာကြီး တွေးမိလာရပြန်ချေသည်ဘကား ..။ ဒါပေမဲ့ .. မျက်ရည်စက်များက ထိုအသိတရားကို မောင်းနှင်ထုတ်ကြပြန်သည်။ ဘဘကြီး၏ ကျခဲ့သောမျက်ရည်စက်များ ..။ ဟုတ်သည်။ ဘဘဦးထင်နိုင်ရှေ့မှာ ဖြိုင်ဖြိုင်အောင် ကျခဲ့ပါသည့် မျက်ရည်စက်များက ထိုအသိတရားကို နိုင်နင်းစွာ မောင်းနှင်ထုတ်လိုက်နိုင်ကြပြန်ချေတည် ..။



## အခန်း(၂၀)

လုံမလေး မွှေးထုံ ..

မွှေးထုံလေးဟာ ဘဘကြီး လက်ထဲမှာ ကြီးပြင်းလာရတဲ့ မွှေးထုံလေးပါ။ ဘဘကြီးဟာ မိဘမဲ့လေး ဖြစ်ရရှာတဲ့ မွှေးထုံလေးကို ချစ်လွန်းလို့ မျက်စိအောက်ကကို အပျောက်မခံနိုင်အောင် ရှိခဲ့တယ်ဆိုတာ လုံမလေး သိပါတယ်ကွယ် .. ဘဘကြီးသည်သာ အဖေ အမေ .. ဘဘကြီးသည်သာ မွှေးထုံလေးရဲ့ ဘဘကြီးပေမို့ .. မွှေးထုံလေးကို ယုံကြည်စိတ်ချရတဲ့ လူလေး မောင်နိုင်မြို့နဲ့ နေရာချပေးခဲ့ခြင်းပါ ..။

လူလေးဟာ မိန်းကလေး ..ပေါ်မှာ အမြဲတမ်း စိတ်အေးချမ်းသာ ထားမယ်ဆိုတာ ဘဘကြီး ယုံကြည်အားကိုးတယ်။ ဒါကြောင့် .. သမီးလေးကလဲ .. ဘဘကြီး စီမံတဲ့ ဒီအိမ်ထောင်ရေးကို .. အေးချမ်းစွာရှင်သန်ဖို့ ထားရမယ် ..။

www.burmeseclassic.com



ခင်ပွန်းသည်ကို ရိုသေလေးစားခြင်းဟာ မင်္ဂလာဖြစ်တယ် လုံမလေး။ ဘဘကြီး အနှောင်အဖွဲ့ ကင်းကင်းနဲ့ တရားစခန်း ဝင်ချင်တာမို့ မောင်မြင့် လိုက်ပို့မယ့်ကိစ္စကို ဘဘကြီး ငြင်းဆန်ရမှာ လူလေးကို အားနာတာမို့ မနေ့က ဘာမှ မပြောခဲ့ပေမယ့် ..။ ဒီမနက်မှာ ရွာက လိုင်းကားနဲ့ပဲ အစောကြီး မိုင်းလီမြို့ကားဂိတ်ကို သွားလိုက်ပါပြီ ..။ မိုင်းလီဂိတ်ကြီးကနေပြီး စစ်ကိုင်းကို ဘတ်စ်ကားနဲ့ ဘဘကြီး ခရီးဆက်ချိန်မှာ မိန်းကလေးတို့ ရောက်လာကြမှာပါ ..။

အမိကထားပြီး မွေးထုံလေး ဖတ်ဖို့အတွက် ဘဘကြီးလက်ထဲမှာ ရှိနေတဲ့ ကိုထင်ခိုင်ရဲ့ တောင်းပန်စာကို ဘဘကြီး ဒီစာနဲ့အတူ ထားခဲ့တယ်။ မွေးထုံလေး တစ်ခေါက်တော့ ဖတ်ခဲ့ဖူးပြီးသားပါ ..။ ဘဘကြီး ပေးဖတ်ခဲ့တာပဲလေ ..။ ဒါပေမဲ့ .. မွေးထုံလေး အခါများစွာ အဲဒီစာကို ဖတ်ပါလို့ မှာချင်တယ်။ အဲသလို ကြိမ်ဖန်များစွာ ဖတ်ဖြစ်လာတဲ့အခါမှာ ကွယ်လွန်ခဲ့သူတစ်ယောက်ရဲ့ ကြေကွဲနောင်တနဲ့ တောင်းပန်မှုတစ်ခုအပေါ်မှာ ဘယ်လို ကိုယ်ရ[illegible]းလည်လာရတယ်ဆိုတာ မွေးထုံ အလိုလို သိလာလိမ့်မယ် ..။ အဲဒါဟာ .. လူ့စိတ်ရဲ့ အဆုံးအဖြတ်ပေပဲ မွေးထုံ။ ဘဘကြီး ဘာကို ရည်ရွယ်ပြီး ရေးတယ်ဆိုတာ မွေးထုံ နားလည်မှာပါ ..။

ဘဘကြီးအတွက် စိတ်မပူပါနဲ့ မွေးထုံလေး။ ဘဘကြီးရဲ့ ကျန်းမာရေးကို ဘဘကြီး ဂရုစိုက်မှာပါ ..။



တရားစခန်းမှာလည်း ကျန်းမာရေးဆေးခန်းတွေ ရှိတာပဲ ..။ လုံမလေးလည်း ကျန်းမာရေးကို ဂရုစိုက်ပါ။ လူလေးရဲ့ စကားကိုလည်း နားထောင်ပါ ..။

ဘဘကြီး

စာလေးကို ခေါက်လိုက်ရင်း မွေးထုံ မျက်ရည်ဝဲနေသည်ပါပဲ ..။ သြော် .. ဘဘကြီးသည် မွေးထုံ မျက်ရည်လေး တကျကျဖြင့် ကျန်ခဲ့မှာကို ကြိုသိနေလျက် ခုလို တစ်ယောက်တည်း သွားလိုက်ခြင်းပါတကား ..။ ဘဘကြီးကို မခွဲနိုင်သည့်စိတ်ဖြင့် မွေးထုံ မျက်ရည်ကျမှာကလည်း အမှန်ပါ ..။ သူကတော့ မွေးထုံလေး ဘေးမှာ ထိုင်နေရင်း သက်ပြင်းရှိုက်လိုက်ကာ စာကို မွေးထုံထံမှလည်း ယူ၍ မဖတ်ကြည့်ရှာ ..။ မွေးထုံ ပေးမဖတ်တာမို့ သူကလည်း တောင်းဖတ်ရမှာ ခက်နေသည့်အဖြစ်။ အိမ်ရောက်တာနှင့် အိုက်ကျော်က တရိုတသေ စာအိတ်လေးဘစ်အိတ်ကို မွေးထုံထံ ကမ်းပေးခဲ့သည်ပါပဲ ..။ ဘဘကြီး လိုင်းကားနှင့် သွားလိုက်ပြီဆိုတာကိုလည်း ပြောပြပါ၏။ အိမ်စောင့်အဖြစ် ရှိနေရပါသည့် အိုက်ကျော်နှင့် ခင်ခင်တို့မှာ မွေးထုံ စာကို ဖတ်ရင်း မျက်ရည်ကျနေတာမြင်တော့ စိတ်ကောင်းကြပုံမရ ..။ ငေးကြည့်နေကြသည်ပါပဲ ..။

"မွေးထုံ မိုင်းလီဂိတ်ကြီးကို လိုက်သွားချင်သလား .. ကိုကြီး လိုက်ပို့ပေးမယ်လေ .. ကားထွက်သွားပြီဆိုလဲ .. ကိုကြီးတို့ကားနဲ့ လိုက်သွားကြရင်လဲ ရပါတယ် .. မွေးထုံ ခုလို မျက်ရည်ကျနေတာ ကိုကြီး မကြည့်ရက်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



သူ့တကယ့်ကို မကြည့်ရက်တာမို့လည်း ကရုဏာစိတ်ဖြင့်မေးတော့ မွှေးထုံ ခေါင်းယမ်းသည်။

"ကျွန်မ လိုက်မသွားတော့ပါဘူး .."

ဟု ခပ်တိုးတိုးဖြေသည်။ နောက်တော့ မျက်ရည်သုတ်ကာ ထိုင်နေရာမှ ထရပ်တော့ သူလည်း ဘေးမှ လိုက်ရပ်ပါ၏။ မွှေးထုံ ဆိတ်ခြံလေးဆီသို့ လျှောက်တော့လည်း မခွာစတမ်းလိုက်လာပါ၏။ မွှေးထုံ သူ့ကို မော့ကြည့်ကာ မျက်နှာထားလေးအေးစက်စက်ဖြင့် ..

"ကျွန်မ .. ဆိတ်စာ ကျွေးမလို့ပါ .."

ဟု ပြောတော့လည်း သူ ခေါင်းညိတ်သည်။

"ကျွေးလေ .. ကိုကြီး လုပ်ကိုင်ကူမှာပေါ့ .."

"စက်ရုံကို မသွားဘူးလား .."

စက်ရုံက စတင်လည်ပတ်နေပြီမို့ သွားသင့်တာမှန်ပေမယ့် သူ ခေါင်းယမ်းပြသည်။

"ကိုကြီး ဒီနေ့ မွှေးထုံနားမှာ နေမလို့ပါ .."

ဟု ပြောမိရသည်က .. မွှေးထုံလေးကို တစ်ယောက်တည်း မထားရက်နိုင်၍ပါ။

ဘဘကြီးကို လွမ်းစိတ်ဖြင့် မျက်ရည်ကျိတ်ကျနေမှာကို သူ သိနေသည်လေ ..။

မွှေးထုံ ခပ်မဲ့မဲ့လေး တစ်ချက်ပြုံးပါ၏။ ဘာမှတုံ့ပြန် မပြောတော့ဘဲ အစွက်စိမ်းတွေကို ဆိတ်စာကျွေးသည်။ နောက်တော့ ဆိတ်မလေးတွေကို ခြံပြင်ထုတ်ကာ တိုင်လေးမှာချည်၍ အိမ်လေးဆီသို့ လျှောက်သွားပါ၏။ ပြန်လာတော့ ရေ



ရည်သုတ်ပုံးလေးတစ်လုံး ပါလာသည်။ မွှေးထုံ ဆိတ်နို့ညှစ်နေတော့လည်း သူ သစ်ပင်အောက်မှာ ထိုင်ရင်း စောင့်ကြည့်နေသည်ပါပဲ ..။ မွှေးထုံ ဆိတ်နို့တွေကို ပုလင်းတွေထဲ ထည့်နေတော့ သူဝင်၍ ပုလင်းတွေထဲ လောင်းထည့်ကူသည်။ ကတော့လေး ပုလင်းဝမှာ ကပ်၍ မွှေးထုံ လောင်းထည့်နေသမျှ မီးဖိုဆောင်လေးမှာ ကတော့အပိုလေးတစ်ခု သွားယူလာကာ နို့ပုလင်းတွေထဲ လောင်းထည့်နေတော့ မွှေးထုံ ကြည့်တော့ကြည့်သည်။ တားလည်း မတား။ ဒါပေမဲ့ .. ကျေနပ်ရိပ်လည်းမရှိ။ ခပ်တည်တည်လေးပဲ လုပ်နေတော့ သူ ရင်ထဲမကောင်းချင် ..။ မွှေးထုံသည် သူ့အပေါ် ဘယ်တော့မှ တခင်တမင် ရှိလာနိုင်တော့မှာ မဟုတ်ဟု ရင်ထဲအားလျော့ချင်လာရသည်ပါပဲ ..။

ဆိတ်နို့ပုလင်းတွေကို စက်ဘီးဟောင်းလေး၏ ရှေ့ခြင်းမှာ မွှေးထုံ စီထောင်ထည့်တော့ သူ စက်ဘီးပေါ် လှွားခနဲ တက်လိုက်ရင်း ကယ်ရီယာနေရာလေးကို လက်နောက်ပြန် ပုတ်ပြကာ ..

"နို့ပုလင်းတွေ ပို့မလို့မဟုတ်လား .. ကိုကြီး စက်ဘီးနင်းပို့ပေးမယ် .. ဒီမယ်ကောင်မလေး .. ကိုကြီးက မွှေးထုံလေး နို့ပို့ထွက်သွားတာကို ဒီတိုင်း ဒီနေရာမှာလေးမှာ ထိုင်စောင့်ကြည့်ရင်း ကျန်ခဲ့မယ်များထင်နေသလားကွယ်၊ ကိုကြီးရဲ့မိန်းမ .. သွန်းမွှေးထုံလေးက နို့ပုလင်းတွေ သွားပို့ရင် .. ကိုကြီးက စက်ဘီးနင်းမှာပေါ့ခင်ဗျ"

ပြုံးလျက် ကြည်ကြည်မွေ့မွေ့ဟန်ဖြင့် ပြောနေပါသည့် သူ့ကို မွှေးထုံ အံ့သြစိတ်လေးဖြင့် တကယ်ကို လှမ်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်လိုက်မိရပါပြီ။ သူသည် .. မွေးထုံ နှိပုလင်းတွေ သွားပို့မည့်ကိစ္စကို ရှက်နေချေမည်လားဟု ထင်မိသည် ..။ ခုလို .. သူ့ရှေ့မှာ တမင်ကြီးကိုပဲ ဆိတ်နို့တွေညှစ် ..။ ဆိတ်နို့ပုလင်းလေးတွေ ပို့ဖို့ကြိုးစည်ခဲ့လေသမျှ ..။ ခုကျတော့ သူက အရမ်းကို စိတ်ရှည်ကြည်ဖြူစွာ မွေးထုံနှင့်ပင် အတူတူလိုက်မည့်သူတစ်ယောက် ဖြစ်နေသည်တကား။ သူသည် .. ခုထိ .. မွေးထုံ ပေကပ်ကပ်ဖြင့် သူ မကြိုက်နိုင်မည့်ကိစ္စကို လုပ်နေသမျှကို .. စိတ်ဆိုးပေါက်ကွဲတာမျိုး ဘာဆိုဘာမျှ မလုပ်သေး။

အရမ်းကို ချမ်းသာသည့် ဦးထင်ခိုင်၏သား ..။ မိုင်းဆွတ်ရွာမှာ သစ်သီးစည်သွပ်ဘူးစက်ရုံကြီးကို ပိုင်ဆိုင်နေသည့်သူတစ်ယောက်။ အလုပ်သမားများစွာရှိသည့် စက်ရုံကြီးတစ်ရုံ၏ အရှင်သခင် ..။ ပြီးတော့ .. ရန်ကုန်မှာကျတော့လည်း မြို့ရိပ်မြိုင်အိမ်ရာလုပ်ငန်းကို လုပ်ကိုင်နေသည့် လုပ်ငန်းရှင်တစ်ဦး ..။ ထိုသူက .. ဆိတ်နို့ လိုက်ပို့ပေးသည့်သူတစ်ယောက် ဖြစ်နေချေသည်တဲ့လား။ စက်ဘီးဟောင်းအိုအိုလေးက အသံတွေ တကျွီကျွီဖြင့် နင်းလိုက်တိုင်း နင်းလိုက်တိုင်း မြည်နေတာအမှန် ..။ ထိုစက်ဘီးအိုလေးကို ပေါ့ပါးကြည်မွေ့စွာဖြင့် သူက နင်းနေလျက် ..။ မွေးထုံလေးကိုပင် နောက်ကယ်ရီယာမှာ ထိုင်ခိုင်းနေသေးသည့်အဖြစ်။ ခု .. သွားပို့ရမည့်အိမ်တွေထဲမှာ .. တချို့အိမ်သည် သူ့စက်ရုံမှ အလုပ်သမားတို့၏ အိမ်ထောင်တွေပင် ပါနေသေးသည့်အဖြစ်။

"သူ .. အရမ်းရှက်သွားမယ်လို့ ငါက ထင်ထားတာ .. သူ့ မိန်းမဟာ စက်ရုံအလုပ်သမားတွေရဲ့ အိမ်တချို့ကို



တောင်မှ ဆိတ်နို့ပုလင်းလေးတွေ စက်ဘီးအိုလေးနဲ့ လိုက်ပို့နေတယ်ဆိုတာမျိုးကို ခံနိုင်ရည်ရှိမှာမဟုတ်ဘူးလို့ ငါက လျှောက်တွက်ထားမိတာ .. သူဟာ .. ဆိတ်ကျောင်းတဲ့ကောင်မလေးတစ်ယောက် .. ဆိတ်နို့ပို့တဲ့ ကောင်မလေးတစ်ယောက်ကို လက်ထပ်မိခဲ့တာကို .. ခုအချိန်မှာ ဒီအလုပ်တွေ ငါဆက်လုပ်နေသမျှ လက်ခံပေးနိုင်မှာ မဟုတ်ဘူးလို့ ငါ ထင်ထားခဲ့မိတာ .. ခုကျတော့ .. ငါ့ကို သူက စက်ဘီးလေးပေါ်တောင် တင်ပြီး လေလေးတချွန်ချွန်နဲ့ နို့လိုက်ပို့နေတဲ့ ကိုခိုင်မြ ဖြစ်နေပါလား .. ငါ .. သူ့အပေါ် မတရားတော့ဘူး .. သူ့အပေါ် အရမ်းအနိုင်ယူချင်ဖောက်တွေကြီးနေတဲ့ မွေးထုံ ဖြစ်နေသလိုပါလား၊ ဘဘဦးထင်ခိုင်ရဲ့ ချွေးမဟာ ဆိတ်နို့ပို့နေတယ်ဆိုတာမျိုးကို ငါက ဖြစ်ချင်နေတာ .. လုပ်ပြချင်နေတာ .. အဲဒါကို .. သူ ရိပ်မိမှာပါ .. ဒါပေမဲ့ .. သူ .. ငါ့ကို အရမ်းစိတ်ရှည်အလိုလိုက်ပေးနေတဲ့သူပဲ ဖြစ်နေပါလား .."

အေးမြမြ မနက်ခင်းမှာ စက်ဘီးနင်းလိုက်ကိုင်းတကျွီကျွီ မြည်နေသည့် မြည်သံနှင့်အပြိုင် လေလေးတမြမြချွန်ကာ ပေါ့ပါးကြည်စင်စွာ ဆိတ်နို့ပို့ဖို့ သွားနေပါသည့် သူ့ကို မွေးထုံ အံ့သြချင်နေသည်။ အားနာချင်နေသည်။ အပြစ်မကင်းသူတစ်ယောက်နှယ်လည်း မိမိဘာသာ မွေးထုံ ခံစားလာနေရပါသည့်အဖြစ် ..။ သူက အရမ်းကို လိုက်လျောညီထွေနေပေးလေလေ .. မွေးထုံ မျက်နှာလေး ပျက်လာရရင်း အနေခက်လာရလေပါ ..။ ခုကျမှ စက်ဘီးကို ရပ်ခိုင်းလိုက်ဖို့ကျတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပြန်။ ပြီးတော့ .. ဘာပဲဖြစ်ဖြစ် ..။ မွေးထုံ သူ့ရှေ့မှာ ဆိတ်နို့ပုလင်းကို အိမ်တိုင်ရာရောက် ပို့ပေးတာကို ဘယ်လို သူ တုံ့ပြန်လာမည်လဲဆိုတာကိုလည်း သိချင်နေသေးသည့် ဂျစ်တူးတူး စိတ်လေးက ရင်ထဲမှာ ခေါင်းပြူချင်နေသေးသည့်အဖြစ် ..။

တကယ်က .. ဆိတ်နို့ ယူသူတို့ထံ ဦးအိုက်ကျော်ကို စာရင်းနှင့်တကွ ဘဘကြီး အပ်ခဲ့တာကို မွေးထုံ သိပါသည်။ မွေးထုံ တမင် အရွဲ့တိုက်၍ ခုလို .. နို့ပုလင်းပို့ခြင်းပါ ..။

"ဟိုရှေ့က အိမ်လေးမှာ ရပ်ပါ ကိုခိုင်မြဲ .. မွေးထုံ ဒေါ်လေးခမ်းကို နို့တစ်ပုလင်း ပို့ပေးရမှာ .."

ဟု ပြောတော့ သူ အလိုက်သင့် စက်ဘီးကို ရပ်သည်။ မွေးထုံ စက်ဘီးပေါ်မှ ဆင်းပြီးချိန်မှာ သူက စက်ဘီးကို ဒေါက်လေးထောက်၍ ရပ်လိုက်ပြီးတာနှင့် အရမ်းကို မြန်ဆန်လွန်းစွာပဲ မွေးထုံထက်အရင် လက်ဦးစွာဖြင့် နို့တစ်ပုလင်းကို ယူလိုက်ကာ ခြံဝင်းလေးအတွင်းသို့ ဝင်သွားသည်မို့ မွေးထုံ နောက်မှ အမောတကောလေး လိုက်လာရပါ၏။ သူက .. သူက ကိုယ်တိုင်ပင်လျှင် နို့ပုလင်းကို ပို့ပေးနေသည့်အဖြစ် ..။ ခုလိုကျတော့လည်း သူ့အပေါ် တမင်တကာ ညစ်ရာရောက်နေသည် မဟုတ်ပါလား။ မွေးထုံ သူ့အပေါ် အရမ်းအရှက်ခွဲဖို့ တမင် အကွက်ဆင်ထားရာမြောက်နေပြီ ..။

"ကျွန်မ ပို့ပါ့မယ် ကိုခိုင်မြဲ .. ရှင်က .. စက်ဘီးနားမှာ နေခဲ့ပေါ့ .."

လူမရှိသည့်နေရာ .. နှစ်ယောက်တည်းဆိုလျှင် သူ့ကို .. ရှင်နှင့် ကျွန်မနှင့် မွေးထုံ ပြောနေတာကိုလည်း သူ



မျက်နှာမကောင်းပေမယ့် အပြစ်မပြောရှာ ..။ ဘာဆိုဘာမျှ မပြောဘဲ ခံလိုက်သည်ပါပဲ ..။ ကြာတော့ မွေးထုံ သူ့ကို ရန်လုပ်နေရတာ ဘက်ပဲ့နေသလိုကြီး ဖြစ်နေရကာ တစ်ယောက်တည်း ရန်လုပ်နေသလိုကြီးပင် ဖြစ်နေရပါပြီ ..။

"ဒီလောက်ကြီး စိတ်ရှည်နေတော့လည်း .. မွေးထုံဖြင့် စိတ်တောင်ညစ်ချင်လာပြီ .. ဘယ်လိုလူကြီးလဲ .. သူ့ ရင်ထဲမှာ စိတ်တိုဖို့ ခံစားချက်တွေ မရှိတော့ဘူးလား .."

သူ့ထံမှ ဒေါသတကြီး တုံ့ပြန်လာတာမျိုး၊ ခံပြင်းပြောဆိုလာတာမျိုး ဘာတစ်ခုကိုမှ မကြုံကြိုက်ရဘဲ .. အရာရာသည် စိတ်ရှည်အလိုလိုက်နေခြင်းများဖြင့် ပြီးဆုံးနေရတာကို မွေးထုံ ကိုယ်တိုင်ပင်လျှင် အားမလိုအားမရကြီး သူ့အပေါ် ဖြစ်ချင်လာနေရပါသည့်အဖြစ် ..။ မွေးထုံ ဖြစ်ချင်သည်က .. ဆိတ်နို့ညှစ်လျှင်လည်း သူ့အာမခံမရပ်ဖြစ်စွာဖြင့် သူ့မိန်းမလို .. သူ့ရွှေဇနီးက ဆိတ်နို့ညှစ်နေတာမျိုး အဖြစ်မခံနိုင်ဟု ချမ်းသာဂုဏ်တွေ အပွန်းအပဲ့မခံနိုင်စွာ ဂုဏ်တမောက်လွှားလွှားဖြင့် ပြောလာတာမျိုးကို ရင်ဆိုင်လိုက်ချင်သည်။ ထိုသို့ဖြစ်ကြည့် ..။ မွေးထုံကလည်း ခေါင်းကို မော့၍ သူ့ကို တုံ့ပြန်ရင်ဆိုင်သည့် စကားတွေ ပြောပစ်လိုက်မှာ သေချာနေသည်။

"အဲသလို ဂုဏ်တွေ အပွန်းပဲ့မခံချင်ရင် .. အစကတည်းက ရှင်ဟာ ဆိတ်နို့ပုလင်းတွေပို့တဲ့ ကောင်မလေးကို မယူခဲ့ဘူး ရှင့် .."

ဟု ခပ်တင်းတင်းလေး တုံ့ပြန်လိုက်မည် ..။ ခုတော့ သူနှင့် အခြေအတင်ဖြစ်ဖို့နေနေသာသာ ..။ သူကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကု ကြည်ကြည်ဖြူဖြူဖြင့် ဆိတ်နို့ပုလင်းကို ကိုင်၍ ဒေါ်လေးခမ်း၏ အိမ်တံခါးဝမှာပင် ရောက်နေပြီ ..။ မျက်နှာလေး တချိုချို ဖြင့် ...

"ဒေါ်လေးခမ်း .. ဆိတ်နို့ပုလင်း လာပို့တာပါခင်ဗျ .."

ဟု လုပ်နေတော့ မွေးထုံ ကသောကမျောလေး ပြေးရ ..။ သူ့လက်ထဲမှ ဆိတ်နို့ပုလင်းကို ဒေါ်လေးခမ်း အိမ် ဧည့်ခန်းထဲ နောက်ဖေးမှ ရောက်မလာခင် ပြေးယူလိုက်ရနှင့် ဖြစ်သွားရပြီ ..။

ခုလို .. သူ့လက်ထဲက နို့ပုလင်းကို မွေးထုံ လုလု ယက်ယက်လေးယူတော့လည်း သူ ပြုံး၍ လွှတ်မပေးဘဲ အတင်းကြီး ပုလင်းကို ကိုင်ထားသည်မို့ မွေးထုံ စိတ်မောမောဖြင့် သူ့ကို ကြည့်မိရကာ ..

"ကျွန်မ ပေးမှာပါ .. ရှင်ကလဲ .."

ဟု စိတ်ညစ်သံလေးဖြင့် ပြောမိရပါ၏။ သူ အပြုံး မပျက် ..။ ငုံ့၍ တစိမ့်စိမ့် ကြည့်ကာ ..

"ကိုကြီး ပေးမှာပေါ့ ဒေါ်ကျွန်မရဲ့ .. ကျွန်မက ကျွန်တော့်ရဲ့ မိန်းမပဲဥစ္စာ .. ကျွန်တော်က .. အိမ်ထောင်ဦးစီးလေ .. ကျွန်မ လုပ်နေသမျှကို ကျွန်တော်က .. ဘ၀အဖော်အဖြစ် ခပ်ပျော်ပျော် လိုက်လိုက်လုပ်ရမှာ ကျွန်တော့်တာဝန်လေ ဒေါ်ကျွန်မလေးရဲ့ .."

ဟု ခပ်တိုးတိုးရယ်သံဖြင့် ချစ်စနိုးလေး ပြောလာတော့ မွေးထုံ မျက်စောင်းကြီးထိုးပစ်မိသည်။ ရင်ထဲမှာ မွေးထုံသည်လည်း ပျော်လာနေသလိုကြီး ဖြစ်နေရပါပြီ ..။



"ဒုက္ခရေ .. ငါက သူနဲ့ ရန်ဖြစ်ဖို့ ကြိုးစားတယ် .. ခု ငါက သူနဲ့ ပျော်နေတဲ့ မွေးထုံ ဖြစ်နေပါရောလား .."

ဟု တွေးရင်းမှ နောက်ထပ်တစ်ကြိမ် သူ့ကို မျက်စောင်းထိုးပစ်လိုက်မိပြန်ပါ၏။ အံမယ် .. ခုလိုကျတော့လည်း .. နှစ်ယောက်သား .. မမေ့နိုင်စရာအဖြစ်လေးတစ်ခုကို အမှတ်တရ ဖြစ်တည်နေစေသည့်နယ်ပါတကား ..။ သူသည် မွေးထုံနှင့်အတူ ဆိတ်နို့ပုလင်းတွေကို စက်ဘီးအိုလေးနှင့် လိုက်ပို့ပေးခဲ့သည့်အဖြစ် တစ်ခုသည် နောင်နှစ်များစွာသို့တိုင်အောင် မမေ့နိုင်စကားအဖြစ် ရင်ထဲမှာ ရှိနေကြပါချေလိမ့်မည် ..။

ဒေါ်လေးခမ်း ဆိတ်နို့ထည့်ဖို့ ဒန်အိုးငယ်လေးနှင့် မီးဖိုဆောင်တွင်းမှ ထွက်လာပါ၏။ ခုလို .. သူကိုယ်တိုင် ဆိတ် နို့ပုလင်းကို မွေးထုံနှင့်အတူ လာပို့နေတာကိုရော ..။ မွေးထုံ ကိုယ်တိုင်လည်း ဘေးမှ ပါလာတာကိုရော ဒေါ်လေးခမ်း အံ့သြ တကြီးဖြင့် ကြည့်ရှာပါ၏။ မနေ့ကမှ တကယ့်ချမ်းသာကြွယ်ဝ လွန်းပါသည့်သူတစ်ယောက်နှင့် လက်ထပ်ခဲ့သည့် မွေးထုံသည် ဤနေ့မှာ ဆိတ်နို့ပုလင်းလေးတွေကို ယခင်ကနယ်ပင် ပို့သည် ဆိုတော့ မအံ့သြဘဲနေနိုင်မည်မဟုတ်။ ပြီးတော့ကျတော့ .. စက် ရုံသူဌေးလေးကိုယ်တိုင်က ဆိတ်နို့ပုလင်းလေးကို ကိုင်ထားရင်း စောင့်နေသည် မဟုတ်ပါလား။ ဘာတွေလဲ .. ဟုပင် ဒေါ်လေးခမ်း ခမျာ .. နားမလည်နိုင်သလိုလေး ခပ်ငေးငေးကြည့်ရှာပါ၏။

ခု .. ကျတော့ .. သူလည်း ပါလာနေသည်မို့ ဒေါ်လေးခမ်းခမျာ .. အားနာသလိုကြီးပင် ဖြစ်နေသည့်အသွင်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ဆို ... ဒေါ်လေးခမ်း၏ သားကြီး ကိုထူးသည် သူ့စက်ရုံကြီးမှာ အလုပ်လုပ်နေသည် မဟုတ်ပါလား ...။

"ကျွန်တော် မနက်ဖြန်လဲ လာပို့မှာပါခင်ဗျ ..."

ဟု သူ ပြုံး၍လည်းပြော ...။ မွှေးထုံကိုလည်း တစ်ချက်ငုံ့ကြည့်သည်။ မွှေးထုံကို ဒေါ်လေးခမ်း မျက်နှာကြီး အမ်း၍ကြည့်ကာ ...

"မနက်ဖြန် ... မောင်ထူးကို ... မွှေးထုံလေးရဲ့ အိမ်ကို ဆိတ်နို့ အယူလွှတ်လိုက်ပါ့မယ်ကွယ် ... ခုလို ... ဆရာလေး ကိုယ်တိုင် လာပို့တာကို ... အားနာမျက်နှာပူလိုက်တာ ..."

ဟု ပြောတော့ မွှေးထုံ ငြိမ်နေလိုက်ရပါ၏။ လောလောဆယ်မှာ ဘာမှကို ပြော၍လည်း ဖြစ်မှာမဟုတ် ...။ သူက မနက်ဖြန်ပါ ပို့ပေးမည်ဟု ပြောနေသည့်ကိစ္စ ...။ မပို့ဘဲ နေဖို့လည်း တား၍ရတော့မှာမဟုတ် ...။ ခုမှ ... မွှေးထုံ ကိုယ့်ရှူးကိုယ်ပတ်သလိုကြီး ဖြစ်နေရရင်း သူ့ကို အံ့သြပြီးရင်း အံ့သြချင်ရင်းဖြင့် စိတ်ရှည်မှုကြီးကို လက်မြှောက် ခါလိုက်ရသည်က မွှေးထုံပါတည် ...။

ဆိတ်နို့တွေ အိုးလေးထဲ လောင်းထည့်ကာ ခါတိုင်းနေ့များလို နို့ဖိုးရှင်းရဖို့ကိစ္စ ... ဒေါ်လေးခမ်းခမျာ ဘာလုပ်ရမှန်း မသိဘဲ ရှိနေချိန်မှာ သူကတော့ ပြုံးရင်း စောင့်ဆိုင်းနေသည်ပါပဲ။ နောက်ဆုံးတော့ ... ဒေါ်လေးခမ်းခမျာ ... မွှေးထုံ လက်ထဲသို့ ဆိတ်နို့ဖိုးလေး အားနာမဆုံးစွာ ... အနေခက်စွာ ထည့်ပေးလိုက်ရပါသတည်း ...။ မွှေးထုံ ... ဤမနက်လေးမှာ ... သူ့ကို ဘယ်လို



မှ တားမရနိုင်စွာဖြင့် ... စက်ဘီး ရှေ့ခြင်းလေးထဲမှာ ရှိနေပါသည့် နို့ပုလင်းလေးတွေ မကုန်မချင်း အားလုံး အိမ်ပေါက်စေ့ လိုက်လိုက်ပို့သမျှ ... စိတ်အိုက်စွာ မျက်နှာလေး တပျက်ပျက်ဖြင့် ပါသွားရပါချေသည်တကား ...။

လေလေးချွန်၍ စက်ဘီးလေးနင်းလိုက် ...။

မွှေးထုံ ရပ်နိုင်းသည့် အိမ်ရှေ့မှာ ရပ်လိုက် ...။ နို့ပုလင်း ပို့လိုက်နှင့် သူ ပျော်ပျော်ကြီး သွက်လက်ဖျပ်ဖျပ်ပါးစွာ လုပ်နေသမျှ မွှေးထုံက လိုက်လိုက်နေရရင်း စိတ်မောစွာ ကြည့်နေရုံပဲ တတ်နိုင်ပါတော့သည့် အဖြစ်ပါတည် ...။

ဤမနက်ခင်းလေးသည် ... မွှေးထုံ၏ နှလုံးအိမ်လေးဆီမှ ဘယ်သောအခါတွင်မှ ပျောက်ကွယ်နိုင်တော့မှာ မဟုတ်တာကိုတော့ အလိုလို မွှေးထုံ ဝန်ခံလိုက်မိရပါချေသည်တကား။ သူ့ကို ... မွှေးထုံ ... အထင်မသေးနိုင်စွမ်းတော့သည့်အဖြစ်။ ဟုတ်သည်။ သူ့အချစ်ကို မွှေးထုံ အထင်မသေးရက်နိုင်တော့တာကို သိမ်မွေ့စွာပဲ နှလုံးအိမ်မှ ဝန်ခံလိုက်မိရပါပြီ။

❦ ❀ ❦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

အပြုံရောင် ဆွယ်တာအင်္ကျီလက်ရှည်၊ မီးခိုးမျော့ရောင် ဘောင်းဘီနှင့် ဂျာကင်လေးအပေါ်မှာ ထပ်ဝတ်ထားပါသည့် သန့်စင်နေသော သူ့ကို ကြည့်ရင်း မွှေးထုံ စိတ်ထဲမှ တွေးမိရပါပြီ ..။ ဤသူသည် မွှေးထုံ၏ ခင်ပွန်းသည်ဖြစ်လျက် .. ကျယ်ပြန့်သော ပခုံးကြီးမှာ ခေါင်းလေးမှေးမှီအားကိုးရာလည်း ဖြစ်နေချေသည်ဟု ..။ ဘဘကြီးသည် သူ့ကို ယုံကြည်စွာ စိတ်ချအားကိုးစွာဖြင့် မွှေးထုံနှင့် နေရာချထားခဲ့ခြင်းဟု ..။ သူ့ကို မွှေးထုံ ငေးခနဲ ကြည့်မိရပါ၏။ ဆံနွယ်တချို့က သူ့နဖူးပြင်ပေါ်သို့ ဝဲပြိုကျနေသည်။ ပါးချိုင့်ပေါ်အောင် ရယ်မောရင်း မုန်လာဥနီနှင့် ပဲပင်ပေါက်လေးတွေ ဝယ်နေပါသည့် သူ့ကို ဟန်ပန်မလုပ်တတ်သူအဖြစ် ပို၍ နားလည်လာနေပါ၏။ ဟုတ်သည်။ သူ့ဟန်က ဈေးရောင်းနေသည့် အဒေါ်ကြီးနှင့် တရင်းတနှီးဆန်နေသည်။ ပဲပင်ပေါက် ဝယ်နေရင်းဖြင့် အဆစ်တွေ ဘာတွေပင် တောင်းနေသေးသည့်အဖြစ်။ ကြွပ်ကြွပ်အိတ်တစ်လုံး ဈေးထိပ်ဆိုင်မှာ ဝယ်ပြီးသည့်နောက်မှာ သူသည် ဈေးထဲတွင် တစ်ပတ်အရင်လှည့်လိုက်ပြီးမှ၊ ဝယ်ချင်တာတွေကို ဝယ်ပါသည့် စက်ရုံ



သူဌေးတစ်ယောက် ဖြစ်နေသည်။ ဈေးတွေ ဘာတွေလည်းဆစ်သည်။ အပိုလေးဘာလေးလည်း တောင်းသည်။ ငါး လတ်မလတ်ကို ပါးဟက်တွေ ဘာတွေ လက်ဖြင့် သေချာဖယ်ကြည့်၍ ကြည့်လိုက်သေးသည်။ ဆိတ်နို့ ပို့ပြီး အပြန်စက်ဘီးအိုလေးကို ရှာဈေးထိ နင်းကာ ဈေးဝင်ဝယ်နေတော့ မွှေးထုံ နားမလည်ချင်။ ဘာလုပ်ဦးမည်မသိ။ မွှေးထုံ ထင်ထားသည်က ဆိတ်နို့ ပို့ပြီးပြန်သွားလိမ့်မည်ဟု ထင်မိခြင်း။ ခုကျတော့ ဈေးဝင်ဝယ်နေပြန်သည့်အဖြစ်။

ရွှေပဲသီးတချို့၊ သခွားသီးနှစ်လုံး၊ ခေါက်ဆွဲတစ်စည်း၊ ငရုတ်သီးစိမ်းနည်းနည်း ဝယ်နေတော့ ..

"သခွားသီးတွေ ငရုတ်သီးစိမ်းတွေက ခြံထဲမှာ အများကြီးရှိရယ် .."

ဟု မနေသာတော့ဘဲ ဝင်ပြောယူရပါ၏။ သူ မွှေးထုံကို ဈေးငုံ့ဝယ်နေရာမှ မော့ကြည့်ကာ ..

"ဟုတ်လား .."

ဟု ပြန်ပြောသည်။ ဒါပေမဲ့ ဝယ်ပြီးသားဖြစ်နေပြီမို့ သူ ငွေချေလိုက်သည်ပါပဲ ..။ သူ စက်ဘီး သော့ခတ်ထောင်ထားရာသို့ လျှောက်လာတော့ မွှေးထုံ သောမှ လိုက်လာရသည်။ အရပ်မြင့်မြင့်ကြီးနှင့် သူက ရှိုးကျကျ ဝတ်ထားကာ ကြွပ်ကြွပ်အိတ်ကြီးကိုင်၍ ဈေးသုံးပြန်နေတော့ မွှေးထုံက မိန်းကလေးဖြစ်ပါလျက်ကယ်နှင့် ဈေးဝယ်ထားတာတွေ မဆွဲဘဲ အကြော့သားကြီး [illegible]လိုက်လာသလိုကြီး အနေခက် မျက်နှာပူလာရသည်မို့ ..

www.burmeseclassic.com

www.burmeseclassic.com



"ပေးပါ .. မွေးထုံ ဆွဲပါမယ် .. သူများတွေ ကြည့်နေပြီ၊ ရှက်စရာကြီး .. မွေးထုံက သူ့ကို ခိုင်းစားနေသလိုကြီး ဖြစ်နေပြီ သိရဲ့လား .."

မျက်နှာလေးပျက်ရင်း မွေးထုံ ပြောတော့ သူ ရယ်သည်။ ငုံ့ကြည့်လာသည့် မျက်ဝန်းတွင် ကြည်နူးခြင်းနှင့် အပျော်ရိပ်တွေ ပြည့်သိပ်နေ၏။ ခုလိုကျတော့လည်း သူနှင့် မွေးထုံတို့သည် တရင်းတနှီး ပိုနိုင်လာကြသည့်နှယ် ရှိနေရသည်ပါပဲ။

"မထူးတော့ပါဘူး မွေးထုံရယ် .. စက်ဘီးနားတောင် ရောက်နေပြီပဲ .. ဒီရှေ့ခြင်းလေးထဲ ထည့်လိုက်ပြီးတာနဲ့ ဘယ်သူက ကွပ်ကွပ်အိတ်ကို ဆွဲတယ် .. ဘယ်သူက မဆွဲဘူးဆိုတဲ့ကိစ္စ မရှိနိုင်တော့ပါဘူး ကောင်မလေးရဲ့ .."

လောလောဆယ်မှာ သူသည် ဟိုးယခင်တုန်းက မွေးထုံ စတင်တွေ့ခဲ့ရပါလေသော ကိုကြီးခိုင်မြဲ ဖြစ်နေလျက် .. မွေးထုံသည်လည်း သူနှင့် စတင်တွေ့ဆုံခဲ့ရစဉ်က ကောင်မလေးဟု အခေါ်ခံခဲ့ရသော မွေးထုံလေး ပြန်ဖြစ်သွားရသည်သို့ မွေးထုံခံစားဖြစ်သည်။ သူနှင့် မွေးထုံတို့ ကြားမှာ မည်သည့်ခံပြင်းကြေကွဲဖွယ်အဖြစ်များ မရောက်ခဲ့ကြဖူးသည့်အချိန်တုန်းကနှယ် သူသည် ခင်မင်နှစ်လိုဖွယ်ကောင်းနေသော ကိုကြီးခိုင်မြဲအဖြစ် ရှိနေရသည်သို့ မွေးထုံ ရင်ထဲမှ ခံစားလာမိရပါသည့်အဖြစ်။ တကယ်တော့ ကိုကြီးသည် ဘယ်တုန်းကမှ မွေးထုံအပေါ်မှာ နိုင်လိုမင်းထက်ပြုခဲ့တာမျိုး မရှိခဲ့။ မွေးထုံကို နှစ်လိုဖွယ်အပြုံးများဖြင့် ကြည့်တတ်သည်။ ချစ်စနိုးလေး နောက်ပြောင်တတ်သည်။ စိတ်ရှည်စာနာ နားလည်ပေးတတ်သည်။ သူ့မွေးနေ့သို့ မွေးထုံ လာပေး



ဖို့ ခခယယ ပြောတတ်သည်။ မွေးထုံထံမှ နှင်းဆီဖြူလေးကို မြတ်နိုးစွာ တောင်းခံခဲ့တတ်သူ ဖြစ်ခဲ့သည်တည့် ..။

"ကိုကြီးနဲ့ ငါ့ဘဝမှာ .. ဘဘဦးထင်ခိုင်ရဲ့ နာကြည်းစရာစကားတွေ ဖြစ်မလာခဲ့ဖူးဘူးဆိုရင် သိပ်ကောင်းမှာပဲနော် .."

ဟု ယူကျုံးမရစိတ်ဖြင့် မွေးထုံ စတင်၍ တွေးလာမိရနေပါပြီ ..။ ဒါဆို .. ဒါဆို .. မွေးထုံသည် .. သူ့အပေါ်မှာ အစစ .. ခင်မင်စိတ်ရင်းတစ်ခုသည် ယခင်တုန်းကပင် ရင်မှာဖြစ်တည်ခဲ့ဖူးသည်ဆိုတာကို ဝန်ခံလိုက်သည့်နှယ်ပါတကား။

ပဂျဲရိုးကားကောင်းကြီးကို စတိုင်ကျကျ မောင်းတတ်ပါသော သူသည် ခု .. စက်ဘီးအိုလေးကို လေလေးတချွန်ချွန်ဖြင့် နင်းနေသည့်သူတစ်ယောက်အဖြစ် ရှိနေလျက် ..။ စက်ဘီးနောက် ကယ်ရီယာလေးမှာ မွေးထုံကို မခွဲမခွာ တင်နင်းလာသည့်သူလည်း ဖြစ်နေချေသည်တကား ..။ သူသည် .. မွေးထုံသည်သာ သူနှင့်အတူ ရှိနေလျှင် ဘဝကို .. ပျော်မွေ့စွာ ကြည်ကြည်နူးနူး ဖြတ်သန်းနေသည့်သူတစ်ယောက် ဖြစ်နေသည်ဆိုတာ မွေးထုံ နားမလည်ဘဲ နေ၍မရနိုင်တော့သည့် အဖြစ်။ စက်ဘီးနောက်ကယ်ရီယာလေးမှာ မွေးထုံ ထိုင်နေရင်း လိုက်ပါလာရစဉ် ခိုက် သူ့ကျောပြင်ကြီးမှာ မွေးထုံ၏ ခေါင်းလေးကို ဖေးမှီ၍ လိုက်သွားလိုစိတ်လေးတွေ ဘာကြောင့် ဖြစ်တည်လာနေရပါသတဲ့လဲ ..။ မွေးထုံသည် .. သူ့ကို အားကိုးနေသည့် မွေးထုံ ဖြစ်နေချေပြီတဲ့လား။ သူနှင့်အတူ .. ရှိနေရပါသည့် ဤနေ့လေးမှာ မွေးထုံ ကြည်နူးချမ်းမြေ့နေမိရတာကို .. ဝန်ခံလိုက်ပါလျှင် ထိုအရာသည် ရိုးသားမှုတစ်ခု ဖြစ်နေပါလိမ့်မည် ..။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်မလေး .. နောက်က ငိုက်ပြီး ပါလာတာလား ကွ .. စက်ဘီးပေါ်က ပြုတ်ကျသွားမယ်နော် .."

တကယ့်ကို စိတ်မချသလိုကြီး ခေါင်းကို နောက်ဘက်ငဲ့၍ သူမေးတော့ မွှေးထုံ နှုတ်ခမ်းလေးစူလိုက်မိကာ ..

"မွှေးထုံက .. မနက်အိပ်ရာကထပြီးရင် .. ဘယ်တော့မှ မငိုက်တတ်တဲ့ မွှေးထုံပါရှင့် .."

ဟု ပြန်စွာခိုက်မှာပဲ နောက်ဘီးက မြည်၍ ပေါက်သွားပါသတည်း။ စက်ဘီး ပေါက်ပြီ ..။ မွှေးထုံလည်း စက်ဘီးကယ်ရီယာလေးပေါ်မှဆင်း ..။ သူလည်း ဆင်းကာ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြပါ၏။ စက်ဘီး .. ဘီးပေါက်သွားတာကို ငုံ့ကြည့်ပြီးမှ မွှေးထုံကို ပြုံးစိစိ ကြည့်လာတော့ မွှေးထုံ မျက်မှောင်လေးကုတ်၍ ..

"ဘာလဲ .. မွှေးထုံရဲ့ ဝိတ်ကြောင့် စက်ဘီး ပေါက်တယ် ပြောမလို့ မဟုတ်လား .."

ဟု စွာနေတော့ သူ ကြည့်သည်။ ကြည့်နေရင်းဖြင့် သူ့မျက်နှာထက်မှာ ပြုံးရိပ်တွေ ပိုထင်လာသည်။ မျက်ဝန်းတွေပါ လိုက်၍ ရယ်ရိပ်တွေ ပြည့်သိပ်လာနေကြပါသည့်အဖြစ်။ သူ့လက်သီးဆုပ်က မွှေးထုံ၏ ခေါင်းလေးကို ချစ်စနိုးလေး မနာအောင် ထုလိုက်တော့ မွှေးထုံ မျက်မှောင်လေးပိုကုတ်၍ ကြည့်လာသည်။

"ဟောဗျာ .. ဘယ်သူက ဘာပြောသေးလို့လဲ .. ကိုကြီး တွေးမိတာက .. ဒီပိန်တာရိုးလေး ထိုင်တဲ့ ဘက်က ဘာလို့ ပေါက်ပါလိမ့်လို့ စဉ်းစားနေမိတာပဲရှိပါတယ်ဗျာ ဒေါ်ပိန်တာရိုးလေးရာ .."



"ဟင် .. ဘာပိန်တာရိုးလဲ .. ဘာပိန်တာရိုးလဲ .."

"ဟောဗျာ .. ဟောဗျာ .. ပိန်တယ်ဆိုတော့လဲ မခံချင်ဘဲ ဖြစ်နေပြန်တာကိုး .."

ဟု သူရယ်နေတော့ မွှေးထုံ စက်ဘီးခြင်းလေးထဲမှ ကြွပ်ကြွပ်အိတ်ကြီး ဆောင့်အောင့်ယူလိုက်ကာ ခြေလှမ်းသုတ်သုတ်ဖြင့် သွားတော့ သူမနေသာ ..။

"ဟေ့ကောင်မလေး .. စောင့်ပါဦးကွ .. ပိန်လို့ပိန်တယ် ပြောတော့လဲ စိတ်ကိုရသတဲ့လား .. ငချွတ်မလေးရ .."

ဟု ပြောနေတော့ မွှေးထုံ ပို၍ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်မိရပါ၏။ ဒါပေမဲ့ မကြာလိုက် ..။ အရုပ်မြင်းကြီးနှင့် သူ မှီလာသည်ပါပဲ ..။

အိမ်ရောက်သည်အထိ မွှေးထုံ စကားမပြောဘဲ မျက်နှာလေး မှုန်နေရင်း လျှောက်နေတော့ သူ တငဲ့ကြည့်ကြည့်ဖြင့် အားက ပါလာသည်။ မွှေးထုံကလည်း မျက်နှာလေးသာ မှုန်ထားရခြင်းပါ ..။ ရင်ထဲမှာတော့ သူနှင့် ခုလို ရန်လေးဘာလေး ဖြစ်လိုက် .. စိတ်လေးဘာလေး ကောက်လိုက်နှင့် ရှိနေရတာကို အလိုလို ပျော်လာနေရသလိုပါ ..။

အိမ်ရောက်တော့ သူ မီးဖိုဆောင်လေးသို့ တန်းဝင်သည်။ ဦးအိုက်ကျော်နှင့် ဒေါ်ခင်ခင်ကို မီးဖိုခန်းထဲ အဝင်မခံ။ မွှေးထုံ ကြွပ်ကြွပ်အိတ်လေးနှင့် ဝင်တာကိုကျတော့ မတား။ ဦးအိုက်ကျော်နှင့် ဒေါ်ခင်ခင့်ကိုကျတော့ ခြံထဲလုပ်စရာရှိတာလုပ်ပါ ဟု ပြောနေတာမို့ အားလုံး ပြုံး၍ ဆင်းသွားကြသည်ပါပဲ ..။

"ဘာလုပ်မလို့လဲ .. စက်ရုံ မပြန်တော့ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



မုန်လာဥနီတွေ ဘာတွေ စားပွဲပေါ်တင်နေသည့်သူ ခေါင်းယမ်းပြသည်။

"ထမင်းချက်မလို့လေ .."

"ထမင်းချက်ဖို့ မလိုပါဘူး .. ဟိုမှာ ချက်ပြီးသားရှိတယ်"

"ဟင်းချက်မှာပေါ့ .. ဆိတ်ကျောင်း သွားမလို့လေ .. ဒီနေ့ .. ဟိုမှာ စားသောက်ဖို့ချက်မလို့ .. ခေါက်ဆွဲကြော်မယ် .. ငါးပေါင်းမယ် .. ပဲပင်ပေါက်ရယ် မုန်လာဥရယ် ရွှေပဲသီးကို အစိမ်းကြော်မယ် .. အဲသလို အစီအစဉ်ရှိတယ်၊ စက်ရုံသွားဖို့ အစီအစဉ် ဒီနေ့မှာ မရှိဘူး .."

ဟု တကယ်လည်း ပြောသလို ကြော်လှော်ချက်ပြုတ်နေတော့ မွေးထုံ မနေသာပြန် ..။ သားက ဝိုင်းလုပ်ကိုင်ရတော့သည်ပါပဲ ..။ မွေးထုံ လုပ်ကိုင်နေတာကိုကျတော့လည်း မတားမခလို လုပ်ကိုင်ကူနေတာကိုပင် ပျော်နေသည့်ပုံ ဖြစ်နေပြန်၏။ မွေးထုံ တဖြည်းဖြည်း နားလည်လာရပါပြီ ..။ သူသည် .. မွေးထုံနှင့်အတူ ရှိနေချင်တာတစ်ခုပဲ သိနေသည့်သူတစ်ယောက် ဖြစ်နေချေသည်တကား ..။ သူ့မျက်နှာ အရှိမ်းလန်းကြည်နေတာ သိသာနေသည်ပဲလေ ..။ မျက်ဝန်းတွေမှာ ပျော်ရိပ်တွေပဲ ရှိနေသည်။ ဤနေရာလေးမှာ ရှိနေတာကို အရမ်းကြည်ကြည်မွေ့မွေ့ ရှိနေပါသည့်အသွင် ..။

"မေမေက .. ကိုကြီးကို ချက်ပြုတ်တာတို့ ဘာတို့ သင်ထားပေးတယ်လေ .. မေမေက ပြောတယ် .. မေမေချစ်တဲ့ ချွေးမလေးကို သားက တစ်ခါတစ်ခါမှာ ချက်ပြုတ်ကျွေးမွေးတတ်ဖို့တော့ လိုလိမ့်မယ်တဲ့ .. အဲဒါဟာ အိမ်ထောင်တစ်ခုမှာ အလွန်ကြည်နူးဖို့ကောင်းတဲ့ အဖြစ်လေးတွေအဖြစ် အရေးတကြီး နေရာမှာ ရှိနေတတ်တယ်ဆိုတာကို .. တကယ်တမ်း အိမ်ထောင်ကျတဲ့အခါကျတော့ သိလာလိမ့်မယ်တဲ့ .. ဘာလို့လဲဆိုတော့ .. ခင်ပွန်းသည်ဆိုတာဟာ ဇနီး ချက်တာကိုပဲ စားနေတာမျိုး မဟုတ်ဘဲ သူ့ဇနီးကို ချက်ပြုတ်ကျွေးတတ်တာမျိုးလေးတွေ ဖြစ်လာတဲ့အခါကျရင် .. မိန်းမသားတို့မှာ ရင်ထဲ အလွန်ကြည်နူးဂုဏ်ယူတတ်ကြတယ်တဲ့ .. အဲဒီခံစားမှုမျိုးကို မေမေ့ချွေးမလေး ခံစားစေချင်တယ်တဲ့ သိလား .. မေမေက .. သူမမြင်ဖူးရသေးတဲ့ ချွေးမလေးကို အဲဒီကတည်းက .. ချစ်နေနှင့်တာ မွေးထုံ .."

သူ အကျသား ခေါက်ဆွဲကြော်နေရင်း ပြောပြနေတော့ မွေးထုံ ငြိမ်သက်သွားမိရပါ၏။ အကြည့်က သူ့ထံမှာပဲ ရှိနေသည်။ နှဖူးပြင်ပေါ်သို့ ဆံစတွေ ဝဲပြိုကျနေရင်း စိတ်ပါလက်ပါကြီး ဒယ်အိုးကို ငုံ့ကြည့်ကြော်လှော်နေသည့် သူ့ဟန်ကလည်း မီးဖိုချောင် ချက်ပြုတ်ရေးကိစ္စဆိုတာ သူ့အတွက် အစိမ်းသက်သက် မဟုတ်နေသည့်အသွင် ..။ နေသားတကျ ရှိပြီးနေသည့် အသွင်ပါ။ မွေးထုံ ရင်ထဲမှာ သူ့မေမေကို မြင်ဖူးချင်လာစိတ် ဖြစ်ရသည်။ စိတ်သဘောထားကောင်းလွန်းသည့် သူ့မေမေနှင့် အတူနေခွင့်မရသည့်အတွက်လည်း ရင်ထဲမကောင်းချင် ..။ သူ့မေမေသည် မမြင်ရသေးသည့် ချွေးမလေးအတွက် .. ကြိုတင်၍ပင် ချစ်ခြင်းမေတ္တာတွေကိုလည်း ပေးနှင့်ကာ သာယာသည့်အိမ်ထောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအဖြစ် အမြဲရှိနေစေဖို့အတွက်လည်း သားကို သွန်သင်ထားနိုင်သူတစ်ယောက်လည်း ဖြစ်နေချေသည်တကား ..။ စားပွဲဝိုင်းလေးပေါ်မှာ ရှိနေသည့် လီးထားပြီးသား ကြက်သွန်မြိတ်လေးတွေကို ပလတ်စတစ် စဥ့်တုံးပြားလေး မ,ယူလိုက်ရင်း ခေါက်ဆွဲကြော်ပေါ်မှ ဖြူးသည်။ ပြီးတော့ ဒယ်အိုးကို ချ၍ မွှေးထုံကို ကြည့်ပါ၏။ ငေးကြည့်နေဆဲ မွှေးထုံကို သူ ပြုံးပြကာ ..

"မွှေးထုံကို မေမေ မြင်ဖူးရင် သိပ်ချစ်မှာတော့ သေချာတယ် မွှေးထုံ .. မေမေက အရမ်းကို စိတ်ထားနူးညံ့တာ၊ ကိုကြီး ရှစ်တန်းနှစ်မှာ မေမေ ဆုံးခဲ့ရှာတယ် .."

ရုတ်ခြည်း သူ့မျက်နှာထက်မှာ ညှိုးရိပ်သမ်းလာ၏။ မျက်ဝန်းတွေ ရီဝေညှိုးဖျော့ကျသွားကာ တစ်ချက်ငိုင်နေသည်။ ပြီးတော့မှ ခေါင်းကို ပြန်မတ်ကာ စိတ်ကို ပြန်၍ ထိန်းယူဖို့ ကြိုးစားပါ၏။ အားယူ၍ မွှေးထုံကို ပြုံးပြသည်။

"ကျွန်မ စိတ်မကောင်းပါဘူး .. မေမေ့ကို ကျွန်မကလည်း မြင်ဖူးချင်ပါတယ် .."

မွှေးတုံ၏ နှုတ်မှ အရမ်းကို နူးညံ့သော စကားသံလေးတွေ ပွင့်ကျလာကြပါ၏။ သူ စိတ်ထိခိုက်နေတာကို မြင်ခဲ့ရ၍လည်း ရင်ထဲမှာ မကောင်း ..။ ပြီးတော့ .. စိတ်ထားပြည့်ဝပါသည့် ထို ဒေါ်ခင်လှိုင်ဆိုသည့် သူ့မေမေသည် အသက်မရှည်ခဲ့ရှာသည့်အတွက်လည်း ရင်ထဲမှာ မကောင်း ..။ ကြည့်ရတာ သားအမိနှစ်ယောက် အတော်ကြီး တရင်းတနှီးနိုင်လွန်းစွာ နေခဲ့ကြပုံတော့ရသည်။ ရင်းနှီးပွင့်လင်းစွာ ပြောဆိုခဲ့ကြပုံလည်းတူသည်။



"မေမေနဲ့ ကိုကြီးက .. သိပ်ချစ်ကြတာလေ .. ကိုကြီးပြောဖူးတယ် မဟုတ်လား .. မေမေဟာ ကိုကြီးကို ငယ်ကတည်းက ပုံပြင်လေးတွေ ပြောပြတတ်တယ် .. နှင်းဆီဖြူပန်းနတ်သမီးလေးပုံပြင်ဆိုတာ ကိုကြီး အရမ်းကြိုက်လို့ ခဏခဏ ပြန်ပြန်ပြောခိုင်းတဲ့ပုံပြင်ပေါ့ .. ငယ်ကတည်းက ကိုကြီး တစ်ခုခု ဝမ်းနည်းတဲ့အခါ .. မေမေ့ ရင်ခွင်ထဲမှာ ခေါင်းဝင်ငိုတတ်တယ် .. ဝမ်းသာရင်လဲ မေမေ့ ရင်ခွင်ထဲမှာပဲ ခေါင်းဝယ်ရယ်မောပြီး ပြောပြတတ်တယ် .. မေမေနဲ့ ကိုကြီးဟာ .. မီးဖိုချောင်လဲ တူတူဝင်ကြတာပဲ၊ မေမေ့ကို နှိပ်ပေးနင်းပေးတာတို့ .. ဘာတို့လဲ ကိုကြီး အမြဲ လုပ်ပေးနေကျ .. မေမေ့ကို .. ဒီနေ့မှာ ကိုကြီး ပိုပြီး သတိရနေမိတယ် မွှေးထုံ .. ပိုလွမ်းနေမိတယ် .. မင်းနဲ့လဲ သိပ်တွေ့စေချင်တာပါပဲ .. မေမေသာရှိနေရင် .. မင်းကို ချစ်မှာ သေချာပါတယ် မွှေးထုံ .."

သူ ပြောပြီး ခြေလှမ်းကျဲကြီးဖြင့် မီးဖိုဆောင်လေးအတွင်းမှ ခြံနောက်ဘက်ဆီသို့ ဆင်းသွားတော့ မွှေးထုံ ငိုင်၍ ကျန်ရစ်ခဲ့ပါ၏။

ရင်ထဲမှာ သူ့ကို သနားနေမိတာ အမှန်ပါ ..။ မိခင်ကို တမ်းတနေပါသည့် သားတစ်ယောက်၏ အလွမ်းဝေဒနာသည် .. ကြေကွဲခြင်းများဖြင့် .. ပြည့်သိပ်နေပါချေလိမ့်မည်။ သူ့နောက်သို့ မွှေးထုံ လိုက်သွားချင်သည်။ သူ့ပခုံးပေါ် လက်လေးတွေ ဖေးတင်လိုက်ရင်းဖြင့် သူ့ကို ဖျောင်းဖျစကားလေးတွေ ရှာကြံပြောယူနိုင်ဖို့ ကြိုးစားနေသည့် မွှေးထုံဆိုတာ ဖြစ်လိုက်ချင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမဲ့ .. ထိုသို့ဖြစ်လာဖို့ဆိုတာကျတော့လည်း ရင်ထဲမှာ မဝံ့ရဲ ..။ သူ့ကို ပြတ်ပြတ်ကင်းကင်း နေချင်ပါသည်ဟု မွေးထုံ ပြောခဲ့တာမှ မကြာသေး ..။ ခုကျတော့ သူ့အပါးမှာ ကြင်နာခြင်းများစွာဖြင့် တနာစွာ ဝေဒနာများကို မျှဝေယူဖို့ ကြိုးစားနေသည့် မွေးထုံ ဖြစ်နေရမည်ဆိုတော့လည်း မွေးထုံ ရှက်ချင်သည်။

မွေးထုံ စတီးလ်ချိုင့်ကို ယူ၍ စားသောက်စရာတွေ တစ်ဆင့်ချင်း ထည့်နေရင်း ရင်ထဲမှာ သူ့ထံသို့ သွားချင်စိတ်တွေ သာရှိနေကြတာကို မိမိဘာသာလည်း အံ့သြနေချင်ပြန်ပါ၏။ သူ .. တစ်ယောက်တည်း တစ်နေရာရာကို ငေးကြည့်နေရင်း မိခင်ကို တမ်းတနေသော ကလေးတစ်ယောက်နှယ်များ မျက်ရည်ကျနေ ချေမည်လား ..။ အမေ .. ဟုများ ရှိုက်သံများဖြင့် တမ်းတခေါ်ငင် နေပါချေမည်လား ..။ တကယ်ဆိုလျှင် မွေးထုံသည် သူ့ဘေးမှာ အားပေးဖော် .. မျှဝေခံစားပေးဖော်တစ်ယောက်အဖြစ် ရှိနေသင့် သည်မဟုတ်ပါလား ..။ ခုလို .. မွေးထုံ တစ်ယောက်တည်း ချိုင့်ထဲမှာ စားသောက်စရာတွေကို ခူးခပ်ထည့်နေခြင်းသည် တစ်ကိုယ်ကောင်း ဆန်လွန်းစွာဖြင့် သူ့ကို ဥပေက္ခာပြုရာရောက် လွန်းရာကျနေသည်ဟု မွေးထုံ ထင်လာမိပြန်ရင်း ကိုယ့်ကိုယ်ကိုယ် ပြန်၍ အပြစ်တင်လာမိရပြန်ပါ၏။ နောက်ဆုံးတော့ မွေးထုံ ကြာရှည်မနေနိုင်တော့သည်မို့ သူ့ထံ လိုက်လာရသည် ပါပဲ ..။

သစ်ရိပ်အောက်မှာ ပင်စည်ကို လက်ဖြင့်ဖေးထောက်ရင်း ငြိမ်သက်ရပ်နေပါသည့် သူ့ဘေးမှာ မွေးထုံယှဉ်၍ ရပ်လိုက်ကာ သူ့ကို မော့ကြည့်မိသည်။ ဘေးမှာ မွေးထုံ ရောက်လာတာကို သူ



ငုံ့ကြည့်လာပါ၏။ ခုလို ရောက်လာသည့်အတွက် ရင်ထဲမှာ ကြိတ်မှိတ်မျိုသိပ်ရင်း ကြေကွဲခံစားနေရမှုတွေကို မွေးထုံ မသိလိုက်နိုင်အောင် ကြိုးစားဖုံးကွယ်နိုင်ဖို့ သူ ဟန်လုပ်၍ ပြုံးပြလာပါသေးသည့်အဖြစ် ..။

“ရှင် .. ကျွန်မ စိတ်မကောင်းမှာစိုးလို့ ဟန်လုပ်ပြုံးပြနေတာကို ကျွန်မ သိနေပါတယ် ကိုကြီးရယ် ..”

ဟု မွေးထုံ တွေးနေမိရင်းမှ ..

“ကျွန်မ .. ဒီနေ့မှာ .. ရှင်နဲ့အတူ ဆိတ်လေးတွေ ကျောင်းနေရင်းနဲ့ ရှင့်မေမေ ပြောပြခဲ့ဖူးတဲ့ .. ပုံပြင်လေးတွေကို နားထောင်ချင်ပါတယ် .. ကျွန်မလဲ .. ကျွန်မရဲ့ မေမေ ပြောပြခဲ့ဖူးတဲ့ ပုံပြင်လေးတွေကို ရှင့်ကို ပြောပြမယ်လေ .. အကယ်၍သာ မေမေ သက်ရှိထင်ရှား ရှိနေရင်လဲ .. ရှင့်ကို မြင်တဲ့အခါ .. ချစ်မှာ သေချာပါတယ်”

သူ့ဘေးမှာရပ်ရင်း မော့ကြည့်ပြောမိရစဉ်နိုက် .. သူ့အကြည့်တွေက မွေးထုံ၏ မျက်နှာနုနုလေးထက်မှာ အတန်ကြာမျှ မမှိတ်မသုန်ရှိနေပါ၏။ သူ့မျက်ဝန်းတွေက အရမ်းကို ပို၍ နူးညံ့လာကြလျက်ရှိရာမှ သူ့လက်ဖဝါးတွေက မွေးထုံ၏ ဆံစလေးများကို သပ်ပေးလာကြသည်။

“ကျေးဇူးတင်ပါတယ် မွေးထုံ .. ဘာပဲဖြစ်ဖြစ် .. မင်းလေးဟာ ကိုကြီးအပေါ်မှာ .. စာနာနားလည်ပေးတတ်သူလေးဖြစ်နေတယ်ဆိုတာကို .. သိခွင့် .. ခံယူခွင့်ရလို့တဲ့ အတွက် .. မင်းကို .. ကိုကြီး ကျေးဇူးတင်ပါတယ် မွေးထုံလေးရယ် ..”

www.burmeseclassic.com


www.burmeseclassic.com



ဟု ပြောနေရာမှ ရုတ်ခနဲ သူ့ခေါင်းသည် ငိုက်ကျလာ၏။ မွေးထုံ၏ အုန်းဆီရနံ့သင်းနေသော ဆံစနက်မှောင်မှောင်လေးထက်မှာ သူ့အနမ်းသည် သိမ်မွေ့နူးညံ့စွာပဲ ဖေးတင်လာကြပါချေသည်တကား ..။

ဤတစ်ကြိမ်မှာတော့ မွေးထုံ .. ခေါင်းလေးငုံ့ချ၍ ငြိမ်သက်စွာ နေမိလိုက်ရသည်က .. သူ့ကို နားလည်စာနာစိတ်များဖြင့်ပါ ..။ ပြီးတော့ .. ထိုအနမ်းနုနုစင်စင်သည် .. မွေးထုံ၏ နှလုံးအိမ်တွင်းသို့တိုင် မြတ်နိုးကြည်ဖြူစွာ တိုးဝင်သွားကြချေတာကို .. မွေးထုံ၏ နှလုံးအိမ်လေးက ဝန်ခံလိုက်ပြီးဖြစ်နေပါချေသည်တည့် ..။





ချစ်ရသူကို မေ့မရနိုင်ခြင်းသည်
နှလုံးသား၏ ရိုးသားမှုတစ်ခုပင် ဖြစ်ပါလေသည် ..။

ချစ်ရသူကို တွေ့လိုပါလျက်
တွေ့ခွင့်မရသောဘဝတွင် ကြေကွဲနေရခြင်းသည်
နှလုံးသား၏ ငိုကြွေးမှုတစ်ခုပင် ဖြစ်ပါချေသည် ...။

ချစ်ရသူထံမှ နားလည်လက်ကမ်းလာမည့် ရက်လေးကို
အစဉ်စောင့်ဆိုင်းနေမိရခြင်းသည်
နှလုံးသား၏ မျှော်လင့်ချက်တစ်ခုပင် ဖြစ်လေသည် ...။
ထိုမျှော်လင့်ချက်ကို အချစ်ဆိုသောအရာကသာလျှင်
နှလုံးသားတွင် အမြဲရှင်သန်ခွင့်ပေးနိုင်စွမ်းပါချေသည်တည့် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

သစ်ရိပ်အောက်မှာ မြက်ခင်းထက်၌ ထိုင်ရင်း သူနှင့်အတူ ထမင်းစားနေရစဉ်ခိုက် မွှေးထုံ၏ ရင်ထဲမှာ တစ်ချိန်က မွှေးထုံနှင့်အတူ သူသည် ငါးသလဲထိုးကြော်လေးဖြင့် ထမင်းတူတူစားဖြစ်ခဲ့ဖူးပါသည့် အဖြစ်လေးကို ပြန်၍ အမှတ်ထင်ထင်ဖြစ်လာမိရပါ၏။ ထိုနေ့က .. ကိုကြီး မွှေးနေ့ကို လာဖို့လည်း ဖိတ်ခဲ့လျက်၊ မွှေးထုံ၏ ချိုင့်ငယ်လေးထဲမှ ထမင်းနှင့် ငါးသလဲထိုးကြော်လေးကိုလည်း မွှေးထုံနှင့်အတူ စားခဲ့ချေသည်လေ ..။ မွှေးထုံက ချိုင့်ဖုံးလေးမှာ ထမင်းလေးထည့်၍ စားခဲ့သည်ပဲ ..။ ထိုစဉ်တုန်းကတော့ မွှေးထုံသည် .. ဟန်ပန်မကြီးတတ်စွာ ရိုးရိုးစင်းစင်းလည်း နေတတ်၊ ပျော်ပျော်လည်း နေတတ်ပါသော စိတ်ရှည်အလိုလိုက်တတ်ပါသည့် ကိုကြီးကို ရင်ထဲမှ နှစ်နှစ်လိုလိုခင်မိခဲ့သည်ဆိုတာ မိမိဘာသာ သိနေခဲ့ရသည် မဟုတ်ပါလား။ ထိုခံစားမှုများသည် .. ခုကျတော့ ပျောက်ဆုံးနေရချေသည်တဲ့လား။ ဟင့်အင်း ..။ အမှန်အတိုင်းဆိုလျှင် ထိုခံစားမှုများသည် ရင်ထဲမှာ



ကျန်နေကြသေးသည်ဆိုတာ ခုကျမှ ပို၍ မွှေးထုံ နားလည်လာနေမိရ .. ဝန်ခံနေမိရပါပြီ ..။ ခုလို ဘဘကြီး သွားလိုက်ချိန်မှာ မွှေးထုံ အရမ်းကို စိတ်ထဲခံစားနေမိရလေသမျှ .. ကိုကြီးတစ်ယောက် ဘေးမှာ အဖော်အဖြစ် ရှိနေတာကို မွှေးထုံ အားရှိနေမိရကာ .. အရမ်းကြီး အထီးကျန်နေရသလိုကြီး ဖြစ်မနေတော့တာကို အလိုလို ဝန်ခံနေမိရပြီး ဖြစ်နေရပါပြီ ..။ ကိုကြီးသာ ရှိမနေလျှင် .. မွှေးထုံ တစ်ယောက်တည်း မျက်ရည်တွေကျနေမှာသေချာသည်လေ ..။ ဘဘကြီးကို မွှေးထုံ မခွဲနိုင်ပါ ..။ ခုလိုခွဲခွာနေရချိန်လေးမှာ မွှေးထုံ ပို၍ နေမတတ် ထိုင်မတတ်ကြီးဖြစ်နေရသည်ပါပဲ ..။ ဒါပေမဲ့ .. တစ်ယောက်တည်း ရှိနေရမည့်အစား သူ ဘေးမှာ ရှိနေသည်မို့ .. ဘာပဲဖြစ်ဖြစ် .. စကားပြောဖော်လည်းရှိ။ မျက်မှောင်လေးကုတ်ပြ မျက်စောင်းလေးခဲရန်နှင့် မွှေးထုံ သူ့အပေါ် ခပ်တည်တည်လေး နေပြလေသမျှကိုလည်း မသိကျိုးကျွန်ပြုရင်း ဘာမျှ မသိသယောင်ကြီး လုပ်လုပ်ပြကာ ဘေးမှာ အဖော်အဖြစ် အတင်းလိုက်လုပ်ပေးနေပါသည့် သူ့စိတ်ရှည်မှုကြီးကိုလည်း အသိအမှတ်မပြုဘဲ နေ၍မရနိုင်တော့ပါ ..။

"ငါဟာ .. သူ့စိတ်ရှည်သည်းခံနိုင်မှုကြီးအောက်မှာ စုံးစုံးမြုပ်နေတဲ့ မွှေးထုံ ဖြစ်နေပါရောလား .. ကြည့်စမ်း .. သူနဲ့အတူ ရှိနေတာကို ရင်ထဲမှာ အဖော်ရနေသလိုကြီးတောင် ဖြစ်တတ်နေပြီ .. မဟုတ်သေးဘူး မွှေးထုံ .. နင် .. သူ့အဖေကို စိတ်နာတယ်ဆို .. ခုကျတော့ .. သူနဲ့အတူ ထမင်းစားနေရင်း .. သူ ထည့်ထည့်ပေးနေတဲ့ ဟင်းတွေကို မငြင်းမဆန်စားနေတဲ့ မွှေးထုံ ဖြစ်နေပါရောလား .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးနေစဉ်ခိုက်မှာပင် သူကဖြင့် မွှေးထုံ၏ ချိုင့်လေးထဲသို့ ငါးပေါင်းနှင့် အစိမ်းကြော်လေးတွေ ခပ်ထည့်ပေးနေတာကို ကြုံနေရပါသည့်အဖြစ် ..။

မွှေးထုံ သူ့ကို ကြည့်မိတော့ တကယ့်ကို မိန်မိန်ရှက်ရှက် စားနေတာကိုပဲ မြင်နေရသည်။

"ဟင်းတွေ နင်းကန်ထည့်နေတာပဲ .. ကျွန်မ အဲသလောက် ဟင်းအများကြီးနဲ့ မစားတတ်ဘူးရှင့် .. ကျွန်မက ဆင်းရဲသားလေ .. ရှင်တို့လို ဟင်းအမယ်များစွာကို ထမင်းပန်းကန် မမြင်ရလောက်အောင် ထည့်စားတတ်တဲ့ သူဌေးတွေ မဟုတ်ဘူးရှင့် .."

ဟု ချိုင့်လေးကို ဆောင့်အောင့်၍ မြက်ခင်းလေးထက်မှာ ချလိုက်ရင်း အငေါ်တူးစကားကို တိုဆတ်မာကျောစွာ ပြောလိုက်ချင်ပေမယ့် ..။ လက်တွေ့မှာ ထိုသို့ ပြောဆိုရက်လောက်သည့်အားတွေ ဘယ်လိုမှ ဖြစ်တည်မလာနိုင်ကြတော့တာကို ကိုယ့်ဘာသာလည်း မွှေးထုံ အံ့သြချင်လာသည်။ သူကလည်း ချက်ပြုတ်ကျွေးရသေးသည်။ သူ ချက်တာကိုလည်း မွှေးထုံက စားနေရသေးသည်။ သူ မိန်မိန်ရှက်ရှက် စားသောက်နေချိန်ကြီးမှာ သူ အစားအသောက်ပျက်အောင် သူ့ကို စိတ်ဆင်းရဲစေမည့် စကားတွေ ပြောဆိုလိုက်ရမှာ မွှေးထုံ ဝန်လေးလာသည်။ သူ့ကို အားနာလာသည်။ မလုပ်ရက် ..။

ဖျတ်ခနဲ သတိရလိုက်သည်က ဘဘကြီး၏ စာထဲမှ စာသားများပါ ..။ လူ့စိတ် ..။ လူ့စိတ်ဆိုသည့် စာသား ..။



မွှေးထုံ သူ့ကို မပြောရက်အောင် ဖြစ်လာရခြင်းများသည် လူ့စိတ်ကြောင့် ဖြစ်ချေမည်ထင့် ..။

မွှေးထုံ မစားသေးဘဲ သူ့ကို ငေးကြည့်နေတာကို သူ ထမင်းစားနေရင်း သတိထားမိဟန်ဖြင့် မွှေးထုံကို ကြည့်လာသည်။ စားလုလု ထမင်းလုတ်ကို မစားဖြစ်သေးဘဲ တန့်နေရင်းမှ ..

"စားမကောင်းလို့လား မွှေးထုံ .. ဟင် .."

ဟု မေးလာရင်း မျက်နှာမကောင်းဘဲ ဖြစ်သွားရှာသည်ပါပဲ ..။ ဘေးမှာ သူ ရှိနေခြင်းသည် မွှေးထုံအတွက် အနှောင့်အယှက်ကြီးတစ်ခုများ ဖြစ်နေချေမည်လားဟု စိုးရိမ်သလို ကြီး ကြည့်လာရင်းမှ ..

"မွှေးထုံကို တစ်ယောက်တည်း မထားနိုင်လွန်းလို့ ဘေးမှာ ကိုကြီး ရှိနေရတာပါ မွှေးထုံရယ် .."

ဟု ပြောလာတော့ မွှေးထုံ ခေါင်းလေးတစ်ချက် ငုံ့ကျသွားရပါပြီ ..။ ဪ .. မွှေးထုံ ထင်မှတ်ထားသည့်နှယ်ပင် မှန်နေပါလားလေ ..။ သူ .. သူ .. မွှေးထုံကို တစ်ယောက်တည်း မထားခဲ့ရက်နိုင်၍ .. ဆိတ်နို့လည်း အတင်းလိုက်ပို့သည်။ ထမင်းတွေ ဘာတွေ ချက်ပြုတ်ပြီး ဆိတ်ကျောင်းသည့်နေရာထိသို့တိုင်အောင်လည်း တကောက်ကောက် လိုက်လာသည်။ ဆိတ်နို့ပို့သည့် ကောင်မလေး .. ဆိတ်ကျောင်းသည့် ကောင်မလေးအဖြစ် .. သူ့ကို အစွဲတိုက်ပြနေပါသည့် မွှေးထုံကို .. သူက တကောက်ကောက်မျှ လိုက်၍ လိုက်၍ .. အဖော်လုပ်ပေးနေရှာသေးသည့်အဖြစ် ..။ ဘဘကြီးကို လွမ်းရင်း ငိုနေမည့် မွှေးထုံ

www.burmeseclassic.com

www.burmeseclassic.com



၏ မျက်ရည်စက်များကို ဥပေက္ခာမပြုရက်နိုင်စွာဖြင့် .. အဖော်လုပ်ပေးနေရှာချေသည်တကား ..။ ကြာတော့ .. မွှေးထုံ .. သူ့အပေါ် မတရားသလိုကြီး ဖြစ်နေပြီဆိုတာ ဤတိုတောင်းသောရက်လေးအတွင်းမှာပင် အသိတရားတွေ ရင်ထဲ ဘယ်လိုမှတားဆီးမရနိုင်စွာ တိုးဝင်လာနေကြချေသည်တည့် ..။ ဤသို့ဖြစ်နေရတာကို သူ သိနိုင်မည်မဟုတ်။ မျှော်လင့်ထားရဲချေမည်မဟုတ်။ သိများသိသွားချေလျှင် အရမ်းကို ကြည်နူးပျော်သွားမှာသေချာနေသည်။

ဒါပေမဲ့ .. ဘဘဦးထင်ခိုင်အပေါ်မှာ နာကြည်းနေသည့် အနာသည် ခုထိ မလျော့ပါးနိုင်သေးဘဲ ရင်ထဲမှာ ကျိတ်ခဲတင်းခံနေကြတာလည်း အမှန်ပါ ..။ မွှေးထုံဆိုသည့် မိန်းကလေးတစ်ယောက်သည် .. သူ့အပေါ် နားလည်စာနာနေပါသော မွှေးထုံ ဖြစ်လာနေရင်းမှ .. သူ့အဖေအပေါ် စိတ်နာလွန်းနေသည့် နာကြည်းခြင်းများစွာဖြင့် အုပ်မိုးလောင်မြိုက်နေသည့် မွှေးထုံလည်း ဖြစ်နေချေသည်တကား ..။ ဘဘကြီး ပြောခဲ့သည့် စကားကို ရင်မှာ အမှတ်ရနေမိရပြန်ပါသည့်အဖြစ်။ နာကြည်းခြင်း .. ခွင့်မလွှတ်နိုင်ခြင်းသည် ရင်ကို .. လောင်မြိုက်စေသည်တဲ့ ..။ ခု .. မွှေးထုံ၏ ရင်သည် လောင်မြိုက်နေသည်ပါပဲ ..။

သူ့ကို ကြည့်လိုက်တော့ မျက်နှာမကောင်းဘဲ ငေးကြည့်နေဆဲ မျက်ဝန်းများနှင့်ဆုံသည်။ ထမင်းကို သူမ ဆက်မစားဖြစ်သေး ..။ မွှေးထုံ ခေါင်းလေး ပြန်ငုံ့ချ ..။ ခေါက်ဆွဲကြော်တစ်ဇွန်းကို ဇွန်းဖြင့် ခပ်ယူ၍ စားနေမိရင်းမှ ..



"ကျွန်မ .. ခေါက်ဆွဲကြော် ပိုကြိုက်ပါတယ် .. ဒါကို ပိုစားပါ့မယ် .. ကျွန်တော့်ဟင်းတွေလဲ အရမ်းကောင်းပါတယ်၊ ကျွန်မက ချက်ပြုတ်ကျွေးရမှာပါ .. ခုလို ကိုကြီးက ချက်ပြုတ်ကျွေးတာကို စားရတော့ .. အားနာမိနေရတာပါ .. နောက်နေ့ကျရင် ကျွန်မ ချက်ပြုတ်ပါရစေ .."

ဟု ပြောတော့ သူ့ အတန်မျက်နှာလန်းလာသည်။ ခေါက်ဆွဲကြော်တွေ ထပ်၍ မွှေးထုံ၏ ချိုင့်လေးထဲ ခပ်ခပ်ထည့်ပေးနေကာ သူလည်း ထမင်းစားစောင့်နေသည်မို့ မွှေးထုံ ထမင်းစားတော့မှ သူလည်း တန့်ထားသော ထမင်းကို ဆက်စားသည်။

စားသောက်ပြီးကြတော့ သစ်ရိပ်အောက်မှာ ထိုင်ဖြစ်ကြရင်း သူ မွှေးထုံကို ပြုံး၍ ကြည့်လာပါ၏။ သူ့အပေါ် ခပ်စိမ်းစိမ်း နေနေပါသည့် မွှေး[illegible]အပေါ် ခုထိ အကြင်နာတွေ လျော့ပါးမသွားကြတာကို မွှေးထုံ အံ့[illegible]ချင်သည်။ ဒါပေမဲ့ .. သူ မွှေးထုံ စိတ်ထဲ အနှောင့်အယှက် ဖြစ်မ[illegible]သည်ထင့် ..။ မွှေးထုံ၏ လက်လေးကိုသော်မှ ထွေးမဆုပ်ရဲရှာ ..။ သူ့ကို လွှတ်ခနဲ လွှတ်ခနဲ ကိုကြီးဟု မွှေးထုံ ခေါ်ခေါ်နေမိတာကို မွှေးထုံ ကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကိုယ် မတားလိုက်နိုင်ခဲ့ ..။ ဒါကို .. သူ ရင်ထဲ ကြည်နူးပုံရ၏။ ဖွင့်တော့မပြောရဲရှာ ..။

"ကိုကြီးကလဲ .. မွှေးထုံ လက်ရာလေးတွေ စားချင်နေတာပါပဲ .. ချက်လေ .. မနက်ဖြန်ကျတော့ ချက်ပေါ့ .. ကိုကြီး သားက အဖော်လုပ်ပေးမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. စက်ရုံ မသွားတော့ဘူးလား .."

ဟု မွှေးထုံ မေးတော့ သူ မွှေးထုံကို ကြည့်လာပါ၏။ ငိုင်ခနဲ တစ်ချက်ဖြစ်သည်။

"ဒါဆိုလဲ .. သွားလိုက်ပါ့မယ် မွှေးထုံ .. နေ့လယ်စာ ထမင်းစားတော့ စောင့်မယ်ဟုတ်လား .. မနက်ဖြန်ကျ ရင်လေ .."

သူ့ကို ထမင်းစားစောင့်စေချင်တာလေးကိုလည်း ထည့်ပြောရာရင်းမှ စက်ရုံကို သွားပါ့မည်ဟု မွှေးထုံ စိတ်ထဲ မငြိုမငြင်အောင် ပြောတော့လည်း မွှေးထုံ လွတ်ခနဲ ပြုံးမိသွားရသည်က သူ့ကလေးဆန်မှုလေးကိုပါ ..။ သူ့ခမျာ မွှေးထုံနှင့် အကူတူ ထမင်းစားချင်တာပဲ သိနေလျက် .. ဖွင့်ပြောပြရှာသည် မဟုတ်ပါလား ..။

"ကျွန်မ စောင့်ပါမယ် .."

ဟု ဖြေလိုက်တော့ သူ ပျော်သွားတာ အရမ်းသိသာသည်ပါပဲ ..။ လောလောဆယ်မှာ သူနှင့် မွှေးထုံ စကားအချေအတင် ကင်းနေကြလျက် အဆင်တပြေ ဖြစ်နေကြသည်ကတော့ အမှန်ပါ။ သူ .. ထရပ်လိုက်ကာ ဆိတ်လေးတွေရှိရာဘက်ဆီသို့ လျှောက်သွားသည်။ နောက်တော့ ခပ်ဝေးဝေးဆီသို့ တစ်ယောက်တည်း လျှောက်သွားပြန်ပါ၏။ သူ ပြန်လာတော့ လက်ထဲမှာ နွယ်ပန်းဖြူဖြူလေးတွေကို ခွေ၍ထားသော တောပန်းလေးတွေ ပါလာသည်။ မွှေးထုံအားမှာ သူ ရပ်လိုက်ကာ ငုံ့မိုး၍ ကြည့်နေရင်းမှ ဖြုန်းခနဲပင် မွှေးထုံ၏ ခေါင်းလေးပေါ်မှာ ထိုနွယ်ပန်းခွေလေးကို သူ တင်လိုက်ချေသည်တကား။ ထိုသို့ သူ လုပ်လိုက်မည်ဟု မွှေးထုံပင် မထင်ထားမိခဲ့ ..။ သူ မွှေးထုံ၏ မျက်နှာလေးကို တစ်ကြိမ်မှာတော့ အတန်ကြာမျှ ဆိမ့်စိမ့်ကြည့်လာပါ၏။ မွှေးထုံ ရှက်အမ်းအမ်းလေးဖြင့် ပန်းသရဖူလေးပမာ ခေါင်းပေါ်မှာ ရှိနေသည့် တောပန်းဖြူဖြူနွယ်ခွေလေးကို ဖယ်ဖို့ ကြိုးစားတော့ သူ့လက်တွေက မွှေးထုံ၏လက်လေးကို ခပ်ဖွဖွ ဖေးကိုင်လာသည်။



"မဖယ်လိုက်ပါနဲ့ မွှေးထုံ .. ကိုကြီး မင်းလေးကို အဲသလို ပန်းသရဖူလေး ပန်ပေးချင်နေတာ .. ခုမှ မဟုတ်ဘူး .. မင်းလေးရှိရာ .. ဒီစားကျက်ခင်းလေးထိ လိုက်လာရင်း မင်းလေးကို မွှေးနေ့ပွဲတက်ဖို့ လာဖိတ်ရတဲ့နေ့ကတည်းက ပါပဲကွယ် .. အဲဒီတုန်းက .. ဟိုးဘက်မှာ .. ဒီနွယ်ပန်းလေးတွေ နွယ်တက်ပြီး ပွင့်နေကြတာကို ကိုကြီး တွေ့ခဲ့ရတယ်လေ .. မေမေ ပြောပြဖူးတဲ့ ပုံပြင်ထဲက .. ပန်းနတ်သမီးလေးလိုပဲ .. မင်းရဲ့ ခေါင်းလေးမှာ ဒီတောနွယ်ပန်းဖြူဖြူလေးတွေကို ဆောင်းပေးချင်မိစိတ်တွေ ဖြစ်တည်ခဲ့ရတယ် မွှေးထုံ .. ကိုယ့်ရင်ထဲမှာ နှင်းဆီဖြူပန်း နတ်သမီးလေးဟာ .. အရမ်းကို ငယ်စဉ်ကတည်းက စိုးမိုးခဲ့တယ် မွှေးထုံ .. အရမ်းကို ချွဲလမ်းခဲ့ရဖူးတယ် .. မင်းလေးဟာ ကိုကြီးရဲ့ ပန်းဖြူနတ်သမီးလေးတစ်ပါးပါပဲ .. ရင်ထဲမှာ ရှိနေလေသမျှ .. ဖွင့်ပြောခွင့်မရှိသလို ဖြစ်နေရတဲ့ ကိုကြီးလေ .. ဒီတစ်ကြိမ်မှာတော့ ရင်ထဲက ခံစားမှုတွေကို လွှတ်ပေးလိုက်မိရပါပြီ .. ကိုကြီးကို ခွင့်လွှတ်ပါကွယ် ..

www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ ပတ်သက်လာရင် … ကိုကြီး … ရင်ထဲမှာ ရှိနေရတဲ့ ခံစားမှုတွေ ပြောပြခွင့်မရှိတော့တဲ့ ဘဝထဲမှာ ရောက်နေရတယ်ဆိုတာ ကိုကြီး သိပါတယ် … ဒါပေမဲ့ … နှလုံးသားက … မျိုသိပ်ခံစားခွင့်မပြုနိုင်တော့အခါမှာ ဖွင့်ဟမပြောဘဲကို မနေနိုင်တော့တာမျိုး ကြုံရတတ်တာ … အချစ်ကြောင့်ပါပဲ မွေးထုံ …"

ဟု ပြောလည်းပြော …။ မွေးထုံလေး တုံ့ပြန်အရွဲ့တိုက် အငေါ်တူးလာမှာမျိုးကို ရင်မဆိုင်နိုင်သည့်အလားကမန်းကတန်းကြီး ခြေလှမ်းကျဲကြီးဖြင့် ဆိတ်အုပ်လေးရှိရာဘက်ဆီသို့ လျှောက်သွားတော့ တစ်ယောက်တည်း မွေးထုံ ကျန်ခဲ့ရပါ၏။ မွေးထုံ၏ ရင်တွေ တသိမ့်သိမ့် နွေးနေလျက် အရမ်းကိုလှုပ်ရှားကျန်ခဲ့ရတာကိုကျတော့ သူ မသိနိုင်ခဲ့ချေသည်တကား။ ဘုရားရေ …။ ခုလို … သူ ပန်းသရဖူလေး ဆောင်းပေးတာကို မွေးထုံသည်လည်း ကြည်နူးစွာ ခံယူလိုက်ဖို့ ဆုံးဖြတ်လိုက်မိချေသည်ကော …။ ဟုတ်သည် …။ သူ ဆောင်းပေးလာပါသည့် ပန်းသရဖူဖြူဖြူလေးကို မဖယ်ရှားရက်စွာ ထိုနေ့က ညနေစောင်း၍ ဆိတ်လေးတွေ ပြန်သွင်းဖို့ အိမ်ပြန်သည့်အချိန်သို့တိုင်အောင် မွေးထုံ ဆောင်းထားလိုက်မိသည်လေ …။ သူသည်လည်း … နောက်ထပ် မွေးထုံကို … သူ၏ ချစ်မြတ်နိုးရမှုတွေ ဖွင့်ဟပြောမိမှာစိုး၍လားမသိ …။ ဝေးဝေးမှာပဲ နေရှာပါ၏။ မွေးထုံကို လှမ်းလင့်မြင်နိုင်လောက်သည့် နေရာလေးမှာ သူသည် ဆိတ်လေးတွေကို ကြည့်နေရင်းဖြင့် နေခဲ့ရှာသည်ပါပဲ …။



ဆိတ်လေးတွေ ခြံထဲ ပြန်သွင်းပြီးသည့်နောက်မှာ မွေးထုံကို သူ မြရိပ်သာသို့ ကားလေးဖြင့် ခေါ်ပြန်လာပါ၏။ ကားမောင်းနေရင်းဖြင့် မွေးထုံလေးကို သူ ငဲ့ငဲ့ကြည့်ရှာသည်။ ခုထိ ပန်းသဖူလေးကို ဆောင်းမြဲဆောင်းထားရသည်မို့ မွေးထုံ အနေရခက်နေသည်ပါပဲ …။ သူ့ကို ရှက်ချင်ချင်လည်း ဖြစ်ရသည်။ ဒါပေမဲ့ … ဤပန်းခွေလေးကို ဖယ်လိုက်တာနှင့် သူမ အရမ်းကို စိတ်ထိခိုက်သွားမှာကို သိနေသည့် စိတ်တစ်ခုတည်းဖြင့်ပင် … ဤနွယ်ပန်းသရဖူလေးသည် မွေးထုံ၏ ခေါင်းလေးထက်မှာ ခွေနွဲ့နွဲ့လေး တင်မြဲရှိခဲ့ရပါသည့်အဖြစ်။

မနက်ဖြန် … ဒေါ်ခင်ခင်တို့ပဲ ဆိတ်ကျောင်းဖို့ သူမှာနေတော့လည်း မွေးထုံ ထိုစဉ်တုန်းကဝင်မတားမိခဲ့တာ … မနက်ဖြန် သူ့ကို ထမင်းချက်ကျွေးဖို့ မြရိပ်သာမှာ ရှိနေရမည်မို့ပါ …။

မြရိပ်သာ၏ ပေါ်တီကိုကြီးရှေ့မှာ ကားရပ်ပြီးတော့ သူ မွေးထုံ ဆင်းဖို့ ကားတံခါးကို ဖွင့်ပေးသည်။ မွေးထုံနှင့်အတူ အပေါ်ထပ်သို့ တက်ခဲ့သည်။ မွေးထုံ အခန်းထဲရောက်တော့ သူ မွေးထုံ၏ လက်လေးကို ဤတစ်ကြိမ်မှာတော့ဖြင့် ထွေးဆုပ်၍ မှန်ရှေ့သို့ ခေါ်လာပါ၏။ သူ တစ်ခုခု ပြောတော့မည်ဆိုတာ မွေးထုံ သိနှင့်နေသည်။ ထိုစကားသည် သူ့ရင်တွင်းဆီမှ စိမ့်ကျလာသော စကားတွေ ဖြစ်ချေမည်ဆိုတာလည်း သိနှင့်နေသည်။ ဒါပေမဲ့ … ဤတစ်ကြိမ်မှာတော့ မွေးထုံ သူ့ကို မဟန့်တားချင်တော့ပါ …။ သူ ပြောချင်သည်များ ပြောကြပါစေတော့ …။ မတားရက်ချင်တော့သည့်အဖြစ် …။

www.burmeseclassic.com

www.burmeseclassic.com



မှန်ထက်မှာ နွယ်ပန်းဖြူဖြူလေးတွေ ခွေဝိုက်ထားရာ ပန်းသရဖူလေးကို ဆောင်းထားပါသည့် မွေးထုံ၏ မျက်နှာလေးသည် အေးချမ်းနေသော ပုံရိပ်နှင့်အတူ ပေါ်နေပါသည့်အဖြစ်။ မွေးထုံ၏ ရင်ထဲမှာ သိမ့်သိမ့်ခါမျှ နွေးထွေးရှိန်းမြသော ခံစားမှုတစ်ခုက တိုးဝင်၏။ ဤခံစားမှုမျိုးကို မွေးထုံ ဘယ်တုန်းကမျှ မခံစားစဖူး ..။ မွေးထုံ အဘယ်ယောကျ်ားသားနှင့်မျှ ယှဉ်တွဲ၍ ရပ်ဖူးတာမှ မရှိခဲ့ပဲလေ ..။ ခု .. ခု .. မွေးထုံသည် .. မွေးထုံကို လက်ထပ်ထားပါသော ခင်ပွန်းသည်နှင့်အတူ ရပ်လျက် မှန်ထက်မှာ ထင်နေသော ပုံရိပ်လေးကို ငေးကြည့်နေရပါသည့် မွေးထုံ ဖြစ်နေပါချေသည်တကား ..။ အရမ်းကို လိုက်ဖက်နေသည့် နုပျိုသန့်နေသော ပုံရိပ်တစ်စုံပါတည့် ..။ သူသည်လည်း မှန်ထက်မှာ ထင်နေသည့် ပုံရိပ်လေးတွေကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေသည်။ သူ့မျက်ဝန်းတွေမှာ .. သူ့မျက်နှာထက်မှာ အရမ်းကို နူးညံ့ သိမ်မွေ့ရိပ်တွေ ပြည့်သိပ်လာနေကြပါ၏။

"အဲဒီမှန်ထဲမှာ .. မင်းရဲ့ ပုံရိပ်လေးတွေ ထင်နေတယ် .. ကိုကြီးရဲ့ ပုံရိပ်လဲ ထင်နေတယ် .. အဲဒါ .. ကိုကြီးတို့ရဲ့ ဘဝပဲ မွေးထုံ .."

ဟု ပြောလာပါသည့် သူ့စကားသံတွေက အရမ်းကို တည်ငြိမ်သိမ်မွေ့နေကြပါ၏။ သူ .. ပန်းသရဖူလေးကို သေချာပြင်၍ ဆောင်းပေးသည်။ ကိုယ်ကို ဆုတ်လိုက်တော့ မှန်ထက်မှာ မွေးထုံ၏ တစ်ယောက်တည်းသော ပုံရိပ်လေးပဲ ထင်နေပါ၏။



"အဲဒီမှန်ကို ကြည့်ပါ မွေးထုံ .. အဲဒီမှန်ဟာ .. ကိုကြီးရဲ့ နှလုံးသားပါပဲ .. ကိုကြီးရဲ့ နှလုံးသားထဲမှာ ထင်နေတဲ့ ပုံရိပ်ဟာ .. မင်းဆိုမှ မင်းတစ်ယောက်တည်းပဲ ရှိပါတယ် မွေးထုံ .. နေ့တိုင်း .. နေ့တိုင်း မှန်ကို မင်းလေး ကြည့်တဲ့အခါ .. ဒီမှန်ဟာ .. ကိုကြီးရဲ့ နှလုံးသားပဲ ဆိုတာကို သိထားပါကွယ် .. ကိုကြီးရဲ့ တစ်ဦးတည်းသော ပန်းဖြူနတ်သမီးလေးတစ်ပါးပါကွယ် .. ကိုကြီး .. မင်းလေးနဲ့ ဝေးနေရချိန်မှာ .. ရန်ကုန်က မြရိပ်ငြိမ်မှာ လွမ်းစိတ်နဲ့ ရေးမိတာလေးရှိတယ် .. ဟိုစာရေးစားပွဲ အံဆွဲလေးမှာ အဖြူရောင်စာအိတ်လေးနဲ့ ထည့်ထားတဲ့ စာလေးကို ဖတ်ကြည့်ပါ မွေးထုံ .."

ဟု တိုးသက်စွာ ပြောလာပါ၏။ မွေးထုံ၏ မျက်နှာလေးကို ငေးခနဲ ကြည့်သည်က နှလုံးအိမ်ကိုရင်း၍ .. နက်ရှိုင်းစွာကြည့်ပါသည့် အကြည့်ဆန်သည်။ အရမ်းကို နူးညံ့နေသော မျက်ဝန်းအကြည့်များ ..။ သိမ်မွေ့စွာဖြင့် စိတ်ကို လှုပ်ရှားလာစေနိုင်လွန်းပါသည့်အကြည့်များ ..။ ထိုအကြည့်သည် .. မွေးထုံ၏ နှလုံးသားဆီသို့ နက်ရှိုင်းစွာ တိုးဝင်လာနေကြသည်ဟု မွေးထုံ ထင်သည်။

"သိပ်ချစ်မြတ်နိုးရတဲ့အခါ .. ရင်ထဲမှာ သိမ်းဆည်းဟန့်တားလို့မရအောင် ဖြစ်လာတာမို့ .. ကိုကြီး ဖွင့်ပြောခဲ့တာပါ မိန်းကလေးရယ် .. ကဲ .. ကဲ .. ခဏနားလိုက်နော်။ ကိုကြီး အောက်ထပ်မှာ ရှိနေမယ် .. ရေမိုးချိုးလိုက် .."

www.burmeseclassic.com



ဟု ပြောကာ ရုတ်ခြည်းပင် အခန်းတွင်းမှ ခြေလှမ်းကျဲကြီးဖြင့် သူ ထွက်သွားတော့ မွေးထုံ မှန်ရှေ့မှာ ရပ်နေရင်း ငြိမ်သက်ကျန်ခဲ့ရပါပြီ ..။

သူသည် .. သူ့ဘဝအတွက် .. မွေးထုံကို .. သူ့ဘဝ၏ ပန်းဖြူနုတ်သမီးလေးတစ်ပါးနှယ် တမြတ်တနိုး ထားရှိချေသည်ပဲလေ ..။ ဒါကို .. မွေးထုံ သိနေရရပါသည့်အဖြစ် ..။ ထိုသို့ သိနေရခြင်းဖြင့်ပင် .. သူ့အပေါ် .. မွေးထုံထံမှလည်း သိမ်မွေ့နက်ရှိုင်းသော နားလည်မှုတစ်ခုသည် .. နက်ရှိုင်းစွာဖြင့် ရင်မှာ ဖြစ်တည်လာနေရချေသည်ဆိုတာ မွေးထုံ မလိမ်မညာ ဝန်ခံချင်လာနေမိရပါပြီကောလေ ..။

မွေးထုံ .. စာကြည့်စားပွဲလေးရှိရာသို့ မလျှောက်ခင်မှာ မှန်ထက်မှာ ထင်နေသော ပုံရိပ်လေးကို တစ်ချက် ထပ်ငေးကြည့်မိရပါပြီ ..။ လှပဖွေးဆွတ်နေသော ပန်းလေးတွေ ဖေးတင်ထားရာ ပန်းခွေလေးဖြင့် လှပဖွေးစင်နေသော မျက်နှာနုနုလေးတစ်ခု ..။ ထိုမျက်နှာလေးသည် .. သူ၏ နှလုံးအိမ်မှာ ရှိနေချေသည်ဟု စောစောက သူ ပြောခဲ့သည်လေ။ ဒါဆို .. ဒါဆို .. မွေးထုံသည် .. သူ၏ နှလုံးသားမှာ ဘဝတစ်လျှောက်လုံး ရှိနေမည်ဖြစ်လျက် ..။ မွေးထုံဆိုသည့် မိန်းကလေးသည် .. သူ့နှလုံးသား၏ ပိုင်စိုးရာမိန်းကလေး ဖြစ်နေချေသည်တကား ..။

မွေးထုံ စာကြည့်စားပွဲ အံဆွဲလေးကို စိတ်ညို့ခံထားရသူနှယ်ပင် ဖွင့်လိုက်မိလျက် စာအိတ်လေးကို ယူလိုက်မိကာ စိတ်လှုပ်ရှားစွာ ဖတ်လိုက်မိရပါပြီ ..။ ကြီးမားသော ညို့ငင်ထား



မှုသည် ဤစာအိတ်လေးထဲမှာ ခေါက်လျက်ရှိနေသည့် စာရွက်ဖြူဖြူလေးထက်မှာ စာသားလေးများထံမှာ ရှိနေကြချေသည်ဆိုတာ မွေးထုံ ဝန်ခံနေမိရပါသည့်အဖြစ် ..။

လှပသောလက်ရေးသည် သေသေသပ်သပ်လေး ရှိနေကြပါ၏။

ချစ်ရသူကို မေ့မရနိုင်ခြင်းသည်
နှလုံးသား၏ ရိုးသားမှုတစ်ခုပင် ဖြစ်ပါလေသည် ..။

ချစ်ရသူကို တွေ့လိုပါလျက်
တွေ့ခွင့်မရသောဘဝတွင် ကြေကွဲနေရခြင်းသည်
နှလုံးသား၏ ငိုကြွေးမှုတစ်ခုပင် ဖြစ်ပါချေသည် ..။

ချစ်ရသူထံမှ နားလည်လက်ကမ်းလာမည့်ရက်လေးကို
အစဉ်စောင့်ဆိုင်းနေမိရခြင်းသည်
နှလုံးသား၏ မျှော်လင့်ချက်တစ်ခုပင် ဖြစ်လေသည် ..။
ထိုမျှော်လင့်ချက်ကို အချစ်ဆိုသော အရာကသာလျှင်
နှလုံးသားတွင် အမြဲရှင်သန်ခွင့် ပေးနိုင်စွမ်းပါချေသည်တည့် ...။

မွေးထုံ စာသားလေးတိုင်းကို အထပ်ထပ် ဖတ်နေမိရင်းမှ ..။ ထိုလက်ရေးတို့၏ အရှင်သခင်သည် .. ပန်းဖြူနုတ်သမီးလေးတစ်ပါးကို .. ပိုင်စိုးစွာ .. နှလုံးသားမှာ ထားခွင့်ရှိသွားပြီဖြစ်ပါချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



မွေးထုံ၏ နူးညံ့နွေးထွေးနေသော ..။ မျက်ရည်ဥများသည် စာရွက်လေးထက်ဆီသို့ ကြွေသက်ကျသွားရခြင်းမှာ .. မျှဝေနားလည်ပေးနေမိသော .. စိတ်ကြောင့်ပင် ဖြစ်ပါချေသည်ကော .. ပန်းဖြူနတ်သမီးလေး၏ အရှင်သခင် ကိုကြီးရယ် ..။

❦ ❃ ❦



## အခန်း(၂၃)

မွေးထုံ မှန်ထက်မှာ ထင်နေသော ပုံရိပ်လေးကို ငေးကြည့်နေမိရပါ၏။ ဆံကျစ်ရှည်ကြီးတစ်ချောင်းတည်း ကျစ်ချထားကာ သနပ်ခါးလေး ဝင်းအိနေအောင် လိမ်းထားပါသည့် ရေချိုးပြီးစ မျက်နှာလေးသည် နုနုဖန့်ဖန့် ဝင်းမွန်အိနေပါသည့် အဖြစ် ..။ ဒါပေမဲ့ .. မွေးထုံ ပန်းဖြူလေးတစ်ပွင့်လောက်ကို ပန်မထား ..။ အဖြူရောင် ဝတ်စုံလေးကို ဝတ်မထား ..။ မှန်သားပြင်ထက်တွင် ထင်နေသော ပုံရိပ်လေးသည် ပန်းလေးသာ ပန်ထားလိုက်ပါလျှင် ပို၍ ကြော့စင်နေပါချေလိမ့်မည် ..။ တကယ်က .. မွေးထုံ နှင်းဆီပန်းဖြူလေးတစ်ပွင့်ကို ပန်ထားချင်သည်။ အဖြူခံတွင် ပန်းနုရောင် အပွင့်လေးများပါသော ပိုးဝတ်စုံလေးကို ဝတ်ဆင်ထားချင်သည်။ ညှော့ခန်းထဲမှာ အဖြူရောင် နှင်းဆီဖြူတွေ ဆုပ်ခဲနေအောင် အလှထိုးထားသော ပန်းအိုးဖြူဖြူတစ်လုံးကို ဆက်တီစားပွဲထက်မှာ ရှိနေစေချင်သည်။ ဒါပေမဲ့ .. မွေးထုံ .. ပန်းဖြူလေးတစ်ပွင့်ကိုလည်း မပန်ဆင်ရဲ ..။ အဖြူရောင် ဝတ်စုံလေးကိုလည်း မဝတ်ဆင်ဝံ့ ..။ အို .. အဖြူရောင် နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



ပန်းလေးတွေ ထိုးထားသော ပန်းအိုးလေးတစ်လုံးကိုလည်း ညှော့ခန်းဆောင်မှာ မထားရဲ ..။ မွေးထုံ၏ ရင်ထဲမှာ ဖြစ်တည်ရှင်သန်နေပြီဖြစ်သည့် နူးညံ့သိမ်မွေ့သော ခံစားမှုများကို ထိုပန်းလေးတွေက သူ့ကို အသိပေးလိုက်ကြမှာကို မွေးထုံ ရှက်သည်လေ။ ထိုဝတ်စုံလေးက ပြောပြလိုက်မှာကို မွေးထုံ ရှက်သည်။ သူ နှစ်သက်မြတ်နိုးသော ပန်းဖြူ နတ်သမီးလေးအဖြစ် မွေးထုံ နေပြလိုက်ခြင်းသည် .. မွေးထုံ၏ ရင်ထဲမှာ .. အဘယ်မျှထိ နက်ရှိုင်းသော နူးညံ့သိမ်မွေ့ခြင်းများက .. အချစ်ဆိုသောအရာကို ဖြစ်တည်ဖန်ဆင်းပေးလိုက်ချေပြီဆိုတာ သူ သိသွားမှာ မွေးထုံ ရှက်သည်ပေါ့ ..။ သူ့ကို တင်းပြတ်စွာ ပြောခဲ့ဖူးသော မွေးထုံသည် နူးညံ့ခြင်းများစွာကို ရင်မှာနှစ်၍ .. သူ့ကို တုံ့ပြန်နားလည်လွန်းစွာ ချစ်မြတ်နိုးနေမိရပြီဆိုတာ .. လောလောဆယ်မှာ မွေးထုံ ဝန်ခံပေးလိုက်ရမှာကိုဖြင့် .. မိန်းမသားပေမို့ .. ရှက်သွေးဖျန်းချင် .. ရှက်သွေးလွှမ်းချင်နေရသည်လေ ..။

ဒါပေမဲ့ .. သူ့ကြိုက်သော ငါးပေါင်းလေးကို ချက်ပြုတ် ..။ သူကြိုက်သော ပဲပုပ်ချက်နှင့် မှိုဟင်းချိုရည်လေးကို ချက်ပြုတ် ..။ အားလူးကတ်တလိတ်လေး လုပ်ထားပါသည့်အဖြစ်တစ်ခုသည် သူ့အပေါ်မှာ မွေးထုံ ကျွေးချင် မွေးချင်စောဖြင့် ချက်ပြုတ်ထားခြင်းဆိုတာ သူ နားလည်ချေမည်သာ ..။

သူ့ရင်ထဲမှ ခံစားမှုများစွာကို စာသားများဖြင့် ရေးသားထားလေသမျှ မွေးထုံ ဖတ်ခဲ့ရစဉ်ခိုက် သူသည် .. မွေးထုံကို မေ့မရနိုင်ကြောင်းကိုလည်း ရိုးသားစွာ ဝန်ခံခဲ့သည်။ မွေးထုံကို တွေ့ခွင့်မရနိုင်ပါသည့် ဘဝမှာ ကြေကွဲနေရခြင်းကို



လည်း နှလုံးသား၏ ငိုကြွေးမှုအဖြစ် ရေးသားခဲ့သည်။ မွေးထုံထံမှ နားလည်လက်ခံလာမည့်ရက်ကို စောင့်ဆိုင်းနေမိရခြင်းကိုလည်း နှလုံးသား၏ မျှော်လင့်ချက်အဖြစ် ရေးသားခဲ့သည်။ ထိုမျှော်လင့်ချက်ကို သူ၏ အချစ်က ရှင်သန်ခွင့်ပေးထားပါသည်တဲ့။

သူသည် .. မွေးထုံနှင့် ပတ်သက်လာလျှင် .. အရမ်းကို ခံစားတတ်စွာ .. နူးညံ့သိမ်မွေ့လွန်းစွာ .. ရေးသားတတ်ချေသည်တကား ..။

မွေးထုံ .. သူ၏ စိတ်ရှည်အလိုလိုက်မှုများကို ရင်ထဲမှာ တန်ဖိုးထားနေမိရသည်ပါပဲ ..။ သူ၏ ဟန်ဆောင်မှုကင်းစင်စွာ .. ဟန်ပန်မကြီးတတ်စွာဖြင့် .. ရိုးသားရိုးစင်းလွန်းစွာ နေထိုင်ပြောဆိုတတ်ပါသည့် အမူအကျင့်များကိုလည်း ရင်ထဲမှာ နှစ်နှစ်လိုလို ဖြစ်နေမိရပါ၏။ ဒါတွေကို .. မွေးထုံ .. ယခုမှမဟုတ် ..။ အို .. သူနှင့် စတင်ဆုံစည်းရပါသည့် ပထမဆုံးသော နေ့လေးတစ်နေ့ကတည်းကဆိုတာ .. ခုမှ ပို၍ ပို၍ မွေးထုံ မိမိဘာသာ ဝန်ခံလာနေမိရပါပြီ ..။

တကယ်က .. မွေးထုံသည် .. ဘဘဦးထင်နိုင်အပေါ်မှာ နာကြည်းလွန်းနေသည့်စိတ်ဖြင့် .. သူ့ကိုပါ .. ရော၍ နာကြည်းမာနဖြင့် စိတ်ဆင်းရဲနေအောင်ပြုရင်း ကလဲ့စားချေနေသည့်နယ်ပင် ဖြစ်နေချေသည်တကား ..။

မွေးထုံ .. ဘဘကြီး၏ စာအိတ်လေးကို နောက်ထပ်ယူ၍ ဖတ်မိရပြန်ပါပြီ ..။ ဤစာကို မွေးထုံ အကြိမ်ကြိမ်ဖတ်နေမိရခြင်းမှာ ဤမနက် ချက်ပြုတ်ပြီးကတည်းကပါ ..။ ဘဘကြီး၏ စာကို ဖတ်လိုက် ..။ ဘဘဦးထင်နိုင်မှ ဘဘကြီးထံ ရေးသား

www.burmeseclassic.com

www.burmeseclassic.com



ထားပါသည့်စာကို ဖတ်လိုက်နှင့် အထပ်ထပ်ကျော့ကျော့ဖတ်နေမိရခြင်းပါတည့် ..။

သူ ထမင်းစားပြန်ချိန်ကို စောင့်နေရုံပဲရှိတော့တာမို့ စာလေးကို ထပ်မံ၍ ဖတ်နေမိရခြင်းပါ ..။

သေရတော့မှာကိုသိနေတဲ့ သူတစ်ယောက်ဟာ .. ရိုးသားခြင်းဆိုတဲ့ အရာကိုပဲ ရင်မှာ ထည့်သွင်းထားစရာရှိတော့သည် .. ဟု ရေးသားထားပါသည့် ဘဘဦးထင်ခိုင်၏စာသား နေရာလေးမှာ တစ်ချက်တန့်၍ ခပ်ငေးငေးကြည့်ဖြစ်၏။ ဟုတ်သည် ..။ သေရတော့မှာကို သိနေသည့် ဘဘဦးထင်ခိုင်သည် .. ဘာကို မက်မောစရာရှိပါတော့မည်တဲ့လဲလေ ..။ ရိုးသားခြင်းများကိုသာ ရင်မှာ ထားရှိချေတော့မည်သာ ..။ တဖြည်းဖြည်း .. မွှေးထုံ ရင်ထဲမှာ တင်းခံခဲ့သော နာကြည်းမှုတွေ ပို၍ ပို၍ ပြေလာနေပါချေတော့သည်တည့် ..။ ဒါကြောင့်လည်း ဘဘကြီးက စာထဲမှာ ထည့်ရေးထားသည်ပေါ့ ..။ ဘဘဦးထင်ခိုင်၏ စာကို အခါများစွာဖတ်ပါတဲ့ ..။ ထိုသို့ ကြိမ်ဖန်များစွာ ဖတ်လာသည့်အခါမှာ ကွယ်လွန်သူတစ်ယောက်၏ ကြေကွဲနောင်တနှင့် တောင်းပန်မှုတစ်ခုအပေါ်မှာ ဘယ်လို ကိုယ့်ရင်ထဲမှာ ခံစားနားလည်လာရသည်ဆိုတာ မွှေးထုံ အလိုလို သိလာလိမ့်မည်တဲ့။ ထိုအရာသည် လူ့စိတ်၏ အဆုံးအဖြတ်ဖြစ်သည်တဲ့ ..။ လူ့စိတ် ..။ ဟုတ်သည်။ မွှေးထုံသည် လူ့စိတ်၏ အဆုံးအဖြတ်တစ်ခုကို .. ဤစာလေးကို အကြိမ်ကြိမ်ဖတ်နေရင်း ဖတ်နေရင်းဖြင့် နားလည်လာနေရသည်ဟု ခံစားဖြစ်လာရသည်လေ ..။ ဘဘဦးထင်ခိုင်၏ စာအဆုံးပိုင်းနေရာကို မွှေးထုံ ထပ်၍ ဖတ်ကြည့်မိပြန်သည်။



"အခုစာကို မင်းဖတ်နေတဲ့အချိန်မှာ .. မင်းရှေ့မှာ ဒူးတုပ်ထိုင်နေရင်း .. မင်း ဒူးပေါ်မှာ ခေါင်းကိုတင်လို့ .. နောင်တနဲ့ တောင်းပန်ငိုကြွေးနေတဲ့ သူငယ်ချင်း ထင်ခိုင်အဖြစ် မြင်ပေးပါလား ရွှေမြသိန်းရယ် ..။ ငါ .. တကယ်ပဲ .. ငါ့ဝိညာဉ်ကို .. မင်းရှေ့မှာရှိစေ .. မင်းကို တောင်းပန်နေစေပါ့မယ်ကွာ ..။ ငါလေ .. မင်းဆီက ခွင့်လွှတ်မှုကို မရမချင်း .. အသေလည်းမဖြောင့် .. ရှိနေရမှာပါ ..။ ငါ့သားကို .. သွန်းမွှေးထုံဆိုတဲ့ သမီးလေးက .. နားလည်လက်ခံပေးအောင် .. သူ့ရင်ထဲက .. ကြေကွဲမာနတွေ .. ခံပြင်းမာနတွေ .. ကင်းစင်လွင့်ပြယ်သွားအောင် .. မင်းကြိုးစားပေးပါ ဖိုးရွှေမြသိန်း ..။

ငွေစကားကို .. ငါ မပြောတော့ပါဘူး ..။

ငါ .. မင်းဆီက .. ခွင့်လွှတ်ခြင်းမေတ္တာကို .. တောင့်တောင့်တတရှိနေရင်း .. ကွယ်လွန်သွားခဲ့တယ်ဆိုတာ .. ယုံကြည်ပေးပါ ..။ ယုံကြည်ပေးပါ ရွှေမြသိန်းရာ ..။

မင်းရဲ့

ထင်ခိုင်

ဆိုသည့် စာသားများကြောင့် .. မွှေးထုံ၏ ရင်သို့ တိုးဝင်ပြန့်လာကြသည်က အသိတရား ..။ ဟုတ်သည် ..။ လူ့အသိတရားပါတကား ..။

မွှေးထုံသည် .. ဘဘဦးထင်ခိုင်၏ ငွေဂုဏ်မောဟ သာစကား .. ငွေအားကိုးဖြင့် အနိုင်အထက်ပြုခဲ့ပါသော အတ္တ

www.burmeseclassic.com

www.burmeseclassic.com



တရားများကို .. မွေးထုံ၏ နာကြည်းမှုများဖြင့် ခေါင်းထောင်၍ မွေးထုံ၏ မေတ္တာမာနတို့ဖြင့် တုံ့ပြန်ယှဉ်ပြိုင်ခဲ့မိချေသည်ကော လေ ..။

ဟုတ်သည် ..။ သေဆုံးကွယ်လွန်ခဲ့ပြီဖြစ်သော သူတစ်ယောက်၏ ပြုခဲ့ဖူးသော အတ္တကြီးမှုတစ်ခုကို .. မွေးထုံကလည်း မွေးထုံ၏ အတ္တမာနတို့ဖြင့် ပြိုင်ဘက်တစ်ဦးအပေါ် ပြိုင်ဆိုင်နေသည့်နှယ် ခပ်ပြင်းပြင်း တုံ့ပြန်နေမိခဲ့ပါသည့်အဖြစ် ..။ ဒါပေမဲ့ .. ထိုပြိုင်ဘက်သည် လောကကြီးမှာ ရှိမနေတော့တာကို သိနေပါလျက် အသိကင်းမဲ့နေမိခဲ့သည်ပဲ ..။ ထိုသူ၏ တောင်းပန်မှုကိုလည်း အသိအမှတ်မပြုနိုင်ဘဲ ရင်ထဲမှာ နာကြည်းမာနက အတ္တအစိုင်အခဲအဖြစ် တင်းခံနေကြပါသည့်အဖြစ် ..။ တကယ်တော့ .. မွေးထုံသည် .. အတ္တကြီးလွန်းနေသည့် မွေးထုံ ဖြစ်နေချေသည်ဆိုတာ .. ဘဘဦးထင်ခိုင်၏ တောင်းပန်စာကို အခါခါဖတ်ရလေ .. နားလည်လာရလေ ..။ ရှက်လာမိနေရလေပါ ..။ ပြီးတော့ .. ဘဘဦးထင်ခိုင်သည် .. မွေးထုံ၏ ယောက္ခမ ဖြစ်နေသေးသည့်အဖြစ်။ ဘဘဦးထင်ခိုင်အပေါ် နာကြည်းနေသည့် နာကြည်းမှုအတ္တသည် ကိုကြီးအပေါ်သို့ပင် အခဲမကျေနိုင် မပြေနိုင်လွန်းစွာ ရှိနေခဲ့သေးသည်။ မွေးထုံ .. မွေးထုံ .. အဘယ်မျှထိ .. ရက်စက်လွန်းနေခဲ့ပါသလဲ ..။ အို .. မွေးထုံသည် .. သေဆုံးကွယ်လွန်သူတစ်ယောက်အပေါ် အဘယ်မျှ သဲကြီးမဲကြီး နိုင်လွန်းစွာ မကျေနိုင် မချမ်းနိုင် ဖြစ်နေခဲ့ရပါသလဲ ..။ ခုကျတော့ .. မွေးထုံ .. ရင်ထဲမှာ အရှက်ကြီး ရှက်လာသည်။ ဘဘကြီးရှေ့မှာ ဒူးလေးတုပ်၍ထိုင်ကာ ဘဘကြီး၏ ပေါင်ပေါ်



ခေါင်းတင်ငိုကြွေးနေရာမည့် ဝိညာဉ်တစ်ခု၏ ရှိုက်သံကို မွေးထုံ မကြားတတ်လောက်အောင် အတ္တကြီးခဲ့ချေသည်ပဲ ..။ မွေးထုံ .. လက်အုပ်လေးချီလိုက်ကာ ...

"မွေးထုံ မိုက်ခဲ့တာကို ခွင့်လွှတ်ပါ ဘဘရယ် .. တကယ်တော့ .. မွေးထုံဟာ .. ဘဘရဲ့ သားနဲ့ လက်ထပ်ခဲ့ပြီးနေပြီဖြစ်တဲ့ .. ဘဘရဲ့ ချွေးမပါ .. ချွေးမဆိုတာ သမီးပါပဲ ဘဘရယ် .. သမီးတစ်ယောက်ဟာ ဘဘအပေါ်မှာ ဒီလောက်ကြီးထိ .. အတေးအမှတ် မကြီးသင့်ဘူးဆိုတာ .. ဘဘရဲ့ ဆောက်တည်ရာမရအောင် ခံစားရှင်းရေးခဲ့တဲ့ စာက .. မွေးထုံကို နောင်တအဖြစ် ခံစားသိမြင်လာနေစေခဲ့ပါပြီ .."

မွေးထုံ စာလေးကို တငုံ့ငုံ့ကြည့်နေရင်းဖြင့် ဘဘဦးထင်ခိုင်ကို ရည်ရွယ်၍ ပြောနေမိရခြင်းပါ ..။ ထိုစဉ်ခိုက် .. အာရုံတွင်းသို့ ထူးခြားသောအရာတစ်ခုက နှိုးဆွအသိပေးလာနေသည့်နှယ် ရှိသွားရလျက် ..။ ဘဘဦးထင်ခိုင်၏ စာကို ဤတစ်ကြိမ်မှာ မှင်တက်ငေးစိုက်ကြည့်နေမိရင်း စတင်၍ လက်ချောင်းလေးတွေ တုန်ယင်စပြုလာလောက်အောင်ကိုပဲ အံ့သြမယုံကြည်ချင်လောက်အောင် ဖြစ်နေရပါပြီ ..။ ဘုရားရေ ..။ ဤလက်ရေးကို စောစောတုန်းက ဘာကြောင့် သတိမထားမိဘဲ ရှိနေမိခဲ့ရပါလိမ့်။ ဤလက်ရေးသည် သူရေးထားသော စာသားလေးများနှင့် ထပ်တူထပ်မျှ တူလွန်းနေချေသည်တကား။ ဟုတ်သည် ..။ မွေးထုံကို သူရိုးစင်းစွာ မေ့မရနိုင်ခြင်းများကို ဝန်ခံထားပါလေသောတာ ..။ မွေးထုံထံမှ နားလည် လက်ကမ်းလာမည့် ရက်လေးကို မစဉ်အောင့်

www.burmeseclassic.com



ဆိုင်းနေရပါသည့် နှလုံးသား၏ မျှော်လင့်ချက်တစ်ခုအဖြစ် ဝန်ခံထားပါလေသောစာ။ ဪ .. မွေးထုံ၏ နူးညံ့နက်ရှိုင်းပါလေသော ချစ်ခြင်းများကို ညှို့ငင်သွားနိုင်စွမ်းလောက်အောင် အရှိန်အဟုန်ကြီးစွာနှလုံးအိမ်လေးကို အမိန့်ပေးနိုင်လောက်အောင် ဩဇာကြီးလွှမ်းခဲ့ပါသော စာသားလေးများသည် .. ခု .. ဘဘဦးထင်ခိုင်၏ တောင်းပန်စာမှာ ရေးသားထားပါလေသော လက်ရေးနှင့် တစ်ထပ်တည်း ဖြစ်နေချေသည်တည့် ..။

မွေးထုံ၏ ကိုယ်လေး တောင့်ခနဲ ဖြစ်သွားသည်။ လှုပ်ရက်လေးခြင်း .. လှုပ်ရဲလေခြင်းဟု ခံပြင်းစိတ်တွေက ဆူဝေစွာ တစ်ကိုယ်လုံး ပြန့်ချေသည့်အဖြစ်။ ခံပြင်းမှုအရှိန်သည် မွေးထုံ၏ မျက်နှာလေးထက်မှ ချွေးများကို ပြိုကျလာစေသည်အထိ ဖြစ်လာနေကြလျက် .. တုန်ခါနေသော လက်လေးတွေဖြင့် စာနစ်စောင်ကို ရှေ့တွင်ဖြန့်ချ၍ နှုတ်ခမ်းလေးတွေကို ကယောင်ကတမ်းဆန်စွာ ဖေးကိုက်ထားရင်း ယှဉ်၍ ယှဉ်၍ ကြည့်နေမိရပါပြီ ..။

"ကြည့်စမ်း .. သူ့လက်ရေးပါလား .. သူ့လက်ရေးပါလား .. သူဟာ ဘဘကြီး[illegible]ကိုလဲ ညာတယ် .. ငါ့ကိုလဲ ညာတယ် .. ပိပိရိရိကြီး ညာခဲ့တာ၊ သူ့အဖေရဲ့ တောင်းပန်စာဆိုပြီး ရေးထားလိုက်တာများ ဖတ်ရသူရဲ့ရင်ထဲ နင့်နေအောင်ပါလား နော် .. ထိထိခိုက်ခိုက်ကြီး ခံစားရလောက်အောင် အရေးကောင်းကောင်းနဲ့ သူ ရေးထားတာပါလား၊ ဘဘကြီးခမျာ သူ့သူငယ်ချင်းက သူ့အပေါ် အရမ်းကို တောင်းပန်သွားတယ်လို့ ယုံကြည်ရှာခဲ့တယ် .. ခခယယ တောင်းပန်သွားတယ်လို့ သံသယမရှိ မှတ်ယူထားရှာတယ်၊ ဘဘဦးထင်ခိုင်ဟာ အလွန်နောင်တရသွားခဲ့တယ်လို့ စာနာနားလည်စိတ်နဲ့ ယုံကြည်ရင်း .. ခွင့်လွှတ်ခဲ့ရှာတယ် .. တကယ်တမ်းကျတော့ အဲဒါဟာ .. လုပ်ကြံဖန်တီးပြီး ခွင့်လွှတ်မှု တစ်ခုကို မရိုးမသား ရယူသွားမှုတစ်ခုပဲ .. သူ .. သူ .. သူ့အဖေကိုလဲ ခွင့်လွှတ်အောင် ကြိုးစားခဲ့သလို ဘဘကြီးဆီက ယုံကြည်မှု .. ငါ့ဆီက .. ချစ်ခြင်းများကို ရယူနိုင်အောင်လဲ .. ပိပိရိရိကြီး လုပ်ပြသွားနိုင်ခဲ့တာပဲ .. ငါ .. ငါ .. အညာခံလိုက်ရပါလား .. ငါက ငါ့အတ္တကို ရင်ထဲက လွှတ်ချလိုက်ချိန်မှာ .. သူက .. သူက .. ဘဘကြီးကိုရော ငါ့ကိုရော .. လိမ်ညာ လှည့်စားမှုတွေနဲ့ ရင်းပြီး .. ဘဘကြီးနဲ့ ငါ့ဆီက ယုံကြည်မှုကို ရယူသွားခဲ့သူတစ်ယောက်အဖြစ် နေခဲ့ပါလား .."

အတွေးများဖြင့် ရင်သည် မွန်းကျပ်လာကာ ထိန်းသိမ်းရန်ခက်ခဲလာနေသည့် ဒေါသက တစ်ကိုယ်လုံးကို အုပ်မိုးစီးနင်းထားသည့်နှယ်ရှိ၏။ နီးနီးနားနားမှာ သူသာရှိနေလျှင် လောလောဆယ်မှာ သူ့မျက်နှာကို ဆွဲကုတ်မိလိုက်ချေမည်လားမသိ ..။ ရှက်စိတ်က တစ်ကိုယ်လုံးကို ဆွဲယူနှစ်မြုပ်ထားလိုက်သည့်နှယ်ရှိ၏။ မွေးထုံက .. သူ့ကို ချစ်များပင် ချစ်လိုက်မိနေသေးသည့်အဖြစ်။ ဘယ်လောက်ထိ ညံ့ဖျင်းထုံထိုင်းနေသော မွေးထုံဖြစ်နေခဲ့ပါသလဲ ..။ သူ့စာကြည့်စားပွဲ အံဆွဲထဲမှ စာရွက်လေးကို ဖတ်ကြည့်ပါဟု သူ ပြောသည့်အတိုင်းနာခံစွာ မွေးထုံ သွားဖတ်လိုက်သေးသည်။ ဖတ်ပြီးတော့လည်း .. သူ့ကို မွေးထုံ ကြင်နာယုံကြည်စိတ်ဖြင့် .. ချစ်မိသွားမိလိုက်သေးသည်။ အဘယ်

www.burmeseclassic.com



မျှထိ .. အံ့ဩဖို့ကောင်းလောက်အောင် မိုက်မဲလွန်းသည့် မွေးထုံ ဖြစ်နေခဲ့ပါသတ်လဲ ..။ လောလောဆယ်မှာ မွေးထုံသည် သူ ကြိုက်တတ်သော ဟင်းလေးတွေကို ချက်ပြုတ်ပြီး သူ့ကို ထမင်းစား စောင့်နေသည့် မိန်းမတစ်ယောက်ပင် ဖြစ်နေလိုက်သေးသည်။

သူ့အပေါ် ယုံကြည်ထားမှုတိုင်းသည် .. အားလုံး အထင်သေးဖွယ်အကောင်းဆုံးသော သူတစ်ယောက်ကို စောင့်ဆိုင်း နေစေသည့် မွေးထုံအဖြစ်သို့ ပြောင်းလဲသွားစေခဲ့ပြီးပြီ။ အိပ်ရာ ထက်မှာ စာရွက်တွေကို သူ့စာနှင့်သူ .. ယှဉ်၍ ဖြန့်ချထားရင်း မွေးထုံ အံခဲလိုက်မိရင်း မျက်တောင်မခတ် စိုက်ကြည့်နေမိရဆဲ။

ထိုအခိုက် အခန်းတံခါးသည် ပွင့်လာ၏ ..။ မွေးထုံ မကြည့် ..။ သူပဲ ဖြစ်မည်ဆိုတာ အလိုလိုသိနေသည်။ သူ့မျက်နှာကို လောလောဆယ်မှာ ကြည့်ချင်စိတ်လည်းမရှိ။ ဝင်လာနေပြီဖြစ်သည့် သူ့ကို ဒေါသတကြီး အခန်းထဲမှ မောင်း နှင်ထုတ်ပစ်လိုက်ချင်စိတ်တွေပဲ ရင်ထဲမှာ အပြင်းအထန် တိုးဝှေ့ ရုန်းကြွနေကြပါသည့်အဖြစ် ..။

မွေးထုံ ရင်ထဲမှာ ဖြောင်းဆန်လောက်အောင် ဘာတွေ ဖြစ်နေသည်ဆိုတာ သူ သိပုံမရ။ အေးအေးချမ်းချမ်း လျှောက်လာ နေသည့်အဖြစ် ..။

"ဒေါ်ကြီးငွေ ပြောတယ် .. မွေးထုံ ထမင်းဟင်းအားလုံး တစ်ယောက်တည်းချက်တာတဲ့ .. ကိုကြီးကို ထမင်းစား စောင့်နေတာဆို .. ဆောရီးနော် .. စက်ရုံမှာ နည်းနည်း အလုပ်များနေတာနဲ့ .. ထမင်းစားပြန်ချိန် နောက်ကျသွား တယ် .. မွေးထုံ ဆာနေပြီလား .."



သူ့ကို မွေးထုံ မကြည့်ဖြစ်သေး ..။ ကြင်နာခြင်း များဖြင့် နွေးထွေးနေသော သူ့အသံတွေကို ကြားနေရခြင်းကိုက ရင်ကို ခါးသီးသည့်အမုန်းတွေကို တိုးဝင်နေစေသည့်နှယ်ရှိ၏။ ထိုအမုန်းတို့က .. အင်အားကြီးမားသော အရာတစ်ခုအဖြစ် အကြည့်ကို သူ့ထံသို့ ရတ်ခြည်း တွန်းပို့လိုက်ကြချေသည်။ ဘုရားရေ ...။ တည်ငြိမ်အေးချမ်းစွာ ကြည့်နေပါသည့်အကြည့်များ ကို မြင်နေရဆဲပါတကား ..။ ထိုအကြည့်များသည် ဟန်ဆောင် မှုများဟုပင် ထင်ရက်စရာမရှိ။ လူလိမ်လူညာတစ်ယောက်၏ ပိရိနိုင်နင်းစွာဖန်တီးထားသော အကြည့်များဟုပင် ထင်ရက်စရာမရှိ။ အရမ်းကို ရိုးစင်းဖြူစင်လွန်းဟန်ဖြင့် ပြည့်ဝနေသည့်အကြည့်များ ..။ ထိုအကြည့်များကို မွေးထုံ မုန်းသည်။ သူ့ကို .. ချစ်မိလိုက်ပါသည့် မွေးထုံ ကိုယ်ကိုပင် မွေးထုံ စိတ်နာသည်။ မွေးထုံ၏ နှလုံးအိမ် နုနုစင်စင်လေးကိုလည်း မွေးထုံ စိတ်နာသည်။ ဖြုန်းစားကြီး မွေးထုံ ရပ်လိုက်ချိန်မှာ သူက အဖြူရောင် သိုးမွေးခြုံပဝါလေးကို ကမ်းပေးနေတာ နှင့်ဆုံသည်။

"မွေးထုံအတွက် .. ကိုကြီး ဝယ်လာတာ .. ညပိုင်းချမ်းတဲ့ အခါ ခြုံရအောင်လေ .."

ဟု သူ ပြောကာ ကမ်းပေးနေရင်းမှ စတင်၍ သတိထားမိရသည်က အရမ်းကို စူးစိုက်ကြည့်နေသည့် မျက်ဝန်း မာမာလေးများကိုပါ ..။ သူ့မျက်နှာထက်တွင် အံ့ဩရိပ်ထင်လာ သည်။ မွေးထုံ သူ့လက်ထဲမှ သိုးမွေးခြုံပုဝါလေးကို မယူ ခပ်တည်တည်လေး သူ့မျက်နှာကို တည့်တည့်မတ်မတ် စိုက်ကြည့် ရင်းမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာရည်ရွယ်ချက်နဲ့ ဘဘကြီးကိုရော .. ကျွန်မကိုရော လိမ်ညာရတာလဲ ကိုခိုင်မြ .. ဘာလဲ .. ရှင့်အဖေနဲ့ ဘဘကြီးတို့ ပြောခဲ့ဆိုခဲ့ကြတဲ့ စကားအချေအတင်တစ်ခုရဲ့ နောက်ဆက်တွဲ ကလဲ့စားတစ်ခုအဖြစ် .. ခုလို .. လုပ်တာလား .. ရှင့်အဖေက ကျွန်မတို့ကို မတ္တမတန်လာပြောခဲ့တာပါ ကိုခိုင်မြ .. ဘဘကြီးက .. မတတ်သာတဲ့အဆုံးကျမှ .. ပြောခဲ့ဆိုခဲ့တာပဲ ရှိတာပါ .. အဲဒါကို .. ရှင် မှတ်ထားတာလား .. ရှင့်အဖေက .. အဲဒါတွေကို မှတ်ထားပြီး .. ကျွန်မကို ရအောင်ယူဖို့ မှာခဲ့လို့လား .. ကျွန်မကို ရအောင်ယူပြီး .. ကြင်နာဟန်ဆောင်ပြပြီးတော့မှ .. ကျွန်မကို .. ချန်ရစ်ခဲ့ဖို့ ရှင် ကြံစည်ထားတာလား .. ဟုတ်လား .. ဟင် .. ဟင် .."

နီရဲမို့အစ်အောင် မျက်နှာလေးထက်မှာ ဒေါသသွေးကြွနေသည့် မျက်နှာလေးကိုလည်း သူအံ့သြတကြီးကြည့် ..။ မွေးထုံ ဆက်ကိုက်ပြောနေလေသမျှကိုလည်း လက်ကာပြနေရင်းမှ ..

"ဘာတွေလဲ မွေးထုံ .. ဟင် .. ကိုကြီး ဘာကို လိမ်ညာနေလို့လဲ .."

ဟု နားမလည်နိုင်သလို မေးနေသည်။

"ရှင်ဟာ .. လိမ်ညာပြီး ဘဘကြီးဆီက ယုံကြည်မှုတစ်ခုကို အပိုင်ယူခဲ့တယ်၊ ကျွန်မကိုလဲ လက်ထပ်ယူခဲ့တယ်၊ ဘဘကြီးက ရှင့်လက်ထဲကို .. ကျွန်မကို အပ်ခဲ့တာဟာ .. ရှင့်သိက္ခာကို ယုံကြည်လို့ပဲ ကိုခိုင်မြ .. ရှင် .. ကျွန်မကို .. ဘာလို့ လက်ကာပ်ခဲ့ရတာလဲ .. ရှင် .. ဒီစာတစ်စောင်ကို



ဘာလို့ .. ရှင့်အဖေရေးတဲ့စာအဖြစ် ယုတ္တိရှိအောင် ရေးခဲ့ရတာလဲ .. ဘာလို့ ဘဘကြီးကို .. ပေးခဲ့ရတာလဲ .. ရှင်ဟာ အလွန်အရေးကောင်းတဲ့လူပဲ .. ရှင့်အဖေ သေအံ့မူးမူး အချိန်မှာ ရေးခဲ့တဲ့စာလို .. ရှင် .. ရေးခဲ့တယ် .. ဖတ်ရတဲ့သူ့ရဲ့ ရင်ထဲမှာ '.. ရှင့်အဖေ တကယ့်ကို ရေးခဲ့တဲ့စာဆိုပြီး .. ခံစားရအောင် .. ရေးခဲ့တာ .. ရေးခဲ့တာ .. ရှင် .. ဒီလောက်ထိ ဘာလို့ ပိပိရိရိကြီး လိမ်ညာခဲ့ရတာလဲ .. ဟင် .. ဒီမှာ ကိုခိုင်မြ .. ရှင် ဘာအကြံအစည်နဲ့ ကျွန်မကို ရအောင်လက်ထပ်ယူခဲ့ရတာလဲ .. ကျွန်မကို .. ကျွန်မကို .. ဘာနာကြည်းချက်တွေရှိခဲ့လို့လဲ .. ကျွန်မတို့ရဲ့ ဘဝလေးထဲကို ဘာလို့ဝင်လာပြီး .. စိတ်တွေ ကြေပြုန်းထိခိုက်စေရအောင် ရှင် .. ကြိုးစားနေရတာလဲ .. ဘဘကြီးနဲ့ ကျွန်မက .. ရှင့်ကို .. ဘယ်လောက်ထိ နာကျင်သွားလောက်အောင် လုပ်ခဲ့ကြလို့လဲ .. ရှင့်အဖေ ကျွန်မတို့ဆီလာပြီး ပြောခဲ့ဆိုခဲ့တာတွေကို .. ရှင် သိအောင် ဘဘကြီးက ပြန်ပြောပြတာမျိုးပဲ ရှိခဲ့တာပါ .. ရှင်မို့ .. ယောကျ်ားတန်မဲ့ .. ကျွန်မတို့ဘဝကို .. ကလဲ့စားချေသလို လာပြီး ဖျက်ပစ်ရက်တယ်ရှင် .."

ဟု ပြောလည်းပြော ..။ စိတ်လိုက်မာန်ပါပင် စားပွဲပေါ်မှာ စာအုပ်တွေဖြင့် သူ့ကို ပေါက်နေတော့ သူ စာအုပ်တွေ ထိမှန်နေတာကို ဂရုမစိုက် ..။ စိတ်ပူနေသည့် အကြည့်များဖြင့် ရှေ့သို့တိုးလာကာ မွေးထုံ၏ ရှေ့တည့်တည့်မှာရပ်၍ .. ပုခုံးလေးကို စိုးရိမ်တကြီး ဖေးအုပ်ဆုပ်ကိုင်ရင်း ..

www.burmeseclassic.com

www.burmeseclassic.com



"မွေးထုံလေးဘာတွေ ပြောနေတာလဲ .. ဘာလို့ .. ကိုကြီးက မွေးထုံလေးတို့ရဲ့ အေးချမ်းနေတဲ့ဘဝလေးကို ကလဲ့စားလာချေရမှာလဲ .. မွေးထုံကို ကိုကြီး မြတ်နိုးလွန်းလို့ လက်ထပ်တာပါ .. ကလဲ့စားချေဖို့ လက်ထပ်တာ မဟုတ်ဘူး .. ဘာလို့ .. မွေးထုံလေးကို .. ကိုကြီးက .. လိမ်ညာရမှာလဲ .. အဲဒါ .. ဖေဖေ မကွယ်လွန်ခင်က .. ရေးခဲ့တဲ့စာပဲ .. မွေးထုံလေး၊ ကိုကြီးကို အထင်လွဲနေပြီ၊ အထင်လွဲနေပြီကွာ .. ကြည့်စမ်း .. မျက်ရည်တွေလဲ ကျနေလိုက်တာ .. အရမ်းလဲ ပင်ပန်းနေပြီ .. မျက်နှာမှာ ချွေးတွေ နစ်နေတာပဲ .. ကိုကြီး မကြည့်ရက်လိုက်တာ ကလေးရယ် .."

သူ .. ထိထိခိုက်ခိုက် ပြောနေခြင်းဟုပင် ယုံကြည်ပစ်ချင်လောက်အောင် အမူအရာက အရမ်းကို ကောင်းနေသည်ပဲဟု မွေးထုံ တွေးမိရင်းမှ သူ့ကို အားနှင့် ဆောင့်တွန်းပစ်လိုက်တော့ မွေးထုံ၏ ပခုံးပေါ်မှ သူ့လက်တွေ ပြေသွားသည်။ နောက်ဘက်ကိုလည်း ခြေနှစ်လှမ်းလောက် ဆုတ်သွားစေသည်အထိ ကိုယ်ကြီး လန်ခနဲ ဖြစ်သွားသည်ပါပဲ ..။ သူ .. မွေးထုံကို နားမလည်နိုင်တော့သလို ကြည့်နေချိန်မှာ ဒေါသတကြီးဖြင့် မွေးထုံ စတင်၍ ကိုင်လိုက်သည်က သူ့စားပွဲအံဆွဲထဲမှ ထုတ်ယူလာခဲ့သောစာကိုပါ ..။ သူ့ထံသို့ စာရွက်ကို ကမ်းပေးတော့ သူ လှမ်းယူရင်း မွေးထုံကို ကြည့်သည်။

"ကိုကြီး မွေးထုံကို ချစ်လွန်းလို့ရေးခဲ့တဲ့ စာဟာ .. ရင်ထဲက ဖြစ်တည်လာတဲ့စာပါ မွေးထုံ .."



ဟု ကြေကြေကွဲကွဲကြီး ပြောလာသမျှ သူ့ကို မွေးထုံ ဘယ်လိုမှ ယုံကြည်မရစွာပဲ တုံ့ပြန်စိုက်ကြည့်သည်။

"ဟုတ်တာပေါ့ ကိုခိုင်မြရယ် .. အဲဒီစာထဲက လက်ရေးနဲ့ ဒီစာထဲက လက်ရေး တူနေတာကျတော့ ရှင် ဘယ်လိုရှင်းမလဲ .. ရှင့်အဖေ ရေးပါတယ်ဆိုပြီး ဘာဘကြီးကို ပေးခဲ့တဲ့စာလေ .. ရော့ .. ရှင့်အလိမ်ညာစာ .. ရှင့်အဖေရဲ့စာဆိုတဲ့ ရှင့်လက်ရေးနဲ့စာ .. လိမ်ညာမှုဆိုတာ .. ဘယ်လိုပဲ ထောင့်စေ့အကွက်စေ့အောင်လုပ်လုပ် .. တစ်နေ့ရာရာမှာ .. ပြန်ပေါ်တတ်တာပဲလေ .. ခုကြည့် .. ရှင့်လက်ရေးကို ကျွန်မက ဖတ်ရတယ် .. ဘာဘကြီးကလဲ .. ရှင့်အဖေရဲ့စာဆိုတာကို ကျွန်မကို ဖတ်ဖို့ပေးခဲ့တယ် .. ရှင့်အဖေကို ခွင့်လွှတ်အောင်တဲ့လေ .. လူ့စိတ်မွေးနိုင်အောင်တဲ့လေ၊ ကျွန်မ .. တကယ့်ကိုပဲ .. လူ့စိတ်မွေးမိခဲ့ပါတယ် .. ခု .. ခု .. ကျွန်မ ပိုခံစားရတယ်ရှင့် .. ရှင့်အဖေဟာ .. ကျွန်မတို့ကို .. လူဆင်းရဲ ငမွဲတွေဆိုပြီး ပြောခဲ့တယ် .. ရှင်ကျတော့ .. ရှင့်အဖေကို .. တုံ့ပြန်ပြောခဲ့တဲ့ ဘာဘကြီးကို ကလဲ့စားချေချင်ဇောနဲ့ .. ကျွန်မကို ရအောင်ယူပြခဲ့တယ်ဆိုပါတော့ .. ရှင် ကျွန်မကို .. အဲဒီအတွက် လက်ထပ်တာ၊ ရှင်ဟာ .. ချမ်းသာဂုဏ်မောက်တဲ့လူရဲ့သားပီပီ .. ချမ်းသာအားကိုးနဲ့ .. ကျွန်မတို့ကို အနိုင်လာယူတာ .. လာယူတာ .. ကဲ .. ကဲ .."

ပြောနေရင်း၊ ပြောနေရင်းဖြင့် မွေးထုံ အသံလေးတွေ အက်ခါလာသည်။ မွေးထုံကို သူတို့သားအဖသည် .. ဒုက္ခ-

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြိုးပေးဖို့အတွက် ရောက်လာကြသည့်နှယ် ခံစားရင်း ဒေါ်သမီး သည် ခံပြင်းမာနတို့ဖြင့် တစ်ကိုယ်လုံး လောင်မြိုက်ကြလျက် ..။ စာလေးကို အလည်က ဆွဲဆုတ်ပစ်ပေါက်လိုက်ချိန်မှာ ..။ သူ့ ထံမှ အလန့်တကြားဖြင့် ..

"ဟာ .. ဟာ .. မလုပ်ပါနဲ့ .. မလုပ်ပါနဲ့ .."

ဟု တားလိုက်သံကိုတော့ ကြားလိုက်ရသည်။ ဒါပေမဲ့ .. မွေးထုံ အရေးမစိုက်။ စာကို အလယ်မှဆွဲ၍ ချေကာ သူ့ခြေရင်းသို့ ပစ်ပေါက်ထည့်ပစ်လိုက်သည်ပါပဲ ..။

သူ .. ရှေ့သို့ အလောတကြီး တိုးလာသည်။ မွေးထုံ ရှေ့တည့်တည့်မှာရပ်သည်။ မွေးထုံ၏ ပခုံးလေးတွေကို တင်းခဲနေအောင် စိတ်လိုက်မာန်ပါကြီး ဆုပ်ကိုင်ပစ်ကာ စူးရဲနေသောအကြည့်များဖြင့် စိုက်ကြည့်လာပါ၏။ မွေးထုံ၏ ကိုယ်လေး ရှေ့နောက်ယမ်းခါနေအောင် ခပ်ကြမ်းကြမ်းကြီး လှုပ်ယမ်းပစ်ပြီးမှ တက်တစ်ချက်ခေါက်သံက ပြင်းပြင်းရှရှ ပေါ်လာပါ၏။ နောက်တော့ မွေးထုံကို ခုတင်ထက်ဆီ အရှိန်နှင့် ဆောင့်တွန်းပစ်လိုက်သည်က အတော်လေး အကြမ်းပတမ်းနိုင်နေသည်။ မွေးထုံပင် သူ့မျက်နှာ မာထန်ထန်ကြီးနှင့် ပူးရဲနေသော အကြည့်များကြောင့် လန့်လာရလျက် ..။ မွေးထုံကို တွန်းပစ်လိုက်တော့လည်း အပြုံပြုံ အလဲလဲဖြင့် အရုပ်လေးပစ်ထည့်လိုက်သလို လွင့်ခနဲ ခုတင်ထက်မှာ ကျသွားရသည်ပါပဲ ..။

သူ .. မွေးထုံကို မကြည့် ..။ ကြမ်းပေါ် ဒူးထောက်၍ထိုင်သည်။ မွေးထုံ လုံးချေထားသော စာရွက်ပိုင်းနှစ်ပိုင်းကို တုန်ယင်နေသည့် လက်ချောင်းတွေဖြင့်ယူသည်။ သူ့မျက်နှာထက်



မှာ ထိထိခိုက်ခိုက် ခံစားရိပ်တွေက စွန်းထင်းနေကြပါချေ၏။ ခုတင်ထက်မှ လူးလဲ၍ လက်တံတောင်လေးထောက်၍ ထထိုင်လိုက်ရရင်းမှ မြင်ကွင်းကို မွေးထုံ ငေးကြည့်နေမိရပါ၏။ ဤမျှအထိ သူ စိတ်ထိခိုက်နေတာမျိုးကို မွေးထုံ မမြင်ဖူး ..။ သူ ရေးထားသည့်စာကို မွေးထုံ နှစ်ပိုင်းဖွဲ့ဆုတ်ကာ လုံးချေပစ်လိုက်သည့်အတွက် .. သူက .. ဘာကြောင့် .. ဤမျှ စိတ်အထိခိုက်ကြီးထိခိုက်ကာ မျက်ရည်ကျရင်း စာကို ဖြန့်ယူနေရပါသတဲ့လဲ။ မွေးထုံ အံ့သြစိတ်ဖြင့် နားမလည်နိုင်လောက်အောင် သူ့ကို ငေးကြည့်ရင်း အဖြေရှာမရနိုင်ဘဲ ဖြစ်နေရပါသည့်အဖြစ် ..။

ထိုင်နေရာမှ သူ ထရပ်ကာ ဒယီးဒယိုင်ကြီး စားပွဲဆီသို့ လျှောက်လာပါ၏။ စားပွဲပေါ်မှာ စာရွက်ကို သေချာဖြန့်နေသည်။ စာရွက်နှစ်ပိုင်းကို ပြန်ဆက်ကြည့်သလို ဖြန့်ဆက်ကြည့်နေသည်။ နောက်တော့ စာရွက်နှစ်ပိုင်းကို လက်အုပ်ချီ ဖေးညှပ်၍ လက်ဖဝါးနှစ်ဖက်ကြားမှာ ဖေးညှပ်ထားရင်းမှ နဖူးပြင်ထက်မှာ ဦးခိုက်ကန်တော့သလိုကြီး ပြုရင်းမှ ..

"သားကို ခွင့်လွှတ်ပါ ဖေဖေရယ် .. ဖေဖေ လက်မှတ်ထိုးထားတဲ့စာ .. ဖေဖေ .. နောက်ဆုံးချန်ထားရစ်ခဲ့တဲ့စာ .. အဲဒီစာကို .. မပျက်မယွင်းအောင် မထိန်းသိမ်းနိုင်ခဲ့တဲ့ သားကို .. ဖေဖေ ခွင့်လွှတ်ပါ .."

ဟု ပြောလာတော့ မွေးထုံ လောလောဆယ်မှာ ဘာကို နားလည်ပေးရမှန်း မသိလောက်အောင်ဖြစ်လာနေရပါ၏။ သူ .. ဤမျှထိတော့ ဟန်ဆောင်ကောင်းသူတစ်ယောက် မဖြစ်နိုင် ..။ ဤမျှအထိ .. အရမ်းကို ရင်နှလုံးတွေ .. ထုပ်ညှစ်ချေ

www.burmeseclassic.com

www.burmeseclassic.com



ခံထားရသည့်နှယ် အလဲလဲ အပြိုပြို ဖြစ်လုနီးပါးမျှ ဖြစ်နေသည် အထိတော့ဖြင့် သူ သရုပ်ဆောင် မကောင်းနိုင် ..။ မွှေးထုံ သူ့ကို ငေးကြည့်နေမိရဆဲပါ ..။ သူသည် .. သူရေးခဲ့သော စာတစ်စောင် အတွက် .. ဤမျှအထိ .. ခံစားနေရချေသည်တဲ့လား ..။ ကြေကွဲ လောင်မြိုက်နေရချေသည်တဲ့လား။ စိတ်အထိခိုက်ကြီး ထိခိုက်နေ ရချေသည်တဲ့လား ..။

သူ .. မွှေးထုံကို ကြည့်လာသည်။ တဖြည်းဖြည်း သူ့အကြည့်တွေက အေးစက်ခြင်းဘက်ဆီသို့ ပြောင်းလာ၏။ သူ့မျက်နှာထက်မှာ စွန်းထင်းနေကြပါသည့် ကြေကွဲထိခိုက်ခြင်း၏ အရိပ်များကတော့ဖြင့် မပြောင်းလဲသေး ..။

သူ .. ခပ်လှမ်းလှမ်းမှာ သွားရပ်သည်။ မွှေးထုံကို တည့်မတ်စွာကြည့်သည်။

"ဟုတ်တယ် .. အဲဒီစာထဲမှာရေးထားတဲ့ လက်ရေးဟာ ငါ့လက်ရေးပဲ မွှေးထုံ .. ဘာလို့လဲသိလား .. ဖေဖေဟာ ဝေဒနာကြောင့် .. စာရေးနိုင်လောက်တဲ့ အခြေအနေ ပေးမလာတော့လို့ပဲ .. ဖေဖေဟာ သူ ရေးချင်တာတွေကို .. နှုတ်နဲ့ပြောရှာတယ် .. မောတဲ့အခါမှာ .. နားနားပြီးတော့ ပြောရှာတယ် .. အဲဒါတွေကို .. ငါ .. ငါ .. လိုက်ရေးပေးခဲ့ရတာကွ .. လိုက်ရေးပေးခဲ့ရတာ .. ဝေဒနာတွေကို .. ပြင်းပြင်းထန်ထန် ခံစားရင်း .. စိတ်ဆောင်နေရင်းနဲ့ .. ဒီစာတစ်စောင်ဖြစ်အောင် .. ဖေဖေဟာ .. အကြိမ်ကြိမ်နားပြီး ပြောခဲ့ရတယ် .. တစ်ရက်မဟုတ် .. နှစ်ရက်နဲ့မဟုတ် .. ရက်ပေါင်းများစွာ .. အနာလေးနည်းနည်း သက်သာလာချိန်



လေးမှာ ပြောတဲ့အခါပြော .. နာကျင်နေတဲ့ကြားက .. ပြောတဲ့အခါပြော .. အဲသလို ပြောသမျှ .. သူ .. ရေးချင် တောင်းပန်ချင် .. ဖြစ်စေချင်သမျှတွေကို .. ငါ .. ငါ .. မျက်ရည်ကျရင်း လိုက်ရေးခဲ့ရတာကွ .. ကွယ်လွန်ရတော့မဲ့ ဖခင်တစ်ယောက်ရဲ့စာဟာ .. သေတမ်းစာတစ်စောင်လို ဖြစ်နေတယ် .. ငါဟာ .. ဖေဖေ့သား .. သားတစ်ယောက် အနေနဲ့ .. ငါ .. ဘယ်လိုကြေကွဲနေရင်း ငိုကြွေးနေရင်း .. မနည်းအားစိုက်ယူရရင်း .. ဒီစာကို ရေးခဲ့ရတယ်ဆိုတာ မင်း ဘယ်တွေးပေးပါ့မလဲ .. မင်း .. မင်းမှာ .. နာကြည်းမှုတွေနဲ့ လုံးထွေးရစ်ပတ်နေရင်း .. မင်းရဲ့ နာကြည်းမှုတွေသာလျှင် အရေးအကြီးဆုံးဖြစ်နေတယ် .. နာကြည်းစရာကြုံခဲ့တာမို့ .. နာကြည်းတာကို .. ငါ နားလည်ပေးပါတယ် မွှေးထုံ .. မင်းကို .. အဲဒီနားလည်စိတ်နဲ့ .. ချစ်မြဲချစ်နေမိ .. ချစ်လွန်းလို့လဲ .. လက်ထပ်ခဲ့မိတာပါ .. ဖေဖေကလဲ .. အဲဒါကို .. မျှော်လင့်ခဲ့ရှာတာပါ .."

သူ ပြောနေရင်း ပြောနေရင်း အသံတွေ အက်ကျလာနေသည်။ မျက်ရည်တွေ ကျလာနေသည်။ ထိုမျှအင်အားကြီးမားလွန်းသော စိတ်ဖိဆီးထိခိုက်မှုကြီးတစ်ခုကို .. သူ အလူးအလဲ ခံစားနေရတာ .. ဆက်၍မှ .. ခံနိုင်ရည်ရှိနိုင်ပါတော့မည်လားဟု မွှေးထုံ ကြည့်နေရင်း ကြည့်နေရင်းဖြင့် စိုးရိမ်လာနေသည်။ စာလေးကို ဆွဲဆုတ်မိတာကိုလည်း နောင်တအရကြီး ရနေမိပါသည့်အဖြစ် ..။ ဘယ်လိုမှ တောင်းပန်၍မရနိုင်လောက်အောင် အရမ်းကို ဆိုးဝါးလွန်းသည့် ပြစ်မှုကြီးတစ်ခုကြောင့် မွှေးထုံ

www.burmeseclassic.com



မိုက်ကန်းလွန်းစွာ ကျူးလွန်မိရက်သား ဖြစ်သွားခဲ့ပြီဆိုတာကိုလည်း သိနေရသည်။

"ဖေဖေ ပြောခဲ့တဲ့အတိုင်း ငါ ရေးခဲ့တာပါ မွေးထုံ .. အပို အလိုမရှိ ငါ ရေးခဲ့တာပါ .. ဖေဖေဟာ ပြောနေရင်း မျက်ရည်ကျတယ် .. မျက်ရည်နဲ့ ငါက ရေးတယ် .. သားအဖ နှစ်ယောက်ရဲ့အဖြစ်ကို မင်း မြင်ကြည့်စမ်းပါ .. မင်း မြင်ကြည့်စမ်းပါ မွေးထုံ .. မင်းမို့ လုပ်ရက်တယ်ကွာ .. ငါ့အဖေ .. နောက်ဆုံးရေးခဲ့တဲ့စာ .. ဟုတ်တယ် မွေးထုံ .. ငါ ရေးပေးခဲ့ရပေမယ့် ဒီစာဟာ .. ငါ့အဖေရေးခဲ့တဲ့စာ .. ငါ့အဖေ နောက်ဆုံး လက်မှတ်ရေးထိုးခဲ့တဲ့စာ .. ငါ .. အလွန်တန်ဖိုးထားတဲ့စာကို .. မင်းမို့ မဆင်မခြင် ဆုတ်ပစ်ရက်တယ် .. လုံးချေပစ်ရက်တယ် .. ဒါ .. ငါ့အဖေကွ .. ငါ့အဖေ .. ငါက .. သူ့သား .. သူ့သားကွ .. ငါ့အဖေကို .. ဒီထိ .. စော်ကားတာ .. ငါ .. ဒီတိုင်းကြည့်နေရမှာလား .. ကြည့်နေရမှာလား .. မင်းကွာ .."

သူ ပြောနေရင်းမှ စိတ်လိုက်မာန်ပါ မွေးထုံကို ကြည့်သည်။

စိတ်ကို မနည်းချုပ်တည်းထိန်းသိမ်းယူနိုင်ဖို့ ကြိုးစားနေရသည့်နှယ် သူသည် ယိမ်းယိုင်စပြုနေသည့်ကိုယ်ကြီးကို ဆိုဖာထက်မှာ ပစ်မှီထိုင်ချလိုက်ပါ၏။

မွေးထုံကို သူ ထပ်ကြည့်လာသည်။ မျက်သားများ နီနေလျက် မျက်နှာတစ်ခုလုံး ရဲနေသည့် သူ့ကို မွေးထုံ ဘယ်ကစ၍ တောင်းပန်ရမှန်းပင် မသိ။ အသံတွေ လည်ချောင်း



မှာ ကပ်နေသည်။ မွေးထုံ ကိုယ်တိုင်လည်း မျက်နှာလေး ဖျော့ကျနေသည့်အဖြစ် ..။

"ဒီစာကို ဘဘကြီးဆီမှာ ငါ ပေးထားခဲ့ရတာက .. ဖေဖေဟာ ဘဘကြီးဆီကို ဒီစာရေးခဲ့တာမို့ပဲ .. တကယ်က ငါ .. ပြန်တောင်းယူခဲ့ချင်တာပါ .. ဘဘကြီးက .. မင်းကို ပေးခဲ့တယ်ဆိုတော့ .. ငါ .. ဖေဖေ့စာကို .. ပြန်ရပြီလို့ .. မှတ်ယူမိခဲ့ရတာ .. ခုတော့ .. မင်း .. ဖေဖေ့စာကို .. ဆွဲဆုတ်လုံးချေပြီး ငါ့ရှေ့ ကြမ်းပြင်ပေါ်ကို ရက်ရက်စက်စက်ကြီး ပစ်ချရက်တယ်ကွာ .. ငါ့အဖေ .. ငါ့အဖေ .. သူ .. သူဟာ .. နောက်ထပ် ဘယ်သူ့ကိုမှ .. ဘယ်တော့မှ .. စာမရေးနိုင်တော့ပါဘူး မွေးထုံ .. ငါ့ကိုလဲ မရေးခိုင်းနိုင်တော့ပါဘူး .. သူ .. ကွယ်လွန်ခဲ့ပြီလေ .. ငါ .. ဖေဖေ့စာကို .. နောက်ထပ်ဘယ်တော့မှ မရနိုင်တော့သလို .. ဖေဖေ့နှုတ်က နှုတ်တိုက်ပြောနေသမျှ မျက်ရည်ကျရင်း လိုက်ရေးရတဲ့စာမျိုးကိုလဲ .. ငါ မရနိုင်တော့ဘူး .. ငါ မရေးနိုင်တော့ဘူး .. ဒီစာဟာ .. မင်း အတွက် တန်ဖိုးမရှိပေမဲ့ .. ငါ့အတွက် .. ဘယ်လိုမှ အစားထိုးမရနိုင်တဲ့ .. မွန်မြတ်မြင့်မြတ်တဲ့စာတစ်စောင် ဖြစ်နေတယ် .."

သူ ပြောနေသမျှ အမှန်တွေချည်းဖြစ်နေသည်။ ထိုသို့ မွေးထုံ သိနေသည်။ သိနေတာကို သူ့ကို လောလောဆယ်မှာ ဖွင့်လည်းမပြောရဲ ..။ တောင်းပန်ရမည့် စကားကိုလည်း .. လောလောဆယ်မှာ မပြောရဲ ..။ တော်ရုံတောင်းပန်ခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မရနိုင်တော့သည့်အမှားမျိုးကို မွေးထုံ ကျူးလွန်ခဲ့သည်။ ကျူးလွန်ခဲ့မိပြီးပြီ ..။ လောလောဆယ်မှာ မွေးထုံသည် .. နောင်တများဖြင့် အနေခက်စွာ .. မျက်နှာငယ်လေးဖြင့် သူ့ကို ခခယယ တောင်းပန်ကြည့်ဖြင့် ကြည့်နေရပါပြီ ..။

"မင်းဟာ မင်းရဲ့ အမုန်းတွေ .. မာနတွေ .. နာကြည်းမှုတွေနဲ့ ရှင်သန်နေတဲ့ မွေးထုံ ဖြစ်နေတယ် .. ငါ မြတ်နိုးမိတဲ့ မွေးထုံဟာ .. ဆိတ်လေးတွေကျောင်းရင်း .. ပန်းဖြူလေးတစ်ပွင့်လို အရမ်းကို ရိုးသားဖြူစင်တဲ့ မွေးထုံပါ .. အရိုးခံမိန်းကလေးပေမို့ .. ဖေဖေ့အပေါ် လောလောဆယ်မှာ နာကြည်းနေရှာပေမပေါ့လို့ .. ငါ .. နားလည်ပေးရင်း ဖေဖေ့အပေါ် နားလည်လာမယ့်အချိန်ကို မျှော်လင့်နေမိခဲ့ဖူးတယ် .. အဲဒါ .. ငါ မှားတာပဲ .. ငါ စိတ်ကူးယဉ်လွန်းမိခဲ့တာပဲ .. သေဆုံးကွယ်လွန်သူတစ်ယောက်ရဲ့ တောင်းပန်မှုတစ်ခုကို .. မင်း .. ကြာရှည်တင်းခံထားနိုင်မှာ မဟုတ်ဘူးလို့ ယုံကြည်ထားမိခဲ့တာဟာလဲ .. ကြီးမားတဲ့ ငါ့အမှားပဲ .. မင်း .. ဒီစာနဲ့ပတ်သက်လို့ .. ငါ့ကို မေးနိုင်တာပဲ၊ မေးလို့ရနေတာပဲ .. ဒါပေမဲ့ .. မင်း မမေးခဲ့ဘူး၊ ငါ့ကို .. ဒေါသတကြီးမွှပ်စွဲတယ် .. အထင်သေးတယ် .. သံသယနဲ့ အခိုင်အမာ ပြောချင်တာကိုပြောတယ် .. ငါ့အဖေရဲ့စာကို ကြမ်းပေါ်မှာ .. ငါ့ခြေရင်းမှာမှ .. ဆွဲဆုတ်လုံးချေပစ်ချခဲ့တယ် .. မင်းဟာ .. သားတစ်ယောက်ရဲ့ ဖခင်အပေါ်မှာထားတဲ့ ရိုသေချစ်ကြင်နာမှုကို မေ့ထားတဲ့သူပဲ .. ငါ့ကြောင့် မင်း .. စိတ်ဆင်းရဲနေရတယ် မဟုတ်လား .. မင်းရဲ့



မာန .. မင်းရဲ့အတ္တ .. မင်းရဲ့ နာကြည်းမှုတွေကို .. ဖြေပြေပါလို့ ငါ မပြောတော့ဘူး .. အဲဒါတွေကို .. မင်း .. ရင်ထဲမှာ ကြီးထွားရှင်သန်နေအောင် ထားမြဲထားပါ .. စားနေပါ မွေးထုံ .."

ဟု ပြောနေရင်း ပြောနေရင်း သူ့မျက်နှာထက်မှာ စိတ်ဓာတ်ကျဆင်းကုန်ခန်းမှုတွေ ပြည့်သိပ်တက်လာနေကြတာကို တုန်လှုပ်ချောက်ချားစွာ မွေးထုံ စတင်၍ မြင်လာနေရပါ၏။ ဘုရားရေ ..။ သူသည် .. သူသည် .. မွေးထုံကို .. မချစ်တော့ပြီတဲ့လား ..။ သူ့အချစ်တွေသည် .. မွေးထုံအတွက် လုံးဝ သူ့နှလုံးသားမှာ မရှိတော့ပြီတဲ့လား ..။ မွေးထုံ ခုမှ ပို၍ ဆောက်တည်ရာမရ ဖြစ်လာသည်။ မှားမိသည့်အမှားအတွက် ယူကျုံးမရ ဖြစ်လာသည်။ ထိန်းချုပ်ထိန်းသိမ်းယူ၍မရလောက်အောင် ယောက်ယက်ခတ်မျှ တုန်လှုပ်ခြင်းကြီးစွာ ရင်မှာ ဖြစ်တည်လာနေရသည်။ မွေးထုံ သူ့ကို တစ်ခုခုပြောဖို့ ကြိုးစားနေချိန်မှာ သူ ထရပ်သည်။ လက်ကိုကာ၍ ..

"မင်း ဘာပြောမယ်ဆိုတာ .. ငါ သိတယ် .. မပြောသေးနဲ့ဦး .."

ဟု လှမ်းတားသည်။ စိတ်တွေ အရမ်းကို မတန်တဆ ကြီးပြင်းထန်လွန်းစွာ ဖိဆီးထိခိုက်ခံစားရ၍ သူ့ကိုယ်ကြီးက နည်းနည်းတော့ ခယိုခယိုင် ဖြစ်ချင်နေသည်။ ဆံစတို့က နဖူးပြင်တွင် ဝဲပြိုကျနေ၏။ မျက်ရည်တွေ ဝဲပြည့်သိပ်နေသည့် မျက်ဝန်းတွေကလည်း မျက်သားတွေ နီတက်နေသည်။ အချိန်တိုလေး အတွင်းမှာ ဆက်တိုက်ကြီး စိတ်တွေ ထိခိုက်ရ .. မခံချင်ဖော

www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်ရ .. ခံပြင်းစိတ်တွေ ဒေါသသင့်နေရင်းဖြစ်ရသဖြင့် .. ရင်နှင့်မဆန့်အောင် စုပြုံပြည့်သိပ်စွာ ပြင်းပြင်းထန်ထန် ခံစားရခြင်းသည် သူ့ကို .. ရုတ်ခြည်းပင် အားကုန်အားပြတ်ဖြစ်လုလု ရှိစေနေသည့်အဖြစ် ..။

"ငါ ထပ်ပြောမယ် မွေးထုံ .. အဲဒါ .. ငါ့အဖေ .. ငါ့ကို ချစ်တဲ့အဖေ .. ငါကလဲချစ်တဲ့အဖေ .. မင်း .. ဒီနေ့ လုပ်လိုက်တာဟာ .. သိပ်ရုပ်ဆိုးလွန်းတယ် .. ဒီနေ့ကို .. ငါ ဘယ်တော့မှ .. မမေ့ဘူး .. မေ့မှာ မဟုတ်ဘူး .. အဲဒါကို မင်း သိထား .. တစ်သက်လုံး သိထား .. နားလည်လား"

ရင်ဘတ်ကို ပုတ်၍ သူ့အသံကွဲကြီးနှင့် ပြောတော့ မွေးထုံ စတင်၍ ငိုရှိုက်လာပါ၏။ လက်အုပ်လေးချီ၍ တောင်းပန်နေတော့ သူ စိုက်ကြည့်နေသည်။ မှန်ရှေ့မှာ သွားရပ်ကာ မှန်ထက်မှာထင်နေသော ပုံရိပ်ကို သူ စိုက်ကြည့်နေသည်။ ပြီးတော့ မွေးထုံကို ဆွဲယူကာ မှန်ရှေ့မှာရပ်စေတော့ မွေးထုံ ငိုရှိုက်ရင်း ပါလာသည်ပါပဲ ..။ မှန်ထက်မှာထင်နေသည့် ပုံရိပ်လေးကို စူးစိုက်ကြည့်သည်။ နောက်တော့ စိတ်လိုက်မာန်ပါ ဗီရိုဆီသို့ သွားကာ ဗီရိုကို ဖွင့်သည်။ အံဆွဲတွင်းမှ ပလတ်စတစ်ကြည်ကြည်လေးဖြင့် ထည့်ထားသော နှင်းဆီပန်းပွင့်ခြောက်လေးကို ယူလာကာ မွေးထုံရှေ့ မှန်တင်ခုံထက်မှာ ပစ်ချသည်။ မွေးထုံ ငိုနေရင်းဖြင့် သူ့လှုပ်ရှားမှုမှန်သမျှကို တကောက်ကောက် လိုက်ကြည့်နေရာမှ နှင်းဆီပွင့်ခြောက်လေးကို ကလေးလို မျက်လုံးဝိုင်းလေးဖြင့် မျက်ရည်တကျကျဖြင့် ကြည့်နေမိရသည်ပါပဲ ..။



"အဲဒါ .. မင်း ပေးခဲ့ဖူးတဲ့ နှင်းဆီပန်းလေးပဲ .. ငါ့မွေးနေ့မှာ မင်းပေးခဲ့တဲ့ .. အို .. မဟုတ်သေးပါဘူး .. ငါ တောင်းလို့ .. ငါ မြတ်မြတ်နိုးနိုးတောင်းလို့ .. ပေးခဲ့တဲ့ ပန်းလေးပေါ့ .. ငါ .. သိမ်းထားတာ .. အဲဒီတုန်းက .. မင်းက .. အရမ်းကို ဖြူစင်တာကွ .. အဲဒီဖြူစင်မှုလေးတွေက ငါ့နှလုံးသားကို ညှို့ငင်ပိုင်စိုးသွားခဲ့တာ .."

ဟု ဆက်တိုက် ပြောနေသမျှ မွေးထုံ ခေါင်းငုံ့၍ နှင်းဆီပန်းခြောက်လေးကို ငေးကြည့်နားထောင်နေရင်း ..

"ခုလဲ မွေးထုံဟာ ဖြူစင်နေတာပဲ ကိုကြီးရယ် .."

ဟု မော့ကြည့်တောင်းပန်သလိုလေး ပြောချင်စိတ်ကရင်မှာ ပြည့်နေပေမယ့် .. မပြောရဲ ..။

"ဘာဖြူစင်တာလဲကွ .. ဒါ .. ဖြူစင်တဲ့သူရဲ့ လုပ်ရပ်လား .."

ဟု စာကို ထုတ်ပြ၍ အော်မေးလိုက်လျှင် မွေးထုံ လန့်၍ မေ့သွားမည်ထင့် ..။ အပြစ်ကြီးလုပ်မိခဲ့သူပေမို့ .. မွေးထုံ ဘာကိုမှ လောလောဆယ်မှာ သူ့ကို မပြောရဲ ..။ မွေးထုံ၏ ပန်းလေးကို ခုထိ သူ တမြတ်တနိုးသိမ်းထားတာ ခုမှ သိရတာမို့ .. သူ့အချစ်ကို ပိုသိရ ပို၍ ဖြေဆည်မရအောင် နောင်တဖြစ်နေရသည်က မွေးထုံပါ ..။ ဘာမျှ မကြာသေး ..။ စောစောလေးကပဲ .. မွေးထုံသည် .. သူ့အချစ်ကို အစော်ကားကြီး စော်ကားသော စွပ်စွဲမှုများ ခါးသီးစွာ ပါရှိနေသည့် စကားများကို သံသယများဖြင့် ဆက်တိုက်ကြီး အညှာအတာမဲ့စွာ သူ့ကို ပြောခဲ့သည်မဟုတ်ပါလား ..။ ထိုသူသည် .. မွေးနေ့လက်ဆောင်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မွေးထုံ ဆုံးခဲ့သော ပန်းလေးကို မြတ်နိုးစွာ ရတနာတစ်ပါးနှယ် သိမ်းဆည်းထားသူ ဖြစ်နေချေသည်တကား ..။ အဘယ်မျှထိ .. မွေးထုံသည် .. သူ့အချစ်ကို စော်ကားမော်ကား ပြုခဲ့သည့် မိုက်မဲလွန်းသူတစ်ယောက် ဖြစ်နေပါသလဲ ..။ မွေးထုံသည် .. မွေးထုံကိုပင် ခွင့်မလွှတ်နိုင်သည့် မွေးထုံ ပြန်ဖြစ်နေသည်။ မသနားချင်တော့သည့် မွေးထုံ ဖြစ်နေသည်။ ကိုယ့်အပြစ်ကို .. ရင်ဆိုးခံရုံပဲရှိတော့သည့် မွေးထုံဟု .. ကိုယ့်ကိုယ်ကိုယ် .. စိတ်ပျက်စွာ ပြောပစ်လိုက်ချင်သည်။ လောလောဆယ်မှာ မွေးထုံ စိတ်အပျက်ဆုံးနှင့် အမုန်းတီးဆုံးသောသူသည် မွေးထုံ ကိုယ်တိုင်ပင် ဖြစ်နေ၏။

ထိုစဉ်ခိုက်မှာ သူသည် မွေးထုံ မမျှော်လင့်သော အဖြစ်တစ်ခုကို ရုတ်ခြည်း ဖြစ်လာစေပါ၏ ..။ သူ့လက်တွေက စားပွဲပေါ်မှာ စာဖိတုံးကို ကောက်ကိုင်လိုက်ကာ ..။ မှန်ကြီးကို ပစ်ပေါက်ခွဲလိုက်ချေသည်တကား ..။ မှန်ကွဲသံ ..။ မှန်စတွေ မှန်တင်ခုံထက်မှာတချို့၊ ကြမ်းပြင်ထက်မှာတချို့နှင့် ရှိနေကြတာ။ အားလုံးကို မွေးထုံ ကလေးလို ငိုရှိုက်လိုက်ရင်း တစ်ကိုယ်လုံး တုန်ခါနေလျက် ကတုန်ကယင်လေး ကြည့်နေမိရပါပြီ ..။

"မင်းကို ငါ ပြောခဲ့တယ် .. မင်းဟာ .. ငါ့နှလုံးသားထဲမှာ နေနေတယ်လို့လေ .. ကြေးမုံပြင်ဟာ ငါ့နှလုံးသား .. မင်းဟာ ငါ့နှလုံးသားကြေးမုံပြင်က ပန်းဖြူနုတ်သမီးလေးလို့ .. ခု .. ငါ့နှလုံးသားတွေ ကွဲကြေသွားပြီ .. ကွဲကြေသွားရပြီ .. မင်းဟာ .. ငါ့အချစ်ကိုလဲ .. မယုံကြည်ခဲ့သလို.. ငါ့အချစ်ကိုလဲ .. စွပ်စွဲမှုတွေနဲ့ ကြမ်းရှနေတဲ့ စကားလုံးတွေနဲ့ တန်ဖိုးမဲ့အောင် လုပ်ခဲ့ပြီးပြီ .. ဒါကြောင့် .. မင်းရဲ့ ပုံရိပ်လေးကို ထင်နေစေတဲ့ .. ငါ့နှလုံးသား တစ်ခုလုံး ကြေကွဲ ကြေမွကုန်ရပြီ .."



သူ ပြောနေတော့ မွေးထုံ ပို၍ ချောက်ချားလာသည်။ ခုမှ .. ပို၍ ဆောက်တည်ရာမဲ့ ဖြစ်လာသည်။ သူ့ထံမှ အချစ်များကို မွေးထုံ လက်လွှတ်ဆုံးရှုံးလိုက်ရပြီဆိုတာကို သိနေရချိန်မှာ သူ့ထံမှ အချစ်များကို မွေးထုံ တန်ဖိုးထားစွာ အလွန်အမင်း ပြန်၍ ရယူချင်နေသည်၊ ပိုင်စိုးချင်နေသည်။ အဆုံးရှုံးမခံနိုင်။ အရှုံးတမျှပင် မွေးထုံသ[illegible] သူ့ထံမှ ချစ်မြတ်နိုးခြင်းများကို ရယူချင်နေတာပဲ သိနေတော့[illegible]ည်။

ခုမှ .. အားကိုးရာမဲ့ရှိတော့သည့်နှယ် အထီးကျန်ခြင်းမက အထီးကျန်သူတစ်ယောက်နှယ် မွေးထုံ ခံစားနေရသည်။ သူ့ကို မော့ခနဲကြည့်ကာ ..

"မွေးထုံကို .. မချစ်တော့ဘူးလား ကိုကြီးရယ် .."

ဟု ကလေးလို ငိုကြွေးနေရင်း .. သူ့ထံမှ အချစ်များကို ပြန်၍ ပြန်၍ ရယူလိုရင်းဖြင့် မေးလိုက်ချင်သည်။ သူက မွေးထုံ၏ ညှိုးဖျော့နေသော မျက်နှာလေးထက်မှာ တအိအိ ပြိုကျနေသည့် မျက်ရည်များကို အသံတိတ်ဖြင့် ငြိမ်သက်စိုက်ကြည့်နေရာမှ ..

"ငါ .. မင်းကို ပြောမယ် မွေးထုံ .. အဲဒီ ကွဲနေတဲ့မှန်နေရာတွေကို ကြည့်လိုက် .. အဲဒီမှန်ကွဲစတွေတိုင်းမှာ .. မင်းရဲ့ မျက်နှာလေးတွေကို မင်း မြင်နေရလိမ့်မယ် .. ငါ့နှလုံးသားက .. ကွဲကြေနေရပြီ .. ကွဲကြေနေပြီ .."

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံတွေက ညည်းတွားနေသူတစ်ယောက်နှယ် ညည်းညူနေသည့်နှယ် ပွင့်ကျလာကြပြီးနောက်မှာ .. ခြေလှမ်းကျဲကြီးဖြင့် .. သူသည် .. အခန်းတွင်းမှ ရုတ်ခြည်းပင် ထွက်သွားပါ၏။

အခန်းထဲမှာ မွေးထုံ တစ်ယောက်တည်း ကျန်နေသည်။

ကြမ်းပြင်ထက်မှာ အကွဲကွဲအစစဖြင့် ကျနေသည့် မှန်ကွဲစများကို မွေးထုံ အရူးမလေးနှယ် လိုက်လိုက်ကြည့်နေမိရဆဲ။ မှန်ကွဲစငယ်လေးများမှာ .. သူ ပြောခဲ့သည့်နှယ်ပင် မွေးထုံ၏ ပုံရိပ်လေးတွေ ထင်နေသည်။ အရမ်းကို ငိုကြွေးနေသည့် ပုံရိပ်လေးများ ..။ ကလေးတစ်ယောက်လို အသံလေးတွေ ပွင့်ကျနေသည့် ကောင်မလေးတစ်ယောက်၏ ပုံရိပ်လေးများ ..။

မွေးထုံ အရူးအမူးမျှပင် မှန်ကွဲစလေးတွေကို လိုက်ကောက်ဆက်ကြည့်နေပါ၏။ တစ်ခုပြီးတစ်ခု ..။ တစ်စပြီးတစ်စ။ လိုက်ကောက်လိုက် ..။ ဆက်ကြည့်လိုက် ..။

❦ ❉ ❦



## အခန်း(၂၄)

သူ ရင်တွေ ဆတ်ဆတ်ခါနေသည်။ ခံပြင်းမှုနှင့် ကြေကွဲမှုများဖြင့် ရောပြွန်းလျက်ရှိနေသော၊ ရင်နှင့်မဆန့်အောင် ခံစားနေရလေသမျှ မျက်ရည်တွေက ဝေ့သိပ်နေကြပါသည့်အဖြစ်။

"ဖေဖေ့စာကိုမှ လုပ်ရက်လိုက်တာကွာ .."

သူ ရင်ထဲမှာ ဖြေမရနိုင်အောင် ခံစားနေရသည့် လုပ်ရက်လေခြင်းဆိုသည့် ခံစားမှု ..။ ကားမောင်းနေရာမှ ထိုးရပ်ကာ ကားလက်ကိုင်ဘီးပေါ် မျက်နှာကို မှောက်၍ ငြိမ်သက်နေစဉ်ခိုက် ..

"မင်းကရော .. အဲဒီစာကို .. ဖေဖေ မရေးနိုင်တော့လို့ ဖေဖေ့နှုတ်က ပြောနေလေသမျှကို လိုက်ရေးပေးခဲ့ရတာပါလို့ သူတို့ကို ပြောပြမိခဲ့သေးရဲ့လား .. အထူးသဖြင့် .. မွေးထုံကိုဆိုပါတော့ .."

ဟူသော မေးသံတစ်ခုက သူ့နားစည်တွင်းဆီသို့ တိုးဝင်လာသည့်နှယ် ခံစားဖြစ်၏။ သူ့ကိုယ်ကြီး မတ်ခနဲ ဖြစ်သွားကာ ခုမှ နောင့်တသည် အင်အားဖြင့် တိုးဝင်လာသည့်နှယ်

www.burmeseclassic.com

www.burmeseclassic.com



ပါတည့် ..။ ဘုရားရေ ..။ ထိုအချက်ကို သူ .. သူ .. စောစော က ဘာကြောင့် မတွေးမိခဲ့ရပါလိမ့် ..။ ဘဘကြီးကတော့ ဖေဖေ့ သူငယ်ချင်းပေမို့ .. ဖေဖေ့လက်ရေးကို သိချေမည်သာ ..။ ဖေဖေ့ သက်မှတ်ကိုလည်း သိချေမည်သာ ..။

ဒါကြောင့်လည်း ဖေဖေ့ လက်ရေးမဟုတ်ပါလေ သော ထိုစာမှ ဖေဖေ့ လက်မှတ်ကြောင့် ဖေဖေ့စာဆိုတာကို ဘဘကြီး ယုံကြည်လက်ခံပေးနိုင်ပေမယ့် ..။ မွေးထုံက .. မွေးထုံက ဘယ့်နှယ်လုပ်၍ သိနိုင်ပါ့မည်တဲ့လဲ ..။ ဘဘကြီးက တော့ သိနားလည်စိတ်ဖြင့် ဖေဖေ့စာကို အကြွင်းမဲ့ ယုံကြည်လက်ခံပေးခဲ့ကာ ..။ ထိုစာထဲမှ လက်ရေးသည် .. သူ့လက်ရေး ဖြစ် သည်ဆိုတာလည်း မှန်းဆနားလည်စိတ်ဖြင့်ပင် ဖွင့်မေးလာခဲ့ခြင်း မရှိခဲ့ ..။ သူ .. သူ .. မွေးထုံကို .. စာကိစ္စနှင့်ပတ်သက်၍ .. ပြောပြသင့်သည်ပေါ့ ..။ ပြီးတော့ကျမှ .. မွေးထုံ အထင်လွဲခါမှ သူက အပြစ်မြင်နေခဲ့မိလိုက်သေးသည့်အဖြစ် ..။

ဘာပဲဖြစ်ဖြစ် ..။ သူ့အမှားကို .. သူ ပြန်၍ မြင် သာရချိန်မှာ အရာရာသည် အားလုံး စိတ်မချမ်းမြေ့ဖွယ်ရာဖြင့် ပြီးသွားခဲ့ပြီ ..။ မွေးထုံကို .. သူ .. ခံစားချက် အပြည့်ဖြင့် .. ခတ်တော်ကြီးကို ပြောပစ်ခဲ့မိပြီးသား ဖြစ်သွားခဲ့ပြီ ..။ ကိုယ်ထိ သက်ရောက်ပင် ခုတင်ပေါ် တွန်းပစ်ခဲ့မိသည်။ မှန်ကြီးကိုလည်း ရိုက်ခွဲပစ်မိခဲ့ပြီ ..။ မွေးထုံလေးကိုလည်း အခန်းထဲမှာ တစ်ယောက် ဘည်း ထားပစ်ခဲ့ကာ .. ကားဖြင့် ဤတောလမ်းလေး၏ ကျောက် ခင်းလမ်းအတိုင်း မောင်းမိမောင်းရာ မောင်းနေမိခဲ့သည့်အဖြစ် ..။ စက်ရုံသို့လည်း သူ မသွားခဲ့ ..။



ခုမှ .. သူ့တစ်ကိုယ်လုံး စိုးရိမ်ဇောတွေ လွှမ်းခြုံအုပ် မိုးလိုက်သည့်နှယ် ဖြစ်သွားရပါပြီတည်း ..။ ဘုရားရေ ..။ မွေးထုံလေး .. အိမ်မှာ ရှိမှရှိနေဝံ့မည်လားမသိ ..။ မွေးထုံလေး ၏ မျက်ရည်များ ကျနေသည့် မျက်နှာနုနုလေး ..။ လက်အုပ်လေး ချီ၍ အသံလေးတွေပင် ပွင့်ကျမလာဝံ့လောက်အောင် ဖြစ်နေရင်း ဖြင့် သူ့ကို သနားစဖွယ် မော့ကြည့်နေသည့် မျက်နှာလေးကို .. သူ .. ခုမှ .. ခုမှ .. ပြန်၍ .. ပြန်၍ .. မြင်မြင်လာနေရင်း ကိုယ့် ကိုယ်ကိုယ် .. စတင်၍ အပြစ်တင်ကျိန်ဆဲနေမိရပါ၏။

ထိုမျှသနားစရာ မွေးထုံလေးကို .. ထိုစဉ်တုန်းက .. သူ .. ဘာကြောင့် .. ခွင့်လွှတ်နားလည်ပေးစိတ်လေး ရှိမသွား ခဲ့ရပါသတဲ့လဲ ..။ စိတ်နောက်ကိုယ်ပါပြီး ကြေကွဲမှုအရှိန်နောက် ကို ကောက်ကောက်ပါမျှ လိုက်ပါသွားမိခဲ့ခြင်းသည် အဘယ်မျှ ထိ .. မသိဆိုးဝါးလွန်းစွာ အတ္တကြီးမှုကြီးတစ်ခု ဖြစ်ခဲ့ပါသလဲ။

သူ .. မြရိပ်သာသို့ တောက်လျှောက် ကားကို အရှိန်မြှင့်၍ မောင်းနေမိရပါ၏။ မြရိပ်သာ၏ ပေါ်တီကိုကြီး အောက်မှာ ကားကို ထိုးရပ်လိုက်ချိန်မှာ အပေါ်ထပ်ဆီမှ ဒေါ်ကြီး ငွေသည် အရမ်းကို ဖြူဖျော့စိုးရိမ်နေသည့် မျက်နှာဖြင့် အလော တကြီး ဆင်းလာနေတာကို ဧည့်ခန်းအဝင်မှာပဲ သူ တိုးသည်။

"ကားသံကြားလို့ ဒေါ်ကြီး ဆင်းလာတာ အစ်ကိုလေး .. ဒေါ်ကြီးဖြင့် မိန်းကလေး ရှူးနေပြီလားလို့ စိတ်တွေပူနေမိ ရပါပြီ .. ဘာတွေ ဖြစ်ကုန်ကြတာလဲကွယ် .. ငိုကြွဲသံ ကြောင့် ဒေါ်လေး အပေါ်ကို တက်လာတော့ မှုလေးက .. ကားနဲ့ ထွက်သွားနေပြီ .. မိန်းကလေးကလဲ .. အရူးလိုခဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကျန်နေတာ .. ကိုညိုနဲ့ စက်ရုံကို ဆိုင်ကယ်နဲ့ လွတ်လိုက်တယ် .. အစ်ကိုလေးကို လိုက်ခေါ်ခိုင်းရတာလေ .. ဒေါ်ကြီးလဲ မိန်းကလေး အနားကကို မခွာရဲဘဲ ဖြစ်နေရတာ .. သူ .. သူ .. ဒေါ်ကြီး သူ့အခန်းထဲရှိနေတာတောင်မှ သိနေပုံမရတော့ဘူး .. ဘေးက ဒေါ်ကြီးငွေ သတိပေးနေ - ခေါ်နေပေမယ့်လဲ .. သူ ကြားပုံမရတော့ဘူး .. ဘာတွေ ဖြစ်ကုန်ကြတာလဲ အစ်ကိုလေးရယ် .. ခု .. ခု .. မိန်းကလေး .. ရူးများ ရူးသွားပြီလား မသိဘူး"

ဟု ဒေါ်ကြီးငွေ မျက်နှာပျက်ပျက်ဖြင့် တောက်လျှောက်ပြောနေတော့ သူ့ရင်ထဲမှာ ဆောက်တည်ရာမရလောက်အောင် သောကမီးတွေ ဆူတက်လာရလျက် လှေကားကြီးအတိုင်း အလောတကြီး ပြေးတက်သွားမိရပါပြီတည်း ..။ အခန်းထဲမှာ မွေးထုံလေး အတော်ကြီးကို ဆိုးဆိုးဝါးဝါးခံစားရင်း .. ဘာတွေဖြစ်ကုန်ပြီမသိ ..။ ခုမှ .. သူ့ရင်ထဲမှ နောင်တသည် သူ့ကို အလဲထိုးနေကြသည့်နှယ် ဖြစ်နေကြလျက် .. သူ့ကိုယ်သူ အပြစ်တင်၍ မဆုံးနိုင်တော့သည့်အဖြစ် ..။ ဒေါ်ကြီးငွေလည်း နောက်မှ ပူပန်တကြီး လိုက်တက်လာသည်ပါပဲ ..။ ဒါပေမဲ့ .. သူ့ခြေလှမ်းကို မမီ ..။ လှေကားထစ်တွေ နင်းဖြတ်တက်နေရင်းဖြင့် ဒေါ်ကြီးငွေသည် အတော်ကြီးလှမ်း၍ ကျန်ခဲ့ပါ၏။

အခန်းတံခါးကို သူ ဖော့ဖြင့် တွန်းဖွင့်လိုက်ကာ မွေးထုံလေးကို တွေ့ချင်ဇောဖြင့် အလောသုံးဆယ် ဝင်လိုက်ချိန်မှာ သူ .. ရင်ထဲနှင့်ခနဲကြီး မြင်ကွင်းကြောင့် ဖြစ်သွားရပါပြီ ..။



မွေးထုံသည် .. ဘယ်သူ့ဘယ်သူတွေ၏ ခြေသံကိုမျှလည်း ကြားပုံမရ ..။ သူ .. အခန်းတံခါးကို အလောတကြီးဖွင့်၍ ဝင်လာတာကိုလည်း သိပုံမရ ..။ ဘယ်သူတွေ ရှိနေပြီဆိုတာကိုလည်း သိနေပုံမရ ..။ ဘာဆိုဘာမျှကို .. အာရုံထဲထားနေပုံ မရတော့သည့်နှယ်ပါတကား ..။ မွေးထုံ၏ အာရုံလေးတွေ နစ်ဝင်နေတာတစ်ခုတည်းပဲ ရှိနေပုံရသည်။ မှန်ကွဲစများကို ဆက်နေခြင်း ..။ ဟုတ်သည် ..။ ကြမ်းပေါ်မှာ မွေးထုံလေး ထိုင်နေသည်ကလည်း အားအင်တွေ မရှိတော့လောက်အောင် ကြေကွဲအားငယ်ချောက်ချားစွာ ထိုင်နေသည့် အသွင်လေးပါ ..။ ကူကယ်ရာမရှိတော့သည့်နှယ် အားကိုးရာ ပျောက်ဆုံးနေသည့်နှယ်လေးပါ ..။ မျက်ရည်များ ဖြိုင်ဖြိုကျနေတာကိုလည်း မွေးထုံလေး ကိုယ်တိုင်သိနေပုံမရ ..။ မွေးထုံလေး၏ဇောက တစ်ခုတည်းပဲ ရှိနေသည့်အသွင် ..။ မှန်စလေးတွေကို ကြမ်းပြင်ပေါ်မှ ကောက်ယူလိုက် ..။ ဆက်ကြည့်နေလိုက် ..။ ငိုနေလိုက်နှင့် ဖြစ်နေသည်က .. မြင်ရက်စရာမရှိ။ သူ့ရင်တွေ တင်းမခံနိုင် ..။ ယူကျုံးမရဲ့စိတ်သည် သူ့ကိုယ်သူ ရက်ရက်စက်ကြီး အပြစ်တင်နေရင်းဖြင့် ရင်နှင့်မဆန့်အောင် ဖြစ်တည်လာနေရပါ၏။ သူ ခြေလှမ်းကျဲကြီးနှင့် လျှောက်လာချိန်မှာလည်း မွေးထုံ ခြေသံကြားရာဘက်ဆီသို့ ခေါင်းလေးလှည့်မလာ။ ငဲ့မလာကြ ..။ မျက်တောင်လေးတွေ စင်းချထားရင်း မှန်စလေးတွေ ကောက်လိုက် ..။ ဆက်ကြည့်လိုက် ..။ မှန်ကွဲစလေးက ဆက်၍မရ အံမကျဖြစ်နေလျှင် ချက်ချင်းပြန်ဖယ်လိုက် .. အရေးတကြီးပုံလေးဖြင့် နောက်မှန်ကွဲတစ်စကို ကောက်ယူလိုက်။ ဇောဇောက နေရာလေးမှာ ပြန်ဆက်ကြည့်လိုက် ..။ မကျသွား

www.burmeseclassic.com



လျှင် .. နောက်ထပ် မှန်တစ်စကို ရှေ့ပြန်ဆက်ကြည့်လိုက်နှင့် အရှုံးတစ်ပိုင်း ဖြစ်နေသည်။

"မှန်းသွားပြီ .. သူ .. မှန်းသွားပြီ .. မှန်းသွားပြီ .. သိပ်ကို မှန်းသွားပြီ .."

ဟု လည်း အပ်ကြောင်းထပ်စွာ ထပ်ဖန်တလဲလဲဖြင့် ငိုညည်းရင်း မွှေးထုံလေး တောက်လျှောက် ပြောနေသံကိုလည်း သူ ကြားလိုက်ရသည်မို့ သူ့ရင်ကွဲပါပြီ ..။ မွှေးထုံလေးသည် .. သူ့ထံမှ အမုန်းများကိုသာ လက်ခံလိုက်ရတော့မည်ဟု ခံစားနားလည်နေရင်း ထိုအသိသည် .. ရက်ရက်စက်စက်ကြီး .. မညှာမတာ နှိပ်စက်နေကြချေလျက် ..။

ထိုဒဏ်ကို .. မွှေးထုံ၏ နှလုံးသားနုနုစင်လေး ခံနိုင်ရည်စွမ်းမရှိနိုင်စွာ .. အရှုံးတမျှ .. ချောက်ချားနေခဲ့စေသည်တကား ..။ သူသည် .. မွှေးထုံလေးကို နှလုံးသားတစ်ခုလုံး ကြေပြုန်းအောင် လုပ်လိုက်ပါသည့် တရားခံစစ်စစ် ဖြစ်ချေသည်ကော .. ဟု မချိတင်ကဲကြီး တွေးမိလိုက်ရ .. သိနေမိရပါပြီတည်း။ မွှေးထုံ၏ ဘေးမှာ သူ ထိုင်ချလိုက်လျက် မွှေးထုံ၏ လက်လေးတွေကို သူ တားတော့မယောင် ထွေးဆုပ်လိုက်ဖို့ ကြည့်လိုက်စဉ်ခိုက် သူ .. ရင်ထဲ တနင့်နင့်ကြေမွှ ဖြစ်သွားရသည်က .. မှန်စတွေ ရှသည့်ဒဏ်ကြောင့် မွှေးထုံ၏ လက်ချောင်းလေးတွေ သွေးတွေ စွန်းထင်းလျက် ရှိနေ၍ပါတည့် ..။

"မွှေးထုံရယ် .. မွှေးထုံလေးရယ် .."

သူ .. ဘယ်လိုမှ ခံနိုင်ရည်စွမ်းမရှိတော့ ..။ ရင်ထု မနာကြီးခေါ်လည်းခေါ်မိ ..။ မွှေးထုံ၏ သွေးစွန်းထင်းနေပါသည့်



လက်လေးနှစ်ဖက်စလုံးကို ယူကျုံးမရ .. ဖြေဆည်ခြောက်တည်ရာမဲ့မျှ ကြေကွဲစိတ်ဖြင့် ထွေးဆုပ်ယူမိရ ..။ မွှေးထုံ၏ ကိုယ်လေးကိုလည်း ရင်ခွင်ထဲ သိမ်းကျုံးထွေ့ငင်ယူလိုက်မိရနှင့် ရှိသွားရရင်းမှ ..။ ဆံစလေးများကို သပ်ပေးမိ ..။ မွှေးထုံ၏ ခေါင်းလေးကို ရင်မှာလည်း သိမ်းအပ်ထားမိနှင့် သူ .. သူ .. မျက်ရည်များ ပြိုကျလာမိရပါပြီ ..။ သူသည် .. သူ့အရိပ်တကြည့်ကြည့်မျှ .. ထား၍ ရင်ကိုနှစ်ကာချစ်ရပါသော မိန်းကလေးကို .. အပြင်းထန်ဆုံးသော ရက်စက်မှုကြီးဖြင့် ရက်စက်ခဲ့သလိုကြီး ဖြစ်သွားရချေပြီတကား။

သူသည် .. သူ့နှလုံးသား ကြေးမုံပြင်လေးကို .. ပစ်ပေါက် ရိုက်ခွဲလိုက်သူသက်သက် ဖြစ်နေချေသည်ပဲ ..။ မွှေးထုံ၏ နူးညံ့ဖွေးစင်သော နှလုံးအိမ်လေးကို ချေမွပစ်သူသည် သူကိုယ်တိုင်ဖြစ်နေသည် ..။ နောင်တနှင့် ကြေကွဲမှုသည် တစ်ပြိုင်တည်း သူ့ နှလုံးအိမ်ကို နှိပ်စက်၏။ သူ့ကိုယ်သူ ဘယ်လိုမှ ခွင့်လွှတ်နိုင်ရန်ပင်မရှိ ..။ ဤနောင်တသည် .. သူနှင့် သေရာပါမည့် နောင်တဖြစ်နေသည်။ မွှေးထုံ၏ လက်လေးကို သူ့လက်တွေက ဖေးယူလိုက်ရင်းမှ .. မှန်ကွဲရှရာများ ပွန်းတီးနေပါသည့် လက်ချောင်းလေးတွေကို သူ .. ကြည့်နေရင်း သူ့ကိုယ်သူ မုန်းတီးလာနေသည်။ သူ အမုန်းဆုံးလူသည် သူပဲ ဖြစ်နေသည်။ သူ တစ်ကိုယ်လုံး တုန်ယင်လာနေသည်။ သူသည် .. မွှေးထုံလေးကို ချောင်ပိတ်မိနေအောင် ပိတ်လှောင်ကာ စိတ်ကို ဖိစီးကြေကွဲနေအောင် ပြောဆိုခဲ့သည့်သူ တစ်ယောက် ဖြစ်နေသည်ပဲ ..။ မွှေးထုံလေးကို စိတ်တွေ ကယောက်ကယက်ဖြစ်အောင် ပြုခဲ့သူသည် သူကိုယ်တိုင် ဖြစ်ခဲ့လျက်။ မွှေးထုံလေးကို အညှာအတာမဲ့စွာ တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



ဤအခန်းထဲမှာ ချန်ထားရစ်ခဲ့ရက်နိုင်သူသည်လည်း သူပဲဖြစ်နေသည်။

"မွေးထုံလေး .. ကိုကြီးကို ကြည့်စမ်း .. ကိုကြီးကို ကြည့်စမ်း .."

ဟု စိုးရိမ်တကြီး ခေါ်နေမိသည်။ မွေးထုံ၏ သွေးစွန်းနေသည့် လက်လေးကို သူကိုယ်တိုင်လည်း ကယောင်ကတမ်း နိုင်လွန်းစွာ သူ့အင်္ကျီရင်ဘတ်မှာ သုတ်သုတ်ပေးနေမိသည်။ ဘကယ်တမ်းက .. သူကိုယ်တိုင်ပင်လျှင် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ယူ၍ မရနိုင်လောက်အောင် စိတ်တွေ အရမ်းထိခိုက်နေရင်း .. ကယောင်ကတမ်း ဆန်နေတာအမှန်။ မွေးထုံလေး သူ့ကို မကြည့် ..။ သူ့လက်ထဲမှ လက်လေးကို မွေးထုံ ရုန်းနေသည်။

သူ .. လွှတ်ပေးလိုက်တော့ မှန်စတွေကို ကမန်းကတမ်း ပြန်ကောက် ..။ ပြန်ဆက်ကြည့် ..။ ဆက်၍မရလျှင် တခြားမှန်စကို ပြန်ကောက် ..။ ပြန်ဆက်နှင့် အလုပ်ရှုပ်နေပြန်ပါ၏။ သူ .. မွေးထုံလေးကို ရင်ထဲဆို့တက်လာနေပါသည့် နောင်တဖြင့် ကြည့်နေရင်းမှ .. မျက်ဝန်းများကို စုံမှိတ်ချလိုက်မိကာ ..။ ရုတ်ခြည်း မျက်နှာကို လက်ဖဝါးတွေဖြင့် အုပ်မိုးလိုက်မိကာ ရှိုက်ငင်ငိုချလိုက်မိရပါပြီ ..။ သူ .. အသံတွေ ပွင့်ကျနေရင်း ငိုနေသည်။ သူ့နှုတ်မှလည်း ယူကျုံးမရ စကားတွေ တောက်လျှောက်ပွင့်ကျနေသည်။ သူ့ကိုယ်သူ ကျိန်ဆဲနေမိသည်။ ဘာတွေပြောနေသည်ဆိုတာ သူကိုယ်တိုင်လည်း မခွဲခြားတတ်တော့ ..။ သူ့ကိုယ်သူ အပြစ်ဖို့မဆုံးနိုင်အောင် ပြောနေတာတွေချည်းပဲဖြစ်နေသည်။ သူ့ကိုယ်သူ ထုရိုက်နေမိသည်။ သူ့ခေါင်းကို သူ



ထုနေမိသည်။ သူသည် .. သူ့ကိုယ်သူ .. ပြန်၍ပင် မကြည့်ချင်လောက်အောင် အမုန်းကြီးမုန်းနေမိသူ ဖြစ်နေသည်။ သူ .. မွေးထုံကို ကြည့်လိုက်တော့ .. ကိုင်လက်စ မှန်လေးကို လွှတ်မချသေးဘဲ .. သူ့ကို ငေးကြည့်ငြိမ်သက်နေတာကို မြင်ရပါ၏။ သူ ငိုနေတာ အတော်လေးကြာသွားမည်ထင့် ..။ သူ့ငိုသံသည် မွေးထုံ၏ စိတ်တွေကို သိမ်းကျုံးညှို့ငင်ထားလိုက်နိုင်ပုံရသည်။ သူ ငိုနေသမျှကို ငေးကြည့်နေရင်းမှ မွေးထုံ၏ မျက်နှာလေး မဲ့လာသည်။ သူ .. ကမန်းကတမ်း ကိုယ့်မျက်ရည်ကို ကိုယ်သုတ် ..။ မွေးထုံရှေ့မှာ ထိုင်လိုက်ကာ မွေးထုံ၏ လက်လေးထဲမှ မှန်ကွဲစလေးကို ဖွဖွညင်ညင် ဖယ်ယူလိုက်မိသည်။ မွေးထုံ၏ မျက်ရည်များနစ်နေသည့် မျက်နှာလေးကို သူ့လက်ဖဝါးတွေဖြင့် ဖွဖွညင်ညင် ဖေးညှပ်ဖေးကိုင်ထားမိသည်။ လောလောဆယ်မှာ သူရော .. မွေးထုံရော .. မျက်ရည်များကျနေဆဲ ..။ ကျနေမြဲ။ မျက်ရည်ကျနေသည့် သူ့ကို မွေးထုံလေး ငေးမော့ကြည့်နေချိန်မှာ သူက .. မွေးထုံ၏ မျက်ရည်လေးတွေကို သုတ်ပေးနေမိရင်း အားယူပြုံးပြရပါ၏။ အရမ်းကိုနွမ်းညှိုးသောအပြုံး ..။ ကြေကွဲမှုဖြင့် တောင်းပန်သည့်အပြုံး ..။ မွေးထုံ သူ့ကို အတန်ကြာမျှ မော့ကြည့်နေသည်။ သူ မျက်ရည်သုတ်ပေးနေတာကိုလည်း ငြိမ်သက်ခံနေသည်။ ပြီးတော့ .. ပြီးတော့ .. မွေးထုံ လက်လေးတွေ တဖြည်းဖြည်းချင်း သူ့မျက်နှာထက်ဆီသို့ ဖွဖွညင်ညင် ရောက်လာရာမှ .. သူ့မျက်ရည်များကို .. သုတ်ပေးလာချေသည်တကား။

သူ ... ရင်ထဲ မခံသာ ..။ ဖြေဆည်၍မရနိုင်စွာ .. မွေးထုံ၏ ကိုယ်လေးကို ရင်ခွင်ထဲ သိမ်းပွေ့ယူရင်း ..

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး .. ကိုကြီး မှားလိုက်တာ မွေးထုံလေးရယ် .. အမှားကြီးမှားခဲ့ပါပေါ့လား .."

ဟု ပြောလည်းပြောမိ ..။ ကလေးလေး ပွေ့ထားသည့်နှယ် ကျောပြင်လေးကို လက်ဖြင့် သိမ်းကျုံး ဖေးကပ်ထားကာ မွေးထုံ၏ ကိုယ်လေး ရင်ခွင်ထဲ မြုပ်နေအောင် မလွှတ်တမ်း ပွေ့ငင်ထားမိပါပြီ ..။ မွေးထုံ၏ နှုတ်မှ .. တစ်ခုခုပြောနေသည်။ ဘာတွေ ပြောနေသည်ဆိုတာကိုတော့ သူ မသိ ..။ နောက်မှ .. သူ့ အာရုံစိုက်၍ နားထောင်ကြည့်တော့ ..။

"သိပ်မုန်းသွားပြီ .. မွေးထုံကို မုန်းသွားပြီ .."

ဆိုသည့် စကားသံသဲ့သဲ့လေး ဖြစ်နေချေသည် တကား။ သူ .. ခေါင်းတွင်တွင်ယမ်းမိကာ မွေးထုံ၏ မျက်နှာလေးကို ဆွဲမော့မိ ..။ ပါးပြင်နုနုလေးကို နမ်းရှိုက်မိရင်းမှ ..

"ကိုကြီး .. မွေးထုံလေးကို အရမ်းချစ်တာပါ ကလေးရယ်၊ ကိုကြီးရဲ့ မွေးထုံလေးကို .. သိပ်ချစ်ပါတယ် .. သိပ်ချစ်ပါတယ် .."

ဟု ပြောလည်းပြောနေမိရ၏။ မွေးထုံ၏ ကိုယ်လေး ငြိမ်ကျသွားသည်။ သူ့နှုတ်ခမ်းမှကို မမှိတ်မသုန်လေး ငေးစိုက်ကြည့်နေသည်။ သူ့နှုတ်ခမ်းမှပွင့်ကျလာသည့် စကားသံ ..။ သူ့မျက်ဝန်းများမှ စီးသွယ်ကျလာပါသည့် မျက်ရည်ဥများ ..။ အားလုံးကို မွေးထုံလေး မော့ငေးကြည့်နေရာမှ ..

"မမုန်းဘူးပေါ့နော် .. မမုန်းဘူးပေါ့နော် .."

လေသံလေးတွေ လေးလေးတွဲ့တွဲ့ဖြင့် အားစိုက်၍ မျက်နှာလေး ငိုမဲ့မဲ့ဖြင့် တမော့မော့ မေးရှာပါ၏။ မွေးထုံလေး



ခမျာ သူ့ထံမှ အမုန်းကို ခံနိုင်ရည်မရှိရှာ ..။ သူ မုန်းသွားပြီဟုခဲ ရင်ထဲ စွဲသွားရှာရင်း စိတ်လေးတွေ ကစဥ့်ကလျားဆန်စွာ ယောက်ယက်ခတ်မှု ခံစားခဲ့ရရှာမှန်း သူ သိနေရလေလေ .. ရင်ကွဲရလေလေပါ။ တုန်ခါနေသော လက်ချောင်းများဖြင့် မွေးထုံ၏ မျက်နှာလေးကို သူ ဖေးကိုင်ထားမိ မော့ထားစေမိရင်းမှ နဖူးပြင်လေးကို ငုံ့မှိုး၍ နူးနူးညံ့ညံ့ နမ်းမိသည်။

"မွေးထုံလေးကို ကိုကြီး ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး ကလေးရယ် .. မွေးထုံကို .. ကိုကြီး ရင်နဲ့အမျှ ချစ်ရတာပါကွယ် .. ရင်နဲ့အမျှပါ .."

သူ့အသံတွေ လှိုက်ခါနေသည်။ မွေးထုံလေး၏ အာရုံထဲမှာ သူ့ချစ်ခြင်းတွေသာ လွှမ်းခြုံသိုင်းဖွဲ့ထားစေနိုင်ဖို့ သူ မွေးထုံ၏ မျက်ဝန်းလေးတွေကို တည့်မတ်စွာ စိုက်ကြည့်သည်။ မျက်နှာလေးကိုလည်း လက်ဖြင့် ထိန်းကိုင်ထားသည်။

"ကိုကြီးကို ကြည့်စမ်း မွေးထုံ .. ကိုကြီး ပြောတာကို သေချာနားထောင်နော် .. မွေးထုံကို .. ကိုကြီး ဘယ်တော့မှ မခွဲဘူး .. ကိုကြီးရဲ့ မျက်စိအောက်က အပျောက်မခံဘူး၊ ကိုကြီးရဲ့ နှလုံးသားထဲမှာ အမြဲနေနေရမယ့်သူဟာ မွေးထုံပဲ .. မွေးထုံ မရှိဘဲ ကိုကြီးရဲ့ဘဝဟာ ရပ်တည်နေနိုင်မှာ မဟုတ်ဘူးဆိုတာ နားလည်သား .. မွေးထုံရှိမှ .. ကိုကြီးရဲ့ ဘဝဟာ ပြည့်စုံရမှာပါကွယ် .. အဲဒါကို .. အမြဲသိနေရမယ်နော် .."

မွေးထုံ ရင်ထဲ စွဲမြဲသွားအောင် သူ ဖြည်းဖြည်းချင်း ပြောသည်။ သူ့အသံတွေက နူးညံ့ရွှေးထွေးနေသည်။ သူ့အကြည့်

www.burmeseclassic.com

www.burmeseclassic.com



တွေက အချစ်တို့ဖြင့် နက်ရှိုင်းသိမ်မွေ့နေကြသည်။ သူ့အနမ်း နူးနူးသည်လည်း မွေးထုံ၏ နဖူးပြင်ထက်မှာ သိမ်မွေ့စွာ မှေးတင်သည်။

ထိုအခိုက် လှုံရိပ်တစ်ခုသည် တံခါးဆီမှာ ရပ်နေရာ ၊ ပျောက်ကွယ်သွားပါ၏။ မြင်ကွင်းကို မျက်ရည်ကျနေရင်း ကြည့်နေပါသည့် ဒေါ်ကြီးငွေပါတည့် ..။

မွေးထုံကတော့ .. သူ ပြောနေသမျှကို မျက်တောင် လေးတွေ စင်းချထားရင်း ငြိမ်သက်နားထောင်နေမြဲပါ။

"ဒါဆို .. ဒါဆို .. မုန်ကြီးကွဲသွားပြီကော .. ကွဲသွားပြီ ကော .."

ခုထိ မှန်ကွဲသည့်ကိစ္စသည် ရင်မှာ မပျောက်နိုင်ဘဲ ဖာငင်နေဆဲ ..။ မှန်ကွဲစများကို မွေးထုံ ချောက်ချားစွာ ကြည့် နဆဲ ..။ သူ .. မွေးထုံ၏ မျက်နှာလေးကို သူ့ရင်မှာ မှေးအပ် ဘားလိုက်ရပါပြီ ..။ မှန်ကွဲစများကို မွေးထုံလေး မမြင်ပါစေနှင့် ဘာ့ ..။

ထိုအရိပ်၏ ခြောက်လှန့်မှုကို မခံရစေနှင့်တော့ ..။ ှးထုံလေးခမျာ အချိန်များစွာ .. မတန်တဆကြီး .. ပြင်းပြင်း ၊န်ထန် ကြေကွဲချောက်ချားရသည့် နာရီများကို ဖြတ်သန်းခဲ့ရ း၏ ..။

"ကိုကြီးရဲ့ .. ဒီ .. နှလုံးသားမှာ .. ဟောဒီမွေးထုံလေး ကို အရိပ်ထင်နေစေတဲ့ .. နှလုံးသားကြေးမုံပြင် .. မှန်ကြီးတစ်ခုဟာ ဘယ်လိုမှ .. ပျောက်ပျက်ကွဲကြေခြင်း မရှိနိုင်အောင် .. ရှိနေတာပါ မိန်းကလေးရယ် .."



တိုးသဲ့တုန်ခါနေသော ကြေကွဲရှိုက်ကြီးဖြင့် သူ ပြော စဉ်ခိုက် မွေးထုံ၏ မျက်နှာလေး မော့လာသည်။ သူ ပြုံးပြကာ သူ့ရင်ခွင်မှာ မွေးထုံလေးကို မှေးအပ်၍ ..

"ဒီရင်ခွင်ဟာ .. မွေးထုံအတွက် .. အချစ်ရဲ့ ကြေးမုံပြင် တစ်ချပ်ပါ မွေးထုံ .. တွေ့လား .. မွေးထုံလေးရဲ့ မျက်နှာ လေး .. ဒီမှာ ထင်နေတယ်လေ .. ကြည့်လိုက်စမ်း မွေးထုံ"

ဟု သူ အရမ်းကို တိုးဖွဖွနိုင်စွာ .. နူးနူးညံ့ညံ့နိုင် စွာ .. မျက်နှာလေးကို ငုံ့မိုး၍ ကြည့်ရင်းပြောမိရပါ၏။ မွေးထုံ ၏ မျက်ဝန်းလေးတွေထက်မှာ တဖြည်းဖြည်း လင်းလဲ့လဲ့ အရိပ်တွေ ကူးပြောင်းနေရာယူလာနေကြတာကို သူ စိတ်လှုပ်ရှား စွာ ငုံ့မိုးငေးစိုက်ကြည့်နေမိရ .. မြင်နေမိရသည့်အဖြစ် ..။ တုန် လှုပ်ချောက်ချားခြင်းများ ကြီးစိုးနေသော အရိပ် .. ကယောက် ကယက်ဆန်နေသော အရိပ်တွေ မွေးထုံ၏ မျက်ဝန်းလေးတွေ ဆီမှ တဖြည်းဖြည်းဖြင့် ပျောက်ကွယ်စပြုလာနေကြပြီ ..။

မွေးထုံလေး စတင်၍ သူ့ပခုံးထက်မှာ လက်လေး တွေ မှေးတင်လာနေကြသည်။ မွေးထုံ၏ လက်လေးတွေ ဆတ်ဆတ်ခါမျှ တုန်ခါနေကြတာကို သူ သိနေရပါ၏။ မွေးထုံ၏ ခေါင်းလေး သူ့ရင်ခွင်မှာ မှေးစိုက်ချထားလိုက်ရင်းမှ စတင်၍ ငို ကြွေးလာသည်။ မွေးထုံ၏ လက်လေးတွေ သူ့ကျောပြင်ထက်ဆီ သို့ မှေးကိုင်သိုင်းငင်ထွေးဖက်လာကြသည်က အားကိုးတကြီး ဖြင့်ပါ ..။

"ကိုကြီးရယ် .."

www.burmeseclassic.com

www.burmeseclassic.com



တိုးဖွဖွ ခေါ်သံလေးဖြင့် မွေးထုံ သူ့ကို မြတ်မြတ်နိုးနိုး ခေါ်ငင်လာချေသည်တကား ..။ သူသည်လည်း မွေးထုံလေးကို တယုတယနိုင်လွန်းစွာ ထွေးပိုက်ထားမိရင်း မျက်ရည်ကျနေရပါချေ၏။

သူ့လက်တွေက မွေးထုံ၏ ဆံစလေးများကို သပ်ပေးနေမိရဆဲ ..။ ဖွဖွညင်ညင် သပ်ပေးနေမိရမြဲ ..။

သူ့အကြည့်တွေက .. မွေးထုံလေး ကြိုးကြိုးစားစား တစ်ခုချင်း တစ်ခုချင်း ကောက်ယူ၍ ကြမ်းပြင်ပေါ်မှာ ဖေးယူဆက်ထားခဲ့ပါသော မှန်စများထက်မှာ တန့်နေ၏။ ရင်သည် .. နှောင်တဖြင့် .. လောင်မြိုက်ချေသည့်အဖြစ် ..။

ဘယ်သောအခါတွင်မှ .. ဪ .. ဘယ်သောအခါတွင်မျှ .. ကိုကြီးကြောင့် .. မွေးထုံလေး၏ရင် .. မလောင်မြိုက်ရ .. မပန်းဟိုက်ရစေပါ မိန်းကလေးရယ် ..။ ဤသည်ကား .. ကိုကြီး၏ .. မြဲတည်သောသစ္စာ ဖြစ်ပါချေသည် မွေးထုံငယ် ..။

❦ ❁ ❦



## ❦ အခန်း(၂၅) ❦

မွေးထုံ မျက်ဝန်းလေးတွေ ဖွင့်လာတော့ ခုတင်စွန်းမှာထိုင်နေရင်း ပြုံး၍ ငုံ့မိုးကြည့်နေပါသည့် ကိုကြီးကို မြင်ရသည်မို့ လှုးလဲ၍ထလိုက်ရပါ၏။ သူ .. မွေးထုံ၏ ပါးပြင်လေးကို ဖွဖွညင်ညင် ငုံ့မိုးနမ်းရှိုက်လိုက်ပြီးမှ ကိုယ်လေးကို ထွေးပိုက်လိုက်ရင်း ..

"မွေးထုံလေး နိုးပြီလား .. ဒေါက်တာဒေါ်ရင်ရင်နဲ့ ဆေးထိုးပေးထားတာမို့ .. မွေးထုံလေး အိပ်ပျော်သွားတာပေါ့လေ။ ကိုကြီး မွေးထုံ အနားမှာ ရှိနေတာ ခု .. ပြန်နိုးလာတဲ့အထိပဲ .. မွေးထုံအနားက ကိုကြီး ဘယ်မှကို မသွားတာ။ ဟောဒီက .. ကိုကြီးရဲ့ ကြွေရုပ်လေး .. မြတ်နိုးရုပ်လေးကို တစိမ့်စိမ့် ကြည့်နေခဲ့ရတာ မွေးထုံ .."

မွေးထုံကို သူ ပြုံး၍ တိုးဖွဖွပြောပါ၏။ မွေးထုံ၏ ကိုယ်လေးကိုလည်း မလွှတ်တမ်း ထွေးပွေ့ထားရင်းမှ တွဲငင်၍ ခေါ်လာသည်က မှန်တင်ခုံနေရာဆီသို့ပါ ..။ မွေးထုံလေးကို သူ မှန်ရှေ့မှာ ရပ်စေသည်။ မွေးထုံ အိပ်ပျော်နေစဉ်ခိုက်မှာ သူသည်

www.burmeseclassic.com

www.burmeseclassic.com



မှန်သစ်တစ်ချပ်ကို ဤမှန်တင်ခုံကြီးမှာ ပြန်၍ တပ်ဆင်စေခဲ့ပါ၏။ ဘဘညိုကို မှန်ကြီးတစ်ချပ် ဝယ်ဖို့ ..။ လက်သမားကအစ ခေါ်လာဖို့ .. အားလုံး စီစဉ်ခဲ့ခြင်းပါ ..။ မွေးထုံလေး မနိုးအောင် မှန်တင်ခုံကို အခန်းတွင်းမှ ညင်သာစွာ အသံမကြားအောင် သယ်ထုတ်တပ်ဆင်စေခဲ့၏ ..။ ပြန်၍ အခန်းတွင်းသို့ နေသားတကျ ထားစေခဲ့ခြင်းပါ ..။ မှန်ထက်မှာ ထင်နေသည့် မွေးထုံနှင့် သူ့ပုံရိပ်ကို မွေးထုံ ငေးကြည့်နေရင်းမှ မျက်ရည်ကျလာကြတော့ သူ ခေါင်းယမ်း၍ ..

"ဒါ .. ငိုစရာလား မွေးထုံရယ် .. မငိုနဲ့တော့နော် .. စောစောကအဖြစ်တွေအားလုံးကို မေ့ပစ်လိုက် .. လုံးဝ မေ့ပစ်လိုက် .. ကိုကြီး အရမ်းကို မှားသွားခဲ့တယ် မွေးထုံရယ် .. ကိုကြီးကို ကြည့်စမ်း .. ကိုကြီး ဘယ်တော့မှ ဒီလိုအမှားမျိုးကို မကျူးလွန်စေရဘူး .. ကိုကြီးရဲ့တစ်သက် အဲသလို ဘယ်တော့မှ အဖြစ်မခံဘူး .. မဖြစ်စေရဘူး .. ကိုကြီးကြောင့် အရမ်းကို ဖြူစင်တဲ့ ဟောဒီက ကိုကြီးရဲ့ ပန်းဖြူနုတ်သမီးလေး မတန်တဆကြီး ရူးမတတ်ခံစားခဲ့ရတဲ့အဖြစ်ကို .. ဘယ်တော့မှ ကိုကြီး မမေ့နိုင်သလို .. ဘယ်တော့မှလဲ .. ကိုကြီးကိုယ်ကို .. ကိုကြီး ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ဘူး .. မွေးထုံလေး ခံစားတာမြင်ရတဲ့ ကိုကြီး ချောက်ချားလိုက်ရတာ .. ကိုကြီးကိုယ်တိုင် ရူးမတတ်ပါ ကလေးရယ် .. ရူးမတတ်ပါဗျာ .."

သူ တောင်းပန်ရင်း မွေးထုံ၏ မျက်နှာလေးကို တောက်လျှောက် နမ်းသည်။ အနမ်းတိုင်းသည် နူးညံ့သိမ်မွေ့



လျက် ..။ တယုတယနိုင်နေကြပါ၏။ မွေးထုံ မျက်လွှာလေးချကာ ငြိမ်သက်လျက် ကြည်နူးခြင်းများဖြင့် ကိုကြီး၏ အနမ်းများကို ကြည်ဖြူမြတ်နိုးစိတ်ဖြင့် ခံနေမိရပါသည်ပါပဲ..။ သူ့လက်မောင်းကို မွေးထုံ ဖေးကိုင်လိုက်မိသည်။ ဤလက်မောင်းအစုံသည် မွေးထုံ အားကိုးဖေးကိုင်ရာ လက်ရုံးလက်မောင်းများသာတည့်..။ မွေးထုံ ချစ်မြတ်နိုး အားကိုးရသူ၏ ပခုံးထက်မှာ မွေးထုံ၏ ခေါင်းလေး ဖေးမှီခိုကိုးခွင့် ဤတစ်သက်တာမှာရဖို့ထက် အဘယ်သောအရာမှ အရေးမကြီး ..။ မွေးထုံ၏ ဘဝမှာ .. ကိုကြီးသည်သာ .. အားကိုးရာ ..။ ကိုကြီးသည်သာ .. ချစ်မြတ်နိုးရာပါ။ မွေးထုံ ကိုကြီး၏ ပခုံးထက်မှာ ခေါင်းလေးကို ကြည်ညိုအားကိုးစိတ်ဖြင့် ဖေးတင်မိလိုက်မိရင်းမှ ..

"မွေးထုံလဲ .. ဘယ်တော့မှ .. မွေးထုံ မှားမိခဲ့တဲ့ အမှားမျိုးကို .. မကျူးလွန်တော့ပါဘူးလို့ .. ကိုကြီးကို ကတိပေးပါတယ်ရှင် .. မွေးထုံ မိုက်ပါတယ် ကိုကြီးရယ် .. ဘဘရဲ့စာကို .. မွေးထုံ ဆုတ်လိုက်မိလို့ .. မွေးထုံ ချက်ချင်း ကံကြီးထိုက်တာပါ .. ဘဘကို မွေးထုံ ကန်တော့တောင်းပန်းပါ့မယ်ရှင် .. ဘဘက ဝေဒနာနဲ့ ရေးခဲ့တဲ့စာကို .. မွေးထုံက .. ကိုကြီးလက်ရေးတစ်ခုကို ကြည့်ပြီး စော်ကားမော်ကား ရိုင်းရိုင်းစိုင်းစိုင်း ပြောခဲ့လုပ်ခဲ့မိတာပါ၊ မွေးထုံ မှားပါတယ် ကိုကြီးရယ် .. မွေးထုံ ကန်တော့ပါတယ် .. မွေးထုံကို .. ကိုကြီး စိတ်မနာရင်ပြီးတာပါပဲ .. မွေးထုံကို တစ်ယောက်တည်း ချန်မထားခဲ့ပါနဲ့ ကိုကြီးရယ် .."

www.burmeseclassic.com

www.burmeseclassic.com



မွှေးထုံ ပြောနေရင်းမှ တကယ်လည်း သူ့ကို ထိုင်ကန်တော့ ..။ သူ့ခြေအစုံကို လက်ဖြင့် သိမ်းဖက်ထားမိရင်းမှ အားငယ်ညှိုးဖျော့စွာ ငိုလိုက်မိရပါပြီ ..။ သူ .. မွှေးထုံ ရှေ့မှာ ချက်ချင်း ထိုင်ကာ ..

"ဟာ .. မွှေးထုံရယ် .. ဘာလို့ ငိုနေရတာလဲ .. စောစောတုန်းကလဲ .. မတန်တဆကြီး ပြင်းပြင်းထန်ထန် စိတ်ကို ဒုက္ခပေးခဲ့ .. ဖိဆီးစေခဲ့ပြီးပြီ .. ဆေးရှိန်နဲ့အိပ်ပြီး .. ခုမှ စိတ်လေးတွေ အပန်းပြေစပဲ ရှိသေးတယ် .. ထပ်ငိုနေပြန်ပြီကွာ .. မွှေးထုံလေး ဘာမှ မမှားဘူး .. မငိုနဲ့ .. ဆိုးတာက ကိုကြီး .. အကြီးဖြစ်ပြီး မွှေးထုံလေးကို ရန်လုပ်မိခဲ့တာကိုက ကိုကြီး လွန်တာ .."

သူ .. မွှေးထုံ၏ လက်လေးတွေကို ဖေးဆုပ်ယူထားရင်း ခေါင်းခါ၍ ပြောလည်းပြော ..။ ငိုနေဆဲ မွှေးထုံ၏ မျက်ရည်လေးတွေကိုလည်း သုတ်နေရနှင့် စိတ်ထဲမကောင်းနိုင်တော့။ မွှေးထုံလေးကို မှန်ရှေ့မှာ ပြန်ရပ်ခိုင်းကာ ပုံရိပ်လေးတွေကို လက်ညှိုးညွှန်ပြရင်း ..

"ကြည့်စမ်း .. ငိုနေလိုက်တာကွာ .. ဟိုမှာ ငိုနေတဲ့ မျက်နှာလေးဖြစ်နေပြီ .. ကိုကြီးရဲ့ နှလုံးသားမှာ .. ပြုံးနေတဲ့ပုံပဲ ပေါ်နေရမှာလေ ..၊ နှလုံးသားကို အားနာပါဦး ကောင်မလေးရဲ့ .."

ဟု သူ ပြုံး၍ မွှေးထုံလေး ရင်ထဲမှ ပန်းလျှလျှ နှောင်တဝေဒနာတွေ ပေါ့ပါးလွင့်ပြယ်လာစေဖို့ မနည်းကြိုးစားယူနေရပါသည်အဖြစ် ..။ မွှေးထုံလေးကို သူ မျက်ရည်သုတ်နေ



ရသည့် အလုပ်တစ်ခုပဲ ရှိနေသလိုကြီး ဖြစ်နေရတာမို့ ရင်ထဲပို၍ ထိခိုက်လာရင်းမှ ..

"ကိုကြီး ဆိုးလို့ .. မွှေးထုံလေး ငိုနေရတာ .. မျက်ရည်ကျနေရတာ .."

ယူကျုံးမရသံကြီးနှင့် ပြောတော့ မွှေးထုံ သူ့ကို မော့ကြည့်၍ ခေါင်းလေးခါရင်း ..

"ဟင်းအင်း .. မွှေးထုံကြောင့် .. အဲဒီတုန်းကလဲ .. ကိုကြီး မျက်ရည်ကျခဲ့ရတာပဲဥစ္စာ .. မွှေးထုံ မိုက်တာဆိုးတာပါ .. ကိုကြီး မဆိုးပါဘူး .."

မွှေးထုံ အတင်းတောင်းပန်နေတော့ သူ သက်ပြင်းရှိုက်သည်။ မှန်တင်ခုံရှေ့ထိုင်ခုံလေးမှာ နှစ်ယောက်သား ကျပ်သပ်၍ ထိုင်သည်။ မှန်သားပြင်ထက်မှာ ကျပ်ကျပ်သိပ်သိပ်လေး ထိုင်နေသည့်ပုံလေး ပေါ်လာ၏။ နောက်တော့ မွှေးထုံ၏ မျက်နှာလေးကို ငုံ့မိုး၍ ပြုံးကြည့်လိုက်ပါသည့် စိတ်ရှည်သော အပြုံးနှင့် သူပုံနှင့် မွှေးထုံ၏ မော့ကြည့်နေသည့်ပုံက ပြောင်းလဲ၍ ပေါ်လာပြန်သည်။

"ဒီလိုလုပ်ကြရအောင်လား .. ကိုကြီးကလဲ .. ကိုကြီးမှားတယ်ဆိုးတယ်လို့ပြောတယ် .. မွှေးထုံ မဆိုးဘူးလို့ပြောတယ် .. မွှေးထုံကလဲ .. ကိုကြီး မဆိုးဘူး .. မွှေးထုံ ဆိုးမိုက်တာလို့ပြောတယ် .. ဒီတော့ .. နှစ်ယောက်လုံး ဆိုးတယ် .. နှစ်ယောက်စလုံး မိုက်တယ်လို့ ပြောလိုက်ကြရအောင် .. ပြီးရော .. နောက် .. နှစ်ယောက်စလုံး ထပ်ပြီးလဲ မဆိုးတော့ဘူး .. မမိုက်တော့ဘူးလို့ .. ဟောဒီ

www.burmeseclassic.com

www.burmeseclassic.com



က .. နှလုံးသားမှန်ကြီးကို ကြည့်ပြီး ပြောလိုက်ကြရအောင် .. မှန်ကြီးကတော့ ပျော်သွားမှာပဲကွ ..”

ဟု ပြောတော့ မွေးထုံ ရယ်သည်။ သူလည်း လိုက်ရယ်မိပါ၏။

မှန်ထက်မှာ ရယ်မောနေသည့် ပုံလေးတွေ ထင်လာကြတာကို သူ အကြည်နူးဆုံးပါတည့် ..။

သူ .. မွေးထုံကို ပြတင်းအနီးသို့ ခေါ်သွားလိုက်ကာ ပန်းဥယျာဉ်ဆီသို့ တူတူရပ်ငေးကြည့်မိကြသည်။ မွေးထုံလေးကို သူ ပခုံးလေးသိုင်းငင်ပွေ့ထားဆဲ ..။

“မွေးထုံလေး နွားနို့သောက်လိုက်နော် ..”

သူ ပြောတော့ မွေးထုံ ခေါင်းယမ်းသည်။ သူ့ပခုံးထက်မှာ ခေါင်းလေးကို ဖေးတင်ထားရင်းမှ ..

“မွေးထုံကို ကိုကြီးက ခွင့်လွှတ်နိုင်တာ .. ဆက်ပြီး ချစ်မြတ်နိုးနေနိုင်တာကြောင့်ပဲ .. မွေးထုံ .. ရင်ထဲမှာ .. အေးချမ်းနေရပါပြီ ကိုကြီးရယ် ..”

ဟု ပြောမိရပါ၏။

သူ .. မွေးထုံကို နွားနို့တစ်ဖန်ခွက် ကုန်အောင် ချော့မော့တိုက်တော့လည်း ကလေးလို သောက်လိုက်ရှာသည်ပါပဲ။ ပန်းခြံလေးကို ငေးကြည့်နေခြင်းဖြင့် ပန်းလေးတွေကို ငေးကြည့်ရင်း မွေးထုံ ရင်ထဲမှာ အတန်မျှလောက်တော့ဖြင့် လန်းလာချေလိမ့်မည်ဟု သူ ထင်သည်။ ထိုင်ခုံလေးချပေး၍ မွေးထုံကို ထိုင်ခိုင်းတော့လည်း မွေးထုံလေး ခေါင်းယမ်းသည်ပါပဲ ..။ သူ့လက်မောင်းကြီးကို လက်လေးဖြင့် မလွှတ်တမ်းဖေးကိုင်ထားဖို့ပဲ



မွေးထုံလေး စိတ်ဇောဆောင်နေသည်။ သူ့ကို အားကိုးရှာမှန်းအရိပ်ကို သိသာနေသည်ပါပဲ ..။

“ကိုကြီး မှန်မှန်ဖြေနော် .. မွေးထုံကို .. တကယ် .. ခွင့်လွှတ်လားဟင် ..”

ဟု မဝံ့မရဲလေး စိတ်မချနိုင်စွာ မေးလာတော့ သူ ရင်ထဲမကောင်းနိုင် ..။ အစွဲအလမ်းကြီးရှာသူလေးကိုမှ .. သူ .. မာမာထန်ထန်ကြီး .. ပြောခဲ့ ..။ ရက်ရက်စက်စက်ကြီး တစ်ယောက်တည်း ထားခဲ့မိချေသည်ကောလေ ..။

“မွေးထုံလေးကို .. ကိုကြီး ပြောပြမယ် .. မွေးထုံလေး အပေါ်မှာ ကိုကြီး ချစ်နေမိရတာတွေပဲ ရှိတယ် .. စိတ်လိုက်မာန်ပါကြီး ပြောမိဆိုမိခဲ့ပေမယ့် .. ကိုကြီး ကြာရှည်မနေနိုင်ဘူး .. ချက်ချင်း ပြန်လှည့်လာခဲ့တာကိုကြည့် .. မွေးထုံကို တစ်ယောက်တည်း .. ဘယ်လိုမှ ကိုကြီး ချန်မထားခဲ့ရက်နိုင်ဘူး .. မွေးထုံလေးဟာ၊ ကိုကြီးရဲ့ဘဝပဲ၊ ကိုကြီးရဲ့ နှလုံးအိမ်ထဲမှာ ရှိနေတဲ့ ပန်းဖြူနတ်သမီးလေးပဲ .. အဲဒါကို သိထား ..”

သူ ထပ်၍ ပြောမိရသည်က .. သူ့အချစ်များအပေါ်မှာ အကြွင်းမဲ့ ယုံကြည်ရင်းဖြင့် .. တစ်သက်တာအတွက် .. ချစ်အားကိုးစွာ .. သူ့ရင်ခွင်မှာ ခိုမှီတွယ်နွဲ့ရှိစေမည့် မွေးထုံလေး အဖြစ် ရှိနေရစေဖို့ပါတည့် ..။

“စန္ဒကူးနံ့ဆိုတာ .. အလွန်မွှေးတဲ့ရနံ့ပါ မွေးထုံ .. သူ့ရဲ့ မွှေးမြမြရနံ့ဟာ တောလုံးပြန့်အောင် မွှေးတာမို့ .. ရွှေနံ့သာလို့ ခေါ်ရမှာပါကွယ် .. အလွန်အဖိုးတန်တဲ့ နံ့သာရနံ့ပေါ့

www.burmeseclassic.com



မွေးထုံ .. ပြီးတော့ .. ရွှေနဲ့ခတ်သွန်းထားတဲ့ ပန်းပုရုပ်လေးဆိုရင်လဲ .. တစ်သက်လုံး ဝင်းစင် တင့်တယ်ပေတာမို့ .. အဲဒီ ယဉ်ကျေးကြော့စင်နေတဲ့ ရုပ်အဆင်းဟာ ပြောင်းလဲခြင်းကင်းတဲ့ ရုပ်အဆင်းဖြစ်ပေတယ် .. အဲသလို ရွှေအဆင်း ရွှေစင်ရုပ်လေးကို စန္ဒကူးနံ့သာလေး ဖျန်းလိုက်ရင် .. တစ်သက်လုံးမွှေး .. တစ်သက်လုံး ကြော့ကြော့စင်အောင် လှလိုက်ပါတဲ့ ရွှေနံ့သာရွှေအဆင်းနဲ့ ရွှေစင်ရုပ်လေးတစ်ခု ဖြစ်သွားရမှာပါပဲ .. အဲသလို .. ဟောဒီက မွေးထုံလေးဟာ .. ကိုကြီးရဲ့ နှလုံးသားမှာ .. ရွှေနံ့သာရွှေအဆင်းအဖြစ် အမြဲရှိနေမှာပါ .. ကိုကြီးရဲ့ မြတ်နိုးရာ .. ကိုကြီးရဲ့တန်ဖိုးထားရာ .. ကိုကြီးရဲ့ ထာဝရချစ်ရုပ်တုလေးဖြစ်နေမှာပါ မိန်းကလေးရယ် .. ဒါ .. မြဲတည်တဲ့ သစ္စာစကားပါ မွေးထုံ .. ကိုကြီးရဲ့ မွေးထုံရယ် ..”

သူ့ထံမှ အရမ်းကို နူးညံ့လွန်းသော .. အလွန်တရာကိုမှ .. သိမ်မွေ့နက်ရှိုင်းသော လှပခြင်းများဖြင့်လည်း ပြည့်ဝထုံမွမ်းအပ်ပါသော သစ္စာစကားသည် .. မွေးထုံ၏ နှလုံးသားဆီသို့ ညင်သာခိုင်တည်စွာ .. တိုးဝင်သွားကြချေပြီဆိုတာ .. မွေးထုံ၏ သူ့ပခုံးထက်မှာ အားကိုးကြည်ညိုစွာ .. ဖေးမှီခိုနွဲ့တင်လိုက်ပါသည့် နဖူးပြင် ဖြူဥဥလေးက .. သက်သေထူလိုက်သည့်နှယ်ပါတကား။

ဩော် .. သူ၏ ရွှေနံ့သာရွှေအဆင်းလေးသည် .. သူ၏ ပခုံးပါးဝယ် .. မှေးမှီလိုက်ခြင်းသည် .. သက်ဆုံးတိုင်မျှ ဖြစ်ချေမည်သာတည့် ..။



သူ၏ ဘေးမှာ .. စန္ဒကူးနံ့သာသင်းသော .. လှပကြော့စင် .. ရွှေစင်ရုပ်တွေး .. ရွှေအဆင်းလေးသည် .. အယ်သောအခါတွင်မျှ .. မခွဲစကောင်းသော .. မခွဲနိုင်ပါသော .. ချစ်ရုပ်ထုလေးအဖြစ် .. ရှိနေရချေမည်ဟု ကြည်နူးစွာ တွေးခိုက် .. စန္ဒာကူးနံ့သာ၏ရနံ့ကို ရှူရှိုက်လိုက်ရသည်သို့ ခံစားဖြစ်ရပါချေသည်တည့် ...။

စန္ဒကူးနံ့ ...
တောလုံးပြန့်ဘိ၊ မွှေးသည့်နံ့သာ
ရွှေနံ့သာတည့် ..။

ရွှေနှင့်ခတ်သွန်း၊ ရွှေစင်မွန်းလျှက်
ရွှေနှင့်စက်ကာ၊ ထုဆစ်ကာဖြင့်
ယဉ်ကျေးတင့်တယ်၊ ပန်းပုနွယ်ခင်
ကြော့ရွှေစင်သည်၊ ဖြစ်တည်အဆင်း
ရွှေအဆင်းတည့် ...။

စန္ဒကူးနံ့သာ ...
သွန်းဖျန်းပါလျှင်၊ ရွှေစင်ရုပ်ဆင်း
ရနံ့သင်းလျှက်၊ နှစ်များသက်ကြာ
ရှိနေပါလည်း၊ မပြောင်းလဲဘိ
တည်သည့်နံ့သာ ရွှေနံ့သာတည့် ..။
တည်သည့်အဆင်း ရွှေအဆင်းတည့် ...။ ။

www.burmeseclassic.com

www.burmeseclassic.com

မျှဝေခံစားခြင်းများစွာဖြင့်

မဟူရာ(လှိုင်ကော်)

၂၃-၁၂-၂၀၀၆

www.burmeseclassic.com